www.burmeseclassic.com



www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

BURMESE CLASSIC .com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ *အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး*တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊



www.burmeseclassic.com

အပြစ်မတင်ရက်ခဲ့ ...

အပြစ်မမြင်ရက်ခဲ့ ...

အပြစ်မပြောရစ်ခဲ့ ...

ငါ၏ မျက်ရည်စက်တွေသာ

သင့်ထံပါးမှာ

ချန်ထားပေးရစ်ခဲ့ပါသည် ...။



အတိတ်သည် မဟောင်းနိုင် ...

မအိုနိုင် ...

ခံစားချက်မလျော့ပါးနိုင် ...။

ရင်ထဲကွဲကြေအောင်

ခံစားနေရရင်း

အသက်ရှင်နေရခြင်းဖြစ်သည့်

ဤအဖြစ်သည် ...

ဘယ်သောအခါတွင်မှ

မဟောင်းအိုသွားနိုင် ...။

လတ်ဆတ်လွန်းစွာပဲ

ရင်မှာထင်သည် ...

နာကျင်သည် ...။

www.burmeseclassic.com

www.burmeseclassic.com

မင်း ခွင့်လွှတ်မယ်ဆိုတာ

ငါသိနေပေမယ့်

မင်းကို . . .

ခခယယတောင်းပန်းပါရစေ . . .။

အဲသလို . . .

တောင်းပန်ခွင့်ရဖို့ဟာ

ငါ့အတွက် . . .

အရေးအကြီးဆုံးဖြစ်နေတယ်

BURMESE CLASSIC .com

လူတစ်ယောက်၏

အရှက်သည်းခြင်းနှင့်

နာကျည်းခြင်းများသည် . . .။

မျက်ရည်ကိုနှိန်တာအဖြစ်

သက်ရောက်စေနိုင်စွမ်းသည်တည့် . . .။

www.burmeseclassic.com

www.burmeseclassic.com

တုန့်ပြန်သော . . .

ချစ်ခြင်းတစ်ခုကို

ပိုင်ဆိုင်ခွင့်ရဖို့ဆိုတာက

ကံဇာတာ ... ပါ ... ပါမှ

ရတတ်ချေသည်တကား ....။

ငွတ်တိုက်တွန်းလို့

ဖြစ်ပေးလိုက်ရတဲ့

နားလည်ပေးမှုတစ်ခု . . .

ချစ်ခြင်းတစ်ခုဆိုတာက . . .

မပြည့်ဝပါဘူး . . .။

အရင်းခံအမှန်လည်း

မဟုတ်ပါဘူး . . .။

ကိုယ့်စိတ်နဲ့ကိုယ်

ဆုံးဖြတ်ပြီးမှပေးတဲ့

အချစ်နဲ့နားလည်မှုမှသာ

အရင်းခံအမှန်ဖြစ်တာပါ . . .။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရွှေအဆင်းနဲ့ဖြန့်ခင်းရာ

မင်္ဂလာလမ်းမှာ ....

ငါ့ရဲ့လက်ကိုမင်းတွဲချိတ်လို့

လျှောက်တဲ့အခါ ...

ကောင်းကင်ကြီးက

အိမ်ခေါင်မိုးဖြစ်သွားရင်း

တသုန်သုန်စွေသွန်ကြဲချပေးမှာက

ရွှေဝတ်မှုန်ရယ်တဲ့ ရွှေဝတ်မှုန်တွေပါကွယ် ....။

BURMESE CLASSIC .com

ခင်ကြိုက်ရာ ပန်းဆင်စမ်းပါလှည့်

ပန်းရောင်စုံ အပွင့်ဆန်းတွေက

ပန်းတောအသွင် အပင်များစွာနဲ့

ချစ်တဲ့သူ့ ပန်းသခင်အတွက်ရယ်မို့

ကုံးသီလို့ ပန်းဆင်ဆင်

တစ်ပွင့်ပင် ပန်းချင်ပန်

တစ်ခိုင်လျှင် ဝေယှက်လို့

ဆံထုံးထက်မှာ ခွေချင်ခွေ

ပန်းဆင်ချေပေါ့ရယ်လို့

အပွင့်ဝေ ခြွေကြွေချပေးနေချေသျှ

ရွေးချယ်ပို့ ပန်းသခင်ရယ်

တစ်ပင်လုံးရယ်တဲ့ တစ်ပင်လုံးပါ .. ခင် ...။



www.burmeseclassic.com

www.burmeseclassic.com

ခင်ကြိုက်ရာ လည်မှာဆွဲပါလှည့်
မြတ်နိုးဖွယ် ပုလဲသွယ်တွေမှာ
ရှားပါးရာပုလဲနက်ရတနာရယ်နဲ့
လှပစွာ ရွှေအဆင်းတွေဖွဲ့ကာပ
ဖြူလွလွနဲ့ ပုလဲငွေစင်
ပန်းရောင်လွှင်အသွင်ဆန်းတွေနဲ့
ကျော့ရွှေစင် လည်တိုင်အလှမှာဖြင့်
ကုံးသီဆင့်လို့ ဆွဲပါသခင်
ပင်လယ်ပြင် တစ်ပြန့်တစ်လျားဆီက
ပုလဲအလှရတနာတွေအားလုံး
သိမ်းကျုံးလို့ဆက်သချင်
ပင်လယ်တစ်ပြင်လုံးရယ်တဲ့ တစ်ပြင်လုံးပါ ... ခင် ...။





ဘဝတစ်ခုပမာ မှတ်ယူထားပါလှည့်
မင်းနဲ့ငါ လက်ထပ်ကြရင်ဖြင့်
ရောင်စုံခြယ်ဆင့် အလှပန်းတွေရဲ့သခင်
ရောင်စုံသွယ်ဆင့် ပုလဲဆန်းတွေရဲ့အရှင်
မှန်နှံ့သာခြယ်တင့်တဲ့ သတို့သမီးလေးရယ်က
ချစ်မြတ်နိုးရာ နတ်သမီးလေးတစ်ပါးပေမို့
တစ်သက်တာ ဘယ်ခါမခွဲပါဘူးရယ်လို့
မင်္ဂလာရွှေလမ်းမှာ လက်တွဲကာလျှောက်မယ်ပ
သင်္ကေတပမာ ဝေဝေဆာ ကြချစရာတွေက
ခေါင်မိုးပမာ ကောင်းကင်ပြာကြီးဆီမှ
ငွေသွန်းရွာချရာ ရွှေစင်အဆင်းအမှုန်ဖွဲ့ပါလို့
ဘလင်းလွဲလွဲရယ်နဲ့ တသုန်သုန်မစဲပါတဲ့
ရွှေဝတ်မှုန်ရယ်တဲ့ ရွှေဝတ်မှုန်ပါ .. ခင် ..။
အညာ ...
ရွှေဝတ်မှုန်ရယ်တဲ့ ရွှေဝတ်မှုန်ပါ ... ခင် ...။



www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ကေနိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အကြိမ် - ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
မဟူရာ(လှိုင်ကော်)
ရွှေဝတ်မှုန်ရယ်တဲ့ ရွှေဝတ်မှုန်/မဟူရာ(လှိုင်ကော်)၊
ရန်ကုန်၊ ရွှေသမင်စာပေ၊ ၂၀၁၄။
၃၄၄ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ရွှေဝတ်မှုန်ရယ်တဲ့ ရွှေဝတ်မှုန်



## အခန်း (၁)

လှပသောနေရာ ...၊

ဟုတ်သည် ...၊ လှပသောနေရာ ...။ ပန်းနုဒီချောင်းသည် အမည်နှင့် လိုက်ဖက်စွာ ပန်းစံကားပင်တန်းတို့ ပွင့်ဝေသော ချောင်းကမ်းဘေး တစ်ခု၏အလှကိုလည်း ကြွားကြွားဝင့်ဝင့် ရှိသည်။ ကြည်စင်သော ချောင်းရေ၏အလှကိုလည်း ဖော်ကျူးသည်။ ကမ်းစပ်တွင်ထိုးထားသော ရေချိုးဆိပ်လေးသည်လည်း ချောင်းတစ်ခု၏အလှထဲမှာ ဖြည့်ဆည်းထားရာ မြင်ကွင်းတစ်ခု ဖြစ်ပါ၏။

သူ ∴ စွန်လွှတ်နေသည့်အချိန်သည် ညနေစောင်းဖြစ်လျက်..။ ဘေးမှာ မေမေ ရှိနေပါ၏။ စွန်ဝါဝါလေးသည် အတန်မျှ လေရှိန်ပြင်းလာနေပြီဖြစ်သော ညနေစောင်းလေတို့ကို ထွင်းဖောက်၍ ဟိုဟိုသည်သည် ပြေးဆော့နေပါ၏။ အပြာရောင်ဒူးဆစ်ဖုံးဘောင်းဘီလေးနှင့် အဖြူရောင် စပို့ရှပ်လေးကိုဝတ်ထားသော ရှစ်နှစ်အရွယ် သူ့လက်ထဲမှာ စွန်ရစ်လုံးဘီးသည် ကြိုး အလျှော့အတင်း အရစ်အယူတို့ဖြင့် တောက်လျှောက် အလုပ်လုပ်နေဆဲ ...၊ မေမေသည်လည်း သူ့ဘေးမှာရှိနေရင်း ကောင်းကင်ထက်မှာ လေဟုန်စီးနေသည့် စွန်ဝါဝါလေးကို မော့ကြည့်နေပါ၏။ အမြီးတန်းလန်းလေးဖြင့် စွန်ဝါဝါလေးကလည်း လေကို အန်တုု၍ လေထဲမှာ ပြေးပြေးဆော့ဆော့ ...။

www.burmeseclassic.com



"ပြည့်စုံလေး ရေ .. စွန် သိမ်းလိုက်တော့ .. ပြန်ကြရအောင်.."

မေမေ ပြောနေခိုက်မှာ ခေါကပ်လျက် သူ ခေါင်းလေးခါပြရင်း စွန်ကို မော့ကြည့်သည်။ ကြိုးကို လျှော့သည်။ စွန်က ပို၍ အမြင့်သို့ တက်၏။ အဘယ်ထိ တက်မည်နည်း ..၊ သူ ကြည့်ချင်နေသည်။ မြင့်မြင့်တက်လေ.. သူပျော်လေ ..၊ ဂုဏ်တက်လာသည်ဟုပင် ထင်ချင်ချင်..။

"ခဏ .. မေမေ .. ခဏ .."

နောက်ထပ် စွန်ကြိုးကို လွှတ်ပေးမိပြန်သည်။ ရုတ်ခနဲ လေပြင်းနှင့် တိုးလိုက်တာ ..၊ စွန်ကြိုး ပြတ်သွားတာ ..၊ သူ စွန်လွှတ်နေရာ ချောင်းနံဘေး စားကျက်ခင်းဆီမှ တောက်လျှောက် ပြေးသွားမိရချိန်မှာ စွန်ဝါဝါလေးသည် ချောင်းဘက်ဆီသို့ လွင့်ဝဲကျသွားတာကို နှမြောတသသဖြင့် သူ မြင်နေရပါ၏။

သူ ဆက်တိုက်ဆက်ပြေးနေချိန်မှာ စိုးရိမ်တကြီးဖြင့် မေမေ နောက်မှ ပြေးလိုက်လာနေသည်။

"သား .. ချောင်းထဲ မဆင်းနဲ့ .."

မေမေ့ လှမ်းတားသံသည်လည်း နောက်ပါးဆီမှ စိုးရိမ်သံဖြင့် လွင့်မျော လာနေဆဲ ..။ သူ .. စွန်ဝါလေးကို နှမြောနေတာပဲ သိနေသည်၊ စွန်လေးက လွှတ်၍ အလွန်ကောင်းသည့် စွန်လေး ..၊ ချစ်စရာလေးလည်း ဖြစ်သည်။ တော်သေးသည် .. ချောင်းဘက်ဆီသို့ ငိုက်ချနေသော ဆီးပင်၏အကိုင်းထက်မှာ စွန်ဝါလေး တင်နေ၏။ အနီးအပါးမှာ ဘာရှိချေမည်လဲဟု ဟိုဟိုသည်သည်ကြည့်တော့ ငါးမျှားတံထိပ်ဖျားကျိုး အဟောင်းတစ်ခုကို သူ ဇကားဖြူပင်အောက်မှာ တွေ့ရတာမို့ ဝမ်းသာအားရ ပြေးကောက်မိပါ၏။ ငါးမျှားသူတစ်ယောက်ယောက်မှ ငါးမျှားတံထိပ်ဖျားကျိုးကို စွန့်ပစ်ခဲ့ခြင်းသည် လောလောဆယ်မှာတော့ သူ့အတွက် ကြီးမားသော ကံကောင်းမှုတစ်ခု ဖြစ်နေပါ၏။ ဟုတ်သည်-ကံကောင်းမှု ..၊ ထို ပျော့နွဲ့နွဲ့ဝါး .. ငါးမျှားတံအကျိုးလေးကြောင့် သူ





စွန်ဝါဝါလေးကို ဆီးကိုင်းဆီမှ လှမ်းယူနိုင်ချေမည်ပေါ့ ..။ ကလေးပီပီ ငါးမျှားတံထိပ်ဖျားကြိုးကို တပျော်ပျော်ဖြင့် ယူကာ ဆီးကိုင်းဆီမှာ စွန်ဝါလေး၏ ပြတ်ကျန်ရာကြိုးကို လှမ်း၍ ရစ်ယူနိုင်ဖို့ သူ စတင်၍ ကြိုးစားချိန်မှာ မေမေ ဘေးမှာ ရောက်လာသည်။ သူ့လက်ထဲမှ ငါးမျှားတံကို ယူသည်။

"ဖယ် .. မေမေ လုပ်ပေးမယ် .. သား နောက်ဆုတ် .. ချောင်းထဲ အောက်ကျမှဖြင့်ကွယ် .."

ဟုပြောကာ မေမေ စွန်ဝါလေးကို ယူနိုင်ဖို့ ကြိုးစားပါ၏။ သူ စိတ်လှုပ်ရှားစွာ မေမေ့နောက်မှာ ရပ်နေမိသည်။ အကြည့်က စွန်ဝါလေးဆီမှာပဲ ရှိနေ၏။ လူကြီးဖြစ်သော မေမေသည် ကလေးဖြစ်သော သူ့ထက်ပို၍ စွန်ဝါလေးကို ပိုင်ပိုင်နိုင်နိုင်ယူပေးနိုင်မည်ဟုလည်း ယုံကြည်သည်။ မေမေသည် ရှေ့သို့ နည်းနည်း ပိုတိုးသွားပါ၏။ မေမေ့အကြည့်သည်လည်း စွန်ဝါလေးဆီမှာပဲ ခေါကပ်လျက် ရှိနေသည်။ သားဖြစ်သူ စိတ်ချမ်းသာစေဖို့ဖောဖြင့် မေမေသည် စွန်ဝါလေးကို ပြန်ယူနိုင်ဖို့ စိတ်တစ်ခုပဲ ရှိနေချိန် ..။

သူကလည်း မေမေ့နောက်မှာရပ်၍ ဘယ်အချိန်မှာ စွန်ဝါလေးကို မေမေ့ထံမှ ပျော်ရွှင်စွာ ယူနိုင်မည်လဲဆိုသည့်ဖောဖြင့် စောင့်နေချိန် ..၊

ရုတ်ခနဲ မေမေ့ကိုယ်သည် ချောင်းစပ်မြေပျော့တို့ ပြိုခနဲကျရာ အတိုင်းပါသွားတာကို မမျှော်လင့်စွာ သူ ရင်ဆိုင်ကြုံလိုက်ရချေသည် ကား ..။ မေမေ့ ကိုယ်အလေးချိန်ကြောင့် မြေသားသည် အိခနဲပြို၏။

မြက်ရိုင်းတို့ စိမ်းမြစွာပေါက်နေသောချောင်းကမ်းပါးမြေထက်မှာ မေမေ ရပ်မနေနိုင်တော့ပြီ..၊ ချောင်းထဲ မေမေ အပြိုပြိုကျသွားသည်က အထိန်း အသိမ်းမဲ့ ဖြစ်ပါ၏။ ရေစီးနှင့်အတူ မေမေ မျောပါသွားတာက လည်း မြန်ဆန်လွန်းနေသည်။

မေမေ့လက်ထဲမှာ တစ်ပါတည်း ပါသွားသော ငါးမျှားတံလေး

www.burmeseclassic.com



သည် မကြာခင်မှာပဲ မေမေ့လက်မှလွတ်သွားကာ ရေစီးထဲမှာ မြန်
လွန်းစွာ မျောပါသွားလျက် ...၊

"သား .."

ဟု မေမေ့အော်သံ ...၊ သူ အလန့်တကြား ချောင်းထဲဆင်းလိုက်
ပြန်ခိုက် ...

"မလာနဲ့ .."

ဟု အလန့်တကြား မေမေ အော်တားသံသည် စွတ်ခနဲ
ရေထဲမြုပ်ရာမှ တစ်ချက် ပြန်အပေါ်မှာ ဖြစ်ပါ၏။ နောက်တစ်
မေမေ ရေထဲ မြုပ်သွားသည်။ သူ .. ဘေးကို ကြည့်၍ ...

"လာကြပါဦး.. လာကြပါဦး .. မေမေ ရေနစ်နေလို့ .. ရေနစ်လို့

ဟု အော်နေသည်မှ ဆက်တိုက် ...၊ ချောင်းစပ်အတိုင်း သူ ပြေး
သည်။ မေမေ ရေစီးထဲမျောသွားရာအတိုင်း ပြေးလိုက်နေမိခြင်း...
ခြေထောက်တွေက ချောင်းစပ်ဆီမှ ပေါင်းပင်အုပ်အုပ်ငယ်ငယ်တချို့
လည်း ဖြတ်တိုက်ပြေးသည်။ မြက်ရိုင်းပင်တွေထက်မှ ဖြတ်ပြေး
သည်။ ဆူးဖြူဖြူ သေးသေးလေးတွေရှိသော မြေကပ်ဆူးပင်ထက်
လည်း ဖြတ်ပြေးနေသည်။ အနည်းငယ်ခေါင်းထောင်၍ ယိမ်းနွဲ့နွဲ့
တက်သော ပေါင်းဆူးပင်တချို့၏ ထိရှမှုကြောင့် ခြေသလုံးလေးတွေ
ဆူးစူးရာတွေ ရှိနေပြီ...၊ သူ ပြေးနေဆဲ ...။ အော်နေဆဲ ...။ မေမေသ
လည်း မြုပ်ချည်ပေါ်လှည့်ဖြင့် ရှိနေရာမှ ...။ နောက်ဆုံး .. စုန်းစုန်း
သွားသည်မှ လက်ဖဝါးလေးပေါ်ရုံပဲရှိခဲ့ကာ ...။ နောက်ဆုံး ..
ပြန်ပေါ်မလာတော့ ...။ သူ အထိတ်တလန့် ငိုနေသည်။ ချောက်ချား
သည်။

"မေမေ .. .."

အာခေါင်ကိုခြစ်၍ သူ ကျိုးအော်မိပါ၏။ မေမေသည် လုံး
ပေါ်မလာတော့ ...၊



"မေမေ .. .."

သူ ထပ်၍ အော်သည်။ အော်ငိုသည်။ ချောင်းစပ်အတိုင်း အရှူးအမူး
ပြေးနေသည်။ ညနေစောင်းသည် အနီရောင်၊ ပုစွန်ဆီရောင်၊
အပြာရောင်၊ မီးခိုးရောင်၊ အဝါရောင်တို့ဖြင့် ရောယှက်ထားသောတိမ်တို့
ဖြင့် အနောက်ဘက်ဆီမှာ နေရောင်ထိုးရင်း ရှိနေချိန် ...။ ဆောက်တည်
ရာပျောက်နေလျက် သူ အော်ငိုရင်း ချောင်းကမ်းအတိုင်းပြေးလျက် ...၊
မေမေ့ကိုလည်း မနားစတမ်း အော်ခေါ်နေမိလျက်ရှိနေဆဲ ...။

ရေပြင်တစ်နေရာဆီမှ မေမေ ရုတ်ခနဲ ခေါင်းပေါ်လာမည်လား...၊
လက်လှုပ် ရုန်းကန်နေမည်လား ...၊ အကြည့်သည် ရေပြင်ထက်မှာ
ဆောက်လျှောက် မနားစတမ်း ပြေးလွှားဖြန့်ကြက် ရှိနေဆဲ ...၊ မေမေ
သည် လုံးဝ ပေါ်မလာတော့ ...။

တုန်လှုပ်ကြောက်လန့်စိတ် ...၊ စိတ်ပူစိတ် ...၊ ဆောက်တည်ရာမဲ့
နေသည့် စိတ် .. အားလုံးသည် သူ့ကို လွှမ်းမိုးထားသည်။

"မေမေ .. .."

သူ အားကုန်အော်လိုက်မိကာ ရုတ်ခနဲ ကိုယ်လေး ယိမ်းထိုးလာ
ပါ၏။ သူ .. မျက်ဝန်းတွေ ပွင့်လာသည်။ ပထမဆုံး မြင်ရသည်က
ခြင်ထောင်အမိုးဖြူပဲ ဖြစ်လေသည်။ မကြာခဏ မက်နေမြဲဖြစ်သော
အိပ်မက် ...၊ ခုလည်း မက်ပြန်ချေပြီတကား ...။ ခေါင်းအုံးထက်မှာ
မျက်နှာကိုဖိကပ်ထားမိရင်း ဘေးတစောင်းအနေအထားဖြင့် သူ စတင်၍
ငိုသည်။

"မေမေ .. အဲသလို .. အဲသလို .. ဖြစ်သွားလိမ့်မယ်ဆိုတာ သား
မသိလို့ .. စွန်ဝါလေးကို မက်ခဲ့တာပါ မေမေရယ် .. မေမေ့အသက်ကို
ဆွဲယူသွားမယ့် အဲဒီအဖြစ်ကို .. ကလေးပီပီ .. သား မဆင်ခြင်နိုင်ခဲ့ဘူး
မေမေ ..၊ သားကို အလွန်ချစ်တဲ့ မေမေ .. အလိုလိုက်တဲ့ မေမေဟာ
သား လိုချင်တဲ့ .. ချစ်တဲ့ .. မက်မောတဲ့ အဲဒီစွန်လေးကို ရအောင်

www.burmeseclassic.com



ပြန်ယူပေးဖို့ပဲ သိခဲ့ရင်း .. ရေမကူးတတ်တဲ့ မေမေဟာ .. အဲဒီစွန်လေး ကို ချောင်းစပ်က ဆီးပင်လေးဆီက ပြန်ယူပေးဖို့ ကြိုးစားခဲ့တယ် - မေမေ့ကို .. မေမေ့ကို.. သား .. သတ်လိုက်တာပါ .. မေမေ ဆုံးရတာ သားကြောင့် .. သားကြောင့် ...''

သူ ရင်နှင့်မဆံ့အောင် ခံစားရင်း မျက်ရည်ကျနေဆဲ ..၊ မပြောင်းလဲ ခဲ့ ...။ ဟုတ်သည် .. မပြောင်းလဲမှဲ့ ...၊ ဤအိပ်မက်သည် သူ ရှစ်နှစ်သား အရွယ်မှသည် .. ခု .. အသက်နှစ်ဆယ့်ငါးနှစ်အရွယ်ထိ မပြောင်းလဲစွာ မကြာမကြာ မက်နေရဆဲ ...။ သူ့လက်ဖဝါးတွေက ခေါင်းအုံးထက်မှာ ဂလေးတစ်ယောက်နှယ် ဖေးတင်ထားလျက်ရှိနေရင်း လက်ဖျားသည် ခေါင်းအုံးအစွန်းဘက်ကို အားကိုးရာတစ်ခုအဖြစ် ဆုပ်ခဲထားမိရသည် အဖြစ် ...။

မျက်ရည်တို့ တန့်ဆည်မရ ကျနေရာမှ ရုတ်ခနဲ သူ ထထိုင်မိပြန် သည်။ ချွေးတို့နစ်နေပြီဖြစ်သော ညဝတ်ဖဲအင်္ကျီရှည်ကြီးကို ချွတ်ပစ် ဒွိတ်ကား ခွပ်ကျယ်ချိုင်းပြတ်အဖြူလေးဖြင့် သူ ခုတင်ထက်မှာ ငြိမ် သက် ထိုင်နေမိပြန်၏။ စိတ်သည် မငြိမ်သက်နိုင် ...၊ အိပ်မက်ထဲမှာ ဖြစ်တည်ခဲ့သော ချောက်ချားကြေကွဲခြင်းသည် လက်တွေ့မှာလည်း ဘယ်သောအခါတွင်မှ ပျောက်ကွယ်မသွားနိုင်ခဲ့တာ သက်တမ်းကြာခဲ့ ပြီ။ ရှစ်နှစ်ရွယ်မှစတင်၍ ယခု နှစ်ဆယ့်ငါးနှစ်အရွယ်သို့တိုင် ခံစားချက် သည် မလျော့ပါးစွာ ရင်မှာ ရိုက်ခတ်နေဆဲ ...။ ပို၍ဆိုးလာရသည့် ခံစား ချက် ...၊ အသက်ရလာလေလေ .. တန်ဖိုး ဘာမျှမရှိလှသော စွန်ဝါလေး တစ်ခုကို သူ တပ်မက်ခဲ့မိ၍ အဖိုးမဖြတ်နိုင်သည့် မေမေ့အသက် ဆုံးရှုံး ခဲ့ရတာကို သူ ဘယ်သောအခါတွင်မှ ဖြေဆည်ယူနိုင်တော့မည်မဟုတ် နောင်တအပူသည် ကြာလေ ပိုပြင်းလေ ...။

''မေမေ့ကို ငါ သတ်တာ .. ငါ သတ်တာ ..''

သူ့နှုတ်ဆီမှ မချိမဆံ့ ပွင့်ကျလာသံသည် ငိုညည်းသံလည်းဖြစ်နေ





သည်။ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်သံ ဖြစ်နေသည်။ စိတ်နာကြည်းသံ ဖြစ်နေသည်။ ခွင့်မလွှတ်နိုင်သည့်စိတ်ဖြင့် သူ့ကိုယ်သူ မုန်းတီးနေမိတာ လည်း ရင်ထဲမှာ ပြည့်နေသည်။

ညဝတ်ဘောင်းဘီ အဖြူရောင်ဖဲသားဘောင်းဘီရှည်ကြီးဖြင့် အပေါ်မှာ ခွပ်ကျယ်ချိုင်းပြတ်နှင့်ရှိနေသော သူ့ပုံရိပ်က မှန်တင်ခုံကြီးရှိ မှန်သားပြင်ကြီးထက်မှာ ရှိနေသမျှ ခပ်စိုက်စိုက် အတန်ကြာမျှ သူ ကြည့်နေမိပြန်၏။ ထူထဲသောဆံစတို့ နဖူးပြင်ပေါ် ဖရိုဖရဲ ဝဲပြိုကျနေ သည့် လူတစ်ယောက်..၊ မျက်ခုံးထူထူ နှာတံထင်းထင်းဖြင့် မေးရိုးပြန့် ပြန့်ဖြင့် ရှိနေသည့် လူတစ်ယောက် ..၊ မျက်ရည်တို့ စိုစွတ်နေသော ပါးပြင်ကို သူ့လက်ဖျားက လှမ်း၍ ထိသည်။ မှန်ထဲမှာလည်း ထိုပုံရိပ်ကို မြင်ရပါ၏။

ပါးမြိုင်းမွေးတို့ စိမ်းဖန့်စွာ ဖေးတင်နေသော လူတစ်ယောက် သည် သူပဲ ဖြစ်နေလျက် ..၊ ထိုပုံရိပ်ထဲက သူ့ပုံရိပ်ကိုကြည့်ရင်း အခန်းကြီး မုန်းနေမိတာလည်း သူကိုယ်တိုင်ပဲ ဖြစ်နေလေသည်။

''မျက်ရည်သုတ်နေတယ် ဟုတ်လား .. မင်း ဘယ်လောက်သုတ် သုတ် .. အဲဒီမျက်ရည် ဘယ်တော့မှ ခြောက်နိုင်မှာ မဟုတ်ဘူး .. ပြည့်စုံ သော.. မေမေ့ကို မင်း သတ်တာ ..''

သူ ခါးသီးစွာ တွေးသည်။ အသနားမဖက်ပဲ ကိုယ့်မျက်နှာကို ကြည့်ကာ ကျိန်စာတိုက်သလို ပြောနေရသည့် ဘဝတစ်ခုသည် လည်း ဘယ်သောအခါတွင် ပြောင်းလဲနိုင်တော့မှာမဟုတ်တာကိုလည်း သိနေရသည်ပါပဲ။ စတင်၍ သူ့ခေါင်းကို သူ ထုရိုက်မိသည်။

''မင်း သေဖို့ကောင်းတာ .. အဲဒီနေ့က မင်း သေဖို့ကောင်းတာ၊ မေမေက ပြန်စို့လို့ ပြောပါရက်ကယ်နဲ့ ငါ စွန်ဓောကပ်ခဲ့တယ် .. စွန် ကို အမြင့်ကြီး ဆက်လွှတ်နေမိခဲ့တယ် .. စွန်ပြတ်သွားတော့လည်း - အဲဒီစွန်ကို မက်ပြီး ပြေးလိုက်သွားမိတယ် .. အဲဒီစွန်လေးကို ငါ

www.burmeseclassic.com



စွန့်လွှတ်လိုက်ရမှာ .. စွန့်လွှတ်လိုက်ရမှာ .. မက်မောမိတာကိုက - အမှား .."

သူ ဆက်တိုက်ပြောနေမိရဆဲ ..၊ စိတ်လိုက်မာန်ပါကြီး ထရပ်မိကာ လသာဆောင်သို့ ခြေလှမ်းကြဲဖြင့် ထွက်လာမိပြန်၏။ လသာဆောင်ကျယ်ကြီးသို့ ရောက်သွားတော့လည်း ကြယ်တွေ လင်းလဲ့တောက်ပနေသော ကောင်းကင်ကြီးကို မော့ကြည့်မိပြန်သည်။ အလင်းလဲ့ဆုံးဟု သူ မှတ်ယူမိသောကြယ်ကို ရွေးချယ်လိုက်မိကာ ...

"မေမေက .. ဒီညမှာ .. အဲဒီနေရာကို ပြောင်းသွားတယ်ပေါ့- ဒီညမှာ အလင်းလဲ့ဆုံးကြယ်ဟာ .. အခု သား ရွေးချယ်လိုက်တဲ့ ကြယ်လေး ဖြစ်နေတယ် .. ဟိုးတစ်ခါ သား မော့ကြည့် ရွေးချယ်မိတဲ့ ညတစ်ညက .. အလင်းလဲ့ဆုံးကြယ်လေးဟာ .. ဟိုးဘက်မှာ ဖြစ်နေတယ် မေမေ .."

ဟု သူ မော့ပြောမိပြန်သည်။ ဘေးဘက်ဆီသို့ ရောင်စဉ်တန်းလေးတွေ စိန်ပွင့်ပမာ လက်ဖြာနေသော ပြာလဲ့လဲ့ ကြယ်လေးသည် သူ့ကို မျက်တောင်ခတ်၍ မိုတ်တုတ်မိုတ်တုတ်ဖြင့် လှမ်းငုံ့ကြည့်နေသည်ဟု ခံစားဖြစ်သည်။ လသာဆောင်လက်ရန်းကို လက်ဖဝါးတွေ ဖေးတင်ထားရင်း ခေါင်းငုံ့ချမိပြန်၏။

"သား သေရမှာပါ မေမေရယ် .. ငါးမျှားတံအဖျားကျိုးလေးတွေ့အောင် ရှာဖွေတတ်တဲ့ သားဟာ .. အဲဒီစွန်ဝါလေးကိုလည်း ဆိုင်းကိုင်းဆီက လှမ်းယူဖို့ကြိုးစားရင်းနဲ့ ရေထဲပြုတ်ကျ မျောပါပြီး သေသွားရမယ့်သူဟာ .. သား ဖြစ်သင့်တာပါ .. ဖြစ်ရမှာပါ .."

သူ ပြောမိပြန်သည်။ ဘယ်သောအခါတွင်မှ မပြောင်းလဲနိုင်သော စကား ..၊ အထပ်ထပ်အပြန်ပြန် ပြောပြောနေမိသော စကား ..၊ တတွတ်တွတ် ရွတ်နေမိတတ်သည့် စကား ..၊ အရူးအမူးဆန်စွာ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ခါနေရင်း ပြောပြောနေမိတတ်သော ညည်းတွားမှု





စကား ..၊ ခုလည်း သူ အထပ်ထပ်ကျော့၍ ပြောနေမိရပြန်သ

း ..။

ျက်ဝန်းကို စုံမှိတ်လိုက်မိသည်။ ထိုညနေက .. ရေချိုးဆိပ်သို့ တ်လာသော လူတချို့သည် ကမ်းစပ်ချောင်းရိုးအတိုင်း ငိုယိုပြာစ် ပြေးနေသော သူ့ကို မြင်ခဲ့ကြသည်။ ပြေးလာကြကာ မေးကြ ၊ ငိုယိုရင်း သူ ပြောခဲ့သောစကားများကြောင့် ရေထဲဆင်း၍ မေမေ့သူက ရှာကြ ..၊ ဖေဖေ့ကို ပြေး၍ အကြောင်းကြားသူက ပြေး၍ ကြောင်းကြားကြနှင့် ဖြစ်ကုန်သည်။ လူတစ်ယောက်က သူ့ကို ထိန်း သားခဲ့တာကိုလည်း သူ မှတ်မိနေသည်။ ရေချိုးဆိပ်သို့ ရောက်လာ သူတွေသည် ဖေဖေ၏ မိုင်းလှိုင် သတ္တုတွင်းအလုပ်သမားများ ဖြစ် သည်။ ဖေဖေ လင့်ရိုဘာကားလေးဖြင့် ကျောက်ခင်းလမ်းအတိုင်း င်းခဲ့ကာ .. စားကျက်ခင်းကိုဖြတ်၍ ပန်းနုဒီချောင်းသို့ ရောက်လာ ထိ ဘယ်သူကမှ မေမေ့ကို ရှာဖွေ မတွေ့ကြသေး ..၊ ကားပေါ် ကြသော အလုပ်သမားတစ်အုပ်သည်လည်း ချောင်းထဲဆင်း၍ မေ့ကို ရှာကြပြန်သည်။ ကားပေါ်မှ မျက်စိမျက်နှာပျက်စွာ ဖေဖေ င်းလာကာ သူ့ကို အလုပ်သမားတစ်ယောက်၏ရင်ခွင်မှ ပြောင်း၍ သည်။ သိမ်းဖက်ထားသည်။ မျက်နှာလေးကို ဖေဖေ့ရင်ဘတ်မှာ ်နေအောင် ဖေဖေ့လက်တွေက ဖေးကပ်ယူနေခဲ့သည်။ သူကလည်း သည်ပါပဲ လူအင်အားဖြင့် မေမေ့ကို ရှာကြရာမှာ နာရီဝက်ကျော်မှ ေ့ကို ရှာတွေ့ခဲ့ကြပါ၏။

တွေ့ပြီ .. ဟူသောအသံတွေ လွင့်ပျံ့လာရာ ချောင်းဘက်ဆီသို့ သည် သူ့ကိုပွေ့ထားရင်း ခြေလှမ်းကျဲကြီးဖြင့် အပြေးတစ်ပိုင်း က်သွားချိန်မှာ သူသည်လည်း ဖေဖေ ပွေ့ငင်ခေါ်ရာအတိုင်း ာပါခဲ့ရသည်ပါပဲ ..။ သူ့အကြည့်တွေသည်လည်း ဖေဖေ့နှယ်ပင် ထံမှာ တန့်နေသည်။ ရှည်လျားသောဆံနွယ်နက်နက်တွေ စိုနစ်



www.burmeseclassic.com

www.burmeseclassic.com



ပြေကျနေလျက် မေမေသည် ပွေ့ငင်ယူဆောင်လာသူ၏ လက်ထဲမှာ ပျော့နွဲ့စွာ ပါလာသည်။ မေမေ့လက်တွေ တွဲလွဲကျနေ၏။ မေမေ့ကို သယ်လာသူ၏ခြေလှမ်းအရွေ့အတိုင်း မေမေ့လက်တွေက လှုပ်ယမ်းပါလာသည်။ မေမေ့ခြေထောက်တွေ တလှုပ်လှုပ် တခါခါ ပါလာနေသည်။ မေမေ့နဖူးထက်မှာ ဆံစတချို့သည် ရေတို့ စိုနစ်နေရင်း ကပ်နေတာမို့ မျက်နှာတစ်ခြမ်းကို ဖုံးကွယ်ထားသလို ဖြစ်နေပါ၏။ တစ်ကိုယ်လုံး ရေတွေ စိုနစ်ကာ မေမေ့အဝတ်တွေဆီမှ ...၊ မေမေ့ဆံပင်တွေဆီမှ ရေတို့ စက်လက်ကျနေကြပါသည့်မြင်ကွင်း ...၊

ထိုအချိန်က ငိုယိုနေရာမှ သူ့အသံတွေ တိခနဲ ပြတ်ကျသွားကာ မေမေ့ကို တုန်လှုပ် စိုးရိမ်စွာ ငေးစိုက်ကြည့်နေမိပါသည့် သူ့ကို ဖေဖေ ချန်ထားခဲ့ကာ မေမေ့ထံသို့ ခြေလှမ်းကြဲကြီးဖြင့် သွားလိုက်တာကိုလည်း သူ တုန်လှုပ်စွာ ကြည့်နေမိဆဲ ...၊ ဟုတ်သည် .. တုန်လှုပ်ခြင်း ...၊ မေမေ သေပြီလား .. ဆိုသည့် တုန်လှုပ်ချောက်ချားခြင်း ...၊ ဖေဖေသည် သူ့ကို ပွေ့မထားနိုင်တော့ပြီ ...၊ မေမေ့ထံသို့လည်း ရောက်သွားပြီ ...။ မေမေ့ကိုယ်လေးကို သယ်လာသူထံမှ လက်လွှဲပွေ့ငင်ယူကာ မေမေ့ မေးဖျားကို စိုးရိမ်တကြီး ဖေဖေ့လက်တွေက ဖွဖွလှုပ်၍ ...

"မြနှင်းမွှန် .. မြနှင်းမွှန် .. အနှင်း .. အနှင်း .."

ဟု ခေါ်နေသည်။ နောက်တော့ မေမေ့ကိုယ်လေးကို ပခုံးပေါ် မှောက်လျက်ပုံစံမျိုး ထမ်း၍ ဖေဖေ ပြေးသည်။ ရေတွေ ပြန်အန်ကျလာအောင် ဖေဖေ ကြိုးစားနေခြင်း ...၊ နောက်တော့ မေမေ့ကိုယ်လေးကို ကမ်းစပ်မြက်ရိုင်းပင်တွေ အခင်းလိုက် စိမ်းမြစွာရှိနေရာမှာချ၍ မေမေ့ရင်ဘတ်ထက်မှာ ဖေဖေ့လက်ဖဝါးတွေ ဖေးတင်၍ ဖိသည်။ ရေတွေ ပြန်အန်မလာ ...၊ ပါးစပ်လေးကို ဟစေပြီး ဖေဖေ လေမှုတ်သွင်းပြန်သည်။ မေမေ လှုပ်မလာ ...၊ ဖေဖေသည် အရူးအမူးနိုင်နေသည်၊ ဆောက်တည်ရာပျောက်နေသည့်နှယ် ဖြစ်နေသည်။





ဖေဖေ့မျက်ဝန်းဆီမှ မျက်ရည်တွေ ကျနေသည်။

"ရေမကူးတတ်တဲ့ နှင်း ကို .. မောင် .. ခေါ်လာမိတာ မှားပြီ .. ...ပြီ ကော နှင်း ရယ် .. ဟင် .. မောင်ကိုယ်တိုင်လည်း ရေမကူးတတ် ...သလို .. သားလည်း ရေမကူးတတ်တဲ့ ဒီမိသားစုဟာ .. မောင့်စီးပွားရေး ...ကြောင့် .. လုပ်ငန်းကြောင့် .. ဒီနေရာကို ရှောက်လာကြတာ .. သား ...စ်သက် ရှိခဲ့ပြီ.. ဒီလိုအဖြစ်မျိုးကြုံမယ်လို့ ...ော် မထင်ခဲ့တာ .. ...ထင်ခဲ့တာ .. မောင့် ပေါ့ဆမှုလို ဖြစ်နေပါပေါ့လား နှင်း ရယ် .. ...င် .. ဖြစ်နေပါပေါ့လား .."

ဟု ဖေဖေ ယူကျုံးမရ ငိုရင်း မေမေ့ကိုယ်လေးကိုဖက်၍ ပြောနေ... ...၊ ရှိုက်ကြီးတငင် ငိုချလိုက်သံတို့ကိုလည်း သူ ကြားနေရသည်။ ...င်ကွင်းကိုလည်း မြင်နေရသည်။

သူ ငို၍မရနိုင်ဘဲ တောင့်မတ်နေသော ခြေထောက်တွေ၊ တောင့်ခဲ ...သောလက်တွေကို လှုပ်မရနိုင်အောင် ဖြစ်လာနေကြတာကိုပဲ သိနေ ...ရင်းမှ ...။ သူ့ကိုယ်လေး လဲကျတော့မည်ဆိုတာ သိနေရပေမယ့် .. ...ထိန်းနိုင်ဘဲ သူ ဖြစ်နေခဲ့ရကာ .. နောက်ဆုံးတော့ အမှောင်တိုက် ...စ်ခုကိုပဲ မြင်ခဲ့ရသည်တကား ...။

တကယ်တော့ .. သူ မေ့သွားခဲ့ခြင်း ...၊ သတိလစ်သွားခဲ့ခြင်းပါ ...သည့်...။ သူ သတိရလာတော့ သူ့အိပ်ရာမှာ ရောက်နေပြီ ...။ မေမေ့ကို ...ည်း ဧည့်ခန်းမှာ အလောင်းစံထားပြီ ...။ သူ့ကို ဆရာဝန်အန်ကယ်ကြီး ...သူရ က ဆေးထိုးပေးခဲ့တာကို သူ မှတ်မိနေဆဲပါ ...။

လသာဆောင်မှာ သူ ငြိမ်သက်ရပ်နေရင်း အတိတ်ဆီမှ အဖြစ်များ ...ပြန်၍ မြင်ယောင်နေမိရဆဲ ...၊

"မေမေ .."

ခေါ်သံသည် တိုးတိမ်တိမ် နိုင်နေ၏။

"မေမေ့ကို ဖေဖေ .. တစ်ညလုံး ထိုင်ကြည့်နေခဲ့တာ... မေမေ..



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မှာ မေမေ့ကို .. သင်္ဂြိုဟ်ပါတယ် မေမေရယ် .. မေမေ့လက်မှာ ဝတ်ထားတဲ့ လက်စွပ်လေးကို ဖေဖေ ချွတ်ခဲ့တယ် .. မေမေ ဆွဲထားတဲ့ ဆွဲကြိုးလေးကတော့ ရေထဲမှာ ကျန်ခဲ့တယ် မေမေ .. ပြန်ပါမလာခဲ့ဘူး မေမေရယ် .. တကယ်တော့ မေမေ့ဝိညာဉ်လေးဟာလည်း ပန်းနုရောင်းလေးထဲမှာ ကျန်ခဲ့ရတာပါပဲ မေမေရယ် .. ဖေဖေ ချွတ်ယူခဲ့တဲ့ လက်စွပ်လေးဟာ လှက်ထပ်လက်စွပ် တစ်ကွင်း .. ပြီးတော့ .. ဖေဖေ အမြဲတမ်းနဲ့ ဝယ်ပေးခဲ့တဲ့ လက်စွပ်လေးတွေထဲက ပတ္တမြားလက်စွပ်လေးပါ မေမေ .. အဲဒီလက်စွပ်လေးတွေကို .. သား .. အရွယ်ရောက်လာတဲ့အခါမှာ .. ဖေဖေ သားကိုပေးခဲ့တယ် မေမေ .. သားရဲ့လည်ပင်းမှာ ဆွဲကြိုးလေးနဲ့ မေမေ့ လက်ထပ်လက်စွပ်လေးကို ဆွဲထားသလို သားရဲ့လက်သူကြွယ်မှာလည်း မေမေ့လက်စွပ်လေးကို ဝတ်ထားပါတယ် မေမေ .. လက်စွပ်လေးက ကွင်းနည်းနည်းကျဉ်းနေတာမို့ ပန်းထိမ်မှာ ကွင်းပြန်ကျယ်အောင်အပ်ပြီး သား ဝတ်ထားပါတယ် မေမေရယ် ..''

ဟု ပြောနေရင်း သူ့ မျက်ရည်ကျလာသည်။

''မေမေ့လို အငြိမ့်မင်းသမီးတစ်ယောက်ကို .. သားရဲ့ဖေဖေက အလွန်ချစ်မြတ်နိုးလို့ လက်ထပ်ယူတာ သားရဲ့ ..''

ဟု သူ့ကို ဆံစလေးတွေ သပ်ပေးရင်း ပြောပြတတ်ခဲ့သော မေမေ သူ့ကို ရေချိုးပေးရင်း ဆိုပြခဲ့ဖူးသော သီချင်းသံ ..၊ အားလုံးသည် အာရုံမှာ ပြန်၍ထင်၏ .. မြင်၏။ မေမေသည် အလွန်လှသောမေမေလည်း ဖြစ်ပါ၏။

မေမေ့အသားလေးတွေက အလွန်ဖွေးဥလျက် သွားတက်လေးနှင့် မေမေ ရယ်လိုက်လျှင် ပါးချိုင့်လေး ထင်သည်။ ဆံပင်ကလည်း ကောင်းသည်။ ကိုယ်နေဟန်ထားကလည်း လှသည်။ တစ်ခါတစ်ခါ မေမေသည် သူ့ကို သီချင်းလေးဆိုရင်း ကပြတတ်ပါ၏။





ထိုစဉ်တုန်းက မေမေ ကနေတာကို လှလိုက်တာဟု သူ ဂုဏ်ယူသူ့အဖြစ် ကြည့်ခဲ့ရသည်။ မေမေ့အသံ ကောင်းလိုက်တာဟု ရင်ထဲမှာ ကြွားနေမိရတတ်သည်။ ကျောင်းမှာ သူငယ်ချင်းတွေကို ကြွားခဲ့ဖူးသည်။

ဪ .. ထိုစဉ်တုန်းကတော့ သူ ပျော်နေခဲ့သည်တည့် ..။ ခုကျတော့လည်း မေမေ့ကို လွမ်းဆွတ်စွာ ကြေကြေမွမွ တမ်းတရင်း မျက်ရည်ကျနေရသည်ကောလေ ..။

နားစည်တွင်းဆီသို့ တိုးဝင်လာသည်က မေမေ့သီချင်းသံ ..၊ ခုထိ လွမ်းဆွတ်မပြေရပါသည့် မေမေ့အသံ ..။ ကရုဏာသံ ..၊ ချိုလွင်သော အသံလေးပါ တကား ..။

''အစ်ကိုတို့ရဲ့ မေတ္တာ မမတို့က ချစ်တာ .. စေတနာက ထူးသော ကြောင့် အဝေးရာအမှူးပြုပါလို့ မြတ်ပရမေကို အပ်ပါသည် .. ကျွန်မ သပါဘူးရှင် .. သဗ္ဗေသတ္တာကိုရည် ..''

အငြိမ့်မင်းသမီးကြီး လေဘာတီဒေါ်မြရင်၏ တုံးကျော်မသီချင်း..၊ မေမေ ဆိုပြခဲ့ဖူးသော သီချင်း ..၊ မေမေ ဆိုရင်း ကပြခဲ့ဖူးသော သီချင်း..၊ မေမေသည် ကြွေရုပ်လေးလို လှလျက် ယဉ်မင်းရုပ်လေး ကသလိုလည်း ကပြတတ်ပါ၏။

''သေနိုင်ပါရိုးလား လေဘာတီရယ် .. ပေတစ်ရာဆီလျှောက်ပါလို့ မြင်သလောက်ပြလိုက်ချင်ပါသည် .. သေနိုင်ပါရိုးလား လေဘာတီရယ်.. ပေတစ်ရာဆီလျှောက်ပါလို့ မြင်သလောက်ပြလိုက်ချင်ပါသည် .. အခြေလည်း တိုးတယ် .. အနေလည်း တိုးတယ် .. အခြေလည်း တိုးတယ် .. အနေလည်း တိုးတယ် .. အခြေလည်း တိုးတယ် .. အနေလည်း တိုးတယ် .. မသေဘဲကိုးကွယ် .. မျှော်တော်မူကြသည် .. ဪ .. မမှန်းခဲ့ ကျွန်မအတည် .. ရုပ်တော်တော်လှပါသည် တုံးကျော်မ လေဘာ ''



www.burmeseclassic.com

www.burmeseclassic.com



မေမေ၏ ချိုလွင်လွင်အသံ ..၊ သူ မျက်ဝန်းကိုစုံမှိတ်ချရင်း ကိုယ်ကို လသာဆောင်၏လက်ရန်းမှာ ဖေးကပ်မှီရပ်ပစ်ရင်းမှ မချိရင်ကန်ခေါ်မိရပါသည်ကောလေ ..၊

"မေမေရယ် .. သီချင်းထဲကလို .. တုံးကျော်မ ဖြစ်လိုက်ပါတော့.. သေနိုင်ပါရိုးလား .. ရယ်လို့ သီချင်းလေး ဆိုပြလိုက်ပါတဲ့ မေမေပဲ ဖြစ်လိုက်ပါတော့ .. ဖြစ်လိုက်ပါတော့ဗျာ ..."

ဤတစ်ကြိမ်မှာတော့ သူ ကလေးငိုသလို ရှိုက်ကြီးတငင် ငိုချလိုက်မိရပါသတည်း ..။ အတိတ်သည် မပြောင်းနိုင် ..၊ မအိုနိုင်.. ခံစားချက် မလျော့ပါးနိုင် ..။

မိခင်တစ်ယောက် .. ိုယ့်ပယောဂ မကင်းဘဲ .. ကွယ်လွန်ခဲ့ရသည်ဆိုသည့် ခံစားချက်ဝေဒနာကြီးကို မချိတင်ကဲ .. ရင်ကွဲကြေအောင် ခံစားနေရရင်း အသက်ရှင်နေရဆဲဖြစ်ပါသည့် သားတစ်ယောက်အတွက် .. ထိုအဖြစ်သည် .. ဘယ်သောအခါတွင်မှ .. မပြောင်းအိုသွားနိုင်..။ လတ်ဆတ်လွန်းစွာပဲ ရင်မှာ ထင်သည်၊ နာကျင်သည်။ ကြေကွဲနောင်တ ဖြစ်နေရချေသည်တကား ...။





## အခန်း (၂)

"မယ်ရင်မာပါစီ .. မြရင်မာပါစီ .. ပေးသောစာ .. မေးသောစာ.. ...ပေးသောစာ .. အရပ်ရပ်က လာကြသည် .."

ဘိုးအေ၏ မွေးနေ့ပွဲလေးမှာ သီချင်းဆိုရင်း ကပြခဲ့ပါသည့် ...၏ပုံရိပ်လေးကို အမှတ်တရရိုက်ကူးထားရာ ခွေလေးကို ဖွင့်ကြည့် ...သည်က ဦးအိမ်စိုးပါ။ ကြွေရုပ်လေးနှယ် လှပါသည့်မြေး ..၊ မိဘ ...ခွင်ကို ဆုံးရှုံးခဲ့ရရှာပါသည့် မြေး ..၊ အဖရင်ခွင် .. အမိရင်ခွင် .. ...အေရင်ခွင် ..။ ရင်ခွင်သုံးခုစာကို ဘိုးအေ၏ရင်ခွင်တစ်ခုတည်းမှာ ...ကိုး ခိုဝင်ရရှာပါသည့် မြေးလေးပေမို့ အသနားလည်း ပိုရသည်။ ...ချစ်လည်း ပိုရသည်တည့် ..။

တီဗွီခလုတ်ကိုပိတ်လိုက်ကာ ဦးအိမ်စိုး လသာဆောင်သို့ ထွက် ...ခဲ့ရပါ၏။ ဇနီးသည် ယု သည်လည်း ဆုံးပါးခဲ့ပြီ။ မြေးတစ်ယောက် ... ကျန်ခဲ့ရပါသော အဘိုးအိုတစ်ယောက်၏ဘဝသည် ချမ်းသာမှု ...ယ်မှာ ရှိနေရပေမယ့် ..၊ ဤမြေးလေးအတွက်ကတော့ .. ငါ မရှိ ... – ဆိုသည့် နောက်ဆံငင်မှုဆိုတာက ရှိနေရချေသည်မို့ .. အသ... ...ချင်နေသည့်ဇောဖြင့် ဘဝကို ဖြတ်သန်းနေရဆဲ ဖြစ်ချေသည် ... ..။



www.burmeseclassic.com

www.burmeseclassic.com



"ယု ရေ .. မင်းကတော့ .. သားခွန်နောင် ဘွဲ့ရပြီးချိန်မှာ ဆုံးခဲ့တာမို့ သားအတွက် စိတ်အေးခဲ့မှာပါပဲ .. နောက်ဆံငင်တာလည်း ရှိခဲ့မှာမဟုတ်ပါဘူး .. မင်း မရှိတော့ချိန်မှာ .. ခွန်နောင် ဟာ မေသရဖီ နဲ့အိမ်ထောင်ကျခဲ့ဘယ် ..၊ မင်းရဲ့ချွေးမလေးဟာ ကလေးမီးဖွားပြီးတာနဲ့ဆုံးပါးခဲ့တယ် .. သားကလည်း သွန်းလေပြေမွှေး သုံးနှစ်သမီးလေးမှာကားအက်ဆီးဒင့်ဖြစ်ပြီး ငါတို့ကို ချန်ထားရစ်ခဲ့ပြန်တယ် ယု .. အဲဒါတွေ မင်း မကြုံခဲ့ရတာမို့ .. အပူငြိမ်းပေသပေါ့ ယု ရယ် .."

ကြေကြေမွှေမွှေ ပြောနေခြင်းသည် ရင်ထဲမှာ ကြေကွဲခြင်းအစိုင်အခဲတွေ အတန်မျှ သက်သာပြေလျော့စေနိုင်ဖို့ ကြိုးစားနေခြင်းပဲဖြစ်ချေသည်တည့် ..။ ဒါပေမယ့် .. ထိုကြိုးစားမှုသည် မထိရောက်နိုင်ရင်ထဲမှာ ကြေကွဲနေရဆဲ ..။ ဘဝဖော် ယု နှင့် အကြောင်းပါခဲ့သည့်အတိတ်သည် လွမ်း ဖွယ်တမ်းတစရာ ..။ မိသားတစ်စု အေးချမ်းစွာနေခဲ့ရသော ဘဝအတိတ်သည် လွမ်းမောမက်မပြေစရာတွေသာ ဖြစ်ချေ၏။

ယု နှင့် အကြောင်းပါသည့်မို့ မိုင်းခမ်းလုံမှာ အခြေချခဲ့ရပေမယ့်ငယ်ပေါင်းသူငယ်ချင်း သီလ နှင့် ရန်ကုန်တက္ကသိုလ်မှာ ကျောင်းပြီးသည်အထိ အတူတူနေခဲ့ကာ ညီအစ်ကိုပမာ ချစ်ခဲ့ကြတာမို့ .. ရန်ကုန်နှင့် မိုင်းခမ်းလုံဆိုတာ ဝေးသောခရီးတစ်ခုဟုပင် မရှိခဲ့ ..။ သီလ ခမျာအရွယ်ငယ်ငယ်ဖြင့် ဇနီးသည် ကြွေ ဆုံးခဲ့ကာ သမီးနှစ်ယောက်နှင့်ကျန်ခဲ့ရချေသမျှ ..၊ သီလ ကို ကရုဏာပင် ပိုခဲ့ရသည် မဟုတ်ပါလားလေ ..၊ ခွန်နောင် သည်ပင်လျှင် တက္ကသိုလ်တက်တော့ ရွှေရိပ်ဦးမှာတက်ခဲ့သည်အထိ နှစ်အိမ့်တစ်အိမ် ချစ်ကြင်သံယောဇဉ်ရိပ် ရှည်လျားခဲ့သည်တည့် ..။

"ယု ရေ .. မင်းရဲ့မြေးဟာ .. သူ့အမေလိုပဲ အနုပညာကို မြတ်နိုးသူလည်း ဖြစ်သကွယ် .. အဝေးသင် မြန်မာစာ ဒုတိယနှစ်တောင် ရောက်နေလေရဲ့ ..၊ ဘိုးအေရဲ့ ဂျုံစက်တို့ .. စည်သွတ်ဘူးစက်ရုံတို့ကို -





ဘကောက်ကောက် လိုက်ချင် လိုက်နေတတ်လေရဲ့ .. ကလေးလေးလိုပဲ ချွဲနေတုန်းပဲ ယု ရေ .."

ဟု တမ်းတစွာပြောနေမိပြန်ပါသည်။

ဒါပေမယ့် ယု ဘက်က တိုးဖွဖွ သူ့အပေါ် အပြစ်တင်ချင်နေမည့်အပြစ်တစ်ခု မြပုဝါမှာ ဖြစ်တည်ခဲ့သည်ဟု ခံစားရင်း ရင်သည် မလုံမလဲဖြစ်ချင်၏။

ဇနီးသည် ယု ဆုံးသည်မို့ အိမ်ထောင်ရှင်မ ကင်းနေသည့် မြပုဝါမှာ ချွေးမတစ်ယောက် ရှိသင့်ပြီဟုတွေးကာ သားအတွက် ရွေးချယ်ပေးသည်က မေနဒီ ဖြစ်မိခြင်းသည် ကြီးမားသော မှားယွင်းချွတ်ချော်မှုကြီးတစ်ခု ဖြစ်ခဲ့မည်ဟု ဦးအိမ်စိုး မထင်မိခဲ့ ..။

မေနဒီ သည် အဖေဖြစ်သူ ဦးသီလ ၏ ရွှေရိပ်ဦးဟိုတယ်နှင့်ကုန်တိုက်တို့ကို ထက်ထက်မြက်မြက် လုပ်ကိုင်နိုင်လျက် ဂီတအနုပညာနှင့် ဘာမျှမသက်ဆိုင်သလို အလုပ်တွေနှင့်ပဲ ဖြတ်သန်းနေချေသည် .. နှလုံးရောဂါအခံလည်း ရှိ .. ဆယ်တန်းပင် မအောင်လိုက်ရဘဲ စာအုပ်စာရွက်စွတွေထဲမှာ နစ်မြုပ်နေရတတ်ပါသည့် မေသရဖီ ..။ အိမ်မှာဆရာမလေးကိုခေါ်၍ သင်ယူ သည်အထိ အနုပညာဓာကြီးပါသည့် နုနုညက်ညက် မေသရဖီ ထက် ..၊ အလုပ်တွေကို ထက်မြက်စွာလုပ်ကိုင် နိုင်စွမ်းပါသည့် မေနဒီ နှင့် သားကို စုံဖက်ပေးဖို့ ရွေးချယ်ခြင်းသည် နည်းနည်းတော့ အတ္တပါခဲ့သည်ဟု ခုကျတော့လည်း ဦးအိမ်စိုး ဝန်ခံမိသည်ပါပဲ ..။

ဘာကြောင့်ဆို .. ခွန်နောင် နှင့် မေနဒီ ကို လက်ဆက်ပေးလိုက်ခြင်း ဂျုံစက်တွေ၊ သစ်သီးစည်သွတ်ဘူးစက်ရုံနှင့် ယာခင်းတွေ၊ သစ်သီးခြံတွေ၊ စိုက်ခင်းတွေကို သားနှင့်အတူ ထက်မြက်စွာ လုပ်ကိုင်ပေးနိုင်မည့် ဇနီးတစ်ယောက်ကို သား ရရှိမည်ဆိုသည့်အတွက် ..၊

"ငါ မှားခဲ့တာ .. မှားခဲ့တာ .."



www.burmeseclassic.com

www.burmeseclassic.com



ခပ်ညည်းညည်း ပြောသံသည် ဦးအိမ်စိုး ၏နှုတ်မှ ယူကျုံးမရခြင်
နှင့်အတူ ပွင့်ကျ၏။ အဘယ်မျှထိ အကင်းမပါးခဲ့ပါသလဲ ..။ သားဖြ
သူသည် ဘွဲ့ရပြီးသည့်နောက်မှာ လုပ်ငန်းကိစ္စ အကြောင်းပြ၍ ရန်ကုန်
ရွှေရိုပ်ဦးသို့ သွားသွားနေခြင်းသည် မေနဒီ ကို မြတ်နိုးနေ၍ .. ဟု
ထင်မိခဲ့တာကိုက ဦးအိမ်စိုး ၏မှားယွင်းလွန်းနေသည့် အတွေးတွေ
ဖြစ်ခဲ့ချေသည်တည့် ..။

တကယ်တမ်း ခွန်နောင် နှင့် မေသရဖီ တို့ ချစ်နေကြသည်ကိ
သူ မသိခဲ့ ..။ ဒါကြောင့်လည်း ငယ်သူငယ်ချင်းထံ နှုတ်ကတိမိခဲ့သည်
မေနဒီ နှင့် သားကို နေရာချပေးချင်တာ စကားကမ်းမိခဲ့သည်။ ဖုန်းဖြ
ပြောမိခြင်း ..။ သိလ ကလည်း ဝမ်းသာအားရ လက်ခံသည်။ ခွန်နော
ဆိုတာက သိလ အတွက်ကလည်း သားတစ်ယောက်လိုပဲ ချစ်ခဲ့ရ
သည်တိုး ..။ သိလ တစ်ခုပဲ ပြောခဲ့ပါ၏။ မေနဒီ ကို မေးကြည့်ဦးမည်
ဆိုသည့်စကားပဲ ခံသည်။ ချက်ချင်းလည်း မေးခဲ့သည်။ ပွင့်လင်းသည်
သဘောကျင့်ဖြင့်ရှိသော ထက်မြက်ခေတ်မီသည့် မေနဒီ ပေမို့ ခေါင်းညိတ်
သည့်အဖြေတစ်ခုကို ဖြေခဲ့သည်။

အစကတည်းက ခွန်နောင် ကို မေတ္တာရှိနေခြင်းပါဆိုသည့် ဖြ
စွက်မှုဖြင့်ပင် ဖြေခဲ့သည်မို့ ..။ ထိုညက သူငယ်ချင်းနှစ်ယောက် ခမည်
ခမက်တွေဖြစ်ကြတော့မည်ဟု ပျော်ပျော်ကြီး ဖုန်းပြောဖြစ်ခဲ့ကြပါသည်
အဖြစ် ..။ ရွှေရိုပ်ဦးမှာ စေ့စပ်ပွဲကိုလုပ်မည်ဟု နှစ်ဖက်မိဘအနေဖြ
ဆုံးဖြတ်ခဲ့ကြသည်။

ဒါပေမယ့် ..။ သြော် .. ဒါပေမယ့် .. ယာတော ခြံတွေဆီမှ နေ
သုံးရက်လောက်နေပြီးမှ မြပုဝါသို့ ပြန်ရောက်လာပါသည့် သား
စေ့စပ်ပွဲကိစ္စ ပြောတော့မှ မေသရဖီ ကို လွန်ခဲ့သည့် ငါးလလောက်
တည်းက ချစ်ခွင့်ပန်ခဲ့တာ ..။ မေသရဖီ ထံမှ အဖြေရခဲ့တာ ..။ ချစ်
ဖြစ်ကြသည့်ကိစ္စ .. ရှက်သည်မို့ မိဘတွေကို အသိမပေးသေးပါနှင့်





အရှက်ကြီးသည့် မေသရဖီ တောင်းပန်သည်မို့ ..။ ချစ်သူကို အလိုလိုက်
သည့် ခွန်နောင် နေပေးခဲ့တာတွေ ..။ နောက်တော့မှ လူကြီးချင်း စကား
ကမ်းဖို့ ခွန်နောင် ပြောလာဖို့ ဆုံးဖြတ်ထားခဲ့တာတွေကို .. ထိုအခါမှ
ခွန်နောင် အားလုံးပြောပြခဲ့တာမို့ ဦးအိမ်စိုး သိခဲ့ရချေသည်။ သိချိန်မှာ
တစ်ဖက်မှာက နှုတ်ကတိတာ ရှိနေခဲ့ပြီးကုန်ပြီ ..။

"ယု ရေ .. ဘယ်ထင်မိလိမ့်မလဲကွယ် .. မေသရဖီ နဲ့ မေနဒီ
ဟာ ညီအစ်မရင်းဖြစ်ကြတာမို့ .. စကားကမ်းမိတဲ့ကိစ္စမှာ .. မေနဒီ
နဲ့နေရာမှာ မေသရဖီ ဖြစ်သွားခဲ့ရင်လည်း .. ညီအစ်မချင်းပေမို့ မေနဒီ
ဘက်က ပြဿနာဖြစ်လာစရာ မရှိဘူးလို့ ငါ ထင်မိခဲ့တယ် .. သိလ
ကိုလည်း ဖုန်းဆက်ပြီး တောင်းပန်ရတယ် .. သိလ ကလည်း သမီးကြီး
မေသရဖီ နဲ့ ခွန်နောင် ကို စေ့စပ်ပေးရမယ့် အပြောင်းအလဲကိစ္စကို
အခက်အခဲမရှိ လက်ခံလိုက်တာပါပဲ ..။ နှစ်ဖက်ချစ်သူဆိုတာက ခွန်
နောင် နဲ့ မေသရဖီ ဖြစ်နေကြတာမို့ .. ချစ်သူချင်းပဲ လက်ထပ်ပေးရမှာ
ပေါ့ .. လို့ ပြောခဲ့တာပါပဲ .."

ကောင်းကင်ကို မော့ကြည့်ရင်း တိမ်အုပ်အနီးမှာ လှပစွာ ပြည့်ဝန်း
သည့်အဆင်းဖြင့် လင်းလဲ့နေသည့်လမင်းကြီးကို မော့ကြည့်ရင်း ဦးအိမ်စိုး
တိုင်တည်ပြောနေမိခြင်းပါ ..။

စေ့စပ်ပွဲ ပြောင်းသွားတာ သိရတာနှင့် မေနဒီ သည် အစ်မ သရဖီ
ကို ချက်ချင်း ရန်လုပ်ခဲ့သည်။ ညီမ၏ချစ်သူကို လုသည်ဟု ပြင်းပြင်း
ထန်ထန် စွပ်စွဲ ငိုကြွေးခဲ့သည်။ မေနဒီ နှင့် ခွန်နောင် ကို စေ့စပ်ဖို့ကိစ္စ
လူကြီးချင်း ပြောခဲ့ကြတာကိုလည်း မေသရဖီ မသိခဲ့။ မသိအောင်လည်း
မေနဒီ က ဖခင်ကို ဘယ်သူ့ကိုမှ မပြောသေးပါနဲ့ဦးဟု တောင်းပန်ခဲ့
သည်တဲ့ ..။

ဖွင့်မပြောသေးပါနဲ့ဦး .. ဆိုသည့်စကားတစ်ခွန်းသည် .. ခွန်နောင်
နှင့် မေသရဖီ တို့ ချစ်ကြသည့်ကိစ္စကို နှစ်ဖက်လူကြီးတွေ မသိခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သလို ..၊ ထို ဖွင့်မပြောသေးပါနဲ့ဦးဆိုသည့် စကားတစ်ခွန်းသည် မေနဒီ နှင့် ခွန်နောင် တို့ ဆုံစပ်ဖို့ ပထမပိုင်းမှာ ဖြစ်ပျက်ခဲ့သည့်အဖြစ် ကိုလည်း မေသရဖီ မသိဘဲ ရှိခဲ့ရချေသည်ပါပဲ ..။ ညီမကို ငဲ့၍ မေသရဖီ က ချစ်သူနှင့် ကင်းအောင်နေဖို့ ဆုံးဖြတ်ခဲ့ပေမယ့် ခွန်နောင် က လက် ..... ခံ၍ ဘယ်သူ့ကိုမှ လက်မထပ်နိုင်ပါဟု ပြတ်သား စွာ အပြောခဲ့ပါသည့် ခွန်နောင် ၏ အဆုံးအဖြတ်ကို ဦးသီလ သဘော ပေါက်သည်။

ဒါကြောင့်လည်း သမီးကြီး မေသရဖီ နှင့် ခွန်နောင် တို့၏ မင်္ဂလာလက်ထပ်ဖိတ်စာကြီးကို သီလ တစ်ဦးတည်း၏ အဆုံး အဖြတ်ဖြင့် ရိုက်ခဲ့သည်။ လက်ထပ်ပွဲကိုလည်း မြပုဝါမှာ ကျင်းပခဲ့သည်။

“နောက်ဆုံးတော့ ယု ရေ .. မင်းရဲ့မြပုဝါမှာ အဲဒီမင်္ဂလာပွဲ ဖြစ်ခဲ့ရ တာပါပဲ .. ဖိတ်စာတွေ ဝေပြီးကုန်ပြီလို့ သီလ က သူ့သမီးကို ပြတ်ပြတ် အသိပေးတာမို့ .. လူကြီးတွေလည်း မျက်နှာမပျက်ရအောင် .. သတို့ သမီး မတက်ဘဲ ပွဲပျက်ရတဲ့အဖြစ်မျိုးနဲ့ ချစ်သူလည်း အရှက်တကွဲ မဖြစ်ရအောင် .. နောက်ဆုံးတော့ .. ခေါင်းညိတ် လက်ခံပေးခဲ့ရရှာတာ ပါ .. ကျန်ခဲ့တဲ့အရာ တစ်ခုကတော့ မေနဒီ ရဲ့အမုန်းတရားတွေပါပဲ .. မင်္ဂလာပွဲကိုလည်း သူ မလာခဲ့သလို .. ငါ့ဆီကိုလည်း သူ ဖုန်းဆက်ပြော လာတယ်လေ .. ဘယ်တော့မှ ရွှေရိပ်ဦးကို ငါ .. မလာရဘူး .. မလာပါ နဲ့လို့ ပြောတယ် .. ခွန်နောင် နဲ့ ဆုံစပ်ရတော့မယ်ဆိုပြီး သူ့ရဲ့ သူငယ်ချင်းတွေကို ပြောပြမိခဲ့တုန်းကတော့ ပျော်တဲ့စိတ်နဲ့ ဖြစ်ခဲ့ရတာ ပါပဲ .. အခုလို .. မင်္ဂလာပွဲက သရဖီ နဲ့ ဖြစ်တာမို့ .. သူ့ရဲ့သူငယ်ချင်း တွေက ဖုန်းနဲ့မေးကြ .. ဘာကြနဲ့ .. သူ့ဝန်းကျင်မှာ ခေါင်းမဖော်နိုင် အောင် အရှက်ရခဲ့တာတဲ့ .. စိတ်နာစကားကို ပြောခဲ့တယ် ယု .. ဘယ် လောက်ထိ စိတ်နာပြီး မုန်းသွားသလဲဆိုရင် .. သရဖီလေး ဆုံးခဲ့တုန်းက သူ ရောက်မလာဘူး .. အစ်မကို နောက်ဆုံး လာနှုတ်မဆက်ဘူး .. ဒီ ရွှေရိပ်ဦးမှာ မြေးရဲ့မာတ်ပုံလေးတောင် အချိတ်မခံဘူး .. အဲ သလောက် အမုန်းကြီး မုန်းသွားတာ ..”





မေနဒီ သည် သရဖီ နှင့်ပတ်သက်၍ စိတ်နာ မုန်းတီးခြင်းဆိုသည့် အရာကို နှစ်များစွာ ရင်မှာ အပျောက်အတိမ်းမခံဘဲ သိမ်းဆည်းထား ဆဲ ..၊ တုံ့ပြန်နေမြဲ ..၊ ရှင်သန်နေစေဆဲ ..။

တကယ်တမ်းကတော့ မေနဒီ ၏ အရှက်သည်းခြင်းနှင့်နာကြည်း ခြင်းဆိုတာ ကျိန်စာလိုများ သက်ရောက်စေခဲ့သည်လား မသိ။ ဒါ ကြောင့်များ .. မေသရဖီ ရော ခွန်နောင် ရော အသက်တိုခဲ့ကြရခြင်းများ လားလေ ..။

သီလ ကတော့ နွေရာသီတိုင်း မြေးဖြစ်သူ သွန်းလေပြေမွှေး ထံ ရောက်လာတတ်စမြဲ ..။ မေနဒီ မကြိုက်မှန်း သိပေမယ့် မသိကျိုးကျင်ပဲ သီလ နေခဲ့ပါ၏။ သွန်းလေပြေမွှေး ဆိုသည့် မြေးငယ်လေးအတွက် အရုပ်လေးတွေ၊ ဂါဝန်လှလှလေးတွေ၊ ဖိနပ်လှလှလေးတွေ ယူလာ တတ်သော သီလ ..၊ ခုကျတော့လည်း မြေးအတွက် ဝတ်ကောင်းစားလှ ရယ်ဒီမိတ်တွေ၊ လက်ဝတ်ရတနာတွေ သယ်လာကာ လက်ဆောင်ပေး တတ်ရပြီ။

မြေးအဘိုးနှစ်ယောက် ဝေးနေချိန်ဆိုလျှင်လည်း မြပုဝါနှင့် ရွှေရိပ် ဦး ဖုန်းပြော၍ မဆုံးကြ ..၊ အတွေးများဖြင့် ဦးအိမ်စိုး ငြိမ်နေခိုက်မှာ ..းမှာ လူရိပ်လေး ထင်လာသည်။ ကြွေရုပ်လေးလိုလှသည့် .. ချစ်မဝပါ ..ည့် မြေး သွန်းလေပြေမွှေး ရောက်လာချေပြီကောလေ ..။ ဘိုးအေ ..တ်မောင်းကြီးကို မှီ၍ ကောင်းကင်ကိုမော့ကြည့်ကာ ...

“လမင်းကြီးကို မော့ကြည့်ရင်း .. ဘွားဘွားနဲ့ စကားပြောနေပြီ ..ါ .. ဟုတ်လား ဘိုး .. သွန်း မှတ်မိတာပေါ့ .. သွန်း ငယ်တုန်းက .. သွန်း ကို ဘိုး ပွေ့ချီပြီ လမင်းကြီးကို လက်ညှိုးထိုးရင်း.. အဲဒီမှာ ဘွား ..ယ်လို့ ပြောခဲ့တာလေ .. လမင်းကြီးအနားမှာရှိတဲ့ ကြယ်လေးထဲက



www.burmeseclassic.com

www.burmeseclassic.com



တောက်ပတဲ့ကြယ်နစ်ပွင့်ဟာ ဖေဖေနဲ့မေမေပေါ့လို့ သွန်း ကို ပြော တာလေ ..''

သွန်း ပြောကာ ဝန်းစက်စက်လမင်းကြီးကို မော့ကြည့်ပါ နောက်.. အတောက်ပဆုံးသော ကြယ်နစ်ပွင့်ကိုလည်း လမင်းကြီးအ မှာ ရှေးချယ်မိပြန်သည်။

''မြေးကို .. ဘိုး ပြောစရာရှိတယ် မြေး .. မကြာသေးဘူး မြေးရဲ့ ဘိုးသီ ဆီက ဖုန်းလာတယ် .. သူ နေမကောင်းဘူး မြေး ဒီနစ်နေအာ သူ ခလာနိုင်တာမို့ .. ဟိုကို ခဏ မြေးကို လွှတ်ပေးနိုင်မလာ လို့ မေးလာတယ် ..''

''ဟင် .. ဘိုးသီ နေမကောင်းဘူး .. ဟုတ်လား .. မနေ့ ကတောင် သွန်း နဲ့ ဖုန်းပြောနေသေးတာ ဘိုးရဲ့ .. နေမကောင်းဘူး ဘိုးသီ မပြောပြဘူး ..''

''မြေး စိတ်ပူမှာစိုးလို့ မပြောပြတာပေါ့ .. မြေးရဲ့ ဘိုးသီ အားနည် တယ်လို့ ပြောတာပါပဲကွယ် .. အသက်လည်း ရလာပြီ မဟုတ်လား မိသားစု သမားတော်ကြီး ဦးထက်ခေါင် က အနားယူရမယ်လို့ ကို ကို ပြောတယ်တဲ့ .. ခက်တာကို ဘိုးကိုယ်တိုင်လည်း မြေးနဲ့အတူ ဟို သွားလို့ မဖြစ်ဘူး.. မေနဒီ စိတ်အနှောင့်အယှက်ဖြစ်မယ် မြေး ..''

နွေရာသီရောက်တိုင်း ဘိုးသီ တစ်ယောက်တည်းသာ မြပုဝါသ ရောက်ရောက်လာရသည့်ကိစ္စ အစကတည်းက သွန်း သိခဲ့ရပြီးပါပြီ အဖြစ်စုံကို ဘိုးဘိုးတို့နှစ်ယောက်စလုံးက သွန်း နားလည်တတ် အရွယ်လေးကတည်းက နားဝင်အောင် ပြောပြခဲ့ကြသည်ပဲလေ ဘာကိုမျှ ထိန်းချုပ်မထား ..၊ ဖေဖေနှင့် မေမေ့ချစ်ခြင်းများ ..၊ အန် လေး မေနဒီ ၏အမုန်းတရားများ ..၊ အားလုံးကို မချွင်းမချန် ပြော ထားတာမို့ သွန်း သိခဲ့ရပြီးပါပြီ။

သွန်း ကတော့ ဘယ်သူ့ကိုမှ အပြစ်မမြင်ပါ။





ဖေဖေသည် ဖေဖေ ချစ်သော မေမေ့ကို လက်ထပ်ပိုင်ခွင့် ရှိသည်။ ကို့သမီး မတက်သော မင်္ဂလာပွဲပျက်ကြီးတစ်ခုကို ဖေဖေ ရင်ဆိုင်ပြီး ကတကွဲဖြစ်မှာကို မဖြစ်စေရက်သည့် မေမေ့အချစ်ကြောင့် ..၊ မေသည်လည်း ဖေဖေ့ကို လက်ထပ်ခဲ့သည်။ အန်တီလေး၏နာကြည်း သော အမုန်းတရားများကိုလည်း အပြစ်မပြောချင်တော့ပါ ..။ အန်တီ ၏အခွင့်အရေးပဲ ဖြစ်ပါ၏။ ဒါကြောင့် မြပုဝါသို့ မလာသော တီလေးကိုလည်း မလာရကောင်းလားဟု မငြူစူပါ။ ဒါပေမယ့် .. ဘိုးအပေါ်မှာ ခံပြင်းမာနတွေတင်ပြီး ရွှေရိပ်ဦးသို့ မလာရဟု လေသံ ဖြင့် ပြောခဲ့သည့်အတွက်တော့ သွန်း လက်မခံချင် ..။ ရွှေရိပ်ဦးသည် ဘိလေးတစ်ယောက်တည်းပိုင်သောအိမ် မဟုတ် ..၊ ဘိုးသီ လည်း သည်လေ ..။ ရွှေရိပ်ဦး သို့ ဘယ်သူလာရမည် ..၊ ဘယ်သူမလာရ.. သည့် အဆုံးအဖြတ်ကို အန်တီလေး တစ်ဦးတည်း၏ အဆုံးအဖြတ် မတည်မြဲစေသင့် ..။

''ပိုခက်တာက .. ဒီမြပုဝါက ဒရိုင်ဘာ ကိုသော် လည်း သူ့အဒေါ် လေးတွေ ရှင်ပြုလို့ မနက်ဖြန် ရွာပြန်ဖို့ ရှိနေတယ် .. အဲဒါ ရိပ်ဦးက ပြည့်စုံဦးသာ လာကြိုလိမ့်မယ် .. လမ်းတွေက ကောင်း မနက်စောစော ဟိုကထွက်လာရင် .. မြပုဝါကို ညနေလောက် က်မှာပဲ ..''

ဟု ဘိုး ပြောလာပါ၏။ ခက်သည်က ဘိုး ပြောသည့် ပြည့်စုံဦးသာ ကို သွန်း မမြင်ဖူးခဲ့ ..၊ ဘယ်တုန်းကမှလည်း မြပုဝါသို့ ပြည့်စုံ သာ ရောက်မလာဖူးခဲ့ ..။

''ရွှေရိပ်ဦးကို ရောက်တဲ့အခါ .. မြေးရဲ့အန်တီလေးကို စိတ် နှောင့်အယှက်မဖြစ်အောင် နေပါ မြေးရယ် .. ကိုယ်က ခဏနေမှာပဲ .. မေနဒီ မှာ သားသမီးရယ်လို့လည်း ရှိတာမဟုတ်ဘူး .. သူ့ နှမ်းသည် မောင်ကြည်မျိုးသာ ဘက်က ပါလာတဲ့ ပြည့်စုံဦးသာ



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ သားလို ချစ်နေရတဲ့သူပါ.. ဒါကြောင့် ဘိုး မျှော်လင့်လိုက်ချင်တာ ပါပဲ .. သွေးသားရင်းဖြစ်တဲ့ တူမလေးကို မြင်ဖန်များလာရင်တော့ဖြင့်.. သူ ချစ်လာလိမ့်မယ် ထင်ပါရဲ့ ..''

ဘိုး မျက်နှာမလန်းဘဲ ပြောလာသည်။ သွန်းကတော့ ဘိုးဘိုးတို့လို မမျှော်လင့်ချင်ပါ ..။ ဘာကြောင့်ဆို အန်တီလေးသည် အစ်မ၏ နောက် ဆုံးခရီးကိုပင် လာခဲ့သည်မှ မဟုတ်ချေပဲလေ ..။

ကြီးမားသော နာကြည်းမုန်းတီးခြင်းဆိုသည့် အစိုင်အခဲကြီးတစ်ခု သည် အန်တီလေး၏နှလုံးအိမ်ထဲမှာ အမြစ်တွယ်နေသည်ဟု သွန်း ထင် သည်။

ဘာပဲဖြစ်ဖြစ် ..။ ဘိုးသိ အတွက် သွန်း အရမ်းကို စိတ်ပူနေရပြီမို့.. ရွှေရိပ်ဦးကိုတော့ဖြင့် .. မဖြစ်မနေ .. သွန်း ရောက်ရချေဦးတော့မည်သာ တကား ...။





## အခန်း (၃)

''ဟဲ့ .. ပလုတ်တုတ်တောက်တဲ့ .. အံ့မယ်လေး .. ကိုညို ရေ .. ာဝါဦး .. ပျော့စိပျော့စိနဲ့ .. တောက်တဲ့ကြီး ရယ်တော့ ...''

တောက်တဲ့ .. ဟူသော တောက်တဲ့၏အော်သံ ..၊ အော်သည်က ခ်ချက်တည်း မဟုတ် ..။ တောက်တဲ့ .. တောက်တဲ့ .. တောက်တဲ့ဖြင့် ဆက်တိုက်အော်နေခြင်း ..၊ မီးဖိုဆောင်ဆီမှ ဒေါ်ကြီးမယ်သင် ၏အသံ သည်း အလန့်ထညက် ..။ အူယားသည်းယား ကြောက်အားဖြင့် ကျက်ချားအော်သံ ..၊ ငယ်သံပင် ပါချင်ချင် ..။ ထုံးစံအတိုင်း တစ်ခုခု လန့်စရာကြုံလျှင် ပလုတ်တုတ်တောက်တဲ့ .. ဟု ယောင်နေကျ ဒေါ်ကြီးမယ်သင် တစ်ယောက် ခုတစ်ခေါက်မှာတော့ နဖူးတိုက် ဆိုက် တောက်တဲ့နှင့် တိုးပြီထင့်...။ စိတ်ညစ်လက်ညစ်ဖြင့် အပေါ် ထပ် စာကြည့်ဆောင်မှ သွန်းလေပြေမွှေး ဆင်းလာခြင်းပါ။

ခုလို .. ဒေါ်ကြီးမယ်သင် ၏ ပလုတ်တုတ် တောက်တဲ့ ဟု ယောင်၍ အလန့်တကြား အော်သံလည်း ကြားရ ..၊ တောက်တဲ့ .. တောက်တဲ့ဖြင့် တောက်တဲ့အော်သံလည်း ကြားရပြန်တော့ စိတ်ညစ် ဆွေ ဖြုတ်ခနဲ ပျောက်ကျသွားရပြန်လျက် ..၊ ထုံးစံအတိုင်း ငယ် ချင်းဖြစ်ပါသည့် အပျော်စိတ်လေး ခုန်ပေါက်ဆင်းသက်လာသည်က



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာပါ..။ သေချာပြီတည့် ..၊ ဒေါ်ကြီးမယ်သင် တစ်ယောက် မုန့်လာဥနီ လေးထောင့်ဆန်ကာခြင်းကြီးထဲက အလယ်လောက်မှာ ရှိနေပါသည့် တောက်တဲ့နှင့်တော့ တိုးပြီ ..၊ မတိုး၍လည်း မဖြစ် .. တိုးအောင် သွန်း လုပ်ထားခဲ့သည်က မနေ့ည ဆယ်နာရီလောက်ထ မဟုတ်ပါလားလေ ..။ တစ်ယောက်ယောက်ကို တစ်ခုလောက်တော့ အပျော်အနောက် မလုပ်ရလျှင် သွန်းလေပြေမွှေး နာမည်ပျောက်သွားတော့မည့်သဘောပိုက်ထားသည်က ငယ်ကျင့်တစ်ခုနှယ် ရှိနေရသည် ကိုးလေ ..။

ဘဘညို ကတော့ ဇနီးအလှ မယ်သင် ၏အော်သံကြောင့် ကသောတမျောကြီး ပန်းခြံဆီမှ ပြေးလာရပြီ။ နောက်ဖေးဘက် မီးဖိုဆောင်တံခါးဆီမှ ခလုတ်တိုက်မတတ် လှေကားထစ်တွေကို ခုန်ပေါ်နင်းတက်ရင်း ဝင်လာရခြင်း ..။ အားလုံးကို မီးဖိုဆောင်ကူးတံခါးဆီမှ ကြည့်နေသည်က သွန်း ပါ။ ထမင်းစားဆောင်နှင့် မီးဖိုဆောင်ကူးတံခါး ခန်းဆီးလေးကို မသိမသာ ဟ၍ ပြုံးစေ့စေ့ ကြည့်နေခြင်း ..၊

ဟုတ်သည်လေ ..၊ ခရီးက ထွက်ကိုထွက်ရမည့်ကိစ္စ။ ငြင်း၍လည်း ရတာမဟုတ်။ ငြင်း၍လည်း မကောင်း။ ဘိုးဘိုးသီ ၏ ကျန်းမာရေးပေမို့ သွန်း လည်း စိတ်ပူသည်ပါပဲ။ သည်တော့ မသွားမဖြစ်သည့် ခရီး သွားရမည့်အတူတူ .. စိတ်လက်ညစ်နေ၍လည်း ဘာမှမထူး အန်တီလေး မေနဒီ နှင့် ရင်ဆိုင်တိုးလျှင် ကြုံသလိုလှော်၍ ခရီးဆက်မည်။ ထိုအတွေးဖြင့် လောလောဆယ်တော့ ပျော်စရာပဲ ဆက်လှမ်းလိုက်တာပဲ ကောင်းမည်မို့ ဒေါ်ကြီးမယ်သင် ၏အဖြစ်ကို ပြုံး၍ ကြည့်နေလိုက်သည်ပါပဲ ..။

ဝခဲခဲ ဖြူအိအိ ဒေါ်ကြီးသင် ကတော့ ကြမ်းပေါ်သို့ လွှတ်ချထည့်ခဲ့ပါသော မုန့်လာဥနီ ဝဝခဲခဲ နီနီတုတ်တုတ်ကြီးကို မျက်တောင်မခတ် ကြည့်နေသည်။ နီတီတီအရောင်ကဲနေသော တောက်တဲ့သည်





ခြေလက် အကျအသားဖြင့် မုန့်လာဥနီမှာ ကပ်နေ၏။ ဘေးစောင်းကျကျ နေအထားဖြင့် ရှိနေခြင်း ..၊ ပစ်လိုက်တာမို့ မုန့်လာဥနီက လှုပ်နေသည်။ တောက်တဲ့ ကလည်း ပါးစပ်လေးဖြဲ၍ တောက်တဲ့သံ ထွက်နေ၏၊ မီးဖိုဆောင်ရှိ နီးရာတံမြက်စည်းရိုးကိုကိုင်၍ ဘဘညို တောက်တဲ့ကို မျက်တောင်မခတ် ကြည့်နေရင်းမှ ...

"ဟဲ့ မယ်သင် .. ညည်း တောက်တဲ့က နီတီတီနဲ့ .."

ဟု ပြော၍ မတို့တတို့ .. မထိတထိဖြင့် ခပ်ဝေးဝေးမှနေ၍ တောက်တဲ့ ကပ်နေသည့် မုန့်လာဥနီကို လှမ်းတို့ထိ၏။ မုန့်လာဥနီက ဟိုဘက်သည်ဘက် လူးသည်။ တောက်တဲ့က ခြေလက်ကပ်၍ ပါနေရင်း တောက်တဲ့သံ တပြုံပြုံ ထွက်နေပါချေသတည်း ..။

"အို .. ကိုညို ကလည်း မကြားဖူးဘူးလား .. တောက်တဲ့များ ကပ်ရာ ထိရာနဲ့ အရောင်လိုက်ပြောင်းတယ်ဆိုတာ .. ခုဥစ္စာက မုန့်လာဥနီမှာ ကပ်နေတာဆိုတော့ နီတီတီဖြစ်နေတာပေါ့လို့ .. မမြင်ဘူးလား .. ကျောပေါ်မှာ အဖြူစက်တွေပါနေတဲ့ဥစ္စာ .. အဲဒါ တောက်တဲ့ကျောကုန်းပေါ့ ရှင့် .. လန့်လိုက်ချက် ကိုညို ရယ် .. မုန့်လာဥနီနိုင်နိုင် ခေါက်ဆွဲကြော် စားချင်တယ် .. မနက်စာ အဲဒါလေး ကော်ဖီပွဲမှာ ပါလို့ အစ်ကိုကြီးက မနေ့ည ထမင်းပွဲမှာ ပြောတာနဲ့ .. ခု .. မုန့်လာဥနီလိုးမလို့ ယူတဲ့ဥစ္စာ .. ပထမ နှစ်လုံးသုံးလုံးကတော့ ဘာမှမဖြစ်ပါဘူး .. ဒီတစ်လုံး အောက်ဘက်ကယူတဲ့အခါ ပျော့စိစိနဲ့ ကိုင်မိတယ် အောက်မေ့မိပါရဲ့ .. လက်နဲ့ညှစ်ကိုင်ယူလိုက်တော့ တောက်တဲ့သံ ထွက်လာရော .. ကြည့်တော့ .. နီတီတီ တောက်တဲ့ကို မြင်လို့ လန့်ပြီး လွှတ်ပစ်လိုက်မိတာ .. တောက်တဲ့များ ကပ်မိရင် မလွှတ်ဘူးဆိုတာ အဟုတ်ပါပဲ .. မုန့်လာဥနီနဲ့ ကပ်ရက်ကြီး ပါသွားတာပါပဲ .. ကိုညို့ ကို အားကိုးကြီး လှမ်းခေါ်မိရတော့တာ .."

အရေးဆို ခင်ပွန်းသည် ဥယျာဉ်မှူးကြီးကို အားကိုးခေါ်တတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည့် ဒေါ်ကြီးမယ်သင် ..၊ ခုလည်း လန့်နေသည့် ဒေါ်ကြီးသင် ဘား ဘဘညို တံမြက်စည်းရိုးကြီး တစ်ကိုင်ကိုင်ဖြင့် အားကိုးရာကြီးအဖြ ရောက်နေရချေပြီတည့် ..။

သတ္တိခဲ ဘဘညို ကလည်း တောက်တဲ့အနီးသို့ နီးနီးကပ်ရဲပုံ မရ ခပ်ဝေးဝေးဆီမှ စက်ဝိုင်းပတ်သလို တံမြက်စည်းကြီးကိုင်ပြီး ဟိုဘက် ကြည့် ..။ သည်ဘက်ကကြည့်ဖြင့် အချိန်တော့ လင့်လာပြီ ..။

တောက်တဲ့က မှန်လာဥနီ အလှုပ်ရပ်လျှင် ငြိမ်နေလိုက် .. ပါး ဖြဲ ကြည့်နေလိုက်..၊ ဘဘညို တံမြက်စည်းဖြင့် လှမ်းတို့လျှင် မှန်လာဥ လှုပ်လိုက် ..၊ အော်သံ တောက်တဲ့က ပေါ်လာလိုက်ဖြင့် ဝိုင်းကြီးပ ပတ် ဒူဝေဝေ ကစားသလို ဖြစ်နေသည်တည့်..။

"ကြာလိုက်တာ ကိုညို ရဲ့ .. အဲ့သလို .. ဘယ်ခြောက်ကာ ည လှမ်း လုပ်နေရင် အဲဒီတောက်တဲ့ ဒီအခန်းထဲက ထွက်ကိန်းမမြင်ဘူ ရှင့် .. ယူပစ်လိုက်တော့လေ .."

တောက်တဲ့နှင့် တစ်ခန်းတည်းရှိနေရတာ ကျောမလုံသလို ရှိ ရင်း ဒေါ်ကြီးမယ်သင် ပြောတော့ ဘဘညို မျက်စိမျက်နှာပျက်လျ ကြည့်ရင်း..

"ဟဲ့ .. မယ်သင် ရဲ့ .. ငါလည်း လန့်သပေါ့ဟ .. တောက်တဲ့ ယူအပစ်မှာ ငါ့ပေါ်ကျပြီး ကပ်နေရင် .. ဘယ့်နှယ်လုပ်မလဲ .. တော တဲ့ ကပ်ရင်ဖြင့် မိုးကြိုးပစ်မှ ကွာတာတဲ့ .. ငါ ကြားဖူးထားတာ ရှိတ ဟ .. လူပေါ် ကပ်ရင် .. ခွာကို မခွာတော့ဘူးလို့ ကြားထားရတဲ့ဥစ္စာ ငါလည်း လူပဲကွ .. ငါ့ပေါ် ကပ်သွားရင် ဘယ့်နှယ်လုပ်မလဲ .. အဲဒါ ညည်းကြောင့်ဖြစ်တာ .. ဘယ့်နှယ်ကွာ.. တစ်ခုခု လန့်ယောင်ရင် ရိုးရို မယောင်ဘူး .. ပလုတ်တုတ် တောက်တဲ့ .. ပလုတ်တုတ် တောက်တဲ့ ဆန်းပါ့ .. အဲဒါ .. တောက်တဲ့က သူ့ချစ်လို့ဆိုပြီး ထင်ပုံရတယ် ဒီထဲရောက်လာတာ.. နောက်ဆိုရင် .. ပလုတ်တုတ်ကျား .. ပလုတ်တု





း .. ပလုတ်တုတ်ဖား .. တွေ ယောင်နေရင် .. ဒီအခန်းထဲ ကျားတွေ တွေ ဝင်မယ် သိလား .."

တောက်တဲ့နား မကပ်ရဲတိုင်း ဟန်ဆယ်၍ ဇနီးသည်ကို ဖိ ာက်နေပါသည့် ဘဘညို အကြောင်း သိသည်မို့ သွန်း အခန်းထဲ င်လာမိရပါပြီ..။ ဘာမှမသိထားသည့်နှယ် ခါးလေးဆန့် .. လက်လေး ာက်၍ အညောင်းဖြေသလို လုပ်ရင်းမှ ...

"ဆာတယ် ဒေါ်ကြီးသင် .. ဘိုးဘိုးလည်း ခဏနေ လာတော့မှာ.. .. ဘိုးဘိုးက စာကြည့်ခန်းထဲခေါ်ပြီး စကားပြောနေလို့ .. ကြာသွား .. အခု .. ဆာနေပြီ .. ခါတိုင်းနေ့လိုလည်း ဒေါ်ကြီးသင် ကို ာ ဘရိတ်ဖတ်အတွက် ဘာမှကို မကူလိုက်ရဘူး ဒေါ်ကြီးရာ.."

ဟု ပြောတော့ ဒေါ်ကြီးသင် မှ မျက်လုံးဝိုင်းလေးပြူး၍ မှန်လာဥနီ သက်ညှိုးထိုးပြရှာပါသတည်း ..။

"အဲဒီ ဘရိတ်ဒန့်ကြီးအတွက် မချက်ရသေးပေါင် သွန်း ရယ်.."

ဟု မျက်စိမျက်နှာပျက်ရုံမက .. အသံပါပျက်၍ အသံတိမ်အက ဖြင့် ပြောတော့ သွန်း ရယ်၍ ...

"ဘရိတ်ဒန့် မဟုတ်ပါဘူး .. ဘရိတ်ဖတ်စ်ပါ ဒေါ်ကြီးသင် ရ.. မှားနေတော့တာပဲ .. ဘရိတ်ဒန့် ဘရတ်ဒန့်နဲ့ သူများရှေ့ သွားမှား နဲ့ဦး .. ဝိုင်းရယ်ကြလိမ့်မယ် .."

ဟု စကားပြင်နေတာကို အာရုံပေါက်ပုံ မရ ..။ လက်ညှိုးထိုး၍..

"အဲဒါကြီး အရင်ရှင်းရမှာ သွန်း ရဲ့ .. ခက်ပုံက .. ဒီက ကိုညို လည်း သူ့ကပ်မှာ ကြောက်နေသတဲ့ .. ကပ်ကပ်ပေါ့ .. ဖယ်ပစ်တာ ဘူး .."

"ဟ .. မင်း မကပ်တိုင်း .. ငါ ကပ်ရမှာလား .. ဒါ .. သာမန် တ်ဘူးကွ .. တောက်တဲ့ကပ်မယ့်ကိစ္စ .. မိုးကြိုးသံ စောင့်ပြီ ငါက ာင်းကင်ကြီးကို လက်အုပ်ချီရင်း .. မိုးကြိုးသံ ပေးပါ .. ပေးပါ ..



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး မိုးကြိုးသံ မြှော် .. တောက်တဲ့အကွာ စောင့်ရတဲ့ဘဝကိုတော
မခံနိုင်ဘူးကွ .. ဒါပဲ .."

ဟု တောက်တဲ့ကပ်ရာ မုန်လာဥနီနှင့်ဝေးမှ အေးမည့်ပုံဖြင့် နော
ဆုတ်၍ ဘဘညို လည်း မျက်စိပျက်မျက်နှာပျက် ..။ တံမြက်စည်းကြ
အကိုင်မလွှတ်ဘဲ ပြောတော့ ဒေါ်ကြီးသင် မျက်စောင်းခဲစ ပြုလာပြီ

"ဒါဖြင့် .. ဘာမှမလုပ်တော့မယ့်အတူတူ .. အဲဒီတံမြက်စည်းကြ
အနန်းဆောင် သွားဆောင်ထားလိုက်တော့ .."

ဟု ပြောလာတော့ ...

"ဟ .. ဘယ်ဖြစ်မလဲကွ .. ဒီကောင် ငါ့ဘက်ပြေးလာရင်
ဘယ့်နှယ်လုပ်မလဲ .. ရိုက်ဖို့တော့ တစ်ခုခု ငါ့လက်ထဲ ရှိရမလေ ..

သတ္တိခဲ ဘဘညို ၏ဖြေသံကြောင့် ဒေါ်ကြီးသင် စိတ်လက်တိုသွ
ရရင်းမှ အကျီလက်စက နှံ့သာရောင်ကို ဆောင့်ခနဲ ပင့်ပစ်ကာ ...

"ဩော် .. ဟုတ်ပါပေ့ ကိုညို ရယ် .. ကျုပ်မှာဖြင့် အားကိုးတကြ
ခေါ်မိတဲ့ကိုစွ .. ရှင်က လက်ထဲ တံမြက်စည်းကြီး တကားကားနဲ့
ကျုပ်ကို ကာကွယ်ဖို့များ မှတ်တယ် .. လက်စသတ်တော့ .. ရှင့်
တောက်တဲ့ လာမကပ်အောင် ဖြစ်နေတာကိုး .."

"ဟ .. ညည်းကိုလည်း ကာကွယ်တာပါပဲ .. နှစ်ယောက်စလုံး
အတွက်ပါကွ၊ အရေးထဲ မင်းက အတွေးချော်နေရသေးတယ်လို့ကွာ
မယ်သင် ရာ .. ငယ်ပေါင်းမိန်းမကို .. ငါက တောက်တဲ့တစ်ကောင်
အကပ်ခံပါ့မလားကွ မင်း၊ မိုးကြိုးသံစောင့်နေတာမျိုး အရောက်ခံ
မလား .. မင်းကျောပေါ် တောက်တဲ့အကပ်ခံပါ့မလား .. လက်ပေါ်
အကပ်ခံပါ့မလား .. မတော်တဆ ခြေဖမိုးပေါ် ခုန်ပေါက်ပြေးတ
ကပ်တာ အဖြစ်ခံပါ့မလား .."

"ကျုပ် အော်ငိုလိုက်တော့မယ်နော် .. ဥပမာပေးတာများ .. ကျ
အကပ်ခံရတာချည်းပဲ .. ရှင့်နာမည် အဖျားလေးတောင် အသိမခံဘူ





တ်ပေါက်လာရင်ဖြင့် .. ဟောဒီကြက်ဥနဲ့ လှမ်းပေါက်မိလို့ .. ရှင့်
ဘတ်မှာ တောက်တဲ့ မကပ်ဘဲ.. ကြက်ဥကွဲပြီး ကပ်ကုန်ရော့မယ်.."

"မင်းကလည်းကွာ.. တယ်စိတ်ကြီးသကိုး.. ငါက ညည်းအတွက်
ကာကွယ်နေရတာပါကွာ .. အစကတ် နှစ်ယောက်အတွက် .. အခု
င် တစ်ယောက်တောင် တိုးလာပြီးနေပြီ .. သွန်း အတွက်ပါ ကာ
ယ်ရမှာ.."

မုန်လာဥနီလည်း ငြိမ်နေပါပြီ။ တောက်တဲ့လည်း ငြိမ်နေပြီ။
ပြေလေးတထိုးထိုးဖြင့် ဘဘညို ကတော့ ဒေါ်ကြီးမယ်သင် ၏
သကို အေးစေဖို့ ကြိုးစားနေရဆဲ ..။ လက်ထဲက တံမြက်စည်းကို
ည်း မလွှတ် ..၊ သွန်း ပြုံး၍ တောက်တဲ့ကပ်နေသည့် မုန်လာဥနီကို
အေးအေးဆေးဆေး သွားကိုင်သည်။

"ဟဲ့ .. သွန်းလေး .. ကပ်မယ် .. ကပ်မယ် .. ကိုက်မယ် ..
က်လည်း ကိုက်မယ် ထင်ပါရဲ့ .. ပလုတ်တုတ်တောက်တဲ့ .. ကိုက်
.."

ဟု ဒေါ်ကြီးမယ်သင် ငယ်သံပါအောင် အူယားဖားယား လန့်
အော်ချိန်မှာ သွန်း က တောက်တဲ့ကို ခွာနေရပါပြီတည်း ..။ ကုန်တိုက်
ခင်ဝယ်ခဲ့သော တောက်တဲ့အရုပ် ..။ ဝယ်ကတည်းက နိုတီတီ
ကောင်ကို ရွေးဝယ်သည်။ အိမ်မှာက မုန်လာဥနီနှင့် ခေါက်ဆွဲကြော်..
စိမ်းကြော် .. မုန်လာဥနီဖျော်ရည် .. အလွန် အသုံးများသည်မို့ ..။
ငီတီ ပလတ်စတစ် တောက်တဲ့ရုပ်လေးကို ရွေးဝယ်ခဲ့ခြင်းပါ..၊ အထဲ
ခာတ်ခဲသေးလေးပါသည်မို့ .. ညှစ်မိလျှင် တောက်တဲ့ဟု ပါးစပ်ဖြ
ထဲမှ အသံထွက်သည်။ နှစ်ဖက်ကပ်တိပ်(ပ်)ဖြင့် မနေ့ညက မုန်လာ
မှာ တောက်တဲ့ကို သွားကပ်ထားခြင်းပါ။ တစ်ဖက်က တောက်တဲ့..၊
ဖက်က မုန်လာဥနီ ..။ ထိုသို့ နှစ်ဖက်ကပ်တိပ်(ပ်)ကြည်ဖြင့် ကပ်ခဲ့
ည့် တောက်တဲ့ ..၊ အခု .. ဒေါ်ကြီးမယ်သင် နှင့် ဘဘညို ကို ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း စိတ်ညစ်အောင် လုပ်ပြီးသွားခဲ့ပြီတကား ..။ သွန်း ရယ်၍ တောက်တဲ့ကို ခေါင်းလေးပုတ်၍ ...

"အော်စမ်း .. တောက်တဲ့ .. တောက်တဲ့ .."

ဟု ပြောတော့ တောက်တဲ့ရုပ်က အလှုပ်ခံရတာမို့ တောက်တဲ့သံ ဆက်တိုက် ပေါ်လာပါသတည်း။

"ဟဲ့ .. ကလေးရဲ့ .. လွှင့်ပစ်လိုက်တော့လေ .. ကိုက်လိမ့်မယ် - ကပ်လိမ့်မယ် .."

မလည်လိုက်ပုံများ ..၊ ခုထိ ဘဘညို ရော ဒေါ်ကြီးသင် ရော တောက်တဲ့ကို အစစ်ဟု ထင်နေကြဆဲ ..။ တကယ်က အရုပ်ဆိုတာ ရယ်မောပြောလိုက်ဖို့ သွန်း စိတ်ထဲပေါ်နေခဲ့ရပေမယ့် ..၊ ခုကျတော့ ငယ်ကျင့်အတိုင်း ဆက်၍ နောက်ချင်တာမို့ ..။

"ဟယ် .. ပကယ်ကပ်တတ်တာကိုး .. လက်မှာကပ်နေပြီ - ကပ်နေပြီ .. လုပ်ပါဦး .."

ဟု တိပ်(ပ်)အောက်ဘက်ကို လက်မှာကပ်ရင်း အော်တော့ ဘဘညို လူစွမ်းကောင်းမှ တံမြက်စည်းရိုးကြီးကိုင်၍ တောင့်နေသည်၊ ခြေထောက်ပင် လှုပ်၍ရပုံ မပေါ်။ ဒေါ်ကြီးသင် လည်း မျက်နှာမှာ သွေးရောင်ပျောက်ကုန်ရပါသတည်း ..။ မဖြစ်တော့ပြီ .. ခုမှ တကယ့်ကို အလန့်စံချိန်ချိုးနေပြီဖြစ်သော ဘဘညို နှင့် ဒေါ်ကြီးသင် တို့ လန့်မှေ မေ့ကုန်မှာ တစ်ပြန်လန့်လာရသည်က သွန်း ဖြစ်နေတာမို့ ...

"အံ့ဖွ .. အံ့ဖွ .. တောက်တဲ့ မတ်တတ်ထ .."

ဟု ခုန်ပေါက်၍ အော်လည်း အော် ..။ တိပ်(ပ်)ကိုလည်း လက် ဖဝါးမှ ခွာ ..။ အပြင်သို့ ပြတင်းဆီ ပစ်မည်အပြု လက်ထဲမှ တောက်တဲ့ လွတ်ကျသွားရာမှ တောက်တဲ့ကလည်း လှုပ်သမျှ အော် ..၊ အသံထ ထွက်နှင့် ရှုပ်ထွေးကုန်ပါသတည်း ..။

"ဟဲ့ .. ဘာတွေဖြစ်နေတာလဲ .."





ဘိုးဘိုးအသံပါ တကား ..၊ သွန်း ကမန်းကတန်း အရုပ်ကို ကောက်၍ နောက်ဘက်မှာ လက်ဖြင့် ဖေးကပ်ထားမိလိုက်ရပါပြီ။ ဘိုး ချွင် ဆူဦးတော့မည်။ မနက်စောစော လူကြီးတွေကို နောက်ရပါမလို့ ဟု စိတ်ညစ်လက်ညစ်ဖြင့် ဆူပေဦးတော့မည်။

ဘိုး သိ၍ မြင်၍ မဖြစ်၄ ..။ လက်ဖြင့် အရုပ်ကို နောက်ဘက် ထားမိစဉ်ခိုက် ...

"ဟယ် .. ကပ်နေပြီ .. သွန်း ရဲ့တင်ပါးမှာ တောက်တဲ့ ကပ်နေပြီ.. ပါပဲ .. ဒုက္ခပါပဲ .. အစ်ကိုကြီး .. မိုးကြိုးပစ် .."

ဟု လန့်ရှိန်ဖြင့် မိုးကြိုးကိုလည်း ဆွဲ ..၊ တောက်တဲ့ကိုလည်း ဆွဲဖြင့် ကြီးမယ်သင် လန့်အော်တော့မှ သွန်း သိလိုက်ရပါပြီတည်း။ ကိုယ့် ဘက် ကိုယ်စူးရင်း ..။ ကိုယ့်ရှူး ကိုယ်ပတ်ကာ .. ခုမှ တောက်တဲ့ ပ်ခံလိုက်ရသည်က သွန်း ပဲ ဖြစ်နေသည်။ နှစ်ဖက်ကပ်တိပ်(ပ်) ည်ကောင်းမှုဖြင့် ရွှေတောက်တဲ့က သွန်း လက်နောက်ပြန်ဝှက် ထိမိထိရာ တင်ပါးနေရာလေးမှာ ကပ်နေချေသည်တကား ..။

"ဟာ .. အရုပ်ပါ ဒေါ်ကြီးသင် ရ .. ဟဲ .. ဟဲ .. ချစ်လို့နောက်တဲ့ .. လန့်နေလိုက်ကြတာများ .. အကပ်ခံရတာက သွန်း ပါ .. နဲ့ပါနဲ့ .. ဟက် .. ဟက် .. ကြည့် .. အတ်ချလောင်း .. တောက်တဲ့ ကြီး ဆောင်း .."

ကိုယ်လေး ချာခနဲလှည့် ..၊ တောက်တဲ့ရုပ်ကိုခွာ၍ နီတီတီအရုပ် ကို ပါးမှာ အပ်ပြ ..။ လက်မှာတင်ပြနှင့် လုပ်ပြနေပါသည့် သွန်း ဘိုး စိုက်ကြည့်နေပါသတည်း ..။

"ဟဲ့ .. အရုပ်လား .. မှန်း .. ပြစမ်း .. ဟဲ့ .. သိပ်မနီးပါနဲ့ ရဲ့ .. ဝေးဝေးက ကြည့်ပါရစေ .."

ခုထိ တံမြက်စည်းရိုးကြီး တကားကားဖြင့် ရှိနေရင်း ဘဘညို ဝေးမှ ကြည့်ရှာသည်။ အနီးပင် မကပ်ရဲသေး..၊ သဘောက သွန်း



www.burmeseclassic.com

www.burmeseclassic.com



ကို သိပ်ယုံကြည်ပုံမရ ..။ ဘာကိုမှ သိပ်ကြောက်တတ်တာမဟုတ်သည့် သွန်း ဆိုတာက တောက်တဲ့အစစ်ကို အရုပ်ပြောပြီး .. လှမ်း၍ ကိုင်ခိုင်း လိုက်တာမျိုးဖြစ်မှာကို ကြိုတင်တွေးထားရင်း အန္တရာယ်ရှောင်သည့် သဘောဖြင့် ခပ်ဝေးဝေးမှ ကြည့်ခြင်း ..၊

"အရုပ်ပါဆိုမှ ဘာဘာညိုကလည်း .. ဟောကြည့် .. အတ် လောင်း.. တောက်တဲ့ အမြီးတွဲလောင်း .."

ဟု အရုပ်ကို ဟိုလှုပ်ပြ ..၊ သည်လှုပ်ပြ ..။ အရုပ်ကအော်နှင့် တော့ ဘိုးဘိုးမှ ...

"မကြီးမငယ်နဲ့ မိသွန်း .. ရပ်တော့ .. ရိုက်ရအောင်ကလည် အခက်.. ရယ်ရအောင်ကလည်း အခက် .. ညည်းဟာလေ .. စိတ်ဆိုး ခက်.. ရယ်ရခက်အောင် အလွန်လုပ်တဲ့ သူငယ်မ .. တချို့ ညည်းအရွ တွေ အိမ်ထောင်ကျကုန်ပြီ သိရဲ့လား .. ညည်းသာ ကလေးလုပ်နေ

"အံမယ် .. သွန်း ကို လက်ထပ်စကား မပြောပါနဲ့နော် .. ဘ ရမလဲ .. သွန်း ကို လက်ထပ်ခိုင်းကြည့် .. ဒေါ်ကြီးသင် ရဲ့ရွှေလ ကောက် .. လက်ဖွဲ့ တောင်းပစ်မှာ .."

ဘာဘာညို ဝယ်ပေးထားပါသည့် ပန်းလက်ကောက်ကို အလွန်မြ နိုးသော ဒေါ်ကြီးသင် ကို လှမ်း၍ပြောတော့ ...

"ကျုပ်လက်ကောက်တော့ ချမ်းသာပေးပါ သွန်း ရယ် .. အ ဆို .. ကျုပ်လက်ကောက်ပဲ တယ်မျက်စိခဲသကိုး .. ဆယ်တန်းအော တုန်းကလည်း ကျုပ်လက်ကောက်ကို ဆုပေးပါလို့တောင်းတယ် .. အ မင်္ဂလာဆောင်တာတွေ ဘာတွေ ရှိမလာသေးဘူး .. ကျုပ်လက်ကော ကို .. ညည်းလေးက မျက်စိကျနေပြီ .."

ဟု ဒေါ်ကြီးသင် ခေါင်းတခါခါဖြင့် ငြင်းနှင့်ပါ၏။ ယောင်၍ ယူလေ .. ဟု .. မပြောရဲ။ တကယ် လက်ကောက်ချွတ်ယူနိုင် သွန်းလေပြေမွှေး ဆိုတာ သိထားနှင့်သည်ကိုးလေ ..။





"ညည်းဟာလေ .. မွေးရာသန္ဓေစွဲလိုကို ဖြစ်နေတာ ဆိုးတယ် .. ထစ်ဆို .. ပြောင်ပြောင်နောက်နောက် တယ်လုပ်သကိုး .. တစ်နေ့ .. နောင်တရတာမျိုးကြုံရင် ခက်မယ် .. အနောက်သန်တော့ ရန်တိုး သတဲ့ .. နောက်ကို .. အဲဒီအကျင့် ပြင်စမ်းပါ မြေးရယ် .. ခက်တယ်.. ဒီကလေး တယ်ခက်တယ် .."

ဟု ဘိုးဘိုး ညည်းညည်းတွားပြောကာ အခန်းထဲမှ ထွက်သွားပါ သတည်း ..။ သွန်း ကတော့ ပေါ့ပေါ့ပါးပါး ရယ်မောကျန်ခဲ့သည်ပါ ..။

တကယ်တော့ ဘိုး ပြောခဲ့သလို .. တစ်နေ့မှာ .. ထိုအနောက်သန် ဆိုသည့် ငယ်ကျင့်အစွဲကြောင့် .. သွန်း အရမ်းကို ကြေကွဲ နောင်တ ရချေမည်ဆိုတာ .. ကြိုတင်၍ ဘယ်လိုမှ သိနိုင်ခဲ့သည်မှာလည်း အမှန် ..။

ထို့နောင်တသည် .. ကိုကြီး ပြည့်စုံဦးသာ နှင့်ပတ်သက်၍ ဖြစ် သည်လာရချေမည်ဆိုတာကိုလည်း .. သွန်း မသိနိုင်ခဲ့ပါ ..။ မသိနိုင်ခဲ့ သည်ကော.. ကိုကြီးရယ် ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄)

"မိုင်းလှိုင်တောင်ကြောက မခွာနိုင်ဘဲ ရှိနေတဲ့ မောင့်ကို .. နဒီ ဘာတွေပြောနေဖို့လိုသလဲ မောင် .. မောင့်မိန်းမ ခေါင်းချခဲ့တဲ့အရပ်ကို မခွာနိုင်ဘူးဆိုရင်ဖြင့် .. နဒီ ကို လက်မထပ်သင့်ဘူးဆိုတာ မောင် အစကတည်းက နားလည်ထားသင့်တာပေါ့ .. ခုတော့ .. .. မောင်က- မောင့်သတ္တုမိုင်းမှာပဲ အလုပ်တွေနဲ့ နစ်နေတယ် .. နဒီ က .. ရွှေရိပ်ဦး ဟိုတယ်နဲ့ ရွှေရိပ်ဦး ကုန်တိုက်ကြီးကို ဆက်ပြီး လုပ်ကိုင်နေရတယ်- လူချင်းခွဲနေကြရတဲ့ အိမ်ထောင်တစ်ခုကို .. မောင် မငြီးငွေ့ဘူးလား..၊ ပျော်စရာကောင်းတဲ့ အိမ်ထောင်တစ်ခုအဖြစ် .. မောင် လုပ်နိုင်ပါတယ်- ရန်ကုန်ကို မောင် လာနေသင့်ပြီ မောင် .. မောင့် သတ္တုမိုင်းအလုပ်ကြီးကို .. ချန်ထားရစ်ခဲ့လိုက်ပါတော့ .. ရောင်းပစ်လိုက်ပါတော့ .. ဘယ်လောက်ကြာခဲ့ပြီလဲ မောင် .. ပြည့်စုံဦးသာလေး ဆယ့်တစ်နှစ်သားလောက်မှာ .. မောင်နဲ့ နဒီ လက်ထပ်ခဲ့ကြတာ .. အခု .. ပြည့်စုံလေးတောင်မှ အင်ဂျင်နီယာဘွဲ့ရပြီ .. ခုထိ .. နဒီ တို့နှစ်ယောက် တစ်နေရာစီ နေကြတုန်းပဲ .. မကြာလွန်းဘူးလား မောင်- ဟင် .. ကြာလွန်းနေပြီ မဟုတ်လား .."





မှန်းပြောနေရင်း မေနဒီ ရင်ထဲမှာ နာကျင်ကြေကွဲမှုတွေပဲ နေရာ ...တာနေကြသည်။ အိမ်ထောင်ရေးကံမကောင်းသည့်ဇာတာ ပါသည် ...ာ .. ဟုလည်း ရင်ထဲမှာ မချိနိုင် ..။

"ရှင့်ကို ကလေးတစ်ယောက်အဖေ မုဆိုးဖိုတစ်ယောက်အဖြစ်.. ...ခြင်ရက်ခဲ့ဘူး .. ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးဖိုဘဝ ရောက်ရှာ ...ယ် .. သားလေးတစ်ယောက်နဲ့ ဘဝကို .. တည်တည်ငြိမ်ငြိမ်ဖြစ် ...င် ရပ်တည်နိုင်ဖို့ အမြဲကြိုးစားနေတဲ့သူလို့ .. နဒီ အကောင်းဘက် ... - တွေးပေးခဲ့တာပါ မောင် .. မောင့်မိန်းမ မဆုံးခင်ကတည်းက.. ...င့်အလုပ်ကိစ္စနဲ့ ရန်ကုန်ကိုရောက်တဲ့အခါ .. ရွှေရိပ်ဦးဟိုတယ်မှာ ...င် တည်းခိုနေကျဖြစ်ရာက .. မောင့်မိန်းမ ဆုံးသွားတာတွေ နဒီ ...တုန်းကလည်း ရင်ထဲမကောင်းခဲ့တာ အမှန်ပါပဲ .. ဟိုတယ် ...ကျဖြစ်တဲ့ နဒီ ဟာ .. တည်းခိုလာတဲ့လူတိုင်းကို .. မနက်စာ ...ပတ်စ်အချိန်တိုင်းမှာ .. အားလုံး တလေးတစားနဲ့ နှုတ်ဆက် ... - နှင်းဆီပန်းလေးဖြစ်ဖြစ် .. လက်ကိုင်ပဝါလေးတွေဖြစ်ဖြစ် .. ...တိုင်း ရင်းနှီးနွေးထွေးရာအဖြစ် တည်းခိုသူတိုင်းကို နဒီ လက် ...င်ပေးနေကျမို့ .. ကာလကြာရှည် တည်းခိုနေကျ .. မောင့်ကို .. ...တ်မိနေခဲ့တယ် .. တဖြည်းဖြည်း နှုတ်ဆက်ပြောဆို .. ရင်းနှီးခဲ့ကြ ... - တစ်နေ့မှာ .. မောင့်မျက်နှာ မလန်းဘဲ ရန်ကုန်ကို ရောက် ...ယ်.. အလုပ်ကိစ္စနဲ့ တည်းခိုတယ် .. အဲဒီမှာ .. နဒီ မောင့်မျက်နှာ ...သာကို မေးကြည့်ရာက .. မောင့်မိန်းမ ဆုံးခဲ့တာကို သိခဲ့ရတာ ... - အဲဒီတုန်းကတော့ .. မိန်းမကိုချစ်တဲ့ လူငယ်မုဆိုးဖိုတစ်ယောက် ... - နဒီ သနားခဲ့ .. စိတ်မကောင်းခဲ့တာပါ မောင် .."

တစ်ဖက်မှ မောင့်အသံတွေ ငြိမ်နေသည်။ ခါတိုင်းလိုများ .. ... ဆောချထားပြီး တစ်နေရာရာကို ရှောင်နေလိုက်ပြီလားဟု ရင်...ချင်..။ ရင်ထဲ ခံပြင်းလာမိရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် .. ကိုကြည်မျိုးသာ .. မေနဒီ ပြောနေတယ်ရှင့် .. ရှ
လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်က .. ရှင့်ဆီကို တကန်တ
ဖုန်းဆက် ပြောနေတာကို .. ဖုန်းဘေးချပြီး ထွက်သွားပြန်ပြီလား
အဲသလို ကျွန်မ ကြုံခဲ့ရတာတွေ များနေပြီရှင့် .. ကျွန်မ သည်းမခံနိုင်
တော့ဘူးနော် .."

ဟု အော်ပြောပစ်စဉ်မှာ ...

"ငါ နားထောင်နေပါတယ် မေနဒီ .. သည်းမခံနိုင်တော့ဘူး
တော့ တစ်ခုခုများ ငါ့အပေါ်မှာ ဆုံးဖြတ်ချင်တာတွေ ဖြစ်နေပြီလား
ဘာလဲ .. ငါ့ကို ကွာရှင်းနေချင်ပြီလား .. မေနဒီ .."

ဟု အေးစက်စက် ပြန်မေးသံ ပေါ်လာတော့ အံ့ခဲမိသည်က မေန
ပါ။ တော်သေးသည် ..၊ ဘာပဲဖြစ်ဖြစ် .. ဖုန်းကိုင်ထားဖော်တော့ရသေ
သည်။ နားထောင်ပေးဖော်တော့ ရနေသေးသည်ပဲ ..။ ဒါပေမယ့်
ပြန်ဖြေသည့် စကားကလည်း ချေချေငံငံ မရှိ။ ကြင်ကြင်နာနာ မရှိ

"ကျွန်မ .. တစ်ခါပဲ အရှက်ကွဲခံမယ် မောင် .. တစ်ချိန်က ကျွ
လက်ထပ်ရမယ့်သူတစ်ယောက်ကို .. ကျွန်မရဲ့အစ်မက လက်ထပ်သွ
ခဲ့ပြီးပြီ၊ အရှက်ကွဲခဲ့ရပြီးပြီ .. အခုတစ်ခါ .. ကျွန်မ လက်ထပ်ထားတဲ့
တစ်ယောက်က ကျွန်မကို ထားရစ်ခဲ့တယ်လို့ အဖြစ်မခံပါရစေနဲ့တော့

ဟု အော်ပစ်ချင်သည်။ ဖုန်းကို နာနာဖိကိုင်ထားရင်း မျက်ရည်ဝဲ
ရာမှ အံ့ခဲထားမိသည်က သွားတွေ နာကျင်လာသည့်အထိပါ ..။

"ရှင် .. ကျွန်မကို ကွာရှင်းမယ်လို့လည်း မပြောပါနဲ့ .. ကျွန်မ
လည်း ရှင့်ကို ကွာရှင်းဖို့ ဘယ်တော့မှ ပြောမှာမဟုတ်ဘူး မောင်
အဲဒါ .. မြဲမြဲ သိထားစမ်းပါရှင့် .."

ဟုလည်း ကက်ကက်လန် ပြန်အော်ပစ်ချင်သည်။ ဒါပေမ
နှုတ်က ပွင့်ကျမလာ ..။

"မောင် .. ပြန်စဉ်းစားကြည့်စမ်းပါ .. မောင့်မိန်းမ ဆုံးပြီး သုံး





တဲ့အခါမှာ .. မောင် .. နဒီကို လက်ထပ်ခွင့်ပန်ခဲ့တယ် မဟုတ်
.. မောင့်သားလေးမှာလည်း အမေ လိုအပ်သလို .. မောင့်မှာလည်း
ဘတ်ယောက် လိုအပ်ပါတယ်လို့ ပြောခဲ့တယ်လေ .. အရမ်းတန်ဖိုး
းတဲ့ စိန်ပွင့်ကြီးတစ်ပွင့်နဲ့ ကွင်းထားတဲ့စိန်လက်စွပ်ကိုလည်း ကျွန်မ
ကတ္တီပါဘူးနီလေးနဲ့အတူ ဟိုတယ်ရဲ့ သီးသန့် လသာဆောင်ကြီးမှာ
ပေးခဲ့တာ မေ့သွားပြီလား .."

အသံတွေ စတင်နွမ်းညှိုးလာရင်း ခယယနိုင်စွာ မေနဒီ ပြောနေမိရ
သည်။ လောလောဆယ်မှာ နဒီ အတွက် အလိုအပ်ဆုံးသည် ခင်ပွန်း
ည်နှင့် တစ်အိုးတစ်အိမ်တည်းနေရခြင်းပဲ ဖြစ်ပါ၏။ အိမ်ထောင်စု
ခု ..၊ မိသားစုတစ်ခုအဖြစ် .. မေနဒီ လိုချင်သည်။ ပြောနေရင်း
လည်း အတိတ်ဆီမှ အရိပ်သည် ရင်မှာ လာထင်၏။ ထိုနေ့ညသည်
သာသောညတစ်ညလည်း ဖြစ်သည်။ ရွှေရိပ်ဦးဟိုတယ်၏ လသာ
ောင်မှာ မောင်သည် .. နဒီ ကို ဖိတ်ကြား၍ ကျွေးမွေးခွင့်ရအောင်
န်ခဲ့လျက် ..။ ဧည့်သည်အဖြစ် သူက တကန်တက .. လှပသော
တစ်ညမှာ .. ဟိုတယ်၏ အထူးလသာဆောင်မှာ ထိုသို့ ဖိတ်ခေါ်ခြင်း
ဒီ သည်လည်း စိတ်လှုပ်ရှားစွာ လက်ခံမိခဲ့ဖူးသည်။ ထိုသို့ လက်ခံ
မှ .. မောင့်၏လက်ထပ်ခွင့် ကမ်းလှမ်းမှုကိုလည်း ရင်ဆိုင်ကြုံခဲ့ရ
တ် ..။ အရမ်းကိုတန်ဖိုးကြီးသော စိန်လက်စွပ်ဖြင့် တလေးတမြတ်..
ခွင့်ပန်ပါသည့် မောင့်ကိုလည်း .. မုဆိုးဖို လူငယ်တစ်ယောက်အဖြစ်
သနားစိတ်လည်း ဖြစ်မိခဲ့ရသည်။ လူချမ်းသာ သူဌေးလေးအဖြစ်
သိနေရတာမို့ ..။ ချမ်းသာဂုဏ်ရှိန်လည်း ရှိသည်ပဲကိုးဟု တန်ဖိုး
သတ်မှတ်မိခဲ့ရသည်။ ဤသို့သော မုဆိုးဖိုတစ်ယောက်ကို လက်
ခြင်းသည် .. နဒီကို ပို၍ တန်ဖိုးထားကာ .. အရမ်းကို အလိုလိုက်
မ့်မည်ဟုလည်း မျှော်လင့်ယုံကြည်မိခဲ့သည်။

ဘာကြောင့်ဆို .. လူချမ်းသာဖြစ်ပေမယ့် လူငယ်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ရှိနေသေးပေမယ့်..။ ထိုသူသည် သားတစ်ယောက်အဖေ မှဆို
ဆိုတာမို့ ..။ နဒီ လို ပျိုပျိုရွယ်ရွယ် .. မိန်းမသားတစ်ယောက်ကို လ
ထပ်ခွင့်ရလျှင် ..။ အရမ်းကို အလိုလိုက်တာကို ခံရချေမည်ဟု အနာဂ
ကို အလှပဆုံး သတ်မှတ်မိခဲ့သည်က နဒီ ပါ ..။

ဒါကြောင့်လည်း .. နဒီ... မောင့်အချစ်ကို လက်ခံမိခဲ့သည်။ ဖေ
ကိုလည်း ဖွင့်ပြောခဲ့သည်။ နဒီ့ နှလုံးသားထဲမှာရှိနေဆဲဖြစ်သည့် ခွန်နော
ဆိုသည့်လူတစ်ယောက်ကို .. မောင်းမထုတ်နိုင်ဘဲရှိနေတာက သပ်သပ်
ချစ်နေမိဆဲဖြစ်ရသည်က သပ်သပ် ..။ ထို ခွန်နောင် ကို နာကြည်းနေ
တာကလည်း အမှန်..၊ ဒါပေမယ့် .. ခွန်နောင် သည်လည်း မရှိတော့ပြီ
အစ်မ မေသရဖီ က အရင်ဆုံးသည်။ သမီး သွန်းလေပြေမွှေး ဆိုတာ
မွေးဖွားပြီး နှလုံးရောဂါဖြင့် ဆုံးသည့်နှယ် ..။ ခွန်နောင်သည်လည်
သွန်းလေပြေမွှေး သုံးနှစ်သမီးအရွယ်မှာ ဆုံးခဲ့ပြီးပြီ ..။ ဘယ်သူမှ မရှိ
တော့ပြီ ..။ နဒီ ကရော ..အချစ်ဆိုတာကို သေလွန်ပြီးသူတစ်ယော
ထဲမှာ နှစ်မြုပ်နေရင်း ..။ ထိုသေလွန်ပြီးသူတစ်ယောက်ကို နာကြည်း
ရင်းဖြင့် .. ရှင်သန်နေရမည်တဲ့လား ..။ ဟင့်အင်း ..၊ မချစ်နိုင်သည်ဆို
ဦး .. ကြည်ဖြူသာ ဆိုသည့် မုဆိုးဖို သူဌေးတစ်ယောက်ကို လက်ထ
လိုက်ရင်းဖြင့် .. ထိုသူ၏သားကို .. ဟန်ဆောင်ပန်ဆောင်လေးဖြစ်
ချစ်ပြနေလိုက်ရင်းဖြင့် .. ခင်ပွန်းသည်၏ အရမ်းအလိုလိုက်သော မေ
ဆိုသည့် မိန်းမသားတစ်ယောက်ဘဝသည် .. လှပစွာ .. ဖြစ်တည်
လိမ့်မည်ဟု မျှော်လင့်မိခဲ့သည်။ နောက်တော့လည်း .. နဒီ့ ရင်သွေး
တွေ ရောက်ရှိလာကြချေမည်သာ..။ ထိုအခါကျတော့လည်း ဟန်ဆော
အချစ်ကို လင်ပါသားအပေါ်မှာ ထား .. အချစ်စစ်ကို သားသမီးရင်
ထားရင်း .. မေနဒီ ဆိုတာ .. အိမ်ထောင်ရှင်မတစ်ယောက် ..။ မိခင်တ
ယောက်အဖြစ် .. ရှိရချေလိမ့်မည်ဟု ထင်ထားမိခဲ့ပေမယ့် ..။ တကယ်
တမ်းကျတော့ ထိုသို့ ဖြစ်မလာ။





မေနဒီ သည် ဘယ်သောအခါတွင်မှ ကလေးမရနိုင်သော မိန်းမ
တစ်ယောက် ဖြစ်ခဲ့ရတာပဲ လက်တွေ့မှာ အဖတ်တင်ကျန်ခဲ့ရချေသည်
တကား ..။

ခုလည်း .. မောင့်ကို .. သဏ္ဍာန်မှိုင်းလုပ်ငန်းကို ရောင်းပစ်ခဲ့ပြီး
ကုန်မှာ လာနေဖို့ပြောနေမိရဆဲ ..။ ဤသည်ကလည်း အိမ်ထောင်
တစ်လျှောက်လုံးမှာ တဖွဖွပြောနေ ..။ ပူဆာနေရသော စကားတွေ
ဖြစ်နေခဲ့ရလျက် ..။ ဘယ်သောအခါတွင်မှ မအောင်မြင်ခဲ့ရသော
ကားတွေလည်း ဖြစ်နေရဆဲ ..။

"ဟုတ်တယ် .. ငါ .. ခွင့်ပန်ခဲ့တယ် .. လက်ထပ်ခဲ့တယ် ..
ပေမယ့် .. ငါ လက်ထပ်ထားတဲ့မိန်းမဟာ .. လူတစ်ယောက်ကို
နာကြည်းကြည်းနဲ့ ခုထိ ချစ်နေတုန်းဆိုတာ .. ငါ သိနေရတာမို့ ..
မှုက်တယ် နဒီ.. ဘာလို့လဲ သိလား .. အဲဒါတွေကို ငါ သိခဲ့ရတာ
ည်း မင်းကြောင့်ပဲ ..၊ ဖေဖေဟာ မိုင်းခမ်းလုံက မြပုဝါကို အဘိုးတစ်
ကြက်အနေနဲ့ .. သွန်းလေပြေမွှေး ကို သွားသွားကြည့်ပေမယ့် ..
ဘယ်တုန်းကမှ မသွားခဲ့ဘူးလေ၊ အဲဒါ.. ငါ ဖေဖေ့ကိုဖွင့်မေးတော့..
သတော့မှမညာတတ်တဲ့ ဖေဖေသီ ဟာ .. မင်းနဲ့ ခွန်နောင် ရဲ့အတိတ်
.. မင်းအစ်မနဲ့ ကိုခွန်နောင် တို့ လက်ထပ်ဖြစ်တဲ့ကိစ္စ .. အဲဒါတွေ
လုံး ငါ့ကို ဖြေခဲ့တယ် .. ငါ .. အခုမှ ဖွင့်ပြောတာ .. မင်း ..
ကောင်ကို .. ခုထိ မမေ့နိုင်သေးဘူးဆိုတာ ငါ သိနေရင်း .. ငါ
နဲ့ဝေးရာမှာ ဆက်နေချင်တာပဲ မေနဒီ .. အစတုန်းကတော့ .. နှင်း
မေ့နိုင်သေးတဲ့စိတ်နဲ့ .. ပန်းနဒီချောင်းရှိတဲ့ မိုင်းလှိုင်က ငါ မခွာ
သေးတာပဲ ရှိခဲ့တာ .. နှင်း ခေါင်းချခဲ့တဲ့နေရာလေးကို မခွာရက်နိုင်ခဲ့
.. နောက်တော့ .. ပိုပြီးခိုင်မာသွားရတာက .. ငါလက်ထပ်ထားမိတဲ့
ဟာလည်း .. ငါ့ကိုမချစ်နိုင်ဘဲ .. ခွန်နောင် ဆိုတဲ့လူတစ်ယောက်
နေတာ သိလိုက်ရလို့ပဲ နဒီ .. ငါက .. မင်းဘေးမှာ ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



လာထိုင်နေရမှာလဲ .. ငါ့မိုင်းတွင်းနဲ့ငါ .. ငါ့ပန်းနဒီချောင်းနဲ့ငါ .. နေနေသင့်တာပေါ့ ..''

ဘုရားရေ ..၊ ထိုအဖြစ်တွေကို မောင့် သိနေသည်တကား ..။ ဖေဖေသည် တစ်ချိန်ကလည်း နဒီ ကို ချစ်ရသူနှင့်ပဲ ခွဲပစ်ခဲ့ဖူးသည်။ ကိုခွန်နောင် နှင့် စေ့စပ်ရတော့မည်ဆိုတာကိုလည်း ဖေဖေ ပြောခဲ့ရာမှ ..အစ်မသရဖီ နှင့် ကိုခွန်နောင် ကို လက်ဆက်ပေးဖို့ ဆုံးဖြတ်ခဲ့သည်။ ဘာကြောင့်ဆို .. ကိုခွန်နောင် နှင့် မမသရဖီ တို့ ချစ်နေကြ၍ပါ..တဲ့။ ကိုခွန်နောင် နှင့် လက်ဆက်ရတော့မည်ဆိုပြီး ပျော်နေသည့် နဒီ ကို ဘယ်သူကမှ သနားဖော်မရခဲ့ကြ ..။ ငဲ့ညှာဖော် မရခဲ့ကြ ..။ ထိုသို့ သနားငဲ့ညှာရှိဖို့လည်း မကြိုးစားခဲ့ကြ။ တွေးပင် တွေးပေးဖော်မရခဲ့ကြ ..။ မမသရဖီ က နောက်ဆုတ်ပေးပါမည်ဟု ပြောနေသည့်ကြားမှ မင်္ဂလာပွဲကို ဖြစ်ဖြစ်မြောက်မြောက်ဖြစ်အောင် မြပုဝါမှာပင် သွား၍ ကျင်းပပေးခဲ့သည်က ဖေဖေကိုယ်တိုင်ပဲ ဖြစ်ပါ၏။ တကယ်က မမသရဖီ နှင့် ကိုခွန်နောင် တို့ ချစ်နေကြပြီဆိုတာ ဖေဖေ မသိခဲ့ပေမယ့်..။ နဒီ ကတော့ ရိပ်မိခဲ့သည်ပါပဲ။ သိခဲ့သည်ပါပဲ။ ဒါပေမယ့် ကိုခွန်နောင် ကို ကျိတ်၍ အချစ်ကြီးချစ်နေမိရပါသည့် နဒီ သည် ဖေဖေက .. နဒီ ကို .. ခွန်နောင် နှင့် လက်ဆက်ပေးမည့်ကိစ္စ အရင်ဆုံး စေ့စပ်ပွဲ လုပ်ပေးမည့်ကိစ္စတွေကို .. အန်ကယ်ဦးအိမ်စိုး ဘက်က ကမ်းလှမ်းလာသမျှတွေပြောရင်း အသိပေးလာစဉ်က ..။ မမသရဖီ နှင့် ခွန်နောင် တို့ ချစ်နေသည့်ကိစ္စကို နဒီ ဖေဖေ့ကို အသိမပေးခဲ့ အသာလေး မျှောလိုက်ရင်း .. ကိုခွန်နောင် နှင့်လက်ထပ်ဖို့ကိစ္စ နှင့် ခေါင်းညိတ်ခဲ့သည်ပါပဲ။ ဤသည်ကလည်း ကိုခွန်နောင် ကို ချစ်လွန်း၍ပါ။ မိုင်ဆိုင်ချင်လွန်း၍ပါ။ မခွဲနိုင်လွန်း၍ပါ။

ဘာပဲဖြစ်ဖြစ် ..။ လူကြီးတွေက စီမံလျှင်ဖြင့် မမသရဖီ နှင့် ကိုခွန်နောင် တို့ နှစ်ယောက်လုံး သူတို့အချစ်တွေကို နောက်ဆုတ်သွားလိမ့်မည်။ ညီမနှင့် လက်ထပ်ရမည်မို့ မမသရဖီ ကလည်း ကိုခွန်နောင် ကို လက်ထပ်ဖို့ ရည်ရွယ်ချစ်ခဲ့သည့်အချစ်ကို ပြန်၍ နောက်ဆုတ် အဆုံးသတ်လိုက်လိမ့်မည်။ မမသရဖီ နှင့်ချစ်သည့် ကိုခွန်နောင် ကလည်း နဒီ နှင့် လက်ဆက်ပါဟု နှစ်ဖက်လူကြီးတွေ စီမံတာကို.. ညီအစ်မ ရင်းနှစ်ယောက်ထဲက ညီမနှင့်သဘောမျှသည့်ကိစ္စ ..။ ငြင်းရဆန်ရ ခက်ခဲ အားနာပြီး နဒီ ကို လက်ထပ်လိုက်လိမ့်မည်ဟု နဒီ က ထင်ထားမိခဲ့သည်။ ဒါပေမယ့် ဖြစ်မလာခဲ့။ ကိုခွန်နောင် သည် နဒီ ကိုလည်း အားမနာ ..၊ လူကြီးတွေကိုလည်း အမှန်အတိုင်း မမသရဖီ နှင့် မေတ္တာမျှနေကြတာကို ဖွင့်ပြောပြီး ..။ နဒီ ကို ငြင်းဆန်သည့် အဖြေတစ်ခုကို ပြတ်ပြတ်သားသားပေးခဲ့သည်။ မမသရဖီ နောက်ဆုတ်ပေးနေပါလျက် ဘယ်နှင့်လည်း မမသရဖီ နှင့်မှ လက်မဆက်ရလျှင် ဘယ်သူ့ကိုမှ လက်မထပ်နိုင်ပါဟု ကိုခွန်နောင် ဘက်က အပြတ်ဖြေလာသည့်နောက်မှာ ..။ ဖေဖေသည် .. မမသရဖီ ကို .. လက်ထပ်ဖိတ်စာတွေပြပြီး ခေါ်၍ မြပုဝါမှာ ကိုခွန်နောင် နှင့် လက်ထပ်ပေးခဲ့သည် မဟုတ်ပါလား ..။

ထိုအဖြစ်တွေသည် ပြီးခဲ့ပါပြီ။ ဘာကြောင့် .. ဖေဖေသည် .. မောင့်ကို .. ဖွင့်ပြော အသိပေးခဲ့ရပါသတဲ့လဲ ..။ ခု.. ခုမှ .. နဒီ သိရခြင်းပါ..။ ဒီလို ဖေဖေ ဖြေခဲ့တာကို ခုမှ သိရခြင်းပါတည့် ..။ ရင်ထဲမှာ လှိုက်ခနဲ တက်လာနေသည်။ မျက်စိတွေ ပြာခနဲ ဖြစ်ကုန်သည်။ တယ်လီဖုန်း လက်ကိုင်ကို တင်းနေအောင် ဆုပ်ထားမိရင်းမှ ...

''ရှင် .. ရှင် .. အဲဒါတွေ .. ဘယ်တုန်းက .. ဖေဖေ့ဆီက .. ကြားခဲ့ရတာလဲ ..''

ဟု ကတုန်ကယင်လေး မေးမိရပါပြီတည်း ...။

''မင်းနဲ့ငါ အိမ်ထောင်ကျပြီး .. ပထမဆုံး ဖေဖေသီ မိုင်းခင်းဆီကို သွားကတည်းက .. ငါ .. အကဲခတ်နေခဲ့တာ .. တစ်ခါက နှစ်ခါ ..







www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်က နှစ်နှစ် .. ကြာလာတော့ ငါ .. အုံ့သြလာတယ် .. မင်း
လုံးဝ အဲဒီကို မသွားဘဲနေတာ တစ်ခုတည်းကြောင့် မဟုတ်ဘူး .. လုံး
အဲဒီ မြပုဝါနဲ့မပတ်သက်တာ .. သွန်းလေပြေမွှေး နဲ့ မပတ်သက်တာ
မင်း မပြောဘဲနေတာကလည်း ဆန်းနေတယ် .. သတိထားမိစရာ
နေတယ် .. မိုင်းလုပ်ငန်းကို .. ငါ သွားသွားကြီးကြပ်ရ .. နေရတဲ့အချိ
တွေမှာတော့ မင်းနဲ့ ငါ ဝေးနေကြပေမယ့် .. တစ်နေ့မှာ .. မင်းကို
ငါ့မိုင်းလုပ်ငန်းရှိရာကို ခေါ်ထားမယ်လို့ .. ဆုံးဖြတ်ထားတာ .. ခမ်းလှ
မြို့မှာ .. ငါတို့မိသားစု တူတူနေဖို့ဆိုပါတော့ ..၊ ငါကတော့ ငါ့လုပ်ငန်း
ကို စွန့်လွှတ်ပြီး ,.. မိန်းမရဲ့ ဟိုတယ်နဲ့ ကုန်တိုက်မှာ အလုပ်လုပ်
ဘယ်တုန်းကမှလည်း မစဉ်းစားခဲ့တာ အမှန်ပါပဲ .. ဒါပေမယ့် .. မင်း
မြပုဝါက မင်းတူမအပေါ်မှာ စိမ်းလွန်းနေတဲ့ သတိထားစရာအဖြ
ကြောင့် .. ဖေဖေသို့ ကို ဖွင့်မေးရာက .. အဖြစ်မှန်ကို ငါ သိခဲ့ကတည်း
က .. မင်းဟာ .. ခွန်နောင် ကို မမေ့နိုင်ဘဲ ချစ်နေတုန်းပဲဆိုတာ
သိလိုက်တာပါပဲ .. ဘာလို့လဲဆိုတော့ .. ပြည့်စုံဦးသာ ကိုတော်
မင်း ကြင်ကြင်နာနာ .. ဆက်ဆံသေးတာပဲလေ .. ရန်ကုန်ကို သား
ခေါ်ပြီး ငါ လာခဲ့စဉ်တိုင်းမှာ .. မင်းဟာ .. သားကို တိရစ္ဆာန်ရုံခေါ်သွား
ရ .. ပန်းခြံခေါ်သွားရ .. ကြင်ကြင်နာနာဆက်ဆံခဲ့တာပဲ .. ဘာ
တူမအရင်းပေါ်မှာ ကင်းပြတ်နေရသတဲ့လဲ .. အဲဒါ .. အဖြေပဲ..၊ မင်း
အဲဒီ ခွန်နောင် ကို မမေ့လို့ပဲ .. နာကြည်းတယ်ဆိုတာက .. အချစ်ကြ
လို့လေ .. ဒီလောက် နာကြည်းချက်ပြင်းထန်နေခြင်းဟာ .. မင်း
ကြည်းရင်း .. သူ့ကို ချစ်နေလို့ဆိုတာ .. ငါ သဘောပေါက်လို့ပဲ နဒီ

ဟု ပြောနေတော့ နဒီ အံ့ခဲထားသည်။ ပြည့်စုံဦးသာ ကို .. ဟ
ဆောင်ချစ်ပြခြင်းဆိုတာသိလျှင် ပို၍ပင် နဒီ ကို .. မောင် .. ရွံမုန်းသွာ
ချေမည်ဟု တွေးမိရင်း မဲ့ခနဲ ပြုံးမိပြန်သေးသည့်အဖြစ်။ ဘယ်လောက်
မကောင်းလိုက်ပါသည့် ကံကြမ္မာပါလဲလေ ..။ ချစ်ရသူနှင့်ဝေးရသည်





ထပ်ခဲ့သည့်လူတစ်ယောက်၏သားကို ဟန်ဆောင်ချစ်ပြလိုက်သည့်
သားမှ တစ်ခုကိုတော့ ရင်းလိုက်ရင်းမှ .. ကိုယ့်ရင်သွေးရင်းလေးတွေ
မည်ဟု ထင်ထားသောအိမ်ထောင်ရေးသည်လည်း .. သားသမီး
င်သည့်မိန်းမအဖြစ် အဖြေတစ်ခုကို စမ်းသပ်ရင်း သိခဲ့ရသည့်
မှာ ..။ မေနဒီ သည်.. ခင်ပွန်းသည်နှင့်အတူတကွ နေခွင့်ရနေ
သည့် အိမ်ထောင်တစ်ခုကိုတော့ ပိုင်ဆိုင်နိုင်ကောင်းရဲ့ဟု အဆုံးသတ်
လင့်ချက်အဖြစ် ထားမိသမျှသည်လည်း ..။ ဖြစ်မလာနိုင်တော့ပြီ
..။

"ငါဟာ မုဆိုးဖို ကလေးတစ်ယောက်အဖေဆိုတာ မင်း သိထား
.. မင်းရဲ့အဖြစ်ကိုလည်း ငါ့ကို မင်း အသိပေးသင့်တာပေါ့ မေနဒီ..
.. သူ့ကို ချစ်နေတယ်ဆိုတာက အစပေါ့ .. ငါ .. မင်းကို .. ဘယ်
ထပ်ပါ့မလဲ .."

"ရှင်ကရော .. ရှင့်မိန်းမ နှင်း ကို မေ့နိုင်လို့လား .. ဟင် .. ရှင်..
ဘက်ထိ .. ကျွန်မအပေါ်မှာ .. ရက်ရက်စက်စက် .. ဆုံးဖြတ်ရက်ရ
.. ဒါဆို .. ဒါဆို .. ကိုခွန်နောင် နဲ့ ကျွန်မတို့ရဲ့ .. ကိစ္စ .. ရှင်
ာ ကြာပြီပဲ .. ပြည့်စုံလေး တောင်မှ ဘွဲ့ရ အင်ဂျင်နီယာဘဝ
တ်နေပြီပဲလေ .. ရှင် .. မျိုးသိပ်လျှို့ဝှက်ထားတယ် ဆိုပါတော့ ..
ကို.. ပွဲတက်မယားအဖြစ် .. ထားထားတယ်ဆိုပါတော့ .. ရှင့်စီးပွား
အဝန်းအဝိုင်းမှာ .. ရန်ကုန်မှာ ရှင်နဲ့အတူ .. တက်ခဲ့ရတဲ့ .. ပွဲတွေ
.. အခမ်းအနားတွေဟာ .. ရှင့်ပွဲတက်မယားအဖြစ် ဘေးလူ မြင်
င်ပေါ့၊ ဟုတ်လား .. ရွှေရိပ်ဦးဟိုတယ်မှာ .. ရှင် စီစဉ်ကျင်းပတဲ့..
ပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံတဲ့ .. စာချုပ်တဲ့ .. ပွဲတွေမှာ..
း‌အဖြစ် ကျွန်မ တက်ရတဲ့ပွဲတွေအတွက်လည်း .. နဒီ ဟာ
တ်မယားပေါ့ .. ဟုတ်လား .. ဟုတ်လား .."

ဟု ဆက်တိုက်မေးနေတော့ မောင့်ဘက်က အသံတိတ်နေပြီ ..။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် .. ဒါကြောင့် .. ရန်ကုန်မှာ ဘွဲ့ရတဲ့အထိပဲ ပြည့်စုံဦးသာ ကို ထားပြီး .. အခု .. ရှင့် .. မိုင်းလွိုင်မြို့ကို .. ခေါ်ထားတယ် ဆိုပါတော့.. ဟုတ်လား .. သားနဲ့ နုဒီ ကိုပါ ထပ်ခွဲတယ်ဆိုပါတော့ - ရန်ကုန်မှာ .. အင်ဂျင်နီယာကျောင်းတက်တဲ့အချိန်မှာတော့ ရွှေရိပ်ဦးမှာ နေ .. ဘွဲ့ရတော့ .. ရှင့်ဆီမှာ ပြန်ခေါ်ထားတယ် ဆိုပါတော့ .."

ဟု ဆက်ပြောနေစဉ်ခိုက် ...

"ဒီည .. ပြည့်စုံ ရွှေရိပ်ဦးကို ရောက်လိမ့်မယ် .. မနက်ဖြန် - မိုင်းခမ်းလုံက မြပုဝါကို ခရီးဆက်လိမ့်မယ် .. ဖေဖေသီ ဖုန်းဆက်ခေါ်လို့ သား .. ရန်ကုန်ကိုထွက်သွားပြီ .. ဘာအတွက်လဲဆိုတော့ .. မင်း - ဘယ်တုန်းကမှ မမြင်ချင်ဘူးတဲ့ သွန်းလေပြေမွှေး ကို .. မြပုဝါကနေပြီး - ရွှေရိပ်ဦးကို ခေါ်သွားဖို့ပဲ .. ဖေဖေသီ နေမကောင်းဖြစ်နေတာမို့ - မိုင်းခမ်းလုံက မြပုဝါကို ဒီနွေကျောင်းပိတ်ရက်မှာ မသွားနိုင်တာမို့ - မြေးကို .. ရွှေရိပ်ဦးမှာ ခေါ်ထားဖို့ ဖေဖေက ဟိုဘက်အဘိုးကို ခွင့် တောင်းတော့ .. ဟိုဘက်က လက်ခံတယ်တဲ့ .. မင်း .. အဲဒီ သွန်း လေပြေမွှေး ကို မြင်ရတော့မယ် နုဒီ .. အဲဒါ .. အမှန်တရားပဲ - မင်း .. လူတစ်ယောက်ကို .. ဘယ်လိုမှတားဆီးလို့ မရနိုင်ဘူး .. မြေး အဘိုးချင်း မတွေ့ရဘူးဆိုတဲ့ တားဆီးမှုဆိုပါတော့ .. ကဲ .. ငါ - ဖုန်းချလိုက်တော့မယ် .."

ဟု ဖြေသံနှင့်အတူ မောင့်ဘက်က ဖုန်းချသွားပြီ ..။

ခါတိုင်းလို မောင်သည် .. ဖုန်းကို ဘေးချထားပြီး တစ်နေရာမှာ သွားရှောင်နေတာမျိုး ဤတစ်ကြိမ်မှာတော့ လုပ်မလာခဲ့။ အရင်တုန်းက ဆို .. ပြောချင်တာတွေ စိတ်လိုက်မာန်ပါ နုဒီ ပြောနေရာမှ ..။ တစ်ဖက် က အသံတိတ်လွန်းနေလျှင် ..။ ဟယ်လို .. ဟယ်လို .. ဟု ဆက်တိုက် ခေါ်ကြည့် ..၊ ထူးသံ ဖြေသံ မကြားဘဲ ငြိမ်နေလျှင် မောင် ဖုန်းဘေးချ ထားပြီး တစ်နေရာမှာ သွားရှောင်နေပြီဟု နားလည်ရင်း ဖုန်းကို ဆောင့်





ဆောင့်၍ ဒေါသဖြင့် ချပစ်ခဲ့ရသည်ချည်း။ ဘာကြောင့် ခုလို .. မောင့် ဘက်က အေးစက်စက်အိမ်ထောင်ရေးကို ဖြစ်တည်စေခဲ့သည်ဆိုတာ လည်း ခုမှ.. သိခဲ့ရပြီ။ ဖေဖေ့ကြောင့်..၊ ဖေဖေ ဖြေခဲ့သောအဖြေကြောင့်..။ ကာလလည်း ကြာခဲ့ပြီ ..။ ခုမှ နုဒီ သည် နောက်ကျလွန်းစွာ သိရခြင်း။ ကိုယ့်အိမ်ထောင်ရေး ဘာကြောင့် အေးစက်စက်ဖြစ်နေရသည်ဆိုတာ ဤနေ့မှာမှ မောင် ဖြေခဲ့၍ သိခဲ့ရခြင်း ..။

ဤတစ်ကြိမ်မှာလည်း မေနုဒီ ဖုန်းကို ဆောင့်ချလိုက်မိရပါပြီ သည်း..။

ရင်ထဲမှာ ခံပြင်းနေ့သည်။ ဖေဖေက .. ဖေဖေက .. နုဒီ ကို ပြောပြ ခေါ်ပင် မရဘဲ သွန်းလေပြေမွှေး ဆိုသည့်ကောင်မလေးကို ရွှေရိပ်ဦးသို့ ခေါ်ထားမည်တဲ့ ..။ ခွန်နော်င် နှင့် မေသရဖီ တို့၏သမီးကို ခေါ်ထား မည်တဲ့လားလေ ..။

အံခဲထားရင်းမှ ခံပြင်းစိတ်သည် ရင်မှာ မွှေ၏။ ခံပြင်းမျက်ရည် သည် တစိမ့်စိမ့်ကျခြင်း မဟုတ် ..၊ ဖြိုင်ဖြိုင်ပြိုး၍ အရှိန်နှင့်ကျခြင်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ရွှေရိပ်ဦးဟာ ဖေဖေ့အိမ်ဖြစ်တာမို့ .. ဖေဖေ တစ်ယောက်တည်း ရဲ့ အဆုံးအဖြတ်နဲ့ .. အဲဒီကောင်မလေးကို ခေါ်လိုက်တာပေါ့ ဖေဖေ နဒီ့ ရင်ထဲမှာ ဖျောက်ဖျက်ပစ်လို့မရအောင် နာကြည်းခံစားနေရတဲ့စိတ် ဟာ .. ဘယ်လောက်ပြင်းထန်တယ် .. နှစ်ကာလကြာပေမယ့် လျော့ နည်း မသွားနိုင်ဘူးဆိုတာ ဖေဖေ သိပါတယ် .. သိပါရက်နဲ့ ဖေဖေ ရယ် .. အဲဒီ သွန်းလေပြေမွှေး ဆိုတဲ့ ကောင်မလေးကို .. ဘာလို့ နဒီ မျက်စိရှေ့ရောက်အောင် ခေါ်ချင်ရတာလဲ ဖေဖေရယ် .. ဟင် .."

မေနဒီ့ အသံတွေ အက်နေသည်။ မျက်နှာလေး ရဲနေ၏။ မျက် တောင် တဖျပ်ဖျပ်ခတ်နေပေမယ့် မုန်းတီးသည့်ခံစားချက်တွေဆီ ဝိုင်းစုဖြစ်တည် အုံကြွတက်လာရာ မျက်ရည်တွေကို မတားနိုင် ဖြစ်နေရသည်။

ခုတင်ထက်မှာ ခေါင်းအုံးတွေ ဆင့်မှီထိုင်နေပါသည့် ဖေဖေသည် လည်း သက်ပြင်းရှိုက်၍ ကြည့်နေပါ၏။

ခုတလောမှာ ဖေဖေ ကျန်းမာရေး ဆုတ်ယုတ်ခြင်းဘက်သို့ ပြောင်းလဲ သက်ရောက်စပြုလာတာကို မေနဒီ သိနေရသည်မှာလည်း





အမှန်ပါ။ ဖေဖေ ရင်ဘတ်အောင့်သည်။ မေနဒီကတော့ ပရုတ်ဆီ လူး ပေး၊ ရာပန်းဆီ လူးပေး..။ ရေနွေးအိတ် ကပ်ပေးနှင့် ရှိရသည်ပါပဲ။

မိသားစုဆရာဝန်ကြီး သမားတော်ကြီး ဒေါက်တာဦးထက်ခေါင် ကလည်း အိမ်ကို မှန်မှန်လာ၍ ကြည့်ပေးသည်။ ဦးထက်ခေါင် ၏ ကိုယ်ပိုင်ဆေးရုံသို့ ဖေဖေ့ကိုခေါ်ကာ စမ်းသပ်စက်တွေဖြင့်လည်း စမ်း သပ်ပြီးခဲ့ပြီ ..။ ဖေဖေက ဆေးရုံတွေဘာတွေ မတက်ချင်ပါဟု ကြိုတင် ၍ ပြောထားကာ အိမ်မှာပဲ ဆက်၍ အကုသခံခဲ့ပါချေ၏။

"ဖေဖေ့ရောဂါကို ဇစ်ဇစ်မြစ်မြစ် နဒီ မသိရတာကလည်း ဆိုး တယ် ဖေဖေ .. ဖေဖေက ဖေဖေ့ရောဂါအဖြေတွေအားလုံးကို အိမ်မှာကို ထားဘဲ .. အန်ကယ်ထက် ဆီမှာပဲ အပ်ထားတာဆို .. အန်ကယ့်ကို မေးတော့လည်း ဖေဖေက .. ဖေဖေ့ရောဂါနဲ့ပတ်သက်ပြီး နဒီ့ ကို ပြောပြရဘူးလို့ တားထားတာမို့ .. မပြောပြပါရစေနဲ့လို့ ဖြေတယ် လေ .. အဲလို မသိရလေလေ.. စိတ်ထဲ ပိုပူရလေလေပါ ဖေဖေရယ် .. ပြောပြလိုက်တာကမှ တစ်ခုခုသိရင်.. ဘယ်လိုဆက်ကုသမယ်ဆိုတာ တွေ .. ဘာတွေ .. အန်ကယ်ထက် နဲ့ နဒီ တိုင်ပင် စဉ်းစားလို့ ရတာပေါ့ ဖေဖေရာ .."

ဖေဖေ့ခုတင်ဘေးမှာ ကုလားထိုင်ကို ဆွဲထိုင်ကာ မေနဒီ မျက်နှာ ငယ်နဲ့ဘဲ ပြောမိရပါ၏။ ရင်ထဲမှာ မလန်းနိုင်။ ဖေဖေ နေမကောင်း၍ လည်း စိတ်ထဲ လေးရသည်။ မမြင်ချင်ပါသည့်ကောင်မလေး အိမ်ကို ရောက်လာမည်ဆိုတာကို ကြိုတင်သိလိုက်ရပြီမို့လည်း ရင်ထဲ လေးနေရ သည်။ မလန်းဆန်းနိုင် ..။ အရေးထဲမှာ ခင်ပွန်းသည်ဖြစ်သည့် မောင်နှင့် လည်း မကြာမတင်လေးကပဲ ဖုန်းပြောအဆင်မပြေခဲ့ ..။ ကိုခွန်နောင် နှင့်ကိစ္စ ဖေဖေ ပြောပြခဲ့၍ မောင် သိခဲ့သည်ဆိုတာတွေကိုလည်း ရင်ထဲ မှာ ခံကြက်နေပေမယ့် မမာမကျန်းဖြစ်နေသည့် ဖေဖေ့ကို ရန်တွေ့စကား ပြောရမည့်အချိန်မျိုးလည်း ဟုတ်မနေ ..။ ပြောဖို့လည်း မကောင်း ..။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ကျင့်အတိုင်းသာဆိုလျှင်ဖြင့် ငယ်စိတ်အတိုင်း လွှတ်လိုက်ရလျှင်
ဖေဖေ့ကို ငိုယိုရန်တွေ့နေမိမှာ အမှန်ပါ။

ခုကျတော့လည်း ဖေဖေ့ ကျန်းမာရေးကြောင့် စိတ်ကို လွှတ်မပေး
နိုင်တော့ ..။ လွှတ်ပေးခွင့်လည်း မရနိုင်တော့ ..။

"အဲဒီအလုပ်က ဒေါက်တာထက်ခေါင် ရဲ့အလုပ်ပါကွယ် .. အ
အလုပ် သူ လုပ်ပါစေ .. သမီးကလည်း သမီးအလုပ်ကို လုပ်ပါကွယ်
ရွှေရိပ်ဦးဟိုတယ်နဲ့ ရွှေရိပ်ဦးကုန်တိုက်ကို .. ဖေဖေ မပါဘဲနဲ့ .. နိုင်နိုင်
နင်းနင်း အလစ်အဟာမရှိအောင် လုပ်နေရတာနဲ့ပဲ .. ပင်ပန်းလှပါပြီ
ဖေဖေက ဖေဖေ့ရောဂါကို အသိမပေးချင်တာက .. သမီး စိတ်ပင်ပန်း
တာတွေ မဖြစ်စေချင်လို့ပါ .. ဖေဖေ သေနိုင်မှာ မဟုတ်ပါဘူး သမီး
ရယ် .. ဆေးကုသရင်းနဲ့ ပျောက်ကင်းသွားမှာပါ .. ကျန်းမာသွားမှာပါ
ဖေဖေ နေကောင်းပြောဘ့လည်း အရင်အတိုင်း ဟိုတယ်နဲ့ကုန်တိုက်မှာ
ဖေဖေ ဦးစီးလုပ်ကိုင်မှာပေါ့ .. လောလောဆယ်တော့ .. ဖေဖေ အနားယူ
မယ် .. သက်သောင့်သက်သာနဲ့ ဆေးဝါးမှီဝဲကုသရင်း ကျန်းမာရေး
ပြန်ထူမတ်လာအောင် လုပ်ရဦးမယ် သမီး .."

ဟုပြောကာ မေနဒီ ကို တစ်ချက်ကြည့်သည်။ ခုတင်ပေါ်မှာ
ပြောင်းထိုင်ဖို့ လက်ရိပ်ပြသည်မို့ မေနဒီ ဖေဖေ့ခြေရင်းဘက်မှာ ပြောင်း
၍ ထိုင်လိုက်ကာ ဖေဖေ့ခြေထောက်တွေကို နှိပ်ပေးနေမိရပါ၏။
တကယ်လည်း ဟိုတယ်နှင့်ကုန်တိုက်အလုပ်တွေကို ဖေဖေ မပါဘဲ
လုပ်ကိုင်နေရသည်ကိုက အလုပ်တွေ အရမ်းပိနေတာ အမှန်။ မောင်က
လည်း သူ့မိုင်းတွင်းအလုပ်ကိုပဲ စိတ်ဝင်စားသည်။ မိုင်းလှိုင်ရှိ ရဲတိုက်
ဆန်ဆန် ကြီးမားစွာ ဆောက်ထားသော အိမ်ကြီးမှာ နေဖို့ပဲ စိတ်ပါ
လက်ပါ ရှိနေသည်။ ရန်ကုန်မှာ အလုပ်တွေပိနေသည့် နဒီ ကို ကူညီပေး
ဖို့ စိတ်ကူးပင် မရှိ။ နဒီ ကလည်း မိုင်းလှိုင်သို့ သွားကိုမသွားချင် ..

ဘာကြောင့်ဆို .. မောင်နှင့် လက်ထပ်ပြီးစ ပျားရည်ဆမ်းခရီး





တာကို တခြားနေရာ မရွေးဘဲ မောင့်နေထိုင်ရာ မိုင်းလှိုင်သို့ပင် သွားဖို့
င် ရွေးချယ်ခဲ့စဉ်က မေနဒီ ရောက်ဖူးခဲ့သည်လေ ..။

ထိုစဉ်တုန်းကတော့ နဒီ မရောက်ဖူးသည့် ဒေသတစ်ခုပေမို့ ထိုသို့
ည်ဆမ်းခရီးထွက်ရတာကို သိပ်ပြီး ခက်ခက်ခဲခဲ မရှိလှ။ စိတ်ပါ
ပါလည်း ရှိခဲ့သည်။ ဒါပေမယ့် မောင့်အိမ်ကြီးမှာ မောင်နှင့်အတူ
လးနှင့်တွဲရိုက်ထားသည့် မိသားစုဓာတ်ပုံကြီးတစ်ခုကို ပုံကြီးချဲ့၍
ဘောင်ကွပ်ထားလျက် နံရံမှာ ချိတ်ထားတာကို ကိုယ်တွေ့မျက်
ရင်ဆိုင်တိုးခဲ့ရစဉ်ကတည်းက ..။ ထိုအိမ်ကြီးကို ဘယ်တော့မှ
တစ်ခါ မရောက်စေရဟု ကျိတ်၍ နာကြည်းစွာ ဆုံးဖြတ်ခဲ့သည်
ပါလား ..။

မောင့်ဇနီးသည်.. ကွယ်လွန်သူတစ်ယောက်၏ တစ်ယောက်ချင်း
တလည်း ဧည့်ခန်းမှာ နေရာယူထားတာ မနည်းမနော ..။

ထိုမျှအထိ သေခဲ့ပြီဖြစ်သည့် မိန်းမတစ်ယောက်ကို ချစ်နေပါ
ကယ်နှင့် နဒီ ကို ဘာကြောင့် လက်ထပ်ရပါသလဲဟု အော်ဟစ်
ခဲ့ချင်ပေမယ့် မထူးတော့ပြီမို့ ရင်ထဲမှာ အစိုင်စိုင်ပြိုလဲနေသည့်
သားကို အနိုင်နိုင် ထိန်း၍ မျိုသိပ်ခဲ့ရသည့်ဝေဒနာသည် အဘယ်မျှ
ငြင်းထန်နာကျင်စေသည်ဆိုတာ နဒီ ပဲ သိရပါသည့်အဖြစ် ..။

"သမီးကလည်း အလုပ်တစ်ဖက်နဲ့မို့ .. ဖေဖေ့ဘေးမှာ မြေးရှိသင့်
ဆုံးဖြတ်တာပါ သမီးရယ် .. နှစ်တွေလည်း ကြာခဲ့ပါပြီ .. မြေးကို
ဟိုမှာ သွားသွားတွေ့ရတာလည်း သမီး အသိပါ .. အခုတော့
ကြီးရွယ်အိုဖြစ်လာတဲ့ ဖေဖေ .. ကျန်းမာရေးချုချာစ ပြုလာပြီဖြစ်
သေဖေဟာ .. မြေးကို တွေ့ချင်တဲ့စိတ်နဲ့ ဒီကိုခေါ်ရတယ်ဆိုတာ
ဘက်က နားလည်ပေးပါကွယ် .. ကလေးမှာ ဘာအပြစ်ရှိလို့လဲ
ယ် .. သူဟာ သမီးရဲ့တူမပါ .. သမီးဘက်က .. တစ်ခါဖူးလေး
င်မှ မြင်ဖို့ မကြိုးစားခဲ့ဖူးပေမယ့် .. သွန်းလေပြေမွေး ဟာ သမီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



တူမလေးပါကွယ် .. အလွန်လည်း ချစ်စရာကောင်းတဲ့ ကလေးပါ ..
ပြည့်စုံဦးသာ ကိုတောင်မှ.. သမီး ချစ်နိုင်သေးတာပဲ .. သွန်းလေပြေ
ကို .. တူမတစ်ယောက်အဖြစ် ဘာလို့ မချစ်နိုင်ရမှာလဲ သမီးရယ် ..

ဖေဖေ နားချသလိုပြောလာတော့ နဒီ ရုတ်ခနဲ ထရပ်သည်။
မျက်ဝန်းတွေက ဖိတ်လဲ့လဲ့ တောက်ပလွန်းနေကြချေသမျှကလည်း
အေးချမ်းသော တောက်ပခြင်း မဟုတ်။ နာကြည်းမာကျောသောအ
တွေ ထူးကဲ တိုးဝင်နေသည့် တောက်ပမှု ..။

"ဘာလို့မချစ်နိုင်ရမှာလဲ .. ဟုတ်လား ဖေဖေ .. ရှင်းနေတာ
ဖေဖေရယ် .. အဲဒီ သွန်းလေပြေမွေး ဟာ .. ကိုခွန်နောင် နဲ့ မေသ
တို့ရဲ့သမီး ဖြစ်နေလို့ပေါ့ .. အနာဟောင်းကို ပြန်မဆွပါရစေနဲ့ ဖေ
ကိုခွန်နောင် လက်မထပ်ဖြစ်ရတဲ့အချိန်တုန်းက .. သမီး ရင်ဆိုင်ခဲ့ရ
တွေက သေးသေးမွှားမွှား မဟုတ်ပါဘူး ဖေဖေ .. တစ်ဖက်က ကိုယ့်
သတို့သမီးအဖြစ် ခေါင်းခါငြင်းပယ်တဲ့ဒဏ်ကို နဒီ ခံခဲ့ရသလို ..
ဖက်ကလည်း ပွဲပျက်သွားရတဲ့ သတို့သမီးအဖြစ် သူငယ်ချင်းတွေ
ဟိုကသည်ကမေးတာကို ဖြေနေရတဲ့ .. ရင်ဆိုင်နေရတဲ့ မေနဒီ ဖြစ်
တာပါ.. ဘယ်လောက် အရှက်တရားတွေ.. ခံပြင်းခြင်းတွေ ပိတ်ပိတ်
ရင်း အဲဒီအဖြစ်တွေကို ရင်ဆိုင်ခဲ့ရတယ် .. ရင်ထဲ ကျေမွနေရင်း
ခက်ခဲခဲ နာနာကျင်ကျင် ဖြတ်သန်းခဲ့ရတယ်ဆိုတာ .. နဒီ အသိဆုံး
ဖေဖေလည်း မြင်ခဲ့ရတာပါပဲ .. အခုထိ .. နဒီ ရင်ထဲမှာ အဲဒီခံစား
တွေဟာ လတ်လတ်ဆတ်ဆတ်ကြီး ရှိနေသေးတယ် ဖေဖေ .."

ဟု ဆက်တိုက်ကြီး ဖြေမိပြီးမှ ဖျတ်ခနဲ နောင်တဖြစ်ရပြန်သည်
ဖေဖေ နေမကောင်းဖြစ်နေချိန်ကြီးမှာ ရုတ်ခနဲ ဖြေမိသွားရပြန်ပြီ
ဟု ရင်ထဲမှ မသက်မသာ ဖြစ်ရသည်။

"နဒီ .. နဒီ .. အလုပ်ကို သွားလိုက်တော့မယ် ဖေဖေ .."

ဟု ဖေဖေ့ကိုပြောကာ ဖေဖေ့နဖူးကို နဒီ နမ်းသည်။





ဖေဖေ မျက်နှာ မလန်းရှာ ..။ တစ်ခုခုကို စောင့်ဆိုင်းနေသည့်နှယ်
ရှိ၏။

ထို စောင့်ဆိုင်းမှုဆိုတာက သွန်းလေပြေမွေး နှင့်ပတ်သက်နေ
ဆိုတာကိုလည်း နဒီ သိနေသည်။

"ဖေဖေ.. ကိုအိမ်စိုး ကို ဖုန်းဆက်ပြောပြီးခဲ့ပြီ သမီး .. ဒီကို
လေး လာဖို့ကိစ္စကို ဆိုပါတော့ .. ပြည့်စုံလေး နဲ့ အကြိုလွှတ်မယ်
ည်း ပြောခဲ့မိတယ် .. အိမ်က အပုလေး လည်း အဖော်ပါသွားလိမ့်
.. ကိုအိမ်စိုး အိမ်ကတော့ သူ့မြေးကို လာပို့ပေးချင်ပေမယ့် သမီး
သူ့ကိုမြင်ရင် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ မလိုက်လာရဲရှာပါ
ယ် .. မြပုဝါက ဒရိုင်ဘာ မောင်သော် လည်း သူ့ရွာကိုပြန်ဖို့ကိစ္စ
တော့ .. မြေးကို .. ပြည့်စုံလေး နဲ့ လွှတ်ပြီး သွားကြိုဖို့ကိစ္စ
စိုး ကိုလည်း ပြောခဲ့သလို .. မောင်ကြည်မျိုးသာ ကိုလည်း ဖေဖေ
ဆက်ပြောခဲ့ပြီးသွားပြီ .. မောင်မျိုး က ပြည့်စုံလေး ကို လွှတ်လိုက်
လို့ ဖြေခဲ့တယ် .. ဒီနေ့ည ပြည့်စုံလေး ရောက်လာလိမ့်မယ် ..
ပြန် .. မြပုဝါကို သွားလိမ့်မယ် သမီး .."

ဟု ပြောလာသည်။

သဘောက အစစစီစဉ်ပြီးကုန်ပြီမို့ နောက်ဆုတ်၍ မရနိုင်တော့ပြီ
ဘာကို အသိပေးရာဆန်သည်။ ကြေကွဲပြုံးကို ပြုံးလျက် မေနဒီ
ကို ကြည့်သည်။ ရင်ထဲမှာ တဆစ်ဆစ် ကြွေနေသည့် ခံစားချက်
မပြောချင်တော့ ..။

"အဲဒီကိစ္စကို နဒီ ဘာမှမပြောချင်တော့ပါဘူး ဖေဖေ .. စော
.. တားတားဆီးဆီးဆန်တဲ့စကားတချို့ ပြောမိခဲ့တဲ့အတွက်
.. နဒီ .. ဖေဖေ့ကို အားနာပါတယ် ဖေဖေ .. ဒါ .. ဖေဖေ့အိမ်
.. မကျန်းမမာဖြစ်နေတဲ့ ဖေဖေ့ကိုလည်း စိတ်မချမ်းမသာ နဒီ
မဖြစ်စေချင်ပါဘူး .. ဖေဖေ ခေါ်ချင်တဲ့သူကို ခေါ်ပါလို့လည်း



www.burmeseclassic.com

www.burmeseclassic.com



မတိုက်တွန်းသလို .. မခေါ်ပါနဲ့လို့လည်း မတားမြစ်ချင်တော့ပါ[illegible] ဖေဖေ .."

အတတ်နိုင်ဆုံး အသံကိုထိန်း၍ မေနဒီ ပြောသည်။ မျက်ရည်[illegible] ချင်နေတာကိုလည်း ထိန်းသည်။

"အဖေတစ်ယောက်ဟာ သမီးတစ်ယောက်ကို ချစ်သလို .. အ[illegible] တစ်ယောက်ဟာ မြေးတစ်ယောက်ကိုလည်း ချစ်တယ်ဆိုတာ သ[illegible] နားလည်ပေးပါကွယ် .. ကဲ .. ကဲ .. သမီး ရေမိုးချိုးချေတော့ .. အ[illegible] သွားရဦးမှာ .."

ဟု ဖေဖေ ပြောလာတော့ မေနဒီ အနိုင်နိုင်ပြုံး၍ အခန်းထဲ[illegible] ထွက်လာမိရပါ၏။

ရင်ထဲပါလာသည့်စကား ..၊ ဘာတဲ့ .. အဖေတစ်ယောက်[illegible] သမီးတစ်ယောက်ကို ချစ်သည့်နယ် ..၊ အဘိုးတစ်ယောက်သည်လ[illegible] မြေးတစ်ယောက်ကို ချစ်သည်တဲ့လား ..။

ထိုမြေးအပေါ်မှာ ချစ်သည့် အဘိုးတစ်ယောက်၏ အချစ်သည်[illegible] သမီးတစ်ယောက်၏ နှလုံးအိမ်ကို ချေမွကြေမွနေစေသည်ဆို[illegible] အဖေတစ်ယောက်အနေဖြင့် ဖေဖေ .. ဘာကြောင့် မတွေးပေးနိုင်[illegible] သတဲ့လဲ ..။

ထိုမေးခွန်းကို ငိုယိုအော်ဟစ်၍ ဖေဖေ့ကို မေးကြည့်ချင်သ[illegible] ဒါပေမယ့် .. မမေးရက်ခဲ့ပါ ..။

အံခဲ၍ ခြေလှမ်းမြန်မြန်လျှောက်သည်မှ ခပ်ကြဲကြဲလှမ်းနေ[illegible] ဖြင့်ပါ။ စိတ်လိုက်မာန်ပါနိုင်နေသော ခြေလှမ်းများ ..၊

သွန်းလေပြေမွှေး ..၊ ဤကလေး၏ ငယ်ဘဝမှသည် .. ခုထ[illegible] ဓာတ်ပုံလေးသော်မျှ ဖေဖေ့ထံမှ တောင်းကြည့်ဖူးဖို့ စိတ်ကူးပင်[illegible] မှာ မရှိခဲ့ပါသည့် ကောင်မလေး ..၊ မကြာမတင်မှာပင် ရွှေရိပ်ငြိ[illegible] ရောက်လာချေဦးတော့မည်။





မျက်နှာချင်းဆိုင် လူချင်းတွေ့ချိန်မှာ ခါးသီးသော အမုန်းသည် [illegible]ကောင်မလေးအပေါ်မှာ ပို၍ မာကျောခိုင်တည်နေဦးမည်ဆိုတာ ခု[illegible]ည်းက ကြိုတင်သိထားနှင့် ပြီးနေပြီ ..။ မုန်းပြီဆိုလျှင် အသေမုန်း[illegible]ပါသည့် ကိုယ့်ခေါင်းမာမှုကို နဒီ မသိဆုံး ..။

ရှင်သန်ဖြစ်ထွန်းနေမည့်အမုန်းသည် .. ဘယ်သောအခါတွင်မှ ..[illegible]လေပြေမွှေး အပေါ်မှာ ပြောင်းလဲနိုင်မှာလည်း မဟုတ် ..။

ဘာကြောင့်ဆို .. ထိုကောင်မလေးသည် .. နဒီ အမုန်းဆုံးသောသူ[illegible]ယောက်မှ မွေးဖွားလာသောကြောင့် ဖြစ်ပါ၏ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ဝေးဝေးပျပျဆီမှ တောင်တန်းများကို ပြာမှိုင်းမှိုင်း မြင်ရသည် နီးသော တောင်တန်းတို့ကျတော့ စိမ်းမြမြနိုင်၏။ စိမ်းမြလွန်းသေ တောတောင် သစ်ပင်တို့သည် အဝေးသို့တိုင်လျှင် ပြာရိပ်သမ်း၏ အ ဆိုလျှင် စိမ်းမြမြ ဆင်၏။ ဤသည်ကိုက .. တောတောင်တို့၏ လ သော မျှော်အတတ်ဆန်သည့် ညှို့ငင်ဖမ်းစားနိုင်မှုပဲ ဖြစ်ချေသည်။

"ကိုကြီး .."

ကားနောက်ခန်းမှာ သကြားလုံး စားလိုက် ..၊ ရေသောက်လိုက် တစ်ရေးအိပ်လိုက် ..။ နိုးလာလျှင် အိပ်ချင်မူးတူးပြေအောင် ဓာတ် ထဲမှ ကော်ဖီကိုငှဲ့၍ ခွက်ထဲထည့် ..။ သူ့ကို တရိုတသေ အရင်ထ ပေး ..၊ ပြီးလျှင် ကိုယ်တိုင်လည်း သောက်လိုက်ဖြင့် ခရီးသွားအရှိ နှင့်နေသည့် အပုလေး ထံမှ စကားသံ ပွင့်ကျလာပြန်ပြီ ..။

"နိုးပြီလား .. ညည်း တော်တော်ပင်ပန်းတယ် အပုလေး .. တောင်ကျပါရဲ့ .. အိပ်လိုက် .. နိုးရင် စားလိုက် .. လေပေါလိုက် ဟိုင်းေသည်ေး လုပ်လိုက် .. မျက်တောင်စင်းပြီး ပြန်အိပ်လိုက် ဟန်ကိုကျလို့ .."





ရွှေရိပ်ဦးမှ လေးလေးစံ ၏ တူမလေးလည်းဖြစ် ..။ မိဘမဲ့လေး ည်း ဖြစ်ပါသည့် အပုလေး ကို သူ သနားချစ်ဖြင့်လည်း ချစ်မိရသည် ပဲ။ အသက် ဆယ့်သုံးနှစ်အရွယ် ပိန်ညိုညိုလေးဖြင့် ဆံပင်လေး န်ဆံတောက် ညှပ်ထားပါသည့် အပုလေး သည် ကလေးရုပ်လေးဖြင့် ချစ်ရာလည်း ကောင်းသည်။ ကလေးတစ်ယောက်နှယ်လည်း အပူ င် မရှိနေတတ်သည့်ကလေးပါ။ အဝတ်အစားလည်း မပူရ။ မုန့်ဖိုး ည်း မပူရ။ ဘိုးဘိုး ၏ ကရုဏာအောက်မှာ ကောင်းကောင်းမွန်မွန် ရပါသည့် ကလေး ..။

"ရွှေရိပ်ဦးမှာက .. အခုသွားခေါ်မယ့် မမလေးရဲ့ဓာတ်ပုံများ တစ်ပုံ င်ချိတ်မထားတာ ဆိုးတယ် ကိုကြီးရ .. အိမ်မှာက ဘိုးဘိုးရဲ့ပုံ .. တီလေးရဲ့ပုံ .. ဘဘမျိုး နဲ့ အန်တီလေးတို့ လက်ထပ်ထားတဲ့ပုံ.. – ကိုကြီးရဲ့ပုံ .. အားလုံးရှိပါရဲ့ .. ဒါပေမယ့် အခု မမလေးရဲ့ပုံကျ ့ တစ်ပုံလေးမှကို မရှိတာ အံ့ပါရဲ့ ကိုကြီးရာ .. ဘိုးဘိုးက နွေတိုင်း သွားလည်တဲ့ ဥစ္စာ .. ဓာတ်ပုံလေးလောက်တော့ အိမ်မှာ ချိတ်ထားဖို့ င်းတာ ပေါ့ .. အဲဒါ .. ဘိုးဘိုးကိုနှိပ်ပေးရင်း တစ်ခါမေးဖူးတယ်.. းက ပြောတယ် သိလား .. အဲဒီမေးခွန်းမျိုး .. အန်တီလေးရှေ့မှာ တော့မှ မမေးနဲ့တဲ့ .. ကြပ်ကြပ် မှတ်ထားတဲ့ .."

ချေဒီယိုဖွင့်ဖို့ မလို။ ကက်ဆက်ဖွင့်ဖို့ မလို။ အပုလေး တစ်ယောက် င် နားအပျင်းပြေသည်။ ဒါပေမယ့် .. အခုမေးလာသည့်မေးခွန်းကို တော့ ရင်ထဲမကောင်း ..။ အပုလေးကို သူ မဖြေနိုင် ..။ သွန်း ဝါမွေး ဆိုသည့် ကောင်မလေးကို သွားခေါ်ရမည်ဆိုတော့မှ င်းကျကျစကားတွေကို မိုင်းလှိုင်ရှိ တိမ်ဦးယံအိမ်ကြီးမှာ ဖေဖေ ငှ ပြောပြတော့မှ သူ သိရခြင်းပါ။ အရင်တုန်းကတော့ မြပုဝါမှာ မြေးတစ်ယောက်ရှိသည် ဆိုတာလောက် ..။ ထိုမြေးထံသို့ နွေ ိုင်း အလည်သွားသည်ဆိုတာလောက် ..။ ထိုမြေးထံသို့ ဘိုး



www.burmeseclassic.com

www.burmeseclassic.com



နွေရာသီတိုင်း အလည်သွားသည် ဆိုတာလောက် ..၊ ထိုကောင်မလေး ၏ အမေဖြစ်သူနှင့်မာမီ မေနဒီ တို့ ညီအစ်မဖြစ်ကြကာ ..။ ညီအစ်မချင်း မတည့်ကြသည့်အဖြစ်တွေလောက်ပဲ အကြမ်းဖျင်း သိထားခဲ့ရတာ ရှိခဲ့ သည်။ ဘာကြောင့် ညီအစ်မချင်း မတည့်ကြသည့်ဆိုတာကျတော့လည်း သူ့ငယ်ကျင့်ဖြစ်သော မစပ်စုတတ်သည့်အကျင့်ကြောင့်ပင်လျှင် အတွင်း ကျကျ မသိနိုင်ခဲ့ ..။ ခုလိုကောင်မလေးကို သူ သွားခေါ်ရမည်ဆိုတော့ မှ .. မိုင်းလှိုင်ရှိ တိမ်ဦးယံအိမ်ကြီးမှာ ဖေဖေ သူ့ကို ပြောပြခဲ့ပါ၏ ကိုခွန်နောင် နှင့် မေနဒီ တို့၏ အတိတ်ဆီမှ အဖြစ်အပျက်များ .. မေသရဖီ နှင့် ကိုခွန်နောင် တို့၏ ချစ်ခြင်းနှင့် လက်ထပ်ခဲ့သည့်အဖြစ် များ ..။ အားလုံးကို သူ သိခဲ့ရလျက် ..။ ဘာကြောင့် မာမီ မေနဒီ ၏ အမုန်းတွေ ဤမျှရှည်ကြာ တည်မြဲနေရသည်ဆိုတာတွေကို သူ သိခဲ့ ခြင်းပါ။ ဘာမျှမကြာသေး..။

"မေနဒီ နဲ့ ဖေဖေ လက်ထပ်ဖြစ်ခဲ့ပြီမို့ .. သားဟာ ရွှေရိပ်ဦး ပတ်သက်တဲ့သူတစ်ယောက် ဖြစ်ခဲ့ရပြီ .. သားရဲ့ ဘိုးဘိုးသီ စိတ်ချမ်း သာအောင် သား လုပ်ပေးရမှာပါပဲ .. အဲဒီ သွန်းလေပြေမွှေး ကို သား သွားခေါ်ပေးရလိမ့်မယ် သား .. အပုလေး လည်း အဖော်ပါလိမ့်မယ်"

မြပုဝါနှင့် ရွှေရိပ်ဦးတို့၏ အတိတ်ဆီမှ မေသရဖီ နှင့် ခေ တို့၏အဖြစ်များကို ပြောပြပြီး ဖေဖေသည် သူ့ကို မြပုဝါသို့ သွားရန် ခရီးအတွက် တိုက်တွန်းခဲ့ပါ၏။

ဒါပေမယ့် ထူးခြားသည်က .. မနေ့ညက မိုင်းလှိုင်မှ ရွှေရိပ်ဦး သူ ရောက်ချိန်မှာ မာမီသည် သူ့ကို ဘာမှမပြောခဲ့။ မြပုဝါသို့ မသွား ဟုလည်း မတားခဲ့ ..။

"လမ်းမှာ နေမကောင်းထိုင်မကောင်းဖြစ်ရင် လိုအပ်မယ့်ထင် ဆေးဝါးတွေ သားအတွက် မာမီ စားပွဲပေါ် တင်ထားတယ် .."

ဟု ပြောခဲ့တာပဲ ရှိသည်။





ပြီးတော့ ဟိုတယ်သို့ မာမီ ထွက်သွားပါ၏။ ရွှေရိပ်ဦးမှာပင် မာမီ ညက မအိပ်ခဲ့။ မနက်ရောက်တော့လည်း မာမီ ဟိုတယ်မှ ပြန်မလာ သေး။ နေမကောင်းဖြစ်နေပါသည့် ဘိုးကို သူ ကန်တော့စဉ်မှာ ဘိုးသီ ကတော့ မြေးကို သွားခေါ်လာပေးမည်ဆိုကတည်းက မျက်နှာ လန်းနေ သည်ပါပဲ ..။ ကားနားအထိ ဘိုး လိုက်မပို့ပါနှင့်ဟု သူ တားထား သည်။

ခရီးထွက်ဖို့ ကားကို သူ စစ်ဆေးပြင်ဆင်နှင့် အလုပ်များနေချိန်မှာ ဘယ်က်မသိ အပုလေး ကတော့ ခရီးထွက်ရမှာမို့ အတက်ကြွဆုံး ဖြစ်နေ သည်။ သနပ်ခါးလေး မှုန်အောင်လူးထားကာ ပန်းတွေဘာတွေ ပန်ထား ပြီး အဝတ်သစ်တွေဖြင့် စတိုင်တဖြိုးဖြိုးရှိခဲ့သည်ပါပဲ။ ခရီးတစ် လျှောက်လုံးမှာလည်း ဖိမ်နှပ်၍ ပါလာပါသည့်အဖြစ် ..။

"ကားက .. လေအေးစက်တွေ ဘာတွေနဲ့ဆိုတော့ .. သနပ်ခါးကို လူးတာပဲ .. ချွေးမကွက်ဘူးလေ .. အပုလေး တို့ ရွာက ဈေးကားဆို ကြတော့ .. ကြက်ခြင်းတွေလည်း ပါ .. အသီးအနှံခြင်းတွေ .. ဆီပုံးတွေ .. ဆန်အိတ်တွေ .. အို .. ကျပ်သိပ်လို့ .. သနပ်ခါးလူးသွားတာများ.. ချွေးနဲ့ကိုယ် .. မျက်နှာသစ်ထားသလား အောက်မေ့ရတယ် .. ကိုကြီးရေ .."

ခုထိ ခေါင်းမှာ လန်းနေဆဲ နှင်းဆီပန်းကို ကလစ်လေးဖြင့် ပြင်၍ ပြင်း အပုလေး ဘဝင်မြင့်သံဖြင့် ပြောနေ၏။

"ကိုကြီး .. အဲဒီမမလေးကို မြင်ဖူးလား ဟင် .."

"မမြင်ဖူးပါဘူးဟာ .."

"ချောမယ်ထင်တယ် ကိုကြီးရ .. နာမည်ကိုက သွန်းလေပြေမွှေး ဆိုတော့ .. ဒီလောက်လှတဲ့နာမည်ကို မချောရင် ဘယ်သူပေးရဲမှာလဲ.. ကိုကြီးဆိုရင် .. နာမည်က သိပ်လှနေရင် လူရယ်မှာပေါ့ .. အပုလေး ကြည့်ပါလား .. ငယ်တုန်းက ပုတုတုလေးမို့ နာမည်မှည့်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာ .. ခုကျတော့ လူက အရပ်ရှည်လာနေတော့ .. ဟယ့် .. အပုလေး ဆိုပြီး အရပ်ကမြင့်နေတယ်ဆိုပြီး အပုလေးသူငယ်ချင်းတွေက ရယ်ကြ တယ် သိလား .. ပြေးမလွတ်ပဲ .. ဟက် .. ဟက် ..”

ဤ ရှုးတူးပေါ်တောလေးဖြင့် ခရီးရှည်သွားတာကလည်း ခု ပထမဆုံးအကြိမ် ဖြစ်ပါ၏။ အဖော်လေးတော့ ရသားဟု သူ တွေး သည်။ စိတ်ထဲ တစ်ချက်လှုပ်ရှားပြန်၏။ ဘာတဲ့ ..၊ စောစော အပုလေး ပြောသည့်စကား ..၊ သွန်းလေပြေမွှေး ဆိုတာ ချောမည်တဲ့ တကယ်ပဲ သူသည် အလွန်လှပသော ချောမွေ့မွေ့ ကောင်မလေးတ ယောက်ကို တွေ့ရတော့မည်တဲ့လား ..။

ကားကတော့ မြို့ထဲဝင်လာပြီ ..။ လေကြောရှည် အပုလေး သည် လည်း မိုင်းခမ်းလုံမြို့ကို ခုမှ ရောက်ဖူးတာမို့ မြို့ထဲကို ဟိုငေးသည် လုပ်ရင်း ပါးစပ်ငြိမ်နေ၏။

မြပုဝါအိမ်ကြီး၏ သံပန်းခက် ခြံဝင်းတံခါးကြီးရှေ့မှာ ကား ကာ သူ ဆင်းသည်။ ဟိုဟိုသည်သည် ကြည့်သည်။ ခြံတံခါးအုတ်တို မှာ လူခေါ်ဘဲလ်ခလုတ်လေး တွေ့တာမို့ နှိပ်လိုက်တော့ ကြည် သည်နှင့်အမျှ ကျယ်လည်းကျယ်သည့် ခေါင်းလောင်းသံမျိုး ထွက် လာပါ၏။

မကြာလိုက် ..၊ အသားညိုညို၊ အရပ်မြင့်မြင့်၊ ဆေးတံကြီးခဲလျ လူတစ်ယောက် ခပ်သုတ်သုတ် လျှောက်လာသည်။

“ကျွန်တော် ပြည့်စုံဦးသာ ပါ .. ဘိုးသို့ လွှတ်လိုက်တာပါခင်ဗျ”

“မျှော်နေတာ လူလေး .. အစ်ကိုကြီး ခြံဝ ထွက်မျှော်နေ တာ .. ဘာဘာလည်း ဥယျာဉ်ထဲမှာ ပန်းလေးတွေ မြေတောင်မြှောက် ရင်း ခြံဝကိုပဲ ကြည့်နေမိတာပါ .. ကားရပ်တာကို လှမ်းမြင်တာ ထရပ်လိုက်မိပြီးနေပါပြီ .. ခေါင်းလောင်းသံကလည်း ပေါ်လာတာ ပဲ ..”





ဟုပြောကာ ခြံတံခါးမကြီးကို ခပ်မြန်မြန် ဖွင့်ပေးလာသည်။ ခြံထဲ ကားမောင်းဝင်လာတော့ ပန်းမျိုးစုံတို့ပွင့်ဝေရာ ဥယျာဉ်ကျယ်ကြီး၏ အလှ ..။ အုတ်ဘောင်ခတ် ကြာကန်ကြီး၏ အလယ်ဆီမှ လှပသော အဖြူရောင်နဂါးတစ်ကောင် မော့တက်နေသည့်နှယ်ရှိရင်း..။ ပုလဲလုံး ကို ငုံထားသော နှုတ်ဖျားဆီမှ ရေပန်းတို့ မော့တက်ဖြာကျနေရာ အပွင့် ရောင်စုံ ယှက်ဝေရာ ကြာကန်ကြီး၏အလှ ..။ စံကားဖြူနှီပင်တန်းတို့ သလည်း အပွင့်မြိုင်လျက် ရှိကာ ..။ ရောင်စုံစက္ကူပန်းတို့ကလည်း နှ၏အလှကို ပန်းတို့ဖြင့် ဖြည့်ဆည်းနေသည့်နှယ် ရှိချေ၏။ ကားသည် န်းတောကြီးတစ်ခုထဲ တိုးဝင်လာရသည့်နှယ်ပါတကား ..။

ပေါ်တီကိုကြီးအောက်မှာ ကားရပ်စဉ် အဝင်တံခါးမကြီးဆီမှ ခြေ ာမ်းသွက်သွက်ဖြင့် ထွက်လာပါသည့် ဘိုးဘိုး ..။

“လာ .. လာ .. ခရီးလည်း ပန်းရော့မယ် .. ဘိုးဘိုး စောစောက ာက်မျှော်နေသေးသကွယ့် .. ကိုညို နဲ့ မယ်သင် .. ပစ္စည်းတွေချပါ ယ် .. ညှို့သည်အတွက် စီစဉ်ထားတဲ့အခန်းတွေမှာ နေရာတကျ ည်းတွေ သွားထားလိုက်ကြဦး .. လောလောဆယ် ကိုညို သယ်သွား.. ယ်သင် .. ညှို့သည်အတွက် နွားနို့ပူပူနှစ်ခွက်နဲ့ မုန့် ယူလာ ..”

ဟု ပြောတော့ အပုလေး မှ ...

“အပုလေး ပစ္စည်းတွေ သယ်ပါ့မယ် ဘိုးဘိုးရဲ့ ..”

ဟု ပြောကာ ကလေးပီပီ ခပ်သွက်သွက် ကားဆီသို့ပြေး၏။ ပြန် ာတော့ အထုပ်အဆွဲတွေ ပါလာသည်။

“ဒါက လက်ဆောင်ခြင်းတွေ .. ဘိုးဘိုးက ဒေါ်ကြီးထား နဲ့ အပု း ကို ဝယ်ရမယ့်ပစ္စည်းစာရင်း ရေးပေးပြီး လေးလေးစံ နဲ့ ကား င်းပို့ခိုင်း .. ဝယ်ခိုင်းခဲ့တာပါ .. ဒါက မီးဖိုဆောင်သုံး လျှပ်စစ် ည်းတွေ .. ဟိုခြင်းထဲမှာက ပုစွန်ခြောက်တွေ ပါတယ် .. ဒီချိုင့်ထဲမှာ ပုစွန်တုပ်ကြီးတွေ ကဏန်းကြီးတွေ ဆီနဲ့လုံးထားတာ ပါတယ်..”



www.burmeseclassic.com

www.burmeseclassic.com



ခြင်းတွေချ ..၊ ချိုင့်တွေချဖြင့် အပုလေး အလုပ်များပြန်၏။ ခုလိုကျတော့လည်း အပုလေး ပါလာသည့်အတွက် သူ့မှာ မျက်နှာပန်း လှနေရပြန်သည်။ သူတစ်ယောက်တည်းသာဆိုလျှင် ခုလို ထောင့်စေ့အောင် ပစ္စည်းတွေဘာတွေ ဒိုးဒိုးဒေါက်ဒေါက် ပြောတတ်နေမှာ မဟုတ် ..။

"ဒါက ဘိုးဘိုးအတွက် .. မမလေးအတွက် လက်ဆောင်အဝတ်တွေပါတဲ့ လက်ဆွဲအိတ်တွေပါ .. နာမည်လေးတွေ မှတ်ထားတာပါ.. ဒေါ်ကြီးသင် နဲ့ ဘဘညို တို့ နာမည်တွေနဲ့ လက်ဆောင်အိတ်တွေလည်း ပါလာပါတယ်"

ဟု ပြောနေသမျှ သူလည်း ကားရှိရာသို့ သုတ်သုတ်သွားကာ ..။ ကားထဲ လက်ကျန်ရှိနေသ... လက်ဆွဲစက္ကူအိတ်ကြီးတွေကို သယ်လာရ..။ ဆိုဖာရှည်ကြီးထက်မှာ ဝ...င်ထ... ...နှင့်ရှိသွားရပါ၏။ အပုလေးကတော့ မီးဖိုဆောင်သုံးပစ္စည်းတွေကို သယ်သွားနေပြီ ..။ ဒေါ်ကြီးသင်ကလည်း အထုပ်တွေဆွဲ၍ မီးဖိုဆောင်ဘက်ကို ဦးဆောင်ခေါ်သွားသည်ပါပဲ။

"ဝယ်ခြမ်းပေးလိုက်တာတွေကလည်း များလှပေသကိုး .. အဲဒါပါပဲ လူလေးရယ် .. ကိုသီ နွေရာသီမှာ ရောက်လာတိုင်း ခုလိုပဲ လက်ဆောင်တွေ တစ်ပုံတစ်ပင်ပါလာတာချည်းပဲ .. ခုလည်း နေမကောင်းတဲ့ကြားထဲက ပေးဖြစ်အောင် ပေးလိုက်ပြန်ပါပြီ .."

ဟု ဘိုးဘိုး ပြောလာပါ၏။ အားနာရိပ်ကလည်း အထင်းသား..။ ညှော်ခန်းဆိုဖာမှာ သူ့ကို ထိုင်ခိုင်းကာ ဘိုးဘိုးလည်း ထိုင်သည်။ နွားနို့ပူပူတစ်ဖန်ခွက်၊ ပေါင်မုန့်ထောပတ်သုတ်ပန်းကန်လေးနှင့် ဒေါ်ကြီးသင်သူ့အတွက် ယူလာပေးပါ၏။

"အပုလေး က မီးဖိုဆောင်မှာပဲ နွားနို့သောက် ကျန်ခဲ့လေရဲ့ .."

ဟု ပြောကာ ပြုံး၍ မီးဖိုဆောင်ဘက် ပြန်ဝင်သွားပါ၏။





"စား လူလေး .. ဘိုးဘိုးကတော့ စောစောကပဲ စားထားတာမို့ ...ပြည့်နေသကွယ့် .."

ဟု ပြောကာ ပေါင်မုန့်ထောပတ်သုတ်ပန်းကန်ကို ရှေ့တိုးပေးတာ ...သူ တစ်ချပ်ယူစားရပါ၏။ နွားနို့ကလည်း ပျစ်ချစ်နှစ်နှစ် ရှိသည်။ ...နို့သောက်ရင်း သူ ဟိုဟိုသည်သည်ကြည့်မိသည်။ ခုထိ သွန်း...ပြေမွှေး ဆိုတာကို မမြင်ရ ..။ ကျန်ခဲ့မည့်သူတွေကိုပဲ မြင်နေရ...ည်။ မြပုဝါမှ ရွှေရိပ်ဦးသို့ခေါ်သွားရမည့် ကောင်မလေးကို မမြင်ရ...။ ခုလောလောဆယ် တွေ့ရသည့်လူတိုင်းကတော့ သဘောကောင်း...ချည်း ဖြစ်နေပါ၏။ ကောင်မလေးသည်ရော .. ဘယ့်နှယ်ရှိမည်...၊ စွာတာတာလေး ဖြစ်မည်လား ..၊ အေးအေးလေး ဖြစ်မည်လား ..။ ...ရသေး ..။

"မယ်သင် .. ငါ့မြေး မယ်သွန်း တစ်ယောက် .. အသံရောလူရော ...ကျက်နေပါလား .."

ဘိုးဘိုး၏ လှမ်းမေးသံ ..။ မီးဖိုဆောင်ဘက်ဆီမှ ပြန်ဖြေသံ ...လာသေး။ နည်းနည်းတော့ ဆန်းနေသည်။ ဘာတဲ့ ..၊ အသံရော ...ာ ပျောက်နေပါလားဆိုသည့် အမေး ..။ သဘောက လူပျောက်နေ...သော်မှ အသံတော့ ကြားနေရသည်ဆိုသည့်သဘော။ ခုကျတော့ ...ပျောက်နေ၍ ဘိုးအေလုပ်သူက မေးသည့်သဘောမျိုးဖြစ်နေသည်..။ ...ာင်မလေး တော်တော် အသံမြည်သည့်ကောင်မလေး ဖြစ်ရမည်။ ...ခရီးမှာ နား သက်သာမည် မဟုတ်ဟု သူ စတင်၍ တွေးဖြစ်သည်။

"ကျွန်တော် ခြံထဲ ခဏဆင်းချင်ပါတယ် ဘိုးဘိုး .."

အားမောင်းရတာလည်း ညောင်းနေတာမို့ ခြေခင်းလက်ခင်းဆန့်...သဘောဖြင့် တစ်ချက်လောက်တော့ ခြံထဲဆင်းလမ်းလျှောက်ချင်...။ ဘိုးဘိုးကို ခွင့်ပန်တော့ ဘိုး ခေါင်းညိတ်ကာ ခြံထဲ လိုက်...လာသည်ပါပဲ..။ ရောက်ခါစညှော်သည်ကို တစ်ယောက်တည်း ခြံထဲ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လိုက်ရမှာကို ဝတ္ထုရားမကျေရာရောက်မည်ဟု ဘိုးဘက်က စိုးရိမ် ပုံ ရသည်။ သူကလည်း သက်ကြီးရွယ်အို ဘိုးဘိုးက သူ့ကို လိုက်ပို့ပေး သည်ဆိုတော့ အားနာရပြန်ပါ၏။

"ကိုသီ အတော်နေဆိုးနေလား လူလေး .. ဖုန်းနဲ့ပဲ သတင်းကြားရ သလိုကြီး ဖြစ်နေသကွယ် .. စိတ်ပူမှာစိုးလို့ ထင်ပါရဲ့ .. ကိုသီ ကဖြင့် အားနည်းတာလောက်ပါပဲလို့ ပြောရှာတယ် .. ဘိုးကိုယ်တိုင်လည်း ဟိုကို လိုက်သွားချင်တာပါပဲ .. အေးလေ .. အခက်အခဲဆိုတာ ရှိနေ တော့လည်း လိုက်မဖြစ်လို့ ကျန်ခဲ့ရပေသပေါ့လေ .."

ဘိုး ခပ်ညည်းညည်း ပြောရှာပါ၏။ ထိုစဉ်ခိုက် သူ ကြားလိုက်ရ သည်က သီချင်းသံ ..။

"သေနိုင်ပါရိုးလား လေဘာတီရယ် .. ပေတရာဆီလျှောက်ပါလို့ မြင်သလောက် ပြလိုက်ချင်ပါသည် .."

မေမေ ဆိုခဲ့ဖူးသောသီချင်း ..၊ အကြိမ်များစွာ သူ့ကို ဆိုပြခဲ့ဖူးသော သီချင်း ..။ သီချင်းနှင့်အတူ လှလှပပ အချိုးတကျဖြင့် ယဉ်မင်းရုပ်လေး လို ကပြခဲ့ဖူးပါလေသော မေမေ ..။ မေမေ့ရုပ်သွင်သည်လည်း အာရုံမှာ ထင်ပြီ။ မေမေ့သီချင်းသံသည်လည်း အာရုံမှာ လွှမ်းပြီ။ သူ့တစ်ကိုယ်လုံး သွေးဆိုင်းသည်သို့ ရှိ၏။ စိတ်လှုပ်ရှားစွာဖြင့် အသံလာရာဘက်ကို ရ ကြည့်မိရပါပြီ ..။ တွေ့ရချေပြီကောလေ ..။

ကြက်တူရွေးဆန်ကာအိမ်ခြင်းလှလှလေးကို အတန်မျှ တုတ်ခဲ ပြီဖြစ်သည့် ရွက်လှပင်မြင့်မြင့်ကြီး၏ ပင်စည်မှာ ရိုက်ထားရာ သံငုတ် နေရာမှာချိတ်ထားပြီး ကြက်တူရွေးကို သီချင်းဆိုပြနေပါသည့် ကောင် လေးတစ်ယောက် ..၊ ဒူးဆစ်ဖုံးဘောင်းဘီအစိမ်းစင်းကို ဝတ်ထားသည် အနားတွန့်လေးတွေပါသော လက်ပြတ်အင်္ကျီ ချည်သားပွင့်ရိုက်လေး ဝတ်ထားသည်။ ဆံပင်က ဒူးဆစ်တိုင် ရှည်လျားတုတ်ခဲလျက် နှစ်ဖ ကျစ်ထားကာ ..။ ပါးမှာ ပါးကွက်ကျားလေးတင်ထားသော ကောင်





..။

"ဟဲ့ .. နင့်ကို ငှက်တောထဲ .. စာကလေးတောထဲ .. ကျေးငှက် ရကာ.. စံပျော်ရာဆိုပြီး ခံစားရအောင် တကန်တက လာပို့ထားတာ .. အရင်တုန်းက မာလကာကိုင်းမှာ ငှက်တွေ ပိုပေါတော့ နင် ရအောင် .. ငါ တက်တက်ချိတ်ပေးပေမယ့် .. ဘိုးက မာလကာပင် က ပြုတ်ကျမယ့် ငါ့နောင်ရေးကို ရင်လေးတယ်ဆိုပြီး အပင်ကြီး ခိမယ်တကဲကဲ ဖြစ်နေလို့ ဒီမှာ နင့်ကို ပြောင်းချိတ်ပေးရတာ.. တော့ နင့်ကို ငှက်တွေ ဘာတွေနဲ့ တူတူနေရတယ်လို့ ခံစားစေချင် လေ .. ဒီမှာလည်း သစ်ရွက်တွေကြားထဲ ရောက်နေတာပဲဥစ္စာ.. တောထဲရောက်တယ်လို့ သဘောပိုက် .. ဟုတ်ပလား ရွှေအိုးစည်.."

"ရွှေအိုးစည် .. ရွှေအိုးစည် .."

အံမယ် ..၊ ကြက်တူရွေးကလည်း မခေ ..။ ရွှေအိုးစည် ဆိုတာကို လိုက်အော်နေသေးသည်။ တစ်ခါမှမမြင်ဖူးသော မြင်ကွင်းကို သူ ဝင်စားလာသည်။

"ရော့ .. နင်ကြိုက်တဲ့ ငရုတ်ချိုပွ .. စား .."

ကျေးတော့လည်း ကြက်တူရွေးက နှုတ်သီးနှင့် လှမ်းယူသည်။ တော့ လှောင်အိမ်ထဲ ပစ်ချလိုက်သည်ပါပဲ။ ခပ်တည်တည်ဖြင့် သခင် ကြည့်နေသေးသည့်အဖြစ် ..။

"နင် ဘဝင်မမြင့်နဲ့နော် .. ကဲ .. ဆိုစမ်း .. သေနိုင်ပါရိုးလား ဘာတီရယ် .. ပေတရာဆီလျှောက်ပါလို့ မြင်သလောက် ပြလိုက် သည် .."

ဤတစ်ကြိမ်မှာတော့ ရွှေအိုးစည် တောင်ပံတစ်ချက်ဖြန့် ..။ နား နေရာလေးမှာ ဟိုဟိုသည်သည်ရွှေ၍ သခင်ကို ခေါင်းလေး ဟိုသည် ကြည့်ပြီး ...

"သေနိုင်ပါရိုးလား လေဘာတီရယ် .. ပေတရာဆီလျှောက်ပါလို့-



www.burmeseclassic.com

www.burmeseclassic.com



မြင်သလောက် ပြလိုက်ချင်ပါသည် .. သေနိုင်ပါရိုးလား လေဘာတိ
ရယ် ..''

ကြက်တူရွေးသံ ဖြစ်နေပေမယ့် စကားလုံးကွဲသည်။ သီချင်းသံ မှန်နေသည်တကား။ သူ အံ့သြလိုက်ပါသည့်အဖြစ်။ ကြက်တူရွေး လည်း အာဂကြက်တူရွေး ..။ သင်သည့်သီချင်းကို ဆိုနိုင်သည့် ကြက် တူရွေး ..။ ကောင်မလေးကလည်း အာဂကောင်မလေး။ ကြက်တူရွေး သီချင်းသင်နိုင်သည့် ကောင်မလေး ..။

"ဒီကလေးဟာလေ .."

ဘိုးဘိုး ညည်းသည်။ မြေးဖြစ်သူထံ သွားသည်။ သူသာ နေရာ မရွေ့ ရပ်ငေးကျန်ခဲ့ခြင်း။ အမေကိုလွမ်းသည့်ဝေဒနာ ..၊ မြင်ကွင်းဆန်း ကို ငေးသည့် ခံစားချက်တွေဖြင့် ရပ်နေသည့်သူ ဖြစ်နေရပါ၏။

"ဟဲ့ မြေး .. အိမ်မှာ ဧည့်သည်ရောက်နေပြီ .. ညည်းက ညည်း ရွှေအိုးစည်နဲ့ပဲ အလုပ်ရှုပ်နေ .. ကလေးကျနေတာပဲ .."

"ကလေးပဲဥစ္စာ .. ကလေးကျနေတာပဲပေါ့ ဘိုးဘိုးရ .. ဟက်- ဟက် .. ရွှေအိုးစည်ကို စာကလေးတွေ .. ဘွတ်ကလုံငှက်လေးတွေက- ဟယ်လို လို့ .. ကျီးကျိ .. ကျီးကျိ ဆိုပြီး လာနှုတ်ဆက်ကြမှာ သိလား- သြော် .. ဧည့်သည်အိမ်ထဲရောက်နေပြီလား .. ဒါဆို .. ဟော့ ရွှေအိုးစည်- ငှက်ကလေးတွေ ပျံတာ .. စကားပြောတာတွေနဲ့ နေခဲ့ .. ဟုတ်ပလား- ကဲ .. ဆိုစမ်း.. ရွှေအိုးစည် လို့ .. ရွှေအိုးစည် လို့ .."

"ရွှေအိုးစည် .. ရွှေအိုးစည် .. သေနိုင်ပါရိုးလား လေဘာတိရယ်-"

အံမယ် ..၊ အဆစ်အဖြစ် သီချင်းပါ ဟစ်လိုက်ပါသည့် ရွှေအိုးစည် ကြက်တူရွေး ..။

ကောင်မလေးကတော့ ခုထိ သူ့ကို မတွေ့သေး ..။ ရွှေအိုးစည်နှင့် အလွမ်းသင့်နေဆဲ ..။ သူ ဖျတ်ခနဲ သတိရလိုက်မိသည်က အပုလေး ၏ စကား ..။





သွန်းလေပြေမွှေး ဆိုသည့် အမည်လေးဖြင့် လိုက်ဖက်စွာ ချောမည် ပြောခဲ့သော စကား။ သူမြင်နေရသည့် ကောင်မလေးသည် တကယ့် ကြွရုပ်လေးနှယ် လှနေတာ အမှန်ပါတည့်။ သွန်းလေပြေမွှေး ဆို အမည်လေးနှင့် လိုက်ဖက်စွာ ချောချောမွေ့မွေ့ .. ဖွေးဖွေးဥဥ လှသည်ကောလေ ..။

ပြီးတော့ .. ကြက်တူရွေးကို သီချင်းဆိုနိုင်သော ကလေးမ ..၊ တစ်ယောက်တည်း ကြီးရသည့် ကောင်မလေးပေမို့ ..။ အဖော် .. ကြက်တူရွေးလေးနှင့် ပျော်နေခြင်းများပေလား ..။ စကားပြော ရှာခြင်းပေလားလေ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

သွန်း ပထမဆုံး သတိထားမိသည်က သွန်း ၏ လှုပ်ရှားမှုကို စိ
ဝင်စားစွာကြည့်နေသည့် မျက်ဝန်းများ ...၊ ဟုတ်သည် .. ရွှေအိုးစည်
သွန်း လေပေးလေယူတည့်နေကြတာကို ထိုသူ့အတွက်တော့ စိတ်
တစား ဖြစ်စရာအကောင်းဆုံးအဖြစ် လောလောဆယ်မှာ ရှိနေပုံရပါ

အရပ်မြင့်မြင့် ...၊ လှိုင်းရိပ်လေးတွေရှိသော ဆံပင်ထူထူနက်နက်
နောက်သို့လှန်၍ ဖြီးထားပုံကိုက လူကြီးစတိုင်တော့ နည်းနည်းဖမ်
သည့်အချိုး ...။ မျက်ခုံးကြီးက ခပ်ထူထူ ..။ မျက်လုံးတွေက နက်မှော
၏။ မေးရိုးပြန့်ပြန့်နှင့် ရိတ်သင်ထားပေမယ့် စိမ်းမြမြသမ်းသော
ပါးမြိုင်းမွေးရိပ်တို့က မေးရိုးနှင့် မေးနှစ်ခွနေရာမှာ ပျပျဖျဖျ ထင်
အညိုနုရောင် ဂျာကင်အပါးကို ဝတ်ထားကာ အနက်ရောင်ဘောင်
နှင့်ဆိုတော့ ပခုံးကျယ်ကျယ် အရပ်မြင့်မြင့်ကြီးနှင့်ပေမို့ ဟန်အချိုး
တော့-အနောက်တိုင်း မင်းသားစတိုင် ချိုးနေသည်။ သိပ်တော့ အသ
ကြီးမှာ မဟုတ်။ ဒါပေမယ့် ဆံပင်ပုံစံကြီးက နောက်တွေဘာ
လှန်ဖြီးထားတာမို့ ပို၍ ရင့်ရင့်ကျက်ကျက်ဟန်ကြီး ဖြစ်နေကာ ...။ ကြ
နေသည့်အကြည့်ကလည်း သွန်း ကိုများ ကလေးတစ်ယောက်ကို ကြ
နေသည့် လူကြီးဟန်အချိုး ဖြစ်နေပြန်သည်မို့ ...။





"အသက်ကြီးတဲ့သူတွေတောင်မှ အသက်ကို ငယ်တယ်ထင်
နိုင် နုအောင် ကြိုးစားကြတဲ့ခေတ်မှာ .. သူက .. လူကြီးစတိုင်
မ်းသကိုး .. ငါ့ကိုများ ကြည့်နေလိုက်တာ မူကြိုကျောင်းက
းကို ကြည့်နေတာကျလို့ .."

ဟု စတင်၍ ငယ်ကျင့်အတိုင်း ဝေဝေဖန်ဖန်အလုပ်ကို စတင်၍
တ်ဦးလုပ်သည်က သွန်း ပဲ ဖြစ်လေသည်။

"ရွှေအိုးစည် .. ရွှေအိုးစည် .. သေနိုင်ပါရိုးလား လေဘာတီရယ်.."
အရေးထဲ ရွှေအိုးစည်ကလည်း အူမြူးချက် ကောင်းနေသည်။ နှုတ်
ချက် ကောင်းနေသည်။ ခုမှ တေးတကြော်ကြော် လုပ်နေပါသည့်
...။

"ဒီဇည့်သည်က .. ဘိုးဘိုး ပြောထားတဲ့ ဟိုဧည့်သည်လား .."

"အေး .. ဟုတ်တယ် .. အဲဒီဧည့်သည်ပဲ .."

မေးသူက မြေး ...၊ ဖြေသူက အဘိုး ...။ ရည်ညွှန်းခံရသူက ..
ဖြစ်လေသည်။ သဘောက .. သွန်းလေပြေမွှေး ဆိုသည့် ကောင်မ
ို လာခေါ်မည်ဟု ဘိုးအေလုပ်သူ ပြောထားနှင့်သည့် ဧည့်သည်
တာ .. သူပဲဖြစ်နေသည်ဆိုတာ သဘောတရားရောက်သည့် အမေး
...။ မြေးအဘိုး အတော်ကြီး တရင်းတချာဖြစ်နေကြမှန်း သိသာ
တချို့ မြေးအဘိုးဆိုတာက အဘိုးကလည်း လူကြီးသူကြီးနေရာမှ
တည်ကြီး နေ...။ မြေးကလည်း အဘိုးကို သိပ်မကပ်ရဲ ...၊ ဒါမျိုး
နေသော မြေးအဘိုးဆိုတာ သေချာသည်။

"အဲဒီကောင်မလေး .. ဘိုးအေကို တော်တော်ချွဲမယ့် ကောင်မ
"

"ဒါဆို .. ဒါဆို .. ဘိုးဘိုးသိ ဘယ်လိုနေလဲဟင် .. ဖျားတာလား..
ဂါဖြစ်တာတဲ့လဲ .. အိပ်ရာပေါ်မှာပဲ လဲနေတာလား .. လမ်း
တ်လို့ ရရဲ့လား .. ဘာစားလို့ ရလဲဟင် .. ဆန်ပြုတ်ပဲလား ...၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ .. ပိန်သွားပြီလား .. ဆရာဝန်ကြီးတွေနဲ့ ပြကုတာလား
ဆရာဝန်က ဘာပြောလဲဟင် .. စိုးရိမ်ရတယ်လို့ ပြောလား .. ဒီ
ရန်ကုန်ကိုသွားရင် ကောင်းမယ်ထင်တယ် ..၊ ဘိုးဘိုးဆီကို မြန်
ရောက်လေ ကောင်းလေပဲ .. သွန်း က .. အဝတ်အစားသေတ္တာ
အသင့်ပြင်ထားပြီးသား .. အခု ကောက်လိုက်ဆိုရင် ကောက်လိုက်ရုံ
ဘိုးဘိုးအတွက်လည်း လက်ဆောင်တွေ ဝယ်ထားတာလည်း အား
မကျန်အောင် စနစ်တကျ ထည့်ထားပြီးသား ..''

''ဟဲ့ ..''

''ဘိုးဘိုးသီ က .. ဖုန်းလေးတောင် မဆက်ဘူး သိလား .. ဖျား
တယ်ဆိုတာလေးလောက်တော့ အစကတည်းက ဖုန်းလေးနဲ့တော
သွန်း ကို အသိပေး ပြောပြသင့်တာပေါ့ .. ဘိုးဘိုးသီး က ကျိတ်
ခံနေတာကိုး .. မနေ့ကမှ သွန်း သိရတာလေ .. သိကတည်းက
စိတ်ပူနေရတာမှ နေမထိထိုင်မသာပဲ .. ဟိုကိုလိုက်သွားချင်ပေမယ့်
သွန်းမှမသွားတတ်တာ .. ရန်ကုန်ဆိုတာက .. ရုပ်ရှင်တို့ .. သတင်း
ထဲမှာပဲ .. မြင်ဖူးတာလေ .. ရုပ်မြင်သံကြားမှာ .. အဲသလိုရှိတာ
ရန်ကုန်မြို့က နည်းတဲ့မြို့ကြီးမှ မဟုတ်တာ .. ဘိုးဘိုးဆီ မရောက်ဘဲ
ပျောက်သွားမှာ ကြောက်တယ်လေ .. နေဦး ပျောက်သွားမယ်ဆိုတ
က သွန်း ပျောက်သွားမှာကို ပြောတာ ..''

''ဟဲ့ .. မြေး ..''

''ဘိုးဘိုးဆီကို မနေ့ညက သွန်း ဖုန်းဆက်သေးတယ် .. ဘိုး
ဟန်းဖုန်းက စက်ပိတ်ထားတာချည်းပဲ ဖြစ်နေတယ် .. ကြိုးဖုန်းနံပါ
ကျတော့ သိပါရဲ့ .. ဘိုးဘိုးသီ က မှာထားတယ်လေ .. ကြိုးဖုန်းကိုတော့
ဘယ်တော့မှ မဆက်နဲ့တဲ့ .. အန်တီလေးနဲ့တိုးရင် .. မကောင်းဘူးတဲ့
အန်တီလေးက .. စိတ်ကြီးတယ်တဲ့ .. သွန်း ကတော့ .. မမြင်ဖူးပေမယ့်
သွန်း ရဲ့ဒေါ်လေးကို အန်တီလေးလို့လည်း ခေါ်ချင်တဲ့အခါ ခေါ်မိတာ





.. ဒေါ်လေးလို့လည်း ခေါ်ချင်တဲ့အခါ ခေါ်မိတာပဲ .. လူချင်းတိုးတဲ့
.. အန်တီလေးလို့ ခေါ်တာ ကြိုက်တယ်ဆိုရင် .. အန်တီလေးလို့
ယ် .. ဒေါ်လေးလို့ခေါ်တာ ကြိုက်ရင် ဒေါ်လေးလို့ ခေါ်မယ်ဆိုပြီး
ကျင့်ရအောင် ဟိုးအရင်ကတည်းက ကြိုတင်လေ့ကျင့်ထားတာ
.. ဒါပေမယ့် .. ဘယ်တုန်းကမှ .. အဲဒီကိုသွားရမယ်ဆိုတာ
ပါဘူး ..၊ သွန်း ထင်ထားတာက တစ်နေ့မှာ .. ဘိုးဘိုးကိုယ်တိုင်
.. ဘိုးဘိုးသီ ရဲ့ အဲဒီအိမ်ကြီးကို ခေါ်သွားမယ်လို့ ထင်ထားတာ ..
မသွားတာ ခုထိပဲ .. အခု .. သွားမယ့်သွားရတော့ .. ဘိုဘိုးက
ဘိုးဘိုးသီ ဆီကို လိုက်မပို့ဘူး .. မပို့ရဲဘူး ဖြစ်နေတယ်.. အဲဒီ
လေးကို လန့်နေတာလေ .. ဩဇာကြီးပ‌ါ့ .. အဲဒီအန်တီလေး

''မြေး .. သွန်းလေပြေမွှေး ..''

ပက်လည်း မဝင် ..၊ အဘိုးလုပ်သူက ဟန့်နေတာလည်း ကြားပုံ
ပြောချင်သမျှ သွန်ပြောနေတာ နားပိတ်နားမကြား ဖြစ်နေ
ကိုယ့်စကားနှင့်ကိုယ် နားပြည့်လျှံဖြစ်နေကာ ဘိုးအေ စကား
သံက တိုးမပေါက် ..။ သူ နားထောင်ရင်း စတင်၍ ခံစားလာရ
ရယ်ချင်စိတ် ..။ ချစ်စရာတော့ အကောင်း .. ဟု တွေးမိလျက်
မြင်ကွင်းကိုလည်း ကြည့် ..၊ ကောင်မလေးပြောသမျှကိုလည်း
င်ပေးသူ တစ်ယောက်အဖြစ် ရှိနေလိုက်ရသည်ပါပဲ ..။

''အဲဒါ .. မနေ့ညက .. အိပ်လို့ကို မပျော်တာ .. အိပ်မရလို့ ရွှေ
ရဲ့လှောင်အိမ်လေးကို သွားတော့လည်း ငနဲက အိပ်နေတယ်..
လးဘာလေး ပြောမလားဆိုပြီး သူ့ကို စကားပြောကြည့်သေး
ချက်စိလေး ခဏဖွင့်ကြည့်တာလေးတော့ လုပ်ပါရဲ့ .. ပြန်
ပိုက်တာများ .. မျက်လုံးကို မဖွင့်တော့ဘူး .. ဒီကောင်
ပြီး အိပ်ပျော်နေဟန် ဆောင်နေတာ ဖြစ်နိုင်တယ် .. အဲ



www.burmeseclassic.com

www.burmeseclassic.com



သလောက်ကို .. သွန်း မှာ ညက အိပ်မရ ဖြစ်နေရတာ သိလား မနက်ကျတော့လည်း မနက်စာလည်း စားမကောင်း.. နေ့လယ်စာလည်း စားမကောင်းနဲ့ ဖြစ်နေတာ .. ဘိုးဘိုး သိပါတယ်နော် .. သွန်း ထ တစ်ပန်းကန်တောင် မကုန်ဘူးလေ .. အဲဒါ .. အခု စိတ်လက်လေး အာရုံပြောင်းမလားဆိုပြီး ရွှေအိုးစည်ကို ဒီထိ လျှောင်အိမ်လေးနဲ့ လာပြီး .. ဒီသံဒုတ်ရိုက်တဲ့ သစ်ကိုင်းမှာ ချိတ်ပြီး စကားပြောနေ တော့တာ.. တကယ့်ဧည့်သည်ရောက်လာတော့ သွန်း က မသိဘဲ ကုန်ရော ..''

''သွန်းလေပြေမွှေး .. နားတော့ .. ဧည့်သည်ကို .. နားဖို့ပြုဖို့ သတိရစမ်းပါဦး .. အခုပဲ ရောက်တာ .. ဒီဧည့်သည်ကို ထမင်းစား နားဖို့ သတိမရဘဲ .. ရန်ကုန်ကို ခုပဲသွားမလေး ဘာလေးနဲ့ .. လော နဲ့ .. ခမျာ .. ခရီးတစ်ထောက်တည်းနဲ့ ရောက်လာရတာ မဟုတ် မိုင်းလွိုင်ကနေပြီး ရန်ကုန် .. ရန်ကုန်ကနေပြီး ဒီမိုင်းခမ်းလုံးကို ရော လာရတာ .. ကားမောင်းလာရတာများ သက်သာမယ် မှတ်သလား သူ့ခမျာ .. ညောင်းညာရှာလို့ ခြံထဲဆင်းလမ်းလျှောက် အညောင်းဖြေ မှာ .. ဘိုးက ဘေးကအဖော်လိုက်လာရတာ .. ညည်းနဲ့တိုးလို့ မိတ် ပေးရမလား မှတ်တယ် .. မိတ်ဆက်ပေးရမယ့်စခန်းကို မရောက်ရ ဘူး .. ညည်း မေးတဲ့မေးခွန်းရှည်တွေရယ် .. ညည်းခံစားချက် အ ကြီးတွေရယ်ကို နားထောင်နေရပြီး .. မပြောနဲ့တော့ .. ရပ်တော့ တဟဲ့ဟဲ့နဲ့ တားနေရတာ .. လူကို တားရသလိုတောင် မဟုတ် ဘူး .. နွားမောင်းနေရတာ ကျနေတာပဲ .. နွားဖြူလေးနော် .. တဟဲ့ ကြိမ်တို့ရတော့မယ် ..''

လိုက်လည်းလိုက်သည့် မြေးအဘိုးပါတကား ..။ အဘိုးလုပ်သူ လည်း ဧည့်သည်ဖြစ်သည့် သူ့ကို အားနာစိတ်ဖြင့် မြေးကို ဆူ မြေးလုပ်သူကလည်း တဟက်ဟက်ရယ်၍ ဘိုးအေကို ဖက်ပင်





ကိုက်သေးသည့်အဖြစ် ..။ မြင်ကွင်းက ချစ်ဖို့ပင်ကောင်းနေပြီ။ ကြည်နူး ရာကြီး ဖြစ်နေသည်။

''ဒါက ဒီလိုရှိတယ်လေ ဘိုးဘိုးရဲ့ .. ဘိုးဘိုးသိ ရဲ့ကျွန်းမာရေးကို လည်း သိချင်တာ မေးရမှာလေ .. ပြီးတော့ .. သွန်း ဟာ ဘယ်လောက် ဘိုးဘိုးသိ အတွက် စိတ်တွေပူနေရတယ်ဆိုတာ ဒီကဧည့်သည်ကိုကို အောင် ရှင်းပြရတာလည်း ပါတယ်လေ ဘိုးဘိုးရဲ့ ..''

''ညည်းရုပ်ကိုက .. စိတ်ပူမှုန်းကို မသိသာအောင် အမြဲရွှင်ပျနေတဲ့ ရာပါရုပ် ဖြစ်နေတာ သွန်းလေပြေမွှေး ..''

အပုလေး လေရှည်လှချည်ရဲ့ဟု ထင်ထားသမျှ ..။ အပုလေး ထက် ပြန်သာသည့် သွန်းလေပြေမွှေး နှင့်အတူ ပြန်ရမည့်ခရီးသည် ကလေးတော့ နားကြောမသက်သာဘဲရှိချေမည်ဆိုတာလည်း သူ ခဲ့ရသည်။ ပြီးတော့ .. စောစောက ဘိုးဘိုးပြောသည့်စကားထဲမှာ သည်တည့်..။ ဘာတဲ့ ..၊ စိတ်ပူမှုန်းကို မသိရအောင် အမြဲ ရွှင်ပျနေ မွှေးရာပါရုပ် .. တဲ့လားလေ ..။ ဟုတ်သည် ..၊ ကောင်မလေး၏ ဝန်းလေးတွေက ရွှန်းလဲ့ကြည်စင်နေသည်ပါပဲ။ မျက်နှာလေးက လန်းလန်းကြည်ကြည် ..။ ဟုတ်သည် ..၊ ရုပ်လေးကိုက .. အစဉ် နေသည့်မျက်နှာလေး..။ ကြည့်ရတာ ..။ ခုထိလည်း ကလေးစိတ် ကပ်ပုံ မရ။ ကလေးလိုပဲ လွတ်လွတ်လပ်လပ် ကြည်ကြည်စင်စင် ဘဝကို ဖြတ်သန်းနေပုံ ရပါ၏

''ဒါ .. မောင်ပြည့်စုံဦးသာ ..''

''သိပါတယ် ဘိုးဘိုးရဲ့ .. ဒီကကိုကို့နာမည်က .. ကိုကိုပြည့်စုံ ဆိုတာ .. သွန်း သိပါတယ် .. ဘိုးဘိုး ပြောပြထားတာပဲလေ .. ဆီမှာ မြေးတစ်ယောက်ရှိတယ် .. ပြည့်စုံဦးသာ လို့ ခေါ်တယ်.. တော့ .. မနေ့က ဒီကဘိုးဘိုး ပြောပြတဲ့အထဲမှာ .. သွန်း ကို လာ ယ်ဆိုတာလည်း ပါတယ်လေ ..''



www.burmeseclassic.com

www.burmeseclassic.com



"ညည်းဟာလေ .. ဟဲ့ .. ဒါက .. မိတ်ဆက်ပေးတာ မယ်သွန်းလေပြေ ရဲ့ .. ညည်းသိတာ ငါသိတယ် .. ဒါပေမယ့် .. ညည်းသိတာကို.. သူက မသိဘူး .."

"ဟက် .. ဟက် .. ဟုတ်ပါရဲ့ .. ကိုကို့နာမည် သွန်း သိနေတာ ကိုကိုက ဘယ်သိမှာလဲ .."

သူ ရယ်လိုက်မိရပါပြီ ..။ သူရယ်တော့ ဘိုးဘိုး ခေါင်းယမ်း သည်။ အဲဒါပဲကြည့်တော့ .. ဆိုသည့်သဘောဖြင့် မြေး၏အရည်အချင်းကို ဖွင့်လှစ်ပြပါသည့် ခေါင်းခါပြမှု ..။

"တဆိတ် .. ပါးစပ်လေး ခဏနားပါ သွန်းလေပြေ .. ဘိုးဘိုး ပြောတာ ဆိတ်ငြိမ်စွာ နေပြခြင်းဖြင့် ကူညီစမ်းပါ .. လူတိုင်းကို ဘိုးဘိုး လို့ မထင်စမ်းပါနဲ့ .. ဘိုးဘိုး စကားတစ်ခွန်းပြောတိုင်း ညည်းဆေး ဆယ်ခွန်း ဝင်ပါနေတာ တခြားနေရာမှာ သွားမလုပ်နဲ့ .. သူများ စိတ် ညစ်မယ် သိရဲ့လား .. ကဲ .. မိတ်ဆက်ပေးမယ် .. ညည်း နားထောင် လူလေးရေ .. ဒါ .. ဘိုးရဲ့မြေး .. သွန်းလေပြေမွှေး .."

"အဲဒါ .. ပြောပြဖို့ မလိုပါဘူး ဘိုးဘိုးရဲ့ .. သွန်းလေပြေမွှေး ရဲ့ နာမည်ကို ဘိုးဘိုးသီ ကလည်း ကိုကို့ကို ပြောပြပြီးလောက်ပါပြီ .. စောစောက ဘိုးဘိုးကလည်း ခဏခဏ ခေါ်နေတာပဲလေ .. သွန်း လေပြေမွှေး .. သွန်းလေပြေမွှေး နဲ့ .. အဲဒါ ကြားပြီးပါပြီ .. ဒီကကိုကို ဖြင့် သွန်း ရဲ့နာမည်ကို .."

ဘိုးဘိုးသီ ဘာကြောင့် ဤကောင်မလေးကို အသည်းဖြစ်နေရတာ မဆန်းပါ။ နွေရာသီရောက်တာနှင့် ဘိုးဘိုးသီ သေတ္တာပြင်ကာ တန်း မြပုဝါသို့ထွက်တတ်တာလည်း မဆန်းပါ။ ဤမျှ ချစ်ဖို့ကောင်းသည့် မြေးကို မလွမ်း ဘယ့်နှယ်ရှိပါ့မည်တဲ့လဲလေ။

ခုပဲကြည့် ..၊ မြေးအဘိုးနှစ်ယောက်၏မြင်ကွင်းသည် ပျော်စရာ ပျော်စရာ ဖြစ်နေသည်။





သွန်း လေပြေမွှေးကို ရန်ကုန်ခေါ်သွားလျှင် .. မြပုဝါမှာ ကျန်ခဲ့ သည့် ဘိုးဘိုးသည်လည်း မနေတတ် မထိုင်တတ်ဖြင့် ရှိရှာရော့မည်ဟု ကာတည်းက သူ တွေးမိရသည်အထိ တိုတောင်းသောကာလလေး အတွင်းမှာပင် မြေးအဘိုး၏ချစ်ခြင်းကို သူ နားလည်ပေးလိုက်ရသည် ပါပဲ။

"ကဲ .. လူလေးရေ .. သူပြောသလိုပဲ .. သူပြောသလိုပဲ .."

ဟု လက်လျှော့သောလေသံဖြင့် မိတ်ဆက်ခြင်းကိစ္စကို အဆုံး သတ်သည်က ဘိုးဘိုး ဦးအိမ်စိုး ပါ။

"တစ်ခါတည်းပြောလိုက်မယ် မိသွန်းလေပြေမွှေး .. အစ အနောက်သန်တဲ့အကျင့်ကို .. ဒီမှာ ချန်ထားခဲ့ .. ကြားလား .. စကား ပိုတတ် ပြောတဲ့အကျင့်ကိုလည်း ဒီမှာ ချန်ထားခဲ့ .. ဟိုကိုသွားတာ .. အပျော်ခရီး မဟုတ်ဘူး .. ညည်းဘိုးဘိုးသီ နေမကောင်းလို့ သွားတယ် ဆိုတာ မမေ့နဲ့ .. ဒီက ညည်းရဲ့ ဒေါ်ကြီးသင် တို့ .. ဘဘညို တို့ကို နှောက်သလို .. ဟိုကလူတွေ သွားမနှောက်နဲ့ .. ညည်းဒဏ်ကို .. ဒီက လူတွေက ရိုးနေပြီ .. ခံနိုင်တယ် .. ညည်းအကျင့်လည်း သိကြတယ်.. ဒါသလိုသိထားတဲ့ကြားကိုက .. တစ်ချက်သတိလစ်ရင် .. တစ်ချက် ကြေရတာ .. ညည်း ဟိုနေ့က တောက်တဲ့ဓာတ်လမ်းခင်းသလို .. ဟိုမှာ သွားပြီး မြွေဓာတ်လမ်းတို့ .. အိမ်မြှောင်ဓာတ်လမ်းတို့ သွားမခင်းနဲ့ .. ညည်းအဝတ်အစားသေတ္တာ ငါ စစ်မှာနော် .. အဲဒီထဲမှာ.. တောက်တဲ့ ... .. အိမ်မြှောင်နဲ့ မြွေရုပ်တို့ .. အဲဒီရာဘာရုပ်တွေ တွေ့လို့ကတော့.. ... ..."

အံမယ် ..၊ ကောင်မလေးက တကယ့်အပျော်လေးပေပဲ .. ဟု သူ ... သိလိုက်ရပြန်သည်။ တော်တော်ရွှတ်နောက်နောက်လုပ်သည့် ... လေးမဖြစ်တာ သေချာနေသည်။ ဤအချက်ကိုတော့ သူ သိအောင် ... ပါးပါးနပ်နပ်ပြောလိုက်တာလည်း ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ အနေကြာလာလျှင် သူ့ကိုပင် ချမ်းသာပေးမှာ မဟုတ်ဟု တွေးယူနိုင်သည်တည့် ..။

"ခက်တာများကျလို့ ဘိုးဘိုးကလည်း .. အရုပ်တွေ အပင်ပန်းခံပြီး မသယ်ပါဘူး .. ဟိုမှာ ဝယ်လို့ရမှာပေါ့ .. ရန်ကုန်မြို့ပဲဥစ္စာ .. ဟက်-ဟက်.."

ဟု ဖြေတော့ ဘိုးဘိုး စိတ်မောမောဖြင့် ...

"အဲဒီအကျင့်ဖျောက် .. အကျင့်ဖျောက်စမ်းပါ့ မယ်မင်းကြီး- သွန်းလေပြေ .. မယ်ချောလေးရယ် .."

ဟု ညည်းရှာပါသတည်း ..။ ဘာတဲ့ ..၊ သွန်းလေပြေ .. မယ်ချော- လေးတဲ့လားလေ ..။ ဟုတ်တော့ဟုတ်သည်။ ဆံပင်ရှည်လေးနှစ်ဖ- ကျစ် ..။ အသားလေး ဖြူဥဥ။ ရုပ်လေးချောမွေ့မွေ့ဖြင့် တကယ်ချော- သည့်ကောင်မလေး ဖြစ်နေတာတော့ အမှန်ပါ။ ဘာကြောင့်ရယ်မသိ- ဤကလေးမလေးကို စိတ်ချမ်းသာစေချင်သည်။

"ဘိုးဘိုးသီ ကတော့ တစ်ပတ်လောက် ဒီမှာနားဖို့ မှာပါတယ်- ဘိုးဘိုး .. ဒါပေမယ့် .. သွန်းလေပြေမွေး ကို ပြန်ပို့တဲ့အခါကျတော့- နားပါတော့မယ် .. သွန်းလေပြေ က .. ဘိုးဘိုးသီ ကို တွေ့ချင်- အားလုံး အသင့်ပြင်ဆင် သိမ်းဆည်းထားတာဆိုတော့ .. မနက်ဖြန်- ရန်ကုန်ကိုပြန်ပါ့မယ်.. ဘိုးဘိုးသီ လည်း မြေးကိုတွေ့တော့ စိတ်- ပျော်သွားမှာ .. သွန်းလေမြေမွေး ကလည်း .. တွေ့ချင်နေတာပဲလေ-"

ဟု ကလေးကို စိတ်ချမ်းသာစေချင်၍ ပြောခိုက် ဘိုးဘိုး သက်ပြ- ရှိုက်၍ အပြစ်တင်ကြည့်ဖြင့် မြေးကိုကြည့်ချေ၏။

"အလိုက်မသိလိုက်ပုံများ မသွန်း ရယ် .. ညည်းသည် ခရီးပန်းမ- ဆိုတာလေးများ တွေးပေးဖော် မရဘူး .. ဟိုကိုသွားချင်တာ .. အလို- ကမ်းတရားမသိ .. စွတ်ပြောတော့တာကိုး .. ခု .. ကြည့်စမ်း .. လူ- က .. မနက်ဖြန် ရန်ကုန်ကို ညည်းခေါ်သွားတော့မယ် ဖြစ်ရပြီ .."





ဟု ညည်းခိုက် ..၊

"ရွှေအိုးစည် ခေါ်သွားမယ်နော် .."

ဟု ခွင့်ပန်သံက ကြားဖြတ်ဝင်လာသည်။

"ညည်း ကြက်တူရွေးအလုပ်တွေကို ဟိုသယ်မသွားနဲ့ .. မယ်သင်- ဘ်လိမ့်မယ် .. ညည်းကြက်တူရွေးက ရေတ်သီးလည်း အချိုသီးပွပွမှ -ချင်ရတာနဲ့ .. အစပ်သီးဆိုရင်လည်း .. မိုးမျှော်သီးမှ စားရတာနဲ့.. -သယ်ကျတော့လည်း ပန်းသီးစိတ်လေး စားချင်ရတာနဲ့.. သူ့သောက်- -ခွက်ကလည်း သုံးခါ ရေလဲပေးရတာနဲ့ .. ကော်ဖီနဲ့ထမင်း ရောပြီး -ခွက်ထဲ ထည့်ကျွေးရတာနဲ့ .. သူ့ခြေထောက်ကို ကြိုးရှည်ချည်ပြီး -ပြင်ထုတ် .. ရေအင်တုံလေးနဲ့ ရေချိုးပေးရတာနဲ့ .. ညည်း .. ဟိုကို -ိုးဖြစ်သူကို ပြုစုဖို့သွားမှာလား .. ကြက်တူရွေး သွားမွေးနေမှာ -- .."

ဟု ငေါက်တော့မှ ငြိမ်၏။ သူ ပြုံးမိသည်။ ဘာပဲဖြစ်ဖြစ် သူ .. -ိုးသီ ထံ ခေါ်သွားရမည့်ကောင်မလေးသည် ဟန်ကြီးပန်ကြီးနိုင်- -တ် .. သူဌေးမြေးစတိုင်ဖမ်းပြီး စကားကြီးစကားကျယ်တွေ ပြော- -သည့် သူဌေးကျင့် သူဌေးလေ အပိုင်သိမ်းထားသည့် ဘဝင်ခပ်မြင့်- -ောင်မလေးတစ်ယောက် ဖြစ်မနေသည့်အတွက်တော့ ရင်ထဲမှာ -ံသာရာရပါ၏။

စိတ်ညစ်ဖို့ကောင်းလောက်အောင် ဘဝင်မြင့်သည့် ကောင်မလေး -ယောက်နှင့် ခရီးတစ်ခုသွားရတာမျိုးဆိုတာက .. စိတ် တော်တော် -ဲ့ကောင်းမည့်ကိစ္စ။

ခုကျတော့ ..၊ ကလေးစိတ်မကုန်သည့် ကောင်မလေး ..၊ မာန်မာန -သည့် ကောင်မလေး ..၊ ပျော်ပျော်နေတတ်လျက် စိတ်ဖြူသည့် -င်မလေးတစ်ယောက် ဖြစ်ပုံရနေသည့် သွန်းလေပြေမွေး ကိုခေါ် -မှာမို့ ..။ စိတ်ညစ်စရာတော့ ကြုံဖွယ်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ .. ကလေးစိတ်ဖြင့် ရူးတူးပေါတာလေးနေတတ်ပါသ အပုလေး နှင့်လည်း ဤသူငယ်မ လေကြောတည့်မှာ သေချာသည် အပုလေး ကို သဟောက်သဟမ်းဖြင့် အစေခံခိုင်းသလို ခိုင်းစေမည့်အ မရှိသည့် သွန်းလေပြေမွှေး ဖြစ်ချေမည်မို့ ..။ အပုလေး အတွက်လ သူ .. ဝမ်းသာရပါ၏။

တစ်ချိန်လုံး အစေခံလို ခိုင်းစေတာမျိုးကြုံရလျှင် အပုလေး လ စိတ်ညစ်ချေမည်သာ..။ ခုကျတော့ .. ထိုဒုက္ခလည်း အပုလေး လွတ် မည်တည့် ..။

"အင်း .. တစ်ခုတော့ရှိတယ် .. ဒီကောင်မလေးရဲ့ လေပေါ ဒဏ်ကိုတော့ ခံရမှာပဲ .. ပြေးမလွတ်ဘဲ .."

ဟု အပုလေးလေကို ယူ၍ သူ တွေးမိရင်း တစ်ချက်ပြုံးမိ သတည်း..။





## အခန်း (၈)

ဖေဖေ ပြောပြဖူးသည်လေ ..၊ မြပုဝါမှ ဦးခွန်နောင် နှင့် ဒေါ်မေ တို့၏ အိမ်ထောင်ရေးကိုရော ..။ အစက လူကြီးချင်း စကားလွန် ကြသည်က မာမီနှင့် ဦးခွန်နောင် တို့ ဖြစ်ခဲ့ကြသည်ဆိုတာကို ..။ မာမီက မေနဒီ ဆိုသည့် မိန်းမသားအပျိုချောကို ငြင်း၍ အေးနေသည့် မေသရဖီ ကိုမှ လက်ထပ်လိုက်သည့် ထိုအဖြစ် ရှက်သွားခဲ့သည်ဆိုတာရော ..။ ထိုအဖြစ်များကို သူ ဤခရီး ခေါ်နီးကျတော့မှ ဖေဖေ သူ့ကို ပြောပြခဲ့ခြင်းပါ။ ထိုသို့ ဖေဖေ အသိပေးထားသည်ဆိုတာကိုတော့ မာမီ မသိပါစေနှင့်ဟုလည်း ပြောသည်လေ ..။

ကြောင့် ဘိုးဘိုးသီ သူ့ကို မြပုဝါသို့ တစ်ခေါက်မျှ အလည် အတူခေါ်မသွားခဲ့တာကိုလည်း သူ နားလည်ခဲ့ရသည်ပါပဲ။ မာမီ နောင့်အယှက် မဖြစ်စေချင်၍ပဲ ဖြစ်ချေမည်တည့် ..။ ခုကျတော့.. တိုင် ဤခရီးကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ရပြီ..။ ရောက်ရ လည်း ဖေဖေကလည်း လွှတ်လိုက်၍ ..။ ဘိုးဘိုးသီ ကလည်း င်မလေးကို အကြိုခိုင်းလိုက်၍ ..။ ဒါကြောင့် ရောက်လာရ သူ့စိတ်ထဲမှာ မှတ်ယူထားသည်က .. ဤကိစ္စသည် .. မကြာ ခင်မှာပဲ ပြီးဆုံးသွားချေမည်ဟု ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ပြီးသွားမယ် .. ဒီကောင်မလေးကို ရွှေရိပ်ဦးအ ပို့ပေးပြီးရင် .. ငါ့တာဝန် ကုန်ပြီ .. ဖေဖေရှိတဲ့ မိုင်းလွိုင်ကို ငါ ပြန်သ ရှဲ .."

ဟု တွေးလိုက်မိရပေမယ့် ရင်ထဲမှာ ပေါ့ပါးမလာ ..။ ဖျတ် အသိတရားတစ်ခု တိုးဝင်လာသည်။ မဟုတ်သေး ..၊ သူ .. ပြန်သွ ဘယ်ဖြစ်ချေမည်တဲ့လဲ..။ ဘိုးဘိုးသီ နေမကောင်းဖြစ်နေချိန်မှာ ဘိုးဘို ကို သူက ချန်ရစ်ထားခဲ့ပြီး မိုင်းလွိုင်သို့ တာဝန်မဲ့ပြန်သွားရမည် လား ..။ ဘိုးသီ ဆိုတာက သူ့ကို အဘိုးရင်းပမာ ရှိသည်။ မြေးရင်း ချစ်သည်။ သူကလည်း ဘိုးဘိုးအရင်းလိုပဲ ချစ်ရသည်။ သူ ဆယ့်တ သားလောက်မှာ ဖေဖေနှင့် မာမီတို့ လက်ထပ်ခဲ့ကြသည်ပဲလေ ..။ သည် ပုံပြင်တွေထဲက မိထွေးလို သူ့အပေါ် ရက်စက်တာမျိုး မရှိခဲ့ ဂရုတစိုက်ပင်ရှိသေးသည့်အဖြစ်။ ငယ်တုန်းကတော့ သူ့စိတ်ထဲမှာ သည် သူ့ကို အတော်ကြီးချစ်သည်ဟု ထင်ခဲ့မိသည်ပါပဲ။ ဒါပေမ အရွယ်ရောက်လာတော့ .. သူ့ရင်ထဲမှာ အလိုလို သိလာနေတာတ ရှိလာရပါ၏။ ပြုံး၍ကြည့်သည့် မာမီ့အကြည့် ..၊ မာမီ့နှုတ်ခမ်း ချိုသာသော မာမီ့ပြောစကားတွေသည် အသက်ပါမှုမှာ လျော့ပ သည်ဟု ထင်လာမိရသည်။ သူ ဆယ်တန်းလောက်ကတည်းက လာမိခြင်း ..။ အားမနာတမ်း ပြောရစမ်းမည်ဆိုလျှင်တော့ဖြင့် ဆောင်နေသည်ဟု ခံစားနေရခြင်းပဲ ဖြစ်နေသည်။ ဒါပေမယ့် .. မိ ပေမို့ .. သူ့ဘက်က အမေရင်းမဟုတ်သည့် မာမီ့အပေါ် အမြင်လွဲနေ လည်း ဖြစ်နိုင်သည်ဟု အသိတရား နာနာသွင်းရင်း မာမီ့အပေါ် ခ တရိုတသေ ထားမိရဆဲပါတည့် ..။

"မြေးက .. ခုထိ ကလေးစိတ်ပဲ လူလေးရေ .. လမ်းခရီးမှာ ဆိုပေါက် မှားတာများကြုံရင် .. စိတ်ရှည်သည်းခံပေးပါကွယ် လည်း.. ကိုသီ ကျန်းမာရေးကြောင့်မို့သာ ဟိုကိုလွှတ်ရတာ .. ဒီသူ





စိတ် ကျန်နေပုံများ .. ရာနှုန်းပြည့် ကျန်နေတာ ဖြစ်နေတော့ .. လိုသကွယ့်.. ဟိုရောက်ရင်လည်း လူလေးရဲ့ညီမကို ဘေးကနေပြီး တ်ပေးတန် ပေး.. ဆူတန်တာ ဆူ .. ဘိုးဘိုးဆီကိုလည်း လှမ်းပြီး ဆိုးတာတွေ သတင်းပို့တန် ပို့နဲ့ လုပ်ပေးပါ လူလေးရယ် .. စိတ်ကို ဘူးကွယ့်၊ ဆိုးတာက .. အလွန် ၁၈နောက်အစ.. ဝါသနာသန်လွန်း ကြီးဖြစ်နေသကွယ့် .. ကလေးကိုက.. ကလေးပျော်လေး ဖြစ်နေ .."

ဘိုးဘိုးကတော့ စိတ်ပူတာတွေမှာနေချိန်မှာ သူ ငြိမ်သက် နား ထောင်ပေးလိုက်ရပေမယ့် ..။ မငြိမ်ဘဲရှိနေသည်က သွန်းလေပြေမွှေး ဖြစ်ပါ၏။ ကားနောက်ဘက် ပစ္စည်းထားရမည့်နေရာလွတ်မှာ တ်သီးခြင်းတွေလည်း ထည့်ပြီးနေပြီ။ ပဲဆီသန့် ဆယ်ပိဿာဝင်ပုံး ပုံးလည်း ရောက်သွားပြီ။ မြေပဲဆံအိတ်၊ အာလူးအိတ်တွေလည်း ထပ်ထပ်..။ ဂျုံအိတ် နှစ်အိတ်လည်း ရောက်နေပြီ။ ပြောင်းဖူးတွေ ၍ အခြောက်ခံထားသည့် ပြောင်းဖူးအိတ်ကလည်း တစ်အိတ် ..။

"များလှပြီ မြေးရဲ့ .. ဟိုမှာဝယ်လို့ရတာတွေပဲ ဥစ္စာ .."

ဟု ဘိုးဘိုး မနေသာဘဲ လှမ်းတားစ ပြုလာရပါ၏။ ခရီးထွက်ရ ည့် မနက်ခင်းမှာ လိုက်ပို့ရမည့်သူက အဆင်သင့်ဖြစ်နေပြီ။ ခုထိ သွန်း ပြေမွှေး မှာ ဖတ်သီဖတ်သီဖြင့် အလုပ်များနေဆဲ ..။ ဘဘညို လည်း က်သ၈ ..။ သွန်းလေပြေမွှေး နှင့်အတူ အိတ်တွေဘာတွေ ကားထဲ ယ်ထည့်ခဲ့ရတာမို့ ချွေးတပြိုက်ပြိုက်ဖြင့် ရှိနေရပါ၏။

"အဲသလောက် ပစ္စည်းတွေ သယ်သွားမယ်ဆိုတာ မသိလို့ ကျွန် တော် အေးအေးဆေးဆေး အပေါ်မှာ ရေချိုးလိုက်မိတာပါ .. သိရင် .. ယ်နေမလဲဗျာ .. ဘဘညို ကို ကူမှာပေါ့ .."

ဟု သူ မနေသာပဲ ပြောမိရပါ၏။ သူဆင်းလာတော့ သွန်းလေပြေ မွှေး ပစ္စည်းတွေ တင်ဟယ်ပြုဟယ်အလုပ်တွေ အတော်ကြီးပင် ရှိ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီးကုန်ပြီ ..။ သူ ကမန်းကတန်း ပြေးကူမည်လုပ်တော့လည်း ဘိုးဘိုးက သူ့ကို မှာစရာရှိတာတွေ တန်းစီမှာနေချေသည်မို့ နားထောင်နေရပြန်ပါ၏။ အပုလေးလည်း ဆွဲခြင်းတစ်ခြင်းကို နောက်ခန်းမှာ တင်နေပါ၏။ အပုလေး လည်း သက်သာပုံမရ။ မနက်ကတည်းက.. လက်ဖက်ရည်ပွဲအပြီးမှာ ပစ္စည်းတွေသယ်ခြင်းကိစ္စ လိုက်လုပ်ပေးနေရပုံ ပေါ်သည်။ ခုထိ ခေါင်းဖြီးရသေးပုံ မပေါ်။ ဆံပင်လေးတွေ ထိုးထိုးပွပွဖြင့် ရှိနေ၏။

"ခြင်းထဲမှာက .. မုန့်တွေပါတယ် ဘိုးဘိုးရဲ့ .. လမ်းမှာစားဖို့လေ-ဒေါ်ကြီးသင် လုပ်ပေးလိုက်တာ .."

ဟု သွန်းလေပြေမွှေး ခြင်းကို နေသားတကျ ထပ်၍နေရာချရင်း ဘိုးအေဖြစ်သူကို သတင်းပို့တော်မူနေသေးသည်။

"ဟောဒါက .. အုန်းဆီစစ်စစ် .. ရန်ကုန်မှာ ရဖို့ လွယ်မှတ်လို့.."

ဟု ငါးဆယ်သားဝင် လေးထောင့်ပုံးလေးကို မြှောက်ပြပြီး နောက်ခန်းမှာ သွန်း ထည့်ပြန်၏။ တစ်ချက် တွေခနဲရပ်၍ စဉ်းစားနေသေးသည်။ ဘာကျန်နေသေးလဲဆိုသည့်ဟန် ..။

"ဟာ!... ကြည့်စမ်း.. ကြည့်စမ်း .. မေ့တော့မလို့ .. လာ .. လာ.."

ဟု ပြောကာ ဆိုကာဖြင့် အပုလေး လက်ကို ဆွဲ၍ အိမ်ထဲ ဝင်ပြန်၏။

"လွှတ်ထားရမှာပဲ လူလေးရေ .. သူလုပ်ချင်တာ တားလို့ဖြစ်မှာလည်း မဟုတ်ဘူး .. မနေ့ညက မြေးကို မေးတယ်.. ဘာတွေ သယ်သွားမလဲဆိုတော့ သူ တန်းစီရွတ်ပြလိုက်တာ .. ဘိုးဘိုး ထည့်ပေးမယ်လို့ စိတ်ကူးထားတဲ့ဥစ္စာတွေအားလုံး မကျန်ဘူး .. သူ သယ်သွားမယ့်စာရင်းထဲ ပါနေပြီ၊ ဘိုးဘိုး ဘာမှကို ဖြည့်မပြောရဘဲ ငြိမ်နားထောင်တဲ့အလုပ်ပဲ လုပ်လိုက်ရတာ၊ ကလေးက .. သူ့ဘိုးဘိုးသိ ဆိ သွားရမှာမို့ .. သယ်သွားချင်တာတွေက များနေတယ်လေ .."





ဟု ပြောသည်က ဘိုးဘိုးပါ ..။

"ကျွန်တော် သွားသယ်ကူလိုက်မယ် ဘိုးဘိုး .."

ဟု ပြောတော့ ဘိုးဘိုး ခါင်းခါသည်။ အားနာပုံရပါ၏။ အင်ဂျင်ငယ်လေးတစ်ယောက်က ပစ္စည်းတွေ သယ်ရသည်ဆိုတာမျိုး ခံနိုင်သည့်နှယ် ဖြစ်နေမှန်း သူ ရိပ်မိလာသည်။ သူ .. ဖွတ်ဝင်တော့ စက္ကူသေတ္တာတစ်လုံးကို အပုလေး နှင့်သယ်နေတာ သည့်အဖြစ် ..၊ မီးဖိုဆောင်ဘက်မှ သယ်လာခြင်း။ နောက်ဘက် ဘဘညိုက စက္ကူသေတ္တာတစ်လုံးကို ပခုံးပေါ်ထမ်းထားသည်။ ကမန်းကတန်း သွားမိရင်းမှ ....

"ဖယ် .. ဖယ် .. ကိုယ် သယ်မယ် .."

ဟု အပုလေး ကိုလည်း ပြော ..။ သွန်းလေပြေမွှေး ကိုလည်း ငှ် ရှိစဉ် ...

"နောက်ခန်းမှာရှိသေးတယ် .. အဲဒါပဲ သယ်လိုက်တော့ ကိုကို.."

ဟု မျက်နှာမှာ ချွေးတွေစီးနေရင်း မောသံဖြင့် သွန်းလေပြေမွှေး တော့ သူ မီးဖိုခန်းထဲ ဝင်ရပါ၏။ မီးဖိုခန်းမှာ ထိုင်ခုံလေးပေါ် ကြီး ထိုင်ရင်း ငိုနေသည်က ဒေါ်ကြီးမယ်သင် ..။ ရုတ်ခနဲဆိုတော့ ခနဲ ဖြစ်သွားရသည်။ ဘာတွေများ အဆင်မပြေဖြစ်ခဲ့သည် သွန်းလေပြေမွှေး ပဲ တစ်ခုခုပြောခဲ့ပြီလား ..၊ ပစ္စည်းတွေ သယ် ရင်း မောမောဖြင့် စကားကြောမာသွားတာမျိုး ကြုံလိုက်သည် ..၊

"လွမ်းနေရတော့မပေါ့ တော်ရယ် .. ဒီကလေး .. မရှိရင် .. ဘယ် ပြီး အချိန်တွေ ကုန်ပါ့မလဲ .. စိတ်များညစ်လိုက်ပါရဲ့ တော် - ဒီကလေးတစ်ယောက်ပဲ .. ချစ်နေရတဲ့ဥစ္စာ .."

ဟု သူ့ကို မော့ကြည့်လာရင်း ရင်ဖွင့်သလို ပြောလာတော့မှ ..

"ဩော် .. လွမ်းနေတာကိုး .. မခွဲနိုင်ဘဲ ဖြစ်နေတာကိုး .."



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့မှာ သဘောပေါက်သွားရပါသည့်အဖြစ် ...၊ သူ ထို သည်သည်ကြည့်တော့ မီးဖိုဆောင်ကျယ်ကြီး၏ထောင့်နေရာမှာ ရှ သည့် နာနတ်သီးတံဆိပ်ပါသော စက္ကူသေတ္တာတစ်ခု ...။ နာနတ်သီး တွေပါတာ ဖြစ်မည်။ သူ ကောက်၍ ပွေ့သယ်လာရင်း ...

"ဒီလောက်များတဲ့ဥစ္စာတွေ .. ဘာလုပ်မလို့ပါလိမ့် .."

ဟုသာ တွေးရုံပဲ တွေးသည်။ မေးဖို့တော့ စိတ်မကူး။ ဟိုရော လျှင် သိမည်ပဲလေ။ သူ သေတ္တာကို နောက်ခန်းရှိ ပစ္စည်းထားရာ မှာ သွားထားတော့ ပစ္စည်းတွေ ထပ်ပွတ်ပြည့်သိပ်နေပြီ ...။ အ အစားသေတ္တာတွေ ဘယ်မှာထားမည် မသိ။

"ဘာကျန်သေးလဲ .. ဘာကျန်သေးလဲ .."

ခါးလေးထောက်၍ ပစ္စည်းတွေစစ်နေသည့် ကောင်မလေး ကြည့်ကာ သူပင် မျက်လုံးမျက်ဆန်ပြူးလာရပါပြီ ...။ ထပ်ဖြည့် နေရာလည်း ကျန်တော့တာ မဟုတ် ...။

"မယ်သွန်း .. ညည်း ကားနောက်ဘက်မှာ တွဲလွဲခိုလိုက်မလို့လ တော်တော့ .. ပစ္စည်းတွေပြည့်နေပြီ .. လူစီးစရာနေရာလည်း နောက် မှာ အဝတ်အစားသေတ္တာ ထည့်တာနဲ့ နေရာကျန်တော့မှာ မဟုတ် ခုကတည်းက ပြောထားတယ်နော် .. လူထိုင်စရာနေရာ မကျန်ရင် ညည်း .. နေခဲ့ .. ဒါပဲ .."

ဟု ဘိုးအေလုပ်သူက မနေနိုင်တော့သလို ဝင်တားတော့ ဟာ ရယ်ပြန်သည်က သွန်းလေပြေမွှေး ပါ။ ခုထိ ဘောင်းဘီဒူးဆစ်ဖုံး ရောင်ရဲရဲလေးနှင့် လက်နားတွန့် လက်ပြတ်အကျီပန်းရောင်လေး ရှိနေသည့် ကောင်မလေး ...၊ ရေပင် ချိုးပုံမရသေး ...။

"နောက်ခန်းခြေနင်းနေရာနဲ့ ဆိုဖာနေရာမှာ အဝတ်အစားသေ ထားမှာပေါ့ ဘိုးဘိုးရဲ့ .. အပုလေးက .. သေးသေးလေးပဲဥစ္စာ .. ထိုင် ရပါတယ် .. သွန်း က ရှေ့ခန်းမှာ ထိုင်မှာ .."





ဟု နေရာချသည့်အလုပ်ပင် စီစီမံမံ လုပ်ပြီးတာနှင့် ..

"အပုလေး .. အဝတ်အစားသေတ္တာ သွားယူတော့ .. ကိုကို့အဝတ် ာလည်း ယူလာ .. သွန်း လည်း .. သွားယူမယ် .."

ဟုပြောကာ အပေါ်ထပ်တက်သည်။ ပြန်ဆင်းလာတော့ အဝတ် ါသည့်အိတ်ဆိုတာလေးက ဇစ်တပ်အိတ်ငယ်လေး ဖြစ်နေပါ ည်း။

"ရန်ကုန်မှာ အဝတ်အစားက ဝယ်လို့ရတယ်လေ .. အဲဒီမှာ ဝယ်မှာပေါ့ .. အရေးကြီးတာက လက်ဆောင်ပါဖို့ .."

ဟု ပြောလာတော့ သူ ပြုံးမိသည်။ ဟုတ်တုတ်တုတ်တော့ နိုင်နေ ပဲဟု ထောက်ခံချင်စိတ်ပင် ဝင်လာ၏။ မိုင်းခမ်းလုံမှာ တစ်ပတ် က် လည်မည်ဟု အားခဲကာ အဝတ်အစားအိတ်ကြီး သားရေကြိုး ည်အိတ်ကြီးဖြင့် သယ်လာသမျှ သယ်ပြန်ရုံပဲရှိနေတာမို့ အပုလေး တော့ မှန်းချက်နှင့်နှမ်းထွက် မကိုက်ဘဲ မျက်နှာမလန်း ရှိနေရှာ သတည်း။ ခုလိုကျတော့လည်း နောက်ခန်းမှာ ပစ္စည်းတွေ ကျပ်သိပ် ၊ အပုလေး ထိုင်ရမှာ သိပ်တော့ ကျဉ်းကျဉ်းကျုတ်ကျုတ်ရှိမှာ တ်တော့ပြီတည့် ...။

"လမ်းမှာ ဝယ်ချင်တာလေးတွေ ဝယ်ပြီး ထည့်လို့တော့ ရသေး ယ် .."

ဟု သွန်းလေပြေမွှေး ပြောလာတော့ အပုလေး မျက်စိလေး ကလပ် ပေကလပ်ဖြင့် နောက်ခန်းမှာ ထိုင်နေရမည့်နေရာလေးကို တ်ကျန်နေရာအတွက် တွက်ဆ စိတ်ညစ်နေပုံရပါ၏။

သွန်းလေပြေမွှေး ကတော့ နောက်ဘက် မီးဖိုဆောင်ဘက်ဆီသို့ ား၏။ သူလည်း ဘာသယ်ရမည်မသိသေးတာမို့ သုတ်သုတ်လိုက်ရ န်၏။ ဟိုရောက်တော့ ငိုနေသည့် ဒေါ်ကြီးမယ်သင် ရှေ့တည့်တည့်မှာ ုလေးချ၍ ထိုင်နေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အဲသလို ဒေါ်ကြီးသင် ငိုနေတော့ .. ဘယ်လိုလုပ်ရမှန်းတော
မသိတော့ဘူး .. ဒေါ်ကြီးသင် ကိုပါ ခေါ်သွားရမလို ဖြစ်နေပြီ
ခေါ်သွားရင်လည်း ဘိုးဘိုးကို ဘယ်သူက ချက်ကျွေးမှာလဲ .. ဘိုးဘိုး
လည်း ခေါ်သွားရမလို ဖြစ်နေပြန်ရော ..၊ ခက်တာက .. ဘိုးဘိုး
ဟိုကိုမလိုက်ဘူး ဖြစ်နေတာ .. ဒီတော့ .. ခက်နေတယ် .."

လိုက်၍ ငိုနေရင်း သွန်းလေပြေမွှေး ပြောနေတာလေးကို တံခါး
နေရာမှာရပ်ရင်း သူ ငေးကြည့်မိရပါ၏။ ငိုနေတာလေးကလည်း နှစ်
ပါအောင် လိုက်၍ ငိုနေခြင်း ..။

"ကလေး .. မရှိရင်ဖြင့် .. ဒေါ်ကြီးသင် ရင်ထဲ ဟာတိဟာတာနဲ့
ဖြစ်ရတော့မှာ .. ဘယ်နေတတ်ပါတော့မလဲ .. ကလေးက .. ဟိုဟာ
ကြောက်အောင် ခြောက်လိုက် .. ဒေါ်ကြီးသင် က ပလုတ်တုတ်
တောက်တဲ့နဲ့ အော်ပြီးလန့်လိုက် .. ခု .. ဘယ့်နှယ်လုပ်ပြီး ပလုတ်တုတ်
တောက်တဲ့ ရတော့မတဲ့လဲ .."

"ပြန်လာတော့မှ ပလုတ်တုတ် တောက်တဲ့ပေါ့ ဒေါ်ကြီးသင် ရဲ့
ဖင်း .. ဝမ်းနည်းလာပြီ .. သွန်း က ငယ်ကတည်းက ဒေါ်ကြီးသင်
လက်ပေါ်ကြီးလာတဲ့ ဥစ္စာ .. သွန်း ငိုရင် .. ဒေါ်ကြီးသင် ကပဲ နို့ပိန်ကြီးနဲ့
တိုက်တာ ဆို ... အဲဒါ .. ဘိုးဘိုး ပြောပြတာ သိရဲ့လား .."

ကလေး ငိုလွန်းချိန်မှာ ..။ နို့ဘူးကလည်း အပူမသေးဘဲရှိချိန်ဆို
ကြံမိကြံရာဖြင့် ဒေါ်ကြီးသင် ခမျာ နို့ပိန်ကြီးဖြင့် ကလေးကို နို့တိုက်ပ
ခဲ့ရာမှ ..။ ကလေး အငိုရပ်အောင် ချော့မော့ထားခဲ့ရပါသည့် ဒေါ်ကြီး
မယ်သင် ခမျာလည်း ခုမှ အလွမ်းတွေ ပိုသည်းလာရရင်း တရှုံ့ရှုံ့ ငိုရှို
ပိုမြင့်တက်လာရပါသတည်း။

"ဟိုတောက်တဲ့ရုပ်ကြီး ကျုပ် ပေးခဲ့စမ်းပါ အေ့ရယ် .. ညည်း
ခြောက်ခဲ့တဲ့ တောက်တဲ့ရုပ်လေ .. အလွမ်းပြေ ကြည့်ချင်လို့ .."

"ဟင် .. တောက်တဲ့ကို လွမ်းတယ် .."





"ဟဲ့ .. ညည်းကိုလွမ်းတာ ငရှုပ် ငတေလေးရဲ့ .. ညည်းဟဲ့ ..
း‌လေးဟဲ့ .."

"ဒေါ်ကြီးသင် ငိုနေတော့ .. သွန်း ဘယ့်နှယ်လုပ်သွားရမှာလဲ ..
းဘဲနေရင်လည်း ဟိုမှာက ဘိုးဘိုးက နေမကောင်းဖြစ်နေတာ
ကြီးရဲ့ .. စိတ်များညစ်ပါရဲ့ .. ဟိုမှာ တစ်ရက်နေ .. ဒီမှာ တစ်ရက်
ရတယ်ဆိုလည်း ဟုတ်ရဲ့ .. ခုဥစ္စာက .. ကားနဲ့သွားရတဲ့ ခရီးရှည်
နေတာ .. ဒေါ်ကြီးကို သွန်း က ကန်တော့ခဲ့တယ်နော် .."

"ဟဲ့ .. ဘယ့်နှယ်ကြီး ပြောရတာတဲ့တုံး .. ကန်တော့ခဲ့တယ်နော်
ပြောစမ်းပါနဲ့ .. ပြန်မလာမှာကျလို့ .. ကန်တော့ပါတယ်လို့ပြော..
ပြောစမ်းပါ အေရယ် .. ညည်းဟာလေ .. စကားပြောရင် .. ဆင်ဆင်
ခြင်ကို မရှိဘူး .. ခဲ့တယ်ဆိုတာ .. နိမိတ်အမျိုးမျိုးထွက်သဟဲ့ .."

ငိုနေသည့်မျက်လုံးလေး ပြူးခနဲဖြစ်ကာ ကမန်းကတန်း နှုတ်ခမ်း
ဘဲတွေးကိုဆွတ်၍ သွန်းလေပြေမွှေး ကို နဖူးတို့ ဒူးတို့ လုပ်နေသမျှ
မြင်ကွင်းဆန်းကို ကြည့်မဆုံးဖြစ်နေရပါသတည်း။ ချစ့်လိုက်ကြ
- ဟု အားပင်ကျမည်ပါသည့်အဖြစ် ..။

"ကားပေါ်မတက်ခင်ကတည်းက .. ဘုရားကို အာရုံပြုတက်..
ာ ဘုရားစာ ရွတ် .. သီချင်းညည်းမနေနဲ့ .."

"မလိမ်ချင်ပါဘူး ဒေါ်ကြီးရဲ့ .. ဘုရားစာလည်း ရွတ်မယ် ..
င်းလည်း ဆိုချင်တဲ့အခါ ဆိုမိမှာပေါ့ .. ကလေးပဲဥစ္စာ .."

"အဲဒါပြောတာပေါ့ .. ခက်တယ်လို့ .. ကျုပ်က ဒီမှာ ညည်းကို
လျှန်ခဲ့ချိန်မှာ .. ညည်းလေးက .. ကားပေါ်မှာ သီချင်းလေး ညည်း
ထိုက်သွားမယ်ဆိုပါတော့ .."

"အို .. သီချင်းညည်းရင်း လွမ်းမှာပဲဥစ္စာ .. ဟောသလို .. ဆိုင်း
ာပေါ့ .. သေနိုင်ပါရိုးလား လေဘာတီရယ် .. ပေတစ်ရာဆီ
ာက်ပါလို့ .. မြင်သလောက် ပြလိုက်ချင်ပါသည် .."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာဆိုကာဖြင့် ဒေါ်ကြီးသင် ကို ကန်တော့ ..။ ဆုပေး
သည့် ဒေါ်ကြီးသင် ကို နဖူးနမ်းပြီး ထမည်ပြုတော့ ...

"မုန့်ဆက်စမ်းပါ့ အေရယ် .. ကျုပ် မုန့်နားထောင်မယ်နော်
အသံလေးတော့ အလွမ်းပြေ ကြားချင်ရဲ့ .."

"စိတ်ချ .."

"တစ်နေ့ သုံးခါဆက် အေရယ် .. ပျင်းမနေနဲ့ .. မုန့်ဆက်တာ
ပင်ပန်းတာမှ မဟုတ်တာ .."

"စိတ်ချ .. လေးခါဆက်မယ် .. ကတိပေးတယ် .."

"ခရီးထွက်ရမှာနော် .. ပြဇာတ်တိုက်နေကြတာလား .. မယ်သ
ညည်းလုပ်ပုံက .. ဇာတ်ထဲ လွမ်းချင်းသယ်နေသလို ဖြစ်နေပေါ့
ခရီးသွားမယ့်ကိစ္စ .. စောပြီးထွက်တာ .. ဟိုကို စောရောက်မှာပေါ့

ဘိုးဘိုး မနေသာ ..။ နောက်မှာရောက်လာရင်း လှမ်းတားတော့
မျက်ရည်လေးသုတ်ကာသုတ်ကာဖြင့် သွန်းလေပြေမွှေး ထရပ်သည်

"ဟိုကပြန်လာရင်လည်း .. ဟိုကလွမ်းလို့ဆိုပြီး ငိုကြမှာ ဘိုး
ရဲ့ .. သေချာတယ် သိလား .. ခုလည်း .. သွန်း က .. သွန်း
ဘိုးကို မခွဲနိုင်ဘဲ ဖြစ်နေတာ .. ဟိုက ဘိုးသီ ဆီကိုလည်း သွားချင်
ပြန်ရော .. အဲဒီအခက် နှစ်ခက်ကြားထဲမှာ .. ညပ်နေတာ သိလား
သိပ်ခက်တာပဲ .. သိပ်ခက်တာပဲ .. ဘိုးကို ကန်တော့ဦးမယ် သိလား

"ဟဲ့ .. မနက်က တစ်ခါ ကန်တော့ပြီးပြီလေ .."

"ဟင့်အင်း .. ထပ်ကန်တော့ဦးမှာ .."

ဟု ပြောကာ ဘိုးအေကို ဧည့်ခန်းမှာ ထိုင်ခိုင်း။ ထိုင်ကန်တော့
ရှိပြန်၏။

"ဘိုး .."

"ဆုပေးလေ .. အဲဒါ ပြောမလို့လား .. ပေးပြီးပြီ .. မနက်
ဘိုး ဆုပေးတော့ ညည်း ငိုငိုယိုယိုလုပ်တာ ငါ ရင်ထဲမကောင်းဘူး





တိုင်းပဲ ခု ဆုပေးလိုက်တယ် .. သဘောပေါက် .."

"ဘိုး .. မုန့်ဆက်နော် .. သွန်း လည်း ဆက်မယ် .. စာလည်း
ာ် .. စာက လွမ်းရင် .. ခဏခဏထုတ်ဖတ်လို့ ရတယ်လေ ..
ေလာပါ့မယ်လို့ ကတိပေးရမယ် .. ပေး .."

"အေးပါ .. ရေးမယ် .. ရေးမယ် .. ဟိုမှာ လိမ်လိမ်မာမာ နေ၊
ာက်သည်နောက် မလုပ်နဲ့ .. ကြားရဲ့လား .. ဒီကလူတွေက ညည်း
ကြာကို သိတယ် .. ဟိုက သိကြတာမဟုတ်ဘူး .. ညည်း အနောက်
တဲ့ဒဏ်ကို .. ကျောကော့အောင် ခံကုန်ရ .. လန့်ကုန်ရလိမ့်မယ်.."

"စိတ်ချ .."

ဘာကိုစိတ်ချဟု ဖြေတာ မသိ။ နောက်ပါမည်ဟု စိတ်ချခိုင်းတာ
.. မနောက်ပါဟု စိတ်ချခိုင်းတာလား မသိရပေမယ့် .. လောလော
မှာတော့ ဘိုးအေ၏ဒူးကို နှိပ်ပေးနေရင်း ...

"နေ့တိုင်း ဒူးကို ဆေးလူးနော် ဘိုးဘိုး .."

ဟု မှာပြန်၏။

"ညည်း ဘယ်လောက်ဝေးဝေးမှ သွားမှာ မဟုတ်ဘူးနော်.. ရန်ကုန်
သွားတာ .. နိုင်ငံရပ်ခြားသွားမှာ ကျနေတာပဲ .. မှာတဲ့ကိစ္စ ငါက
မှာ.. ခုက ညည်းက ငါ့ကို ဟိုမှာသည်မှာနဲ့ .. ဆေးလူးချိန် ..
သောက်ချိန်.. အချိန်ဇယားတောင် ငါ့ခုတင်ခေါင်းရင်းမှာ စာရွက်
ကော်ကပ်ခဲ့တာ .. တော်တော်လွမ်းအောင် လုပ် .. ကဲ .. သွား..
ချေတော့.. အဝတ်အစား လဲ .. ဟိုမှာလည်း .. ကလေးလုပ်မနေ
ဒီမှာလုပ်လို့ ရတယ် .. ဟိုမှာ လုပ်လို့မကောင်းဘူး .."

"အံမယ် .. ဟိုကလည်း .. ဘိုးအိမ်ပဲဥစ္စာ .. ဘိုးသီ ရဲ့အိမ်မှာ ..
က .. ကလေးလိုမနေလို့ .. လူကြီးလိုနေရမှာလား .."

ဟု ပြောကာဆိုကာဖြင့် ရေချိုးဖို့ အပေါ်ထပ်သို့ သွန်းလေပြေမွှေး
သွားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"မြေးကို .. အစစ .. သူဆိုးရင်လည်း ခွင့်လွှတ်ပေးပါကွ
သူ့ကြည့်လိုက်ရင် .. ကလေးလိုပဲ ပေါ့ပေါ့ပါးပါး .. နေဖို့ပဲ စိ
မွေးထားတာ .."

ဟု ဘိုး သူ့ကိုကြည့်ကာ စိတ်ထင့်သလိုဖြင့် လှမ်းမှာ
သတည်း...။ တစ်အောင့်ပဲကြာသည်။ သွန်းလေပြေမွှေး ဆင်းလာပါ
သနပ်ခါး ဘဲကျားလေးလူးထားသည်။ လက်စကလက်နားတွန့်
အပြာကွက်လေးကိုဝတ်ထားလျက် ခြေသလုံးအလည်လောက်ထိ
သည့် အပြာစင်းလေးတွေပါသော ဘောင်းဘီလေးကို ဝတ်ထား
ပန်းပွင့်ထိုး ရှူးဖိနပ်လေးကို စီးထားသည်။ ဖိနပ်သားလေးက ချည်
လေးကို လှလှပပ အလှဲ့ပါးလေးဖြင့် ချုပ်ထားတာမို့ ပေါ့ပေါ့ပါး
သည်။ ကြည့်ရတာလည်း ကလေးတစ်ယောက် ဆင်းလာတာ
ဖြစ်နေသည်။

"ဘိုးကို ထမ်းကန်တော့ချင်သေးတယ် .."

ဟု မျက်နှာလေးညှိုးကာ ကန်တော့မဝသလိုပြောတော့ ဘိုး
ခမျာ မျက်နှာမကောင်းနိုင်တော့ပြီ။ အကန်တော့ခံရပြန်ပါ၏။ ဤ
ကြိမ်မှာတော့ မြေးကို ဆံစလေးသပ်ပေးသည်။ မြေးလေးကို
ဖြစ်နေတာလည်း သိသာနေသည်ပါပဲ။

"ဘိုးကလည်း .. ဘိုးသီ ရဲ့အိမ်ကို သွားတာပဲဥစ္စာ .. ဘယ်
ကြောက်ရမှာကျလို့ .. တူတူလိုက်ခဲ့တာ မဟုတ်ဘူး .. အိး .. ငိုချ
ပြီ .. ဘိုးနဲ့ ဘယ်တုန်းက ခွဲဖူးလို့လဲလို့ .. ဘိုးကို အမြဲ တရား
ဖတ်ပေးနေကျဥစ္စာ .. အခု ဘယ့်နှယ်လုပ်မလဲ .. ကဲ.. မနက်ဆို
တူတူ.. ပန်းခြံထဲမှာ .. အက်ဆာဆိုက်လုပ်နေကျဥစ္စာ .. ဘိုးတစ်ယော
တည်း လုပ်ဖြစ်တော့မှာ မဟုတ်တော့ပါဘူး.. ဘိုးနဲ့တူတူ.. မနက်တိုင်း
ဘုရားဆောင်မှာ ဘုရားရှိခိုးနေကျဥစ္စာ .. ဘိုးကတော့.. သွန်း ကို
နေတော့မှာပဲ .. သွန်း ကလည်း လွမ်းနေမှာ .. အဲဒါ ခက်တာ -





ဟု ပြောငိုတော့ သူ့မှာ .. ဤကောင်မလေး ကားပေါ်မှာများ
နေရှာချေမည်လားဟုပင် စိုးရိမ်စပြုလာရပါ၏။ သနားလည်း
ာနေမိရပါပြီ။ လုံးဝ ကလေးလေးလို အဖြူစင်သက်သက်လေး
လည်း ကာလတိုတိုလေးအတွင်းမှာ သူ သိနေရပါ၏။
"ဟဲ့ .. အဲသလို မလုပ်နဲ့လေ .. သနပ်ခါးတွေ ပျက်ကုန်မှာပေါ့ ..
ည်တွေက ပါးကွက်ပေါ် ရောက်တော့မယ် .."
"သုတ်ပေး .."
ခံမယ် ..၊ ခေါင်းလေးမော့၍ပေးပုံက သနပ်ခါးပါးကွက်လေး
အောင် မျက်ရည်သုတ်ဖို့ ဘိုးအေ ကို ခိုင်းနေခြင်း ..။ ဘိုးအေ
း လက်ကိုင်ပဝါဖြင့် ဖွဖွလေး သုတ်ပေးနေသည်။
မြင်ကွင်းကိုကြည့်ကာ .. ရင်ထဲမှာ အားကျလာရသည်ပါပဲ ..။
မြေးအဘိုး ချစ်လိုက်ကြချေသည်ကော .. ဟု သူ ကြည်နူးစိတ်ဖြင့်
ည်း တွေး ..၊ ငေးလည်း ငေးနင့် ရှိနေရင်းမှ ..။
ချတ်ရည်စလေးတွေ စိုစွတ်နေသည့်မျက်ဝန်းအိမ်ဆီမှ လိမ့်လူးကျ
ည့်မျက်ရည်ကို ပါးကွက်ကျားလေးထိ မစိုမလူးရအောင် ဘိုးအေ
ာ မျက်ရည်ကိုသုတ်ပေးနေတာ ငြိမ်ခံနေသည့်ကောင်မလေးကို
ငေးခနဲ ကြည့်မိသည်။
ကြွေရုပ်လေးနယ်ပါလားဟု တွေးဖြစ်၏။
အပြစ်ကင်းစင်သောကလေးလေး လက်ထဲမှာရှိရင်း ..၊ ရင်ခွင်ထဲမှာ
င်းဖြင့် လှပစွာ ခေါင်းလေးမော့ထားသည့်နှယ် လှပစွာ .. အပြစ်
င်စွာ .. ချစ်စဖွယ့် .. ချစ်စဖွယ်လေး ရှိနေပါသည့် ကြွေရုပ်လေး..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ကားမောင်းရင်း သူ ငုံ့ကြည့်မိရပါ၏။ မျက်နှာလေး ညှိုးနေ
အိပ်ပျော်နေသည့် ကောင်မလေး ...၊ ကားတံခါးမှန်ကို ချထားတော
ကောင်မလေး၏နဖူးစပ်ဆီမှ ဆံနွယ်လေးတွေကို လေတိုးနေသည်
ကလေးလေးလိုပင် ခေါင်းလေးစောင်း၍ အိပ်ပျော်နေပုံလေးကလည်
အရမ်းကို အပြစ်ကင်းစင်နေသည်ပါပဲ။ မျက်ခုံးစိမ်းလေးက ထင်
သည်။ နှာတံလေးကစင်းနေကာ မျက်တောင်ထူထူ တိုတိုလေးတွေ
လည်း ထူပိတ်မည်းနက်နေသည်ပါပဲ။ လေတိုးလွန်းနေတာမို့ ကား
တင်ခလုတ်ကို သူ နှိပ်လိုက်ရပါသည့်အဖြစ်။ ကောင်မလေး လေစိမ်း
ပြီး ဖျားမှာလည်း သူ စိုးရိမ်သည်။ မျက်နှာနုနုလေးကို လေတိုးဖန်မှာ
လျှင် ကျိန်းစပ်ကုန်မှာလည်း သူ စိုးရိမ်သည်။ အကြောမျှင် စိမ်းဖန့်
တို့ ထင်လောက်အောင်ပင် မျက်နှာလေးက နူးနူးညံ့ညံ့ရှိလွန်းလှ
သည်ကိုးလေ ...။

ဤကောင်မလေး ခရီးထွက်သည်ဆိုကတည်းက ဖုန်းဆက်
ကြိုးစားလိုက် ...၊ ခေါ်မရချင် စိတ်ညစ်ညစ်ဖြင့် ရှုခင်းတွေ ငြိမ်ကြည့်
လိုက်လာလိုက် ...၊ မျက်စိညောင်းလျှင် အိပ်ပျော်သွားလိုက်ဖြင့် ရှိနေ
ပါ၏။





ကောင်မလေး နိုးလာကာ ထုံးစံအတိုင်း ဖုန်းခေါ်ဖို့ ကြိုးစားပြန်
ခေါ်မရတော့ ခေါင်းလေးကုတ်၍ ...
"ဆက်သွယ်မှုဧရိယာပြင်ပ ရောက်နေတာ သွန်း ရဲ့ဖုန်းအလှည့်
ပြီ .. ဘိုးဘိုး နေကောင်းရဲ့လား ဆိုတာလည်း မြပုဝါကို လှမ်းမေး
ယ် .. ဘိုးသိ သက်သာရဲ့လားဆိုတာကိုလည်း ရွှေရိပ်ဦးကို လှမ်း
ချင်တယ်.. ဘယ်ကိုမှ ခေါ်လို့မရတာက ခက်တယ် .."
ဟု ညည်းသည်။ ဖုန်းလေးကို ဖုန်းအိတ်လေးထဲ သေချာထည့်ပြန်
ပြီးလျှင် စလင်းဘက်လေးထဲ ဖုန်းကိုထည့်ပြန်၏။ ဤသည်က
ဖုန်းခေါ်ပြီးတိုင်း လုပ်နေကျ ...။ ပစ္စည်းတော့ ရှိသေသားဟု သူ
သေးမိပြန်သည်။ ဖုန်းလေးကလည်း လက်အိုလက်ဟောင်းပုံစံ
သည်။ အဆန်းတကာ့ပေါ်တိုင်း လိုက်လိုက်ဝယ်ပြီး ဟန်းဆက်
သည့် သူဌေးမြေး လုပ်မနေတာကလည်း သူ့အတွက် ဆန်းနေ၏။
.. နှစ်သက်စရာလေးလည်း ဖြစ်နေသည်ပါပဲ။ သူက ကြွားဝါ
အမျိုးကို မကြိုက်တတ်..။
အပုလေး ကို ကြည့်တော့လည်း မျက်နှာမလန်းသည့် သွန်းလေပြေ
အရိပ်အကဲကြည့်ကာ လေမပေါ်နိုင်ဘဲ လေအိုးပိတ် အပုလေး
ရှာပါသည့်အဖြစ် ...။
"ကိုကြီး .. အပုလေး ဆာတယ် .."
ခုမှ အသံပွင့်လာပါသည့် အပုလေး ပါ။ လေမပစ်ရတော့လည်း
သည့်အလုပ်က နိုးကြားနေပုံ ရသည်။ မိုင်းခမ်းလုံရောက်လျှင်
စမည်ဟု အားခဲကာ အဝတ်သစ်တွေ အိတ်ထဲ ဖောင်းကားနေ
ထည့်လာပါသည့် အပုလေးခမျာ အပြန်ခရီးမှာ ထိုအိတ်ကို
တင်စရာအဖြစ်ပဲ အသုံးချလာရရှာသည်တည့်။ ဘယ်မှ မလည်
ဘဲ နောက်တစ်နေ့ ပြန်လာရသည်မို့ အားခဲထားသမျှ လေထဲ
ခဲ့ရသည်မို့ မျက်နှာမကောင်း ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ အပုလေး ဆာရောပေါ့ .. ဟိုခြင်းထဲမှာ အသင့်ဖျော်
ထည့်ထားတဲ့ ကော်ဖီဓာတ်ဘူး ရှိတယ် .. ကော်ဖီခွက်နဲ့ မုန့်ပုံးလည်း
ရှိတယ် ကိုကြီး .. ကား ခဏရပ်ပါလား ဟင် .. ဟိုသစ်ရိပ်အောက်မှာ
ခဏနားပြီး အဆာပြေ ကော်ဖီသောက် မုန့်စားကြရအောင်နော် .."

ကိုယ့်ကို တကန်တက လာကြိုပေးရ ..၊ ရွှေရိပ်ဦးသို့ ခေါ်သွား
ပါသည့် သူ့ကို အိမ်ရှင့်ဝတ္တရား မကျေနိုင်ဘဲ ဖြစ်သွားရချေသည်
တွေးမိပုံလေးဖြင့် တောင်းပန်သလိုလေး ကြည့်ကာ ပြောလာသည်
သွန်းလေပြေမွှေး ပါ။ ရင်ထဲ တစ်ချက် ဟာခနဲ ဖြစ်သွားရသည့် ခံစား
ချက်ကလည်း သူ့အတွက် ဆန်းနေသည်။ ကိုကို .. ဟု ခေါ်ရာ
အပုလေး ခေါ်သလို ကိုကြီးဟု သူ့ကို ပြောင်းခေါ်လိုက်တာကို သူ ဘာ
ကြောင့် ရင်ထဲ ဟာခနဲ ဖြစ်သွားရပါသတဲ့လဲ။ ကိုကို .. ဟု ခေါ်သံလေး
ကို ဘာကြောင့် လွမ်းချင်နေရပါသတဲ့လဲ..။ ညီမလေးတစ်ယောက်
ချွဲနွဲ့စွာ ကိုကို ဟု ခေါ်လိုက်ပုံလေးကို သူ ပြန်ရချင်နေပြန်သည့်အဖြစ်

ကားရပ်လိုက်ရကာ တကယ်ပဲ သစ်ရိပ်အောက်ရှိ တပြ
တလျားရှိနေရာ သဘာဝမြက်ရိုင်းပြင်ထက်မှာ ထိုင်လည်းထိုင်ဖြစ်
ကာ မုန့်ပုံးကြီး အလယ်မှာချ၍ ..။ သွန်းလေပြေမွှေး လောင်းထည့်ပေး
ကော်ဖီခွက်ကို ကိုင်၍ ကော်ဖီသောက်လိုက်ရသည်ပါပဲ ..။ ကော်ဖီ
လေးကို သောက်ရင်း တောတောင်ရှုခင်းကို ငေးကြည့်ကာ သဘာ
တောရနံ့ပါသည့်လေကို ရှူရှိုက်ရသည့်ခံစားချက်ဆိုတာမျိုးက ခရီး
ထွက်မှသာ ရရှိနိုင်သည်တည့်။ သူ ကော်ဖီကို အရသာခံ၍သောက်ရင်း
မှိုင်းပျပျတောတောင်ရိပ်တို့ကို ငေးကြည့်နေမိသည်။ မုန့်ကို ယူမစား
ဖြစ် ..။

"မုန့်က အချိုသုပ်ထားတဲ့ ဘီစကစ်တွေဆိုတော့ .. ကိုကြီး
မကြိုက်ဖူးထင်ပါရဲ့ .."

အားနာသလိုလေး မေးလာသံ ..၊ အပုလေး ကတော့ ဆာဆာနဲ့





နှံ့စားလိုက် ကော်ဖီသောက်လိုက်ဖြင့် ဝမ်းဖြည့်သည့်အလုပ်ကို ဖိဖိ
စီးစီး လုပ်နေဆဲ ..။

"ကိုယ် အစားမရွေးပါဘူး .. အဲဒါ ယယ်ကျင့်ပါပဲ .. မိုင်းလွိုင်က
အိမ်ဦးယံမှာ ဒေါ်လေးခမ်းနွဲ့ ချက်ကျွေးတာ စားခဲ့ရတာ ယယ်တုန်း
ကတည်းကပါပဲ၊ ဟိုဟာ မကြိုက်ဘူး .. သည်ဟာ မကြိုက်ဘူး .. ဟိုမုန့်
ဘူး .. သည်မုန့် မစားဘူးဆိုတာ လုပ်လို့ရအောင် .. ကိုယ့်မှာ
မေမှ မရှိတာ .. ယယ်ကတည်းက ဘာမဆို .. စားပွဲရှေ့ရောက်တာနဲ့
လိုက်သင့် စားလိုက်တာပါပဲ .."

လွှတ်ခနဲ သူ ပြောမိရပါ၏။ ကောင်မလေး သူ့ကို ငေးခနဲ ကြည့်
သည်။ သူ့ကို သနားနေသည်လား ..၊ ရင်ထဲ သိမ့်ခနဲ ဖြစ်သည်။
သို့ သူ့ကို အေးမြသောအကြည့် ..၊ ကရုဏာကြည့် ..။ မျှဝေ နားလည်
သည့်အကြည့်ဖြင့် ကောင်မလေးတစ်ယောက်က ကြည့်လာခြင်းကို
လက်ခံလိုက်ရသည့် အတွေ့အကြုံသည် ပထမဆုံးဖြစ်နေသည်။
အတွက်လည်း ဆန်းနေသည်။ ရင်ထဲ လှုပ်ရှားသည်။ ကြည်နူး
ယောင်လည်း ဖြစ်ပြန်၏။

"သွန်းလည်း ဒီလိုပါပဲ .. ဖေဖေရော မေမေရော ရှိကြတာမှ
တ်တာ .. သွန်း ကို ငယ်တုန်းက ဘိုး ပြောခဲ့တယ်လေ .. မြေးမှာ
မေမေ မရှိပေမယ့် .. ဘိုး ရှိတယ်တဲ့ .. ဘိုးဘိုးရဲ့အချစ်တွေ
ယ်တဲ့ .. သွန်း ကျောင်းတက်တဲ့ ငယ်ဘဝမှာ .. သူငယ်ချင်းတွေက
တို့ရဲ့အဖေ အမေတွေအကြောင်း ပြောတဲ့အခါ သွန်း ကလည်း သွန်း
ရှိတဲ့ ဘိုးရဲ့အကြောင်းကို ပြောလိုက်တာပေါ့ .. သူငယ်ချင်းတွေက
တို့ရဲ့ထမင်းချိုင့်တွေမှာ ပါလာတဲ့ဟင်းကို သူတို့အမေက ဘယ်လို
ပေးတာဆိုတာ ထမင်းစားရင်း ပြောတဲ့အခါမှာ .. သွန်း ကလည်း
သွန်း ရဲ့ချိုင့်ထဲကဟင်းကို .. သွန်း ကြိုက်တာတွေ တမင်ရွေးပြီး
ကြီးသင် ချက်ပေးလိုက်တယ်ဆိုတာကို ပြောလိုက်တာပေါ့ .. သွန်း



www.burmeseclassic.com

www.burmeseclassic.com



က သွန်း ရဲ့အဝတ်လေးတွေကို ဘိုး ဘယ်လို လှလှလေးတွေ ရွေး
ပေးတာတွေ .. သွန်း ကို ဘိုး ဘယ်လောက်ထိချစ်တယ် ဆိုတာတွေ
ဘယ်အချိန်မှာ သူတို့ကို ပြောပြသလဲဆိုရင် .. သူတို့ရဲ့ အမေအဖေ
က အဝတ်တွေ ဝယ်ပေးတာ .. ဘယ်လိုချစ်တယ်ဆိုတာတွေ ပြော
အခါမှာပေါ့ ..''

ဟု သွန်း တည်တည်ငြိမ်ငြိမ်လေး ပြောလာတော့ သူ ငေး
ကြည့်မိသည်။ သူကမှ .. အဖေဆိုတာ ရှိသေးသည်။ ဤကောင်မလေး
မှာ မိဘနှစ်ပါးစလုံး ရှိကြတော့တာ မဟုတ်။ ဒါပေမယ့် ဘိုးအေ
အတူနေရသည့်ဘဝကို ငယ်ဝန်းကျင်အဝန်းအဝိုင်းမှာကတည်း
အသားတကျနေတတ်အောင် ကြိုးစားခဲ့ချေသည်တကား ..။

"မနက်စောစော .. မနက်ခင်းလေးတစ်ခုမှာပေါ့ .. သွန်း
သေးတယ် .. အပေါ်ထပ်က သွန်း ဆင်းလာချိန်မှာ ဘိုးဘိုးယ
ထိုင်ခန်းမှာရပ်နေရင်း မျက်ရည်ကျနေတာကို မြင်လိုက်ရတယ် ..
နဲ့ မေမေ့ဓာတ်ပုံရှေ့မှာ ဘိုးဘိုး ကျိတ်ပြီး မျက်ရည်ကျနေတာ မြင်
တော့ ဘိုးဟာ သွန်း လိုပဲ လူမသိအောင် ငိုတတ်ပါလားလို့ သိလို
တယ်လေ .. သွန်း က အိပ်ရာဝင်ချိန်တိုင်းမှာ ဘိုးကို အရင်သွား
တော့တယ် .. ပြီးရင် .. သွန်း ရဲ့ အခန်းမှာ .. တစ်ယောက်တည်း
နေရင်း ., ဖေဖေနဲ့မေမေ့ကို ရည်မှန်း ကန်တော့ရင်း မျက်ရည်ကျ
လေ .. အမိမဲ့အဖမဲ့ သမီးလေးတစ်ယောက်ရဲ့ အားငယ်ကြေကွဲမျက်
တွေဆိုပါတော့ .. အဲဒီမနက်မှာ ဘိုး မျက်ရည်ကျတာ မြင်ရ
သွန်း ဆုံးဖြတ်လိုက်တယ် .. ဘိုးရဲ့ရှေ့မှာ .. သွန်း ဟာ ပျော်
သွန်း ဖြစ်အောင် နေပြရမယ်လို့.. ဒါမှ .. ဘိုး .. စိတ်ဖြေသာမှာလို့

သူ ငြိမ်နားထောင်ရင်း ရင်ထဲမှာ မကောင်းနိုင် ..၊ နောင်တ
သည်။ သူ လွှတ်ခနဲ ပြောမိသည့်စကားသည် သွန်း ကို စိတ်
အောင် လုပ်လိုက်သလို ဖြစ်သွားချေပြီကောလေ ..။





"ဘိုးအတွက် .. သွန်း ဟာ အမြဲပျော်တတ်တဲ့ သွန်း ဖြစ်အောင်
အားယူလာတတ်တယ် .. ခုကျတော့လည်း အလွန်အနောက်သန်တဲ့
လေပြွေး ဖြစ်သွားတော့တာပါပဲ .. လူဆိုတာ အပျော် ပျောက်
နေရင် .. ပျောက်ဆုံးနေတဲ့အပျော်တစ်ခုကို .. ရအောင် ပြန်ရှာဖွေ
တတ်တယ်လေ ကိုကြီး ..''

သူ ကောင်မလေးကို အထင်မကြီးဘဲ မနေနိုင်။ ရင့်ကျက်သော
အတွေးအခေါ်တစ်ခုကို .. သူ့ရင်ထဲ အရောက်ထည့်ပေးလိုက်သည့်နှယ်
ပြန်သည်။

"ငါက တစ်မျိုးဖြစ်နေတယ် သွန်းလေပြွေး .. မေမေ မရှိတော့
မှာ ဖေဖေက အရမ်းကို ငြိမ်နေတတ်တယ် .. အလုပ်တွေထဲမှာ
ကို နှစ်ပစ်လိုက်တယ် .. အလုပ်က အိမ်ကို ပြန်ရောက်တဲ့အခါများ
အဖေဟာ အခန်းအောင်းရင်း ငြိမ်နေတတ်တယ် .. ငါက အဖေပါ
တ်ဆုံးသွားသလို ခံစားရတာ ..''

ဟုလည်း ဖွင့်မပြောချင်တော့ပါ ..။

ပြီးတော့ .. သူ ခံစားနေရတာ ရှိသေးသည်။ ရင်ကိုနာကျင်ကြေကွဲ
သည့် .. ဖယ်ရှားခွင့်မရနိုင်တော့သော ခံစားချက် ..၊

မေမေ့ကို အလွန်ချစ်သော ဖေဖေသည် ဘာ့ကြောင့် မာမီ့ကို
ထပ်ခဲ့ရပါသလဲ ..၊ သူ့အတွက် မိခင်တစ်ယောက်ရှိနေသင့်သည်ဟု
ပြောဖူးသည်။ တကယ်တော့ ဖေဖေသည် မေမေ့ကို လွမ်းဆွတ်
သားတစ်ယောက်နှင့် အတူနေသင့်သည်ဟု သူထင်သည်။ မာမီ့ကို
နှုန်းပါ။ မေမေ့နေရာကို ဝင်လုယူသူလည်း မသတ်မှတ်ပါ။ ဒါပေ
ဖေဖေသည် မေမေ့နေရာမှာ မာမီ့ကိုထားကာ လက်ထပ်လိုက်နိုင်
ဆိုသည့် ခံစားချက်တစ်ခုကြောင့် သူသည် အချစ်ကို ယုံကြည်ပေး
နဲ့လေးလာသယောင် ဖြစ်လာရသည်။ ဖေဖေသည် မေမေ့ဓာတ်ပုံ
ကိုလည်း တိမ်ဦးယံမှာ ခုထိ ရှိနေစေဆဲ ..။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဧည့်ခန်း၏နံရံမှာ မေမေ့ဓာတ်ပုံတွေရှိနေတာက မေမေ
စဉ်တုန်းကနှယ်ပင် အပြောင်းအလဲ မရှိဘွာ တည်မြဲနေဆဲ ..။ ပြီး
ဖေဖေနှင့် မာမီအိမ်ထောင်ရေးသည်လည်း အေးစက်စက်ဖြစ်
သည်မို့ အချစ်ဆိုသောအရာကို သူ ဘယ်လိုနားလည်ပေးရမှန်း
ခြားနိုင်တော့ဘဲ ဖြစ်နေရပြန်သည်။

မာမီကလည်း သူ့ကို သားတစ်ယောက်ပမာပဲ ချစ်သည်။
လည်း သူ့ကို မြေးပမာ ချစ်သည်။ ဤသည်အတွက်ကတော့
ကောင်းသည်ဟု ကိုယ့်ဘဝကို ကြည်နူးရပါ၏။

ဒါပေမယ့် .. မာမီသည် မိုင်းလှိုင်ရှိ တိမ်ဦးယံအိမ်ကြီးသို့
ကြိမ်ပဲ ရောက်ဖူးခဲ့လျက် ..။ နောက်တစ်ကြိမ်သော်မျှ မရောက်
ရှိခဲ့တာကိုလည်း သူ ငယ်ဘဝမှသည် ယခုတိုင် အမှတ်ထင်ထင်
နေစရာဖြစ်နေ ပြန်ပါ၏။

"တကယ်တော့ .. လူတိုင်းလူတိုင်းမှာ .. မမေ့နိုင်စရာအဖြ
အတိတ်တွေဆိုတာ .. ရှိခဲ့ကြတာပါပဲ .. အဲဒီအတိတ်ဟာ .. ပစ္စုပ္ပ
လည်း ပါလာတတ်သလို .. အနာဂတ်ထိလည်း လွှမ်းမိုးနေတ
ပါပဲ.."

သူ လွှတ်ခနဲ ခပ်ညည်းညည်း ပြောမိရပါသတည်း ..။

အေးမြမြ လေနုတို့သည် တောတောင်တို့၏ရနံ့ကို သယ်
လျက် ကော်ဖီရနံ့နှင့်အတူ သူ့နှာဖျားဆီသို့ တိုးဝင်သည်။

သူ့စကားကြောင့် ကောင်မလေး သူ့ကိုမော့၍ ခပ်ငေးငေး
တာကို ကြုံရစဉ်နိုက် ကြေကွဲပြုံးသည် သူ့နှုတ်ဖျားမှာ ဖေးတင်
တည့် ..။





## အခန်း (၁၀)

"တားလို့ကိုမရတာ ပြည့်စုံလေး ရယ် .. မြေးရောက်မယ်ဆိုတာ
ဘို့ မနက်ကတည်းက အောက်ထပ်ဧည့်သည်ခန်းမှာ ပြောင်းနေပြီ ..
ခုတင်မှာ လှဲပြီး .. နားနေလိုက် .. ခပ်ဖြည်းဖြည်းလျှောက်ပြီး ဧည့်ခန်းမှာ
ထိုင်ရင်း မြေးကို မျှော်လိုက်နဲ့ကွယ် .. ဒေါ်ထား ဖြင့် အစ်ကိုကြီးအတွက်
စိတ်ပူနေရတာ .. ခု .. မြေးရောက်လာတော့ မျက်နှာကိုလန်းနေတာပဲ..
အားအင်တွေတောင် တိုးလာသလို ထင်ရတယ် .."

မြေးအဘိုးဆုံခန်းက ဧည့်ခန်းမှာရှိနေလျက် ..၊ ဘိုးအေ ရင်ခွင်ထဲ
ခေါင်းဝင်ရင်း စကားပြောနေလိုက် ..။ ဘိုးအေ၏မျက်နှာကို လက်လေး
ဖြင့် စမ်းကြည့်ရင်း ...

"ဘိုးသိ ပိန်သွားတယ်နော် .."

ဟု မျက်ရည်လေးတလည်လည်ဖြင့် ရှိနေလိုက်ဖြင့် ချစ်ကြင်မဆုံး
ဖြစ်နေကြပါသည့် မြေးအဘိုးတို့၏ ကြည်နူးစဖွယ်မြင်ကွင်းကို သူကြည့်
ရင်း ရင်ထဲ ကြည်နူးရသည်ပါပဲ ..။ ရွှေရိပ်ဦး၏ ဒရိုင်ဘာဖြစ်ပါသည့်
လေးလေးစံ နှင့် အပုလေး တို့ကတော့ ကားနောက်ခန်းထဲမှ ပစ္စည်းပစ္စ
သယ်ဟယ် ပြုဟယ်ဖြင့် မီးဖိုဆောင်နှင့်ကားရှိရာ ပေါ်တီကိုအကြ
အားချည်းသန်းချည် ဖြစ်နေကြရသည်။ ဒေါ်ကြီးထား မှာသူ့ဘေးမှ



www.burmeseclassic.com

www.burmeseclassic.com



လာရပ်ရင်း ခပ်တိုးတိုး ပြောနေခြင်းပါ။ ပြောနေတာ တစ်ခုတည်း တော့ မဟုတ်ပါ။ သွန်းလေပြေမွှေး ကိုလည်း တကြည့်ကြည့်ဖြ ကြည့်ချင်ဇောလေးလည်း တင်နေရင်းဖြင့် ရှိနေခြင်းဆိုတာ သူ ရိပ်မိ ပါ၏။

"အစ်ကိုကြီးက .. နဒီ မသိအောင် .. တိုးတိုးသက်သက် .. ကလေးရဲ့ဓာတ်ပုံတွေ ပြဖူးပါရဲ့ .. အံမယ်လေး .. ခုလို ကိုယ်တိုင်မြင် တော့ ပိုချောပေသကိုး .. ချစ်စရာလေးတော်ရယ် .. အဟုတ် .."

ဟု ခုကတည်းက ချစ်နေပုံလေးဖြင့် သွန်းလေပြည်မွှေး ကို ကြ ကာ ကြည့်ကာ ဒေါ်ကြီးထား ပြောနေသည့်အဖြစ် ..။

သူ ပြုံးမိရသည်ပါပဲ ..။ ပေါ်တီကိုအောက် ကားရပ်လိုက်တာ ကားပေါ်မှ သွက်ခနဲ ဆင်းကာ ..။ ကိုယ့်ဘိုးအေအိမ်ပေမို့လား မသိ ဘယ်သူ့ကိုမှလည်း ရှိန်နေတာ မရှိ ..။

"ဘိုးဘိုးရေ .. ဘိုးဘိုးသီ ရေ .."

ဟု အော်ခေါ်ရင်း ပြေးဝင်သွားပုံလေးကို သူ့မှာ ရပ်ငေးကျ သည် မဟုတ်ပါလား။ သူ ထင်ထားတာက .. အိမ်ထဲဝင်ဖို့ပြုဖို့ သွ လေပြေမွှေး နည်းနည်းတော့ ရှိန်နေမည်ဟု ထင်ခဲ့မိခြင်း ..။ ခုကျတော ဘိုးအေဖောပဲ ကပ်နေတာ ဘာကိုမှ သိပ်ဂရုစိုက်ပုံ မရ။ အဆုံးစွန် အဒေါ်ဖြစ်သူ မကြည်မဖြူရှိမည်ဆိုတာကိုပင် အာရုံရောက်ပုံ ကလေးတစ်ယောက်နှယ်ပင် အိမ်ကြီးထဲ ပြေးဝင်သည်။ ဘိုးအေလု ကလည်း ဧည့်ခန်းဆိုဖာရှည်ကြီးမှာ တမျှော်မျှော်ထိုင်နေတာမျိုး မဟု တော့ပြီ ..။ ကားရပ်လိုက်တာနှင့် လက်ကိုင်တုတ်ကို တတော တောက်ထောက်ကာ အတန်မျှပင် အားအင်ပါနေသည့်ခြေလှမ်းတွေ လျှောက်လာနေပြီမို့ ဧည့်ခန်းလယ်လောက်မှာပဲ မြေးအဘိုး ဆုံကြ တည့် ..။ ခုကျတော့လည်း ဆိုဖာရှည်ကြီးမှာ တူတူထိုင်နေကြရင်း ဘိုးသီ ၏ရင်ခွင်မှာ ကလေးလို ခေါင်းတိုးဝင်ကာ တမော့မော့ကြည့်





ကားတပြောပြော ဖြစ်နေပါသည့် သွန်းလေပြေမွှေး ပါ ..။

"ကိုအိမ်စိုး ဖုန်းဆက်လာတယ် မြေးရဲ့ .. မြေးတို့ ဟိုကထွက်လာ ပြီဆိုတာလေ .. အဲဒီကတည်းက .. ဘိုး မျှော်နေတာ .."

"ဘိုးသီ ကို .. ဖုန်းခေါ်တယ် သိလား .. ကိုကြီးတို့ရောက်လာ တုန်းကလည်း ခေါ်တာပဲ .. ဘိုးဘိုး ပြောပြလို့ ဘိုးသီ့ နေမကောင်းဖြစ် နေလို့ .. သွန်း ရန်ကုန်သွားရမယ်ဆိုတာ ပြောပြတုန်းကလည်း ခေါ်တာ ပဲ .. ဘိုးရဲ့ဖုန်းက အဲဒီတုန်းကတော့ စက်ပိတ်ထားတယ်ချည်းဖြစ်နေ တာ .. အခု .. ဟိုကထွက်လာတော့လည်း ခေါ်တာပဲ .. ဖုန်းခေါ်လို့ ရောဖြစ်နေတာ သိလား .. မြို့အဝင်ရောက်တော့ ဖုန်းဆက်မယ် သွန်း ဆိုတော့ ကိုကြီး တားတယ်၊ ရောက်တော့မှာပဲဥစ္စာတဲ့ .. မဆက်နဲ့ တော့တဲ့ .. ဘိုးသီ သိရင် ခြံဝထိ ထွက်မျှော်နေမှာတဲ့ .. အဲဒါ .. တော်နေပြန်ရော .. ဒါကြောင့် .. ဘိုးသီ ပင်ပန်းမှာစိုးလို့ မဆက်တော့ တာ သိလား ..၊ တော်သေးတာပေါ့ .. ဘိုးသီ ကို ဒီလောက်ထူထူထောင် ထောင်မြင်လိုက်ရလို့ .. သွန်း .. ကြက်ဥ လတ်လတ်ဆတ်ဆတ်တွေ ည်း ယူလာတယ် သိလား .. ပူတင်းဖုတ်ကျွေးမယ် .. ကြက်သား န်ပြုတ်လည်း ပြုတ်ကျွေးမယ် .. မျှစ်ဖွမ်လည်း ကျွေးမယ် .. ကြက် ခေါင်းလည်း ပေါင်းကျွေးမယ် .. အားရှိအောင် .."

အံမယ် ..၊ ဤကောင်မလေး ကလေးလိုနေပေမယ့် အချက် အပြုတ်တော့ ရနေသည်ပဲဟု အထင်တကြီး သူ ဖြစ်ရပါ၏။ ဘိုးသီ တော့ မြေး၏ဆံစလေးကို သပ်ပေးရင်း ရယ်နေသည်။

"မြေး ရောက်လာတာနဲ့ ဘိုးသီ ဖြင့် တစ်ဝက်လောက် ကျန်းမာ တိုးတက်နေပြီကွယ့် .."

ဟု ပြောသည်။ ဘိုးအေ၏ရင်ခွင်ထဲမှခွာ၍ ကိုယ်လေးမတ်ထိုင် ခုမှ ဟိုဟိုသည်သည်ကြည့်သည်။ အလောတကောလေး ကြည့် ည့်အကြည့် ..၊



www.burmeseclassic.com

www.burmeseclassic.com



"ဘိုး .. အန်တီလေးရော .."

မေးသည်မှ တိုးတိုးလေး ..၊ ဘိုးအေကလည်း မြေးကိုကြည့်

"ဟိုတယ် သွားတယ် .. ကုန်တိုက်မှာလည်း ရှိနေနိုင်တယ်
သူ မရှိဘူး .. ပြန်မရောက်သေးဘူး .."

ဟု တိုးတိုးလေး လိုက်၍ ဖြေသည်။ သူ ပြုံးမိရပါသတည်း။
က အဘိုးကို တိုးတိုးလေးမေးတော့ အဘိုးကလည်း တိုးတိုးလေး
သည်။ မေးသူကတော့ မာမိရှိနေမှာစိုး၍ တိုးတိုးမေးခြင်း ..။ ဖြေ
ဘိုးက .. သွန်းလေပြေမွှေး ကို ချစ်စနိုးလေး နောက်သလိုဖြေ
ဤမြေးအဘိုး ဘာကြောင့် ဤမျှချစ်ကြသည်ဆိုတာ သူ ပို၍ သိ
သည်။ တကယ့်ကို .. လည်ပင်းဖက်၍ ချစ်ကြသည့် မြေးအဘိုး
လေ ..။ ဘိုးဘိုးသိ ချက်ချင်း ခုလို လန်းလန်းဆန်းဆန်း စတင်ဖြစ်
သည်ကလည်း မြေးဇော်ဖြင့်ဆိုတာ သူ ပို၍ နားလည်လာရသ
သည်တော့လည်း သွန်းလေပြေမွှေး ထရပ်ကာ စည့်ခန်းထဲ
ကလေးနောက်ပစ်၍ ဟိုဟိုသည်သည် ကြည့်သည်။ အဒေါ်ဖြစ်သူ
ဓာတ်ပုံတွေကိုလည်း အတော်ကြာ ကြည့်သည်။ မရှိမှန်းသိ၍ စိတ်
လက်သာဖြင့် အိမ်ကြီးကို စပ်စုသည့်အလုပ် လုပ်ခြင်းပါတည် ..။

"ဘာလဲ .. မြေးက .. အန်တီလေး မရှိဘူးဆိုမှ .. ဓာတ်ပုံ
ဘာတွေ ကြည့်ရဲပြုံရဲတယ် ဆိုပါတော့ .."

ဘိုးသိ ရယ်၍ ပြောသည်ကလည်း ချစ်စနိုးဖြင့်ပါ ..။ သွန်းလေ
မွှေး ရယ်သည်။

"သွန်း က ဘာလို့ကြောက်ရမှာလဲ ဘိုးဘိုးရဲ့ .. အန်တီလေး
သွန်း ရဲ့အန်တီလေးပဲဥစ္စာ .. မကြောက်ပါဘူး .. အံမယ် .. အန်တီ
က ချောတယ်နော် .. အိမ်မှာ အန်တီလေးနဲ့တူတာဆိုလို့ ဓာတ်ပုံတော
မြင်ဖူးခဲ့ရတာ မဟုတ်ဘူးလေ .. မေမေတလည်း ချောတာပဲ .. အန်
လေးကလည်း ချောတာပဲ .. ဒါကြောင့် မြပုဝါမှာ ဘိုးဘိုးက ပြောတ





— သွန်း တို့က အချောမျိုးတွေတဲ့ .. ဟက် .. ဟက် .."

အဒေါ်လုပ်သူ မရှိမှန်းသိ၍ လေတကျယ် မိုးတကျယ် ပြောနေ
လားတော့ မသိရ။ ဟန်ကတော့ အပြည့်ဖြစ်နေသည်တည့် ..။
ရေ့ ကြမ်းခင်းကော်ဇောကြီးထက်မှာ သွန်းလေပြေမွှေး ထိုင်
သက်အုပ်လေး ချီ၍ ...

"ဘိုးကို ရောက်ရောက်ချင်း ကန်တော့မလို့ဥစ္စာ .. ဘိုးကို ချွဲချင်
် .. ဝမ်းသာအားရ ဖက်ပစ်ချင်တာရယ်ကြောင့် .. မေ့သွားတယ်
.. ဟက် .. ဟက် .."

ဟု ချက်ချင်း မကန်တော့ဖြစ်ရခြင်းကို လေပြည်ထိုး၍ ရှင်းတမ်း
ည်၊ နောက်တော့ ကန်တော့ပါချေ၏။ သူ ရင်ထဲ အေးချမ်းသွားရ
ပဲ။ လိမ္မာချေသည်ပဲလေ .. ဟု တွေးဖြစ်သည်။ ဤမျှ နှစ်ဖက်
တွေ အလိုလိုက်သည့်ကြားထဲမှာ ကြီးလာသည့်ကလေး ..၊ ခုလို..
ခြားရှိတာ ဝမ်းသာဖို့ကောင်းသည်။ တချို့ဆို အလိုလိုက်ခံရ
သည့်ဒဏ်ကြောင့် ဆိုးကုန်တာရှိသည်ပဲလေ။ ခြေကြောလက်ကြော
ကြတာ မဟုတ်။ ဟုတ်သည် ..၊ အလိုလိုက်သည့်ဒဏ် ..၊ အလို
ခြင်းသည် .. အလိုလိုက်ခံရသူကို ဒဏ်သင့်သလို အဆိုးဖြစ်ကုန်စေ
ခပ်များများ မဟုတ်ပါလား ..။

"သာဓု .. သာဓု .. သာဓုပါ မြေးရယ် .. ဘေးမသီ ရန်မခ ..
ဘဝ အမြဲရပါစေ .. ဘိုးဘိုးတို့နဲ့ နှစ်များစွာ အတူနေရပါစေ..
င်း အောင်ပါစေ .."

ဘိုးဘိုး ဆုပေးနေတော့ လက်အုပ်လေးချီ၍ ငြိမ်သက်ခံယူသည်။
သူ့ကို ကြည့်ကာ ...

"လာ ထိုင်လေ မြေး ပြည့်စုံ .. ရပ်ငေးနေတော့တာကိုး .. လာ
.."

ဟု ဘိုးဘိုးသိ လှမ်းခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုး ပြောသကွယ် .. မြေး သွန်း က ချက်ချင်း ရန်ကုန်ကိုသွား ချင်တယ်ဆိုတာနဲ့ .. ပြည့်စုံလေး က ချက်ချင်း နောက်တစ်နေ့ ပို့ မယ်ဖြစ်ကုန်တာတဲ့လေ .. မြေး သွန်း ကလည်း .. မြေးရဲ့ ကိုကိုကြီး နားစေတာမှ မဟုတ်ဘဲကိုး .. ပြည့်စုံလေး ပင်ပန်းတာပေါ့ .."

ဟု ပြောတော့ သူ ရယ်ကာ ဘိုးအေဘေးမှာ ဝင်ထိုင်ရင်း ခုံ ကော်ဇောကြီးထက်မှာ ထိုင်နေဆဲ ဖြစ်ပါသည့် သွန်းလေပြေမွှေး ချစ်စနိုးလေး ကြည့်မိသည်။

"သွန်းလေပြေမွှေး ခမျာ ပင်ပန်းရှာတယ် ဘိုးဘိုး ..၊ ခမျာ ဖုန်းခေါ်ကြည့်လိုက် .. ဟိုငေးသည်ငေး လိုက်လာလိုက် .. မျက်စိ ရင် အိပ်လိုက် .. အပုလေး ကလည်း နောက်ခန်းမှာ လည်လေးစောင်း အိပ်လိုက် လာတယ် .. သူကလည်း ဘေးမှာ လည်လေးလိမ်ပြီး အိ လိုက်လာတယ် .. နိုးတာနဲ့ .. သူ မအိပ်ဘဲ ပါလာသလိုလို ဘာလိုလို လုပ်ပြန်သေးတာ သိလား .. ခဏမှိန်းတယ်လေး ဘာလေးနဲ့ အရှက် က ပြောချင်သေးတယ် .. သူ မှိန်းတာကလည်း .. ဟောက်သံ တောင် ပေါ်နေတာဗျ .."

ဟု သူပြောတော့ သွန်းလေပြေ ရှက်ရယ်ရယ်သည်။ ဟုတ် ပြော၍လား မသိ ..၊ ငြင်းခုံသံ ထွက်မလာ ..။

"ကိုကြီးကိုလည်း သွန်း ကန်တော့ပါတယ် .. သွန်း ကို ခေါ် လို့လေ .."

ဟု ပြောလာရင်း ရုတ်ခနဲ ကန်တော့လာတော့ သူ့မှာ မတားခ တားဖို့ မမီလိုက် ..။

"ဟာ!... မဟုတ်တာ .."

ဟု လွှတ်ခနဲတော့ ညည်းသံပွင့်ကျသွားရပါသတည်း ..။ ထ တော့ပြီးတော့လည်း ငြိမ်နေတာ မဟုတ် ..။

"ဆုပေးလေ .. သွန်း က အမြဲဆုပေးတာ ခံချင်နေတဲ့ သွ





ပြေမွှေး ပါ ကိုကြီးရဲ့ .."

ဟု ပြောတာမို့ ...

"ကျန်းမာပါစေ .. ချမ်းသာပါစေ .."

ဟု သူ့မှာ ဆုမပေးတတ်ပေးတတ်ဖြင့် ပေးတော့ မျက်နှာလေး ဖြစ်ကာ ...

"ဆုပေးတာကလည်း တိုတိုလေး .. ဒီမှာ ကိုကြီး .. ကျန်းမာပါ ချမ်းသာပါစေ .. ဘေးမသီရန်မခ .. လိုတရာဘဝ ရောက်ရှိ ပိုင်ဆိုင် .. မျက်နှာမြင် ချစ်ခင်ပါစေ .. ရန်သူမျိုးငါးပါး ကင်းဝေးပါစေ.. မြင်ခြင်းများကိုသာ ပိုင်ဆိုင်ရပါစေ .. ဘိုးဘိုးတို့နဲ့ နှစ်ပေါင်း ပျော်ပျော်ရွှင်ရွှင် နေရပါစေ .. စာမေးပွဲလည်း အောင်ပါစေ .. မျှော်လင့်ထားသလို .. ဘိုးဘိုးရဲ့မိုင်းခမ်းလုံမှာ လုပ်ငန်းတွေကို အတူ လုပ်ကိုင်နိုင်တဲ့သူ ဖြစ်ရပါစေ .. အဲသလိုပေးရတယ် .. ဆုဆိုတာ ရှည်ရှည်ပေးလေ .. ပိုကောင်းလေပေါ့ .."

ဟု ပြောတော့ သူ့မှာ ပြုံးရခက် ..၊ ငြိမ်ရခက်ဖြင့် တွေခနဲသာ မလေးကို ကြည့်မိရပါပြီတည်း။ ဤကောင်မလေးကို ဘိုးအေ က် ဘာကြောင့် သည်းသည်းလှုပ်နေတာ ကြာလေ ပိုသိလာရ ၊ ဤမျှ ချစ်ဖို့ကောင်းအောင် ပြောဆိုတတ်သည့် ကောင်မလေး။ င်းသည့်ကောင်မလေး ..၊ ဘယ်သူက မချစ်ဘဲ နေနိုင်စွမ်းပါ့ လဲလေ ..။ ဒါကြောင့်လည်း မြပုဝါမှာ ဒေါ်ကြီးမယ်သင် ခမျာ တစမ်းစမ်းဖြင့် ကျန်ခဲ့ခြင်း ဖြစ်ရမည်။ ခုလည်း .. ကြည့် ..၊ အား တို့ လေးလေးစံ တို့၊ လေးလေးဆွေ တို့လည်း သက်သာ ထောင်။ အပုလေး လည်း ကျန်မှာ မဟုတ်။ အားလုံး လွမ်းကျန်ခဲ့ သချာသည်။ ရုတ်ခနဲ သူ တွေခနဲ ဖြစ်ရပြန်ပါပြီ။ သူရော .. သည် ..၊ သူကရော ဘာသားနှင့် ထုထားသည့်သူမို့ပါလဲလေ ..။ နရမည်သာ ..၊ ခုမှရောက်သည့် ကောင်မလေး..၊ ပြန်သွားချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



လွမ်းကျန်တော့မည်ဆိုသည့် ခံစားချက်ကို သူ စတင်၍ ခံစားနှင့်နေရပြီ တကား ..။

"ဟင် .. ငြိမ်နေတယ် .. ပြောလေ .. ဆုပေးလေ .."

ဟု ပြောတော့ သူ ရယ်မိကာ ..

"စောစောက သွန်း လိုချင်တယ်လို့ ပြောတဲ့အရာတွေ မှန်သမျှ တစ်လုံးတဝ ပြည့်ဝပါစေဗျား .."

ဟု ပြောတော့ သွန်းလေပြေမွှေး ရယ်သည်။ ခေါင်းလေးညိတ် ကာ ...

"အဲသလိုဆိုလည်း .. ရပါတယ် .. နောက်တစ်ခေါက်ဆိုရင်တော့ ဆုပေးတဲ့အခါ ရှည်ရှည်လေး ပေးပါ .. အိမ်မှာ လေ့ကျင့်ထားပေါ့ .. သွန်း ပြန်တဲ့အခါ .. ကန်တော့တဲ့အခါကျရင် .. ဆုရှည်ရှည် ပေး..

"ဟဲ့ .. မြေးကလည်း .. ခုမှရောက်တာ.. ဘယ့်နှယ် ပြန်စကား ပြောရတာတဲ့တုံး .. ဒီကလေးနှယ် .."

ဟု သူ မျက်နှာ ကွက်ခနဲပျက်၍ ပြန်စကားအတွက် ရင်မ မကောင်းချိန်မှာ ဘိုးသီ က ဝင်၍ ဟန့်နေပြီ ..။

"သယ်လာလိုက်တာတွေကလည်း များလိုက်တာ .. အပုလေး နဲ့ မောင်စံ တို့ သယ်လိုက်ကြတာ မကုန်နိုင်အောင်ပဲကိုး .. ဒါတောင် မောင်ဆွေ က နဒီ ကို ကားနဲ့လိုက်ပို့ပေးရင်း.. ဟိုမှာပဲ နဒီ ကို စော နေရလို့ အသယ်လွတ်သွားတာ .."

ဟု ဘိုးသီ မေးတော့ သူလည်း ခုမှ သတိရလာသည်။ ပစ္စည်းတွေ သယ်ကူရမည်လေ ..၊ ကမန်းကတန်း ထတော့ ဘိုး တားသည်။

"တစ်လမ်းလုံး ကားမောင်းလာရတာ ညောင်းညာရောပေါ့ .. သူတို့ သယ်လိမ့်မယ် .."

ဟု ပြောပေမယ့် သူ စက္ကူသေတ္တာတွေ သွားသယ်ရသည်။

"အဲဒီဥစ္စာတွေက စည်သွတ်ဘူးတွေ ဘိုးရဲ့ .. နာနတ်သီး စည်





သွတ်ဘူးတွေ၊ ပြီးတော့ .. လိမ္မော်ရည်စည်သွတ်ဘူးတွေ .. ပုလင်းလည်း ပါတယ် .. လတ်လတ်ဆတ်ဆတ် စားရအောင် နာနတ်သီးခြင်းတွေ လည်း ပါတယ် .. ကြက်ဥလတ်လတ်ဆတ်ဆတ်လည်း ဖွဲနုတွေ ခံပြီး ခြင်းနဲ့ ထည့်လာတာ ရှိသေးတယ် သိလား .. ဂျုံအိတ်တွေလည်း ပါ တယ် .. စက်ရုံထွက်တွေလေ.. အာလူးတွေတောင် ပါသေးတယ် .. အာလူးတစ္ဆလိတ်ကျွေးမယ် သိလား ဘိုးဘိုး .. အားရှိအောင် .. ပြီး တော့ ပြောင်းဖူးပေါက်ပေါက်ဖောက်ပြီး တီဗွီကြည့်ရင်း အပျင်းပြေ အို့ ပြောင်းစေ့အခြောက်တွေလည်း ယူလာသေးတယ် .."

ဟု သွန်းလေပြေမွှေး ပြောနေခိုက်မှာ ဘိုး ရယ်နေသည်။ ဒေါ်ကြီး မှ နွားနို့နှစ်ဖန်ခွက်ကို ပေါင်မုန့်ကြက်ဥကြော်ဖြင့် လာချပေးတော့ သွန်းလေပြေမွှေး ဘိုးအေကို အရင်ဆုံး နို့ဖန်ခွက်လေးတွေ၍ တိုက်နေ သည်။

"ဘိုး သောက်ပြီးပြီ .. မြေးနဲ့ ပြည့်စုံလေး အတွက် လုပ်လာတာ ..."

ဟု ပြောပေမယ့် မရ ..၊ အတင်းတိုက်သည်။

"ဘိုးကို အရင်ဦးချတာ .. သောက်ပါ ဘိုးရဲ့ .. ပေါင်မုန့်ကြက်ဥ ကြော်က .. ဆီကြော်စာ စားလို့ရလားဟင် .. ဆရာဝန် ပေးစားလား.."

ဟု မေးတော့ ဘိုးအေ ခေါင်းညိတ်သည်ပါပဲ။ ပေါင်မုန့်ကြက်ဥ ကြော် နွားနို့ဆမ်းထားတာကိုလည်း ဇွန်းနှင့်ဖဲ့၍ ဘိုးအေကို အရင်ဦးချ သလို ခွံ့ကျွေးသည်။

ပစ္စည်းတွေသယ်သမျှ နောက်ခန်းကကိစ္စ ကုန်ပြီမို့ သူလည်း ဝင် လိုက်ကာ နွားနို့ပူပူနှင့် ပေါင်မုန့်ကြက်ဥကြော် နွားနို့ပျစ်ပျစ်လေး ဆမ်း ထားရာကို စားလိုက်ရသည်ပါပဲ။

"အပုလေး ကိုလည်း ကျွေးလိုက်ဦး .. မယ်ထား .."

ဟု ဘိုးဘိုး မှာပါ၏။ သွန်းလေပြေမွှေး နွားနို့တစ်ဖန်ခွက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဂလု ဂလုဖြင့် အလောတကော မော့သောက်နေတော့ သူ အံ့သြရ
သည်။ ဘာများအရေးတကြီးကိစ္စ ခေါင်းထဲရောက်နေပြန်ပြီ မသိ
ဖုတ်ပူမီးတိုက် သောက် ပြီးတာနှင့် နို့ဖန်ခွက်ကို စားပွဲပေါ်ချသည်
နှုတ်ခမ်းမှာ ဝိုက်ကွေး၍တင်နေသည့် နွားနို့ဖြူဖြူတွေကို ကြော
ကလေး လျှာသိမ်း၍ ဝိုက်လျက်လိုက်သလို သိမ်းသည်။ ကားရှိရာ
သုတ်သုတ်သွားသည်။ လက်ဆွဲစက္ကူအိတ်တွေ သိမ်းကြုံး၍ သယ်လာ
ကာ ...

"ဘိုးဘိုးအတွက် ပုဆိုးရယ် .. လျှောတဘက်ခြုံဖို့ရယ် .. အင်္ကျီ
ရယ် .. ရယ်ဒီမိတ်တိုက်ပုံရယ် .. စပို့ရှပ်တွေရယ် .. မာဖလာရယ်
ငှက်သိုက်ကတ်ဖာ ငါးဖားရယ် .. ဟောလစ်နဲ့မိုင်လိုရယ် .. တရားခွေ
ရယ်.. တရားခွေကို နားထောင်ဖို့ ကက်ဆက်ငယ်လေးနဲ့ နားကျပ်ရယ်
ချည်သားဦးထုပ် .. သိုးမွေးဦးထုပ် .. ပြီးတော့ .. ဒါတွေကို .. သီးခြ
လက်ဆွဲအိတ်တွေနဲ့ ထည့်လာတာ .. ဒီမှာက .. စိပ်ပုတီး .. ကျောက်စိမ်း
နဲ့ လုပ်ထားတာ .. အေးမြတာပေါ့ ဘိုးရဲ့ .."

ဟု လက်ဆွဲစက္ကူအိတ်ကြီးတွေ ဆိုဖာရှည်ကြီးမှာတင်ရင်း ပြော
သမျှကို ဘိုး ပြုံး၍ကြည့်ကာ မြေး၏ဆံစလေးကို သပ်ပေးနေသမျှ
အားကျစိတ်ဖြင့်ငေးကြည့်မိရပါသည့်အဖြစ်။ ခုမှ .. အိမ်ကြီးသည်
စရာလာဖြစ်နေပြီဟု တွေးစပြုလာရသည်။ အရင်တုန်းကဆို .. အားလုံး
ကိုယ့်အလုပ် ကိုယ်လုပ်ကြ ..။ ခပ်တည်တည်နေသော မာမီကလည်း
အချိန်တန် အလုပ်သွား၊ ပြန်လာလျှင်လည်း စားချိန်စား ..၊ အခန်းထဲ
နားနေလိုက်တာပဲ များသည်။ ဖေဖေကလည်း ရွှေရိုပ်ဦးမှာနေတာထ
မိုင်းလှိုင်မြို့မှ တိမ်ဦးယံအိမ်ကြီးမှာပဲ နေတာများသည်။ မိုင်းတွင်းအလု
ဖြင့် ရှိနေတတ်ပါ၏။ သူ မိုင်းလှိုင်သို့ရောက်လျှင်တော့ သားအဖနှ
ယောက် မြင်းဇောင်းထဲမှ ဖြူဖွေးနှင့် နက်ကျော့တို့ကို အသားကျစီးကြ
ရင်း စကားစမြည်လေး ပြောဖြစ်ကြ ..။ တစ်ခါ .. မြင်းဒုန်းစိုင်းစီးကြရ





သယ်သူ အရင်ရောက်သလဲဆိုသည့် အပြိုင်လေးတစ်ခု ပြိုင်ကြဖြင့်
တော့ ရှိသေးသည်။ လုံးဝ တိတ်ဆိတ်ခြင်းတွေပဲ များနေတတ်တာက
တော့ ရွှေရိုပ်ဦးပဲ ဖြစ်လေသည်။ အထူးသဖြင့် မာမီရှိလျှင် အိမ်သည်
ပို၍ တိတ်ဆိတ်နေတတ်သည်။ ရွှေရိုပ်ဦးအတွက် အသံတွေ ဝေစည်
အောင်လုပ်မည့် ကောင်မလေးတစ်ယောက်တော့ ရောက်လာချေပြီ
အဘား ..။

"ဒါက .. ကိုကြီးအတွက် စပို့ရှပ်ရယ် .. ပုဆိုးရယ် .."

"ဟာ .. ကိုကြီးက ဟိုကနေပြီး တူတူလာတဲ့ဥစ္စာ .."

"တူတူလာပေမယ့် .. ညွှဲသည်လေ .. ညွှဲသည်ကို အိမ်ရှင်က
ဧည့်ဆောင်ပေးရမှာ အိမ်ရှင်ဝတ္တရားလေ ကိုကြီးရဲ့.. အပုလေး အတွက်
လည်း ပါတယ်၊ အပုလေး နဲ့ ကိုကြီးတို့ ရောက်လာတော့ .. အပုလေး
စဉ်းစားကြည့်တယ် .. ဒီအိမ်မှာရှိတဲ့လူတွေရဲ့ပုံစံပေါ့ .. အဲဒါကြောင့် ..
ဒေါ်ကြီးထား အတွက် ပါတိတ်ဆင် အပွင့်ကြီးကြီးရယ် .. လေးလေးစံ
ဝင်းတာနဲ့ လေးလေးဆွေ ဆိုတာတွေအတွက်ကျတော့ .. ပုဆိုးကွက်စိပ်
လေးတွေရယ်.. မျက်နှာသုတ်ပဝါ တစ်ထည်စီရယ် .. အဲသလို ဝယ်လာ
ခဲ့တယ်လေ .. အပုလေး လက်ထဲ အပ်လိုက်ပြီ .. အဲဒီဥစ္စာတွေ
အပုလေး က ဒေါ်ကြီးထား တို့ ဘာတို့ကို လက်ရောက်ပေးအပ်လိမ့်
မယ် .."

ဤကောင်မလေးကို လွှမ်းကျန်ခဲ့ကြမည်ဆိုတာ ပို၍ သေချာနေပြီ
တကား .. ဟု သူ တွေးမိရပြန်သည်တည့်။ ဟန်ဆောင်ပန်ဆောင်ဖြင့်
ဧည့်ဆောင်ပေးတာမျိုး မဟုတ်..၊ တကယ့်ကို စိတ်ပါလက်ပါ တပျော်
တပါးဖြင့် လက်ဆောင်ပေးရတာကို ဝါသနာ .. စေတနာတွေအပြည့်ပါ
ရှိနေခြင်းဆိုတာလည်း သိသာနေသည်ပါပဲ ..။

ဆိုစဉ်ခိုက် ပေါ်တီကိုအောက်မှာ ကားရပ်သံ ပေါ်လာသည်။
မာမီ ကို သူ ကြည့်မိရပါ၏။ ဘိုးသီ တစ်ချက် မျက်နှာမကောင်း။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူပုံရသည်။ လှမ်း၍ကြည့်သည့် ပေါ်တီကိုကြီးဘက်ဆီသို့ ကြ
သည့်အကြည့်ထဲမှာ စိုးရိမ်ရိပ်တွေ ပါနေ၏။ မာမီ ဧည့်ခန်းဆီသို့ ဝင်လ
ချေသည်တည့်။ အကြည့်က ဘိုးဆီသို့ ရောက်သည်။ သူ့ထံသို့လည်း
ရောက်သည်။ နောက်ဆုံး ကြည့်သည့်အကြည့်က .. သွန်းလေပြေ
ထံမှာပဲ ဖြစ်နေ၏။ အတန်ကြာသည် ..၊ အေးစက်စက်အကြည့်
လှိုက်လှဲမှု ကင်းလွန်းနေသည့်အကြည့် ..၊

"သြော် .. ရောက်လာကြပြီကိုး .."

ဟု တစ်ချက်ပြောသည်။ သွန်းလေပြေမွေး ရပ်လိုက်ကာ လက်
အိတ်ကြီးတစ်ခုကို ကိုင်၍ ...

"ခုပဲ သွန်း တွေးနေတာ အန်တီလေးရဲ့ .. အန်တီလေး ရော
လာရင် လက်ဆောင်ပေးဖို့လေ .. ဒီထဲမှာ .. အန်တီလေးအတွက်
လက်ဆောင်တွေ ပါလာတယ် .. အန်တီလေးက သိပ်ချောတာပဲ
သိပ်ပြီးတော့လည်း အလုပ်လုပ်နိုင်တာပဲ .. ရောက်တာနဲ့ အန်တီလေး
အရင်မေးတာ သိလား .. ဘိုးက ဖြေတယ် .. အလုပ်မှာတဲ့ .."

ဟု သွက်သွက်လက်လက်လေး အရင်ချစ်အောင်ပြောရှာသည
ကောင်မလေးပါ။ ဒါပေမယ့် မာမ့်အကြည့်တွေက အေးစက်တာ
လျော့မလာသည့်အပြင် ခါးသီးရိပ်တွေပါ ပိုတိုးလာကြတာကို သူ
မကောင်းပဲ မြင်နေလိုက်ရချေသည်တကား ..။

"အဲဒီလက်ဆောင်တွေ .. မလိုပါဘူး .. ဖေဖေ့ကိုသာ ဂရုစိုက်
ဖေဖေက .. မင်းကို အရမ်းတွေ့ချင်နေတာလေ .. မင်းရဲ့အပြုအမူ
လည်း အရမ်းတောင့်တနေတာ .. အခုတောင်မှ အိမ်ဧည့်ခန်းထဲ ရော
နေတာပဲ ကြည့် .. မနက်အထိ .. အပေါ်ထပ်က ခုတင်ပေါ်မှာပဲရှိ
တာ .. မင်း တစ်လလောက်နေဖို့ မလိုဘူးထင်ပါရဲ့ .. တစ်ပတ်လော
ဆိုရင် ဖေဖေ နေကောင်းလောက်ပါပြီ .."

ဟု ပြောတော့ သွန်းလေပြေမွေး လက်ထဲမှလက်ဆွဲအိတ်ကို ပြ





ပြန်၍ ဆိုဖာထက်မှာ တင်သည်။ ဖွင့်တပ်ပေးတာမျိုး မလုပ် ..။

"ကလေးက ချစ်လို့ယူလာတာ နဒီ .. ယူလိုက်ပါ .."

"နဒီ ဝတ်မှာမှ မဟုတ်တာ ဖေဖေ .. ယူရင်လည်း .. ယူတာပဲ
တ်တင်နေမှာ .. သူဝယ်လာတာ သူဝတ်ရင်လည်း ဖြစ်တာပါပဲ.."

"ဟုတ်ကဲ့ .. သွန်းလည်း အဝတ်အစားရယ်လို့ သိပ်မယူလာပါ
.. ဒီရောက်မှ ဝယ်ဝတ်မလို့လေ .. သယ်ရပြုရတာ .. တခြား
နိုင်အောင်ဆိုပြီး ကိုယ့်အတွက် လျှော့သယ်လာတဲ့ဥစ္စာ .. အန်တီ
မဝတ်ချင်ဘူးဆိုရင်လည်း သွန်း ဝတ်လိုက်ပါ့မယ် .. ရပါတယ်..
သေမယ့် .. သွန်း ပြန်တဲ့အခါကျရင်တော့ အန်တီလေးက လက်
င်ပေးရမှာနော် .. သွန်း သိတာပေါ့ .. အန်တီလေးက အကြီးဆို
ကလေးဆီက လက်ဆောင်ကို ယူရမှာထက် .. ကလေးကို လက်
င်ပေးချင်တဲ့စိတ် ဖြစ်နေတာ သွန်း သိတာပေါ့ .."

ဟု အဆင်ပြေအောင်လည်း ပြောသည်။ တစ်ခုတော့ ရှိပါ၏။
လာသည့်လက်ဆောင်ကို မယူသည့်ကိစ္စ ..၊ ပြဿနာတော့ မရှာ။
ဝတ်လိုက်မည်ဟုပင် ပြန်၍ပြောလိုက်သည်။ ရွဲ့ပြောခြင်းလည်း
နေသည်ဟု သူ တွေးမိရပါ၏။ ဒါပေမယ့် .. မျက်နှာလေးက
ပြန်သည့်အဖြစ် ..။ ဤကောင်မလေး ..၊ မာမ့်ကို လျှော့ပေးမှာ
တ်ဟုတော့ နားလည်စပြုလာရပြန်သည်။ စောစောက တွေးမိသည့်
သည် ရင်လေးစရာအဖြစ် ပြောင်းလဲစပြုလာရပြန်ပြီတည့် ..။
မ်ကြီးမှာ ခုမှ ပျော်စရာပိုဖြစ်လာမည်ဟု တွေးမိသည့်အတွေး ..။
ငှ် ဤကလေးမ အဆင်ပြေပါ့မည်လား မသိ ..။

"ရပ်ကတော့ အဖေရော အမေရော .. နှစ်ဖက်စလုံးကို တူတာပဲ..
လေးနှစ်ခွ ဆိုတာကတော့ .. အဖေတူ ဆိုပါတော့ .."

ဟု မာမီ တစ်ချက်ပြောသည်။ လက်ထဲမှ သားရေအိတ်ပြားကို
နဲ့ သွန်းလေပြေမွေး ကို ကမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နဒီ့ အခန်းထဲထိ .. ဒီအိတ်လေး လိုက်ပို့ပေးပါလား .. ခုန စတွေကြတာဆိုတော့ .. အခန်းထဲမှာ စကားလေးဘာလေးလည်း ပြော ဖြစ်တာပေါ့ .. ဖေဖေနဲ့တော့ .. အတော်ကြီး ပြောဖြစ်ပြီးသောက်ပြီ လေ .."

ဟု ပြောလာတော့ သူ ရုတ်ခနဲ ဘိုးသီ ကို ကြည့်မိရပါပြီ။ မာမီ ဘာကြောင့်များ သွန်းလေပြေမွှေး ကို အားလုံးရှေ့မှာ ပေါ်ပေါ်တင်တင် အခန်းထဲ သီးသန့် ခေါ်သွားချင်ရပါသတဲ့လဲ ..။ ဘိုးသီ လည်း မျက်နှာ မလန်း ..၊ ဒါပေမယ့် .. ဝင်မတား။ တားလိုက်လျှင် ကလေးနှင့် ပိုရှု ဝေးနေစေဖို့ပဲ ဆန္ဒရှိသည်ဟု အထင်ခံသွားရမှာကို စိုးရိမ်ပုံရ၏။ သွန်း လေပြေမွှေး ကလည်း ချက်ချင်း တပြုံးပြုံးဖြင့် အိတ်လေးကို သွား သည်။ အပေါ်ထပ်သို့ မာမီ တက်သွားတော့လည်း နောက်ကလိုက် တက်သွားတာကို သူ မော့ငေးကြည့်ရင်း ကျန်ခဲ့ရပါ၏။ ဘာတွေ ပြော ဆိုကြမည်ဆိုတာ သိချင်လျှင် လိုက်သွားဖို့ပဲရှိသည်။ ထိုသို့လိုက်သွား သည်ဆိုတာမျိုးကျတော့လည်း မကောင်း။ လိုက်၍ နားထောင်နေတာ ကြီးက ပေါ်တင်ကြီး ဖြစ်ကုန်မည်။ မာမီက ချိုချိုသာသာပြောဆိုတာ မျိုး ဖြစ်နေလျှင် မယုံသင်္ကာ ဖြစ်ရာရောက်မည်။ ဒါပေမယ့် .. မှန်း မာမီ့ အေးစက်စက်အကြည့်တွေကိုပဲ မြင်ခဲ့ရသည့်ကာလမှာတော့ သွန်း လေပြေမွှေး ကို ချိုချိုသာသာပြောဖို့ကတော့ ဖြစ်နိုင်ချေနည်းသည် တည့် ..။

သွန်း ကတော့ အန်တီလေး နောက်မှ လိုက်လာရသည်ပါပဲ ..

အန်တီလေး၏အခန်းဆိုတာက သပ်ရပ်လှပသောအခန်းကျယ် ကြီးဖြစ်ကာ .. ဖဲသားမီးပြာရောင်အိပ်ရာခင်းကြီးနှင့် ဖဲသားခေါင်းအုံး နှစ်လုံး ဆင့်ထားရာ ခုတင်ကြီးကိုက အရမ်းကို ပန်းကနုတ်တွေဘာတွေ ဖြင့် လှပသည့်ကျွန်းခုတင်ကြီးပဲ ဖြစ်နေသည်။ အခန်းထဲမှာ ပန်းချီကား တွေ ချိတ်ထားသည်။ ပန်းတို့ဝေနေသောပန်းအိုးတွေ ပန်းတင်ခုံ





နေသည်။ ကြမ်းခင်းသည် အပြာရင့်ရောင်ရှိသောအခံမှာ အဖြူရောင် ဆုပ်တွေ ယှက်ယက်ထားရာ ကော်ဇောကြီးဖြစ်ပါ၏။ ကြမ်းခင်းထိ ချထားသော ပြတင်းတံခါးခန်းဆီးတွေသည်လည်း အပြာရောင် ခန်းဆီးတွေ ဖြစ်နေသည်။ လေးအေးစက်ဖွင့်ထားသောအခန်းထဲသို့ လိုက်ရချိန်မှာ အေးမြမှု ရှိနေ၏။

"ငါက .. ငါ့အခန်းကို စဝင်လိုက်တာနဲ့ .. အေးမြတဲ့အရသာကို ချင်တယ်လေ .. ဘဝက ပူတာကိုး .. အဲဒီတော့ .. အေးတဲ့အရာကို ကြိုက်တယ် သွန်းလေပြေမွှေး .. ကဲပါ .. ထိုင်ပါ .. ဒီအခန်းကို .. လာတော့မယ်လို့ သိထားရတဲ့ညနေပိုင်းလောက်မှာ လေအေးစက် ကြိုတင်ဖွင့်ထားတတ်တာက ဒေါ်ကြီးထား ပေါ့ .."

ဟုပြောတော့ သွန်း ထိုင်လိုက်သည်ပါပဲ။ ခုထိ အန်တီလေး တ်အစားမလဲသေး။ ရေခဲသေတ္တာထဲမှ ရေပုလင်းကိုယူကာ တစ် ငုံ့သောက်သည်။

"ဒီလိုပဲလေ .. ရင်ထဲပူနေရတဲ့သူဆိုတော့ .. ရောက်တာနဲ့ .. အေးအေးကို အရင်သောက်မိတာပါပဲ .. ဘဝက ပူတာကိုး .. နှလုံး က ပူတာကိုး .. ပူအောင်လုပ်တဲ့သူကလည်း ရှိခဲ့တာကိုး .. ဘယ်သူ ဆိုတာ မင်းသိပါတယ် .. သိမှာပါ ..၊ မင်းရဲ့ အဖေနဲ့အမေပေါ့ .. အမေက ငါ့အစ်မ ဖြစ်နေတယ်လေ .. ဘယ်လောက်ဆိုးသလဲ .. မက .. ညီမယူမယ့် ယောကျ်ားတစ်ယောက်ကို ယူသွားတာ .. ါကို ငါ ခံခဲ့ရတာ .. ငါ့ဝန်းကျင်မှာ ငါ ခံခဲ့ရတာ .. ဒါကြောင့် .. ို ရင်နှီးဖို့ မင်း မကြိုးစားပါနဲ့ .. မင်းလာတာ ဖေဖေ့ကို ပြုစုဖို့ .. သေနဲ့တွေ့ဖို့ .. အဲဒီအတွက် သက်သက်ပဲ ဖြစ်တယ်ဆိုတာ မင်းရဲ့ ထဲမှာ .. စွဲနေအောင် သွင်းထားပါ .. ဒါကိုပြောချင်တာမို့ ငါ ပြောရတာ .. ဖေဖေ့ရှေ့မှာ မပြောရဲလို့ဆိုပြီးတော့ ငါ့ကိုတော့ ထင်မသေးလိုက်ပါနဲ့ ..၊ ပြောရဲပါတယ် .. ဒါပေမယ့် .. ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



နေမကောင်းဖြစ်နေတယ်ဆိုတာကို ငါ သိထားတာမို့ ဆင်ခြင်ရတယ် ဆိုတာ မင်း သိစေချင်တယ် .. သတ္တိကြောင်တယ်ဆိုတာ ငါ့မှာ မရှိဘူး အဲဒါ သိထားပါ .."

ဟု ပြောလာတော့ သွန်း အေးအေးဆေးဆေး တုံ့ပြန်ကြည့်လိုက် မိရပါပြီ။ စတင်၍ စိန်ခေါ်လာသည်ပဲဟု သိလာရင်း ထုံးစံအတိုင်း ခေါင်းမာစိတ်လေးကတော့ ခေါင်းပြူစပြူလာပြီတည့် ..၊ ဒါပေမယ့် ဘာမျှမပြောသေး ..။ ငြိမ်နားထောင်နေလိုက်ရပါ၏။ ဘာကြောင့်ဆို အန်တီလေးပုံစံက စကားမကုန်သေးသည့်ပုံစံ ..။

"မင်းကို ထပ်ပြောချင်တာက .. ငါ့သားနဲ့လည်း ကင်းအောင် နေဖို့ပဲ .."

ပြောပြီး ထပ်ကြည့်လာတော့လည်း အေးစက်စက် တုံ့ပြန်ကြည့် တာကိုပဲ နဒီ ရင်ဆိုင်လိုက်ရ၏။ နဒီ့ ရင်ထဲမှာ မခံချင် ..။

"ကြည့်စမ်း .. ဘယ်လောက်ခေါင်းမာတဲ့ မျက်လုံးတွေလဲ .. သူ့ အဖေ ခွန်နောင် ရဲ့မျက်လုံးလေးတွေနဲ့ တစ်ထေရာတည်းပဲ .. တစ်ချိန် က ငါ ချစ်ခဲ့ရတဲ့ .. အရူးအမူးဖြစ်ခဲ့ရတဲ့ မျက်လုံးလေးတွေဆိုပါတော့ မျက်လုံးတောက်တောက်လေးတွေနဲ့ မျက်တောင်ထူထူစင်းစင်းလေး တွေ .. အဲဒီမျက်လုံးတွေက .. အခု ငါ့ရှေ့ကို ပြန်ရောက်လာနေပြီ ကိုခွန်နောင် ကိုယ်တိုင် ငါ့ကို ကြည့်နေသလို ငါ ခံစားနေရပါလား ငါ့ကို လက်မထပ်နိုင်ပါဘူးလို့ ငြင်းခဲ့တဲ့လူတစ်ယောက်ရဲ့ ခေါင်းမာတဲ့ မျက်လုံးတွေဟာ .. မသေသေးဘူး .. အသက်ရှင်နေတယ် .. ရှင်သန် ကျန်ရစ်နေတယ် .. ပျောက်ကွယ်မသွားနိုင်သေးဘူး .."

ဟု နဒီ အံခဲ၍ တွေးနေမိရင်း ရင်ထဲမှာ နာနေရသည်ပါပဲ ..။

"စည်းကမ်းထပ်ဖြည့်မယ် .. မနက်ကို .. ခြောက်နာရီခွဲမှာ ငါ ခြံထဲဆင်းတယ် .. မင်း ရှောင်ပါ .. ခုနစ်နာရီမှာ ကော်ဖီသောက်တယ် မနက်စာကို မိသားစုစုံညီ စားသောက်တာမို့ မင်း တူတူစားသောက်နိုင်





တယ် .. ဒါပေမယ့် .. စကားများတာ ငါ မကြိုက်ဘူး၊ စားသောက် မှာ ပစိပစပ်များတာ .. စားသောက်ချိန်မှာ စကားများတာ .. ရင်းသောက်ရင်းနဲ့ အစာနဲ့ တံတွေး လုံးထွေးနေရင်း ပြောနေတဲ့ အကို ကြားရရင် ငါ နှလုံးနောက်တယ် .. အဲဒါကို ဆင်ခြင်ပါ .. ပ်ပါနဲ့ ..၊ ငါ့သားကို ကင်းအောင်နေရမယ်ဆိုတာ ထပ်သတိပေး .. တတ်နိုင်သမျှ .. ငါနဲ့ ကင်းအောင်နေပါ .. မင်းဟာ ကိုခွန် နဲ့ သရဖီ တို့ရဲ့သမီး ဖြစ်တယ်ဆိုတာကို ငါ ဘယ်တော့မှ မေ့နေ ဟုတ်ဘူးဆိုတာ သိထားဖို့အချက်ဟာ မင်းအတွက် အရေးအကြီး အချက် ဖြစ်တယ်ဆိုတာ ဘယ်တော့မှ မေ့လျော့မသွားပါနဲ့ .."

ဟု ပြောကာ ဖန်ခွက်ကို စားပွဲပေါ်ချသည်။ သွန်း ထရပ်ပါ၏။ ပြီးပြီဆိုသည့်သဘောဖြစ်နေပြီမို့ ဆက်နေရန်လည်း မလိုတော့ပြီကိုး ..

ရုတ်ခနဲ အန်တီလေး သွန်း ကို ကြည့်လာသည်။ မျက်နှာမှာ က်ခါးသီးသောအရိပ်တွေပဲ ပြည့်နေကြတာကိုလည်း သွန်း နီးနီး ကပ် မြင်နေရပါသည့်အဖြစ် ..။

"အောက်ထပ်ဆင်းတော့မလို့လား .. ဘာမှ ငါ့ကို ကတိပေး သေးပါလား .. စောစောက ငါ ပြောတဲ့အချက်တွေနဲ့ ပတ်သက် ဘူလေ .."

ဟု ပြောလာတော့ သွန်း တည်ငြိမ်စွာပဲ အန်တီလေးကို ကြည့်မိရ ၊ တည်လွန်းနေသည့် အကြည့်စူးစူးကို သွန်းကလည်း တုံ့ပြန်၍ တည်စူးစူးလေးပဲ စိုက်ကြည့်လိုက်သည်ပါပဲ။ နောက်တော့ ခပ်ဖွဖွ ည်။

"သွန်း က .. ကတိပေးတဲ့အလုပ်ကို မသေချာဘဲနဲ့ ဘယ်တော့မှ တတ်ပါဘူး အန်တီလေး .."

ဟု ဖြေပြီးတာနှင့် အခန်းတွင်းမှ တည်ငြိမ်လွန်းစွာ ထွက်လာမိရ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီတည်း ..။ ဒါပေမယ့် တံခါးဝအရောက်မှာပင် နောက်ဆီမှ
၏ လက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်တာ ခံလိုက်ရပါပြီ။ အခန်း
သွန်း ၏ကိုယ်လေးကို ပြန်၍ဆွဲယူလိုက်ကာ တံခါးရွက်ကို အန်တီ
ပိတ်လိုက်သည်။ ဤတစ်ကြိမ်မှာတော့ သွန်း ၏မျက်ဝန်းလေး
လည်း အရောင်ပြောင်းလာပြီတည့် ..။ ဤမျှအထိ သွန်း ၏လက်
ဆွဲခေါ်တာမျိုးကိုတော့ သွန်း မကြိုက် ..၊ ခေါ်တာကလည်း အ
ပတာမ်း နည်းနည်းဆန်နေသည်။ လက်ကောက်ဝတ်လေးပင်
ချင် ..။

"မင်း ကတိပေးရမယ် သွန်းလေပြေမွှေး .. ခုလို .. အခန်းထဲ
မင်း ထွက်သွားရင် .. ငါက .. မင်းဆီက ဘာမှမရလိုက်ဘဲ ကျန်ခဲ့
ပေါ့ .. မင်းဆီက .. ကတိကို ငါ ရမှ ဖြစ်မှာ .."

ဟု အသံတွေအက်လာရင်း အန်တီလေး ပြောလာတော့
သည့်ဟန်လေးဖြင့် ...

"သွန်း ကလည်း ကိုယ်ပေးချင်တာကိုမှ .. ပေးတာပါ ..
ယူချင်တာကိုမှ ယူတာပါ .. ဥပမာ .. စောစောက .. အန်တီလေး
တိုင်က သွန်း ပေးတဲ့လက်ဆောင်ကို မယူချင်လို့မယူဘူး မဟုတ်
အန်တီလေး မယူချင်တာကို သွန်း ဖွတ်မပေးပါဘူး .. ဒါပေမ
အန်တီလေး ယူချင်တဲ့ကတိဆိုတာကိုကျတော့လည်း သွန်း က
မှ ပေးမှာပေါ့ .. မယူချင်တာကို မယူပဲနေလို့ရရင် .. မပေးချင်
လည်း မပေးပဲနေလို့ ရခွင့် .. ရှိရမှာပေါ့ .. ဘယ်သူမဆိုလေ .."

ဟု တည်တည်ငြိမ်ငြိမ်လေး ပြောလိုက်တော့ အန်တီလေး
ခါနေသည်။

"အေးစက်စက်ပုံလေးနဲ့ .. သရဖီ လို .. ငါ့ကို ကိုယ်ပွားပုံစံ
လာဆက်ဆံပြတာပေါ့ .. ဟုတ်လား .."

ဟု မခံချိမခံသာပုံဖြင့် မေးလာတော့ သွန်း ပြုံးသည်။





"ဟင့်အင်း .. သွန်း က အလွန်ပျော်ပျော်နေတတ်တာ .. မေမေ့လို
တိအေးစက်နေတဲ့ သွန်းလေပြေမွှေး ဖြစ်မနေဘူး .. အန်တီလေးရဲ့
ကို သွားပြောပေါ့ .. သွန်း နဲ့ မရင်းနှီးနဲ့လို့ .. အဲဒါ .. ပိုမှန်မှာပေါ့..
ကတော့ မြပုဝါမှာကတည်းက .. ကိုကြီးကို .. ခင့်ခင်မင်မင်နေ
ခဲ့တာ .. ခုမှ အချိုးပြောင်းရင် .. ကျေးဇူးကန်းရာရောက်မှာပေါ့ ..
ကို ဒီထိခေါ်လာပေးတဲ့ကျေးဇူးက နည်းတာမှမဟုတ်ဘဲ .."
ဟု လေပြေအေးလေးဖြင့် ပြောလေ ..။ အန်တီလေး မျက်နှာ ရဲလာ

"ဟဲ့ .. အဲသလိုပြောရင် .. ငါ့ကို ဖေဖေက ဆူမှာပေါ့ .. ပြည့်စုံလေး
ည်း ငါ့ကို .. စိတ်ဓာတ်အောက်ကျတယ် ပြောမှာပေါ့ .."
"အေးလေ .. အဲဒါ .. မှန်နေတာပဲဥစ္စာ .."
ဟု ပြောကာ သွန်း အခန်းထဲမှ ထွက်ဖို့ပြင်သည်။ ဒါပေမယ့် ..
လေးကိုပိုက်ကာ ခပ်တည်တည် အန်တီလေးကို ဤတစ်ကြိမ်
ကြည့်လိုက်မိရပါ၏။
"သွန်း ကလည်း ပြောခဲ့ချင်တယ် .. သွန်း ရဲ့လက်ကို အကြမ်း
ဆွဲတာမျိုး သိပ်သဘောမတွေ့လှဘူးရှင့် .. သွန်း က သွန်း
မ်းလေးတစ်ခုကို ချပြခဲ့တဲ့သဘောပါ .."
ဟု ပြောပြီးတာနှင့် ဤတစ်ကြိမ်မှာတော့ အခန်းထဲမှ အမြန်ဆုံး
သာမိသည်ပါပဲ။ အန်တီလေး မည်သို့ကျန်ခဲ့သည်ဆိုတာကိုပင်
ကြည့်ခဲ့ ..၊ ကြည့်ချင်စိတ်လည်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဖေဖေ့မြေးလည်း ရောက်လာရော .. ကျန်းမာရေး အ
တိုးတက်လာတော့တာပဲနော် .. မနေ့ညက အန်ကယ်ထက်
စမ်းသပ်ချိန်မှာ အံ့သြပုံကြီးနဲ့ကို ပြောယူရတာပဲ .. အင်းလေ .. ဘ
ဖြစ်ဖြစ် .. ဖေဖေ ခုလို ထူထူထောင်ထောင်ဖြစ်လာတဲ့အတွက်
နဒီ ပြောမပြနိုင်အောင် ဝမ်းသာရပါတယ် ဖေဖေ .. ဘယ်သူ့ကြော
သက်သာ .. သက်သာ .. သက်သာရတဲ့သူဟာ နဒီ ဖေဖေ ဖြစ်နေတာ
နဒီ ဝမ်းသာရမှာပါ .. ခုလို အောက်ထပ်အခန်းမှာ ဖေဖေ အခန်းပြော
အိပ်တာကိုက .. ခြံထဲလည်း ဆင်းချင်လို့ဆိုတာ .. နဒီ တွေးမိတယ်
ဖေဖေ ခြံထဲဆင်းမလားဟင် .. နဒီ ဝှီးလ်ချဲနဲ့တွန်းခေါ်သွားမယ်လေ
စကားလည်း ပြောဖြစ်တာပေါ့ ဖေဖေရယ် .."

မနက်စောစော ဖေဖေ့အခန်းထဲ မနဒီ ရောက်လာကာ
တော့ ဖေဖေ ပြုံးပြပါ၏။

"ဘရိတ်ဖတ်(စ်)ပြီးမှပဲ ခြံထဲဆင်းမယ် သမီးရယ် .. စားသော
ပြီးချိန်ဆိုတော့ ဆေးလည်း တစ်ခါတည်းသောက်ဖြစ်မယ် .. ခြံထဲ
လည်း နေရောင်လေး ဘာလေး လှုံရင်း .. ပန်းခင်းလည်း ကြည့်
ပန်းရနံ့ လည်း ရတာပေါ့ သမီး .. ညကမျှားကွယ် .. သွန်းလေး





ခုတင်အောက်မှာ ဖျာလေးထပ်ခင်း .. အိပ်ရာလေးခင်းပြီး အိပ်ရှာ
- ဖေဖေ တစ်ခုခု လိုရင် .. လုပ်ပေးနိုင်အောင်လို့တဲ့ .. ညကလည်း
သလုံးတွေ .. လက်မောင်းတွေ နှိပ်ပေးနေတာ .."

မနဒီ ရင်ထဲ အောင့်ခနဲ ဖြစ်သည်။ ဖေဖေ့ခုတင်ခြေရင်းမှာ
လေးတစ်ချပ် ခင်းလျက်သား ရှိနေလျက် ..၊ ခေါက်သားတကျ
သေသပ်သပ် ခေါက်ထားသော အိပ်ရာကို တွေ့ရပါ၏။ ကောင်မ
ကိုတော့ မတွေ့ရ ..။ မနက်စောစော ဖေဖေ့အခန်းထဲ နဒီ ရောက်
တာ ဖေဖေ့ကို ခါတိုင်းနေ့များလို လာကြည့်ချိန်မှာ ဖေဖေက လန်း
ဆန်းဆန်း ဖြစ်နေသည်။ မျက်နှာလည်းသစ်ပြီးပုံ ရသည်။ အဝတ်
ပင် ညဝတ်အင်္ကျီတွေ ဘာတွေနှင့်မဟုတ်တော့ပြီ။ ချည်ချော
တွက်စိပ်၊ ဇွယ်တာလက်ရှည်အဖြူရောင်လေးဖြင့် ရှိနေပါသည့်
၊ ရင်ထဲမှာ စတင်ခံစားလာရသည်က မနာလိုခြင်း .. ဟုတ်သည်..၊
င်မလေး ရောက်လာလိုက်တာနှင့် ဖေဖေ လန်းလန်းဆန်းဆန်း
ာတာကလည်း မြန်ဆန်သည်။ စိတ်ချမ်းမြေ့နေရင်း စိတ်ပါ
လာကာ လူပါ ကြည်ကြည်စင်စင် ဖြစ်နေပါသည့်အဖြစ် ..။

"ငါ့ထက် အဲဒီကောင်မလေးကို ပိုချစ်လို့ပေါ့ .. ကြည့်စမ်း ..
ာက်တာ မနေ့ကမှ ရောက်တာ .. ဒီမနက်မှာ ဖေဖေ အတော်ကြီး
င်လာပြီ .."

ဟု ကောင်မလေးအပေါ် ဝန်တိုစိတ် ဖြစ်ဖြစ်လာနေရပေမယ့်
ဆယ်ထားရပါ၏။ ခုလည်း ဖေဖေ့ကို ဝှီး(လ်)ချဲလေးဖြင့် တွန်း
ခည်ဟု ပြောနေသည်ကြားမှ ဖေဖေက စားသောက်ပြီးမှပဲ ခြံထဲ
တော့မည်ဟု ပြောပြန်သည်။ အရင်တုန်းကတော့ အပေါ်ထပ်
မှာပဲ ဖေဖေနေသည်။ အိပ်သည်။ ဒါကြောင့် ဝှီး(လ်)ချဲလေးဖြ
င်းဖို့ဆိုတာ မလွယ်ကူ ..၊ ခုကျတော့ .. ဖေဖေက အပေါ်ထပ်မှ
ထပ်သို့ ခေါ်ကြီးထား နှင့် လေးလေးစံ တို့ကို တစ်ဖက်စီ တွဲခိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရအောင် မနေ့ကတည်းက ဆင်းသည်။ အောက်ထပ် စာကြည့် သောက ညှိသည်အတွက် ထားရာ အခန်းကျယ်ကြီးမှာ ဖေဖေ နေသည်။ နဒီ ဟိုတယ်နှင့် ကုန်တိုက်တစ်ခုမှာ ရောက်နေချိန်မှာ က အားလုံး အိမ်မှာ လုပ်ပြီးသွားပြီ။ မြေးကိုမျှော်ရင်း အောက်ထ ပြောင်းနေသည်ကိုက .. မြေးနှင့် ခြံထဲဆင်းချင်၍ဆိုတာ နဒီ တွေး ရပါ၏။ တကယ် ဟုတ်ချင်မှလည်း ဟုတ်ပါမည်။ ဒါပေမယ့် .. ပင် နဒီ တွေးပစ်လိုက်သည်ပါပဲ။ ဖြစ်နိုင်ချေလည်း များသည် အိပ်ရာထဲ ခွေလိုက် .. လှဲလိုက် ..။ တရားစာအုပ်လေး ဖတ်လို မျက်နှာထက်မှာ ဝေဒနာတစ်ခုခုကို မျိုသိပ်ခံစားနေတတ်ဟ ညှိုးနေတတ်ပါသည့် ဖေဖေသည် .. မနေ့ကစ၍ မျက်နှာလည်း လ သည်။ လူလည်း သွားလာချင်စိတ် ရှိနေသည်။ တစ်နေရာတည် ငြိမ်နေချင်ပုံ မရတော့ပြီ ..။

"ဒါဆို .. ဖေဖေ့ကို .. ဘာရိဖတ်(စ်) လာပို့ပေးမယ်လေ .. ဒီ နဒီ လည်း ဖေဖေနဲ့အတူ စားလိုက်မယ် .."

"ရတယ် သမီး .. ထမင်းစားဆောင်မှာ ဖေဖေ စားမယ် .. ရောက်လာတော့ .. တူတူစားချင်တယ် .. စုစုဝေးဝေး ဆိုပါတော့

ဟု ဖေဖေ ပြောလာတော့ နဒီ ရင်ထဲ ကျင်ခနဲ ဖြစ်ရပြန်ပါ ဤကောင်မလေးသည် ဖေဖေ့နှလုံးအိမ်မှာ လုံးဝ ရူးနှစ်စိုးမိုးနေသည် အရင်တုန်းကတော့ မြပုဝါမှာပဲရှိနေသည်မို့ ဖေဖေ လှမ်း၍ လွ လွှမ်းပလေ့စေ ..၊ နဒီ သိပ်ဂရုမစိုက်ပါ။ ဖေဖေ့မြေးကို ဖေဖေ လွှမ်း ပဲ ..။ နဒီ က မလွှမ်းလျှင် ပြီးချေသည်ပဲဟု တွေးမိရပေမယ့် .. တော့ မြပုဝါမှ ကောင်မလေးက ရွှေရိပ်ဦးကို ရောက်လာပြီ။ နဒီ ရှေ့မှာ တွေ့တွေ့နေရတော့မည်။ ခုလည်း ကြည့် ..၊ ဖေဖေ့ကို အပိုင်သိမ်းသွားသည့်သဘောကို ကြုံဆုံနေရသည်တည့် ..။

"ကောင်မလေးရော .."





အောင့်မထားနိုင်တော့သည့်စိတ်ဖြင့် မေးမိတော့ ဖေဖေ ရေချိုးခန်း မေးဆက်ပြသည်။ သြော် .. ကျေးဇူးရှင်က ရေချိုးခန်းဝင်နေသည် ဟု တွေးမိပြန်၏။ ကောင်မလေး ပြန်ထွက်မလာခင် ထမင်းစား ရှာသဲ သွားနေလိုက်တော့မည်ဟု တွေးဖြစ်၏။ ခါတိုင်းနေ့များလို လမ်းလေးလျှောက် ..၊ အက်ဆာဆိုက်လေး ဘာလေး ခေါင်းချိုး ခပ်ဖွဖွပြေးတာမျိုးတွေပင် မလုပ်ချင်တော့သည့်စိတ်ဖြင့် တ်ကျသယောင်ပင်ဖြစ်လာရသည်က မေနဒီ ပါ ..။

"ဒါဆို .. နဒီ ဟိုကပဲ စောင့်လိုက်မယ် ဖေဖေ .."

ပြောကာ အခန်းတွင်းမှ ထွက်လာမိရပါသည့်အဖြစ် ..၊ နစ်နာရီထိုးခါနီးမှာ ဖေဖေ့ကို လက်တွန်းလှည်းလေးဖြင့် တွန်း၍ လေး ထမင်းစားဆောင်တွင်းသို့ ဝင်လာတာကို ကြုံရသည်။ စားပွဲထိပ်ဆီမှ ကုလားထိုင်ကို နဒီ ဖယ်ပေးလိုက်ချိန်မှာ သွန်း မြွေး က ဗိုး(လ်)ချဲလေးကို စားပွဲထိပ်နေရာမှာ ထားပေးလိုက် ပြည့်စုံဦးသာ လည်း ရောက်လာကာ ...

"ဘိုးအခန်းထဲကို ဝင်ခဲ့သေးတယ် ဘိုးဘိုး .. မြေးလည်း ရောက် .. ဘိုးဘိုးက .. ထူထူထောင်ထောင်နဲ့ စားပွဲထိပ်မှာ နေရာယူ မ်းသာတယ် ဘိုးဘိုးရ .. ဘိုးဘိုး နေမကောင်းဖြစ်နေချိန်မှာ ရှိဘဲ ဖေမေ့ဆီ ရောက်နေတာကိုတောင် ရင်ထဲမကောင်းဘူး .. ဖေမေ့ဆီကို ဘိုး ဖုန်းဆက်ပြောပြတော့မှ သိရတာ .. ဖေဖေ လိုက်တယ် ဘိုးဘိုး .. ရွှေရိပ်ဦးမှာပဲ ဘိုး နေကောင်းတဲ့အထိ .. မာမီကိုလည်း အလုပ်လုပ်ကိုင်ကူရမယ်တဲ့ .. မာမီ တစ် တည်း ဖြစ်နေမှာတဲ့ .. ဘိုးအတွက်လည်း ပြည့်စုံ ရှိနေဖို့ လို လေ .."

ပြောကာ ဘိုးဘိုး၏ ဘေးကုလားထိုင်နေရာမှာ သူ ဝင်ထိုင် အမိုကိုကြည့်တော့ မျက်နှာကြည်လင်စပြုသွားတာကို မြင်ရပါ



www.burmeseclassic.com

www.burmeseclassic.com



သည့်အဖြစ် ..၊ သူ .. မာမီကို ကူညီလုပ်ကိုင်ပေးမည်ဆိုတာ ကြားလိုက်ရ၍ ဖြစ်မည်။

"ထိုင်လေ မြေး .. ပြည့်စုံလေး ခေါ်မှာ ထိုင် .."

ဟု ဘိုးဘိုး ပြောတော့ ဗီး(လ်)ချဲနောက်မှာ ခုထိရပ်နေဆဲ သွန်းလေပြေမွှေး အန်တီလေးကို လှမ်းကြည့်မိရသည်ပါပဲ ..။ မတတ်နိုင်ဘိုး ထိုင်ခိုင်းသည်ပဲဆိုသည့်အချိုးလေး အန်တီလေးကို လှမ်းကြည့်လိုက်ပြီးမှ ကိုကြီးဘေးမှာ သွန်း သွားထိုင်လိုက်ရပါ၏။ စားပွဲထိပ်မှာ ဘိုးဘိုး ထိုင်သည်။ ထိပ်နေရာနှင့် အနီးဆုံးနေရာမှာ ကိုကြီး ထိုင်သည်။ ကိုကြီး ဘေးမှာက သွန်း ထိုင်လိုက်ပြီ။ အန်တီလေးကတော့ ဘိုး၏ တစ်ဖက် ထိပ်နေရာမှာ ထိုင်သည်မို့ ကိုကြီးနှင့် မျက်နှာချင်းဆိုင် ဖြစ်နေပါ၏။ မကြာလိုက် ..။ ကြက်ဥပူတင်း .. အားလူးကတ္တလိပ် ပေါင်မုန့်မီးကင် ဂျမ်သုတ် .. နာနတ်ဖျော်ရည် ..၊ ပြီးတော့ .. ကော်ဖီ ထားသောခရားနှင့် နို့ကြွေအိုးလေးတွေ ရောက်လာသည်။ သကြားခွက က သပ်သပ် ..။

"နဒီ ဖျော်ပေးမယ် ဖေဖေ .."

ဟု ကမန်းကတန်းရပ်လိုက်ကာ ကောင်မလေး ကော်ဖီဖျော်နိုင်ခင်မှာ အလုအယက်ပုံလေးဖြင့် နဒီ ကော်ဖီဖျော်ရင်း ကောင်မလေး တစ်ချက် အနိုင်ယူကြည့် ကြည့်ပစ်လိုက်ပေမယ့် အေးစက်စက်လေး ထိုင်နေတာကို ကြုံရပါ၏။

ဖေဖေ နို့ပူတင်းကို စားသည်။ အားလူးကတ္တလိတ်ကို မြိန်မြိန်ရှက်ရှက် စားသည်။ ဖေဖေ စားသောက်တာ နှုတ်မြိန်လာပုံရမို့ နဒီ ဝမ်းသာရသည်ပါပဲ ..။

"မြေး .. စားလေ .."

ဟု ပြောတော့မှ ကောင်မလေး ကော်ဖီဖျော်သည်။ နို့ပူတင်း သည်။ စကားသံ တိတ်ဆိတ်နေ၏။





"ဘယ်လိုဖြစ်နေတာလဲ မြေး .. မြပုဝါမှာများ မနက်စာဝိုင်းမှာဖြင့် မြေးအသံချည်းဖြစ်နေတာ .. တယ်ငြိမ်ပါလား .. နေမကောင်းဘူးလား.. ဘာစောကဖြင့် ဘိုးနဲ့ အခန်းထဲမှာ အကောင်းကြီးပါ .."

ကြည့် ..၊ နေမကောင်းသည့် ဘိုးအေက နေကောင်းသည့်လူကို ...၍ စိတ်ပူမေးမြန်းနေသည်ပဲဟု နဒီ စိတ်ထဲ မသက်မသာ ဖြစ်လာရ ...၏။ ကောင်မလေးကလည်း ကွက်ကြည့်ကွက်ကြည့်ဖြင့် နဒီ ကို ...း လုပ်နေတာမို့ ဖေဖေကလည်း အကဲခတ်သလို ကြည့်ကြည့်နေပြီ ...ည် ..။

"မြေး ပြည့်စုံ .. သွန်းလေး ကို .. ပေါင်မုန့်ပေးလိုက်ပါကွယ်.."

ဟု ဖေဖေ ပြောတော့ ပြည့်စုံဦးသာ ပေါင်မုန့်နှစ်ချပ်ကို သွန်း ...ပြေမွှေး ၏အရှေ့မှာ ရှိနေသည့် ကြွေပန်းကန်ပြားထက်မှာ ထည့် ...ပါ၏။

ကြည့် ..၊ အဘယ်မျှထိ အရွဲ့တိုက်ပါသလဲ .. ဟု ခုမှ နဒီ တွေးမိ ...ပြီတည်း။ တရုတ်ဇာတ်လမ်းတွေထဲကလို .. လက်ကလေးနှစ်ဖက် ... သေချာ ပူးယှက်ဆုပ်ပြီး .. ရှဲရှဲ .. ရှဲရှဲ .. ဆိုသည့် အိုက်တင် လုပ်ပြ ...သည်တကား..။ လုပ်ရင်းလည်း နဒီ ကို လှမ်းကြည့်သည်။ မျက်ဝန်း ...တွေက စိန်ခေါ်ကြည့်ဖြစ်နေတာကို နဒီ ရင်ဆိုင်လိုက်ရပါပြီ ...း..။

"ဟဲ့ .. မြေး .. ဘယ်လိုလဲကွယ် .."

ဟု ဖေဖေ မေးတော့ သွန်းလေပြေမွှေး ဆိုသည့် ကောင်မလေး ...က်ကာပြသည်။ ခဏဆိုသည့်သဘောဖြင့် လုပ်ပြခြင်း။ ပြီးတော့ ...သုတ်သုတ် ဝင်သွားသည်က ဖေဖေ့အခန်း ဖြစ်နေပါ၏။ ပြန်လာ ...ာ့ စာရွက်တစ်ရွက်နှင့် ဘောလ်ပင်တစ်ချောင်း ကိုင်လာတာကို မြင် ...ရသည်။ နဒီ ဖေဖေ့ကို ကြည့်တော့လည်း ငေးနေတာကို မြင်၏။ ...ည့်စုံဦးသာ ကို ကြည့်တော့လည်း တွေးမရနိုင်သည့်နှယ် ငေးငေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတာပဲ ကြုံရသည်။ နဒီ ကတော့ သိသလိုလို ရှိလာရပါ ကောင်မလေး ဘာလုပ်တော့မည်ဆိုတာ အာရုံထဲရောက်လာချိန်မှာ ဖေဖေ့ဘေးမှာ တကုံးကုံးဖြင့် ကောင်မလေး စာချရေးပြနေချေသ တကား။ ဖေဖေကလည်း သွန်းလေပြေမွှေး တစ်လုံးရေးပြီးတိုင်း တ လုံးရေးပြီးတိုင်း သိချင်ဇောဖြင့် အသံထွက် လိုက်ဖတ်နေတာမို့ ကြားနေရသည်။ မကြားချင်၍လည်း မရ ..။

"အန်တီလေးက .. ပြောတယ် .. စားချိန် .. သောက် .. ချိန် စကားများနေတာမျိုး .. မကြား .. ချင်ဘူးတဲ့ .."

ရေးထားသည့်ဥစ္စာကို ဖတ်နေရင်းလည်း ဖေဖေ လှမ်း၍ နဒီ ကြည့်ကြည့်နေသည်။ စာဆုံးသွားတော့မည်ပေါ့ .. ဟု နဒီ ထင်ပေမယ့် ကောင်မလေး အရေးမရပ်သေး။ ဆက်ရေးနေဆဲ ..၊ ဖေဖေ့သာ ပြည့်စုံဦးသာ ပါ ခေါင်းလေးကဲ၍ စာကို စိတ်ဝင်တစား လိုက်ဖတ် တာတွေ ဖြစ်ကုန်ပြီ။ သူ့ကို ကြည့်သူကလည်း တစ်ယောက်တည်း မဟုတ်တော့ပြီ ..၊ ဖေဖေ့အကြည့်တစ်ခုတည်း မဟုတ်တော့ .. ပြည့် ဦးသာ လည်း ကြည့်ကွက် ကြည့်ကွက် လုပ်နေပြီ ..။

ဘယ်လောက်များ မြင်ပြင်းကပ်ဖို့ကောင်းလောက်အောင် တ အားကြိုးမာန်တက်ရေးနေသည်ဆိုတာ ထ၍ ကောင်မလေးလက်ထဲ ဘောလ်ပင်လည်း ဆွဲလု .. စာရွက်လည်း ဆွဲဆုတ်ပစ်ချင်လောက်အော နဒီ ရင်ထဲမှာ ဆူနေပြီ ..။

"စားရင်းသောက်ရင်း .. စကားပြောရင် .. တံတွေးသံနဲ့မို့ .. အန်တီလေး .. နှလုံးနောက်တယ်တဲ့ .. အဲဒါ .. ဖြစ်မှာစိုးလို့ သွန်း စကားမပြောတာပါ .. နောက်နေ့တွေမှာလည်း ဘိုးဘိုးမေးရင် ခုလို စာရေးပြီး ဖြေပါ့မယ် .."

ဟု ဖေဖေ အသံထွက်၍ ဖတ်နေချိန်မှာ နဒီ ဒေါသဖြစ်ဖြစ် ထရပ်လိုက်သည့်နယ် ..။ ဖေဖေကလည်း မျက်နှာတည်ကြီးဖြင့်





ကြည့်လာတာ နဒီ ရင်ဆိုင်လိုက်ရပါပြီ။ ကောင်မလေးက လက်ကာ သည်။ မပြီးသေးဘူး .. ခဏ .. ဆိုသည့်ဟန်လေးဖြင့် ဘိုးအေကို နေသေးသည့်ဟန် ..။ နဒီ မျက်မှောင်တွန့်၍ စိုက်ကြည့်ချိန်မှာ င်မလေးကလည်း ပြုံးရိပ်ရိပ်ထင်နေသည့်မျက်ဝန်းလေးဖြင့် တစ် ဖျတ်ခနဲကြည့်သည်။ တကယ့်ကို ပြုံးရိပ်ဆိုတာက ရိုးရိပ်လေး ခနဲ ထင်ရုံတင်ရုံလေးမျှပဲ ကြာသည်။ ချက်ချင်း အကြည့်က ပြည့်စုံ ာ ထံ ရောက်၏။ အင်္ကျီထူ အိတ်ကပ်ထဲမှထွက်လာသည်က င်းလောင်းငယ်လေး ..၊ အရုပ်လေးတွေ မှာချိတ်တတ်သည့် ခေါင်း င်း ..။ လှုပ်လိုက်လျှင် ချွင်ချွင်ကလင်လင် မြည်နေသည်။ လက် င်းစမှာ တွယ်ချိတ်လေးဖြင့် ခေါင်းလောင်းကွင်းမှာ ချိတ်၍ တွဲလိုက် လက်ကိုလှုပ်ပြသည်။ နောက်တော့ စာရေးပြန်၏။ တော်တော် ရင်း ကုန်းထိုးတတ်နေသည့် သူငယ်မကို မြင်နေရင်း ကိုင်ဆောင့် တ်ပင် ဖြစ်လာနေရသည်က မေနဒီ ပါ။

"သွန်း က ကိုကြီးနဲ့ ကင်းအောင် .. နေရမယ်တဲ့ .. ဒါကြောင့် .. း ရှိတဲ့နေရာကို သိအောင် .. ဒီခေါင်းလောင်းသံလေး ကြားရင် .. နေရာဘက်ကို .. ကိုကြီး မလာ .. ပါ .. နဲ့ .. ဒီခေါင်းလောင်းလေး .. သွန်း ယူလာတဲ့ ခွေးရုပ်ကြီးရဲ့လည်ပတ်က ဖြုတ်လာတာပါ .."

ဟု ထပ်ရေးသမျှ ဖေဖေကလည်း လိုက်ဖတ်နေသည်။ ပြည့်စုံ ာ လည်း လိုက်ဖတ်နေသည်။ နောက်တော့ ဖေဖေ စိတ်မထိန်းနိုင် ဲ ထရပ် လိုက်ပါသတည်း ..။

နေမကောင်းတာတွေ ဘာတွေပင် ဒေါသဇောကြောင့် လွင့်ကုန်ပြီ သိ။ မေနဒီ အံခဲ၍ ငြိမ်ရပ်နေသည်ပါပဲ ..။

"ဘာသဘောလည်း မေနဒီ .. ဖေဖေ့သမီး ဒီလောက် အပြိုး ား ကြီးရသလား .. ကလေးခမျာ .. မနေ့ကမှ ရောက်လာတာ .. င်အချိန် အဲသလို ကလေးကို ပြောခဲ့ပြီးနေသလဲ .. မြေး သွန်း ..



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းက ညည်းအန်တီလေး ပြောတာလဲ ..''

သွန်းလေပြေမွှေး စာလေး ထပ်ရေးပြပြန်သည်။

''မနေ့က .. အခန်းထဲ .. ခေါ် .. ပြော .. တာပါ .. သွန်း က အ
တိုင်ပြောတာ မဟုတ်ဘူး .. စကားမပြောဘဲ နေရတဲ့ကိစ္စနဲ့ .. ကိုကြီး
ရှောင်နေရမယ့်ကိစ္စ .. အဲဒါကို သိအောင် ရှင်းပြတာပါ ..''

ရှင်းပြတာ ..၊ ဘယ်လောက်များ အူယားပြီး ခေါင်းဆောင့်ပစ်ချ
စရာ ကောင်းနေပါသလဲ။ မေနဒီ ဒေါသဖြင့် စိုက်ကြည့်မိရပါ၏။

''ငါက .. သူ့အမေလို အေးစက်စက် .. ပျော့ဖပ်ဖပ်လို့ ထင်ထာ
တာ .. အာဂကောင်မလေးပဲ .. အာဂမီးခဲလေးပဲ .. ကြည့်စမ်း .. အ
မနက်မှာပဲ .. ငါ့ခေါင်းကို သူ တူထုနေပြီ ..''

ဟု တွေးချိန်မှာ ဖေဖေ ခေါင်းခါ၍ ကြည့်လာရင်းမှ ...

''ဪ .. မနေ့ကတည်းက ကလေးကို အဲသလို စိတ်ဆင်
အောင် ခေါ်ပြီး သီးသန့်ပြောခဲ့တာကိုး .. နောက်ကို .. အဲသလိုမလုပ်
မေနဒီ .. ဒီကလေးဟာ .. ဖေဖေ့မြေးဖြစ်တယ်ဆိုတာ မမေ့မပစ်ပါနဲ့
ဒီအိမ်မှာ ဖေဖေ့မြေးကို ဘယ်သူကမှ .. စိတ်ကျဉ်းကျပ်အောင်လုပ်
မျိုး ဖေဖေ လက်မခံနိုင်ဘူး .. ဘယ့်နှယ် .. ဘိုးအေ နေမကောင်း
ပြေးလာတဲ့ ကလေးကို မညှာမထောက် .. ခရီးရောက်မဆိုက် .. အဲသ
ပြောရက်တယ် နဒီ .. နောက်ကို .. အဲသလိုမလုပ်ပါနဲ့ .. ဒီကလေး
အလွန်ပျော်ပျော်နေတတ်တဲ့ ကလေး .. စိတ်လက်ပေါ့ပေါ့ပါးပါးနဲ့
လုပ်ချင်တာကို .. အပြစ်ကင်းကင်းနဲ့ လုပ်တတ်တဲ့ ကလေး .. အဲသ
ကလေးနဲ့ ငါ မြပုဝါမှာ နေလာခဲ့တာ .. ကလေးကို ချစ်လာခဲ့တာ
ငါ့ဆီရောက်မှ ညည်းချတဲ့ စည်းကမ်းထဲမှာ ကလေးကို အနေမကျ
ပါနဲ့ .. ဒါပဲ ဖေဖေ မှာချင်တယ် .. ပြီးတော့ .. နဒီ က အကြီး
အဒေါ်ဖြစ်တဲ့သူ .. ကလေးက အငယ် .. တူမဖြစ်တဲ့သူ .. ကလေး
ဒီလိုလုပ်တာကိုက .. နဒီ ဆိုးတယ် ..''





ဟု ဖေဖေ ပြောကာ သက်ပြင်းရှိုက်၍ သွန်းလေပြေမွှေး ကို
ကြည့်ပါ၏။ သွန်းလေပြေမွှေး ကလည်း လက်ကလေးပိုက်၍ မျက်
ောင်လေး ပုတ်ခတ်ပုတ်ခတ်ဖြင့် ရပ်နေသည်။ သနားစရာ့မျက်နှာ
ေး ဖြစ်နေသည်။

''အကြီလက်မောင်းမှာ တွယ်ချိတ်နဲ့တွယ်ထားတဲ့ ခေါင်းလောင်း
ို ဖြုတ်လိုက်စမ်း မြေး .. စကားလည်း ပြော .. ဘယ်သူ့ကိုမှ လန့်စရာ
ိုဘူး .. ဒီနေ့ .. မြေးဖုတ်ပေးတဲ့ ပူတင်း .. စားလို့ကောင်းတယ် ..
နတ်ရည်လည်း ဘိုး သောက်မယ် ..''

''နာနတ်ရည်က .. ဘူးထဲကဟာတွေ မဟုတ်သေးဘူး ဘိုးဘိုးရဲ့..
တ်လတ်ဆတ်ဆတ်အသီးကို .. အခွံနွှာ .. မျက်စိမျက်ဆန် ထုတ် ..
ချာ စိတ် .. အူတိုင်ရှင်းရှင်းနဲ့ .. ဘလင်ဒါနဲ့ ထည့်မွှေးထားတာ ..
ယ်ရှယ် ..''

အံမယ် ..၊ စကားသံ ချက်ချင်းထွက်ကျလာလျက် ကုလားထိုင်မှာ
ိုင်သည်။ ဖျော်ရည်ခွက်ကိုလည်း ဘိုးအေကို ကမ်းပေးသည်။ ဘိုးအေ
ာက်နေတာကိုလည်း ပြုံး၍ ကြည့်သည်။

''မနက်အစောကြီးထပြီး မနက်စာ သွန်း လုပ်တာလေ .. ဘိုးကို
.. အားလုံးကိုရော .. သွန်းလက်ရာလေး ပထမဆုံး ကျွေးချင်လွန်း
လေ.. ခုလည်း .. ဘိုးက ဟိုပြောသည်မေးမို့လို့သာ သွန်း က ..
းမပြောနိုင်တော့ စာရေး ပြောရတဲ့သဘောပါ .. အန်တီလေးကို
အာမဟုတ်ပါဘူး အန်တီလေးရဲ့ .. စားလေ .. သွန်း လုပ်ထားတာ..
မြိန်တယ် မဟုတ်လား .. စား ..''

ဟု ပြောကာ နာနတ်ရည်ကို မော့သောက်သည်။ မေနဒီ စား၍ကို
ောာ့ပြီ။ စာစာက စားမြိန်သောက်မြိန်ဖြစ်နေပေမယ့် ကောင်း
လက်ရာဆိုတာ သိလိုက်တာနှင့် မျို၍မကျနိုင်ဘဲ ဖြစ်ကုန်ပေါ၏။

သွန်းလေပြေမွှေး ကတော့ လက်မောင်းစမှ ခေါင်းလောင်းလေးကို



www.burmeseclassic.com

www.burmeseclassic.com



တွယ်ချိတ်နှင့် တွယ်ထားတာကို ပြန်၍ ဖြုတ်ရင်းမှ ...

"မနက်ဖြန် .. ဘိုးအတွက် ကွေကာအုပ်ပူတင်း ကျွေး
သိလား .. မုန်လာဥနီဖျော်ရည် တိုက်မယ် .. နာနတ်သီးတွေလ
တောင်းနဲ့သယ်လာတာဆိုတော့ .. ဟိုဒင်း ချက်ပြမယ် .. နာနတ်
အချိုချက်ဟင်း .. အံမယ်.. စားကောင်းတယ် သိလား .. ပဲစေ့လေး
ချက်တာ .. မုန်လာဥနီတောင် ပါသေး .."

ပူတင်းကို တမြုံ့မြုံ့ အရသာခံရင်း စားသံသောက်သံဖြင့်
လေပြေမွှေး ပြောနေပါ၏။ အန်တီလေးကို ကြည့်မိသည်။ မတတ်
ပါ..၊ အန်တီလေး ခံပြင်းနေမှာကိုလည်း သွန်း သိပါသည်။ ဒါပေ
သွန်း ဆိုတာ အလွယ်တကူဖြင့် ဘယ်သူ့ကိုမှ အရှုံးမပေးတတ်တာ
တော့ အန်တီလေး သိဖို့လိုသည်လေ ..။ သွန်း က ရွှေရိပ်ဦးမှာ ကြာ
ကြာရဦးမည်။ ဘိုးသိ နေကောင်းသည်အထိ နေရမည်။ နေကောင်း
ဖြစ်လာသည် ဆိုစေဦး .. ဘိုးသိ က ပေးမပြန်သေးပဲထားလျှင်လ
ဆက်နေရဦးမည်။ ထိုသို့နေရချိန်မှာ သွန်း က မနက်စာကို ပါးစပ်
ပြီး စားရဦးမည်။ တစ်အိမ်တည်းနေနေပါသည့် ကိုကြီးကိုလည်း
အောင် ရှောင်နေရဦးမည်။ သို့ဆိုလျှင်ဖြင့် ဘယ့်နှယ်နေ၍ ထို
ပျော်စရာဖြစ်လာနိုင်ပါ့မည်တဲ့လဲလေ။ ကျဉ်းကျပ်ရှုပ်ထွေးနေသော
ဖြင့် ရှိနေရမည်ပေါ့။ ဒါကြောင့် .. ဤလမ်းကို ရွေးလိုက်ရလျှ
မနက်မိုးလင်းတာနှင့် အဖြေထုတ်လိုက်ရသည်ပါပဲ။ စာရေး၍ အ
ပေးရပါသည့်နည်း ..။ အစကတည်းက သွန်း ကြိုတင်သိထား
လေ..။ မနက်စာစားချိန်မှာ ဘိုး ဟိုဟိုသည်သည် မေးမည်။ ပြော
ပေါ့ ..။ မဖြေဘဲ ခေါင်းညိတ်ခေါင်းခါ လုပ်ပြရမည်။ နောက်ကျ
စာရေး၍ ဖြေလိုက်မည်။ ပြီးပြီ ..။

စားသောက်ပြီးချိန်မှာ အန်တီလေး ဆေးယူလာကာ ဘိုးကို တို
ပါ၏။ တိုက်ပြီးတာနှင့် ဆေးဘူးတွေကို ပြန်သိမ်းကာ ဘိုးအခန်း





သွားသည်။ ပြီးတော့လည်း အပေါ်ထပ်သို့ တက်သွားသည်ပါပဲ ..။

"ကဲပါလေ .. ဒီနေ့တော့ဖြင့် .. နောက်တော့မှပဲ ခြံထဲဆင်းမယ်
ရယ် .. ဘိုးအခန်းထဲပဲ ပြန်နားမယ် .."

ဟု ဘိုး ပြောရှာပါ၏။ စောစောကအဖြစ်အတွက် ရင်ထဲမကောင်း
နေတာလည်း သိသာသည်။ သွန်း ကို အန်တီလေး ထိုသို့ပြောထား
တွေကို သိရသည်မို့လည်း ရင်ထဲ ထိခိုက်ပုံရပါ၏။ ဤအတွက်
သွန်း စိတ်မကောင်းပါ။ ဒါပေမယ့် .. ဤလမ်းပဲ ရှိတာမို့ ..
နေ့မနက်မှာ သွန်း ဤလမ်းကိုပဲ ရွေးခဲ့ရခြင်းပါ ..။ စောစောအသိ
လိုက်တော့ စောစောလည်း သိမည်။ စောစောလည်း အန်တီလေး
ကိုးရဲတော့သည့် ခံစားချက် ရသွားမည်။ ဤသည်က အရှည်
ဖြင့် .. ရွှေရိပ်ဦးအတွက် ကောင်းသည်လေ ..။ မြုံစိစိလုပ်ထားလျှင်..
တော့ မကောင်း ..။

ဘိုးကို အခန်းထဲရောက်တော့ ...

"အိပ်ရာမှာ လှဲမလား ဘိုး .."

ဟု မေးမိရပါ၏။ ဘိုး ခေါင်းခါသည်။ ဘေးမှာ ထိုင်ခိုင်းတာမို့
ခင်းကော်ဇောကြီးထက်မှာ သွန်း ထိုင်ရပါ၏။ ဘိုး၏လက်တွေက
၏ဆံစလေးကို သပ်ပေးသည်။

"မြေးရဲ့အန်တီလေးကို ခွင့်လွှတ်လိုက်ပါကွယ် .. အလွန်စိတ်ကြီး
- တစ်နေ့တော့ .. စိတ်ပြောင်းလဲလာမှာပေါ့ မြေး ရယ် .."

"ဟုတ်တာပေါ့ ဘိုးသိ ရဲ့ .. အလွန်မာတဲ့ ကျောက်တုံးတောင်..
တ်ပစ်လိုက်ရင် .. ထုံးဖြစ်သွားတာပဲလေ .. အိမ်ဆောက်ပစ်လိုက်လို့
ပေါ့ .. ကျောက်တုံးတွေကို .. မြေကျင်းကြီးထဲ ထည့် .. မီးဖုတ်..
နှန်တန်တော့ ရေနဲ့ကျောက်တုံးတွေပေါ် ဖြန်းချလိုက် .. ထုံးဖြစ်က
- အဲဒါကို.. အိမ်ဆောက်တော့ သဲကျောက်တို့ ဘာတို့နဲ့ .. ဘိလပ်
တို့နဲ့ .. သမမွှေပြီး ဆောက်လိုက်တာ .. အချစ်အိမ် ဖြစ်ရော .."



www.burmeseclassic.com

www.burmeseclassic.com



"မြေးဟာလေ .. တော်တော်ပေါက်ပေါက်စစ .. ပြောတတ်ပါ
ရဲ့.. မြေးရဲ့အန်တီလေး ကြားရင် .. သူ့ကို ထုံးလို အမှုန့်ချေပစ်မယ်
ထင်နေပါ့မယ်ကွယ် .. အချစ်အိမ်ဆောက်တာတွေအထိ တွေးပေးမယ်
မရဘူးကွယ် .."

"မတွေးမိမိ .. တွေးမိမိ .. တစ်နေ့မှာ အချစ်အိမ်ကြီးဖြစ်သွား
လိုတာပါ ဘိုးဘိုးရဲ့ .. အဲသလို ကျောက်က ထုံးဖြစ်တယ်ဆိုတာ
ဒေါ်ကြီးသင် ပြောပြဖူးလို့ ကြားဖူးနားဝရှိတာပါ ဘိုးဘိုး .. တက
တော့ ထုံးဖုတ်တဲ့နေရာအထိတော့ သွန်း မရောက်ဖူးပါဘူး .. ဒါပေမ
အဲသလို ဒေါ်ကြီးသင် ပြောပြလို့ ကြားလိုက်ရတော့ .. တွေးမိတ
သိလား .. ခေါင်းမာတဲ့သူငယ်ချင်းတွေကိုဆို .. နင်တို့ကို ထုံးလုပ်
မယ်လို့ .. အဲသလိုပြောလိုက်တာပဲ .. မာတဲ့ကျောက်တောင် ထုံးဖြစ်
ပဲလို့တော့ အသိရတာပေါ့ .. ဟက် .. ဟက်.."

ဟု ပြောကာ ဘိုးဘိုးကို ခြေသလုံးတွေ နှိပ်ပေးမိသည်။

"သွန်း က .. အန်တီလေးကို ချစ်ပါတယ် .. ဒါပေမယ့် .. ချစ်
က ချစ်တာပဲ .. အရှုံးမပေးတာက မပေးတာပဲ .. ဘိုးသိ သိအောင်
ပြောပြမှ ဖြစ်တာမို့ .. ပြောပြတာက ပြောပြတာပဲလေ .. အဲသလိုလုပ်
ရှင်းရှင်းလင်းလင်း ဖြစ်ရတာပေါ့ .."

ဟု စကားဆက်သည်။ ဘိုးသိ ကတော့ ရယ်နေသည်ပါပဲ —

"ကဲပါ .. ဘိုးကို .. သီချင်းလေးဆိုပြီး .. ကပြစမ်းပါဦး .. မြေး
မှာ မြေး သီချင်းဆိုလိုက် .. ကလိုက်နဲ့ .. ဘိုးကို လုပ်ပြတိုင်း .. ဘိုး
လေ .. မြေးရဲ့မေမေကိုလည်း အလွမ်းပြေသကွယ့် .. မြေးကိုလည်း
အချစ်ပိုသကွယ့် .."

ဟု ပြောလာတော့ ချက်ချင်း သွန်း ထရပ်မိသည်ပါပဲ။ နွေရာသီ
အကသင်တန်းတက်ထားခဲ့ပြီးသည့်နောက်မှာ သွန်း ကလည်း ကတ
သည်။ နွေရာသီတိုင်းလည်း အကဆက်သင်တာမို့ ပို၍လည်း ကျွမ်း





ကျင် —

ခုလည်း ဘိုးအောက .. ကပြပါဆိုတာနှင့် ချက်ချင်းထရပ်သည်။
တစ်ဖက်ကို ဖနောင့်ကကြွ၍ ဒူးလေးကိုညွှတ်ပြီး ကိုယ်လေးကိုယို့
ခါင်းလေးမော့ထားလိုက်ပါ၏။ ကနွဲ့ကလျဟန် ..။ လက်အချိုး ..
လေးချိုး၍ ကလိုက်ပုံလေးက လှလည်းလှ ..။ အချိုးလည်း ကျပါသည့်
အပြင် ..။

ထဘီအနားခတ်သလိုလေးလည်း လှည့်၍ နုနုလှလှလေး ကပြ
သည်။ ပုဂံစလေးပြင်သလို လက်ကတော့ထိုး၍ ပြင်လိုက်သေးသည့်
အပြင် ..။

"အစ်ကိုတို့ရဲ့မေတ္တာ မပတို့ကချစ်တာ ××× စေတနာက ထူးသော်ကြောင့်
ဆုတောင်းအမှုပြုပါလို့ မြတ်ပရမေကို အပ်ပါသည် ××× ကျွန်မ မသေပါဘူးရှင့်
မေတ္တာကို ရည် ×× သေနိုင်ပါ့မလား လေဘာတီရယ် ×× ပေတရာဆီ
ရောက်ပါလို့ မြင်သလောက် ပြလိုက်ချင်ပါသည် ×××"

ကကြိုးကကွက်လေးနှင့် သွန်းလေပြေမွှေး ဆိုလည်း ဆို ..၊
ကြည့်က ဘိုးထံသို့လည်း ရောက်လာရရင်း တံခါးဝမှာ လူရိပ်တစ်ရိပ်
သည်မို့ ကြည့်လိုက်မိတော့ ကိုကြီးပါတကား ..။ ကိုကြီး၏အကြည့်
သွန်း ၏အကမှာ တန့်နေသည်။ သွန်း ၏အဆိုမှာ ငြိမ်ကျ၍
နေသည်။

ချက်ဝန်းဝယ် မျက်ရည်ဝေ့နေသည်ကောလေ ..၊ သွန်း ရင်ထဲမှာ
နေ ခံစားရသည်က အံ့သြခြင်း ..။ ဘာကြောင့်များ ကိုကြီး ခုလို
မျက်နှာထက်မှာ ကြေကွဲရိပ်တွေ ထင်နေရပါသတဲ့လဲ ..။ ဘိုးသိ
တော့ တံခါးဘက်ကို ကျောပေးထားတာမို့ ကိုကြီးကို မမြင် ..။
နဲ့ ကိုကြီး လှည့်ထွက်သွားတာကို သွန်း မြင်လိုက်ရသည်ပါပဲ ..။
ဒါပေမယ့် .. ဘိုးသိ ကို ကပြနေရတာမို့ အဆိုလည်း မရပ်ဖြစ်
— ကလည်း ကလိုက်ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"သေနိုင်ပါ့ရိုးလား လောဘတီရယ် ×× ပေတရာဆိလျှောက်ပါလို့
သလောက် ပြလိုက်ချင်ပါသည် ×× အခြေလည်း တိုးတယ် .. အနေလည်
တိုးတယ် .. အခြေလည်း တိုးတယ် ×× အနေလည်း တိုးတယ် ×× အခြေလ
တိုးတယ် ××× အနေလည်း တိုးတယ် ××× မသေဘဲကိုးကွယ် ×× မျှော်တော်
ကြသည် ×× သြော် မမုန်းနဲ့နော် ကျွန်မအတည် ×× ရုပ်တော်တော်လှပါသည်
တုံးကျော်မ လောဘတီ ..."

သွန်း၏စိတ်အစဉ်ကဖြင့် .. ကိုကြီးနှင့်ပတ်သက်ရာတွေပဲ ဖြစ်
ရပါသတည်း ...။ ကိုကြီး၏ရင်ကို .. အလွမ်းဓာတ်ခံအဖြစ် .. သွ
၏ အကမြင်ကွင်းက .. မည်သို့နယ် ဖြစ်တည် ခံစားနေစေလိုက်
သတဲ့လဲလေ ...။





## အခန်း (၁၂)

"ဂျုံးမြစ်ဆိုတာ အလွန်နူတ်မြိန်တာ အပုလေး ရဲ့ .. သွန်း တို့ဆီမှာ
.. ငါးထမင်းနယ်ဆိုတာ ရှိတယ် .. အဲဒါ ဂျုံးမြစ်နဲ့ စားရတာ ..
တို့အမြှုပ်လုပ်စားသလို စားရတာလေ .. ဒီနေ့မနက်မှာ .. ဘိုးသီ
ည်း စားရတာ အာရုံအပြောင်းအလဲလေးလည်း ဖြစ်အောင် .. ငါး
င်းနယ် လုပ်ကျွေးရတာ .. ရင်ပြည့်စာလည်း မဟုတ်ဘူးလေ ..
ငါးကိုပြုတ် .. အရိုးနွှင်.. ထမင်းပူပူလေးနဲ့ ငါးနဲ့နယ် .. နယ်တဲ့
မှာ ခုလို .. ကြက်သွန်ဖြူ ဆီကျက်လေးလည်း အလောတော် နည်း
ထည့် .. ဆားထည့် .. နနွင်းဆီကျက်လေးလည်း ထည့် .. ခံရမ်း
ပြုတ်ထားတာလေးလည်း ချေပြီး အဲဒီအနှစ်ကို ထည့် .. ပြီးတော့
– အဲသလိုပဲရှိတာ .. တကယ်စားတဲ့အခါကျတော့လည်း .. ဟောဒီ
ငါးထမင်းနယ်လေးတွေ အလောတော် လုံးပြီး နည်းနည်း ပြန်ပြား
င်လုပ်ထားတဲ့အပေါ်မှာ ကြက်သွန်ဖြူဆီကျက်နဲ့ ကြက်သွန်ကြော်
တာလေး ဆမ်းရတာပေါ့ .. အစပ်ကြိုက်တဲ့သူက.. ငရုပ်အစပ်
ထောင်းထားတာကိုလည်း ထည့်စားနိုင်တယ် .. ငါးဆေးခါးဟင်း
လေးလည်း သောက်နိုင်တယ် .. ဒီလိုဆိုတော့ .. စားကောင်းတာပေါ့
လေး ရဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



ငါးထမင်းနယ်နေရင်း သွန်းလေပြေမွှေး ပြောနေသမျှ ဘော
ရပ်ရင်း နားထောင်နေသည့် အပုလေး ကတော့ .. ဘယ်လိုလုပ်ရကို
မည်ဆိုတာတွေကို သေချာမှတ်သားဖို့ထက် ပို၍ စိတ်ဝင်စားနေသည်
စားဖို့ပဲ ဖြစ်ချေ၏။ ငါးထမင်းနယ်လေးက ဝင်းအိနေသည်ပါပဲ
ကြက်သွန်ဖြူလေးတွေ အလောတော် လှီးဖြတ်ပြီး ဆီကျက်အဖြစ် ချ
ထားတာကလည်း မနည်းမနောပါ။

တစ်အိမ်လုံး ကြိုက်သလောက် ကြက်သွန်ဖြူဆီကျက်လေး ဆ
ပြီး ထိုငါးထမင်းနယ်ကို အဝတီးနိုင်သည့်သဘော ..၊ ငရုတ်သီးမှု
ကြော်ထောင်းထားတာကလည်း နီမွှေးနေသည်ပါပဲ ..။ ငရုတ်
ဆီကျက်လည်း ရှိသေးသည်။

"ဂျုံးမြစ်ကတော့ နည်းနည်း မာကျွတ်ကျွတ်ရှိတာမို့ ဘိုးသီ
မကျွေးတော့ဘူးလေ .. ပေးမစားဘူး ဆိုပါတော့ .. ဆေးခါးမှုန့်
ခပ်ထားတဲ့.. ငါးဆေးခါးဟင်းရည်နဲ့ စားကောင်းပါတယ် .. ခုမှ
ငါးထမင်းနယ် ဆိုတာမျိုးကျတော့လည်း ဆေးခါးဟင်းရည်က .. နု
မုန်လာဥထုပ်ကို အလော်တော်လှီးပြီး ခတ်ထားလိုက်တော့ ချိုချိုခါး
လေးမို့ .. ချိုသက်သက်လေးဖြစ်ပြီး စားကောင်းတယ် .."

ဂလုခနဲ ပုလေး တံတွေးမျိုယူနေရပြီ ..။ ဒေါ်ကြီးထား က
ပြုံးနေသည်ပါပဲ ..။ မနေ့က .. ကောက်ညှင်းပေါင်းနှင့် ငါးကြော်
မနက်စာစော ထ၍ လုပ်သည်။ ဘိုးသီ အတွက်ကျတော့ နို့ဆန်ပြု
လုပ်သည်တဲ့..။ ဤနေ့ကျတော့ ဘိုးသီ လည်း စားနိုင်မည့် ငါးထ
နယ် လုပ်သည်တဲ့ ..။

"အင်း .. သွန်းလေး ပြန်သွားရင်ဖြင့် ဒေါ်ကြီးထား တို့
လွမ်းကျန်ရစ်ရတော့မှာပဲ .. တစ်ပတ်တည်းနဲ့တင် အလွမ်းတွေက
ဖြစ်နေရပါပကော .. အဲဒါပြောတာ .. အပုလေး .. သေချာ နားထော
စမ်း၊ လူဆိုတာ ရောက်လေရာမှာ ချစ်အောင်နေမယ် .. အလု





င်မင်နဲ့ လုပ်ကိုင်မယ်ဆိုရင် .. ဘယ်သူမဆို အချစ်တိုးသကွယ် ..
လေးက .. ပျင်းတိပျင်းတောင် အလွန်လုပ်ချင်တာ .."

တဖွတ်ဖွတ် .. သွားရည်မျိုသည့်အလုပ်လုပ်နေသည့် အပုလေး
ကြည့်ရင်းလည်း ဒေါ်ကြီးထား လှမ်းပြောတော့ အပုလေး နိုး၍
လေပြေမွှေး ကို ကြည့်သည်။ ဆန္ဒင်းမကောင်းလင်ပန်းကြီးထဲမှာ
ထမင်းနယ် နယ်ပြီး လက်တစ်ဝါးစာအလုံးကြီးတွေ လုံးနေသည့်
လေပြေမွှေး ကို ကြည့်ရင်း အပုလေး ရှက်တက်တက်ဖြစ်ချင်သည်။
င်းထူတာ လူမိသည့်နယ် ရှိရသည်ကိုးလေ ..။

"လွမ်းရင် လာလည်ပေါ့ ဒေါ်ကြီးထား ကလည်း .. သွန်း နေတဲ့
ကြီးမှ အကျယ်ကြီးရယ် .. ဒေါ်ကြီးထား စတိုင်နဲ့တည်း .. ဟိုမှာ
ခမ်းလုံးချောင်းဆိုတာ ရှိတယ် .. ငါးသွားမျှားလို့တောင် ရသေး ..
သေး နဲ့ ဒေါ်ကြီးထား အဖော်လိုက်ခဲ့ .."

ဟု အလည်အပတ် ဖိတ်ခေါ်သည့်အလုပ်ကို စိတ်ပါလက်ပါ
ပြောသည်။ ပြီးတော့မှ အပုလေး ကို ကြည့်ကာ ..

"အပုလေး က မပျင်းပါဘူး ဒေါ်ကြီးထား ကလည်း .. ကလေးပဲ
ဒီလောက်ပဲ လုပ်ပေးနိုင်တာပေါ့ .. ကြီးလာတော့လည်း .. အလုပ်
တတ်မှာပေါ့ .. သွန်း လည်း ဒေါ်ကြီးသင် က .. တဖြည်းဖြည်း
တာမို့ ခုလို လုပ်တတ်တာပါ .."

ဟု ဆက်ပြောပါ၏။

"အလိုလေးတော်ရယ် .. ဟိုကိုတော့ သွားမလည်နိုင်ပေါင်အေ
ဒီမှာက အစ်ကိုကြီးသီ ကို .. ချက်ပြုတ်ကျွေးမယ့်သူဆိုတာက
ထား မရှိရင် မဖြစ်ပေါင် .. ဟောဒီ အပုလေးများ ချန်ခဲ့လို့တော့..
အခါးနဲ့ .. ဟင်းပျက် ထမင်းပျက်ပဲ ဖြစ်မှာ .."

ဟင် .. ဒေါ်ကြီးထားကလည်း အပုလေး ကို သိပ်အတင်းပြော
တစ်ခါတလေ ဟင်းအိုးမွှေဖို့ မေ့ပြီး အိုးခွက်တိုက်ဖို့အထဲ



www.burmeseclassic.com

www.burmeseclassic.com



စိတ်နစ်သွားလို့ ဒေါ်ကြီးထား တည်ထားတဲ့ဟင်းအိုးလေး တူးဖူး… တာများ .. ဘယ်တော့မဆို .. အပုလေး ဖြင့် အပြစ်ပြောခံရတာ… မလွတ်ပဲ .."

"တစ်ခါတလေ ဆိုတာကလည်း လေနိုင်ပါ့ .. သွန်းလေး… တစ်ခါလေ ငါးအိုးကပ်ချက် ခဏကြည့်ပါ .. နောက်ဖေးဘက်က… ခင်းသွားပြီး ပူစီနံလေး ခူးလိုက်မယ်ဆိုတာ .. ပြန်လာတော့ .. အိုး… နေတာ တစ်ခုတည်းနဲ့ ဟင်းအိုးမေ့နေသတဲ့ .. ငါးအိုးကပ်… ငါးတူးကပ် ဖြစ်ကရော .. အဲသလိုကွယ် .."

ဟု ဒေါ်ကြီးထား ညည်းပါ၏။ သွန်း ပြုံးနေလိုက်သည်ပါပဲ…

"အို .. စောစောကတည်းက .. အပုလေး ကို ပူစီနံခင်းသွား… ပူစီနံရွက်လေး ခူးလာခဲ့နိုင်းဆိုတာ ခိုင်းလိုက်ရင် ပြီးတာပဲဥစ္စာ .. … က အိုးတူးခွက်တူးတဲ့ရန်က လွတ်တယ် .."

"ဟုတ်ပါ့ .. နောက်များကျရင်ဖြင့် .. ရှင်လေးကို ဘာခိုင်းရ… ဘာကိုမခိုင်းရဘူးဆိုတာ .. ရှင်လေးဆီကပဲ စာရင်းအင်း တောင်… ထားပါ့မယ် .. ဟုတ်ဟုတ်နေသေးရဲ့ .. ပြောလိုက်ရင် .. ဘယ်ဥစ္စာ… သူ့မှာ ပြေးမလွတ် .. ဘယ်ဥစ္စာက သူ့အတွက် ပြေးလွတ်တာ… ဖြစ်နေရသေးတယ် .. ညည်း မီးဖိုချောင်ကိစ္စ တတ်လိမ့်မယ် .. … မလွတ်အောင် တတ်လိမ့်မယ် .. အိုးတူးခွက်တူး မယ်ပုလေးပဲဖြစ်…"

သွန်း ထပ်၍ ပြုံးမိပြန်၏။

ပျော်စရာတော့ အကောင်း ..၊ ပျင်းဖို့ကို မရှိ။ ဤတူဝရီး… အပျင်းပြေသည်တည့် ..။

ကြွေထမင်းပန်းကန်ပြားထက်မှာ ငါးထမင်းနယ် တစ်လုံး… ထည့် ..။ ထမင်းစားစားပွဲရှည်ကြီးမှာ အားလုံးနေသာ့တကျသွား… လေးနှင့် ထားခိုင်း ..။ ကြက်သွန်ဖြူဆီကျက်အုပ်လေးတွေ ..။ ရေ… အပွကြော်ထောင်း ထည့်ထားရာ ကြွေပန်းကန်လုံးလေးတွေ .. ဆီ…

…ထားရာ ကြွေပန်းကန်လုံးလေးတွေလည်း တစ်ယောက်ကို တစ်လုံး … အားလုံး သီးသီးသန့်သန့်တားပေးသည်က သွန်း ၏အစီအမံပါ။ …သတ်ပဝါလေးတွေကအစ တစ်ယောက်တစ်ခု သေသေသပ်သပ် …စားပွဲပေါ် ချထားပေးသည်တည့် ..။

"အပုလေး .. ဘိုးသီ ကို မမသွန်း သွားခေါ်တော့မယ် .. ဟောဒီ …ည်ကြွေအုပ်ကြီးကို သယ်ထား .. ဟင်းရည်သောက်ဖို့ ပန်းကန် …းတွေချထား .. ကြွေဇွန်းတပ်ထားနော် .. ဂျုံးမြစ်ဆေးထားတာ …ွက ဟောဒီ ပန်းကန်ပြားငယ်လေးတွေမှာ ထည့် .. ဘိုးသီ …ောက်အတွက်ပဲချန်ပြီး အားလုံးစားဖို့ ပွဲတိုင်းမှာချထား .."

ဟု မှာကာ ဘိုးသီ ကို သွန်း သွားခေါ်လာရပါ၏။ ဗိုး(လ်)ချဲလေး … ဘိုးသီ ကို ခေါ်လာချိန်မှာ အန်တီလေးရော ကိုကြီးရော ရောက် …ပြီ ..။

…ဟင်းရည်ပူပူလေးကို အပုလေး တစ်ယောက် သေသေသပ်သပ် …် ပန်းကန်လုံးတွေမှာ ခပ်ထည့်ပေးနေချေသည်တည့် ..။

"အံမယ် .. ဒီနေ့တော့ မြေးလက်ရာက ငါးထမင်းနယ်ကိုးကွယ့် .. … အကြိုက် ဆိုပါတော့ .. မြပုဝါမှာ မြေးလက်ရာ ငါးထမင်းနယ် … ကြိုက်ခဲ့တာကို မမေ့ပဲကိုး .."

…ှ ဘိုးသီ ပြောကာ စတီး(လ်)ဇွန်းလေးဖြင့် ကြက်သွန်ဖြူကြော် …ဆီကျက်ကို အပေါ်မှုဆမ်းသည်။ ကြက်သွန်ဖြူနိုင်းချင်း …င်း ..၊ ဘိုးသီ စ၍စားသည်မို့ အားလုံး လိုက်စားဖြစ်သည်ပါပဲ။ …က်ကတော့ ငါးထမင်းနယ်ဆိုတာ မိုင်းလှိုင်ဈေးနေ့တိုင်းမှာ …ယ်ဝယ်စားဖြစ်နေကျ ..။ ခု စားရသည့် ငါးထမင်းနယ်က …ကောင်းနေသည်တည့် ..။ ငါးဆေးခါးဟင်းရည်သောက်လေး …ကောင်းသောက်မြိန် ဖြစ်ရသည်ပါပဲ ..။ မာမီကတော့ တိုဟို …လားပဲ စားသည်။





www.burmeseclassic.com

www.burmeseclassic.com



သူ့ ရင်ထဲ မကောင်းပါ ..၊ ဤမျှအထိ သွန်းလေပြေလေး လုပ်
ပေးနေပေမယ့် ဘယ်တော့မှ မျက်နှာကောင်းလေး မရရှာ ..။
မျက်နှာတည်ကြီးကိုပဲ သွန်းလေပြေမွှေး ရင်ဆိုင်ရသည်ပါပဲ။ တစ်
တစ်ခါကျတော့လည်း ရင်ထဲမှာ အားနာစိတ်တွေ ကောင်မ
အတွက် ခံစားလာရသည်။

"ဆေးခါးမှုန့်လေးကလည်း အနေတော်လေးပဲ ထည့်တာမို့
ဂျင်းနိုင်နိုင်နဲ့ ချက်ထားတဲ့ ဒီဟင်းရည်ကလည်း .. စားကောင်းသ
မြေးရဲ့.. ငါးဆေးခါးဟင်းရည်သောက်လေး ဘိုးသီ စားချင်နေ
ကြာပြီ မြေးရဲ့.."

ဟု ဘိုးသီ ကတော့ မနက်စာဝိုင်းကို ထိန်းထားပါ၏။

"အန်ကယ်ကြီးအတွက်လည်း .. လေးလေးစံ နဲ့ မနက်စာ
သွန်း ပို့ခိုင်းထားတယ် ဘိုးသီ .. အန်ကယ်ကြီးကြောင့် ဘိုးသီ
နေကောင်းလာရတာလေ .. ကျေးဇူးကြီးတယ် ဘိုးသီ ရဲ့ .."

သမားတော်ကြီး ဦးထက်ခေါင် ပင်လျှင် သွန်းလေပြေ ကို
တိုးနေရပြီဆိုတာ သူ သိနေရသည်။ မနက်တိုင်း အိမ်မှာစားဖို့
ဘရိတ်ဖတ်(စ်)အတွက် လုပ်လုပ် .. အန်ကယ်ထက် ကိုလည်း မ
စတမ်း ပို့သည်ချည်း ..၊ အိမ်မှာလည်း တစ်အိမ်လုံး မနက်စာ
ကောင်းသောက်မြိန် ဖြစ်နေရသည်တည့် ..။ မီးဖိုဆောင်နိုင်သည့်
လေပြေမွှေးကို သူ အထင်မကြီးဘဲ မနေနိုင်။ ကလေးလိုလည်း
သည်။ ရွှေအိုးစည်ကို မွေးပြီး ကြက်တူရွေးနှင့် လေပေါတတ်
ကောင်မလေးတစ်ယောက်သည် ခုလို မီးဖိုဆောင်ကိစ္စ နိုင်နင်း
သူ ထင်မထားမိခဲ့ ..။

"နေ့လယ် .. မုန့်ဟင်းခါးချက်မယ် သိလား .. ဘိုးသီ အတွက်
မြူဆွမ်ကြက်သားချက်လေး လုပ်မယ် .. အန်တီလေး မုန့်ဟ
ကြိုက်တယ်လို့ မနေ့က ဘိုး ပြောပြမှ သွန်း သိရတာလေ ..





လယ် လေးလေးစံ နဲ့ အပို့လွှတ်မယ်လေ .. လေးလေးဆွေ အတွက်
ည်း သီးသန့် ချိုင့်နဲ့ပို့ပေးပါမယ် .. အန်တီလေးအတွက်လည်း
ဆင့်ချိုင့်နဲ့ ပို့ပေးပါမယ် .. ငရုတ်သီးအစပ်ကြော်တို့ ဘာတို့ ..
ဘူကြော်တို့ကလည်း အသင့်ရှိနေတာမို့ .. မုန့်ဟင်းခါးလေး နေ့လယ်စာ
လိုက်မလို့ပါ .. ကိုကြီးကိုလည်း ပို့မှာလေ .. ကိုကြီးက ဟိုတယ်မှာပဲ
မှာလား .. အန်တီလေးက ကုန်တိုက်မှာလား .. ပို့ခါနီးကျရင် ..
ဖုန်းဆက်မေးမယ်လေ .. ဘယ်ကို ပို့ရမလဲဆိုတာ .."

စားရင်းသောက်ရင်း သွန်း ပြောတော့ အန်တီလေး တစ်ချက်
လာသည်။

"လောလောဆယ် .. ဝမ်းမကောင်းချင်ဘူး သွန်းလေပြေမွှေး ..
ဟင်းခါးစားလို့ မဖြစ်ဘူး .."

ဟု ချက်ချင်းဖြတ်၍ ဖြေသည်။ လမ်းစဖြတ်လိုက်သည့်အဖြေ ..၊
ဟင်းခါး မစားချင်ဟု ဖြေသည်ပဲဖြစ်သည့်သဘော ..။ သွန်း တစ်
ချက်နှာမပျက်ပါ။ ပြုံး၍ ....

"ဒါဆို .. နောက်မှချက်မှာပေါ့ .. အန်တီလေး စားလို့ဖြစ်တဲ့အခါ
တော့မှ ချက်မယ်လေ .."

ဟု အလိုက်သင့် ပြောပေးသည်ပါပဲ။ သူ .. ရင်ထဲမကောင်းရပြန်။
ကို ဆက်ဆံသည့် အန်တီလေး၏ပုံစံက အေးစက်ခါးသီးနေ
ဟု ခံစားရပြန်သည်။

ဘိုးသီ တစ်ချက်ချောင်းဟန့်၏။

"မုန့်ဖတ်တွေ ဝယ်ထားပြီးပြီ မဟုတ်လား .. မောင်စံနဲ့ ဈေး
ခိုင်းလိုက်ကတည်းက .. မုန့်ဟင်းခါးဖတ် ပါနေပြီဥစ္စာ .. ချက်
တော့ .. နဒီ မစားပေမယ့် .. ကျန်တဲ့လူတွေ စားလို့ဖြစ်နေတာပဲ
တစ်အိမ်လုံး ကြိုက်ကြတာပဲကွယ် .. ချက်သာ ချက် .. ဘိုး
.. မြူဆွမ်ချက်လည်း စားမယ် .. မုန့်ဟင်းခါးဟင်းရည်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ထမင်းနဲ့လည်း စားမယ် .. မုန့်ဖတ်ပဲ ဝမ်းထဲ မသင့်ရင် .. အချဉ် မှာ စိုးရတာလေ .. ဝမ်းကောင်းကျန်းမာနေတဲ့လူတွေအားလုံး နေတာပဲ ဥစ္စာ၊ ချက်သာ ချက် .. ချက်သာ ချက်.. ဘိုးလည်း ဝမ် ဘာတွေမကောင်းဘူးရယ်လို့ မဟုတ်ပေမယ့် .. မကျန်းမာသူဆို အခန့်မသင့်ရင် .. အစာအိမ်အောင့်မှာစိုးလို့သာ လတ်တလော မု မစားဘဲ .. ဟင်းရည်ပဲ တီးဖို့ ဆုံးဖြတ်လိုက်ရတာ .. ကဲ .. ကဲ ချင်တာ ချက် .. ထမင်းလွတ် ချက် .. သမီး နဒီ က ဟိုတယ် ကြိုက်တဲ့သင့်ရာ ဟင်းအမယ်နဲ့ ထမင်းကို .. စားနိုင်တာပဲ .. ဟို ကြီးတစ်ခုလုံး ရှိနေတာပဲဥစ္စာ .."

ဟု ဝင်၍ ဆုံးဖြတ်သည်။ နဒီ့ မျက်နှာ ကွက်ခနဲပျက်ကာ ကို ကြည့်မိရသည်ပါပဲ။

"ဖေဖေက .. မြေးဘက်က .. ပြတ်ပြတ်သားသား ရပ်ပြလို လား .."

ဟု မခံချင်ဖော ဝင်ရသည်က နဒီ ပဲ ဖြစ်လေသည်။

"ဖေဖေက .. သမီးနဒီ မုန့်ဟင်းခါးကြိုက်တယ်လို့ မနေ့က လိုက်တာလေ .. မြေးက .. ချက်ချင်ဖောနဲ့ ချက်ချင်း ဒီမနက်မှာ ဖတ်ဝယ်ဖို့ လုပ်ပြီး ခိုင်းပြီးကုန်ပြီ .. မုန့်ဖတ်တွေ ပစ်လိုက်ရမှာမှ မ တာ .. ဒီတော့လည်း .. သမီး မစားနိုင်ပေမယ့် .. စားနိုင်တဲ့သူ မြေးလက်ရာ မုန့်ဟင်းခါး စားကြပေ့စေပေါ့ .."

ဟု ထပ်ပြောလာတော့ နဒီ ရေနွေးကြမ်းငှဲ့သောက်သည်။ ဤ မှာ ငါးထမင်းနယ် စားရမှာမို့ .. ကော်ဖီပင် မဖျော် ..၊ ရေနွေးကြ နမ်းလှော်ထည့်ထားရာနှင့် သောက်ရသည်။

"ကောင်မလေး အစီအမံအောက်မှ ငါတို့ဇာစ်အိမ်လုံး သောက်ကြရတော့မှာပါလား .. ငါက အမိကမဟုတ်ဘူး .. သူက က .."





ဟု မခံချင်ဖောက ထပ်တိုးလာရပြန်သည်။

"ကိုကြီး ကုန်တိုက်မှာရှိနေမယ် သွန်းလေပြေ .. နေ့လည်ကျရင်.. က်ကိုပဲ ပို့လိုက်တော့ အဲဒီချိုင့်ကြီးကို .."

ဟု သူဖြေတော့ သွန်းလေပြေ ပြုံး၍ကြည့်လာပါ၏။ ချက်ပို့တာ အောင့်၍စားမည့်သဘောပေမို့ ဝမ်းသာသွားရှာပုံ ရသည်။

မာမီ့ဘက် က ဖျတ်ခနဲ ချက်ချင်းငြင်းလိုက်တာကို ခံထားရသည် သော ..။

"မုန့်ဟင်းခါးနဲ့စားဖို့ .. ကြက်သွန်ကြော်ရယ် .. ဘူးသီးကြော် - ပြီးတော့ .. ဟောဒီဂျူးမြစ်လေးတွေကို ကြက်သွန်နဲ့ ရောကြော် ဘာရယ် .. အဲဒါလည်း ထည့်ပေးမယ်နော် .. ငံပြာရည်ပုလင်းလေး ည့်ပေးလိုက်မှာ .. အစုံထည့်ပေးမယ် သိလား .. နံနံမြိတ်တို့ .. ာသီးစိပ်တို့လည်း ပါမယ် .. ကိုကြီး အကြိုက်စားရုံပဲ .. ငါးက.. နဲ့ ဟင်းရည်ချက်မှာ .. ဘိုးသီ စားလို့ရအောင်လေ .. ပြီးတော့ ခါင်းကြော် .. ကြော်တဲ့အခါ .. ဘိုးသီ ညှော်မမိအောင် .. ခြံထောင့် - စတိုအိမ်လေးရှေ့မှာ မီးသွေးမီးဖိုနဲ့ သွားကြော်မှာ .."

"ညည်း ငါ့ကို အရွဲ့တိုက်လိုက်တာလား သွန်းလေပြေမွှေး .. မုန့် ခါး ငါ မစားဘူးဆိုတာကို .. ညည်းက .. ဖေဖေ့အားကိုးနဲ့ နောက် တ်တဲ့အပြင် .. ဘယ်လိုလုပ်မယ်ကိုင်မယ်ဆိုတာတွေကအစ .. ပြီး - ဘယ်လို ဖွယ်ဖွယ်ရာရာပို့မယ်ဆိုတာကအစ .. ငါ့ကို ရှေ့ထား ရွဲ့တိရွဲ့တဲ့ ပြောနေသပေါ့လေ .."

ဟု နဒီ ပစ်၍သာ အော်လိုက်ချင်သည်။ ဒါပေမယ့် .. နဒီ အလွန် ချမည်ပေါ့ .. ဟု စိတ်ကို နာနာထိန်းယူရသည်ပါပဲ။ ဖျတ်ခနဲထ၍..

"ပြည့်စုံလေး .. စားသောက်ပြီးရင် .. ခဏနားပြီးတာနဲ့ အ ကြစို့ရဲ့ .. ဒီနေ့တော့ .. ကိုစံ ကို ချန်ခဲ့မယ် .. ပြည့်စုံ ပဲ ကိုယ့် ကိုယ်မောင်း.. မာမီက မာမီ့ကားနဲ့မာမီ သွားမှာ .. ပြည့်စုံ ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လေးလေးစံ က .. မုန့်ဟင်းခါးကို ချိုင့်တော်ပို့ မောင်စံ အဖြစ် ပို့ရ မဟုတ်လား .."

ဟု ရင်ထဲ ခံရခက်တာကို တစ်ချက်တော့ ခနဲ့သံလေးစွက်၍ မခံ မခံသာလေး ပြောပစ်ပြီး နဒီ အိမ်ပေါ်သို့ တက်မည်ဟု ခြေတင် ထမင်းစားဆောင်တံခါးဆီမှ အထွက်မှာ ...

"ကိုကြီး .. မသွားခင်လေးမှာ .. သွန်း ကို .. ပန်းချီကားကြီးချိ ပေးခဲ့ဦးနော် .. ဒီအိမ်ကြီးမှာ အမှတ်တရချိတ်ဖို့ .. မြပုဝါက ပန်း ကားကြီးတစ်ချပ် သယ်လာသေးတာမို့ .. ချိတ်ရမှာ ကိုကြီးရဲ့ .."

ဟု ချက်ချင်းပြောလာသည့် သွန်းလေပြေမွှေး ကို နဒီ လှည့်ကြ မိသည်။ ပြုံး၍ကြည့်နေသည့်မျက်ဝန်းနှင့် ဆုံ၏။ မျက်တောင်ထူ စင်းစင်းလေးတွေရှိပါသည့် မျက်ဝန်းနက်နက်လေးတွေက လှမ်း စိန်ခေါ်ကြည့်ဖြင့် ကြည့်လာသည်ဟု စတင်၍ နဒီ ခံစားလာရပြန်သည်

ပြည့်စုံဦးသာ နှင့် ကင်းအောင်နေပါ .. ဟု .. မှာထားတာကို ကောင်မလေး မေ့နိုင်စရာကို မရှိ။ ခု .. ပန်းချီကားချိတ်မည့်ကိစ္စ ရှေ့မှာ တမင်ပြောခြင်းဟု သူ့ခြေကိုယ့်ခြေ သိနေသည့်နှယ် စတင် ခံပြင်းစိတ်ဖြင့် နဒီ သိလာရသည်။

"ကြည့်စမ်း .. သူက အကောင်း .. ငါက အဆိုးဖြစ်နေတာ အခု မနက်မှာပဲ ကြည့် .. သူက ငါ့အတွက် မုန့်ဟင်းခါးချက်ပေး တယ်ဆိုတာမျိုးနဲ့ အမှတ်ယူသွားတာကို ငါ ခံရပြန်ပြီ .."

ဟု ခံရခက်စိတ်ဖြင့် နားလည်လာရပြန်သည်။

"ရတယ် .. အခု လုပ်ပေးမယ်လေ .. ပန်းချီကား သွားယူလိုက် နေ .. နေ .. ကိုကြီး ယူပေးမယ် .. ဘိုးသိ ရဲ့အခန်းမှာပဲ မဟုတ်လား ပစ္စည်းတွေ သယ်လာတာ များလွန်းတော့လည်း .. ဘာတွေပါလာမှ ကိုကြီးလည်း မသိတော့ဘူးကွ .."

ဟု ဖြေသံ ပြောသံကို ကြားရသည်။





စိတ်ပါလက်ပါနိုင်နေလိုက်တဲ့ ကူညီချင်သံပဲ ဟု နဒီ မခံချင် ...။

"ကိုဆွေ တို့ .. ကိုစံ တို့ ရှိတာပဲ .. သူတို့ကို ခိုင်းပါလား .. ပြည့်စုံလေး ကိုမှ ခိုင်းတယ်ဆိုတာက .. ငါ့ကို ရွဲ့ပြတာပဲ .."

ဟု အတွေးသည် နစ်နစ်ပါအောင် ခံပြင်းရင်း ရင်ကို ထိုးနှက်၏။ လိုက်သည့်ရင် ..၊ ခုထိ မပြေသေး ..။ အံမေလုပ်သည့်သူက ရင်ကို သွားသည်။

ခု .. သမီးလုပ်သူက .. နောက်ထပ် ဖြည့်ဖြည့်ခဲခဲလာ၍ ရင်ထဲ အောင် လုပ်နေပြန်သေးသည့်အဖြစ် ..။

"လေးလေးစံ နဲ့ လေလေးဆွေ က ပိန်ကပ်ကပ်နဲ့ ကိုကြီးရဲ့ .. ယူလာတဲ့ ပန်းချီကားက ကြီးတယ် .. ဟိုဥစ္စာလေ ကိုကြီးကလဲ.. အညိုကြီးနဲ့ ပတ်ထားတာလေ .. အဲဒါ .. ပန်းချီကား .. ကိုကြီးက ယယ်ထယ်နဲ့ဆိုတော့ .. ပန်းချီကားချိတ်ဖို့ ကိုကြီးကိုပဲ အားကိုးရ တာ .. သွန်း ပြန်သွားတဲ့အခါ .. သွန်း ကို သတိရအောင်လို့ န်းချီကား ယူလာတာလေ .. .. မြပုဝါရှိတဲ့နေရာက တောတောင် ပန်းတွေ .. ချောင်းတွေ ပေါတယ်မဟုတ်လား .. ရေတံခွန်တွေ ရှိတယ်ဆိုတော့ .. အဲဒီလို ရှုခင်းပါတဲ့ ပန်းချီကားကြီး .. ဒီကို င်မှာ ကုန်တိုက်မှာ သွားဝယ်လာတာ .. မိုင်းခမ်းလုံ ကုန်တိုက် .."

ဟု ပြောနေသံကို ဆက်ကြားနေရတာမို့ ဒီအခန်းထဲမှ ခပ်သုတ် ထွက်သည်။

"ကြည့်စမ်း .. အိမ်မှာ သူမရှိတော့ရင်တောင်မှ .. သူ့ကို သတိရ .. ပန်းချီကားကြီး ချိတ်မယ်တဲ့ .. သူ့အရိပ်က .. ငါ မလွတ်တော့ .. မနက်တိုင်း အိမ်ထဲမှာ .. အဲဒီပန်းချီကားကိုကြည့်ပြီး ငါ င်းတစ်ခုကို စတင်ဖြတ်သန်းရမယ် .. အိမ်မှာရှိနေသ .. ငါ..



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပန်းချီကားစုတ်ကြီးကို နေ့နေ့ညည .. မြင်နေရတော့မယ် .. ငါ ရှုံးပြန်ပြီ .. ငါ ရှုံးပြန်ပြီ .. သူမရှိရင်တောင် .. သူ့အရိပ်က .. ဒီအိမ်မှာ ကျန်ခဲ့မှာ .."

ဟု ခံပြင်းစိတ်ဖြင့် အပေါ်ထပ်သို့တက်သည်။ အခန်းထဲရောက် တော့ ခေါက်တုံ့ခေါက်တင် ဆောက်တည်ရာပျောက်နေရင်း တ ယောက်တည်း ယောက်ယက်ခတ် လမ်းလျှောက်နေမိပြန်သည်။ မ နိုင်သည့်စိတ်ဖြင့် အခန်းထဲမှထွက်ကာ ကြည့်မိပြန်သည်။ ဘယ်နေရာ များ ပန်းချီကားကို ချိတ်မည်တဲ့လဲလေ ..။ လှေကားပေါ်ကဆင်းဆင်း အိမ်ထဲကိုပဲ အပြင်က ပြန်လာရင်း ဝင်လာသည့်အခါမှာပဲ ဖြစ်ဖြစ် ..

ဘယ်လိုမှ အမြင်မှာ တည့်ခနဲ့ မတိုးဘဲ မနေနိုင်သည့် နံရံကို သူငယ်မ သွန်းလေပြေမွှေး ရွေးချယ်သည်။ အိမ်ကြီး၏ ညာဘက်ခြမ်း နံရံမှာ ပန်းချီကားကြီးကို ချိတ်ပင် ချိတ်နေပြီ ..။ ခွေးခြေခုံတစ်လုံး ချထားလျက် ပြည့်စုံလေးက ခုံပေါ်မှာ ရပ်နေသည်။ ပန်းချီကား တည့်အောင် ပြင်နေသည်။ ခုံလေးပေါ်မှ အဆင်းမှာ ...

"လိမ့်ကျမယ် ကိုကြီးရဲ့ .. သွန်း ရဲ့ပခုံးပေါ် လက်အားပြုလိုက်.."

ဟု ပြောသံကို ကြားရသည်။ ပြောနေသည်ကလည်း လှေကားထိပ် ကို မော့ကြည့်ရင်းဖြင့်ပါ။ မျက်နှာလေးက ပြုံးနေ၏။ ပြည့်စုံဦး ဆိုသည့် ကောင်လေးကတော့ ခုကတည်းက ကောင်မလေး၏စကား နာခံနေပြီ။ နဒီ ကိုလည်း မမြင်သေး။ လက်တစ်ဖက်က ကောင်မလေး ၏ပခုံးပေါ် တင်လိုက်ကာ ခွေးခြေခုံလေးထက်မှ ဆင်းသည်။

လှေကားဘက်ကို ကျောပေးရပ်နေပါသည့် အပုလေး က ခွေးခြေခုံလေးကို သိမ်း၍ အခန်းထောင့်နေရာမှာ နေသားတကျ ပြင် သွားထားနေသည်။

"ပန်းချီကားကြီးချိတ်ဖို့ ပြည့်စုံလေး ခုံပေါ်ရောက်ချိန်မှာ .. အပုလေး နဲ့ ဒီကောင်မလေးနှစ်ယောက် အဲဒီပန်းချီကားကြီးကို ..





..စီက မပေးကြပုံရတယ် .. ပန်းချီကားကြီး ချိတ်နေတုန်းလည်း ..က ဝိုင်းထိန်းပေးကြပုံ ရတယ် .. ဆင်းတဲ့အခါကျတော့ .. အပု ..း ကလည်း အရပ်ပုတော့ .. သူ့ပခုံးကို ကိုင်ဆင်းနိုင်းတာမျိုး .. ..မှာ သူလုပ်ပြတာ၊ ကြည့်စမ်း .. သူဟာ .. သူ့အမေလို အေးစက် .. မဟုတ်ဘူး .. သူ့အဖေလို အလွန်ခေါင်းမာတဲ့ သွန်းလေပြေမွှေး .. ငါ့ကို .. မညှာမထောက် .. သရဖို့ ကိုပဲ လက်ထပ်ပြခဲ့တာ ကြည့်.. ..မဟာ .. သူလုပ်ချင်တာကို ရအောင်လုပ်တတ်တဲ့သူ .. အရှုံးမပေး ..ူ .. ခုလည်း .. ငါ ရပ်ကြည့်နေတာကို မြင်တဲ့ သွန်းလေပြေမွှေး .. တမင်တကာ .. ငါမြင်အောင် .. ခုလို .. လုပ်ပြလိုက်တာပဲ .. ..စုံလေး ကို တရင်းတချာ .. နေပြတာ .."

ဟု နဒီ တွေးကာ ရင်ထဲ ပို၍အောင့်တက်လာနေသည်။ တောက်ပ .. မျက်ဝန်းနက်နက်လေးတွေ၏ အကြည့်ထဲမှာ လှောင်ရိပ်တွေ ..သည်ဟု နဒီ ထင်လာသည်။ စောစောက .. မုန့်ဟင်းခါးကို ပက် ..ပါအောင် ငြင်းလိုက်စဉ်ကလိုမျိုး အဆင်တပြေ အလိုက်တသင့် ..ပြောပေးသည့် ကောင်မလေးမျိုး မဟုတ်တော့သည့် မျက်ဝန်းမျိုးတွေ .. ခွဲခြား မြင်လာရပြန်သည်။

"သူဟာ .. သူနဲ့ တိုက်ရိုက်ဆန့်ကျင်ပြတာမျိုးကို .. ဘယ်တော့မှ ..အပေးတတ်တဲ့ သွန်းလေပြေမွှေး ပါလား .."

ဟု သိသိလာနေရပြန်သည်။

"ငါ .. အဲသလို မြင်နေတာတွေဟာ ဘယ်လောက်အထိ မှန်နေ ..ဲ .. အို .. လုံးဝ မှန်နေတယ်လို့ ငါ ယုံကြည်တယ် .. ဒီကောင်မလေး .. ဒီနေ့ကစပြီး .. ငါ့ကို .. ပြတ်ပြတ်သားသား စိန်ခေါ်ပြလိုက်ပြီလို့ ..လည်လာတယ် .. မုန့်ဟင်းခါးကို ငြင်းလိုက်တာဟာ .. သူ့ကို .. စိန်ခေါ်လိုက်တာပဲလို့ သူ မှတ်ယူလိုက်ပုံရတယ် .. သူ .. တကယ် .. ငါ့ကို စားစေချင်စေတနာနဲ့ လုပ်ပေးတာများ ဖြစ်နေသလား .. အဲဒါကို



www.burmeseclassic.com

www.burmeseclassic.com



ငါ ငြင်းလိုက်တာမို့ .. ရင်ထဲမှာ .. တုံ့ပြန်မှုတွေပဲ ပေးတော့မယ် သူ့ဘက်က.. ဆုံးဖြတ်ပြလိုက်တာလား .. ငါ သေချာမသိပေမယ့် သူ .. ငါ့ကို .. အရှုံးပေးမှာမဟုတ်ဘူးဆိုတာ ငါ သိနေရပြီ .. သိနေရပြီ

ဟု ဆက်တိုက်တွေးနေရင်းမှ အရှုံးအမှုးဆန်သောခြေလှမ်းတို့ နောက်ကြောင်းပြန်လှည့်ကာ အခန်းထဲရောက်တော့ ခုတင်ပေါ် ခြေ လက်ပစ် ထိုင်ချပစ်လိုက်သည်ပါပဲ။ အာရုံထဲတိုးဝင်လာသည်က သွ လေပြေမွှေး ပြောခဲ့သောစကား ..။ ရောက်လာသည့်နေ့မှာပင် ဤအခ ထဲမှ ထွက်ခွာလုလုမှာ ဖြေခဲ့သောအဖြေစကား ..။

"သွန်း က .. ကတိပေးတဲ့အလုပ်ကို မသေချာဘဲနဲ့ ဘယ်တော့ မပေးတတ်ဘူး အန်တီလေး .."

ဆိုသည့်စကား ..၊ ပြည့်စုံလေးနှင့် ကင်းအောင်နေဖို့ ပြောခဲ့ပါသ နန္ဒီ ကို ဖြေခဲ့သည့် စကားပါတည့် ..။

မခံချင်စောဖြင့် နန္ဒီ အံခဲလိုက်မိရပါပြီ ..။





## အခန်း (၁၃)

ဆူးဖြူဖြူသေးသေးလေးတွေက သူ့ခြေဖဝါးနှင့် ခြေထောက်မှာ ကြသည်။ ခြေသလုံးမှာလည်း စူးတာ စူး၊ ခြစ်တာခြစ်နှင့် ရှိနေကြ နှတ်မှ အော်သံထွက်နေရင်း ချောင်းကမ်းဘေးအတိုင်း ပြေးနေ ..၊ မေမေသည် ရေစီးထဲမှာ ပါသွားနေရာမှ လုံးဝ မြုပ်သွားပြီ ..။

"မေမေ .."

အိပ်ရာမှ သူ လန့်နိုးလာစဉ်မှာ သူ့ပါးပြင်ထက်၌ မျက်ရည်တွေ နေဆဲ ..၊ ခံစားချက်တွေသည် ဘာမှ ယုတ်လျော့သွားရိုးမရှိဘဲ သည်။ သူ ရှစ်နှစ်အရွယ်က ခံစားချက်တွေအတိုင်း ချောက်ချား တုန်လှုပ်နေခြင်းတွေက မလျော့မပါးရှိနေမြဲ ..။ အရွယ်ရောက် သူ ပို၍ တိုးခံစားရလေဖြစ်ရသည်က ယူကျုံးမရမှု ..၊ ဟုတ် ..၊ ယူကျုံး မရမှု ..။ စွန်ဝါလေးတစ်ခုကြောင့် ..၊ သူ့ကြောင့် .. သည် မဲဆုံးပါးသင့်ဘဲ အရွယ်ကောင်းမှာ အဖြစ်ဆိုးဖြင့် ဆုံးကြုံ ခဲ့ရသည်။ ထိုအဖြစ်လောက် သူ့ကို ကြေကွဲ ယူကျုံးမရဖြစ်စေ ဖြစ် ကြုံဖူးယ်ရာ မရှိ ..။ ခုတင်ထက်မှာ သူ ငိုင်၍ထိုင်နေရင်း တစ်ယောက်နှယ် ငိုနေမိရပြန်ပါပြီတကား ..။

"သေနိုင်ပါရိုးလား လေဘာတီရယ် .. ပေတရာဆီလျှောက်ပါလို့ လောက်ပြလိုက်ချင်ပါသည် ..."



www.burmeseclassic.com

www.burmeseclassic.com



မမေ့သီချင်းသံ ...၊ မေမေ ဆိုရင်း ကပြခဲ့ဖူးသော သီချင်းသံ တစ်ခါတစ်ခါမှာ မေမေသည် ဤသီချင်းကို ဆိုပြရင်း သူ့ကို ညအိပ် ဝင်ချိန် သီချင်းအဖြစ် ရှိစေတတ်လျက် ...။ တစ်ခါတစ်ခါမှာ မေမေသည် အလုပ်လုပ်ရင်း ..၊ သူနှင့်စကားပြောဆိုနေရင်း ..၊ အဝတ်ဝတ်ပေးနေ လည်း ညည်းပြ ဆိုပြတတ်သည်။ ပြော် .. တစ်ခါတစ်ခါကျ လည်း မေမေသည် မေမေ မြတ်နိုးစွာ သိမ်းဆည်းထားသော မင်းသ အဝတ်ကို ပရုတ်လုံးလေးဖြင့် သေချာ ဗီရိုထဲ ခေါက်ထည့်သိမ်းထား ထုတ်၍ သူ့ကို ဝတ်လည်းဝတ်ပြ ...။ ကလည်း ကပြတတ်ကာ .. သီချ လေးကိုလည်း အစအဆုံး ဆိုပြတတ်ဖူးသည် ...။ ထိုစဉ်တုန်းက သူ အဘယ်မျှထိ ပျော်ခဲ့ဖူးပါသလဲ ...၊ မေမေသည် သူ့အတွက် အလု ဖြစ်သည်။ မင်းသမီးအဝတ်လေးများ ဝတ်လိုက်လျှင် နတ်သမီး တစ်ပါး ...။ တော်ဝင်မင်းသမီးတစ်ပါးနှယ်ပင် သူ ခံစားရသည် မေမေ့ကို ငေးမဝ ..၊ မေမေ့အလှတွေကို ဂုဏ်တယူယူဖြင့် ရှိမဆုံး

"ခုတော့ မေမေရယ် .. သား .. မေမေ့ကို သတ်လိုက်သလို ဖြစ် လေသမျှ နောင်တတွေနဲ့ .. မေမေ့ကိုပဲ တမ်းတလွမ်းဆွတ်နေတဲ့ သ တစ်ယောက် ဖြစ်နေရပါတယ် မေမေ ..."

သူ တိုးတိုးဖွဖွပြောကာ မျက်ရည်ကို ခပ်ကြမ်းကြမ်း ပွတ်သု ပစ်မိရပါ၏။ ကောင်မလေး မကြာမတင်ရက်က ဘိုးဘိုးသီ ကို ဆို သည့် သီချင်းကို သူ ကြားခဲ့ရ၍များ ဤအိပ်မက်ကို ပို၍ မြန်ဆန်လ စွာသော ရက်စိပ်စိပ်လေးအတွင်းမှာ မက်လာခြင်းများပေလား။ သူ ဘိုးဘိုးသီ ကို သီချင်းဆိုရင်း ကပြနေပါသည့်ကောင်မလေးကို မြင် သည့်နေ့က မေမေ့ကို သတိရစေလိုက်သည်မှ .. ရင်ထဲ နင့်နင့်ပါ တက်လာစေသည်အထိပါ...။ ခုလည်း ဆက်၍လည်း မအိပ်ဖြစ်နိုင်တော့ ပြီ ...။ နံနက်ဦး၏အစ ရောင်နီပျိုးချိန်ပင် တိုင်နေချေပြီကော ...။ မေ ကို ဤတစ်ကြိမ်မှာ နံနက်ဦးပိုင်းမှာ အိပ်မက်မက်ခြင်း ဖြစ်နေသည်





ဘုရားဆောင်ဆီသို့ သူ ထွက်ရပ်လိုက်မိပါ၏။ အကြည့်က ဥယျာဉ်ဆီ ရောက်၏ ...။ ပန်းခြင်းလေးကို လက်တံတောင်ကွေးမှာ ချိတ်လျက်.. လက်ကြေးတစ်လက်ဖြင့် နှင်းဆီပန်း ခူးနေပါသည့် ကောင်မလေး ...၊ ဆီပန်းရောင်စုံတို့သည် ပန်းခြင်းလေးထဲမှာ စီစီရီရီ လှပစွာ ရှိနေကြ လေသည်တည့် ...။ ဆံကျစ်ရှည်လေးနှစ်ဖက်က ကောင်မလေး လှုပ်ရှား တိုင်း ဟိုဘက်သည်ဘက် ပျောင်းနွဲ့နွဲ့ယိမ်းပါနေသည်။ ရောင်နီဦး နေခြည်သည် ရွှေရည်ရိပ်လည်း သမ်း၏။ လိမ္မော်ရိပ်လည်း ဖျော့တင်၏။ မျက်နှာသစ်ထားပြီးစ မိန်းကလေးတစ်ဦး အခြယ် ကင်းစင်စွာဖြင့် နံနက်ဦးမှာ ပန်းခူးနေသည့်မြင်ကွင်းကို သူ ငေးခန့် မိရပါ၏။ သနပ်ခါးမျှပင် တင်ထားသေးဟန်မတူသည့် ကောင်မ မျက်နှာလေးက နုနုဖန့်ဖန့်နိုင်လျက် ဝင်းဝင်းစင်စင်လည်း ရှိချေ ကောလေ ...။

"ဘုရားပန်းပူဇော်ဖို့ ပန်းခူးနေတာဖြစ်မယ် .. ဒီကောင်မလေး သားပဲ ..."

စတင်၍ တွေးမိသည့်အတွေး ...၊ ခုထိ အကြည့်သည် သွန်းလေပြေ ထံမှာ တန့်နေဆဲ ...။

"ဘုရားဆောင်မှာ မနက်တိုင်း ငါ ဘုရားကန်တော့ချိန်မှာ .. ဒီ ကောင်မလေး ပန်းပူဇော်ထားတာမှန်း မသိရပေမယ့် .. ဘုရားပန်းအိုး ထားတာလေးတွေက ပြောင်းလဲနေတာရယ် .. လှနေတာတွေရယ် တော့ သတိထားမိခဲ့သား .."

ဟု အတွေးသည် ဆက်၏။ အထင်ကြီးစိတ်တော့ ဖြစ်ရချေသည် ...။ လိမ္မာရေခြားရှိသည့် ကလေးတစ်ယောက်ကို ကြည့်သည့်နှယ် ကြည့်သည် အေးချမ်းနှစ်လိုဖြစ်နေမှန်း သူ့ကိုယ်သူလည်း သိလာနေ ပါပဲ ...။ ရွတ်ကမ်းကမ်းလည်း နိုင်တတ်သည့် ကောင်မလေး။ .. မာမီ့ကို ရွဲ့၍ လက်မောင်းစလေးမှာ ခေါင်းလောင်းလေးချိတ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာကိုပဲ ကြည့် ..။ ကောင်မလေး၏လက်မောင်းဆီမှ ချင်ကလင် သည့်နေရာကို သိလျှင် သူက မသွားဘဲ ရှောင်နေနိုင်အောင်ဟုပင် ပြခဲ့သေးသည် မဟုတ်ပါလား ..။ သူ လွှတ်ခနဲ ပြုံးမိပြန်သည်။ စတင်၍ လွတ်လပ်ကြည်စင်စွာ ခံစားလာရသည့် ချစ်စနိုးနိုင်နေ ခံစားချက် ..၊ ဤခံစားချက်မျိုး သူ့ထံမှာ စတင်၍ ဖြစ်တည်လာ ချေပြီကောလေ ..။

"အဲသလို ဆိုးတေတေလေး လုပ်တာလေးကိုက .. ချစ်စရာ ဖြစ်နေတယ် .. အဲသလို ဆိုးတေတေနေတဲ့ ကောင်မလေးက .. ဘု တရားလည်း .. မြဲနေပြန်ရော .. ချစ်တော့ ချစ်စရာလေး .."

သူ လသာဆောင်ကြီးမှာ ရပ်နေရင်း အတွေးတွေက တ တလျှား ရှိနေဆဲ ..၊ ကောင်မလေးကလည်း ဓာတင်၍ ပန်းခူးနေ ရောင်စုံပွင့်ဝေနေသော အမယ်စုံ ပန်းခင်းတွေကြားမှာ ကောင်မ ရှိနေတာကိုက .. အလှတရားတို့ ခြံရံထားသည့်နှယ်ရှိနေရင်း ..။ ကွင်းသည် ရင်ကို ညှို့ငင်၏။ ပန်းတို့သည်လည်း လှချေသည်။ ကော လေးသည်လည်း လှချေသည်ကောလေ ..။ သူ ကောက်ကာငင် စိတ်စေရာအတိုင်း ပန်းဥယျာဉ်ဆီသို့ ဆင်းလာလိုက်မိရပါပြီ။ ကော လေးနှင့် စကားတွေရာ ပြောလိုက်ချင်သည်။ မေမေ့ကို မက်သ အိပ်မက်အကြောင်းကိုတော့ ပြောပြဖြစ်မှာ မဟုတ်ပေမယ့် ..။ ရင်ထဲ ကြေကွဲရှိန် ရှိနေသမျှကို ဤကောင်မလေးနှင့် စကားတွေရာပြောနေ ဖြင့် အတန်မျှ သက်သာရာရချေလိုက်မည်လား မသိ ..။ ကြည့် စောစောကပင်လျှင် သူ လွှတ်ခနဲပြုံးမိလိုက်ရသေးသည် မဟုတ် လားလေ ..။ ဤကောင်မလေးထံမှာ ထူးခြားသော စွမ်းရည်လေး ရှိနေသည်။ ဟုတ်သည် ..၊ ရှိနေသည် ..။ ဖြူစင်သော ဟန်ပန် စိတ်ထားလေးတွေကြောင့်ပင်လျှင် ထိုစွမ်းအင်တွေရှိနေတာလည်း ချေမည် ..။





န်းခူးနေပါသည့်ကောင်မလေးရှိရာသို့ သူ လျှောက်လာနေမိစဉ် မှန်းမြည်သံလေးကို ကြားလိုက်ရပါသည့်အဖြစ်။ ပန်းခြင်းလေးကို နေရာလေးမှာ သွားထားလျက် ကမန်းကတန်းလေးပင် ကောင်မ န်းလေးကို ဘလောက်(စ်)အင်္ကျီအိတ်ကပ်လေးဆီမှ ထုတ်နေ လည်း သူ မြင်နေရသည်။ ခုထိ .. သူ့ကို ကောင်မလေး မမြင် ..၊ သူကလည်း မနက်ဦးမှာ အေးအေးဆေးဆေး ပန်းခြံဘက် လာသည့် လူတစ်ယောက်၏စတိုင်ကို အပြည့်ဖမ်းထားရသည်။ င်မလေးထံ သူ တကန်တက စိတ်လိုလက်ရ လာနေခြင်းဆိုတာကို င်မလေး မသိစေချင်..။ ဘာကြောင့် ထိုသို့ သူ မသိစေချင်ရပါတဲ့ အံမယ် ..၊ သေချာတွေးကြည့်တော့ ...သူက .. သူက .. ရှက်နေ ကာလေ ..။ ရုတ်ခနဲ အံ့အားတသင့်ပင် ကိုယ့်ကိုယ်ကိုယ် ပြန်ဖြစ် သည်။

"ငါက .. ရှက်တတ်နေတယ် .. ကောင်မလေးတစ်ယောက်နဲ့ က်ပြီး အဲဒီကို ငါ သွားနေတဲ့ ရင်ထဲကခံစားချက်ကို .. သူသိမှာ ရှက်နေတယ်.. ဟုတ်လား .. ထူးဆန်းတဲ့အဖြစ်တစ်ခုကို .. ငါ.. ဆုံး .. ခံစားနေရတာပါလား ..၊ မိန်းကလေးတစ်ယောက်ကို ငါ ့ရင်ထဲက ခံစားချက်တွေ မသိအောင် .. ဟန်တွေဘာတွေဆောင် နေတာပါလား .. ဘာတဲ့ .. အေးအေးဆေးဆေး လမ်းလျှောက်ရင်း ိုလိုတွေတောင် လုပ်တတ်နေသကိုး .."

မှာ စတင်၍ သူ့ကိုယ်သူ ပြန်သိလာရသူတစ်ယောက် ဖြစ်နေရပြန် .. ရင်ထဲတိုးဝင်လာသည်က ကျေနပ်ခြင်း .. ဟုတ်သည် ..၊ ကျေ း ..။ ခုလို .. သူ ရှက်အမ်းအမ်းဝေဒနာကို လျှို့ဝှက်စွာခံစားရင်း ောင်တတ်နေသူတစ်ယောက် ဖြစ်နေတာကို သစ်ဆန်းသော အကြုံတစ်ခုအဖြစ် လက်ခံလိုက်ရင်း ရင်ထဲမှာ ကျေနပ်နေမိရ သည်ကောလေ ..။



www.burmeseclassic.com

www.burmeseclassic.com



"လွမ်းတာပေါ့ ဘိုးဘိုးရ .. ဘယ်လိုလွမ်းမှန်းကို မသိတော့ ပြောပြရင် ပြည့်စုံမှာမဟုတ်ဘူး ဘိုးဘိုးရဲ့ .. ဘယ်တုန်းက ဘိုး သွန်း ခွဲဖူးလို့လဲ .. ခု ဥစ္စာ .. ဘိုးသီ နေမကောင်းလို့သာ ဒီကိုလာလို့ တာ၊ ဒါတောင် .. မနက်တစ်ကြိမ် .. နေ့လယ်တစ်ကြိမ် .. ညတစ်ကြိမ် ဘိုးနဲ့ သွန်း တို့ ဖုန်းပြောနေရလို့သာ ဒီလောက်သက်သာရာရတာ ရဲ့ .. မနက်ဆို .. ဘိုးက ဆက်တယ် .. နေ့လယ်ဆို .. သွန်း က ဆက်တယ် .. ညဆို .. ဘိုးက ဆက်တယ် .. အဲသလို ဂျူတီတွေခွဲ မြေးတို့ဆက်နေကြရင်း လွမ်းသမျှဖြေမပြေ .. အလွမ်းတွေ တ မခန်းနိုင်ပေမယ့် .. လွမ်းရတဲ့အလွမ်း အတန်တော့ လှမ်းစေမဟဲ့ အားခဲလို့နေနေရတာ ဘိုးဘိုးရဲ့ .."

အံမယ် ..၊ ကာရန်နဘေတွေ ဘာတွေပင် ဟဲ၍ ဟိုဘ ဘိုးဘိုးကို အလွမ်းသယ်နေသည့် ကောင်မလေးပါတကား ..။

"ဟင် .. စာထည့်လိုက်တာ .. ခုထိ မရသေးဘူး ဘိုးရဲ့ .. တစ် တောင် သွန်း ဒီမှာရှိနေပေါ့ဥစ္စာ .. ဘိုး ရေးတဲ့စာဆိုလို့ .. စာက ခြေထောက်မှာ ချိတ်ပါလာတာမျိုးတောင် မကြုံရသေးဘူးနော် မညာနဲ့ .. တကယ် မရေးပါဘူး .."

သူ နီးလာပြီမို့ စကားသံလေးကိုတော့ ကြားနေရပြီ။ သူ့ဘ ကျောလေးပေး၍ထိုင်နေရင်း ဘိုးအေကို လွမ်းမဆုံးလုပ်နေသမျှ နားထောင်သူတစ်ယောက်အဖြစ် လိုလိုရှိသွားရပြန်သည်တည့် ..

"ဟင် .. တကယ်လား .. တကယ်ရေးပို့လိုက်တာလား .. ရိုး ပို့လိုက်တာလား .. ရီဂျစ်စတာလုပ်ပို့ရင် .. သွန်း လက်မှတ်ထိုးယူ လို့ဆိုတာမျိုး အန်တီလေးတို့ဘက်က အထင်လွဲမှာစိုးလို့ .. ဟုတ် အမြန်ချောပို့နဲ့ဆိုရင်လည်း အဖြစ်သည်းတယ်လို့မြင်မှာစိုးလို့ ဟုတ် ဒါကြောင့် ရိုးရိုးပဲ စာအိတ်ခေါင်းကပ် ပို့လိုက်တယ် .. ဟုတ် ဒါဆို .. ဘိုးရဲ့စာ .. ခြံရှေ့မှာ ထားထားတဲ့ စာထည့်ပုံးနီလေး





တ်လာမှာ ဘိုးရဲ့ .. ရှိနေမှာ .. ဒီရွှေရိပ်ဦးလိပ်စာနဲ့ပို့တဲ့ ရိုးရိုးစာတို့ ဘာတို့အတွက်က စာထည့်ပုံးလေးအဖြစ် ပန်းပွင့်လေးတွေ ပုံဖော် ဆင်ထားတဲ့ ပုံးနီလေးရှိတယ် .. သတင်းစာထည့်ဖို့က .. သပ်သပ် ုံး .. ပုံးပြာလေးအဖြစ် ရှိတယ် .. စာထည့်ရန် .. သတင်းစာထည့်ရန်.. င်းတော့ ရေးထားတာ..၊ အဲဒီနည်းစနည်းလေး ဟောင်းလို့ .. မြပုဝါ ောင် အဲသလိုလုပ်မလို့ စိတ်ကူးထားတာ .. သိလား .. ဒါဆို .. လေးထဲက စာ .. ဒီနေ့ထိတော့ ဘိုးဘိုးရဲ့ .. ပါလာသေးပုံမရဘူး ိုးရဲ့ .. စာကို .. အပုလေး သိမ်းတယ် ထင်တယ် .. သွန်း ရဲ့နာမည်နဲ့ ရင် .. သွန်း ကို လာပေးဖို့ပြောထားမယ်.. အို .. အဲဒီစာပုံးလေး ော့ .. သွန်း .. အပုလေးဆီက ယူထားလိုက်မယ် .. အေးရော .."

ဟု ပြောနေသမျှကို သူ ကြားနေရပါ၏။ တကယ်က .. စာထည့်ပုံး ၏ သော့ဆိုတာက မာမီဆီမှာပဲရှိတာ သူသိသည်။ ရင်ထဲ တစ်ချက် လေးခနဲ ဖြစ်၏။ ညနေတိုင်း မာမီ အလုပ်ကပြန်လာလျှင် ထဲမှ စာအားလုံးကို သိမ်းသည်။ ကားပေါ်မှဆင်းကာ ကိုယ်တိုင် ခြင်း ..။ ဘာကြောင့်ဆို .. အလုပ်ကိစ္စနှင့်ပတ်သက်၍ တစ်ယောက် တ်ကများ ရွှေရိပ်ဦးအိမ်လိပ်စာဖြင့် စာပို့လာတာတွေ ရှိများရှိခဲ့ ..၊ အမေ့တော် အပုလေး ကြောင့် စာအရနှောက်ကျမှာ မာမီ သည်ဟု ဆိုပါ၏။ ဒါပေမယ့် သူ သိထားသည်က .. မာမီသည် ်တစ်ခုတည်းကြောင့် မဟုတ်ဘဲ ..။ ရွှေရိပ်ဦးသို့ ဝင်လာသမျှ ်းကို မာမီ အရင်ဦးဆုံး သိချင်၍ဟု သူ ထင်နေမိတတ်ပါ၏။ ထဲမှစာပဲ ဖြစ်ဖြစ် .. ဘိုးဘိုးဦးအိမ်စိုး ထံမှ ရံဖန်ရံခါရောက် တ်ပါသည့်စာပဲ ဖြစ်ဖြစ် .. ထိုစာတိုင်းသည် အရင်ဆုံး မာမီ့လက် ရောက်တတ်သည်ချည်း ..။

"အဲသလို .. အဲဒီဘက်ကစာတွေ ဘာတွေ အသွားအလာရှိ ကြောက်ဘူးဆိုတာ အန်ကယ်ဦးအိမ်စိုး ကို .. မေမေ ပြောပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ .. ဖုန်းပြောကြတာကိုတော့ တားမရနိုင်တာမို့ .. နဒီ မတားပေမယ့် စာကိုတော့ မမြင်ပါရစေနဲ့ ..''

ဟု တစ်ခါက မနက်စာ လက်ဖက်ရည်ပွဲမှာ ပြောခဲ့ပါသည့် စ… စကားကြောင့် ဘိုးဘိုးသီ နှင့် မာမီတို့ စကားအချေအတင်ပင် ဖြစ်ခဲ့… သည်။ ဒါကို သူ မှတ်မိနေဆဲ ...။

''သရဖီ မရှိတော့ပေမယ့် .. သရဖီ သမီးလေး ဟိုမှာရှိနေတ… နဒီ.. ကိုစိုး ဟာ သွန်းလေပြေမွှေး ရဲ့ဘိုးအေ ဖြစ်သလို .. ဖေဖေကလ… သွန်းလေပြေမွှေး ရဲ့ဘိုးအေဆိုတာ မမေ့ပါနဲ့ .. သမီး မကြိုက်တာ… ဒီကိစ္စမှာတော့.. ဖေဖေ မလိုက်လျောနိုင်ဘူး .. ဒါပဲ .. ဒီအိမ်ဟာ ဖေ… အိမ် ဖြစ်နေတယ်ဆိုတာ မမေ့ပါနဲ့ .. ဖေဖေနဲ့ပတ်သက်သူတိုင်း… ဖေဖေ့ဆီကို စာရေးပိုင်ခွင့်ရှိတယ် .. အဲဒါကို ပိုသတိမြဲပါ ..''

ဟု ဘိုးသီ ပြောခဲ့သည် မဟုတ်ပါလား ...။

ခုလည်း ...။ လူကိုယ်တိုင်ပင် ရောက်လာပြီဖြစ်ပါသည့် သွ… လေပြေမွှေး ကို မာမီ ဘယ်လိုမှ .. လက်မခံနိုင်ဘဲဖြစ်နေတာ သူ… သည်ပါပဲ။ တစ်အိမ်လုံးလည်း သိသည်ပါပဲ။ အဆုံးစွန် သွန်းလေပြေ… သည်ပင်လျှင် သိနေသည်သာ ...။ ဒါပေမယ့် .. ကောင်မလေးက… မျက်နှာလေး တချို့ချို့ဖြင့် နေပစ်ပြတတ်သည်။ ရွှဲတဲ့တဲ့လေး လုပ်… ပင်လျှင် အပြုံးလေးဖြင့်လုပ်တတ်သည့် ချစ်စရာကောင်မလေး ဖြစ်… တာမို့ မာမီ ဘာဆက်လုပ်ရမှန်း မသိဘဲ လမ်းစပျောက်နေခြင်း… ခုလည်း .. ဘိုးဘိုးထံမှစာ သွန်းလေပြေမွှေး ထံ ခုထိ မရောက်နိုင်သေ… သည့်ကိစ္စ ...။ မာမီ့ထံမှာများ ထိုစာသည် လက်စပျောက်သွားလေ… လားဟု စတင်၍ သူ ရင်ထဲလေးနေရင်း တွေးနေမိရပါသည့်အဖြစ်…

''ဘိုးသီ သက်သာလာပါပြီ ဘိုးဘိုးရဲ့ .. သွန်း က .. နေ့တိုင်… ဘိုးသီ ကို ဗောဇ္ဈင်္ဂသုတ် အမြဲရွတ်ပြတယ် ဘိုးဘိုးရဲ့ .. ဗောဇ္ဈင်္ဂသု… ရွတ်ရင် .. နားထောင်ရင် .. ရောဂါပျောက်ကင်းသက်သာတယ်ဆို…





…သီ မြန်မြန်နေကောင်း ကျန်းမာအောင် ရွတ်ပြတာပေါ့ .. ခု .. …သွန်း သက်သာတယ်လို့ ပြောရမှာ ဘိုးဘိုးရဲ့ ..''

သူ ပို၍ အထင်ကြီးရပြန်ပါပြီ ...။ ဤကောင်မလေး .. လိမ္မာလှချေ …ကော .. ဟု ခံစားလာရသည်။

ထိုစဉ်ခိုက် အပုလေးမှ အမှိုက်ခြင်းဖြင့် လျှောက်လာနေတာမို့ …လေပြေမွှေး လှမ်းမြင်ရင်း ...

''အပုလေး .. ခဏ .. ခဏ .. သွန်း ပြောစရာရှိလို့ ..''

ဟု လှမ်းခေါ်သည်။ အပုလေး က အိမ်နောက်ဘက်ဆီမှ လမ်း …အတိုင်း လျှောက်လာတာမို့ သွန်းလေပြေမွှေး လှမ်းခေါ်ခြင်းပါ...။ …ကြီး၏ပေါ်တီကိုဘက်ကို ကျောပေး၍ ကောင်မလေး ထိုင်လျက်...။ …နောက်ဘက်ဆီမှလာသည့် ကွန်ကရစ်လမ်းဘက်ကို အေးစောင်း …မျက်နှာမူထိုင်တာမို့ လှမ်းမြင်နိုင်ခြင်းပါ ...။ ခုထိ .. သူ ရောက်နေ …ကို ကောင်မလေး မသိသေး။ အပုလေး လျှောက်လာရင်းမှ သူ့ကို …း မြင်သည် ...။

''ကိုကြီး .. ဘာလုပ်နေတာလဲ ..''

အပုလေး လှမ်းမေးတော့မှ ကောင်မလေး လှည့်ကြည့်လာပါ၏။ … သူ့ကို မြင်သည်။

''မနက်စောစောနိုးတာနဲ့ .. ပန်းခြံဘက်ထွက်လာတာ အပုလေး … ဒီနားရောက်တော့ .. သွန်းလေပြေ ဖုန်းပြောနေတာနဲ့ .. မနှောင့် …ချင်လို့ .. ငြိမ်ရပ်နေတာ .. ဘိုးဘိုးနဲ့ပြောနေပုံရတယ် ဟုတ်လား.. …ကြီးကို မြင်ရင် .. လှမ်းနှုတ်ဆက်ရ …ရနဲ့ .. ဖုန်းပြောပျက်သွားမှာ …''

ဟု သူ ပြော၍ ပြုံးပြလိုက်သည်က သွန်းလေပြေ ကိုပါ ...။

''ဘိုးဘိုး .. နေ့လယ်ကျမှ သွန်း ဆက်မယ် သိလား .. ဒီမှာ …း ကို အားလုံးက ဝိုင်းချစ်နေကြတာ .. ဘိုးကို လွမ်းလို့… ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ချင်နေတာ သိလား၊ ဘိုးသီ ကိုလည်း မခွဲနိုင်ပြန်ဘူး .. ဘိုး
နေမကောင်းတာ စိတ်ချရပြီဆိုမှ ဘိုးသီ ကိုပါ တစ်ပါတည်းခေါ်
ဟိုကိုပြန်လာမယ် သိလား .."

ဟု ပြောပြီး ဖုန်းလေးကို ပိတ်လိုက်သည်က သွန်းလေပြေ
ပါ။ အပုလေး ရောက်လာသည်မို့ ...

"အပုလေး .. သွန်း .. မေးချင်လို့ .. သွန်း ရဲ့စာ .. ရောက်သ
ဟင် .. မရောက်သေးပါဘူးလေ .. ရောက်ရင် .. အပုလေး ပေးမှာ
ဒီတော့ .. ဒီလိုလုပ်ကြရအောင် .. အဲဒီစာထည့်ပုံးသော့လေး သွန်း
ပေးပါလား .."

ဟု ပြောစဉ်မိုက် အပုလေး ခေါင်းခါ၍ ...

"သော့က အန်တီလေးဆီမှာ မမသွန်း ရဲ့ .."

ဟု ဖြေသံ ပေါ်လာပါ၏။

"ဪ.. ဟုတ်လား .. ဒါဆို .. နေပါစေ .. အန်တီလေး
မှာပေါ့.. အဲဒီစာ ရောက်ရင် ..၊ ကဲ .. ကဲ .. အမှိုက်ပစ်မလို့လား
ပစ်.. ပစ် .."

ဟု ပြောကာ သွန်း ထရပ်သည်။ ထိုစဉ်ခိုက် သွန်း ၏အကြည့်
အပုလေး သယ်လာသည့် ပလတ်စတစ်ခြင်းတောင်းဆီသို့ ရောက်သည်
တွေခနဲ ဖြစ်၏။ တစ်နေရာမှာ တန့်နေသည်။

"ဒီခြင်းထဲ ဘယ်ကအမှိုက်တွေ သယ်လာတာလဲ အပုလေး ..

"အခန်းတိုင်းက အမှိုက်ခြင်းလေးတွေတိုင်းက မှောက်သွန်သ
လာတာ မမသွန်း ရဲ့ .. အန်တီလေးအခန်းက နောက်ဆုံးသိမ်းလာ
တာ .."

ရွှေရိပ်ဦးမှာက အခန်းတိုင်းမှာ အမှိုက်ခြင်းလေးတွေ ရှိသည်
စာရေးရင်း စာရွက်လေးကို စိတ်တိုင်းမကျ၍ပဲ ပစ်ပစ် ..။ နေကြာ
လေးပဲ စားစား..။ အမှိုက်အစအနလေးတွေကို ကြုံရာလည်း မပစ်ဖြ





..။ မီးဖိုအမှိုက်ခြင်းထိ ဆင်းမပစ်ရအောင် သီးသီးသန့်သန့် တစ်
အခန်းတိုင်းမှာ အမှိုက်ခြင်းလေးတွေ ရှိနေခြင်း ..။ ဤသည်က
ဘိုးသီ ၏ အစီအမံပါ..။ အခန်းထဲမှာ မုန့်ထုပ်လေးပဲ ဖောက်စား
ချိုချဉ်အခွံလေးပဲ ပစ်ပစ်..၊ ဖျော်ရည်ဘူးလေးပဲ ပစ်ပစ် ..။ ညဘက်
ပြေစားပြီးလျှင် အမှိုက်ခြင်းလေးထဲ ထည့်လိုက်ရုံသာ..။ မနက်ဆို..
လေး က တစ်ခန်းချင်းကို ခြင်းခပ်ကြီးကြီးတစ်ခုဖြင့် လိုက်သိမ်း
။ ပြီးလျှင် အမှိုက်ကျင်းထဲ သွားပစ် ..၊ သုံးရက်တစ်ခါ လေးလေး
ပဲဖြစ်ဖြစ် .. လေးလေးစံ ပဲဖြစ်ဖြစ် .. အမှိုက် မီးရှို့လိုက်ကြသည်။

သွန်းလေပြေမွှေး ၏ အကြည့်တန့်နေရာဆီသို့ သူ စိတ်ပူလက်ပူ
ကြည့်မိလိုက်ရပါ၏။ အပေါ်မကျတကျနေရာလေးမှာ ..၊ ထောင့်
လေးမှာ .. ကပ်နေသည့် စာအိတ် ..၊ ဒါပေမယ့် .. လေးထောင့်ကျ
ဆုတ်ဖြဲခံထားရတာ ဖြစ်နေသည်။ စာအိတ်အစအနသည် အပုလေး
သားရာ ခြင်းတောင်း၏ထောင့်မှာ တချို့ ..၊ အလယ်မှာတချို့ ပြန့်
နေချေသည်တည့် ..။ သွန်းလေပြေမွှေး စာအိတ်လေးကို ယူသည်။
၍ ဟိုဟိုသည်သည် ကြည့်သည်။ တစ်နေရာဆီမှ ယူပြန်သည်။
သည်ဖွ၍ ကျန်သည့် စာအိတ်အပိုင်းအစအနကို ရှာသည်။ လေးငါး
၍ ဆွဲဆုတ်ဖြဲထားရာ စာအိတ်သည် နောက်ဆုံးတော့ အပိုင်းအစ
ဖြစ်နေတာကလွဲ၍ စာအိတ်တစ်အိတ်စာ ပြန်၍ ပြည့်ပြည့်စုံစုံ
ချေသည်တကား ..။ သွန်းလေပြေမွှေး ၏မျက်နှာလေး တင်းမာ
ကို သူ မြင်နေရသည်။ အပုလေး ကတော့ ပေါတီပေါတာလေး
သိပ်ပြီး သဘောပေါက် နားလည်လိုက်ပုံ မရ။ စာအိတ်အပိုင်းအစ
လိုက်ကောက် ..၊ ဖွ၍ ရှာနေခဲ့ပါသည့် သွန်းလေပြေမွှေး ကိုပင်
လည်သလို အထူးတဆန်းလုပ်၍ ကြည့်နေသေးသည့်အဖြစ် ..။

"အပုလေး .. နောက်ဆုံး အမှိုက်သိမ်းလာတာ အန်တီလေးအခန်း
.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မမသွန်း ရဲ့ .. ဘာလို့လဲဟင် .. ဘာလို့ .. စာအိတ်ကို ယူရတာလဲ .. အဲဒါ အန်တီလေး ဆွဲဆုတ်ထည့်ထား လေ .. အန်တီလေးအခန်းက မှောက်သွန်ယူလာတာ .. အပုလေး မှ တာပေါ့ .. အဲဒီ စာအိတ်အစုတ်အပြဲတွေက ဟောသလို အမှိုက်တော ကို ဒီဘက်ထဲသွန်လိုက်တော့ .. အဲသလို အောက်ဘက်ကနေပြီး အ ဘက်ကို ရောက်သွားရတာလေ .. အဲသလိုပဲ .. တချို့စာဆိုရင် .. အ လေးက ဆွဲဆုတ်ထားတာ အရင်တုန်းကတည်းက ရှိတာ .. မလို လို့ပေါ့ .."

ဟုပင် ရှင်းပြနေသေးသည့်အဖြစ် ..၊ သဘောက .. ထိုစာအိ လေးကို ဆွဲဆုတ်ပြီး အန်တီလေးကတော့ အန်တီလေး၏အမှိုက်တေ ထဲ အရင်ဆုံး ပစ်ထည့်တာ ..။ အပေါ်မှာ တခြားအမှိုက်တွေကို ပစ် ပုံ ရသည်။ အပုလေး သွန်လောင်း၍ အပုလေး ၏ အမှိုက်ပလတ်စ တောင်းထဲ သွန်လိုက်ချိန်ကျတော့ ထိုအောက်ဆုံးမှာရှိခဲ့သည့် ဆုတ် စာအိတ်သည်အပေါ်သို့ ရောက်သွားရသည်ပေါ့ ..။

သွန်းလေပြေမွှေး စာအိတ်ကိုကြည့်သည်။ မျက်နှာလေး တ နေ၏။

"သွားတော့ အပုလေး .. သွားတော့ .."

စာအိတ်အစအနတွေကို အင်္ကျီအိတ်ကပ်ထဲ ထည့်လိုက်ရင်း သွ လေပြေမွှေး ပြောစဉ်ခိုက် မျက်ဝန်းလေးတွေ လက်လက်တောက် သည်ပါပဲ။ သူ .. ရင်ထဲလေးနေရပါ၏။ စာအိတ်နှင့်ပတ်သက်၍လ ဖွင့်မေးဖို့ မကောင်း၊ အားနာစရာတွေ ဖြစ်နေသည်။ ထိုစာအိတ်သ ဘိုးဘိုးထံမှ ဖြစ်မည်ဆိုတာ သူ့ အလိုလို သေချာ နားလည်ထားလိုက် ဖြစ်နေသည်ကိုးလေ ..။

စာအိတ်ကို ဆုတ်ဖြဲ၍ မာမီသည် မာမီ့အမှိုက်ခြင်း၏အောက် နေရာမှာ ပစ်ထားခဲ့ကာ ..။ နောက်ထပ် အမှိုက်အစအနတွေ၊ စာ





ထားသည့်စာရွက်စာတမ်းတချို့နှင့် မုန့်ထုပ်အခွံ တချို့ ..။ နေကြာ သဲနှင့် ကွာစေ့လှော်ထုပ်တွေ ပစ်ထားခဲ့သည်။ မာမီသည် အခန်း ထဲ တံခါးပိတ်ကြည့်ရင်း စားခဲ့သည် အပျင်းပြေစား အစာတွေ၏ အမှိုက်တွေ ဘိုးဘိုး၏ စာပေါ်မှာ ပစ်ထားခဲ့တာဖြစ်နေသည်။ သွန်းလေပြေ့ ကကြည့်လျှင် အတော်ခံပြင်းစရာ ဖြစ်နေမည်သာ..။ သူ့ကို ဘာ ပြောတဲ့ သွန်းလေပြေမွှေး ပန်းခြင်းလေးကိုယူကာ အိမ်ကြီးဆီသို့ ထွက် တော့ နေရာမှာ သူ ငိုင်၍ကျန်ခဲ့ရပါ၏။

ဘစ်ခုခုတော့ .. ဖြစ်မှာ သေချာနေသည်။ မာမီနှင့် သွန်းလေပြေ တို့၏ ထိပ်တိုက်တိုးမည့် ရင်ဆိုင်မှုတစ်ခုသည် နက်နက်ရှိုင်းရှိုင်း ပြင်းထန်စွာ ရွှေရိပ်ဦးမှာ ဤမနက်ပိုင်းမှာပင် မလွဲသေချာ ဖြစ်လာ မည်ဟု သူ ရင်လေးနေရင်း သိနေရသည်ပါပဲ ..။

နေရာမှာ ငြိမ်သက်စွာ သူ ရပ်ကျန်ခဲ့ရပေမယ့် ..။ စိတ်သည် ခြင်းများနှင့်အတူ ရှုပ်ထွေး ကျန်ခဲ့ရသည်တည့် ..။

ဤတစ်ကြိမ်မှာတော့ သွန်းလေပြေမွှေး သည် ပြတ်သားပြင် - နောက်မဆုတ်စတမ်း မာမီ့အပေါ်မှာ ပွင့်လင်းစွာ ပြောဆိုနေ မည်ဟု သူ သိနှင့်နေရခြင်းဖြင့်ပင်လျှင် စိုးရိမ်ဇောသည် ရင်ကို လံစေ၏။

အမှန်အတိုင်းပြောရမည်ဆိုလျှင် .. မာမီ လွန်သည်ဟု သူ တ သဘောပိုက်ရချေမည်သာ။ ဘာကြောင့်ဆို .. ဘိုး၏စာကို ဆုတ် ခဲ့သည်ကိုးလေ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

BURMESE CLASSIC .com

မြေး ...

ဘိုးဘိုး သတိရစွာနဲ့ စာရေးလိုက်တယ် ..၊ လိမ္မာပါ မြေး ..၊ ဘိုးသီကို ဂရုစိုက်ပါ။ အားလုံးရဲ့စကားကို နားထောင်ပါ။ မြေးရဲ့ငယ်ကျင့်တစ်ခုကိုလည်း အဲဒီအိမ်ကြီးမှာ ဖျောက်ထားပါကွယ်။ သူတစ်ပါးကို အလွန်အစအနောက်သန်တဲ့ အကျင့်ပေါ့ မြေး ..၊ မြုပုဏ်မှာကတော့ အားလုံးအတွက် ကြိုနေကျဖြစ်နေပေမယ့် ..။ ရွှေရိပ်ဦးမှာ မြေးရဲ့အနောက်သန်တဲ့ အကျင့်ဆိုတာက ကြုံဖူးကြတာ မဟုတ်တဲ့အတွက် သူတစ်ပါး စိတ်ထိခိုက်ခံစားကျန်ခဲ့ရမှာကို ဘိုးဘိုး စိုးရိမ်တယ် ..။

ဘိုးသီ ကို ဂရုစိုက်ပါ။ စိတ်ချမ်းသာပါစေ။ အန်တီလေးရဲ့စကားကိုလည်း နားထောင်ပါ။ ဆုံးမတယ်ဆိုတာဟာ မြေးထက်ကြီးသူတွေက မြေးအပေါ်မှာ လုပ်ပိုင်ခွင့်ရှိတဲ့အရာတစ်ခု ဖြစ်တယ်ဆိုတာ ဘယ်တော့မှ သတိမလွတ်ပါစေနဲ့ ..။ မြေးကို ကောင်းစေချင်လို့ ဆုံးမခြင်းဖြစ်တယ်ဆိုတာ အမြဲ နှလုံးပိုက်ပါ။

နေ့တိုင်းလဲ ဘိုးနဲ့မြေးတို့ ဖုန်းနဲ့ စကားပြောဖြစ်နေကြတာပါပဲ။ ဒါပေမယ့် ...မြေးက စာရေးလာပါဆိုလို့သာ ထပ်ရေးရတာပါ။ ဘိုးရဲ့ မြေးအကြောင်း ဘိုး သိသကိုးကွယ့်။ စာများမရေးမိရင် .. မြုပုဏ်မှာ ပြန်ရောက်





တဲ့အခါ စကားနာထိုးလို့ဆုံးတော့မှာ မဟုတ်ဘူးဆိုတာ ဘိုး သိကွယ့်..။ နားညည်းအောင် မခံချင်ဘူး မြေးရေ ..၊ ဘိုးကိုတော့ စိတ်မပူနဲ့..၊ မာရေး ဂရုစိုက်ပါသကွယ့်။ မြေးလည်း ခေါင်းလျှော်ရေချိုး မသောင်းနဲ့..။ အခုက အဲဒီ မှာချင်သကွယ့်။ မြေးဆံပင်တွေက ထူပြီးရှည်တာမို့ နေစောင်းများ ယောင်လို့ ခေါင်းလျှော်ပစ်တာတွေ ဘာတွေ မလုပ်မိစေနဲ့။ ကုန်က ပူတဲ့ရာသီဥတု ရှိပေမယ့် .. ညနေဟာ ညနေပဲ မြေးရဲ့ ..။ ခေါင်းလျှော်တယ်ဆိုတာ မနက်ပိုင်းပဲ ကောင်းသကွယ့် ..။ ညဘက် .. ချဉ်ထုပ်တွေ နင်းကန်မစားနဲ့ ..။ အာသီးရောင်တာတို့ ဘာတို့ ဖြစ်မှာစိုးကွယ့်။ နေ့ခင်းဘက် .. အပြင်ထွက်ရင် .. ကားနဲ့သွားလာတာပဲဆိုပြီး သူတို့ မမေ့နဲ့ ..။ နေပူရှိန်ပြင်းရင် .. ခရမ်းလွန်ရောင်ခြည် ထိမကွယ့်။ လည်း ဘိုး စိတ်ပူတာပါပဲ ..။

ဘုရား တရား မြဲပါ။ မြေးရဲ့ဘိုးကို ဂရုစိုက်ပါ။ မြုပုဏ်မှာ အားလုံး မာကြတယ်။ မြေးရဲ့အေကြီးသင် တို့ကိုလည်း ဖုန်းလေးများဆက်စမ်း တိုက တမျှော်မျှော်နဲ့ ရှိသကွယ့်။ ဝမ်းနည်းပုံ ရတယ်၊ မြေးက လေးတောင် မယ်သင် တို့ကို ဆက်မလာပဲကိုး။ မြေးနဲ့ဘိုးတို့ ဖုန်း ဖြစ်ကြတုန်းက အဲဒီကိစ္စ ဘိုး မြေးကိုပြောပြတော့ အေကြီးသင် ကို ဆက်ရင် .. အေကြီးသင် နဲ့ ဘဘညို တို့ ငိုနေကြမှာစိုးလို့ မဆက်တဲ့ ရတာပါဆိုတဲ့ မြေးရဲ့အဖြေကို .. ဘိုးလည်း မယ်သင်တို့ကို ပြောပြပါ မယ်သင် တ ငိုသကွယ့် ..။ အဲသလိုငိုမှာစိုးလို့ မဆက်တာပါဆိုရုံပဲ မယ်သင် က ဒီမှာ ငိုနေပြီ။ လွမ်းသကိုးလို့ ဘိုးကို ဖြေရှာ ရှာတယ်။ မယ်သင် ငိုရင်လည်း ငိုပါစေတော့ ..။ ဖုန်းလေး ဆက်လိုက် မြေးရယ် .. သိးသီးသန့်သန့် ဆက်စမ်းပါ။ အဲဒီတော့လည်း ခမျာများ ကြရှာပေမပေါ့။ မြေးကို အလွန်သံယောဇဉ်ကြီးကြတာ မြေး အသိ သူတို့လက်ပေါ် ကြီးခဲ့ရတာပဲ မဟုတ်လား ..။ မြေးကို ချစ်ကြ ပေါ့ ..။



www.burmeseclassic.com

www.burmeseclassic.com



ကဲ .. ဖုန်းနဲ့ပြောပြောနေကြတဲ့ မြေးအဘိုး ..။ အဘိုးရဲ့စာ ဒီလော
နဲ့နားမယ်။ အထူးမှာချင်တာ ဘိုးသိ ကို ဂရုစိုက်ပါ။ အားလုံးနဲ့ ချစ်အောင်
နေပါ။ ဆုံးမစကား နားထောင်ပါ။ နောက်ထပ်လည်း စာထပ်မရေးတော့
ဘူး မြေး ..။ ဖုန်းချင်းပြောနေကြတာပဲကွယ်။ မြေး တရုတ်မှာလို့သာ ဒီစာ
ကို ရေးရတာ ..။ လွမ်းတဲ့အခါ စာလေးဖတ်ချင်တိုင်း အထပ်ထပ်ဖတ်
တယ်ဆိုတဲ့ မြေး ..။ ဖတ်ပေရော့ ..

ကျန်းမာ ချမ်းသာပါစေ

ဘိုးဘိုးအိမ်စိုး

လေကားထိပ်ရောက်တာနှင့် ကြားလိုက်ရပါသည့် စာဖတ်သံ
စာရွက်ကိုဖြန့်၍ သွန်းလေပြေမွှေး ဆိုဖာထက်မှာ ကျကျနနထိုင်
ဖတ်နေခြင်း။ တိုးတိုးဖတ်နေခြင်း မဟုတ်။ အော်၍ ဖတ်ခြင်း။ မေ
ရင်ထဲ ခံပြင်းလှသည်။ လေကားထစ်တွေကို နင်းဖြတ်ဆင်းလာချိန်
ဖြင့် ဆက်တိုက် သွန်းလေပြေမွှေး ဖတ်နေသမျှကိုလည်း ကြား
လျက် ..၊ လေကားရင်းလည်း ရောက် .. ဧည့်ခန်းကိုလည်း ဖြတ်လျှော
နေခိုက် .. စာလည်း အဆုံးသတ်ခြင်းသို့ တိုင်၏။ စာရွက်ကို လှမ်းကြည့်
တော့ တိပ်(ပ်)အကြည်သားတို့ဖြင့် တစ်စချင်းကို ကပ်ထားကာ စာရွ
တစ်ရွက်ဖြစ်အောင် ဆက်ထားတာကိုလည်း မြင်နေရသည်။ မြ
အောင်လည်း စာကို သေချာထောင်၍ ဖတ်နေခြင်းကိုးလေ ..။

မသိယောင်ဆောင်၍ မေနဒီ ထမင်းစားဆောင်သို့ ဝင်သည်
မနက်ဘက် အခန်းထဲမှထွက်ခွာလာချိန်မှာ ရှိခဲ့ရပါသည့် ကြည်လ
သောစိတ်သည် လောလောဆယ်မှာတော့ ရှုပ်ထွေးနေလျက်။ ခံပြင်းစိတ်
လည်း ဖြစ်နေသည်။

"ဒီကောင်မလေး စာကို ဘယ့်နှယ်လုပ်ရသွားပါလိမ့် .. သေချ
ဆက်ပြီး ဖတ်ပြနေတာ ., တမင်တကာ ငါ ဆင်းလာချိန်ကို ဧည့်ခ





မှာ ထိုင်စောင့်နေတာ .. လေကားထိပ်လည်း ငါ ရောက်ရော ..
ည်း စာကို အော်ဖတ်ရော .. ဒါ .. တမင် .. ငါ့ကို စိန်ခေါ်တာ ..
တိုဆွတာ .."

မနေ့ညနေက စာပုံးထဲမှစာတွေကို ယူ၍ အလုပ်အပြန်မှာ အခန်း
ကတ်တာနှင့် အားလုံးကို ကြည့်သည်။ တစ်စောင်က သွန်းလေပြေ
အမည်နှင့်စာ ..၊ စာအိတ်ထောင့်မှာ ဦးအိမ်စိုး ဆိုသည့်အမည်နှင့်
၏လိပ်စာ ပါလာသည်။ မျက်ခနဲဖြစ်စိတ်ဖြင့် စာအိတ်ကို ဆွဲ
စ်ကာ အခန်းထဲရှိ အမှိုက်တောင်းထဲ အရင်ဆုံးပစ်ထည့်ခဲ့ခြင်း..။
တော့ ထိုစာသည် မထင်မှတ်စွာပဲ .. သွန်းလေပြေမွှေး လက်ထဲ
ကန်နေပြီ။ ဆက်ထားသော စာတစ်ရွက်အဖြစ် ရောက်နေခြင်း..၊
င်းစားခန်းထဲမှာ ဖေဖေ မရောက်သေး ..။ ခါတိုင်းနေ့များလို ဖေဖေ့
သွန်းလေပြေမွှေး ဘာကြောင့် ဝိုး(လ်)ချဲလေးတွန်း၍ ခေါ်မလာဘဲ
ဘာတစ်ရွက်ကို ရေးကြီးခွင်ကျယ်လုပ်၍ ဖတ်ပြနေရပါသတဲ့လဲ..
ပြင်းစိတ်ဖြင့် တွေးသည်။

"အရင်ဆုံး မြေး ရောက်လာတယ် .. အခု .. အဘိုးရဲ့စာက
ဦးကို ရောက်လာပြီ .. နောက်ဆိုရင် .. အဲဒီအဘိုးကြီးလည်း
က်လာတော့မယ် .. စိတ်နာတဲ့မျက်နှာတွေ မြင်နေရတာလောက်
င်းရဲ့ရတာ မရှိဘူး .. ကျက်သရေကို ယုတ်တယ် .."

ဟု တွေးကာ ထိုင်နေကျနေရာမှာ ထမင်းစားပွဲနှင့်ကပ်လျက် ခုံကို
မေနဒီ ထိုင်လိုက်ပါ၏။ စိတ်သည် အတိတ်ဆီသို့ ရုတ်ခနဲ ပြေး
။ တစ်ချိန်က .. အဘယ်မျှထိ အနာဂတ်ကို မျှော်လင့်ခဲ့ရပါသလဲ..၊
နောင် နှင့် လက်ထပ်မည့်ကိစ္စ ..၊ လက်ထပ်ရမည့်ဘဝသည် ..
၏ မျှော်လင့်ရာ ဘဝတစ်ခုပဲ ဖြစ်သည်။ မမသရဖီ နှင့် ချစ်နေ
ဆိုတာကို သိနေပေမယ့် ..။ ချစ်ရပါသည့် မေနဒီ့ အချစ်သည်
ောင် ထံမှာပဲ စွဲထင် ကြေကွဲစွာ မြတည်နေခဲ့လျက် ..။ ဖေဖေ့ထံမှ



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ဦးအိမ်စိုး ၏ စကားကမ်းမှုကို ကြားရတော့ ရင်သည် အရှေ့
များအဖြစ် ရှတ်ခြည်း မြူးထူးရွှင်ကြည် ဖြစ်ခဲ့ရသည် မဟုတ်ပါလား
မမသရဖီ မသိအောင် ဖေဖေ့ကို ပြောခဲ့ဖူးသည့်စကား ..၊ သြော်
ပိုင်နိုင်စွာသောအမှုအရာဖြင့် ပြောခဲ့ဖူးသော စကား ..။

"မမသရဖီ ကို မပြောပြသေးနဲ့ ဖေဖေ .. တကယ် စေ့စပ်ပွဲ
တော့မှ လုပ်ခါနီးမှ .. သိချင်သိပါစေ ဖေဖေရယ် .. နဒီ ရှက်တယ်
မမသရဖီ က နဒီ ကို ကလေးလို့ မြင်နေတာ .."

ဟု တကယ့်ကို ရှက်သွေးဖြန်းနေသည့် မေနဒီ ဆိုသည့် ကော
ငယ်ငယ်လေးအဖြစ် ဟန်အပြည့်တင်၍ ပြောခဲ့သည့်စကားကို ဖေဖေ
လည်း ယုံကြည်ခဲ့ပါ၏။ တကယ်က .. မမသရဖီ သိသွားလျှင်ဖြင့်
မမသရဖီ က .. ကိုခွန်နောင် နှင့် ချစ်နေရပါသည့် မမသရဖီ ၏ချစ်ခြ
တွေကို ဖွင့်ပြော ပိုယိုလိုက်မှာ ..။ မေနဒီ နှင့် စေ့စပ်ပွဲပျက်အော
ပြောလိုက်မှာကို နဒီ စိုးရိမ်ခဲ့တာမို့ ကြိုတင်၍ ဖေဖေ့ကို နှုတ်ဆိတ်
ခြင်းပါ။ ဒါပေမယ့် .. ကိုခွန်နောင် ကို အန်ကယ်ဦးအိမ်စိုး ဖွင့်ပြော
မှာ အားလုံးသော မေနဒီ ၏မျှော်လင့်ခြင်းအိပ်မက်များ ပျောက်ကွ
ကုန်ရလျက် ..။ တကယ်တမ်း လက်ထပ်ပွဲသည် မြပုဂံမှာ မေသ
နှင့် ကိုခွန်နောင် တို့၏ပွဲ ဖြစ်ခဲ့ရသည် မဟုတ်ပါလား ..။

လူကြီးဖြစ်ပြီး ဆိုခဲစေမြဲစေ မလုပ်ဘဲ .. မေနဒီ နှင့် စကား
သည့်ကိစ္စကို အလွယ်ပြန်ဖျက်ကာ ..။ မမသရဖီ နှင့် ပြောင်း၍ ကျ
ခဲ့ပါသည့် အန်ကယ်ဦးအိမ်စိုး ကိုလည်း စိတ်နာသည်။ အလွယ်
ပြန်၍ လက်ခံပေးပါသည့် ဖေဖေ့ကိုလည်း စိတ်ထဲမှာ နာချင်သ
ခု .. အန်ကယ်ဦးအိမ်စိုး ၏စာက ရွှေရိပ်ဦးကို ရောက်လာမှဖြင့်
မေနဒီ ဆိုသည့် ရွှေရိပ်ဦးကို ပိုင်သော မိန်းမသားသည် .. ဆုတ်ဖြ
လိုက်ချေမည်ပေါ့ ..။ ဆုတ်ဖြဲခွင့်လည်း ရှိရချေမည်ပေါ့ ..။ ရွှေရိ
သည် မေနဒီ ၏နေရာ ဖြစ်သည်ပဲလေ ..။





"ဖေဖေရော .."

ဒေါ်ကြီးထား ကို မေးမိတော့ ပြုံး၍ ဒေါ်ကြီးထား ဖြေလာပါ၏။

"ဆရာကြီးနဲ့ ပါသွားလေရဲ့ .. ဆရာကြီး ဒေါက်တာဦးထက်
က ဒီနေ့ .. သူ့ဆေးရုံမှာ စစ်ဆေးဦးမလို့တဲ့လေ .. စောပြီး
ာက်သား မနက်စာ ဒီမှာ စားသွားကြလေရဲ့ .. ဒေါက်တာကြီးက
နက်အ စောကြီး ကားနဲ့ရောက်လာတာ .. အစ်ကိုကြီးကို လာခေါ်
တဲ့လေ .. သူ လာမခေါ်ရင် .. အပျင်းထူပြီး နေ့ရွှေ့ ညရွှေ့နဲ့ အစ်ကို
ဆေးစစ်မယ့်ဥစ္စာကို .. အချိန်ဆွဲနေမှာစိုးလို့တဲ့ .."

ဟု ဖြေတော့ စိတ်ထဲ အနေချောင်လာရသည်။ ဖေဖေ မရှိချိန်ဖြစ်
မေနဒီ အတွက်တော့ ကံကောင်းခြင်းတစ်ပါး ဖြစ်နေသည်။
နေသည့်ကောင်မလေးကို .. ပြတ်ပြတ်ထင်ထင် တုံ့ပြန်၍ နေရ
ဖေ ရှိနေလျှင် ဖေဖေ့ရောဂါ ဆိုးသွားမှာ စိုးရိမ်ရသည်လေ..၊
ာ့ အဟန့်တစ်ခု ရှိမတော့ပြီ။ စိတ်ကိုလွှတ်ထား၍ ရနိုင်နေ
သည် ..။

ချိန်ခိုက် .. အခန်းထဲ သွန်းလေပြေမွှေး ဝင်လာပါ၏။ နောက်
ဝင်လာသည်က ပြည့်စုံဦးသာ ..၊ ခါတိုင်းမနက်များလိုပင်
စားဖို့ ဝင်လာသည့် သားတော်မောင်သည်လည်း မျက်နှာ
ဘဲ ဖြစ်နေတာကို မြင်ဖြစ်အောင်မြင်လိုက်ရသည်က မေနဒီ ပါ။
ာက်နှင့် တစ်ယောက် ဆုံချိန်း၍ ဝင်လာတာမျိုးတော့မဟုတ်။
စားဖို့ ပြည့်စုံဦးသာ လာချိန်နှင့် သွန်းလေပြေမွှေး အခန်းထဲ
ဆုံကြပုံရသည်။

ဒေါ်ကြီးထား ရေ .. ဘိုးဆီက စာလာတယ် သိလား .. ကိုကြီးရေ..
စာလာတယ် သိလား .. ဖတ်ပြမယ် .. အဟမ်း .."

လည်ချောင်းလေး ရှင်းကာ .. ရှင်းကာဖြင့် စာကို အစအဆုံး
န်သည်က သွန်းလေပြေမွှေး ပါ။ စာရွက်ကိုလည်း ထောင်၍



www.burmeseclassic.com

www.burmeseclassic.com



ဖတ်သည်မို့ စာကို ပြန်ဆက်ထားသည့် အကြည်သားတိပ်(ပ်)အပြာ
က အထင်းသား ဟိုမှသည်မှ ဆက်ရာတွေ ထင်နေသည်။ ပြည့်စုံဦး
ကို မေနဒီ တစ်ချက်ကြည့်တော့ စိတ်မသက်မသာဖြင့် ရှိနေပုံရပ
အကြည့်သည် အားတုံ့အားနာနိုင်နေသည့်အကြည့်မျိုး ဖြစ်နေလျက်
အကြည့်ခံရသူသည် မေနဒီ ကိုယ်တိုင်ပဲ ဖြစ်နေတာကို သိနေ
သည်။ ဘာကိုများ ပြည့်စုံဦးသာ သည် အားနာကြည့်ဖြင့် ကို
လှမ်းကြည့်နေရပါသလဲဟု မေနဒီ တွေးတောမိစ ပြုလာရပြန်
စာကိုဆုတ်ဖြဲသည့်ကိစ္စကို .. ပြည့်စုံဦးသာ သိများသိနေခဲ့ရပြီးချေပြီ
မသိ။ ကောင်မလေး ပြောပြလိုက်ချေပြီလား မသိ ..။ ကိုယ် ဆုတ်
သည့်စာကို ကိုယ့်ကို ရှေ့ထား၍ ကျယ်လောင်ကျယ်လောင်ဖြင့်
သံထားတွေဖြင့် ဖတ်ပြနေတာကို ကြုံရတော့ ..။ ကြားထဲက အ
နေခြင်းများပေလားဟု မေနဒီ တွေးတောစ ပြုလာရပါ၏။

"ကြည့်စမ်း .. တော်တော်အမောက်ထောင်တဲ့ ကောင်မလေး
သူက .. ရာရာစစ .. ပြောပြလိုက်ရမတဲ့လား . သူ့ကိစ္စလား .. ပြ
ဦးသာ ကို သူက ဘာပြောပြစရာလိုလို့လဲ .. ဒါ .. သူနဲ့ ငါနဲ့ပဲ ဆို
ဒီစာကို သူ မကျေနပ်ရင် .. ငါ့အခန်းကို ပိနေက် သူလာပြီး ငါ့ကို
ချင်တာတွေ ပြောနိုင်တာပဲ .. ခုဥစ္စာက .. သူ့ဘိုးအေရဲ့စာကို
ဆက်ပြီး .. ဟိုလူ့ဖတ်ပြ .. ဒီလူ့ဖတ်ပြနဲ့ .. ငါ့စိတ်ကို တမင်လ
နေတာ ..၊ ကြည့်စမ်း .. ပြည့်စုံလေး ရဲ့အကြည့်ယမှ ကြည့်ထဲ
ငါ့ကို အားနာ အနေခက်သလိုလည်း ကြည့်နေတယ် .. စိတ်ညစ်
ဆိုတဲ့အကြည့်လည်း ပါနေတယ် .. သူက .. သူက .. ငါ့ကို .. ဘာ
ညစ်စရာ ရှိနေလို့လဲ .. အဲဒါ.. အဲဒီ စိတ်ညစ်ကြတာ .. ငါ့လုပ်
စိတ်ပျက်တဲ့အကြည့်များလား.. အဲဒီစာကို ငါ ဆုတ်ပစ်ခဲ့တယ်ဆို
သူ သိနေတယ် .. ဟုတ်တယ် .. သူ သိနေတယ် .. အဲဒါ .. သေ
တယ်လို့ ငါ နားလည်လာနေရတယ် .."





ဟု တွေးမိပြန်သည်။ ဒေါသသည် သွန်းလေပြေမွှေး ထံသို့ ရောက်
သည်။ ကြည့်လိုက်တော့ မျက်ဝန်းလေးတွေ လက်တောက်နေရင်း
ည်တည်ကြည့်နေသည့် ကောင်မလေး၏အကြည့်ကို ရင်ဆိုင်တိုးရ
ပါပဲ ..။

"အံမယ် .. သွန်းလေး ရဲ့ဘိုးက စာအရေးကောင်းပဲ .."
အကြောင်းမသိသည့် ဒေါ်ကြီးထား ကလည်း ပြုံး၍ လှမ်းပြော
။ စာကိုလည်း လှမ်းကြည့်သည်။ ထိုအခါကျတော့မှ မျက်ဝန်းမျက်
သွားကာ ...

"ဟယ် .. သွန်းလေး ရဲ့စာက အစုတ်ကို ပြန်ဆက်ထားတာပါ
"

ဟု တအံ့တဩ ဒေါ်ကြီးထား မေးလာပါသတည်း။

"အဲဒါ .. အပုလေး ရဲ့တောင်းထဲက မမသွန်း တွေ့တာ .. အန်တီ
ရဲ့အမှိုက်ခြင်းထဲက စာ .."

ဟု အလိုက်မသိ အပုလေး ကလည်း ဝင်ဖြေသည်။ အရင်ဆုံး
ဒီ လုပ်လိုက်သည်က ထရပ်လိုက်ခြင်း။ စိတ်လိုက်မာန်မပါနိုင်စွာ
ချိန်မှာ ထိုင်ခဲ့သည့်ခုံကို နောက်ဘက်ဆီသို့ တွန်း၍ရပ်တာမို့ ထိုင်ခုံ
အရှိန်လွန်၍ နောက်ဘက်သို့ လန်ကျသွားသည်အထိပါ ..။

သွန်းလေပြေမွှေး ကလည်း အထိုင်မပျက် ခပ်အေးအေးကြည့်
။ အကြည့်အေးစက်၏။ အကြောက်ကင်းနေ၏။ ရင်ဆိုင်စိန်ခေါ်ရဲ
သော အကြည့်များ ဖြစ်နေသည်။ ပြည်စုံလေး ကို နဒီ ကြည့်တော့
ထဲမှ အနေခက် စိတ်ပျက်နေသည့်အရိပ်တွေပဲ မျက်နှာထက်မှာ
သိပ်နေချေသတည်း။

"ဘာသဘောလဲ သွန်းလေပြေမွှေး .. ငါ့အခန်းထဲက အမှိုက်
င်းထဲမှာ ရောက်နေတဲ့ စာကို .. ဘယ်လိုပုံစံနဲ့ပဲရောက်ရောက် ..
း .. စစ်ဆေးစရာ မလိုဘူး .. ဒီအိမ်မှာ ညည်း ငါ့အခန်းထဲက



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းနဲ့ပတ်သက်လို့ စစ်ဟယ်ဆေးဟယ်နဲ့ လုပ်စရာ မလိုဘူး ..
ကိစ္စနဲ့ .. အမှိုက်တောင်းကို ညည်းက ပိုင်စိုးပိုင်နင်း ယူစစ်ရတာ
ဟု ငေါက်ဆတ်ဆတ် မေးတော့ သွန်းလေပြေမွှေး ရယ်
စာကို ဖြန့်၍ ထမင်းစားပွဲပေါ် လက်ဝါးဖြင့် အုပ်၍တင်သည်။
မြည်အောင် စားပွဲကို ပုတ်သည်။

"သွန်း ကလည်း ပြန်မေးမယ် အန်တီလေး .. သွန်း ရဲ့ ဘိုး
စာကို.. ဘာကိစ္စနဲ့ ပိုင်စိုးပိုင်နင်း ဆုတ်ပစ်ရတာလဲ .. ဘိုးရဲ့လ
ရေးလာတဲ့ စာတစ်စောင် .. ဘိုးရဲ့စာကို .. ဘာကိစ္စနဲ့ .. အမှိုက်ခြင်း
အောက်တန်းနောက်တန်း ချပြီး .. အမှိုက်ခြင်းထဲကို ပစ်ထည့်ရမှာ
ဘိုးက .. တန်ဖိုးရှိတဲ့သူ .. စိတ်ထားမြင့်မြတ်တဲ့သူ .. အဲသလို ဘိုး
လက်နဲ့ ရေးလာတဲ့ စာဟာ .. အမှိုက်ခြင်းနဲ့ တန်သလား .. တူသလ
အဲသလို လုပ်ရမလား ..၊ အန်တီလေး စားသောက်ပစ်ထည့်လို
အပုပ်ပြေ အစားအစာတွေရဲ့ အောက်မှာ .. စားကြွင်းစားကျ
အောက်မှာ ဘိုးရဲ့စာက ရောက်နေရမှာလား .. ဘိုးဟာ အန်တီ
ထက် အများကြီး အသက်ကြီးတယ် .. စိတ်ဓာတ်အရာမှာလည်း
မြတ်တယ် .. ပြီးတော့ .. သွန်း ချစ်ရိုသေတဲ့ ဘိုးဘိုးလည်း ဖြစ်တ
အဲသလိုလုပ်တာဟာ .. သွန်း ရဲ့ဘိုးဘိုးကို စော်ကားတာနဲ့ တူ
အန်တီလေးရဲ့အမှိုက်ခြင်းထဲ .. အန်တီလေး ပစ်ချင်တာ ပစ်လို့
မယ့် .. ဘိုးရဲ့စာ .. သွန်း ရဲ့စာကို ပစ်လို့မရဘူး.. အဲဒီစာဟာ အန်တီ
ကို ရေးတဲ့စာလည်း မဟုတ်ဘူး .. ကိုယ်နဲ့မဆိုင်တဲ့ သူတစ်ပါးရဲ့
လည်း ဆုတ်ဖြဲပစ်သေးတယ် .. အမှိုက်ခြင်းထဲလည်း ထည့်သေးတ
ပြီးတော့ .. သူခိုးက လူဟစ်ပြီး .. ခုလို သွန်း ကို မေးရဲတာကို
အံ့ဩတယ်.. သူတစ်ပါးရဲ့စာကို သူတစ်ပါးမသိအောင် ယူတာကို
ခိုးတာ .."

ဟု ဆက်တိုက်ပြောချလာတော့ မေနဒီ လက် စားပွဲပေါ် အရှိန်





လိုက်ပါ၏။ စောစောက သွန်းလေပြေမွှေး စားပွဲပေါ်ပုတ်သည်
ပို၍ပြင်းသော ရိုက်ပုတ်မှု ..။ အခန်းထဲမှာရှိသည့်လူတွေအားလုံး
သက် စိတ်ညစ်နေကြချိန်မှာ နှစ်ယောက်သော မေနဒီ နှင့် သွန်း
ပြေမွှေး တို့က တော့ တစ်ယောက်နှင့်တစ်ယောက် လက်တောက်
သည့်အကြည့်စူးစူးတွေဖြင့် ကြည့်နေကြချိန် ဖြစ်နေသည်။

"ငါ့အိမ်ကိုရောက်တဲ့ စာ .. ငါမကြိုက်ရင် .. ဆွဲဆုတ်ပစ်ပိုင်ခွင့်
အပြည့်ရှိတယ် .. နင် မခံနိုင်ရင် .. ဒီကထွက်သွားရုံပဲ ရှိမယ်.."

"သွန်း လာတာ .. ဘိုးဘိုးရဲ့အိမ်ကို လာတာ .. အန်တီလေး
ယောက်တည်းရဲ့အိမ် မဟုတ်ဘူး .. ဒါ .. သွန်း ရဲ့ဘိုးဘိုးအိမ် ..
အိမ် .. သွန်း လည်း .. သက်ဆိုင်နေတဲ့အိမ် .. ဒီအိမ်ရဲ့ ဘယ်အစိတ်
င်းကို .. အန်တီလေးက .. ကွက်ပြီး ပိုင်နေသလဲ .. သွန်း က
ပြီး ဆုံးရှုံးနေသလဲ.. ပြစမ်းပါ .. ပြစမ်းပါ ..၊ အန်တီလေးက ..
တိုက်ပုံးလေးကို ပိုင်နေတာလား .. အဲသလိုပိုင်လို့ .. အဲဒီစာကို
ပိုင်ခွင့်ရှိနေတာလား.. ဒါဆို .. အဲဒီပုံးလေးထဲမှာ သွားနေပေါ့.."

"ဘာရယ် .. ဘာရယ် .. ညည်းက .. အမွှေစကား ပြောတာလား..
လား .. ဟုတ်လား ..၊ ကြည့်စမ်း .. ကြည့်စမ်း .. ရောက်တာမှ
ပဲရှိသေးတယ် .. ပိုင်ရေးဆိုင်ရာတွေ ပြောနေပါလား .. ညည်း..
အပြောရဲပါလား .. ဟင် .. ဟင် .."

ဒွေ့ဒွေ့ခါနေရင်း မျက်တောင်မခတ်စိုက်ကြည့်ကာ အသံတွေပြာ
အောင် အော်ပစ်ပါသည့် အန်တီလေးကိုလည်း သွန်း က မျက်
ခတ် စိုက်ကြည့်သည်ပါပဲ။ ဘိုး၏စာကို အမှိုက်ခြင်းထဲ ဆုတ်
ကိုခံရတာလောက် ရင်ထဲမှာ ဆိုးဝါးစိတ်နာနေတာ မရှိ ..၊
နေတာ မရှိ ..။

"အဲဒါပဲလေ .. အမှန်တရားကို မျက်စိပိတ် ငြင်းချင်တယ်ဆိုတာ
ပြောတာ မှန်နေတော့ .. မျက်စိမျက်ဆန်ကို ပျက်နေတာ ..၊



www.burmeseclassic.com

www.burmeseclassic.com



သွန်း ပြောချင်လို့ ပြောတာလည်း မဟုတ်ပါဘူး .. အမှန်ကိုမြင်
*တည့်မတ် ပြောပြတာပါ .. အန်တီလေးက .. ဒီအိမ်မှာ အန်တီ*
လုပ်ချင်တာ လုပ်လို့ရတယ်ဆိုတဲ့သဘော ပြောလာလို့ .. လုပ်လာ
သွန်းက ပြောရတာပါ .. ဘိုးရဲ့စာကို ခုလို အန်တီလေး ဆုတ်ဖြဲ
အမှိုက်ခြင်းထဲ ပစ်မထည့်ခဲ့ဘူးဆိုရင် သွန်း ကလည်း ဘာမှပြော
မရှိခဲ့ပါဘူး .. ဒီမှာ အန်တီလေး .. သေချာသဘောပေါက်ထားပါ
ဒီရွှေရိပ်ဦးဟာ .. သွန်း လည်း .. ပိုင်ဆိုင်ပတ်သက်တယ်ဆိုတဲ့အ
ပဲ .. ဒီအိမ်ကိုရောက်တဲ့ .. သွန်း နဲ့ပတ်သက်တဲ့ စာ .. သွန်း နဲ့ပတ်
တဲ့ ဘယ်အရာကိုမဆို .. အန်တီလေး .. လုပ်ချင်သလိုလုပ်လို့ မ
ဆိုတာပါပဲ .. အန်တီလေး လုပ်လို့မရတဲ့နေရာ သိထားသလား ..
နေတဲ့ မြပုဝါ ဟာ ဖေဖေ့အိမ်ဖြစ်တဲ့အတွက် .. ဘိုးဘိုးအိမ် ဖြ
အတွက် .. မေမေ့အိမ် ဖြစ်တဲ့အတွက်.. အန်တီလေး ဝင်လုပ်ချင်
လုပ်လို့ မရဘူး .. ဒီအိမ်ကျတော့.. မေမေ့အိမ်လည်း ဖြစ်တဲ့အတွ
ဘိုးဘိုးအိမ်လည်း ဖြစ်တဲ့အတွက် .. သွန်း .. ဝင်နိုင်တယ် .. ထွ
တယ် ..၊ သွန်း နဲ့ပတ်သက်ရာပစ္စည်းတိုင်း .. စာတစ်စောင်အ
သွန်း ကာကွယ်နိုင်တယ် .. ပြောနိုင်တယ် .. အဲဒါကို သေချာ သ
ပေါက်သင့်ပါတယ်၊ ဘာလို့ပြောရသလဲဆိုတော့ .. အန်တီလေး
သွန်း အလွန်ရှိသေပြီး ချစ်တဲ့ .. တန်ဖိုးထားတဲ့ .. သွန်း ရဲ့ဘိုး
စော်ကားလို့ပဲ .. ဘိုးဘိုးရဲ့စာကို အမှိုက်တောင်းထဲ ပစ်ထည့်လို့
ဒီမှာ အန်တီလေး .. ဘိုးဘိုးနဲ့ပတ်သက်လာရင် .. အန်တီလေးရဲ့ အ
ခြင်း အစုတ်အပြတ်ကို မပြောနဲ့ .. ဒီအိမ်ထဲက .. ဘယ်အခန်းထဲ
ဘယ်ပစ္စည်းကိုမဆို .. သွန်း ရှာဖွေနိုင်တယ် .. ဘိုးနဲ့ပတ်သက်ရာ
ပြန်ယူခွင့်လည်း ရှိနေရမယ် .. အဲဒါ .. သဘောပေါက်ပါ .. နောက်
ဆင်ခြင်ပါ အန်တီလေး .."

ဟု ပြောလည်း ပြော ..။ စာကိုယူ၍ ရင်မှာအပ်သည်။ နမ်းပြ





နှင့် ထိပြသည်။ နောက်တော့ အခန်းထဲမှ ထွက်သွားပါချေ
သတည်း..။ နေရာမှာ ခြေစုံရပ်ရင်း ဒေါသတွေ၊ ခံပြင်းခြင်းတွေနှင့်
လုံးထွေးနစ်မြုပ်ရင်း ကျန်ခဲ့ရသည်က မေနဒီ ပဲ ဖြစ်နေသည်။ အားသုံး
ကို လိုက်ကြည့်မိတော့ ဒေါ်ကြီးထား က အစ စိတ်မောလက်မောဖြင့်
ရှိနေသည့်အကြည့်ဖြင့် ကြည့်နေသည်။ မေနဒီ ၏လုပ်ရပ်အပေါ် အငေ
သေးသည့်အကြည့်လည်း ပါနေသည်။ မေနဒီ ဘက်မှ ရပ်တည်ပုံ ရ
သည့်အကြည့် ..၊ ပြည့်စုံလေး ကို ကြည့်တော့လည်း စိတ်လက်ကုန်ခ
သည့်အကြည့်ပင် နည်းနည်းဆန်နေသည့်အကြည့်ဖြင့် ကြည့်ကာ အခန်း
ထဲမှ ထွက်သွားပြီ။ အပုလေး ပင် နဒီ ဘက် မပါ။ မျက်မှောင်လေး
ကုတ်၍ ကြည့်နေပုံက နဒီ ဆိုးသည်ဆိုသည်အကြည့်မျိုး ဆောင်နေ
သည့် အဆုံးအဖြတ်ကြည့် ဖြစ်နေသည်။ ဖွင့်မပြောရဲကြ၍သာ ငြိမ်နေ၏။
ဖွင့်မပြောချင်၍သာ အပြစ်မတင်သည့်ပုံဖြင့် ရှိနေကြပါသည့်အဖြစ် ..။

မေနဒီ အကြည့်က စားပွဲထက်မှာ တစ်ချက်တန့်၏။ သောက်ရေ
ဖြည့်ထားပါသည့်ဖန်ခွက်ကို ဆတ်ခနဲ ကောက်ယူလိုက်ကာ ခြေလှမ်း
ကြဖြင့် ညွှန်ခန်းသို့ စိတ်နောက်ကိုယ်ပါ ဇောတင်၍ လျှောက်သည်။
အပေါ်ထပ်သို့တက်သည့် လှေကားကြီး၏ တစ်ဝက်လောက်မှာ ရောက်
နေပြီဖြစ်သည့် သွန်းလေပြေမွှေး ကို မြင်ရသည်နှင့် ခြေလှမ်းက ငို၍
မြန်ဆန်လာသည်။ အံ့ခဲထားသည်မှ မေးရိုးတွေ နာကျင်လာသည်အထိ
ခံစားချက်က ပြင်းထန်လွန်းနေလျက် စိတ်ဓာတ်ကလည်း ခံပြင်း
ကျောခြင်းဘက်သို့ အရောက်ကြီး ရောက်နေပြီ ..။

အိမ်မှာ ဖေဖေ မရှိ ..၊ နဒီ ကို ဟန့်တားနိုင်သူ မရှိ။ ထိန်းမ
နိုင်မည့်သူ မရှိ။ နဒီ စိတ်ထဲရှိရာကို လုပ်ချင်တာ လုပ်ပစ်နိုင်သ
အခွင့်အလမ်းသည် နဒီ လက်ထဲ ရောက်နေပြီဟု မေနဒီ မှတ်ယူသ
မှာ ဘယ်လောက်ပဲ အပြစ်တင်စကားတွေ ဖေဖေ့ထံမှ ကြားရ
လိုက်မည်။ လောလောဆယ်မှာတော့ ရသည့်အခွင့်အရေးအလွတ်မ



www.burmeseclassic.com

www.burmeseclassic.com



နိုင်။ အလွန် စွာကျယ် စွာကျယ်နိုင်နေသည့် ပါးစပ်ပေါက်သေးသေး လေးကို သင်ခန်းစာရအောင် သတိခတ်ပေးရလိမ့်မည်။

စိတ်ရှုပ်ထွေးဟန်ဖြင့် ဧည့်ခန်းမှာ ငိုင်၍ထိုင်နေသည့် ပြည့်စုံဦးသာ လေးလည်း နဒီ အရေးစိုက်စရာ မလို။ တကယ်တမ်းပြောကြဟေ့ ဆို လျှင်.. ဤရွှေရိပ်ဦးသည် ပြည့်စုံလေး နှင့် တိုက်ရိုက်ပတ်သက်ရာကို မရှိ။ လင်ပါသားဖြစ်သည့် ပြည့်စုံဦးသာ ကိုလည်း ရင်ထဲက မချစ်ဆေ မယ့် ချစ်ဟန်လေးပြထားသည့် ဟန်ဆောင်မှုတစ်ခုထဲမှာ သိုးခြား ဘေးဖယ်ထားတာ နဒီ တစ်ယောက်ပဲ သိနေသည်ပဲလေ။

"ဒီမယ် .. ခဏရပ်စမ်းပါ.. နင်က .. နင်က .. အမွေစကားတောင် လာပြောနေသပေါ့လေ .. ဟင် .. သတ္တိရှိတယ်လို့ နင့်ကိုယ်နင် ထင်နေ သလား၊ အဲဒါ .. အရှက်နည်းတာဟဲ့ .. အရှက်နည်းတာ .. ပစ္စည်းမတ် တာ လူသိတယ် သွန်းလေပြေမွှေး .. နင်မို့ ဒီရွှေရိပ်ဦးရဲ့ ပိုင်ရေးဆိုင်ရာ ကို ပြောထွက်ရဲတာ .. ဒါ .. ငါ့အိမ် .. ငါ့နေရာ .. နင်က မနေ့တစ်နေ့ ကမှ ရောက်လာတာ .. မကြာခင်လည်း ပြန်ရတော့မှာ .. ဒီအိမ်နဲ့ပတ် သက်လို့ လာပြီး စွက်ဖက်မယ် မကြံနဲ့ .. နင့်အမေက .. ငါ လက်ထပ် ရမယ့်ယောကျ်ားကို လုယူတယ် .. ညီမ လက်ထပ်မယ့်သူကို လုယူ တယ်ဆိုတာ တော်တော်တန်တန် အရှက်နည်းမှု မဟုတ်ဘူးဟဲ့ .. ခုလည်း .. အရှက်မရှိတဲ့ အမွေလုပွဲကို ဒီမှာ လာကျင်းပမလို့ပေါ့လေ- ဟင် .. ဟင် .."

ဆတ်ခနဲ နောက်မှ သွန်းလေပြေမွှေး ၏ လက်ကောက်ဝတ်လေး ကို ဖမ်းဆွဲကာ မြန်ဆန်လွန်းစွာလည်း ဟန့်တားလိုက်နိုင်သည်။ သွန်း လေပြေမွှေး ၏ ခြေလှမ်းလေးတွေ လှေကားထစ်ပေါ် နင်းဖြတ် မတက် နိုင်တော့အောင် တားလိုက်နိုင်သည့်နည်းတူ ..။ သွန်းလေပြေမွှေး ၏ အထက်သို့ ရောက်အောင် လှေကားထစ် အမြင့်တစ်ထစ်နေရာကိုလည်း မေနဒီ ခြေလှမ်းမြန်မြန်ဖြင့် လှေကားထစ်ကိုပင် ကျော်လွှား၍ တက်ရ





လိုက်နိုင်ချေသည်တည့် ..။ ခုကျတော့ အပေါ်စီးနေရာကို မေနဒီ ရောက်သွားရလျက်..။ ဧည့်ခန်းသို့တိုင်အောင် စိတ်ပူလက်ပူဖြင့် လိုက်လာကြပါသည့် ဒေါ်ကြီးထား ကိုလည်း အပေါ်စီးမြင်နေရသည်။ အပုလေး ကိုလည်း မြင်နေရသည်။ ဧည့်ခန်းဆိုဖာမှာ ထိုင်မနေနိုင်တော့ ဘဲ ထရပ်လိုက်ရရင်း စိုးရိမ်ဇောဖြင့် မော့ကြည့်ကာ တူမနှင့်အဒေါ်ကြား ဘယ်လိုကြားဝင်ရမှန်း မသိအောင် အနေကျပ်နေပုံရပါသည့် ပြည့်စုံ လေး ကိုလည်း မေနဒီ မြင်နေရပါ၏။

"နင်က .. ဒီအိမ်က အစေအပါးတွေရှေ့မှာ .. ငါ့ကို အာခံပြရဲ ကိုက်တယ်ဆိုပါတော့ .. ငါ့အရှိန်ဩဇာကို ကျဆင်းအောင် လုပ်ပြရဲ ကိုက်တယ် ဆိုပါတော့ .. ငါ့ကို သိက္ခာပိုင်း ကျဆင်းအောင် လုပ်ပြလိုက် တယ်ဆိုပါတော့ .."

အသံတွေ ဩရှနေအောင်ဖြစ်နေရင်း အော်မေးခိုက်မှာ သွန်း လေပြေမွှေး ပြုံး၍ မော့ကြည့်သည်။ အကြောက်ကင်းနေသောအပြုံး..၊ ဘာတက် ရင်ဆိုင်သောအပြုံး ..၊ အရေးမစိုက်သောအပြုံး ..။ ပြီးတော့.. ပြင်းဖို့ အကောင်းဆုံးက ထိုအပြုံးသည် အောင်နိုင်သူတစ်ယောက်၏ အပြုံး ဆန်နေသည်။ မေနဒီ အမုန်းဆုံးက အရှုံးပေးရခြင်းပဲ ဖြစ်ပါ၏။ ခုကျတော့ .. ရှေ့တည့်တည့်မှာ လှေကားတစ်ထစ်နိမ့် အနေအထားဖြင့် ရပ်နေပါသည့် ဖြူသေးသေးကောင်မလေး၏ အပြုံးက မေနဒီ အပေါ် အနိုင်ရသူတစ်ယောက်၏အပြုံးမျိုး ဖြစ်နေသည်။ ရင်ထဲမှာ ဗလောင် ဆူလာနေရသည်က မေနဒီ ပါ ..။

"ဟုတ်တာပေါ့ အန်တီလေးရယ် .. မေမေ့ကို ဖေဖေ လက်ထပ် သွားခဲ့တာ အမှန်ပဲပေါ့ .. ဘာလို့လဲဆိုတော့ .. အန်တီလေးကို လက်မထပ် ချင်လို့ဆိုတာ အသေအချာ အဖြေထွက်ပြီးနေတဲ့ကိစ္စပဲ .. တကယ်က ကိုယ်လက်ထပ်ရမယ့်လူတစ်ယောက်ဟာ .. ဘယ်သူ့ကိုချစ်နေသလဲ ဆိုတာကို သိအောင် အန်တီလေး ကြိုးစားဖို့ မေ့လျော့နေခဲ့လို့ပါပဲ ..

www.burmeseclassic.com

www.burmeseclassic.com



ညှိတယ်လို့ပြောရင် ပိုမှန်ပါလိမ့်မယ် .. မေမေ့ကို မစော်ကားပါနဲ့ အန်တီလေး .. တစ်မနက်ထဲမှာ အန်တီလေးဟာ သွန်း ရဲ့ဘိုးဘိုးတို့ လည်း စော်ကားတယ် .. မေမေ့ကိုလည်း စော်ကားတယ် .. အဲဒါ သွန်း က ငြိမ်ခံနေမှာ မဟုတ်ဘူးဆိုတာကိုတော့ အတိအလင်း သိထား သင့်ပါပြီ .."

"ဒီတော့ .. နင်က ဘာလုပ်ချင်လို့လဲ .. ဟင် .. ပြောစမ်းပါ ဘာတုံ့ပြန်ချင်လို့လဲ .. လူကိုက ပေါက်စနီပေါက်စနဲ့ ရှိသေးတယ် အမောက်က ထောင်ချင်နေပြီ .. ကဲဟယ် .."

လက်ထဲမှာပါလာသည့် ဖန်ခွက်ကို မြှောက်၍ ပက်ပစ်လိုက် ခိုက် သွန်းလေပြေမွှေး ၏ မျက်နှာနှင့် ရင်ဘတ်တွေမှာ ရေတွေ စိုရွှဲ သည်။ အဝတ်အစားနေရာ တော်တော်များများမှာ ရေတွေစိုကုန်သည် အဖြစ် ..၊ သွန်းလေပြေမွှေး လည်း ထိုသို့အဆက်ဆံခံလိုက်ရမည် ထင်ထားပုံမရ ..၊ ရုတ်တရက် အမ်းခနဲဖြစ်သွားကာ အံ့အားတသင့် လေးဖြင့်ပင် မော့ကြည့်လာပါ၏။ အောင်နိုင်သည့်အပြုံးကို တောက် စွာ မေနဒီ ပြုံး၍ အပေါ်စီးဆန်စွာ ငုံ့မိုး၍ မျက်တောင်မခတ် မေး စိုက်ကြည့်ပစ်လိုက်ရင်းမှ ...

"ဒီအိမ်မှာ .. မေနဒီ ဆိုတဲ့မိန်းမဟာ .. နင့်ကို .. ဘယ်နေရာ မဆို.. လုပ်ချင်တာ လုပ်ပစ်လိုက်နိုင်တယ်ဆိုတာ သဘောပေါက် ဆိုပါတော့ .. နောက်နောင်ကို .. ငါ့အပေါ်မှာ ဒီမနက်ပုံစံမျိုး .. အခု ဆက်ဆံမှုမျိုး.. ဘယ်တော့မှ ဆက်ဆံပြဖို့ နင် မကြိုးစားပါနဲ့ .. စိတ် မရှိပါနဲ့ .."

သံပြတ်ဖြင့် ပြောလိုက်စဉ်မှာ သွန်းလေပြေမွှေး ပြုံးလာသည်

"ဖေဖေ... ဘာကြောင့် မေမေ့ကို ရွေးချယ်တယ်ဆိုတာ အခု လိုက်တာပါပဲ .. ဖေဖေက နူးညံ့သိမ်မွေ့တာ မြတ်နိုးတယ် .. တန် ထားတယ်.. အဲဒီအရည်အချင်းတွေက မေမေ့ဆီမှာပဲ ရှိနေတာကို





ဆော်သေးတာပေါ့ .. ဖေဖေ လူရွေးတာ မှန်ကန်လို့ပေါ့ .. ဒါမှမဟုတ် ချင် .. မိန်းမကြမ်း .. စရိုက်ကြမ်းကြမ်းနဲ့ ရှိနေတဲ့ အန်တီလေးကိုသာ ဆက်ထပ်လိုက်မိရင် ဖေဖေ့တစ်သက် .. စိတ်ဆင်းရဲလိုက်မယ့်အဖြစ်."

သွားပြီ ..၊ အနိုင်ပိုင်းလိုက်သောစကားကို မျက်နှာချင်းဆိုင်၍ အခါး ကာပ်ရပ်နေရင်း နားနှင့်ဆတ်ဆတ် ကြားလိုက်ရချေပြီကောဟု မေနဒီ ဖြင်းစိတ်ဖြင့် သိလိုက်ရရင်းမှ စိုက်ခနဲ ကြည့်လိုက်မိသည်က သွန်း လေပြေမွှေး ကိုပါ ..။ လက်ထဲမှာကိုင်ထားလျက်ရှိနေဆဲ ဖန်ခွက်ဖြ ဆ်နောက်ကိုယ်ပါ လှမ်းအပေါက်မှာ ...

"မာမီ!..."

ဟု အထိတ်တလန့် ဟန့်တားသလို အော်လိုက်ပါသည့် ပြည့်ရှိ သာ ၏အသံ ပေါ်လာသည်။ သွန်းလေပြေမွှေး ကလည်း မခေ .. ကိုယ်လေး တိမ်း၍ အလွယ်တကူပင် ရှောင်လိုက်နိုင်တာမို့ ဖန်ခွက် သည် လေဟာထဲကို ထိ၏။ ကွဲကွဲစဉ်စဉ် ..၊ မှန်ကွဲစတွေ ဖွးဖွေးထ သွားချေတာပဲ ရင်ဆိုင်လိုက်ရသည်က မေနဒီ ပါ။

"ဟင် .. ဟင် .. နင်က .. နင်က .. ငါ့ကို မိန်းမကြမ်းတဲ့လား. မိန်းမကြမ်းတဲ့လား .. ဒီအိမ်က အစေအပါးရှေ့မှာ စော်ကားပြရဲလိုက် တာ .. ငါ့ကို စော်ကားပြရဲလိုက်တာ .."

အသံသည် ဟိန်းခနဲပင် ရှိသွားရလျက် ..၊ လက်ဖြင့် သွန်း လေပြေမွှေး ကို စိတ်ဆောင်ရင်း တွန်းလိုက်စဉ်မှာ သွန်းလေပြေမွှေး ကလည်း ကိုယ်လေးကို လျှောခနဲ ဘေးသို့တိမ်းရှောင်လိုက်သည်မို့ ..။ သည့်အရှိန်နှင့်ကိုယ် မေနဒီ လေဟာဆီမှ ပြုတ်ကျသည်မှာ လေဟာ ဆက်ရန်းပွတ်လုံးကိုလည်း ခေါင်းဆောင့်မိတာ ရှိနေသည်။ ခြေလက် တွလည်း ဖန်ကွဲစတွေနှင့် ရိုက်မိခတ်မိကုန်တာ ရှိနေသည်။ ဒလှ သို့မို့ဖြင့် တောက်လျှောက် ကျသွားစဉ်မှာ အော်သံတွေကို မေနဒီ ကြားနေရပါ၏။ သွန်းလေပြေမွှေး ၏ အော်သံလေးပင် ပါလာနေသေး



www.burmeseclassic.com

www.burmeseclassic.com



သည့်အဖြစ်။ ပြည့်စုံလေး စိတ်လက်ပူပင်စွာအော်လိုက်ရင်း ပြေးလာနေတာကိုလည်း လှေကားထစ်တွေမှာ လူးလဲကျနေရင်း လှမ်းမြင်နေရသည်။ ဒေါ်ကြီးထား နှင့် အပုလေး လည်း ပြေးလာနေပြီ ...။

လှေကားရင်း အရောက်မှာ ခွေ၍ အရုပ်ကြိုးပြတ် ပုံပုံကျကျ ရှိနေရင်း တစ်ကိုယ်လုံး နာကျင်နေတာပဲ မေနုဒီ သိနေသည်။ လက်မောင်းတွေ ...၊ ခြေတွေမှာလည်း မှန်စကြောင့် ဖြစ်မည်။ သွေးတွေထွက်နေပြီ ...။ နာကျင်နေပြီ ...။ ခေါင်းလည်း မူးနောက်နေသည်။ လက်ဖြင့် ကယောင်ကတမ်း စမ်းကြည့်တော့ ခေါင်းမှာလည်း သွေးထွက်နေ၏။ ဒါပေမယ့် ခံပြင်းမာန အရှိန်ပြင်းပြင်းကြောင့် သတိကတော့ မြဲနေသည်။ စိတ်ပူရင်း မျက်စိမျက်နှာပျက်ကာ ပြေးဆင်းလာနေသည့် သွန်းလေပြေမွှေး ကို စိုက်ကြည့်ကာ လက်ညှိုးထိုး၍ –

"ရပ် .. ရပ်လိုက်စမ်း .. လာမထိနဲ့ .."

ဟု အသံကုန်ဟစ်ပစ်လိုက်မိစဉ်မှာ အကြည့်သည် သွေးတွေသွန်နေသည့် လက်ကောက်ဝတ်ကို မြင်၏။ ဘုရားရေ .. လက်ကောက်ဝတ်နေရာမှာ မှန်စ စူးနေသည်။ အတော်လေး စူးနစ်ဝင်နေပုံ ရသည်။ သွေးက အရှိန်ပါနေသည်ဟု ထင်လာရသည်။ မျက်စိတွေ ပြာချင်လာပြီ။ အကြောသေးတစ်ခုခုများ မှန်ကွဲစက ဖြတ်တောက်လိုက်ချေပြီ လား ...။

"ဟာ .. မာမီ .. သွေးတွေ အထွက်များနေတယ် .. ဆေးရုံပို့ရမယ် ဒေါ်ကြီးထား .. လေးလေးဆွေ ကို ခေါ်ပါ .. ကားကို ပေါ်တီကိုအောက် လာရပ်ပါလို့ .. အပုလေး .. တဘက် ယူလာစမ်း .. မြန်မြန် .."

စပို့ရှပ်ကို ကမန်းကတန်းချွတ်ကာ လက်ကောက်ဝတ်နေရာ အုပ်မိုးပတ်၍ သွေးကိုထိန်းအုပ်ဖို့ ကြိုးစားရင်း ပြည့်စုံလေး ဆက်တိုက် ပြောနေစဉ်မှာ အပုလေး အပြေးအလွှားဖြင့် တဘက်ကြီး ယူလာပါ ဒဏ်ရာနေရာကို တဘက်ဖြင့် ပြောင်း၍ အုပ်ပတ်ကာ သွေးအထွ





နည်းနိုင်သမျှ နည်းအောင် ထိန်းနေသည်က ပြည့်စုံလေးပါ ...။

"သွေးသွင်းရမယ် ထင်တယ်.."

ဟု လွှတ်ခနဲ ပြည့်စုံလေး စိတ်လက်ပူစွာ ပြောနေစဉ်မှာ ...

"မာမီ့သွေးက အေဘီသွေး .."

ဟု မျက်စိတွေ ပြာလာနေပေမယ့် သတိကိုထိန်းထားနိုင်ဆဲဖြင့် မေနုဒီ ပြောလာသည်။

"သွန်း လည်း .. အေဘီသွေးပဲ .. သွန်း လှူမယ် .. ဆေးရုံကို လိုက်ခဲ့မယ် ကိုကြီး .. သွေးသွင်းရမယ်ဆိုရင် .. သွန်း ချက်ချင်းလှူလို့ ရအောင် တစ်ခါတည်း လိုက်ခဲ့မယ် .."

မျက်စိမျက်နှာပျက်နေရင်း သွန်းလေပြေမွှေး ခြေလှမ်းသုတ်သုတ်ဖြင့် ဆင်းလာနေသမျှကို မေနုဒီ စိုက်ကြည့်ကာ ...

"နင့်သွေး ငါ မသွင်းဘူး .. သူ့ကို ထားခဲ့ .. သူပါရင် .. ငါ .. ဆေးရုံ မသွားဘူး .. ပြည့်စုံလေး .. သူ့ကို ထားခဲ့ .."

ဟု လေသံတင်းနေရင်း စိတ်ဆောင်လျက်ပြောတော့ ရုတ်ခနဲ သွန်းလေပြေမွှေး ရပ်သွားသည်။ အမုန်းတွေဖြင့် စူးရှစွာမော့ကြည့်နေသည့် မေနုဒီ ၏ မျက်ဝန်းတွေကို အတန်ကြာမျှ ငေးကြည့်နေရာမှ ရုတ်ချည်းပင် ဟန်ပြောင်းသွားလျက် ...။ လှေကားထစ်လေးမှာ အေးအေးသာသာ ထိုင်ချလိုက်ရင်းမှ ...

"ဒါဆိုလည်း သက်သာတာပေါ့ .. နေခဲ့မယ်.. နေခဲ့မယ် ...၊ ကဲ ဆေးရုံကိုသွားမယ်ဆို .. သွားတော့လေ .."

ဟု ပြောလာတော့ ပြည့်စုံလေး ဆတ်ခနဲကြည့်လိုက်သည်က သွန်းလေပြေမွှေး ကို ဖြစ်နေလျက် ...၊ စိတ်ပျက် အထင်သေးသောအကြည့်တွေ ဖြစ်နေတာကို မေနုဒီ ကျေနပ်စွာ မြင်လိုက်ရပါသတည်း။ ဒဏ်ရာတွေက နာကျင်နေပေမယ့် ရင်ထဲမှာ ကျေနပ်လာသည်။ တစ်ချက်တည်းဖြင့် အဖြေပေါ်သွားပြီကောလေ ...။ တကယ်လည်း သွန်းလေပြေ



www.burmeseclassic.com

www.burmeseclassic.com



မွှေး သည် သွေးလျှုဖို့ လုံးဝ အာရုံဖျောက်ပစ်လိုက်နိုင်သည့် ကောင်မလေးတစ်ယောက်အဖြစ် ဘွားခနဲအတွင်း စိတ်ကို လှစ်ပြလိုက်ချေသည် မဟုတ်ပါလား။ ကိုယ်ကလည်း ဤကောင်မလေး၏သွေးကို အသွင်းမခံနိုင်ပါ။ သွေးသွင်းခံလိုက်ရတာထက် သေပဲ သေပေးလိုက်ချင်သည်တည့် ..။ ဤသည်ကလည်း မေနဒီ ၏ ခေါင်းမာသောအဆုံးအဖြတ်ပါ။ ဒါပေမယ့် .. ကောင်မလေး၏ အတွင်းမနောစိတ်သား မကောင်းတာလေးကိုတော့ အားလုံး မြင်သွားကြရတာကိုဖြင့် မေနဒီ ကျေနပ်သွားရသည်ပါပဲ ..။

ပေါ်တီကိုအောက်ဆီသို့ ကားဆိုက်သံကြားရချိန်မှာ ခေါင်းကို အနိုင်နိုင် ထောင်မတ်၍ ...

"သူ့သွေး မသွင်းနဲ့ .. အသေခံမယ် .."

ဟု အံခဲ၍ အသံရှင်းအောင် ပြောပစ်ပြီးမှ ခေါင်းသည် ပြန်၍ ပြည့်စုံလေး ၏လက်ပေါ် ကျ၏။ မျက်စိပြာစပြုလာချေပြီကောလေ..

"အန်ကယ်ထက် ရဲ့ဆေးရုံကို မောင်းပို့ပါ .. လေးလေးဆွေ .. ဘာရပ် ငေးကြည့်နေတာလဲ .. မာမီ့ကို ဆေးရုံပို့ရမယ် .. အပုလေး .. မာမီ့ခြေထောက်ဘက်က ထိန်းထား .. သွန်းလေပြေမွှေး .. လိုက်ခဲ့ .. မာမီ ငြင်းချင်ခြင်းပေ့စေ .. လိုက်ရလိမ့်မယ် .. အောဘီသွေးက ရှား တတ်တယ် .."

ဟု ပြောကာ မေနဒီ ကို ပွေ့ငင်ခေါ်စဉ်မှာ ...

"မလိုက်နဲ့ .. အသေခံမယ် .. မသွင်း .. ဘူး .. မ .. သွင်း .. ဘူး.."

ဟု မေနဒီကလည်း ခေါင်းမာ၍အော်နေသည်။ ခွန်နောင် နှင့် မေသရဖီ ၏သွေးကို .. အသွင်းမခံနိုင်..။ ဒါ .. မေနဒီ ၏ အဆုံးအဖြတ်.. အသေခံမည်။ ပြီးတော့ .. အလွန်စိတ်နာသူနှစ်ယောက်၏ မွေးဖွားလာသော ကောင်မလေးကလည်း ချိုကလေးတထောင်ထောင်ဖြင့် အရွေ





သန်သည့် အရိုင်းအစိုင်းလေး ဖြစ်နေသည်။ ပို၍ပင် ထိုသွေးကို အသွင်းမခံနိုင် ..။

"အို .. စိတ်ချ .. သက်သာသေးတယ် .. မလိုက်ဘူး .. မလှူဘူး.. ဒီတနာနဲ့ ကိုယ့်ကိုယ်ထဲကသွေးကို လှူပါ့မယ်ဆိုတာ .. လက်မခံ သည်း .. အေးသပေါ့ရှင်ရယ် .. သွေးများ အလကားရတာကျလို့ .. ကိုယ်ထဲက ထုတ်ပေးရမယ့်ဥစ္စာ .. ခေါ်သွား .. ခေါ်သွား .. အရောက် ရောက်ကျလို့.. တစ်ခုခုဖြစ်ရင် .. ဒီက သွန်း ပဲ အပြစ်တင်ခံရမှာ .. ကိုယ့်ဒေါသနဲ့ကိုယ်.. ပြုတ်ကျတဲ့ဥစ္စာ .. သွန်း က အနေသာကြီး .. ကိုယ့်ဖန်ကွဲနဲ့ ကိုယ်ထိုတာပဲ .. ဘာတတ်နိုင်မှာလဲ .."

"တိတ်စမ်း သွန်း .. မလိုက်ချင်လည်း နေ .. ဒီလောက်ထိ လူနာကို စိတ်ထဲမခံချင်အောင် .. ပိုခံပြင်းအောင်တော့ မပြောနဲ့ .. နေခဲ့မယ် မဟုတ်လား .. နေခဲ့ .. နေခဲ့ .. လာ .. သွားကြမယ် .."

ဟု ပြည့်စုံဦးသာ ငေါက်ပစ်ခဲ့ကာ အထင်သေးစိတ်ဖြင့်လည်း စိတ်ခနဲ သွန်းလေပြေမွှေး ကို ကြည့်၍ ကားပေါ် မြန်မြန်တက်သည်။ လေးလေးဆွေ မောင်းတော့ အပုလေး လည်း ပါသွားပါ၏။ ကား နောက်ခန်းမှာ အပုလေး နှင့် ပြည့်စုံဦးသာ တို့ ပါသွားကာ အန်တီလေး ကို ပွေ့ပိုက်ကြ ..။ သွေးတွေ သုတ်ပေးကြ ..။ ခေါင်းမှသွေးကိုလည်း သုတ်ပေးကြနှင့် ရှိနေသမျှ ပေါ်တီကိုထိပင် လိုက်မသွားဘဲ ဧည့်ခန်း အလယ်ထိလိုက်လာကာ ရပ်ကြည့်ကျန်ခဲ့သည်က သွန်းလေပြေမွှေး ပင်.. ကားထွက်သွားပြီးတော့မှ ငြိမ်၍ ရပ်ကြည့်နေဆဲ ဒေါ်ကြီးထားကို အရေတကြီး သွန်းလေပြေမွှေး ကြည့်သည်။ ဒေါ်ကြီးထား ၏ အကြည့် ကလည်း စိတ်ပျက်လက်ပျက် အထင်သေးသည့်အကြည့် ဖြစ်နေသည်။ ဖြစ်သည်လေ .. အန်တီလေး ဤမျှ သေကောင်ပေါင်းလဲချိန်မှာ မာနကြီးပြ ..။ အရွဲ့တိုက်ပြလျက် သွေးလှူဖို့ ပါမသွားဘဲ ကျန်ရစ်ခဲ့သည့် သွန်းလေပြေမွှေး အဖြစ် မြင်နေသည်ကိုးလေ ..။



www.burmeseclassic.com

www.burmeseclassic.com



"ဘိုး လိုက်သွားတာက .. ဘဘထက် ရဲ့ကားနဲ့ဆိုတော့ - လေးလေးစံ ကျန်နေခဲ့မှာပေါ့ .. ကားလည်း ရှိသေးတာပဲဥစ္စာ .. ဒေါ်ကြီး ထား .. အမြန်ဆုံး လေးလေးစံ ကို ခေါ်ပေးပါ .. သွန်း .. ဆေးရုံကို လိုက်သွားမှဖြစ်မယ်.. သွန်း သွေးလှူရလိမ့်မယ် .. အန်တီလေး စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ .. တမင် အဲသလိုပြောနေရစ်ခဲ့တာ အောဘီသွေးက တခြားသွေးတွေထက် နည်းနည်းပိုရှားတယ်ဆိုတာ သွန်း သိတယ် .. အဲဒီ ဘဘထက် ရဲ့ဆေးရုံကို လေးလေးစံ သိတာမို့ မောင်းပို့နိုင်းမလို့ ဒေါ်ကြီးထား ရဲ့ .. မြန်မြန်လုပ်ပါ .. ဘိုးသီ သိရင် စိတ်ပူမှာလည်း စိုးရတယ် .. ဘဘထက် ရဲ့ဖုန်းနံပါတ် သိလား ဒေါ်ကြီး ထား .. ဆက်ပေးစမ်းပါ .. ဆေးရုံမှာ သွန်း သွေးလှူမယ်ဆိုတာ ဘဘ ထက် သိအောင် သွန်း ပြောထားချင်လို့ပါ .. အရေးကြီးတယ် .. အရေး ကြီးတယ် .. အန်တီလေး သွေးထွက်များနေတာ သွန်း မြင်တယ် -

ဟု ဆက်တိုက်ပြောလိုက်မိပါသတည်း ..။





## အခန်း (၁၅)

"တော်ပြီ မြေး .. ဘိုးကို နှိပ်ပေးနေတာလည်း အချိန်ကြာလှပြီ.. ထဲ .. ကဲ .. ညနေစာလည်း နီးလာပြီ .. မယ်ထား ကို သွားပြီး လုပ်ကိုင် ကူညီလှည့် .. ညနေစာထမင်း အဆင်သင့်ဖြစ်တော့မှ ဘိုးကို လာခေါ်..'

ဘိုးဘိုးသီ မျက်နှာမကောင်း ..၊ ဘိုးသီ ခမျာ နေ့လယ်စာလည်း ခွတ်ရသည်။ ဘဘထက် ၏ရုံးခန်းမှာပင် ဘဘထက် ကျွေးမွေးသည့် အီတာတင်းနှင့်ပေါင်မုန့်ကိုပဲ စားဖြစ်ခဲ့ရသည်တဲ့ ..။ ညနေ သုံးနာရီ လောက်မှ ဘိုးသီ ပြန်ရောက်လာပါ၏။ တစ်အိမ်လုံးလည်း မနက်က အဖြစ်ကြောင့် ဘယ်သူမှ မျက်နှာမကောင်းနိုင်ကြ ..။

အန်တီလေးကို ခွဲစိတ်ခန်းဝင်စေခဲ့ရသည်။ လက်ကောက်ဝတ် နေရာမှာ ပြတ်တောက်သွားသည့်အကြောကို ပြန်ဆက်ရသည်တဲ့ ..။ သွေးလည်း သွင်းရသည် ..။ ဒါ .. ဘိုးသီ မျက်နှာမလန်းဘဲ ပြောပြခဲ့ခြင်း ပါ။ ဘိုးသီ သောင်းညာနေမှာ သိနေသည်မို့ သွန်း နှိပ်ပေးတော့လည်း ထပဲ ငြိမ်၍ခံသည်။ နောက်တော့ ဒေါ်ကြီးထား ထံ သွားဖို့ ပြောလာ သည်ပါပဲ။ သွန်း ရင်ထဲမကောင်းပါ။ ဘာပဲဖြစ်ဖြစ် ..။ ဤမနက်မှာ ဖြစ်ပျက်ခဲ့သည့် အန်တီလေး၏ ဆေးရုံတက်ရသည့် အဖြစ်အပျက် အားလုံး၏တရားခံသည် သွန်း ကိုယ်တိုင်ပဲ ဖြစ်နေသည်ဟု ခံစားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သိနေရသည်။ အံနေရလည်း ကျပ်သည်။ အနေခက်၊ အပြောခက်ဖြင့် နှုတ်ဆိတ်နေရသည်က သွန်း ပါ ..။ ဘယ်သူ့ကိုမှလည်း စကားမပြောရဲသလို ခံစားရပါ၏။ ကိုကြီးလည်း ပြန်လာပြီ ..။ ရောက်လာတာနှင့် ပြေး၍ အန်တီလေး သတင်းကို မေးတော့ ပြန်ဖြေပုံက ဟတ်ဟတ်ပက်ပက် မရှိလှ ..။

"အခုတော့ စိတ်ချရပြီပေါ့ .. အစတုန်းကတော့ သွေးလွန်ရင် ခက်ကုန်ရမှာပဲ သွန်းလေပြေမွှေး .. ဘာပဲဖြစ်ဖြစ် .. မာမီ့ကို ဒီလောက်ထိ စိတ်တိုအောင် မင်း မဆွပေးသင့်ဘူး .. ခုကိစ္စက .. မင်း .. မာမီ့ကို စိတ်ဆွလို့ ဖြစ်ရတာ .. မာမီ့စိတ်ကို မင်း မသိတာလည်း မဟုတ်ဘူး အလွန် စိတ်မြန်လက်မြန်ရှိပြီး စိတ်ဓာတ်ပြင်းထန်တယ်ဆိုတာ သိနေတာပဲ .. မင်းက အငယ်ပဲ .. သည်းခံရမှာပေါ့ .."

ဟု ပြောခဲ့ပါသည့် ကိုကြီး၏စကားသံ ..၊ အထင်သေးသည့်နှယ်ပင် ကြည့်သွားပါသည့်အကြည့်တွေကို သွန်း မမေ့နိုင် ..။ ရင်ထဲက ထုတ်၍ မရ..၊ တကယ်တော့ .. ကိုကြီးနှုတ်မှ ထွက်သောစကားသည် ဤအိမ်မှ အားလုံးသောလူတို့၏နှုတ်မှထွက်ချင်ကြသော စကားလုံးတွေပဲဖြစ်နေကြမည်သာ ..။ မပြောဖြစ်တာနှင့် ပြောဖြစ်တာပဲ ခြားတာ ရှိမည်။ ပြောချင်ကြတာကတော့ အတူတူပဲ ဖြစ်ချေမည်တည်း ..

ခြေလှမ်းလေးလေးဖြင့် သွန်း အခန်းထဲမှ ထွက်လာကာ ဒေါ်ကြီးထား အနီးမှာ ဖင်ထိုင်ခုံပုလေး ယူ၍ ထိုင်ရင်း ငိုင်နေမိရသည်ပါပဲ .. လောလောဆယ်မှာ အပုလေး ဆေးရုံမှာ ကျန်ရစ်သည်။ စပယ်မှုန်နှ(စ်)နှစ်ယောက်လည်း ဘိုးသီ ငှားခဲ့သည်။ ညဘက်ကျမှ တစ်ခေါက်ထပ်၍ ဆေးရုံသို့ ဘိုးသီ သွားမည်ဟု ဆိုသည်။ ဤသည်က ဘိုးသီကို သွန်း နိပ်ပေးနေစဉ်မှာ ဘိုးသီ ပြောပြခဲ့ခြင်းပါ ..။

"ဘာပဲဖြစ်ဖြစ် .. သွေးကိစ္စတော့ သွန်း ရဲ့ဘိုးဘိုးကို ပြောပြရမှာပေါ့ သွန်း ရယ် .. ခုဥစ္စာက .. သွန်း ကိုပဲ .. အပြစ်မြင်နေ





ဖြစ်နေကြတယ်လို့ ဒေါ်ကြီး မြင်နေရတယ် .. ရင်ထဲမကောင်းဘူး ကလေးရယ် .."

ကွက်ကြည့်ကွက်ကြည့်နှင့် လုပ်နေပါသည့် ဒေါ်ကြီးထား ခမျာ နောက်ဆုံးတော့ အောင့်မထားနိုင်တော့သည့်နှယ် လေသံကိုနှိမ့်၍ ခပ်တိုးတိုး ပြောလာတော့ သွန်း ခေါင်းလေးခါသည်။

"သူများကြားပါ့မယ် ဒေါ်ကြီးရယ် .."

ဟု ပြောရ တားရနှင့် ဖြစ်ကုန်ရကာ နောက်ဘက်ရှိ တံခါးဘက်ကိုလည်း ကမန်းကတန်း လောကောသောကောဖြင့် ကြည့်မိသည်က သွန်း ပါ။

"အဲဒီကိစ္စ ဘယ်သူမှမသိလေ ကောင်းလေပါ ဒေါ်ကြီးရယ် .. ကလေးစ ကိုလည်း အဲဒါပဲ တောင်းပန်ထားရတာ .. ဒီကိစ္စ သိတာဆိုလို့ ဒေါ်ကြီးထား ရယ် .. ကားမောင်းပို့ရတဲ့ လေးလေးစ ရယ် .. ဆေးရုံက ဘဘထက် ရယ် .. ဒါပဲ သိကြရတာ ..၊ အန်တီလေး သိလို့မဖြစ်ဘူး ဒေါ်ကြီးထား .. သိရင် .. သွန်း ရဲ့သွေးကိုမှ အသွင်းခံရလေချင်းဆိုပြီး ဒေါသမှာ ဖြစ်နေမှာ .. သွန်း က အနိုင်ယူသွားပြီလို့လည်း ခံစားနေမှာ .. အဲဒီခံစားချက်က .. အန်တီလေးတစ်သက် ဖြစ်ကျန်နေမှာမို့ပါ ဒေါ်ကြီးထား .."

ဟု သွန်း ခပ်တိုးတိုးပြောရင်း မျက်ရည်ဝဲလာသည်။ ရင်ထဲမှာ မကောင်းနိုင် ..၊ သွန်း ဘဝမှာ .. ဤမျှလောက် ယူကျုံးမရဖြစ်ရတာ မရှိ ..။ ဘာကြောင့်ပဲဖြစ်ဖြစ် .. အန်တီလေး ဆေးရုံရောက်ရခြင်းမှာ သွန်း ၏ပယောဂကြောင့်ပဲ ဖြစ်ချေသည်တည်း။

"အင်း .. ခက်တာပါပဲ သွန်း ရယ် .. ဆေးရုံရောက်တော့လည်း .. မမကြီး ဦးထက်ခေါင် ကြိုတင်ပြီး ကားပါကင်နေရာမှာ စောင့်နိုင်တဲ့ ဆေးရုံဝန်ထမ်းကောင်လေးနဲ့ သွန်း လိုက်သွားပြီး ဒေါ်ကြီးထား မောင်စံ ကို ချန်ထားခဲ့တယ် .. သွေးလှူပြီးတာနဲ့ တန်းပြီး သွန်း



www.burmeseclassic.com

www.burmeseclassic.com



ရွှေရိပ်ဦး ကို မောင်စံ နဲ့ မောင်းပို့နိုင်းတယ် .. နဒီလေး လက်မခံမှာသိ
လို့ .. သွေးမလှူဘူးလို့ မခံချင်အောင် တမင်ပြောခဲ့တာကိုက သွန်း
ရဲ့သွေးကို .. လှူချင်လို့ဆိုတာ .. ဒေါ်ကြီးထား နဲ့ မောင်စံ တို့ သဘော
ပေါက်နေကြရတာမို့ .. သွန်း စိတ်ရင်းကောင်းလေးကို သိလည်း သိရ
သနားလည်း သနားရပါကွယ် ..”

ဟု ဒေါ်ကြီးထား ခပ်ညည်းညည်း ပြောရှာပါ၏။ သွန်း ငိုင်
သည်။ သွန်း ကို ခေါ်သွားပါသည့် ဝန်ထမ်းလေးတွေက သွေးလှူ
သွန်း ကို အရောက်လည်း ပို့ပေးသည်။ သွေးလှူနေစဉ်မှာ ဘဘထ
ရောက်လာသည်။ သွန်း ဖုန်းဖြင့် ကြိုတင်ပြောခဲ့ကတည်းက ဘ
ထက် ကို တောင်းပန်ထားသည့်အတိုင်း ဘယ်သူ့ကိုမှ သွန်း သွေး
သည့်ကိစ္စ ဘဘထက် မပြောပါဟု သွန်း ၏ခုတင်ဘေးမှာ ခဏထိုင်
ဘဘထက် ပြောရှာပါ၏။

အန်တီလေးကို ခွဲစိတ်ခန်းဝင်ရမှာမို့ ထိုမျှလောက်ပဲ ဘဘထ
တစ်အောင့်လေး လာခဲ့ကာ .. သွန်း ၏ဆံစလေးကို သပ်ပေးပြီး
ထွက်သွားခဲ့သည်ပါပဲ ..။ သွန်း သွေးလှူသည့်ကိစ္စ ဘိုးသီ ပင်
မရ ..၊ ဘဘထက် မပြောပြဘဲထားခဲ့သည့်အတွက် .. သွန်း ကျေး
ပါသည်။

“စောစောကပဲ မောင်စံ ရောက်လာပြီး ညည်းနေတယ်
ရယ်.. အားလုံးက သွန်း ကိုပဲ အပြစ်တင်ကြည့် ကြည့်နေတာ
မြင်နေရတာ ရင်ထဲမကောင်းဘူး တဲ့ ..”

ဟု ဒေါ်ကြီးထား ဆက်ပြောနေတော့ သွန်း သက်ပြင်းလေး
ကာ..

“သွန်း လည်း ပြန်တော့မှာပါ .. အဲသလိုပဲ ဆုံးဖြတ်မိ
ဒေါ်ကြီး .. ဒီမှာဆက်နေဖို့လည်း မကောင်းတော့ဘူးလေ .. အန်တီ
ကို ဆေးရုံသွားကြည့်မယ်ဆိုရင်လည်း အန်တီလေးအတွက်က အ





အလှက်ကြီး ဖြစ်နေမှာ .. ဆေးရုံက အန်တီလေး ဆင်းလာတဲ့အခါမှာ
ည်း သွန်း ကို မြင်ရင် ဒေါသဖြစ်နေရဦးမှာ ..၊ ဝေဒနာခံစားပြီး
ပြန်လာရတဲ့ အန်တီလေးကို ဒုက္ခပေးရာရောက်နေပါ့မယ် .. သွန်း
အတွက်က .. ပြန်သွားတာပဲ အကောင်းဆုံး ဖြစ်နေတာပါ .. ဒါပေမယ့်
သီ ခွင့်ပြုမှ ပြန်ရမှာပါ ..”

ဟု ခပ်ညည်းညည်းပြောကာ တစ်ချက်ငိုင်နေသည်။ နောက်တော့
ည်း သက်ပြင်းလေး ထပ်ရှိုက်မိပြန်ကာ ...

“အင်း .. ဘိုးသီ လည်း .. သွန်း ကို ပြန်ခွင့်ပြုမှာပါ ဒေါ်ကြီးထား
.. ပြန်နိုင်းချင်လည်း နိုင်းလာမှာပေါ့လေ ..”

ဟု မျက်နှာလေးညှိုးနေရင်း ခပ်တိုးတိုးပြောသည်။ နောက်တော့
ည်း ခြံထဲဆင်းသွားမိရသည်ပါပဲ။ အမြဲပျော်နေတတ်ပါသည့် သွန်း
မိုက်လေးတွေ အလိုလို ပျောက်ဆုံးကုန်ရတာကိုလည်း သွန်း သိနေ
ည်း ဘယ်လိုမှ နေ၍ မပျော်နိုင် ..၊ နေရထိုင်ရတာလည်း အပြစ်ရှိသူ
ယောက်နှယ် အနေခက်၊ အသွားခက်ဖြင့် ရှိနေရပါ၏။

ခြံထဲရောက်တော့ ပန်းခြံခုံတန်းလေးမှာ တစ်ယောက်တည်း သွား
နေမိရပါ၏။ ထိုစဉ်ခိုက် ဖုန်းလေးမြည်လာတာမို့ ဘလောက်အင်္ကျီ
တပ်လေးမှထုတ်၍ နံပါတ်ကိုကြည့်လိုက်တော့ မြပုဝါမှ ဘိုးဘိုး
ဖြစ်နေသည်။ ရင်ထဲမှာ အားငယ်ပါးငယ်လေး ရှိနေချိန်မို့လား
ဝမ်းနည်းရှိန်လေး မြင့်လာရကာ မျက်ရည်လေး လည်တက်လာ
ည်ပါပဲ။ အားကိုးရာတစ်ခု ရလိုက်သည့်နှယ် ခံစားရရင်း ...

“ဘိုး.. သွန်း.. ဘိုးကို ပြောပြစရာ .. ရှိ .. တယ် .. သိ .. လား..”
ဟု ပြောစဉ်ခိုက်မှာပင် ...

“မပြောနဲ့ .. အားလုံး သိပြီးပြီ .. မေနဒီ ဆေးရုံရောက်နေတာ
.. ညည်းနဲ့ ဒီမနက် ဖြစ်ပျက်ခဲ့တာတွေရော .. အားလုံး .. ဘိုးသီ
နဲ့ ဆေးရုံက ပြောပြလို့ သိပြီးပြီ .. ညည်းကို .. ဟို ..တာ ..



www.burmeseclassic.com

www.burmeseclassic.com



ဘိုးသီ ကို ပြုစုဖို့ သိရဲ့လား .. ရန်သွားဖြစ်ဖို့ မဟုတ်ဘူး .. ဘိုးဘိုးရဲ့မြေး
က .. ဒီလောက်ရိုင်းတာကို ဘိုး စိတ်ဆိုးတယ် .. ညည်း .. ပြန်လာမယ်
များ စိတ်မကူးနဲ့ .. အန်တီလေး ကျေနပ်အောင် တောင်းပန်ပြီးမှ ..
ဟိုက ခွင့်လွှတ်မှ ပြန်လာခဲ့ .. လုပ်ချင်တာကို မဆင်မခြင်လုပ်တုန်း
လုပ်ခဲ့ပြီး .. ကိုယ့်အပြစ်နဲ့ကိုယ် ..၊ ဟိုမှာ မနေတတ်လို့ ပြန်ပြေးလာ
မျိုး .. ဘိုး လက်မခံဘူး .. ဒါပဲ .. နောက်ထပ်လည်း ဘိုးဆီက ဖုန်း
ဆက်မလာမချင်း .. ဘိုးဆီကိုလည်း ဖုန်း ဆက်မလာနဲ့ .. ညည်းအ
ငါ မကြားချင်ဘူး ဖြစ်နေတယ် မိသွန်းလေပြေ .. ဒါပဲ .."

ဘိုးဘက်မှ သံပြတ်ဖြင့် ဆက်တိုက်လည်း ပြော ..၊ ဖုန်းလည်း
ပိတ်ပစ်လိုက်ပြီမို့ သွန်း မျက်ရည်ကျရင်း ဖုန်းလေးကို ပြန်ပိတ်လိုက်
ကာ အိတ်ကပ်လေးထဲ မျက်နှာငယ်လေးဖြင့် ထည့်မိရသည်။ မျက်ရည်
က တားမရအောင် ကျနေပါသည့်အဖြစ် ..။

"ခုမှခက်ပြီ .. အိမ်ကိုလည်း ပြန်လို့ မရပြန်ဘူး .. ဒုက္ခပါပဲ ..
ဒီမှာကလည်း မနေချင် .. ခုမှ .. အခက် .."

ဟု ညည်းမိရပါသည့်အဖြစ် ..။

ခုံတန်းပြာလေးပေါ် ခြေထောက်လေးတင်၍ ဒူးလေးထောင်
ထိုင်လိုက်ရင်း ဒူးလေးကိုပါ လက်လေးဖြင့်သိမ်းပိုက်၍ ငုတ်တုတ်လေး
ငြိမ်နေမိရပြန်သည်။ ထိုစဉ်ခိုက် ကိုကြီး မန်းခြံဘက်လျှောက်လာ
မြင်ရတာမို့ ရင်ထဲ တစ်ချက်တော့ အားတက်သွားမိရပါ၏။ ဘာပဲ
ဖြစ် .. မနက်ကကိစ္စ .. သွန်း ဆိုးသည်ဆိုစေဦး ..၊ နည်းနည်းပါး
သနားဖော်လေး ရလာ၍များ သွန်း ထံသို့ လျှောက်လာခြင်းများလေ
ဟု မျှော်လင့်ချင်သည်။

ကိုကြီး သွန်း ၏ရှေ့မှာ ရပ်လိုက်ကာ ...

"ခေါကြီးထား က ထမင်းပွဲပြင်ပြီးတာ ကိုယ်တိုင်လာပြော
လုပ်နေတုန်း .. ငါက ကြားထဲကဝင်ပြီး .. မင်းကို ငါခေါ်ပေးလို





ယ်လို့ ပြောပြီးလာခဲ့တာ .. ညည်းကို .. ပြောစရာရှိလို့ .. ဒီမှာ သွန်း
လေပြေမွှေး .. မင်းနဲ့အတူ ခရီးထွက်ခဲ့ဖူးတယ် .. ဒီမှာလည်း တစ်အိမ်
တည်း အတူနေခဲ့ဖူးခဲ့ပြီ .. မင်းကို အလွန်အပြစ်ကင်းတယ်လို့ ငါ ထင်
ခဲ့တာ .. ခုမှ မင်းရဲ့စိတ်ရင်းမှန်ကို သိရတာပဲ သွန်းလေပြေ .. ဘိုးဘိုး
တာကို မာမီ ဆုတ်ဖြဲပစ်တဲ့ကိစ္စ .. မင်း ပြောတာကို ငါ လွန်တယ်လို့
မမြင်ဘူး .. ဘိုးအေကိုချစ်တဲ့ ဘယ်မြေးမဆို ခုလိုရင်ဆိုင်ပစ်မှာပဲ..
ဒီအတွက်တော့ မင်းကို .. ကိုယ် ချီးကျူးပါတယ် .. ဒါပေမယ့် ..
ကားအချေအတင်ဖြစ်ကြရာမှာ .. မာမီ .. သွေးလိုနေတယ်ဆိုတာ
စရာကိုကြည့်ပြီး ငါထင်လို့ .. မင်းကို လိုက်ခဲ့ပါလို့ ခေါ်ပါရက်ကယ်
.. မင်း နေခဲ့တဲ့ကိစ္စကိုတော့ .. ငါ အရမ်းစိတ်ဆိုးတယ် .. အထင်
သေးတယ် ..၊ ရန်သူဖြစ်နေပါစေ .. မင်း အဲသလို မငြင်းသင့်ဘူး ..
မာမီ တားနေတယ်ပဲထား .. မင်း .. ဖွတ်လိုက်ခဲ့ရမှာ .. ဟိုမှာ ဘာဖြစ်
သလဲ သိလား .. တကယ့်ကို သွေးမရှိဘူး.. အဲသလိုဖြစ်နေတာ ..
ကောင်းလို့ပေါ့ .. သွေးလှူဘဲ့လူတစ်ယောက် ရောက်လာသတဲ့ ..
သွေး သွင်းခဲ့ရလေ့ .. ဒါမှမဟုတ်ရင် .. အခက်ပဲ.. မင်းဟာ .. ရုပ်
ချောင်းလေးလှရက်နဲ့ .. စိတ်ထားလေးလည်း ကောင်းပုံရရက်နဲ့ ..
လောက်ထိ ရက်စက်ပြတ်သားရဲတာကိုတော့ .. ငါ .. အထင်သေး
တယ် သွန်းလေပြေ .. ဒါပါပဲ .."

ဟုပြောကာ ချာခနဲ လှည့်ထွက်သွားတော့ သွန်း မျက်နှာငယ်လေး
ဖြင့် ကျန်ခဲ့ရပြန်သည်ပါပဲ။ ငြိမ်သက်၍ ကျန်ခဲ့ရင်း သွန်း မျက်ရည်ကျ
ရသည်။ မတတ်နိုင် ..၊ သွန်း သွေးလှူသည့်ကိစ္စ ..။ ဘယ်သူမှ သိ၍
မဖြစ်သည်မို့ ငြိမ်ခံရုံပဲ ရှိသည်ပေါ့။ သွန်း ကို အပြစ်ပြောတာပဲ
နားထောင်၍ ငြိမ်၍ ရင်စည်းခံလိုက်ရသည်က .. အန်တီလေး၏ရင်ထဲမှာ
ဖြစ်ရမည့် ရင်ထုမနာဝေဒနာထက်တော့ သက်သာပေဦးမည်ဟု တွေးမိ
ရသည်တည့် ..။ အန်တီလေး စိတ်ထဲမှာ ထပ်၍ မခံစားစေချင်တော့ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေရာမှ ခြေလှမ်းလေးလေးဖြင့် အိမ်ထဲဝင်သည်။ ထမင်းစား ခန်းထဲရောက်တော့ ဘိုးသီ ပင် ရောက်နေပြီ ..။ သွန်း ဝင်လာတာကို လှမ်းကြည့်သည်။ ဒါပေမယ့် ,, လာခဲ့ မြေး .. ဟု ပင်ခေါ်ဖော် မရှိတော့ ပြီ ..။

"စားသောက်ပြီးရင် .. ဆေးရုံကိုသွားရမယ် .. လူနာအတွက်ရော အပုလေး အတွက်ရော .. နာ့(စ်)အတွက်ရော .. စားသောက်ဖို့ ချိုင့်နဲ့ အသင့်လုပ်ထားပါ မယ်ထား.."

ဟု ဒေါ်ကြီးထား ကို ဘိုးသီ ပြောကာ ထမင်းစားသည်။

မျက်နှာငယ်လေးဖြင့် သွန်း ထိုင်နေကျနေရာလေးမှာ ခပ်ငြိမ်ငြိမ် လေး ဝင်ထိုင်ရသည်ပါပဲ။ ဘိုးသီ ကို ကွက်ကြည့်ကွက်ကြည့်လေး လုပ်မိတော့လည်း တစ်ချက်မကြည့်ဘဲ ထမင်းကိုသာ ငုံ့၍စားနေတာကို ကြုံရတော့ ဝမ်းနည်းရပြန်သည်။ ခါတိုင်းလိုများဆို .. မယ်သွန်း တို့ ကဖြင့် ကလေးလို အော်ငိုပစ်လိုက်မိမှာ သေချာသည်။ ခုကျတော့လည်း ခါတိုင်းလိုမှ မဟုတ်တော့ပြီးကိုးလေ ..။ မြပုဝါမှာလို ကလေးလုပ်၍ လည်း မရတော့ပြီ။ ကလေးလို စိတ်လက်ပေါ့ပေါ့ပါးပါးလေးဖြင့် ဖြတ် သန်းနေရသည့်ဘဝလေးလည်း ကျန်ခဲ့ရပြီ ..။ ရွှေအိုးစည်နှင့် လေလေး ပစ်လိုက် ..၊ ဒေါ်ကြီးသင် တို့ကို နောက်လိုက်ချောက်လိုက်ဖြင့် ခုန် ပေါက်ပျော်ခဲ့ရာဘဝလေးသည် လတ်တလောမှာတော့ စုန်းစုန်းမြုပ် ပျောက်ဆုံးနေရချေသည်တည့် ..။

"အေးလေ .. ဘိုးသီလည်း .. အန်တီလေးအတွက် စိတ်ပူမှာပေါ့ ခံပြင်းမှာပေါ့ .. အန်တီလေးက ဘိုးသီရဲ့သမီးပဲဥစ္စာ .. ခုလို .. ဆေးရုံတွေ ဘာတွေ ရောက်ကုန်ရတဲ့အထိဖြစ်ကုန်တော့လည်း သမီးဇောနဲ့ .. ငါ့ကို မြေးဖြစ်ပေမယ့် စိတ်ထဲတော့ နာမှာပေါ့ .."

ဟု တွေးမိကာ ရင်ထဲမှာ အားငယ်ရပြန်သည်။ မိုကိုးရာပျောက်နေ သည့်နှယ်ပင် ခံစားလာရသည်ပါပဲ ..။





"ပြောစရာရှိသကွယ် .. မြေးကို .. ခေါင်းတည်ပြောရမှာ .."

ဟု ပြောလာတော့ သွန်း မော့ခနဲ ကြည့်မိရသည်။ ထမင်းလေး ဘိမ့်သာ စားနေရပါသည့် သွန်း မှာ လည်ချောင်းထဲ ဆို့နေတာက နေသည်တည့်..။ ဝမ်းနည်းပက်လက်လေး ဖြစ်နေရသည်ဆိုသည့် အား၏ အတိမ်အနက်ကို ခုမှ သဘောပေါက်လာနေရသည်ကော။ တော်ဆိုးသည်ပဲဟုလည်း သွန်း ကိုယ်တွေ့ သိနေရပါ၏။

"အဒေါ်နဲ့ တူမ .. တူတူနေသင့်ကြပြီ .. ဆုံသင့်ကြပြီလို့ ဘိုးအေ ယောက်စလုံးက ဖုန်းတွေနဲ့ပြောကြ .. တူတူနေကြရင်ဖြင့် .. ချစ် ကြချေမယ်လို့ မျှော်လင့်မိကြရင်း .. ဘိုးသီ နေမကောင်းဘူးဆိုတဲ့ ကြောင်းပြချက်နဲ့ ခေါ်မယ်လို့ တိုင်ပင်ကြ .. လက်တွေ့လည်း လုပ်ခဲ့ တယ်၊ ဒီမှာ မြေး .. ဘိုးသီ နေကောင်းပါတယ် .. ဒါပေမယ့် နေ ကောင်းဘူးလို့ နဒီ ထင်အောင် အရင်ကြိုးစားခဲ့ရတယ် .. ဘိုး အမြဲ ဒီကယ်(လ်) ချက်အပ် လုပ်နေကျ.. သမားတော်ကြီးဖြစ်တဲ့ ဦးထက် င် နဲ့ တိုင်ပင်ပြီးတော့ .. အကူအညီလည်း တောင်းခဲ့ရတယ် .. ခွဲတပြားဖြစ်နေတဲ့ အိမ်ထောင်နှစ်စုက .. ဒီမြေးနဲ့ ဒီအဒေါ်ကို .. နေကြတာလေး မြင်ချင်တယ်ဆိုတဲ့ ဘိုးအေတစ်ယောက်ရဲ့ဆန္ဒကို က်ခေါင် ကလည်း နားလည်ပေးတယ် .. ဒါကြောင့် .. ဘိုးသီ ကောင်းဘူးဆိုတာ .. သူကလည်း .. ဝင်ပြီး ဆေးလာလာကုပေးတာ လုပ်ပေးမယ် .. ဘိုးသီ ကလည်း ရင်ဘတ်အောင့်တယ်တွေ တွေလုပ်ခဲ့ရတယ် .. နဒီ က တကယ်ပဲဆိုပြီး ယုံသွားခဲ့တော့မှ ကို ဘိုးသီ ခေါ်ခဲ့တာ .. နဒီ လည်း တားမကောင်းလို့ မတားနိုင်တော့ ဘိပါတော့.."

ဟု ပြောလာတော့ သွန်း အံ့သြရသည်ပါပဲ။ သွန်း က .. ဘိုးသီ ယ် နေမကောင်းဖြစ်နေသည်ဟုသာ သိထားရသည်ကိုးလေ ..။ ဘိုးသီ နှင့် ိုး ိုးတို့ စ်ယောက်သား ကြံစည်၍ အန်တီလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သွန်း တို့ကို ချစ်လာကြအောင် ကြိုးစားခဲ့သည့်အဖြစ်တွေက တကယ် ဖြစ်မလာနိုင်တော့သည့်အတွက်လည်း သွန်း အားနာရပါသည်။ ရင်ထဲ မကောင်းနိုင်ပြန်။ သွန်း မျက်လွှာလေးချကာ မျက်တောင်တဖျပ်ဖျပ် ခတ်နေသည်။ သွန်း ကြောင့် အန်တီလေးနှင့် သွန်း တို့ စကားများ သည်ဟုပဲ သွန်း နှလုံးပိုက်ထားရသည်ကိုးလေ ..။

"ဒါပေမယ့် .. လက်တွေ့မှာ အဲဒါတွေ ဖြစ်မလာတော့ဘူး - ပိုဆိုးကုန်ပြီ၊ ဒီတော့ .. ဘိုးသီ ဆက်မကြိုးစားတော့ဘူး .. မုန်းကြ - ရန်ဖြစ်ကြ၊ ဆေးရုံတက်ကြ .. ဒီအဘိုးအိုကြီးကို ဒုက္ခပေးကြ .. ဒါ ကောင်းတယ် .. အဲဒါပဲ ကောင်းတယ် .."

ဟု အသံတွေတုန်လာရင်း ဘိုးသီ ပြောလာတော့ သွန်း မျက်နှာ လေး ပို၍ ငုံ့ထားမိရပါ၏။ မျက်ရည်က ကျလာနေပြီ ..။

"ဒီတော့ .. နဒီ ကလည်း မြေးကိုမြင်ရင် .. ပိုပြီးတော့ ပြောဟာ ဆိုဟာယ်တွေ ဖြစ်လာမယ် .. သူက ဆေးရုံတက်ထားရတဲ့သူ - ဒီ ဆေးရုံက ဆင်းလာတဲ့အခါမှာ .. သူ့အတွက် စိတ်အနှောင့်အယှက် ဖြစ်မနေတာ အကောင်းဆုံးပဲ .. ဒီတော့ .. မြေး .. ဒီမှာ ဆက်နေ မဖြစ်ဘူး ..၊ ခက်တာက .. ကိုအိမ်စိုး ကို .. ဘိုး ဖုန်းဆက်တော့လည်း ဟိုကလည်း မြေးကို ဒေါသဖြစ်နေတယ် .. သူ့ကို အရှက်ခွဲတယ် ထင်နေတယ် .. အဲဒါ .. မြပုဝါကို မလာစေရဘူးဆိုပြီး ဖုန်းထဲက ပြော ဖြေတယ် .. ဒီတော့ .. တစ်လမ်းပဲရှိတယ် .. မြေး တစ်နေရာကို ခေ သွားရှောင်နေရမယ် .. အဲဒီမှာ တစ်ချက်နေပြီးရင် .. ကိုစိုး စိတ်ပြေ အခါ .. မြပုဝါကို ပြန် .. လောလောဆယ် .. မနက်ဖြန်ကဲ့ မြေး ခေ ထွက်ရလိမ့်မယ် .. မိုင်းလှိုင်က တိမ်ဦးယံအိမ်ကြီးမှာ ခဏသွားနေ - ပြည့်စုံလေး လိုက်ပို့လိမ့်မယ် ..၊ ပြည့်စုံလေး .. မနက်ဖြန် သူ့ကို ကား ခေါ်သွား .. အဲဒါဟာ .. နဒီ့ အတွက်ရော .. မြေးအတွက်ရော အကောင်း ဆုံးပဲ .."





ဟု ပြောလာတော့ သွန်း မဝံ့မရဲလေး ကိုကြီးကို ကြည့်မိရပါပြီ။ ကိုကြီးကလည်း သွန်း ကိုဆို ကြည့်၍ရတော့တာမှ မဟုတ်ပဲလေ။ မျက်နှာလည်း ပျက်နေပြီ။ မေတ္တာလည်း တုံးနေပြီ။ အထင်လည်း သေးနေပြီ။ ဘယ့်နှယ်ခေါ်သွားချင်ပါ့မည်တဲ့လဲလေ ..။ ခက်ပြီတည့်။ ဒီ .. သွန်း မှာ သွားလမ်းလာလမ်းလည်း ပျောက်နေသည်။ နေစရာ ထိုင်စရာလည်း မရှိဘဲ ဖြစ်နေသည်။ သူများ မသဒ္ဓါသည့်နေရာမှာ မျက်စိပိတ်ပြီး မျက်နှာပူပူဖြင့် တက်နေရမည့် သွန်းလေပြေမွှေး ဖြစ် ခြင်းမက ဖြစ်နေရပြီတည့် ..။ ကိုကြီး တစ်ချက်လှမ်းကြည့်လာပါ၏။ သွန်း ကို ကြည့်သည့်အကြည့်သည် အေးစက်နေသည်။ စိတ်ပျက်လက် ပျက်လည်း ဖြစ်နေပုံရသည်။

"ဟုတ်ကဲ့ .. မာမီကလည်း သူ့ကိုမြင်ရင် .. ဆေးရုံနောက် တစ် ခေါက် ပြန်တက်ရလောက်အောင် စိတ်လက်ဆိုးကုန်မှာ .."

ဟု ဖြေလာပါ၏။ သဘောက .. မေတ္တာပျက်နေပေမယ့် တိမ်ဦး ယံသို့တော့ ခေါ်သွားမည့်သဘော ဖြစ်နေပါချေ၏။

"အေး .. အဖြစ်စုံအားလုံးလည်း .. အပုလေးကို ငါ မေးထားပြီးပြီ.. အပုလေး ဆိုတာက .. သူမြင်တာ .. သူသိတာ အားလုံး ပြောပြတတ် တာပဲ .. မနက်က .. စာကို ဆုတ်ပစ်တဲ့ကိစ္စကြောင့် ဒီပြဿနာတက်ရ တယ်ဆိုတာကိုလည်း သိခဲ့ရပြီးပြီ .. နဒီ့ ကို ခွဲစိတ်ခန်းဝင်နေတုန်း ငါ့ ကိုလို့ အပုလေး ငိုယိုပြီး ပြောပြတာ .. အဲဒီကိစ္စမှာ နဒီ လွန်တယ်ဆို တာ ဘိုးသီ လက်ခံတယ် .. သတ်မှတ်တယ် .. နဒီ ဆေးရုံက ဆင်းလာ တဲ့အခါ .. နေကောင်းသက်သာဖြစ်လာတဲ့အခါမှာ .. အဲဒီကိစ္စ .. ဘိုး တို့ အပြစ်တင်ရလိမ့်မယ် .. အပြစ်ဟာ အပြစ်ပဲ .. သူ .. သေကောင် ပေါင်းလဲဖြစ်သွားတာက ဖြစ်သွားတာပဲ .. လှေကားပေါ်က ပြုတ်ကျ တာ .. ဒဏ်ရာရတာ.. အဲဒါတွေကလည်း သူ့ပယောဂ မကင်းဘူး .. သူ့မှာလည်း တာဝန်ရှိတယ် .. မင်းတို့ထား တို့ကလည်း ဝင်မထိုင်းပါကိုး.."



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလာတော့ ဒေါ်ကြီးထား မှ ...

"ကျွန်မတို့က အစေအပါးပါ ကိုကြီးရယ် .. မတားသာပါဘူ

ဟု အန်တီလေးမှ ပြောခဲ့သည့် အစေအပါး၊ဆိုသည့်စကား ရင်ထဲမှ ထုတ်မရနိုင်သည့်နှယ် မျက်နှာမလန်းဘဲဖြေတော့ ဘိုးသီ ပြင်းရှိုက်သည်။

"ငါ့အတွက် မယ်ထား တို့ .. မောင်စံ တို့ .. မောင်ဆွေ တို့ အပုလေး တို့ဟာ .. အိမ်သားတွေပဲ ဖြစ်တယ် .. နဒီ မလိမ္မာတဲ့စ ငါ .. သူ့ကို သတိပေးရလိမ့်မယ် .. ကဲ .. ကဲ .. မြေးလည်း မ ခရီးထွက်ရမှာ .. ပြင်ဆင်ပေတော့ .. ဘိုး လည်း ဆေးရုံသွားရဦးမ အင်း .. ကလေးတွေ မလိမ္မာသမျှ .. ဘိုးအေဖြစ်တဲ့သူ .. အဖေဖြစ် သူ.. ရင်ထဲကျေနေရတာပါပဲပေါ့.. အသက်ရမှ .. သောကဖြစ်ရသကွယ်

ဟု ညည်းကာ ထရပ်တော့ သွန်း၊ မျက်ရည်ကျလာသည်။ ဘိုး ရှေ့မှာ သွား၍ ကြမ်းပေါ်ထိုင်လိုက်မိရကာ လက်အုပ်လေးချီ၍ —

"သွန်း မိုက်တာပါ ဘိုး ရယ် .. အန်တီလေးကိုလည်း မဆူပါနဲ့ တကယ်က သွန်း စွာလို့ ဖြစ်ရတာပါ .. သွန်း က သိပ်စွာတာ မြပုဂါမှာလည်း စွာတာပဲ .. ဒီမှာလည်း လူစွာ လာလုပ်တာပါပဲ သွန်း .. ဘိုးသီ ကို ဒုက္ခပေးမိပြီ .. အန်တီလေးကိုလည်း အနာ ဖြစ်အောင် လုပ်ခဲ့ပြီးပြီ၊ သွန်း ဟာ .. ဘိုးဘိုးတို့နှစ်ယောက်စလုံး ဖြစ်ချင်တဲ့ဆန္ဒတွေကိုလည်း ဖျက်ပစ်ခဲ့ပြီးပြီ .. အလုံးစုံ ဖျက်ပစ်လိုက် ပြီးပြီ .. သွန်း .. ကန်တော့ပါတယ် ဘိုးရယ် .. သွန်း ကို .. ခွင့်မလွှတ် နဲ့ .. ဒီလောက် နှုတ်စွာတဲ့ .. အဆင်ခြင်မဲ့တဲ့ သွန်း ကို ခွင့်မလွှတ်ပါနဲ့ သွန်း လည်း .. သွန်း လည်း .. ရွှေရိုပ်ဦးကို .. ဘယ်တော့မှ .. လာ.. တော့ .. ပါဘူး ဘိုး ရယ် .. သွန်း ကြောင့် အန်တီလေး ဘယ် တော့.. မှ .. စိတ် .. မဆင်းရဲ.. စေ .. ရ .. ပါဘူး.. ဒါပေမယ့် .. ဒါ မယ့် .. သွန်း ကို တစ်ခုတော့ ခွင့်ပြုပါ .. ခွင့်ပြုပါ .. ဘိုးသီ ကိုတော့





း ချစ်ခွင့်ပေးပါ .. သွန်း ကိုလည်း .. စိတ်ဆိုးချင်ဆိုးပါ .. ဒါပေ .. ချစ်ပေးပါ ဘိုးရယ်.. သွန်း မှာ .. သွန်း မှာ .. ဘိုးတို့ပဲ ရှိတာ.. ဘိုးနှစ်ယောက်ပဲ .. ရှိ .. တာ .."

သွန်း ပြောရင်း မျက်ရည်တွေ ဖြိုင်ကျလာသည်။ ဟုတ်သည် ..၊ း မှာ ဘိုးတို့နှစ်ယောက်ပဲ ရှိသည်ကိုးလေ..။ သွန်း ကို ချစ်ကြပါသည့် း အနှစ်ယောက်စလုံးထံမှ .. ဒေါသတွေ .. စိတ်ပျက်မှုတွေ..။ စိတ် င်းရဲမှုတွေ ..။ မျှော်လင့်ထားသမျှ လက်တွေ့မှာ ဖြစ်မလာနိုင်တော့ ည်မို့ စိတ်ဓာတ်ကျမှုတွေ ဖြစ်ကုန်ရချိန်မှာ ..။ သွန်း အပေါ် အချစ် တာ ပျောက်ဆုံးကုန်ကြမှာကို လန့်လာသည်။ ပျောက်ဆုံးသွားမှာကို ရိမ် ချောက်ချားလာသည်။ သွန်း .. ဘိုးသီ ၏ခြေသလုံးကို သိမ်းဖက် ိုက်ရင်းမှ ခေါင်းလေးတင် ..။ နဖူးလေးထိ၍ ပွတ်ပစ်နေရင်းမှ ...

"သွန်း .. ဘယ် .. တော့မှ .. မ .. လာတော့ .. ပါဘူး .. ဘိုးရဲ့.."

ဟု ပြောလည်း ပြော ..၊ ရုတ်ခနဲ ထရပ်ကာ အိမ်အပေါ်ထပ်သို့ မှုးရှူးထိုး ပြေးတက်လာမိရပါ၏။

မျက်ရည်တွေက လျှံလျှံလဲလဲ ..၊ ရင်ထဲမှာ အားငယ်နေတာပဲရှိနေ ည်။ ကြေကွဲတာပဲ ရှိနေသည်။ အထီးကျန်တစ်ယောက်တည်းနှယ် အားကိုးရာပျောက်နေသည်။

ဘိုးအေတို့၏အချစ်ကို ဆုံးရှုံးခံလိုက်ရချေပြီကောဟု သိနေရတာ လောက် ဆိုးဝါးသည့်ဝေဒနာ မရှိ။ ရင်ကို ဆို့ခါနေအောင် ဆောင့်တို နေသည့် ပြင်းထန်သောအရှိန်သည် တစ်ကိုယ်လုံး သိမ့်သိမ့်ခါနေသည့် ယ်ပင် ရှိနေရပါပြီတည်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ညဘက်မှာ ဆေးရုံမှ ဘိုးဘိုး ပြန်ရောက်လာပြီး သိပ်မကြာ
လိုက်..၊ ဖေဖေ ရောက်လာပါ၏။ ည ရှစ်နာရီကျော်ကျော်လေးမှာ
ရန်ကုန်သို့ ရောက်လာအောင် အဘယ်မျှထိ ဖေဖေ ကားကို အမြန်ကြီး
မောင်းလာသည်ဆိုတာ သူ ခန့်မှန်းနိုင်သည်ပါပဲ ..။ သူနှင့် ဘိုးဘိုး
ဆေးရုံမှ နောက်တစ်ကျော့ပြန်လာပြီး ထမင်းစားဆောင်မှာ စိတ်မော
ကိုယ်မောဖြင့် ကော်ဖီပူပူတစ်ခွက်စီ သောက်နေကြချိန်မှာ ခြံတံခါးဆီ
ကားဟွန်းသံကြားရတာမို့ လေးလေးဆွေ ပြေး၍ ဖွင့်ပေးခြင်းပါ
သူရော ဘိုးဘိုးရော ပေါ်တီကိုအောက် ရောက်လာကြချိန်မှာ ဖေဖေ့
ကားက အလောတကြောပင် မောင်းဝင်လာနေပြီ။ ပေါ်တီကိုအောက်မှာ
ကားရပ်ပြီးတာနှင့် ဖေဖေ မျက်စိမျက်နှာမကောင်းဘဲ ကသောကမျော
ဆင်းလာပါ၏။

"နဒီ့ သတင်း ကြားကြားချင်း ကျွန်တော် ရန်ကုန်သို့ ဆင်းလာ
တာပါ ဖေဖေ .. နဒီ့ အခြေအနေ ဘယ်လိုနေလဲ .. ဆိုးနေလား ..
ဆေးရုံတင်ရတဲ့အထိ ဖြစ်ရတယ်ဆိုတော့ ကျွန်တော် စိတ်ပူတယ်
ဖေဖေ .. ကဲ .. သား .. ဖေဖေ့ကို သားရဲ့မာမီဆီ လိုက်ပို့စမ်း .. အခု
တွေ့မှကို ဖြစ်မယ် .."





ဘိုးကို စိတ်ပူလက်ပူဖြင့် မေးလည်း မေး ..၊ သူ့ကိုလည်း ကြည့်
... မာမ့်ထံ သွားဖို့ စိတ်ပူနေတာတစ်ခုပဲ ရှိနေပါသည့် ဖေဖေ့ကို
...ဘိုးမှ ပြုံး၍ ...

"ခဏလောက်တော့ နားပါဦး လူလေးရယ် .. နဒီ စိတ်ချရပါပြီ..
...းရုံရောက်တော့မှ .. နဒီ့ ကို ခွဲစိပ်ခန်းဝင်နေတုန်း ဖေဖေ လူလေးကို
...ိရတာနဲ့ .. ဖုန်းဆက်လိုက်တာပါ .. ချက်ချင်း မဆက်ဖြစ်တာ
...ာ့ ခွင့်လွှတ်ပေးတော့ လူလေးရေ .. ဖေဖေလည်း စိတ်ပူနေတာမို့..
...လေးကို ဖုန်းဆက်ဖို့ကို သတိမရနိုင်ဘဲ ဖြစ်နေတာ .. ပြည့်စုံလေး
...ည်း တူတူပါပဲ .. သူလည်း သူ့မာမီအတွက်ပဲ စိတ်ပူနေတာနဲ့ မြုပ်
...ာ .. ဖြစ်ချင်တော့ .. ဖေဖေက အဲဒီအချိန်မှာ ရွှေရိပ်ဦးမှာ မရှိဘဲ
...နေတယ် .. ဒေါက်တာထက် ဆီ ရောက်နေတာ .."

ဟု ဘိုး ပြောနေစဉ်ခိုက်မှာ ဖေဖေ ခေါင်းတွင်တွင်ရမ်းနေသည်။
...ထံသွားဖို့ပဲ စိတ်ဇောတင်နေပုံက ထင်းနေသည်ပါပဲ။ ခုလိုကျတော့
...ည်း မာမီ့အတွက် ဖေဖေ အရမ်းစိတ်ပူတတ်သည်ပဲဟု နားလည်မိရ
... မာမီ့ကိုယ်စား သူ ဝမ်းသာမိရသည်ပါပဲ။ ဘာပဲဖြစ်ဖြစ် အစဉ်
...က် သူ သိလာရသည်က ဖေဖေနှင့် မာမီ့အိမ်ထောင်ရေးသည်
...းခက်စက်နိုင်လွန်းနေခဲ့သည့်အဖြစ် ..၊

"ကဲ .. ပြည့်စုံလေး .. မြေးရဲ့ဖေဖေကိုတော့ တားလို့လည်း ရနိုင်
...ာ့မယ် မထင်ဘူး .. မြေးရဲ့မာမီ့ဆီ လိုက်ပို့ပေးလိုက်ပေတော့ ..
...ပေမယ့် လူလေးကို ဖေဖေ ပြောမယ် .. နွားနို့ပူပူလေးတစ်ခွက်
...က်နဲ့ ပေါင်မုန့်လေးလောက်တော့ စားလိုက်ဦး .. လမ်းမှာလည်း
...စားလာပုံ မရဘူး .. ပြီးတော့ ဒီခရီးကို ဒရိုင်ဘာ ခေါ်လာရောပေါ့
...ည် .. ကိုယ်တိုင်မောင်းလာရတယ်လို့ .. စိတ်ပူပန်နေတဲ့သူတစ်
...က်ဟာ ကိုယ်တိုင် ခရီးရှည် မမောင်းသင့်ဘူးကွယ့် .."

"တိမ်ဦးယံက ကိုကျော် ကို အလုပ်ကိစ္စတစ်ခုနဲ့ ခိုင်းထားတာ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ .. ဖေဖေ့ဆီက ဖုန်းဝင်လာတော့ .. ကိုကျော့် ကိုလည်း စောင့်
နိုင်တော့တာနဲ့ .. ချက်ချင်း ကိုယ်တိုင် ကားမောင်းထွက်လာမိရတာ
လက်က သွေးကြောပြတ်တယ်ဆိုတော့ စိတ်ပူတယ် ဖေဖေ ..
ထွက်လွန်ကုန်မှာ ကြောက်ရတာ ..''

ဟု ဆက်တိုက် ဖေဖေ ပြောနေတော့ သူ ကြည်နူးမိရသည်
မေမေ မရှိသည့်နောက်မှာ မာမီသည်လည်း ဖေဖေ့ဇနီးအဖြစ် ရှိ
ကာ..၊ သူ့ကိုလည်း ပြည့်စုံလေး .. ဟု တဖွဖွခေါ်ကာ ဂရုတစိုက် ချ
သည့် မာမီ့ကို သူ သံယောဇဉ်ရှိရသည်ပါပဲ။ မေမေ့လောက် မချစ်နိုင်
မယ့် ..၊ မေမေနှင့် တန်းတူထား၍ အချစ်တွေမပေးနိုင်ပေမယ့် မာမီ
သူ ချစ်ပါသည်။ ခုလို.. ဖေဖေ့ဘက်က မာမီအပေါ် ဤမျှအထိ
ပေးထားကာ အရေးတယူထားမှန်း သူ သိမြင်ခဲ့ရသည်ကို။ ခုလို
ဖေဖေ့ရင်ထဲမှာ သိုဝှက်ပါသည့် မာမီ့အပေါ် ထားရှိသော သံယောဇဉ်
တန်ဖိုးထားမှုကို သူ မြင်ရတော့လည်း ကြည်နူးရပါသည်။ မာမီ ဝမ်း
ပေမည်သာ..။ ခုလို .. ဆေးရုံရောက်နေချိန်မျိုးမှာ ဖေဖေ ရောက်
သည့်အတွက်လည်း မာမီ အားရှိမည်သာတည့် ..။

ဖေဖေ့ကို နွားနို့ပူပူတစ်ခွက်နှင့် ပေါင်မုန့်ကြက်ဥကြော်ကို
အောင် ကျွေးပြီးမှ အဖြစ်စုံကို ဘိုးဘိုး ပြောပြသည်။ ဤမနက်မှာ ရွှေ
ဦးမှာ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို အားလုံး ပြောပြခြင်း။
ငြိမ်၍ နားထောင်သည်။

''ဖေဖေ့မြေး သွန်းလေပြေမွေး ကြောင့် ဖြစ်ရတဲ့ကိစ္စပေမို့ ..
ဟာ ဖေဖေ့သမီးဆိုပေမယ့် .. လူလေးရဲ့ဇနီးလည်း ဖြစ်နေတယ်..
ကြောင့် သွန်းလေး ရဲ့ဘိုးအေတစ်ယောက်အနေနဲ့ .. လူလေးကို
တောင်းပန်ပါတယ်ကွယ် .. ဒီကလေးဟာ အလွန်ပျော်ပျော်နေတတ်
ကလေးပါ .. သူ့ဘိုးဘိုးရဲ့စာကို လုပ်တာမို့ .. မခံနိုင်ရာက ဒီကိစ္စ
ကုန်ရတာပါပဲ.. ဖေဖေ့အမြင် ပြောရရင် .. နဒီ ဘက်ကလည်း လု





ဆန်ဘဲ မှားတာရှိသလို .. သွန်း ဘက်ကလည်း .. ကလေးဖြစ်ပါရက်
ယ်နဲ့ .. ကိုယ့်အဒေါ်ကို အဲသလို မခံချင်အောင် ဆက်တိုက်လုပ်ပစ်ခဲ့
တာဟာ မှားတာပါပဲ .. ဟိုဘက်က ဘိုးအေကလည်း သူ့မြေးကို ဒေါသ
ဖြစ်နေတယ် .. မြပုဝါကို ပြန်မလာရဘူးဆိုပြီး ပြောတယ် .. ဒီမှာက
လည်း .. နဒီ ဆေးရုံက ဆင်းလာရင် .. သွန်းလေပြေ ကို မြင်ရင်
ပြဿနာတက်မယ်၊ ဒါကြောင့် .. မနက်ဖြန်မနက် .. လူလေးရဲ့
င်းလှိုင်က တိမ်ဦးယံမှာ ခဏသွားနေဖို့ ဖေဖေ စီစဉ်ထားတယ် ..
ဒီလို စီစဉ်ထားတာကို လူလေးရဲ့ဟန်းဖုန်းကို လှမ်းဆက်ပေမယ့်
န်းမကိုင်တာနဲ့ပဲ ကြုံနေတယ် ..''

''ဖုန်းကိုက .. မေ့ကျန်ခဲ့တာ ဖေဖေ .. ဖေဖေ့ဆီက ဖုန်းလည်းဝင်
တာနဲ့ .. ဖုန်းချပြီး အဝတ်အစားနည်းနည်း ကောက်ထည့် .. ချက်
ချင်းထွက်လာမိတာ ဖေဖေ .. ဖုန်းက အိပ်ရာပေါ်မှာ ချထားရင်း ကျန်
ခဲ့တာ .. အဝတ်အစားထည့်နေတုန်း ဖုန်းကို ခုတင်ပေါ် တင်ထားမိခဲ့
တာ ဖေဖေ ..''

ဟု ဖေဖေ ဖြေသည်။ သူ ဖေဖေ့ကို ကြည့်နေမိရဆဲ။ အကဲခတ်
ကြည့်..၊ မာမီ့ကို အနှာတရဖြစ်အောင် လုပ်ခဲ့သည့် ကောင်မလေးကို
တိမ်ဦးယံသို့ အသွားခံပါ့မလားဆိုသည့် အကဲခတ်ကြည့် ..။

''အဲဒီကောင်မလေးကို ဖေဖေ ချစ်လို့ .. မြပုဝါထိ သွားသွားလည်
နေခဲ့ရ .. တွေ့နေခဲ့ရတာပဲ မဟုတ်လား .. ခုလို .. ရွှေရိပ်ဦး ည်း
ရောက်ရော .. နဒီ နဲ့ ကတောက်ကဆတ်တွေ ဖြစ်ကုန်ရတဲ့ကိစ္စမှာ ..
ဒီ စိတ်ကို သား သိပြီးသားပါ ဖေဖေ .. နဒီ ကလည်း အလွန်ခေါင်းမာ
ယ်.. အတေးအမှတ်ကြီးတယ် .. အဲဒီစိတ်ကြောင့် .. ဒါတွေ ဖြစ်ကုန်
တယ်လို့ သား ထင်တယ် ဖေဖေ .. ကောင်မလေးကို တိမ်ဦးယံမှာ
နေနိုင်းတာ ပိုကောင်းပါတယ် .. ဟိုဘက်က ဘိုးအေကလည်း
ကို မျက်နှာပျက်အောင်လုပ်တယ်ဆိုပြီး စိတ်ထိခိုက်ရင် ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ် .. ရှက်လည်း ရှက်ပေမပေါ့ ဖေဖေရာ .. ဒီကိစ္စမှာ က
ကိုချည်း အပြစ်မတင်နဲ့ ဖေဖေ .. နဒီ ဟာ သားရဲ့ဇနီးပါ .. သူ အ
လောက်ထိ ခေါင်းမာတယ်ဆိုတာ သား သိတာပေါ့ .. ဖေဖေလ
သိမှာပါ .. ဖေဖေ့သမီးပဲလေ .."

ဟု ပြောလာတော့ သူ စိတ်မောသွားရပါ၏။ ကောင်မလေး
သူ လိုက်မပို့ချင် ..၊ အမိကအချက်က စိတ်မာတ်ကို မကြိုက်တော့၍
မာမီ့ကို သွေးမလှူဘဲ ပေကပ်ကျန်ခဲ့တာကြီးကို မနှစ်မြို့နိုင်ဘဲ ဖြစ်
သည်၊ အထင်သေးနေမိရသည်။ တခြားကိစ္စကတော့ မာမီ့ဘက်က
တာလည်း သူ သိပါသည်။ စာကိုဆုတ်ပစ်တာ။ အမှိုက်ခြင်းထဲ ထည့်
တာ ..၊ ကောင်မလေးကို ရေနှင့်ပက်ပစ်တာ ..၊ တွန်းပစ်ဖို့လုပ်ခဲ့တာ
ထိုအရှိန်ဖြင့်ပင် မာမီ လှေကားမှ ပြုတ်ကျခဲ့တာ ..။ ဒါတွေကို သူ
ကောင်မလေးအပေါ် အပြစ်မတင်ချင်ပါ။ ကလေးပေမို့ .. ကလေး
ပြောချင်တာ ပြော ..၊ ဘိုးအေအတွက် ခံပြင်းစိတ်ဖြင့် ရင်ဆိုင်ပြခဲ့
ဆိုတာ သူ သိပါသည်။ စာနာပါသည်။ ဒါပေမယ့် .. သွေးမလှူ
နေရစ်ခဲ့ပုံက မကောင်း ..၊ မာမီ တစ်ခုခုဖြစ်သွားမှာကို မပူတော့ပြီ
လား။ ဘာတဲ့ ..၊ မလှူရ .. သက်သာသည်ဟုပင် ပြောခဲ့သေးသ
ကောင်မလေး ..။ မာမီကတော့မူ ပိုခေါင်းမာကျင့်ဖြင့် ကောင်မ
သွေးကို လက်မခံနိုင်ဟု ငြင်းသည်ပဲရှိစေ ..၊ ကောင်မလေးဘက်က
အခေါ်ရင်းကို အရွဲ့တိုက်၍ ..။ သေချင်သေ .. ဆိုသည့်သဘော
နေရစ်ခဲ့တာကြီးကို သူ မကြိုက်။ ဒါ .. စိတ် ... အရာ အောက်တ
ကျ ယုတ်မာခြင်း ဖြစ်နေသည်။ ရ... ခြင်းဖြင့်နေသည်။
လျှောက်လုံးမှာ ကောင်မလေးအပေါ် ... ဖြင့်ရင်း ချစ်
လေးပင် ရှိခဲ့ချေသမျှ ထိုစိတ်မာတ် ... ဝါးထင်
မြင်လိုက်ရတာဖြင့်ပင် စိတ်လက်ကု ... ည်ကည့်

ခုကျတော့ .. ဖေဖေက .. သူနဲ့လေ ... ခ်ဦးယံမှာ





ခဲ့သည့်စကား ပြောနေချေသည်မို့ ..။ သူ .. မနက်ဖြန် လိုက်ပို့ရချေ
သာ ..၊ ဖေဖေမှ ဘိုးကို ကြည့်၍ ...

"ဟိုမှာ ဒေါ်ခမ်းနွဲ့ ရှိတယ် .. တိမ်ဦးယံမှာ အဖော်ရမှာပါ ..
လေပြေမွှေး အတွက် မိန်းမဖော်လည်း ရှိနေတာပဲ .. မနက်ဖြန်
မှာ မဟုတ်လား ဖေဖေ .."

"ခုလို .. မြေး သွန်း အပေါ်မှာ နားလည်ပေးတဲ့အတွက် လူလေး
ဖေ ကျေးဇူးတင်ပါတယ်ကွယ် ..၊ ကဲ .. ကဲ .. မြေး ပြည့်စုံ ..
ဖေဖေကို .. ဆေးရုံခေါ်သွား .. ဘိုးတော့ ပင်ပန်းလှပြီ .. နေရစ်ခဲ့
မယ် .. နားချင်ပြီကွယ် .."

ဟု ဘိုး ပြောရှာ၏။ ဟုတ်သည် ..၊ ဘိုးခမျာ တစ်နေကုန် မနားခဲ့
.. အသက်ကြီးပြီပဲလေ ..၊ ပင်ပန်းချေပြီပေါ့။

ဖေဖေကလည်း ဆေးရုံသို့သွားချင်နေတာ သိသာနေပြီ။ ဒါ
ကြောင့် ဖေဖေ့ကို ကားဖြင့် သူ လိုက်ပို့ပေးရပါ၏။ မာမီ့အခန်းသို့
ရောက်တော့ မာမီ အိပ်ပျော်နေသည်။ ဖေဖေ ခပ်ဖွဖွပင် ခြေသံမကြား
အောင် ဝင်၏။ ကုလားထိုင်ကို အသံမမြည်အောင် ဂရုစိုက်၍ ယူကာ
၏။ ခုတင်ဘေးမှာ ခိုင်ခံ့ချ၍ ငြိမ်သက်စွာထိုင်ရင်း မာမီ့ကို မျက်
တောင်မခတ်ကြည့်နေသည့် ဖေဖေ့မျက်နှာထက်မှာ စိတ်ပင်ပန်းခြင်း
ထိခိုက်သည့်အရိပ်တွေ စွန်းထင်းနေသည်။ မာမီ နိုးမှာစိုး၍ထင့်။
သက်ကို ဖေဖေ မထိ ..၊ မကိုင် ..။ သူ .. ဖေဖေနှင့် မာမီကို
ရစ်ခဲ့ကာ အခန်းတွင်းမှ ထွက်လာမိရသည်ပါပဲ။ မာမီ့အခန်းမှာ
ပြုနှစ်ယောက်နှင့် အပုလေး ရှိနေသည်။ ဖေဖေ ကျန်ရစ်ခဲ့သည်။
တော့ ဆေးရုံ၏ ဝရန်တာရှည်လျားလျား၏ အစွန်းတစ်နေရာမှာ
ယောက်တည်း ရပ်နေမိရပါသည့်အဖြစ် ..။

အာရုံထဲ ဖျတ်ခနဲ တိုးဝင်လာသည်က ဘိုးဘိုးကို ကန်တော့ရင်း
ပါလေသော မြင်ကွင်း ..၊ မာမီ ဆေးရုံတင်လိုက်ရသည်အထိ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်ကုန်ရသမျှမှာ အပြစ်ရှိသူတစ်ယောက်အဖြစ် တောင်းပန်ခဲ့ပါ သော သွန်းလေပြေ ၏ မျက်နှာနုနုလေး ..၊ စိတ်ထိခိုက် ပင်ပန်းရှိ ကြောင့် မျက်နှာလေးက ညှိုးဖျော့ကျနေတာလည်း အမှန်ပါ။ ဘိုးအေ ဖြစ်သူ မှန်းသွားမှာကို ထိတ်လန့်နေပုံလေးဖြင့် ပြောခဲ့ပါလေသော စကား ..၊ သွန်း ကို ချစ်ပါ .. ဆိုသည့် စကား ..၊ ပြီးတော့ .. သွန်း မှာ ဘိုးတို့ပဲရှိတာ .. ဆိုသည့်စကား ..၊ သူ .. ထိုစဉ်တုန်းကလည်း ရင်ထဲ ဆို့နေသည်ပါပဲ။ မြင်ကွင်းက ကြည့်ရက်ဖို့ မကောင်း။ ကြည့်ရက်စရာ မရှိ၊ ဒါပေမယ့် .. ထိုမျှ သနားစရာကောင်းမလေးထံမှာ အလွန်ရက်စက် တင်းမာသောစိတ်လည်း ရှိနေသည်ဆိုတာ ပို၍ပင် မယုံရက်စရာ ဖြစ် နေရသည်တကား ..။

"နှမြောလိုက်တာ .. နှမြောလိုက်တာ .. ငါ .. ပထမတုန်းက မြင်ထားတဲ့ .. ချစ်စရာလေးလို့ ရင်ထဲမှာ ယုံကြည်နေရလောက်အောင် ရှိခဲ့တဲ့ .. ဒီကောင်မလေးကို .. ငါ နှမြောလိုက်တာ .. ဒီလောက်ထိ ရက်စက်တာကို ငါ မယုံနိုင်တာ .. ဒါပေမယ့် .. တကယ်ဖြစ်ခဲ့ပြီးပြီ"

ဟု တွေးစဉ်ခိုက် နောက်ပါးဆီမှ တိုးသဲ့သဲ့ဖြင့် ...

"ကိုကြီး .."

ဟု အပုလေး ၏ခေါ်သံ ပေါ်လာတာမို့ လှည့်ကြည့်တော့ ငိုမဲ့ လေးဖြင့် ရပ်နေပါသည့် အပုလေး ..၊ ဘယ်တုန်းကများ နောက်က လိုက်လာသည် မသိ ..။

"မျက်ရည်တွေနဲ့ပါလား .. ဘာဖြစ်တာလဲ အပုလေး .."

ဟု သူ မေးမိသည်။ မျက်တောင်လေး ပုတ်ခတ်ခတ်လုပ်ရင်းမှ

"အပုလေး ဆေးရုံမှာ မအိပ်ရဲဘူး .. ကြောက်တယ် .. ဘိုးဘိုး ဆေးရုံမှာအိပ်ဆိုလို့သာ နေခဲ့ရတာ .. အပုလေး ကြောက်တယ် ကိုကြီး ရဲ့ ..၊ စောစောက လူနာနှစ်ယောက် ရောက်လာတာ၊ ဘာနဲ့ တိုက်မိလာ တယ် မသိဘူး .. သွေးတွေနဲ့ .. အပုလေး ကြောက်တယ် .."





အရေးပေါ် အက်ဆီးဒင့်လူနာ ရောက်လာသည်ထင့် ..၊ အပုလေး ခဲ့ကတော့ မျက်ရည်စက်လက်ဖြင့် အလန့်ရှိန်တက်နေသည့် ခြင်း..။

"စောစောကပဲ .. လူတစ်ယောက် ရောက်လာတယ် .. မေ့နေ .. ဘာဖြစ်လို့လဲ မသိဘူး .."

ဒါကိုတော့လည်း မခွဲခြားနိုင် ..၊ နှလုံးရောဂါကြောင့်လား .. တိုး၍လား၊ လေဖြတ်၍လား ..၊ တစ်ခုခုကြောင့် ဖြစ်နိုင်သည်။ မေ့လူနာ အရေးပေါ်ရောက်လာတာကို မြင်ခဲ့ပုံဖြင့် အပုလေး ဆက် နေခြင်းပါ။

"နေစမ်းပါဦး .. ညည်း မာမီ့အခန်းထဲ မနေဘူးလား .. လူနာ လာသမျှ ညည်းက မြင်နေရအောင် .."

"အန်တီလေးကိုလည်း ဒရစ်ပိုက်တွေ သွင်းထားတာရော .. သွေး ထားတာတွေရော .. ဘာရောညာရော မြင်ထားရတော့ .. မကြည့်ရဲ ကြီးရဲ့ .. လက်မှာလည်း ပတ်တီးတွေနဲ့ .. ဖန်ခွက်ကွဲရှထားတာ လည်း ရှိသေးတာ .. ခေါင်းမှာလည်း ပတ်တီးနဲ့ .. အဲဒါကြောင့်.. လို့ .. အခန်းပြင် ထွက်ရပ်နေတာ .. မကြည့်ရဲလို့ .."

ကောင်းပါလေ့ ... ဟုသာ ညည်းယူဖို့ ကောင်းတော့သည်တည့်။ ယ် .. မာမီ့ကို ကြည့်ပြုစုဖို့ ဘိုးဘိုး ထားခဲ့သည့် အပုလေး ..၊ အပုလေးက မာမီ့ကို မကြည့်ရက်၍၊ မကြည့်ရဲ၍ အပြင်ထွက်ရပ် သတဲ့။ အပြင်ရပ်နေတော့လည်း လူနာသစ်တွေ ပိုးလိုးပက်လက် သူလည်း ရောက် ..၊ သွေးသံနှင့်ရောက်သူလည်းရောက် ကြုံနေ သန့်ပြန်သည့်တမှုံ့ ..။ နဖူးကိုသာ သူ ပစ်ရိုက်မိရပါသတည်း။ ပါတာလေး ဖြစ်ပါသည့် အပုလေး ကိုလည်း အပြစ်တင်လည်း မောရုံပဲ ကျန်မည်။ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး း မှာ ဆီးစေလောက် မျက်နှာလေးဖြင့် သူ့ကို မော့ကြည့်နေပါ



www.burmeseclassic.com

www.burmeseclassic.com



၏။ အပုလေး ကို မာမီအတွက် ထားခဲ့၍ကတော့ အားကိုးရာလ… မမြင် ..၊ နောက်ဆုံးတော့လည်း မတတ်သာသည့်မို့ ဘိုးဘိုးကို ဖုန်းဆ… ၍ အကြောင်းစုံ ပြောပြရသည့်လမ်းကိုပဲ ရွေးချယ်လိုက်ရပါသတည်း…

"ဒါဆို .. မယ်ထား ကိုလည်း လွှတ်လို့မဖြစ်ဘူး .. လူနာအတွ… စားရေးသောက်ရေး ချက်ပြုတ်တာက မယ်ထား ရှိမှဖြစ်မှာ .. အပုလေ… လန့်နေမှန်း မသိလို့ ဘိုးဘိုး သူ့ကိုထားခဲ့မိတာ ပြည့်စုံလေး ရေ… ဒီတော့ .. ဟိုတယ်က သန့်ရှင်းရေးဝန်ထမ်း မိန်းကလေးနှစ်ယော… ဆေးရုံကို လွှတ်လိုက်မယ်.. ဘိုးဘိုး ဖုန်းဆက်ပြောလိုက်မယ် .. ဟိုတ… ကကားနဲ့ပဲ အဲဒီ လွှတ်လိုက်မယ် ပြည့်စုံလေး .. အပုလေး ကို ပြန်… ခေါ်လာခဲ့တော့ .. တော်နေကြာ .. သူ လန့်ဖျားဖျားနေလို့ .. သူ… ရောဆေးရုံတင်ထားရလိမ့်မယ် .. အင်း .. ကလေးပေကိုး .."

ဟု ဘိုးဘိုး ပြောပါ၏။

"ပြည့်စုံ ရောက်တော့ မာမီ အိပ်နေတယ် ဘိုးဘိုး .. ဖေဖေ … စောင့်နေတယ် .. မာမီ နိုးလာရင် အေးအေးဆေးဆေး ဖေဖေနဲ့ မာ… စကားပြောဖြစ်အောင် ပြည့်စုံ အပြင်ခဏထွက်ရပ်နေမိတာ .. … မြင်ရင် .. အရမ်းအံ့သြမှာ .. ဖေဖေ ရောက်လာလို့လေ .."

ဟု သူ ဆက်ပြောပြနေမိရပါ၏။ မာမီ နိုးလာလျှင် ဖေဖေ… ရုတ်တရက်မြင်လျှင် အရမ်းအံ့သြသွားလိမ့်မည်။ ဖေဖေကလည်း စိ… တာတွေ ပြောပြလိမ့်မည်။ မာမီ မည်သို့ ခံစားနေရသလဲ .. သက်သ… လားဆိုတာတွေကိုလည်း မေးပေလိမ့်မည်။ လွတ်လပ်စွာ ပြောကြ… သူ့ တမင် ဝရန်တာနေရာမှာ ထွက်ရပ်မိခြင်း ..။

"ဘိုးတို့ ပြန်လာတုန်းက နဒီ သတိလည်း လည်နေပြီ .. … လည်း ချနေရပြီပဲလေ .. ခုလို .. မောင်ကြည်မျိုးသာ ရောက်လာ… လည်း .. နဒီ ပိုအားရှိပေမပေါ့ .. မြေးရဲ့ဖေဖေ .. လူလေး .. ဒီလော… ကြီး အမြန် ရောက်လာလိမ့်မယ်လို့ကို ဘိုး မထင်ထားမိဘူးကွယ် …





ဟု ဘိုးဘိုး ပြောလာသည်။

"မနက်ဖြန် မြေးတို့ ခရီးထွက်တဲ့အခါ .. ကားမောင်းရာမှာ …လဲပြီး တစ်ယောက်တစ်လှည့် မောင်းရအောင် မောင်မောင်စံ ကို …ည့်ပေးရတာကွယ် .. ပြီးတော့ .. သွန်း အဲဒီက ပြန်ဖြစ်တဲ့အခါကျ …တော့လည်း မြေးက မိုင်းလွိုင်မှာ ကျန်နေချင် ကျန်နေနိုင်တယ်လေ.. …တွင်းကိစ္စနဲ့ဖြစ်ဖြစ် ဆိုပါတော့ .. အဲဒီအခါကျတော့လည်း မောင်စံ …သွားတာမို့ .. မောင်စံ ကားမောင်းပြီး သွန်း ကို ပြန်ပို့ပေးနိုင်မယ် … .. ဒါကြောင့် ထည့်ပေးတာလည်း ပါတယ် .. မိန်းကလေးဖော် …ဖြစ် .. ဟိုတယ်ကဝန်ထမ်းကောင်မလေး တစ်ယောက်ကို ထည့်ပေးဖို့ …း စီစဉ်ထားတာ .. ခုတော့ .. အဲဒီကောင်မလေးကို ဆေးရုံ ညအိပ်ဖို့ …တယ်ကို ဘိုး ဖုန်းဆက်လိုက်မယ် .. နှစ်ယောက် ပို့ခိုင်းလိုက်မယ်.. …တို့မိန်းကလေးချင်းလည်း အဖော်ရတာပေါ့ .. နဒီ ဆိုတာကလည်း …တို့အလုပ်ရှင်ပဲလေ .. ပြုစုကြမှာပါ .. အပုလေး ကိုတော့ လူလေးတို့ …းလွိုင်ကို သွားတဲ့အခါ .. သွန်း အဖော်ရအောင် ခေါ်သွားဖို့ ဘိုးဘိုး …ည့်ပေးလိုက်တော့မယ် .."

ဟု ဘိုးဘိုး ဆက်ပြောပါ၏။ သွန်းလေပြေ အတွက် အဖော်အဖြစ် …တစ်ခေါက်မှာလည်း အပုလေး ပဲ စာရင်းပေါက်သွားရပြန်ပြီတည့်။ …ရုံမှာမအိပ်ရဲသည့် အပုလေး ..၊ ခရီးများထွက်ရမည်ဆိုတာသာ …ကြည့် ..၊ လတ်တလော လန့်ဖျပ်နေတာတွေ အားလုံး ကြက်ပျောက် …ဆုံးဖြစ်ကုန်ကာ ပျော်မဆုံးဖြစ်သွားမှာ သေချာသည်တည့်။ ဘိုးဘိုး …ဖုန်းပြောပြီးချိန်မှာဖြင့် တမော့မော့နှင့်မျှော်လင့်ခြင်းတွေ တစ်ထမ်း …ဖြင့် ရှိနေပါသည့် အပုလေး ကို သူ ကြည့်ကာ …

"ညည်း အိပ်ရမယ်တဲ့ .. ဘိုးဘိုး ပြောတယ် .."

ဟု ချစ်စိတ်ဖြင့် နောက်လိုက်မိရပါ၏။ သူလည်း နေရင်းထိုင်ရင်း …လေပြေ ၏ခေတ် ကူးတုန်ပြီထင့် ..။ အပုလေး ကို နောက်ဟယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ဟယ် ကျီစယ်ဟယ်နှင့် လုပ်လိုက်ချင်လာသည်။

"ဟင်!..."

ဟု အသံလေးထွက်လာသည်မှ တိုးတိုးလေး ..။ မျက်နှာလေး ငိုမဲ့မဲ့ ဖြစ်နေပြီ ..။

"ညည်း .. အိမ်ပြန်အိပ်ရမှာ ပြောတာ .. သတ္တိခဲရဲ့ .."

ဟု ပြောမှ မျက်နှာလေး လန်းသွားကာ ...

"ဟယ် .. တကယ် .."

ဟု ပျော်သွားရှာပါသတည်း။ သူ .. မာမီ့အခန်းထဲ ဝင်လာ မာမီ နိုးနေပြီ။ ဖေဖေနှင့် စကားပြောနေသည်။ ဖေဖေ့လက်အ မာမီလက်တစ်ဖက်ကို ထွေးဆုပ်ထားပါ၏။ နောက်တော့လည်း ဆံစလေးကို သပ်ပေးနေပြန်သည်။

"တော်သေးတာပေါ့ နဒီ ရယ် .. မောင့်မှာဖြင့် .. ခုလို နှ မြင်ရမယ် မထင်ဘူး .. သတိလစ်နေပြီလား .. ခြေလက်တွေ ကျ လား .. စိတ်ထဲ ပူလိုက်ရတာကွယ် .."

ဟု ဖေဖေ ပြောနေပါ၏။ မာမီ့အကြည့်က ဖေဖေ့ထံမှာ အ တကြီး တန့်နေသည်။ အကြည့်သည် မရွေ့ ..၊

"ကျေးဇူးတင်ပါတယ် မောင် .. မောင့်ကို မြင်တော့ .. နှ အံ့သြသွားတာ .. ဖေဖေကလည်း ဖုန်းသွားဆက်လိုက်တာကိုး .. အလုပ်တွေ ပျက်ကုန်ပါပြီ .."

ဟု ပြောနေသမျှ သူ တံခါးဝမှာ ငြိမ်ရပ်ရင်း ကြားနေရ မြင်ကွင်းသည် အေးချမ်းကြည်နူးစရာ ဖြစ်နေသည်ပါပဲ။

"အလုပ်ဆိုတာ .. နောက်ပြန်လုပ်လို့ ရပါတယ် နဒီ .. ခုလို မှာ .. နဒီ့ အတွက် စိတ်ပူတာတစ်ခုပဲ ရှိတော့တာ .. ည .. ဒီမှာ နဲ့အတူ .. မောင်ရှိနေမယ် သိလား .. မောင် စောင့်မယ် .. နှ လိုက်နော် .."





ဟု ပြောနေပါသည့် ဖေဖေ့ကို မာမီ အတန်ကြာမျှ မော့ကြည့်နေ ၏။

"ခရီးပန်းလာတယ် မောင်ရယ် .. အိမ်ကို ပြန်ပါ .. ပြန်နားပါ .. က်ကျတော့မှ လာရင်လည်း ရတာပါပဲ .. နဒီ လည်း သက်သာနေပြီ ဥစ္စာ .. အင်း .. ဒါတွေအားလုံး ဖြစ်ကုန်ရတာ .. ဟိုကောင်မလေး ဟ်မွေ့လို့ ဖြစ်ရတာ .. မောင်လည်း အလုပ်ပျက်ရပြီ .. စိတ်ပူရပြီ .. ဒီ လည်း ဝေဒနာတွေ တစ်ထမ်းကြီးနဲ့ ခံစားရပြီ .. ကောင်းသော ခြင်းနဲ့ မဟုတ်တဲ့ ကောင်မလေးပါ မောင်ရယ် .."

ဟု မာမီ ပြောလာတော့ သူ ပို၍ နားလည်လာရပါပြီတည်း။ ချိန်မျိုးမှာပင် မာမီသည် သွန်းလေပြေကို မမေ့။ ဟုတ်သည်.. မမေ့။ န်းများဖြင့် မမေ့ခြင်း ..။ ဒါကြောင့်လည်း ဘိုး ဆုံးဖြတ်တာ မှန် ည်ဟု သူ ပို၍ ခိုင်မာသွားရပါသည့်အဖြစ်။ မာမီ ဆေးရုံက ဆင်းလာ မှာ သွန်းလေပြေမွှေး ကို ရွှေရိပ်ဦးမှာ ရှိမနေဖို့ ဆုံးဖြတ်သည့် ၏အဆုံးအဖြတ်သည် မှန်နေသည်ဟု ..။

ရုတ်တရက် မှတ်မှတ်ထင်ထင် ဖြစ်လာရသည်က ဖေဖေ ပြောခဲ့ သောစကား ..၊ ဘိုးကို ရွှေရိပ်ဦးမှာ ပြောခဲ့သောစကား ..၊

"နဒီ ဘယ်လောက်ခေါင်းမာတယ်ဆိုတာ သား သိတာပေါ့ .. ၊ ဖေဖေလည်း သိမှာပါ .. နဒီ ဟာ ဖေဖေ့သမီးပဲလေ .."

ဆိုသည့်စကား ..၊ ဟုတ်သည်။ မာမီသည် အလွန်ခေါင်းမာသည်

ဖေဖေ ပြောခဲ့သည်ပဲ။ မာမီသည် အလွန်ခေါင်းမာသည်တဲ့ ..။ းအမှတ် ကြီးသည်တဲ့ ..။

"ခက်တာပဲ .. ကောင်မလေးကလည်း အသည်းခပ်မာမာပါပဲ .. တ်မခံစိတ်ကြောင့် ဖြစ်ခဲ့တဲ့ ဒီကတောက်ကဆတ်ဖြစ်မှု တစ်ခုဟာ.. ဒါလုပ်သူ ဒဏ်ရာရချိန်မှာ သွေးတောင်မလှူဘဲ ချန်နေခဲ့ရတဲ့အထိ



www.burmeseclassic.com

အသည်းခပ်မာမာနဲ့ ရက်စက်နိုင်ပြန်ရော .. ဘယ်လိုတွေလဲ .. သူတို့ မျိုးရိုးတွေက ဘယ်လိုတွေလဲလို့ .. တွေးရအောင်ကျတော့လည်း – ဘိုးဘိုးဟာ အလွန့်ဖြောင့်မတ်ပြီး မှုတတဲ့ဘိုးဘိုး ဖြစ်နေတယ် .. ဒီတော့ မာမီကလည်း ခေါင်းမာတယ် .. အတေးအမှတ် ကြီးတယ် .. ကောင် လေးကလည်း ခေါင်းမာတယ် .. အသည်းမာတယ် .. ဒါပဲ .. ဒါပဲ –

ဟု တွေးကာ သူ ခေါင်းကို ခပ်ဖြည်းဖြည်း ယမ်းမိရပါ၏။

ခေါင်းမာခြင်းနှင့် အတေးအမှတ်ကြီးလွန်းခြင်းဆိုတာကို သူ မနှ သက်။ ဒါကိုတော့ သူ အမှန်အတိုင်းပဲ တွေးဖြစ်၏။

ခေါင်းမာခြင်းနှင့် အတေးအမှတ်ကြီးခြင်း ဆိုတာကိုလည်း သူ မကြိုက် ..၊ ဒါပေမယ့် .. တစ်ဖက်မှာက .. ဖေဖေ့ဇနီးဖြစ်သည့် မာမီ ဖြစ်နေသည်။

တစ်ဖက်မှာကျတော့လည်း .. ဘိုးဘိုး၏မြေး .. သွန်းလေပြည် ဖြစ်နေသည် ..။

ဖေဖေ့သားဖြစ်သူက .. နှစ်ဖက်စလုံးနှင့် မပတ်သက်ဘဲ နေ မရနိုင်ပါသည့် ပြည့်စုံဦးသာ ဖြစ်နေရပြန်ချေသည်တကား ..။





## အခန်း (၁၇)

"အန်တီလေး သက်သာရဲ့လားလို့ .. ဘာလို့ ခုထိ မမေးသေးတာ မသွန်း .."

ကားနောက်ခန်းမှာ ထိုင်နေရာမှ မအောင့်နိုင်တော့သည် အပုလေး မေးလာတော့ သွန်း သက်ပြင်းရှိုက်ကာ ...

"သွန်း က .. ဆရာဝန်မှ မဟုတ်တာ .. မေးမနေတော့ပါဘူး ..၊ သက်သာလည်း သတင်းသွားမေးဖြစ်မှာလည်း မဟုတ် .. မသက်သာလို့ လည်း သတင်းသွားမေးဖြစ်မှာ မဟုတ် .. အမေးခံရမယ့်သူက သွန်း မြင်ရင် .. ပိုဆိုးပြီး .. နောက်ထပ်ရောဂါတက်နေမှာ သိနေတဲ့ သွန်း က .. ဘယ်သူ့ကိုမှ .. ဘာကိုမှ မမေးလည်း မမေး ... ဘာမှလည်း မပြောတော့တာ အသင့်ဆုံးပဲလို့ သဘောပိုက်လိုက်တော့တယ် .."

သွန်း စိတ်တွေ ထွေနေသည်။ ရွှေရိပ်ဦးမှာ မနက်စောစော ခရီး ထွက်ခါနီးမှာ ဘိုးသီ ကို ကန်တော့စဉ်ခိုက်မှာလည်း ဘိုးသီ မျက်နှာ မကောင်း ..။

"အပုလေး ပြောပြတဲ့အထဲမှာ .. သွေးမလှူချင်ဘူးဆိုပြီး မြေး ငြင်းတဲ့ကိစ္စလည်း ပါတယ် .. မြေးရဲ့အန်တီလေးကလည်း သွေးအသွင်း



www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်ဘူးလို့ ငြင်းတာလည်း ပါတယ် .. ဒါပေမယ့် မြေး လိုက်မသွား တာကိုတော့ ဘိုးသိ ရင်ထဲ မကောင်းဘူး .. ဘာပဲဖြစ်ဖြစ် .. ဟိုမှာ သွေးမရှိဘဲဖြစ်နေရင် .. သွေးခက်နေရင် .. မြေးရဲ့သွေးဟာ .. မြေးရဲ့ အန်တီလေးအသက်ကို ကယ်တင်နိုင်မယ်ဆိုတာ မြေး သိထားသင့်တာ ပေါ့ .. ခေါင်းမာတဲ့ အဲဒီဝေဒနာသည်ရဲ့စကားကို အထအနကောက် ပြီး .. သက်သာသေးတယ်ပေါ့ .. ဆိုပြီး နေရစ်ခဲ့တာကိုတော့ .. မြေးရဲ့ ဘိုးအေတစ်ယောက်အနေနဲ့ .. ဝမ်းနည်းတယ် မြေး ..၊ ကဲ .. ကဲ နောက်ကို .. အဲသလို .. တစ်ပါးတစ်ယောက်အပေါ်မှာ အနေမရက်စေ စေနဲ့ .. အပြောမမှားစေနဲ့ .. အဆုံးအဖြတ် မမှားစေနဲ့ .. ဒါပဲ ဆုံးမ တယ် ..၊ သွားတော့ .. သွားတော့ .. အဘိုးဆိုတော့လည်း .. မြေးဖြစ် ကန်တော့တာမို့ .. ဘေးမသီ ရန်မခ .. လိုရာဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်ပါစေလို့ .. ဆုတော့ပေးလိုက်ပါသကွယ် ..”

ဟု မျက်နှာမကောင်းဘဲ ထိထိခိုက်ခိုက်ပြောခဲ့တာကို မမေ့နိုင် တစ်လမ်းလုံး ဘယ်သူ့ဘယ်သူကိုမှလည်း သွန်း စကားမပြောဖြစ်။ ချင်စိတ်တွေလည်း ပျောက်ဆုံးနေသည်။ ဘယ်သူ့ဘယ်သူရယ် မဟုတ်။ စကားကိုမပြောဘဲ ငြိမ်နေချင်တာပဲ သိနေသည်။ ရင်ထဲ ထိုသို့ခံစားချက်တွေပဲ ရှိနေသည်။

အရေးထဲ မအောင့်နိုင်ဘဲ ဖွင့်မေးလာသည့် အပုလေး ၏ မေး ကိုလည်း ကြုံရပြန်သည့်အဖြစ် ..။

ကားမောင်းနေသည့် ကိုကြီးကတော့ မျက်နှာတည်နေသည် ကားနောက်ခန်းကြည့်မှန်မှတစ်ဆင့် သွန်း ကိုလည်း ကြည့်လာသ မျက်ဝန်းတွေက အေးစက် စိတ်ပျက်ရိပ်တွေ ပြည့်နေသည်တည ကိုကြီးဘေးမှာ ထိုင်ရင်း တူတူပါလာသည့် ရွှေ့ခန်းမှ လေးလေးစံ တော့ အဖြစ်စုံကို သိထားသည့်သူမို့ သွန်းကို ကရုဏာဖြင့် ကြည့် သည်။





“အပုလေး .. ကလေး .. ကလေးလိုနေတာ မဟုတ်ဘူး .. အလွန် မေးအမြန်းထူတာပဲ .. ညည်း .. တခြားမေးစရာ မရှိဘူးလား .. ပြော ရာ မရှိဘူးလား .. သွန်း လည်း .. စိတ်ချမ်းသာနေတာမှ မဟုတ်တာ.. ိုးကလည်း ဆူ .. ဟိုက မျက်နှာမကောင်း .. သည်က မျက်နှာ ကောင်းနဲ့ လုပ်နေသမျှ သွန်း လည်း သည်းခံနေရတာပဲ ..”

ဟု မနေနိုင်တော့ဘဲ ဝင်ပြောလာတော့လည်း သွန်း ဝမ်းနည်းရှိုက် သေး မြင့်တက်လာရသည်။ ဟုတ်သည်လေ .. ဟိုကဆူ ..၊ သည်က ေါက် ..။ ဟိုက အထင်သေးကြည့် ..၊ သည်က အပြစ်ပြောဖြင့် သွန်း ာ စုန်းစုန်းနစ်နေရသည်။ ကြေကွဲဝမ်းနည်းရ၊ အားငယ်ရ ..။ ညဘက် ိပ်၍ပင် မရဖြင့် ကိုယ့်မျက်နှာကိုယ် မှန်ထဲပြန်ကြည့်မိစဉ်မှာ ရုတ် ည်းပင် ပါးကျနားကျလေးဖြစ်နေတာ ကိုယ့်ဘာသာကိုယ်အမြင် ..။ ါပေမယ့် သွန်း ပါးနားချောင်နေတာကို ဘယ်သူကမှ သတိထားပေး ော်ပင် မရ ..။

တစ်သက်လုံး ကလေးလိုနေ ..၊ အလိုလိုက်ခံရသမျှ ခုကျမှ လုံးလုံး ထီးကျန် အထင်သေးခံရ ဖြစ်နေရလေတော့လည်း ရင်ထဲမှာ ဝမ်းနည်း အားငယ်ရှိုက်က ခုလို လေးလေးစံ တစ်ယောက် သွန်း ဘက်က ရပ်တည် ပြောပေးတာ ခံလိုက်ရတော့လည်း မျက်ရည်လေးစို့စို့ ဖြစ်လာရသည် ါပဲ။

ဒါပေမယ့် .. ဘာကိုမှ သွန်း မပြောတော့ပါ။ အပုလေး လည်း ငြိမ်သွားသည်။

“မြပုဝါကို ပြန်မယ်ဆိုတော့လည်း ဘိုးဘိုးက လက်မခံဘူး .. ရှေရိပ်ဦးမှာကျတော့လည်း ဘိုးသိက နေလို့မဖြစ်ဘူးဆိုပြီး .. ခုကု ာော့ .. ဘယ်မှာမှန်း မသိရတဲ့နေရာတစ်ခုကို ငါ သွားနေရပါလား.. ွားရပုံများနော် .. သိမ်သိမ်ငယ်ငယ် ရှိလိုက်တာ ..”

ဟု ရင်ထဲပြည့်နေသည့် ကြေကွဲရှိုက်ဖြင့် တွေးမိရပါသည့်အဖြစ်..



www.burmeseclassic.com

www.burmeseclassic.com



အန်တီလေး နေအမြန်ကောင်းပါစေ .. ဟုလည်း သွန်း ဆု
နေ ရသည်ပါပဲ ..။ သွန်း ကြောင့် .. အန်တီလေး လေ့ကား
ပြုတ်ကျ ..။ မှန်စတွေထိနှင့် ဖြစ်ပျက်ကုန်တာတွေ မျက်ဝါးထင်
ရုတ်တရက်ကြီး ကြုံရ မြင်ရတော့ သွန်း သွေးပျက်မတတ် ချောက်
စိတ်ပူခဲ့ရသည်ဆိုတာ သွန်း ၏ကိုယ်စောင့်နတ်တွေပဲ ယုံကြည်
ချေမည်သာ ..၊ တခြား ဘယ်သူကမှ ယုံပေးကြချင်မည် မဟုတ်

ညက အစာလည်း ကောင်းကောင်း မစားဖြစ် .. မနက်က
က .. အစားမဝင် ဘာမဝင်နှင့် သွန်း ရှိခဲ့ရသည်။ ဒေါ်ကြီးထား
မော့တိုက်လိုက်ပါသည့် နို့ကြက်ဥပဲ ဖန်ခွက်ကြီးနှင့် မကုန်မချင်း
တိုက်သမျှ သောက်ခဲ့ရတာပဲ ရှိသည်။

သွေးကလည်း လျှုထားတာမို့ ကြာတော့လည်း နောက်ခန်
ခေါင်းလေး ဆိုဖာကျောမှီထက်မှာမှီရင် မျက်တောင်တွေ စင်းလာသ
ခေါင်းလေးစောင်း၍ အိပ်ပျော်သွားရပါသည့်အဖြစ် ..။

ခပ်ဖွဖွ ပခုံးကို ထိတာမို့ သွန်း နိုးလာတော့ အပုလေး နှိုးနေခြင်

"နေ့လယ်စာ .. စားမယ်တဲ့ .. ထမင်းဆိုင်ရှေ့ ရောက်နေပြီ"

ဟု အပုလေး ပြောသည်။ မျက်ခွံလေးကိုပွတ်၍ သွန်း ကိုယ်
မတ်ကာ ထိုင်လိုက်မိရင်း ပထမဆုံး ရှာလိုက်မိသည်က ကိုကြီးပါ
ကားရှေ့ခန်းမှာ မရှိ .. အပြင်ရောက်နေပြီ။ ရပ်စောင့်နေသည်က
ကိုပဲ ဖြစ်နေပါ၏။

အကြည့်က မပြောင်း ..၊ စေတနာတုံးနေသည့် အကြည့်မျိုး
ဖြစ်နေသည်။

"သွန်း .. မဆာဘူး .."

ဝမ်းနည်းနေတာမို့ တကယ်လည်း အစားအသောက်ကို ကြည့်
စိတ်ပင် မရှိ။ စားဖို့ဆိုတာ ဝေးနေသည့်အဖြစ် ..၊ ခပ်တိုးတိုး သွ
ပြောတော့ ...





"မစားလို့ မရဘူး သွန်းလေပြေမွှေး .. ဘိုးသီက သူ့မြေးကို အစား
သောက် ဝင်အောင် မကျွေးဘူးဆိုတာမျိုးတော့ အပြောမခံပါရစေနဲ့
ပြဿနာအိုး ရယ် .. စားပါဗျာ .. မစားချင်လည်း ဆင်းတော်မူပါ..
ဖြစ်လိမ့်မယ် .."

ဟု ပြတ်ပြတ်ပြောသံကိုပဲ ကိုကြီး နှုတ်ဆီမှ ကြားရတော့ သွန်း
ဝမ်းနည်းလာရကာ ရင်ထဲဆို့လာရသည်ပါပဲ။ လေးလေစုံ မျက်နှာ
ာင်းရှာ ..။

"တစ်ခုခုတော့ စားမှ ဖြစ်မှာပေါ့ ကလေးရယ် .. ခုလိုအချိန်မှာ..
ပျက်လို့ မဖြစ်ဘူးဆိုတာ ကလေး သိပါတယ် .. အာဟာရဖြစ်
င် ပိုစားရမှာ .. အားရှိစာ ပိုစားရမှာ ..၊ ဆင်း .. ဆင်း .. ဆင်းပါ
ရယ် .."

ဟု သွန်း သွေးလျှုထားတာကို နားလည်အောင်ပြောနေရင်း ကား
ခန်းတံခါး ဖွင့်ပေးတော့ သွန်း မျက်ရည်လေးတဝဲဝဲဖြင့် ဆင်း
ရသည်ပါပဲ။ မဆင်းလျှင်လည်း ကိုကြီးက စိတ်လက်မရှည်နိုင်
ယ် လှမ်းကြည့်နေသည်ကိုးလေ။ မြပုဝါမှ ရွှေရိပ်ဦးသို့ သွန်း
ခဲ့ရစဉ်တုန်းက ခရီးကို လှမ်း၍ လွမ်းလိုက်မိရသည်က သွန်း ပါ..။
းကတော့ .. စကားလေးတဖောင်ဖောင် ပြောလိုက် ..၊ အစားစား
.. အိပ်ချင် အိပ်လိုက် ..။ ဘိုးသီ နေမကောင်း၍ သွားရသည့်ခရီး
သာ ..။ အရမ်းစိတ်ကို လွှတ်၍ မပျော်နိုင်ခဲ့သောခရီးတစ်ခု ဖြစ်ခဲ့
သည့် .. ခုလောက် သိမ်ငယ် ညှိုးဖျော့သော သွန်းလေပြေမွှေး အဖြစ်
ခရီးထွက်ရတာမျိုး ဖြစ်မနေ ..။

ဆိုင်ထဲရောက်တော့ စားသောက်သူတွေ စားပွဲပြည့်နီးပါးရှိနေပြီ။
လွတ်တစ်ခုမှာ ဝင်ထိုင်ဖြစ်ကြခိုက်မှာ ...

"သွန်းလေး အတွက် ကြက်ဥဟတ်ဖရိုင် ကြော်ခိုင်းလိုက်မယ်
.."



www.burmeseclassic.com

www.burmeseclassic.com



လေးလေးစံ ခမျာ သွန်း ကို အားရှိစာတွေပဲ ကျွေးချင်ဇော်ရှိ လျက် ပြောရှာပါ၏။ သွန်း ကြက်ဥဟတ်ဖရိုင်လည်း မစားချင်ပဲ ဖြ သည်။

ခေါင်းလေးခါပြတော့ ...

“နွားနို့နဲ့ ကြက်ဥနဲ့ .. နို့ကြက်ဥ မှာလိုက်မယ်လေ .. ဒီဆိုင် ရမယ် ထင်တယ် .. မရရင်လည်း ဟိုဘက်က လက်ဖက်ရည်ဆိုင် သွားမေးကြည့်မယ်လေ .. သွန်း သောက်မှဖြစ်မှာ ..”

သွန်း ခေါင်းလေးခါပြမိပြန်သည်။ လေးလေးစံ မျက်နှာမကော တော့ပါ ..။

“မဟုတ်ဘူးလေ ကလေးရဲ့ .. ဒေါ်ကြီးထား က သေချာမှာလို တယ်၊ သွန်း ကို အားရှိတဲ့အစာ ဝင်အောင် ကျွေးရမယ်တဲ့ .. သွ မစားဘဲနေလို့ မဖြစ်ဘူးတဲ့ .. ရအောင်ကျွေးရမယ်တဲ့ .. သေချာမှာလို တာ .. အားရှိစာ မစားလို့ မဖြစ်ဘူးလေ ..”

လေးလေးစံ တွန်း၍ သွန့်ပြောနေချိန်မှာ ကိုကြီး နားကြားပြင် လာပုံဖြင့် ဝင်ပြောလာပါ၏။

“သူက .. ဖျားနေလို့လား လေးလေးစံ .. မနေ့မနက်က .. ကျ ကျန်းမာမာနဲ့ ဒေါင်ဒေါင်မြည်နေတာမှ .. ရန်တောင်ဖြစ်နိုင်နေခဲ့ တာပဲ ဥစ္စာ .. လေး သူးစံ ပြောနေပုံက .. သူက .. အားကုန်အားပြ ဖြစ်နေတာကျလို့ .. ဒီမှာ သွန်းလေပြေ .. အစားကို မစားဘဲ နေနေ မရဘူးဆိုတာ နားလည်ပါ.. အချိန်တန်ရင် စားကို စားရတယ် .. အဲ လူတွေလုပ်ရတဲ့အလုပ်ပဲ .. အငတ်နေရင် .. မင်းပဲ ဆာမှာ .. ဝမ်း နေမှာ .. ခရီးထွက်တယ်ဆိုတာ ဝမ်းဖြည့်မှ ရတယ် .. လမ်းမှာမူးတာ ဘာတို့ဖြစ်ရင်တောင် မကောင်းဘူး .. ခေါ်လာရတဲ့သူလည်း တာဝန်ကြ တယ် .. ဒီတော့ .. စားမှဖြစ်မယ့်ကိစ္စ .. ခေါင်းခါတဲ့ဖက်ရှင် ထွင်မ နဲ့ .. စားပါ ..”





ခါတိုင်းလိုမျိုးဆို သွန်း တို့ ဘယ်ငြိမ်နေလိမ့်မလဲလေ ..။ နှုတ်ခမ်း စူထော်၍ ...

“မစားချင်လို့ မစားတာ ဘာဖြစ်လဲ .. ဖက်ရှင်ထွင်တဲ့အလုပ် ရအောင် သွန်း က ဖက်ရှင်မယ်မို့လို့လား .. သွန်း ဖက်ရှင်မယ် ကြည့်ပါလား .. ဟွန်း .. ဘာဝတ်ဝတ် လှလွန်းလို့ .. သွန်းလေပြေမွှေး နေရာမှာ လှလေပြေမွှေး တောင် ဖြစ်သွားဦးမယ် .. ခု .. မစား လို့ မစားတာ .. စိတ်ညစ်နေလို့ရှင့် .. ရှင့်မျက်နှာကြီး မှန်ထဲ ကြည့်စမ်းပါ .. မျက်နှာထိ မျက်နှာထားကြီးနဲ့ .. ရှိသမျှ မျက်နှာ တွေအားလုံး တင်းပြတ်နေတော့မယ့်အတိုင်း မျက်မှောင်ကြိုးကြီး နေနေတာ .. ခရီးတူတူ ထွက်လာတာဥစ္စာ .. ဒီလောက် အိမ်ကြီးရှင် သူက မျက်နှာထားတင်းနေတာကို ဘယ်သူက ထမင်းစားဝင်တော့ တဲ့လဲ .. ဒီမှာ .. လူ စိတ်ညစ်နေတယ်နော် .. စိတ်ညစ်နေတယ် ..”

ဟု ပြန်စွာပစ်မည်ပေါ့။ ခုကျတော့ ဝမ်းနည်းနေတာပဲ ရင်ထဲရှိနေ က် ...

“ထမင်းစားမယ် .. ကြက်သားဟင်းချိုနဲ့ .. တော်ပြီ .. အဲဒါပဲ..”

ဟု အသံတိမ်လေးဖြင့် ပြောလိုက်သည်ပါပဲ။ ထိုအခါမှ ကိုကြီး နည်း မျက်ကြောတင်းတာ လျော့လာသည်။

“သူ့အတွက် မြူဆွမ်ဟင်းရည် လုပ်ပေးပါ .. ကြက်သား .. ကြက်ဥ .. ငုံးဥ .. အကုန်ထည့် ..”

ဟု စားပွဲထိုးလေးကို မှာသည်။ နောက်တော့မှ .. စားချင်တာတွေ ကိုကြီး မှာပါ၏။ လေးလေးစံ ခမျာ မျက်နှာမကောင်း ..၊ ထမင်းကို တ်တိပတ်တိမစားနိုင်ဘဲ လည်ချောင်းထဲ ခံနေသလိုကြီး ဖြစ်နေရပါ သည့် သွန်း ၏ ဒုက္ခကိုလည်း သိနေပုံ ရသည်။ ရင်ထဲဆို့နေသမျှ .. မ်းနည်းနေသမျှ .. ဘာစားစား လည်ချောင်းထဲ နင်နေသလိုကြီး သွန်း ဖြစ်နေရသည်မှာလည်း အမှန်ပါ။

www.burmeseclassic.com



"ဟင် .. ဒီလောက်ကောင်းတဲ့ မြူဆွမ်ဟင်းရည်လည်း မကျ
နမြောစရာကြီး .. ပေး .. ပေး .. အပုလေး သောက်လိုက်မယ် –"

ပန်းကန်လုံးနှင့် ပြည့်နေအောင်ရှိနေပါသည့် မြူဆွမ်ဟင်း
နမြောတာလည်း ပါ ..။ သွားရည်ကျတာလည်းပါလျက် အပုလေး
မြိန်မြိန်ရှက်ရှက် သောက်နေချိန်မှာ စားလက်စထမင်းလုတ်ကို
မစားဖြစ်ဘဲ လေးလေးစံ သုတ်ခနဲ ထွက်သွားပါ၏။ လက်ဖက်ရည်
သို့ ဝင်သွားသည်။ ပြန်လာတော့ နို့ကြက်ဥ ကိုင်းတစ်ဖန်ခွက်
ပါလာ၏။

"ဒါလေးတော့ သောက်လိုက်ပါ ကလေးရယ် .."

ဟု ပြောလာတော့ အကဲခတ်သလို ကိုကြီး တကြည့်ကြည့်ဖြ
သည်။ သွန်း .. လေးလေးစံ ကို အားနာလာရသည်မို့ နို့ကြက်ဥ
တစ်ဖန်ခွက်ကြီးကို ကောက်ကိုင်၍ မော့သောက်ပစ်လိုက်ရပါ
သွန်း ကို အရမ်းအစားအသောက်ဝင်စေ့ချင်နေသည့် လေးလေးစံ
အကဲခတ်သလို ကိုကြီး တကြည့်ကြည့်လုပ်နေတာကို မသိယောင်ပြု
သည်ကလည်း လေးလေးစံ ပါ။

ကြက်သားဟင်း၊ သီးရွက်စုံကြော်၊ ဆယ့်နှစ်မျိုးဟင်းချို
ဘောင်ကြီးကြော်တို့ဖြင့် နယ်ထမင်းဆိုင် တစ်ဆိုင်မှ ဟင်းတွေက
နေကာ သွန်း မှလွဲ၍ အားလုံး စားသောက်ဖြစ်ခဲ့ကြ ..၊ ထမင်း
ပန်းကန်မောက်မောက် ကုန်ကြသည်။

ကိုကြီး၏ လက်ကိုင်ဖုန်း မြည်လာတော့ သွန်း ကြည့်မိသည်
ဘိုး ဆီကများ ဆက်လာခြင်းပေလားဟု မျှော်လင့်ချင်သည်။ သွန်း
တစ်ခုခု ပြောလာချေမည်လားဟုလည်း တောင့်တမိသည်။

"ဟယ်လို .. ဟုတ်ကဲ့ .. ဒေါ်ကြီးထား .. မကြာဘူး .. မိုင်းလွိုင်
ရောက်တော့မှာပါ .. အခု ထမင်းဆိုင်မှာ ခဏနားနေတယ် .. ဘိုးဆီ
ကားရပ်ပြီးတာနဲ့ ဖုန်းဆက်ပြီးပါပြီ .. အားလုံး ချောချောမောမောပဲ





ထားရတယ်လေ .. ဘိုးက စိတ်ပူတတ်တာကိုး .. ကျွန်တော်
ကို ဖုန်းဆက်နေတုန်း သူက အိပ်နေတာလေ .. အိပ်နေတယ်ဆို
းက မနိုးနဲ့တော့လို့ တားတာနဲ့ .. ဟိုရောက်မှ ဘိုးဆီကို ဖုန်း
့ ကျွန်တော် ပြောမလို့ပါပဲ .."

ပြောသည့်သူက ဒေါ်ကြီးထား ဖြစ်နေသည်။ ကိုကြီး ဘိုးဆီကို
က်ချိန်မှာ သွန်း က အိပ်နေသည်တဲ့ ..။

"ဘာပြောလဲ ဒေါ်ကြီးထား ရဲ့ .. ဒီမှာ လေးလေးစံ ကလည်း ..
 အားရှိအောင် စား .. ဆိုပြီး ကြက်ဥဟတ်ဖရိုင်တွေ .. နို့ကြက်ဥ
ွန်းကျွေးချင်နေတယ် .. ဒေါ်ကြီးထား ကလည်း သွန်း ကို
င်အောင်ကျွေးဖို့ တရရ မှာနေတယ် .. စိတ်ပူနေတယ် .. ခုဆို
– ပုန်းတောင် ဆက်ပြောနေပြီ .. စိတ်ချပါ ဒေါ်ကြီးထား .. သူ ..
 နဲ့အတူ ခရီးသွားနေတာပါ .. ပြည့်စုံ တာဝန်မလစ်ဟင်းစေရပါ
က်တာက .. သူက .. မစားချင်ဘူးချည်း လုပ်နေတာ ဆိုးတယ်..
 မစားတာဗျ .. ဘယ့်နှယ်လုပ်မလဲ .."

သွန်း အတွက် ဒေါ်ကြီးထား လှမ်းပြောနေမှန်းသိတော့ ပို၍
ချပြန်သည်။ သွန်း သွေးလှူတာ သိသူဆို၍ လေးလေးစံ နှင့်
ီးထား တို့ပဲ ရှိကြတာမို့ ..။ နှစ်ယောက်စလုံးမှာ သွန်း အတွက်
ကျွေးဖို့ပဲ စိတ်ပူလက်ပူ ဖြစ်နေကြချေသည်တည့် ..။

"ရော့ .. ဒေါ်ကြီးထား စကားပြောချင်လို့တဲ့ .."

ဟု ကိုကြီး ဖုန်းပေးလာတော့ သွန်း ယူလိုက်ရပါ၏။

"ဟုတ်ကဲ့ .. ဒေါ်ကြီးထား .."

သွန်း အပေါ် သံယောဇဉ်ကြီးရှာသည်ပဲဟု နားလည်နေရရင်း
င်ထဲမှ ကလေးလို ဝမ်းနည်းပမ်းနည်းလေး ဖြစ်နေရသည်။ အား
လျှင် ကလေးများ မျက်ရည်လေးလည်တက်လာသည့်နှယ် ဖြစ်
နေရပြီ ..။



www.burmeseclassic.com

www.burmeseclassic.com



"မစားဘူးဆို .. ဘာလို့ အဲသလို ကိုယ့်ဒုက္ခကိုယ် ဖန်တီးနေရ လဲ သွန်းလေး ရယ် .. သွေးလှူထားတယ်ဆိုတာ စားရသောက်ရတာ အိပ်ရ နားရတယ် .. ခုကျတော့ .. မစားမသောက်လည်း နေတယ် ခရီးကထွက်ရတော့ .. လူလည်း ပင်ပန်းတယ် .. နားနားနေနေရယ် မရှိဘဲ ဖြစ်နေတာ .. ဟိုရောက်ရင်လည်း စားပါ ကလေးရယ် .. အိပ် လည်း အိပ် .. နားလည်း နား .. ကျန်းမာရေးကို ဂရုစိုက် .. သွန်း ရဲ့ ဖုန်းနံပါတ်လည်း ဒေါ်ကြီးထား က မသိ .. မေးလည်း မမေးလိုက် နဲ့ ရှိနေတော့ ပြည့်စုံလေး ရဲ့ဖုန်းကိုပဲ ဆက်ရတော့တာ .. သွန်း အန်တီလေးလည်း သက်သာနေပါပြီ .. စိတ်အေးအေးထား .. သွန်း ကျန်းမာရေးကို ဂရုစိုက် .. ဟုတ်ပလား.."

"ဟုတ်ကဲ့ပါ .. သွန်း ရဲ့ဖုန်းက ပိတ်ထားလိုက်တာပါ .. ဘယ် ကမှလည်း ဆက်မှာမှ မဟုတ်တာ ဒေါ်ကြီးထား ရယ် .. ဘိုးတို့ကလည်း ဆက်ကြမှာ မဟုတ်ဘူး .. သွန်း သိနေတာပဲဥစ္စာ .. အဲဒါကြောင့် ဖုန်း လုံးဝ စက်ပိတ်ထားလိုက်ပြီး စလင်းဘက်လေးထဲ ထည့်ထားလိုက် ပါ .. ဟိုကိုရောက်ရင် .. ဒေါ်ကြီးထား ဆီကို သွန်း ဖုန်းဆက်မယ်နော် ဘိုးရော.. နေကောင်းနေတယ် မဟုတ်လား ..ဘိုးလည်း သွန်း ကြောင့် စိတ်ပင်ပန်းရပြီ .. အန်တီလေး ဆေးရုံရောက်သွားရတာကိုး .. သွန်း က ကြိုဟ်ကောင်ပါ.. အားလုံးကလည်း မေတ္တာတုံးနေကြတယ် .. လား .."

ဟု ထမင်းဆိုင်အပြင်ဘက် ထွက်ရပ်၍ သွန်း ပြောနေမိရပါ၏ ဘယ်သူ့ကိုမှလည်း သွန်း ရင်ထဲကခံစားချက်တွေကို မကြားစေချင် ဒေါ်ကြီးထား ပဲ နားထောင်စေတော့ ..၊ ပြောနေရင်း မျက်ရည်က စီးကျ ကျလာသည်။ လက်ဖမိုးလေးဖြင့် သွန်း ပွတ်သုတ်လိုက်မိရင်း ဖုန်းလေး ကို ပိတ်လိုက်မိရသည်။ ဆိုင်ထဲ ပြန်ဝင်လာကာ ကိုကြီးကို တရိုတသေ လေး ပြန်ပေးလိုက်မိရပါ၏။





ကိုကြီး၏အကြည့်က သွန်း ၏ မျက်ခွံမို့မို့နီနီလေးထက်မှာ နေသည်။ သွန်း သိသည်ပေါ့။ ငိုထားသည်မို့ မျက်ခွံလေးတွေ မြန်းမြန်း ဖြစ်ချေမည်သာ ..။ သွန်းလေပြေမွှေး ဆိုတာက .. မြပုဝါမှာ စခုခု စိတ်ကောက်ငိုယိုလိုက်ပြီဆိုလျှင်လည်း မျက်ခွံလေးတွေ နီမို့ လာတတ်ကာ ..။ သွန်း ငိုတာကို ဘယ်လိုမှ .. ဘေးလူမသိဘဲ ကို မရ။ ငိုထားတာ သိသာသည်။ သွန်း ကလည်း နီးကြောင်နီးဝှက် ..။ သွန်း ငိုတာ သိလေ ပိုကြို့က်လေးမို့ မျက်ခွံမို့လေ ပိုကြိုက်လေပါ။ ဥတုန်းကတော့ ဟိုကချော့ သည်ကချော့ .. မုန့်ကျွေး ဖျော်ရည် က်နှင့် ဝိုင်း၍ ဒေါ်ကြီးသင် တို့.. ဘိုးဘိုးတို့က အပြိုင်ချော့ကြ ားကြနှင့် အလိုလိုက်ကြတာကို ပြည့်အင့်နေအောင် သွန်း လက်ခံ ဆိုင်ခဲ့ရသည်တည့် ..။

ခုကျတော့ အားလုံး ကျန်ခဲ့ပြီ ..၊ ငယ်ဘဝတည်းက .. မြပုဝါမှာ ယ်ရွယ်သေးကွေး သွန်းလေပြေမွှေး အဖြစ် ရှိနေရင်းမှ .. ချစ်အားကိုး ခွဲနွဲ့ခွင့်ရရာ ဘိုးဘိုး၏ရင်ခွင်သည်လည်း ပျောက်ဆုံးကျန်ခဲ့ရပြီ..။ စ်နှစ်တစ်ကြိမ် နှစ်ကြိမ်မျှ မြပုဝါသို့ ရောက်ရောက်လာတတ်ကာ..၊ လိုလိုက်ရင်း ချစ်ရင်းဖြင့် သွန်း ဆိုမှ သွန်း ဟူ၍ မြေးအနှစ်ဆိုသည့် ချစ်တွေ ပေးခဲ့ပါသည့် ဘိုးဘိုးသီ ၏ ရင်ခွင်သည်လည်း ပျောက်ဆုံး န်ခဲ့ရပြီ ..။ တစ်ပြိုင်တည်း အဆုံးရှုံးခံလိုက်ရပါသည့် ထိုရင်ခွင်နှစ်ခု ည် သွန်း အလွန်ချစ်အားကိုးရာရင်ခွင် ..၊ လုံခြုံမဆုံးရှိရာ ရင်ခွင် ..၊ ဖိုးမဖြတ်နိုင်ရာ ရင်ခွင်တွေ ဖြစ်ကြသည်မို့ .. သွန်း .. ဆောက်တည် ပျောက်နေသည်။ ရင်ထဲမှာ အားငယ်ပါးငယ်ဖြင့် ခိုကိုးရာပျောက် ည့်နှယ် နင့်နင့်ပါမျှ ခံစားနေရပါသည့်အဖြစ် ..။

နေ့ရာမှ .. ချာခနဲလှည့်ကာ .. ကားရှိရာသို့ သွန်း ပြန်လျှောက် မိရပါ၏။ ကားတံခါးကိုဖွင့်၍ နောက်ခန်းမှာ ငြိမ်ငြိမ်သက်သက် ိုင်လိုက်မိရပါပြီ ..။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးတို့နှင့် တစ်သက်တာ .. ချွဲနွဲ့ရာရင်ခွင်မှာ .. အားကိုး

ရမည်ဟု မျှော်လင့်ခဲ့ရာ မျှော်လင့်ချက် ..၊ ယုံကြည်စိတ်ချထားမှု

အားလုံး .. သွန်း .. လက်လွှတ်လိုက်ရပြီကောလေ ..။

"ငါဟာ .. ငါ့မျှော်လင့်ချက်တွေ .. ငါ့ စိတ်ချယုံကြည်ထားမှု

ထဲက ထွက်ပြေးနေရတဲ့သူ လုံးလုံး ဖြစ်နေပါရောလား .."

သွန်း မျက်ရည်ကျလာသည်။

ဘာတဲ့ ..၊ မျက်ရည်စက်ကို ရင်း၍ ပြောမိပါသည့်စကား ..

မျှော်လင့်ချက်များထဲမှ ထွက်ပြေးလိုက်ရသည့်သူ ..။

မိမိ၏ပျောက်ကွယ်ရာမရှိသောရင်ခွင်ဆီမှ .. ဘယ်သောအခါ

မှ .. ခွဲခွာရန်မရှိ ဟူသော စိတ်ချယုံကြည်ထားမှုဆီမှလည်း ထွက်

ပေးလိုက်ရသည့်သူ ..။

သွန်း .. မျက်ရည်မကျလျှင် .. ဘယ်သူကျမည်တဲ့လဲလေ ..







မျှော်လင့်ချက်တွေဆီက

ထွက်ပြေးလိုက်ရတဲ့သူအဖြစ်

ငြင်းဆန်ခွင့် မရှိစွာ

လက်ခံ ရပ်တည်ပေးလိုက်ရချိန်မှာ

မျက်ရည်စက်များကိုတော့

လွှတ်လပ်စွာ စီးကျခွင့်

ငါ ပေးလိုက်ရလေရဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

တိမ်ဦးယံ ..၊ လုပသောနှင်းဆီတို့ ရောင်စုံအသွေးဖြင့်ရှိရာ ကျယ်ကြီး ..။ ပန်းစံကားဖြူနီတို့ အပင်တန်းတွေဖြင့် မွေးမြူစွာ ရှိပါ သော တိမ်ဦးယံ..၊ အမိုးနီနီမြင့်မြင့်စောက်စောက်ကြီးတွေဖြင့် အနော တိုင်းဟန်နွှယ်သော အဆောက်အအုံကြီးသည် အုတ်နီရွှေးရွှေး..၊ ရော ခြယ် မှန်ပြတင်းကြီးတွေဖြင့်ရှိကာ ရှေးဟောင်းလက်ရာ အနောက်တို ဟန်တို့ဖြင့် တည်ရှိနေသော အဆောက်အအုံကြီးတွေဖြင့်ရှိကာ ..။ မီး ခေါင်းတိုင်ကြီးကိုပါ မြင်ရသည်မို့ .. ဆောင်းကာလတွေမှာ အ ကဲချေမည့်အရပ်ဆိုတာကိုတော့ သွန်း နားလည်လိုက်မိရသည်ပါပဲ

တစ်လမ်းလုံး နှုတ်ဆိတ်၍ သွန်း လိုက်လာခဲ့ကာ ..။ ခုလည်း နှုတ်ဆိတ်နေဆဲပါတည့်။ ဘယ်သူနှင့်မှ စကားမပြောချင် ..။ ငြိမ်၍ နေချင်သည်မို့ ..။ မအိပ်ပေမယ့် .. မျက်စိကို စုံမှိတ်ချကာ ကားဆို ကျောမှီမှာ ခေါင်းကိုမှေးတင်၍ ငြိမ်လိုက်လာပါသည့် သွန်း မှာ.. နု မိုင်းလှိုင်မြို့ထဲ ရောက်လာတာ ..။ တိမ်ဦးယံသို့ ရောက်လာပြီဆို တွေကို သိရသည်ကဖြင့် အပုလေး ၏ ..၊

"ဟယ် .. မိုင်းလှိုင်မြို့က ကြိုဆိုပါ၏ တဲ့ .."

ဆိုသည့်အသံ ..၊ နောက်တော့ .. အတန်ကြာ ကားမောင်းပြီးချိန် ဖြင့် ...

"ဟယ် .. အိမ်ကြီးက အကြီးကြီးပဲ .. လှလိုက်တာ .. ပန်း လည်း ရှိတယ်တော့ .."





ဟူသော အသံတို့ကြောင့် ..၊ တိမ်ဦးယံသို့ ရောက်ပြီဆိုတာ ေ သည်မို့ ထိုအခါမှ ကိုယ်လေးမတ်၍ ကိုယ်ဟန်လေးပြင်၍ ထိုင်လည်း ထိုင် ..၊ ဟိုဟိုသည်သည်လည်း ခုမှ စကြည့်ဖြစ်သည်။ ဘေးကကြည့် လျှင်ဖြင့် သွန်း အိပ်၍လိုက်လာသည်ဟု ထင်စရာဖြစ်နေပေမယ့် .။ တကယ်တမ်းက သွန်း အိပ်၍ကို မရပါ။ စကားမပြောချင်၍သာ မျက်စိ မှိတ်၍ လိုက်လာခြင်းပါတည့် ..။ ပေါ်တီကိုကြီးအောက်မှာ ကားရပ်က ကိုကြီး ကားပေါ်မှ ဆင်းသည်။ သွန်း လည်း ခပ်သုတ်သုတ်လေး က တံခါးဖွင့်၍ ဆင်းရပါ၏။ ကိုကြီး ကားတံခါးဖွင့်ပေးတာကို စောင့်၍ ဆင်းသည်ဆိုတာ ဖြစ်မှာစိုး၍ပါ။ ဒါပေမယ့် .. ကိုကြီးကဖြင့် ကား တံခါး ဖွင့်ပေးဖို့ စိတ်ကူးစိတ်သန်းပင် ရှိပုံမရ ..။ တန်း၍ အိမ်ကြီးထဲ ဝင်သွားသည်ပါပဲ ..။ ခုလိုကျတော့လည်း သွန်း ရင်ထဲ ဝမ်းနည်းကျန်ခဲ့ ရပါ၏။ တကယ်ဆို .. ကိုကြီးက အိမ်ရှင်ပေပဲလေ ..။ သွန်း ကို .. လာခဲ့ .. ဆိုတာလေးလောက်တော့ ပြောသင့်သည်ပေါ့ ..။ တဖြည်းဖြည်း သွန်း ပို၍နားလည်လာရသည်က ကိုကြီးသည် သွန်း နှင့် ရင်းနှီးလိုစိတ် မရှိတော့ခြင်းပဲ ဖြစ်လေသည်။ သွန်း နှင့် တရင်းတနှီး ရှိခဲ့တာလေးတွေ ကိုလည်း ပြန်၍ရုပ်သိမ်းလိုက်ပြီ။ ထပ်၍လည်း ခပ်ကင်းကင်းပဲ ဆက် နေချင်သည်ဆိုတာကို သွန်း နားလည်လာရသည်။ သွန်း ကို ပို့ပေးစရာ ရှိတာ ပို့ပေးပြီ။ တိမ်ဦးယံသို့အရောက် လာပို့သည့် လူတစ်ယောက်၏ ဟန်ပန်မျိုး ဖြစ်နေသည်။ အိမ်ရှင်တစ်ယောက်၏ ဧည့်ဝတ်ပြုမည့် ဟန်ပန် ကိုကြီးထံမှာ ကျန်မနေ။ ရှိမနေ ..၊ သည်တော့လည်း သွန်း ဆုံးဖြတ်ရသည်ပါပဲ ..။ ကိုကြီး စိတ်ချမ်းသာအောင် သွန်း ကလည်း ကင်းအောင် ပို၍ နေရမည်ပေါ့ ..။ ဒါပဲ ရှိသည်လေ ..၊ ဒါကိုပဲ ရွေးရ မည်သာတည့် ..။ ပရာဒိုကားကြီး၏ နောက်ဘက်မှာ ရှိနေပါသည့် သွန်း ၏ အဝတ်အစား သားရေလက်ဆွဲအိတ်ကြီးကို သွန်း ယူနေတော့ အပုလေး မှ ...



www.burmeseclassic.com

www.burmeseclassic.com



"မမသွန်း ကလည်း .. အံပုလေး သယ်မှာပေါ့ .."

ဟု ပြောပေးဖော်တော့ရသေးရှာသည်။ သွန်း ၏လက်ဆွဲအိတ်ထဲ အပုလေး ခပ်သွက်သွက်ယူသည်။ အပုလေး လက်ထဲမှာ အပုလေး ၏ အဝတ်အိတ်နှင့် သွန်း ၏လက်ဆွဲအိတ်က တစ်ဖက်စီရှိနေပြီ။ လေးလေးစံ က လေးလေးစံ ၏ အဝတ်အစားအိတ်ကို ဆွဲလျက်သားရှိနေ၏။ ကိုကြီးကတော့ တိမ်ဦးယံသို့လာတာမို့ အဝတ်အစားယူရန်မှ မလိုသည်ပဲလေ ..။ ဘာမှ သယ်မလာ ..။ အိမ်ကြီးမှာ ကိုကြီးအခန်း ..။ ကိုကြီး၏ အဝတ်အစားဆိုတာက ရှိနေသည်ကိုးလေ ..။

ခြံတံခါး ပြေးလာဖွင့်ပေးပါသည့်ဦးကို ကြည့်၍ ကိုကြီးမှ ...

"ပြည့်စုံ ခဏနားမယ် လေးလေးကျော် .. ကားကို ဂိုဒေါင်ထဲ လေးလေးကျော် ပဲ သွင်းလိုက်ပါဗျာ .. လာ လေးလေးစံ နဲ့ အပုလေး သွန်းလေပြေ လည်း လာလေ .. ခဏနားကြပေါ့ .. ညစာစားချိန်ကျမှ ဆုံကြမယ်ဗျာ .. ဘိုးဆီကိုလည်း ဖုန်းဆက်လိုက်မယ် .. ကောင်းကောင်း မွန်မွန်ရောက်ကြပြီလို့ ပြောပြရမယ် .. ဘိုးက မှာထားတယ် .. ဘိုး ဘယ်သူ့ကိုမှ ဖုန်းဆက်မနေဘူးတဲ့ .. ဒီကိုရောက်ရင် .. ပြည့်စုံလေး ပဲ လှမ်းဆက်ပါတဲ့ .."

ဟု ဧည့်ခန်းဆိုဖာရှည်ကြီးမှာ အနားယူသည့်နယ်ထိုင်ရင်း ကိုကြီး ပြောတော့ သွန်း ရင်ထဲ ပို၍ ခံစားရသည်ပါပဲ။ သြော် .. ဘိုးဘိုး သည် .. သွန်း ကိုလည်း ဖုန်းလှမ်းဆက်မှာ မဟုတ်ဆိုတာကို သွန်း သိအောင် ကိုကြီးမှတစ်ဆင့် ပြောခိုင်းနေခြင်းပါတကား ..။ ဘိုးထံသို့ လည်း သွန်း ဖုန်းမဆက်ပါနှင့်ဟု ဆိုသည့်သဘောလည်း ပါနေသည် ကောလေ ..။ သွန်း မျက်လွှာချလိုက်သည်။ သွန်း က .. သွန်း က .. အားလုံးကို လိုက်လျောသည့် သွန်း အဖြစ် .. ရှိပေးလိုက်မည်သာ .. သွန်း ၏လက်ကိုင်ဖုန်းလေးကိုလည်း စက်ကို ပိတ်ထားပေးလိုက်သည် ပါပဲ။ သွန်း ကလည်း ဆက်စရာအခွင့်အရေး မရှိ။ သွန်း ကိုလည်း





ဖုန်းဆက်ချင်သူ မရှိ။ မေတ္တာတုံးနေကြသည်မို့ ..။ သွန်း ၏လက်ကိုင် ဖုန်းလေးခမျာ အလုပ်လုပ်စရာမှ မရှိချေသည့်အတူတူ..။ ဖုန်းကို ပိတ်ပိတ်ထားလိုက်တာက အမှန်ဆုံး မဟုတ်ပါလား ..။ ဒေါ်ကြီးထား လည်း ဖုန်းမဆက်ချင်တော့ပါ ..။ သွန်း အတွက် အကောင်းဆုံးက .. ငြိမ်သက်စွာနေနေခြင်းပဲ ဖြစ်ပါချေသည်တည့် ..။

"ပြည့်စုံလေး ရောက်လာရင် .. ချက်ချင်း ပူပူလေး သောက်ရအောင် နို့အိုးကို ဆူအောင်တည်ပြီးမှ မီးအရှိန်လျှော့ပြီး တည်ထားတာ .. သောက်ပါ ပြည့်စုံလေး .. ဧည့်သည်တွေလည်း သောက်ကြပါ.."

ဟု ချက်ချင်း နွားနို့ဖန်ခွက်တွေကို လင်ပန်းလေးဖြင့် သယ်လာ သော ဒေါ်လေးတစ်ယောက် နို့ဖန်ခွက်တွေကို ဆက်တီစားပွဲထက်မှာ ချပေးလာပါ၏။ အသားဖြူဖြူ၊ ပိန်ပိန်သွယ်သွယ်လေးဖြင့် ..။ ဆံထုံး ကို ခပ်မြင့်မြင့်ထုံးထားကာ နှင်းဆီဖြူတစ်ပွင့်ကို ပန်ထားပါသည့် ဒေါ်လေးသည် မျက်နုံးစိမ်းစိမ်းထင်းထင်းလေးဖြင့် လှလှပပလည်း ရှိ သည်။ သပ်သပ်ရပ်ရပ်လည်း ရှိသည်။ ရင်ဖုံးအင်္ကျီလက်စကအဝါနုနှင့် ပိတ်ထဘီ အဝါပွင့်ရိုက်ကို ဝတ်ထားပါ၏။ မျက်နှာထား ချိုသည်။ သဘောထားကောင်းမှန်းလည်း သိသာသည်ပါပဲ ..။

"ပြည့်စုံလေး ရဲ့ဖေဖေ .. အစ်ကိုကြီးဆီက ဖုန်းဝင်လာတာမို့ .. ဧည့်သည်တွေအတွက် အခန်းပြင်ထားပြီးပါပြီ ပြည့်စုံလေး .. ညစာ အတွက်လည်း ကြိုတင်ချက်ထားပြီးပါပြီ .. ရေချိုးဖို့ ရေနွေးလည်း ရေနွေးစက်ခလုတ်လေး ဖွင့်ထားပြီးပါပြီ .. အားလုံး အသင့်ပါပဲ .."

"ဒေါ်လေးခမ်း လိုက်ပို့ပေးလိုက်ပါ .. ပြည့်စုံ တော့ နို့ကို ယူသွား လိုက်တော့မယ် .. အခန်းရောက်မှပဲ သောက်တော့မယ် .. လေးလေးစံ အေးချမ်းသာနားပါ .. သွန်းလေပြည် နဲ့ အပုလေး လည်း နားကြပါ.. ဝက်လောက်နေပြီးမှ ထမင်းစားကြတာပေါ့ .. အခန်းရောက်မှ နို့လည်း သောက်မယ် .. ဆယ်မိနစ်လောက်နားပြီးမှ ရေချိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ် ဒေါ်လေးခမ်း .. လေးလေးစံ တို့လည်း ခဏနား .. ရေမိုးချိုးလိုက်ရင် ကောင်းမယ်ထင်တယ် .. လန်းသွားမှာပေါ့ .. အပုလေး .. ညည်း-ညည်းရဲ့ မမသွန်း နဲ့တူတူ တစ်ခန်းတည်းအိမ် .. ခုတင်ကတော့ နှစ်လုံးစီစဉ်ပေးမယ် .. ညည်း သတ္တိရှိတာ သိလို .. တစ်ယောက်တည်း မအိပ်ရဲတာ ငါ သိတယ် .. ဒေါ်လေးခမ်း .. အပုလေး အတွက် အခန်းတစ်ခန်းသီးသန့်လုပ်ထားမယ် ထင်ပါရဲ့ .. တစ်ယောက်တစ်ခန်းစီ လုပ်ထားရင်လည်း .. နှစ်ယောက်တစ်ခန်းရှိတဲ့ မြောက်ဘက်က အခန်းကျယ်ကိုနေရာပြောင်းပေးလိုက်ပါ .. အပုလေး က ကြောက်တတ်တယ် ..”

ဟုပြောကာ ကိုကြီး နွားနို့ဖန်ခွက်ကို ကောက်ကိုင်၍ အပေါ်ထပ်သို့ တက်သွား၏။ အပုလေး ၏မျက်နှာလေး လန်းသွားကာ တစ်ချက်ရယ်သည်။

“တော်သေးတယ် .. ကိုကြီးက .. သဘောပေါက်လို့ .. ဟေး-ဟေး ..”

ဟုပင် အသံလေးထွက်ကာ ပေါ့ပါးနေသည့်အဖြစ် ..၊ သွန်း မှာအားပင် ကျချင်ချင် ..၊ ဧည့်ခန်းမှာ ကျန်ခဲ့တာမို့ သွန်း ဟိုဟိုသည်သည်ခုမှ ကြည့်ဖြစ်၏။ ကိုကြီးရှေ့မှာကျတော့ သူများအိမ်ကို စပ်စုရာရောက်မှာ စိုးသည်မို့ မကြည့်ရဲ ..။ ခုကျတော့မှ နွားနို့လေး ဖြည်းဖြည်းသောက်ရင်း ဟိုဟိုသည်သည် ကြည့်မိရခြင်းပါ။ ကိုယ်နေရမည့်အိမ်ပေမို့ လှလှလာလာလေးတော့ လုပ်ထားသင့်သည်လေ ..။ ဧည့်ခန်းကြီးက ကျယ်ပြန့်လွန်းသည်။ ကျွန်းပါကေးခင်းထားလျက် ..။ အခန်းအလယ်ကျကျနံရံမှာ မီးလင်းဖိုကြီးတစ်ခု ရှိနေသည်။ ဒါပေမယ့် .. ရာသီဥတု မအေးသေးတာမို့ ထင်းတုံးကြီးတွေ ရှိမနေ။ မီးလင်းဖိုကြီး၏ အနားသတ်တွေသည် ထူထဲသော အင်္ဂတေပန်းကနုတ်များဖြင့် လှပနေသည်

ကျန်နံရံဘက်မှာကျတော့ ပန်းချီကားတချို့ ရှိသည်။ နော

ထင်းခနဲ မြင်ရသည်က မင်္ဂလာဆောင်နှံစုံတွဲပုံ ..။ ပုံထဲမှ အမျိုးသမီးသည်





န်တီလေး ဖြစ်မနေ ..။ အလွန်အေးချမ်းသောအပြုံးဖြင့် ရှိနေပါသည့်း ဆန်ကြော့စင်သော အမျိုးသမီးသည် ကိုကြီး၏မေမေ ဖြစ်ပေလိမ့်ည်။ ပြီးတော့.. မင်းသမီးအဝတ်အစားဖြင့် လှပစွာ ကနေပါသည့်ပုံည်လည်း ကိုကြီး၏ မေမေပုံပဲ ဖြစ်နေသည်။ ဧည့်ခန်းမှာရှိနေသည့်မျိုးသမီးပုံတိုင်းသည် ကိုကြီး၏မေမေ့ပုံများသာတကား ..။ အန်တီလေး၏ပုံ တစ်ပုံသော်မျှ ရှိမနေ ..။ ဤသည်ကတော့ သွန်း အတွက်းဆန်းနေသည်။ ပြီးတော့.. နားလည်လာစပြုလာရသည်က ကိုကြီး၏ဖေသည် .. ဤဧည့်ခန်းမှာ.. ယခင်ကရှိခဲ့ပါလေသော မင်္ဂလာဆောင်နှံများ ..။ ပြီးတော့ .. ဇနီးသည်၏ ဓာတ်ပုံများကို .. ဇနီးသည် ကွယ်လွန်သည့်နောက်မှာလည်း ဆက်၍ မပြောင်းလဲစွာထားရှိခဲ့ချေသည်ကောဟုသောပေါက်လာခြင်းပါတကား..။ ဇနီးသည်အပေါ် .. အလွန်မြတ်နိုးသည်ပဲဟုလည်း သိလာရသည်။ ထိုအချစ်သည် .. မပြောင်းလဲနိုင်စွာပဲည်မြဲနေသည်ဆိုတာကလည်း သိလာနေရသည်။ အန်တီလေးကိုထပ်ခဲ့ပေမယ့်.. ကွယ်လွန်ခဲ့ပြီဖြစ်သော ဇနီးသည်၏ဓာတ်ပုံတွေ .. ဤအိမ်ကြီးမှာ ဆက်၍ တည်ရှိနေစေလျက်..။ အန်တီလေး၏တစ်ပုံကိုသော်မျှ မထားဘဲ ရှိနေစေခြင်းသည် .. အန်တီ လေးအပေါ် - ကြေကွဲစရာများ ရောက်တော့မည်လား ..။ အလွန် ခေါင်းမာလျက်သောအမှတ်ကြီးသည့် အန်တီလေး၏ရင်ထဲမှာ ဤအဖြစ်သည် နှစ်က်စရာတစ်ခု ဖြစ်မနေမှာကတော့ သေချာနေသည်တည့် ..။

ပန်းချီလက်ရာဖြင့် ရှိနေပါလေသော မင်းသမီးပုံဖြင့် ပန်းချီကားကြီးရှေ့မှာ သွန်း သွားရပ်မိပါသည် ..၊ မော့ကြည့်မိသည်။ ပန်းချီကားထဲ အမျိုးသမီးလေးသည် လှလှပပ ပြုံးနေသည်။ လှလှပပ ကနေသည်။ နေသည့်ဓာတ်ပုံကြီးကို ပြန်၍ ပန်းချီဆွဲထားခြင်းဆိုတာ သိသာနေသည်ပါပဲ ..။ ကိုကြီး၏မေမေသည် နုနုပျိုပျို ရှိနေ၏။ လန်းလန်းသစ် ရှိနေ၏။ အပြုံးသည် အသက်ဝင်သည်၊ အကြည့်သည် လှပ..င်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခြင်းဖြင့် ပြည့်ဝနေလျက် ..။ ထိုသို့ဝင်သောအပြုံးနှင့် မျက်လုံးသည် အေးချမ်းခြင်းများဖြင့် ဖြစ်နေသည်။

"ဒါကြောင့် .. ကိုကြီးရဲ့ဖေဖေက .. အရမ်းမြတ်နိုးတာဖြစ်မှာ လှလိုက်တာ .. အရွယ်ငယ်ငယ်လေးနဲ့ ဆုံးခဲ့တာကိုး .. ဆုံးခဲ့တာကို ကြည့်စမ်း .. ဘယ်လောက်လှနေသလဲ .. ဒီအန်တီ မရှိတော့ဘူးဆိုတာ ယုံပေးလိုက်ရမှာတောင် ဝန်လေးနေသလို ခံစားနေရတယ် .. နှမြော လိုက်တာ .. ဒီလောက်လှ .. ဒီလောက်အသက်ငယ်ငယ်လေးနဲ့ .. ကွ လွန်ခဲ့တာကိုး .. ကိုကြီးလည်း သနားပါတယ် .. ကိုကြီးလည်း ငယ် လေးနဲ့ အမိမဲ့ခဲ့ရတာ .. ပြီးတော့ .. အမေကလည်း ချောလိုက်တာ"

ဟု တွေးမိရင်း သွန်း ကိုယ်တိုင်လည်း ဖေဖေနှင့်မေမေ့ကို လွမ်း ရသည်ပါပဲ..၊ မေမေဆိုတာက သွန်း လူမှန်းမသိခင်မှာကတည်းက ဆုံး သည်။ ဖေဖေက သွန်း သုံးနှစ်သမီးမှာ ဆုံးသည်။ ဘဝဆိုတာ.. ကြေ စရာတစ်ခုကိုရင်း၍ ဖြတ်သန်းရတတ်ချေသည်ဆိုတာ သွန်း ကို သင်ခန်းစာအဖြစ် ပေးခဲ့တာနှင့်မခြား ..။ ဒေါ်လေးခမ်း ဘေးမှာ ရပ် ရင်းမှ သွန်း မော့ကြည့်နေရာ ပန်းချီကားကို တူတူမော့ကြည့်လာကာ

"ပြည့်စုံလေး ရဲ့ မေမေလေ .. အလွန်သဘောထားပြည့်ဝတာ ဒေါ်လေးခမ်း ကိုဆိုလည်း အစေအပါးရယ်လို့ကို မမြင်တာ .. မ လို့တောင် ခေါ်တတ်တာမို့ ဒေါ်လေးခမ်း မှာဖြင့် အဲဒီတုန်းက နေရခက်ပါလေရဲ့ကွယ် .. ညီမနှင်း လို့ သူ့ကိုလည်း ခေါ်ခိုင်း တယ်လေ .. အဲဒီတုန်းကများ .. မမလေးနှင်း လို့ ခေါ်ခွင့်ပြု မနည်း တောင်းပန်ယူခဲ့ရတာ .. အလွန် စိတ်ထားမြင့်မြတ်တာ .. အ လေးငယ်ငယ် အရွယ်ကောင်း .. အလှတွေ ပြည့်ဝနေတဲ့အချိန်လေး သားကလေးနဲ့အတူ .. ခင်ပွန်းသည်နှင့်အတူ ပျော်ပျော်နေရမယ့် လေး ဆုံးရှုံးခဲ့ရတာ .. ကွယ်လွန်ခဲ့ရတာဖြင့် အလွန်နမြောဖို့လည်း ကောင်းတယ် .. စိတ်ထိခိုက်ဖို့လည်း ကောင်းတယ် မိန်းကလေးရယ်





တို့ကြီးက မမလေးကို အလွန်ချစ်မြတ်နိုးတာ .. ခု ကြည့်လေ .. မှာ မမလေးပုံတွေချည်းပဲ .. အစ်ကိုကြီးအခန်းမှာလည်း မမလေးပုံ ပဲ ရှိတာ .."

ဟု ပြောပြနေသည်။ သွန်း စိတ်ထဲမကောင်းပါ။ ထိုမျှ ချစ်ကြပါ ခနီးမောင်နှံတို့ကြားမှာ သေခြင်းတရားဆိုတာကြီးက အရမ်းကို သွန်းစွာ မညှာမထောက် ရောက်လာရက်သည်ကော .. ဟုပင် ကြောင်ကဲ တွေးမိရသည်ပါပဲ ..။

ခလေးလေးစံ သားရေလက်ဆွဲအိတ်ဖြင့် နောက်ပါးမှာ လာရပ်လာ မို့ သွန်း လည်း ဒေါ်လေးခမ်း နှင့်အတူ အပေါ်ထပ်သို့ တက်လာရ ၊ အပုလေး ကတော့ သွန်း နှင့်တူတူ တစ်ခန်းတည်းမှာနေရမည် ကြောင့် အားတွေတက်နေပုံ ရသည်။ မျက်နှာလေး လန်းနေ၏။ ၏ အဝတ်အစားအိတ်ကိုပါ ဆွဲလာသည့် အပုလေး ပါ ..။

နှစ်ယောက်အခန်းကျယ်ကြီး တစ်ခန်းမှာ သွန်း နှင့် အပုလေး ကချပေးသည်။ လေးလေးစံ ကိုကျတော့ တစ်ယောက်ခန်းတစ် ပိုင်ခွဲပေးပါ၏။

သွန်း တို့နှစ်ယောက် တူတူနေရမည့်ကိစ္စက ကိုကြီး ခုမှပြောတာ လေးခမ်း မှာ အိပ်ရာတွေဘာတွေ ကျွန်းခုတင်နှစ်လုံးမှာ ခင်း ရပြန်သည်။ သွန်း မနေနိုင် ..၊ လိုက်၍ ကူညီလုပ်ကိုင်ပေးရ အပုလေး လည်း ပေါ့ပေါ့ပါးပါးဖြင့် အိပ်ရာတွေ ဘာတွေကို ခင်းပေးနေသည်။

ဒေါ်လေးခမ်း မှ ခုတင်ဘေး စာကြည့်စားပွဲပုလေးထက်မှာ စားပွဲ တွေ ခင်းကျင်း ..၊ တစ်ချက်အပြင်ထွက်သွားကာ ပြန်လာတော့ ငုံ့တွေထိုးထားရာပန်းအိုး ပါလာသည်။ ဆက်တီစားပွဲထက်မှာ ဘင်သည်။ စာကြည့်စားပွဲပုလေးထက်မှာ တစ်လုံးတင်သည်။

"ဘက်ခန်းမှာ တစ်ခန်းစီ နေရာပြင်ထားတာလေ .. အဲဒီအခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲက ပန်းအိုးလေး သွားယူလာခဲ့တာ .. ပြတင်းတံခါးခန်းဆီးတွေ
တော့ .. အခန်းမှာ လူရှိရှိ .. မရှိရှိ .. တစ်အိမ်လုံး တစ်ပြိုင်တည်း
လဲလဲတပ်သွားရတာမို့ .. ခန်းဆီးတွေကတော့ မနေ့က ထပ်ပြီး အသ
လဲတပ်ထားတာလေ .. အစ်ကိုကြီးက သန့်ပြန့်ပြီး လှလှပပ .. လ
လင်းချင်းချင်းရှိတာကို ကြိုက်တယ် .. မမလေးလို ဆိုပါတော့ .. 
လေးတလည်း အငြိမ့်မင်းသမီးလေးရယ်လို့ မပြောရဘူး .. အလွန် အ
အပမြတ်နိုးတာ .. မမလေး ရှိတုန်းကဆို .. အိမ်ကို အလှဆင်တာ
အချိန်ကုန်နေတတ်တာလေ .. ခန်းဆီးတွေ သုံးရက်တစ်ခါလော
တစ်အိမ်လုံး လဲတယ် .. ပန်းအလှအိုးလေးတွေ ထိုးတတ်တယ် .. ဆို
စွပ်ကြီးတွေမှာ မှီအုံးတွေမှီတဲ့ဥစ္စာမှာလည်း ဆိုဖာစွပ်တွေလည်း 
ပတ်တစ်ခါလောက် လဲနေတတ်တာလေ .. မှီအုံးလေးတွေဆိုတာ 
လေးလက်ရာ ပန်းထိုးထားတာလေးတွေများ .. တကယ့်ပန်းအစစ်
တွေ ကျနေတာပဲ .. စိုလဲ့ပြီး အလွန်လှတာ .. အဲဒီ မှီအုံးအစွပ်လေး
ဆိုရင် အစ်ကိုကြီးက .. တယုတယသိမ်းထားတတ်တာ .. မမလေး
အလွန်သတိရတဲ့အခါမျိုးလို့ ထင်တာပဲလေ .. အဲဒီအခါကျရင် 
မှီအုံးအစွပ်လေးတွေကို .. အစ်ကိုကြီး ကိုယ်တိုင် လဲစွပ်တတ်တယ်
ငိုင်နေတတ်တယ် .. သူ့ခမျာ .. မမလေးကို လွမ်းရှာတယ်ထင်ပါရဲ့
အလွန်ချစ်သကိုး ..၊ အစ်ကိုကြီးခမျာ မမလေး ဆုံးသွားတယ်ဆိုတာ
ရင်ထဲက လက်ခံနိုင်ပုံ မရဘူး .. ည .. ညတွေများ .. တစ်ခါတစ်ခါ
ဒေါ်လေးခမ်း ရေဆာလို့ ရေထသောက်ချိန်မှာ .. အစ်ကိုကြီးကို ..
ပန်းချီကားကြီးရှေ့ ရပ်ငေးနေတာ .. တွေ့ရတတ်ပါရဲ့ .."

ဟု လွမ်းလွမ်းတတဖြင့် ကွယ်လွန်သူ အရှင်သခင်မကို
သတိတရဖြစ်ရင်း ပြောသည်။ အန်ကယ် ဦးကြည်မျိုးသာ ၏အ
ကိုလည်း ပြောပြနေချေသမျှ သွန်း ငြိမ်သက် နားထောင်ရင်း ...

"သွန်း ရဲ့ဖေဖေကလည်း .. အဲသလိုပဲ ဒေါ်လေးခမ်း ရဲ့ ..





တ်ပုံကြီးရှေ့မှာ .. ညဘက်မှာ .. ရပ်ငေးနေတတ်တယ်တဲ့ .. သွန်း
နှစ်အရွယ်လေးမှာ ဖေဖေ ဆုံးတာလေ .. မေမေ့ကို ဖေဖေ လွမ်းပြီး
သလိုကြည့်နေတတ်တဲ့ ညတွေအကြောင်းကို .. ဘိုးဘိုးက သွန်း
ပြန်ပြောပြတတ်တယ် .."

ဟု ဝင်ဖြည့်၍ ပြောပြလိုက်ချင်သည်။ ဒါပေမယ့် မပြောပြဖြစ်
ာ့ပါ ..။

"ကဲ .. ကဲ .. မိန်းကလေးတို့ နားကြ .. ရေချိုးလိုက်ကြ .. ရေနွေး
တ်ကို ဒေါ်ကြီးခမ်း နှိပ်ထားပေးခဲ့တယ် .. ဒေါ်လေးလည်း မီးဖိုဘက်
ဝင်လိုက်ဦးမယ် .. စားဖို့သောက်ဖို့ ပြင်ရမယ်လေ .."

ဟု သခင်မလေးကို လွမ်းသည့်အလွမ်းကို မျက်ရည်လေးစို့နေရင်း
း်သတ်ကာ နေရာမှ ခပ်သုတ်သုတ်ထွက်သွားတော့ သွန်း ငေး၍
ရစ်ခဲ့ပါ၏။

အပုလေး ဘေးမှာ လာထိုင်သည်။ ဟိုဟိုသည်သည်ကြည့်သည်။

"မမသွန်း .. အဲဒီမင်းသမီးက ကိုကြီးရဲ့အမေလား .. ဟုတ်လား၊
လိုက်တာနော် .. အဲသလောက်လှတာ .. သေသွားပြီဆိုတော့ ..
သမီးအဝတ်အစားနဲ့လည်း သိပ်လှနေတော့ .. ဟို .. ဟို .. ဒီအိမ်ကြီး
လည်း တဇွေရုပ်ရှင်ကားထဲကလို .. အကြီးကြီးဆိုတော့ .. မင်းသမီး
ဖြစ်ပြီး သွားလာနေမှာလားဟင် .. အပုလေး .. ကြောက်တယ် ..
လေး ကြည့်ဖူးတဲ့ အင်္ဂလိပ်ရုပ်ရှင်တစ္ဆေကားထဲမှာ အဲဒီ တစ္ဆေ
သမီးက သိပ်ချောတာ .. ဂါဝန်ရှည်ကြီးနဲ့ သီလား .. အရိပ်လိုလို
သွားလိုက် .. လေတိုးသံတွေ ကြားရလိုက် .. ခြေသံတိုးတိုးနဲ့ သွား
နေလိုက် .. စားပွဲပေါ်ကစာအုပ်တွေဆို .. စာရွက်လေးတွေ လန်နေ
ာ် .. အခန်းတံခါးရွက်တွေက အလိုလို ပွင့်သွားလိုက် .. ထိုင်ခုံက
ရှိဘဲ လှုပ်နေလိုက်နဲ့ .. အပုလေး ဖြင့် မင်းသမီးကလည်း လှတော့
ည့်လည်း ကြည့်ချင် .. ကြောက်လည်း ကြောက်နဲ့ ဖြစ်နေတာ သိ



www.burmeseclassic.com

www.burmeseclassic.com



လား .. ဟော .. ကြည့် .. ပန်းနုံ့တွေ မွှေးလာလိုက်တာ .. ဟိုပန်းချီကား
က မင်းသမီးတစ္ဆေများ .. အခန်းထဲဝင်လာလား မသိဘူး .."

အဘယ်အင်္ဂလိပ်ရုပ်ရှင် တစ္ဆေကားကို လေးလေးစံ နှင့် ပုလင်
ဘူးဆို့လုပ်ကာ မြိန်ရည်ရှက်ရည်ကြည့်ခဲ့သည် မသိ။ ခုကျတော့ သူ
အိမ် လာပြီး မင်းသမီးတစ္ဆေကြောက်ခန်း ဇာတ်လမ်းခင်းနေသ
အပုလေး ကို သွန်း ကြည့်ကာ ဤတစ်ကြိမ်မှာတော့ မပြောမဖြစ်တော
မို့ ...

"ပေါက်ပေါက်ရှာရှာ ကြပ်ကြပ်ပြော .. အဲသလို သူများအိမ်
မပြောရဘူးလေ .. သူများအိမ်လည်း လာတည်းသေးတယ် .. သူများ
ကိုလည်း တစ္ဆေခြောက်တဲ့အိမ်လည်း လုပ်နေသေးတယ် .. နောက်
အဲသလို စကားကို အရမ်းမပြောရဘူး အပုလေး.. ကိုကြီးကြားရင်
ကောင်းမလဲ .. နောက်ကို ကြောက်တတ်ရင် တစ္ဆေကား မကြည့်နဲ့

ဟု ပြောတော့ မျက်နှာငယ်လေးဖြင့် ငြိမ်နေသည်။

"အခန်းထဲကို အမွှေးနံ့ဝင်လာတာက .. ဟိုမှာ မတွေ့ဘူးလား
စံကားဖြူ .. စံကားနီအပင်တန်းတွေ .. လေနဲ့အတူ အနံ့က ပိုပြီး
တာပေါ့ .. မမသွန်း ရေချိုးတော့မယ် .."

ဟု ပြောကာ သွန်း ရေချိုးခန်းဝင်သည်။ ခေါင်းတွေအုံနေသည်
လည်း မသက်သာ။ ရေပူပူဖြင့် ရေချိုးပစ်လိုက်တော့ အတန်မျှ
လာရသည့်နှယ် ရှိသွားသည်ပါပဲ။ သွန်း ရေချိုးထွက်လာတော့ အပု
ကို ခုတင်ပေါ် ခြေထောက်တွေကအစ အားလုံးတင်ထားကာ ဒူး
ပိုက်၍ ဘယ်နေရာကများ တစ္ဆေ ထွက်လာမည်လဲဆိုသည့် အလန့်
ကြည့်မျိုးဖြင့် ဟိုကြည့်သည်ကြည့်အချိုးဖြင့် မြင်ရပြန်တော့ စိတ်ည
ပြန်သည်ပါပဲ။ တစ်ခုတော့ ရှိသည်။ သေလွန်သူတစ်ယောက်၏ပုံ
ကို ဤမျှ များပြားစွာ အိမ်ကြီးတစ်လုံး၏ဧည့်ခန်းနံရံတွေမှာ ချိတ်
တာမျိုးဆိုတာကတော့ ဖြစ်တောင့်ဖြစ်ခဲ မဟုတ်ပါလားလေ ..။ တစ်





စလောက်ပဲ လွန်ရောကျွံရော ချိတ်မည်ပေါ့ ..။ ခုကျတော့ ပုံတွေက
း များသည်။ လူကလည်း လှသည် ..။ အကြောက်အိုး အပုလေး
တကာ့ဓာတ်ပုံများစွာကို ငေးကြည့်တုန်းကတော့ ငေးခဲ့ပြီး ..။ ခုကျ
မှ အလန့်ရှိန်တက်နေပုံ ရပါ၏။ ရူးတူးပေါတာလေးမှန်း သိသာ
မို့လည်း သွန်း မဆူချင်တော့ပါ ..။

"အပုလေး ရေသွားချိုးတော့ .. မမသွန်း ခဏလှဲလိုက်မယ် ..
.. မမသွန်း မစားတော့ဘူးလို့ ကိုကြီးကို ပြောလိုက်နော် .. အပု
လာတဲ့အခါ .. နွားနို့လေးပဲ ယူလာခဲ့ .."

ဟု ရင်ထဲ စားချင်စိတ်ကို မရှိတာမို့ ပြောတော့ အပုလေး ခေါင်း
သည်။ မျက်နှာသော့ မကောင်း ..।

"ဒါဆို .. အပုလေး က အောက်ထပ်ကို တစ်ယောက်တည်း
မှာလား ..। ထမင်းစားဖို့လေ .."

ဟု မေးလာတော့မှ ဘာကြောင့် မျက်နှာမကောင်းတာ အဖြေပေါ်
ပါ၏။

"လေးလေးစံ ရှိတာပဲဥစ္စာ .. ဒေါ်လေးခမ်း လာခေါ်ရင်လည်း
လေးခမ်း နဲ့ အောက်ထပ်ကို တူတူသွားလို့ရတာပဲ .. လေးလေးစံ
ခေါ်တယ်ဆိုရင်လည်း လေးလေးစံ နဲ့တူတူ ထမင်းစားခန်းသွား
"

ဟု ပြောတော့ မျက်နှာငယ်လေးဖြင့် ကွက်ကြည့်ကွက်ကြည့် အပု
လုပ်နေသည်။ နောက်တော့လည်း မျက်နှာငယ်လေးဖြင့် ...

"ထမင်းစားတာပဲဥစ္စာ .. နည်းနည်းလောက်တော့ စားရောပေါ့
န်း ကလဲ .. နေ့လယ်ကလည်း မမသွန်း ဘာမှစားတာ မဟုတ်
နွားနို့လေးလောက်ပဲ သောက်နေတာ .. အပုလေး ဖြင့် မမသွန်း
ကြည့်ရတာ .. အသားတွေတောင် နို့ရောင်ထွက်နေပြီ .."

ဟု ပြောလာတော့ သွန်း မှန်တင်ခုံရှေ့မှာ သွားရပ်မိလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည်ပဲလေ။ သွန်း မျက်နှာ ဖျော့နေသည်။ ဒေါက်တာ အ ကတော့ သွန်း ၏အသားလေးတွေ နီ့ရောင်ရောက်နေပြီဟု ပြော

ထိုစဉ်ခိုက် .. ဒေါ်လေးခမ်း ရောက်လာကာ ...

"ပြည့်စုံလေး က ထမင်းစားတော့မယ်တဲ့ .."

ဟု ပြောလာတာမို့ အပုလေး ကသုတ်ကရက် ရေချိုးခန်းဝင် ရေသုတ်သုတ်ချိုးသည်။ အဝတ်အစားလေးလဲပြီးချိန်မှာတော့ ငယ်လေးဖြင့် သွန်း ကို ကြည့်နေသေးသည်။ သွန်း မလိုက်တဲ့ သေချာသည်မို့ စိတ်လျှော့လိုက်ကာ ..

"ရေမချိုးထားမိတော့ ခက်တာပဲ .. ဒေါ်လေးခမ်း လာတဲ့ ရေချိုးပြီးပြီဆိုရင်ဖြင့် အပုလေး တစ်လက်စတည်း လိုက်သွ တယ် .. ခုတော့ .. တစ်ယောက်တည်း သွားရတော့မှာ .."

ဟု ရင်ခတ်၍ စိတ်ညစ်လက်ညစ်ဖြင့် ညည်းနေသည်က ရုပ်ရှင် အကြည့်ကောင်းသည့် အကျိုးဆက်အဖြစ် ဒုက္ခရော ချောက်ပေါက်ကျနေခြင်းဖြင့်ပါ..။

သွန်း သက်ပြင်းရှိုက်လိုက်ကာ ...

"ကဲ .. မမသွန်း ထမင်းဆင်းစားလိုက်တော့မယ် .. တစ် သတိပေးထားပါရဲ့ .. တစ္ဆေတွေ ဘာတွေ ကိုကြီးရှေ့မှာ သွား စေနဲ့ ..၊ ဒါ .. ကိုကြီးရဲ့အိမ်ဆိုတာ မမေ့နဲ့ .. ကိုကြီးအိမ် လာနေနေသေးတယ်.. ကိုကြီးရဲ့အမေကို တစ္ဆေမင်းသမီးလို့ တယ်ဆိုရင် ဘယ်ကောင်းမလဲ .. ကိုကြီး စိတ်ဆိုးမှာပေါ့ .."

ဟု သတိ အတန်တန်ပေးနေရသည်က သွန်း ပါ။

"အပုလေး က သရဲဆို မကြောက်ပါဘူး .. တစ္ဆေပဲကြော အပုလေး ကြည့်တဲ့ ရုပ်ရှင်က တစ္ဆေကားလေ .. သရဲကားဆို လျှာတွေထွက် .. မျက်လုံးကြီးပြူးတာတွေပါတာ .. အဲဒါကို .. မ တာနဲ့ မကြည့်ဘဲနေလိုက်တော့ သရဲဆိုတာကို မကြောက်တ





.. မြင်မှမမြင်ဖူးတာ .. အခု တစ္ဆေကားဆိုတာက .. လှလည်း လှ.. ည့်ရတာလည်းလှ ဆိုတော့ .. ကြည့်မိတာ .."

သွန်း တုတုလိုက်မည်ဆို၍လား မသိ။ လေတွေ ဘာတွေ ရှင်လာ ဘေးမှ ကပ်လိုက်လာသည်။

"ဒေါ်ကြီးထား ပြောပြတယ် သိလား .. အပုလေးကို တစ္ဆေပုံပြင် .. ပန်းတစ္ဆေမင်းသမီး .. မြွေတစ္ဆေ .. မြွေမင်းသမီး .. အဲဒါတွေ ပြတာများ .. နားထောင်လို့လည်း ကောင်းတယ် .. ကြောက်ဖို့ ည်း ကောင်းတယ်.. တစ္ဆေဆိုတော့ ခြောက်တာပေါ့ .. ခြေသံတွေ ရတယ် .. သီချင်းဆိုသံတွေ ကြားရတယ် .. လေတွေ တိုက်တယ်.. အနံ့တွေ ပေးတယ် .. ခြေကျင်းမှာ ခြူလုံးလေးတွေပါတဲ့ ခြေကျင်း တ်ပြီး .. ညသန်းခေါင်ယံအချိန်မှာ လမ်းလျှောက်တတ်တယ် .."

အပုလေး အာရုံထဲမှာ တစ္ဆေပုံပြင်နှင့် တစ္ဆေလက္ခဏာတွေက ပုံရသည်။ သွန်း စိတ်ညစ်ညစ်ဖြင့် လှေကားတစ်ဝက်မှာ ရပ်လိုက် ..

"ဆက်ပြောရင် ... မမသွန်း မလိုက်တော့ဘူး .."

ဟု ပြောတော့မှ အသံတိတ်သွားပါ၏။ ဧည့်ခန်းသို့ရောက်တော့ ရဲဖြင့် ကိုကြီး၏ မေမေ့ဓာတ်ပုံကြီးတွေ၊ ပန်းချီကားတွေကို ကြည့် အောင်ကြည့်သည်ကလည်း အပုလေး ပါ။ ထမင်းစားခန်းထဲ ရောက် အားလုံးရောက်နေပြီ ..။

"အပုလေး ရေချိုးနေတာစောင့်ရလို့ .. နည်းနည်း .. နောက်ကျ ဘယ် ဒေါ်လေးခမ်း .."

ဟု သွန်း တောင်းပန်သလို ဒေါ်လေးခမ်း ကို ပြောရပေမယ့် ..။ ကြည့်ကတော့ ကိုကြီးထံ ရောက်ရသည်ပါပဲ။ ကိုကြီးကိုလည်း င်းပန်သည့်သဘော ..။

ကိုကြီး ဘာမျှမပြော ..။ ဇွန်းခက်ရင်းကို ကောက်ကိုင် မို့ သွန်း



www.burmeseclassic.com

www.burmeseclassic.com



ထမင်းပွဲရှေ့မှာ ထိုင်လိုက်ရပါ၏။ ဟင်းအမယ်တွေ စုံသည်။ ဒါ
မယ့် .. သွန်း စား၍မကောင်း။ စိတ်က ဘိုးဘိုးထံ ရောက်၏။ ဘိုး
တို့ အရမ်းကို ပစ်ပစ်ရက်ရက်ဖြင့် သွန်း ကို စိတ်ဆိုးနေကြဆဲ ဖြစ်
ကြသည်ကိုက .. သွန်း အတွက် ရင်ထဲမှာ ကြေကွဲဝမ်းနည်းစရာ ဖြစ်
ရသည်ပါပဲ။ မနေ့ကဖြစ်သည့်ကိစ္စ ..၊ ညှိုညနေပိုင်းမှာ သွန်း အတွ
အလူးအလဲလိမ့်ခံနေရသည့် စိတ်ထိခိုက်အားငယ်မှုတွေက အင်အ
မသေး။ ပြင်းထန်နေတာမို့ လူလည်း ခြန်းခြန်းကျမှု အားအင်ဆုတ်
သည်သို့ ရှိရသည်ပါပဲ ..။ ထမင်းတစ်ဝက် မရောက်နိုင် ..။ သွန်း ထ
ကာ ...

"သွန်း အိပ်ချင်လို့ပါ .. နားပါရစေ .."

ဟု ကိုကြီးကို ဦးတည်ပြောရပေမယ့် .. အကြည့်ကတော့ ဒေါ်လေး
ခမ်းထံမှာ ဖြစ်နေစေရကာ ..။ ထမင်းပန်းကန်လေးကိုင်၍ ပန်းက
ဆေးစင်နေရာသို့ သွန်း သွားရပါ၏။

"ဒေါ်လေးခမ်း .. ပန်းကန်ယူလိုက်ပါဗျာ .. ဒီနေ့ .. နားချင်နေ
ပါတယ် .. နားပစေ .. နွားနို့ပူပူတစ်ခွက် .. သူ့အခန်းထဲ ပို့ပေးလို
ပါဦး .. ဒီမှာ သွန်းလေပြေ .. ကိုကြီးတို့အိမ်ကို ရောက်လာပြီ .. ထမင်
အောင် စားပေးပါ .. အစားမစား ဘာမစားလုပ်နေလို့လည်း မ
လုပ်ခဲ့တဲ့ အဖြစ်တွေဟာ ပျောက်ကွယ်ကုန်ကြမှာ မဟုတ်ဘူး .. မနေ့
ပြဿနာတက်တယ် .. ဒီနေ့ညမှာ မင်းကိုယ်လေးက တစ်ဝက်နီး
ပိန်ကျနေပြီ .. သိပ်မြန်လွန်းနေတယ် .. ဒီတော့ .. အစားအသောက်
ဒီမှာတော့ မပျက်ပါစေနဲ့ .."

ဟု ကိုကြီး ပြောလာတော့ သွန်း ခေါင်းလေးညိတ်ပြရုံပဲ ညိတ်
ကာ ...

"သွန်းအတွက် တကန်တက .. နွားနို့ခွက်ကြီး လာမပို့ပါနဲ့
ဒေါ်လေးခမ်း ရယ် .. သွန်း ဒီမှာပဲ သောက်ပါ့မယ် .. ဖန်ခွက်တစ်





လောက်ပဲ သောက်ပါရစေ .."

ဒေါ်လေးခမ်း လာပို့ရမှာကို အားနာနေတာမို့ ပြောရပေမယ့် ..။
နွားနို့ကို အီနောက်နေတာမို့ သောက်၍မဝင်နိုင်ဘဲ ဖြစ်နေတာ သွန်း
ပဲ သိရပါသည့်အဖြစ် ..။

"ဒါဆို ဒေါ်လေးခမ်း .. နို့ဖန်ခွက်တစ်ဝက် ထည့်ပေးလိုက်ပါဦး.."

ဟု ကိုကြီး ပြောလာပါ၏။ ဒေါ်လေးခမ်း တိုက်သည့် နွားနို့
ဖန်ခွက်တစ်ဝက်ကို ကုန်အောင် မနည်းကြိုးသောက်ပြီးသည့်နောက်မှာ
သွန်း အပေါ်ထပ်သို့ တက်ခဲ့သည်ပါပဲ။ ဘာပဲဖြစ်ဖြစ် ..၊ ကိုကြီးသည်
သွန်း အစားအသောက်မဝင်နိုင်ဘဲဖြစ်နေတာကို ထုတ်၍ ပြောဖော်
ဆိုဖော်လေးတော့ ရလာသည်မို့ ..။ ငါ့ကိုတော့ ဂရုစိုက်သား .. ဆိုသည့်
ခံစားချက်လေးဖြင့် ရင်ထဲ တစ်ချက်ကြည်နူးအားတက်သွားရ ..၊ ပျော်
သွားရသည်ပါပဲ။ ဘာပဲဖြစ်ဖြစ်။ ကိုကြီး နည်းနည်းတော့ စိတ်ပြေလာ
ချေသည်ပြီလား မသိ ..။ အခန်းထဲရောက်တော့ ရေချိုးခန်းဝင်ကာ ..
သွားလေး တိုက် ..၊ ညဝတ်အင်္ကျီ ဖြူဖြူပွပွကြီးဝတ်ကာ ..။ အိပ်ရာထက်
မှာ လှဲလိုက်ရပါသည့်အဖြစ် ..။ တစ်ကိုယ်လုံး ကိုက်ခဲနေသည်။
ချက်ခုံးရိုးတွေ ကိုက်နေသည်။ ဒါပေမယ့် .. အိပ်ချင်စိတ်ကလည်း
ပျောက်နေပြန်၏။ စောင်လေးခြုံကာ သွန်း ငြိမ်နေလိုက်ရသည်ပါပဲ..။
အပုလေး အခန်းထဲ ရောက်လာသည်။ ဒေါ်လေးခမ်း ကို လိုက်ပို့နိုင်း
သည်ထင့် ..။ ဒေါ်လေးခမ်း အသံကိုလည်း ကြားရသည်။ မကြာလိုက်..
အပုလေး အိပ်ရာဝင်ပါချေ၏။ သိပ်မကြာလိုက် .. တစ္ဆေကြောက်
အပုလေး .. ခုလို .. သွန်း နှင့် တစ်ခန်းတည်း အတူအိပ်ရ၍လား..။
မီးတွေ အခန်းထဲလင်းအောင် ဖွင့်အိပ်ရ၍ ကျောလုံနေ၍လား မသိ ..။
ဟောက်သံတွေ ဘာတွေပင် လွင့်နေရင်း နှစ်နှစ်ခြိုက်ခြိုက် .. တရှေ့ရှေ့..
သရဲမေ့.. အအိပ်ကြီးအိပ်၍သွားသည်မှ သွန်း ပင် အားကျချင်လာစေ
သည်အထိပါ..။



www.burmeseclassic.com

www.burmeseclassic.com



သွန်း သာ မအိပ်နိုင် ..။

အန်တီလေး၏ ဒွေးသံတွေနှင့် ပုံရိပ် ..၊ ဘိုးဘိုးသီ ၏ ဒေါသသင့်နေသော မျက်နှာ ..၊ နောက် .. ဘိုးဘိုးက မြပုဝါသို့ ပြန်မလာနှင့် ဟု လှမ်း၍ စိတ်လက်ဆိုးရင်း အရှက်သည်းနေရင်း ပြောခဲ့ပါသည့် ဖုန်းထဲမှ စကားသံ ..။ အားလုံးသည် အာရုံထဲက မပျောက်။ ပျောက်၍ မရ ..၊ မနက် လေးနာရီထိုးသည့် နာရီဒင်ဖေါင်သံကို ဧည့်ခန်း တိုင်ကပ်နာရီကြီးဆီမှ ကြားနေရသည်အထိ သွန်း အိပ်မရသေး..။ နောက်တော့မှ *မေးခနဲ အိပ်ပျော်သွားရကာ ..။ နိုးလာတော့ ပြတင်းပြည့်ချထားသော* ဓာခန်းဆီး မိုးပြာရောင်ကို ထိုး၍ တိုးဝင်လာသည့် နေရောင်ကို မြင်ရသည့်မို့ လူးလဲထလိုက်ရသည်ပါပဲ။ *စာကြည့်စားပွဲငယ်လေးပေါ် တင်*ထားသော လက်ပတ်နာရီလေးကို ယူကြည့်မိတော့ မနက်ရှစ်နာရီပင် ထိုးတော့မည် ..။ အအိပ်ကြီးသည်ဟု အထင်ခံရချေတော့မည်ဟု ရှက်စိတ်ဖြင့်တွေးကာ ကမန်းကတန်း မျက်နှာသစ် ..။ အိပ်ရာလေး မြန်မြန်ခေါက်၍ အောက်ထပ်သို့ ဆင်းလာရပါ၏။ မီးဖိုဆောင်ကြီးဆီမှ ကျော်လော့်သံ ကြားနေရသည်။ မီးဖိုခန်းထဲရောက်တော့ ဟင်းရွက်စိမ်းကြော်နေသည့် ဒေါ်ခမ်းအိမ် ကို တွေ့ရပါ၏။

"နိုးပြီလား မိန်းကလေး .. ခရီးပန်းလို့ အိပ်ပျော်သွားဟန်တူရဲ့- ပြည့်စုံလေး ကတော့ မနက်စာစားပြီး မိုင်းတွင်းနဲ့ စက်ရုံကို သွားမယ် ဆိုပြီး ကားနဲ့ထွက်သွားလေရဲ့ .. မောင်စံ နဲ့ အပုလေး ကတော့ မောင်ကျော် ဈေးသွားတာ .. တူတူ ကားနဲ့ပါသွားကြတယ် .. အိမ်အတွက် အသားငါးဝယ်ဖို့ လိုတယ်လေ .. မုန့်ပုံးရယ် .. ပေါင်မုန့်ရယ်- ထောပတ်နည်းနည်းရယ် .. ကုလားပဲခြမ်းရယ် .. ပဲပုပ်နဲ့ တို့ဟူးဖြူ သည်း ဝယ်ခိုင်းလိုက်ရတယ် .. ခြံထဲက ဟင်းရွက်တချို့ဆွတ်ပြီး ရွက်စိမ်းကြော်တစ်ပွဲတော့ နေ့လယ်စာအတွက် ကြိုကြော်ထားလိုက်တယ် လေ .. ရွှေပဲစေ့ထမင်းရယ် .. တို့ဟူးဖြူနဲ့ ပဲပင်ပေါက်ကြော်ရယ် -





...ပ်ထောင်းရယ် .. ငါးရံ့ချက်ရယ် .. ပဲဟင်းရည်ချိုရယ် နေ့လယ်စာ ...ကမလို့ ..၊ ညနေစာကတော့ ကြက်သားချက်မယ်လေ .. ကဲ .. ကဲ.. ...းကလေး ထိုင် .. ထိုင် .. ခေါက်ဆွဲကြော် ကြော်ထားတယ်.. ကော်ဖီ ...ပ်ထားတယ် .."

ဟုပြောကာ ဟင်းရွက်စိမ်းကြော်ဒယ်အိုးကို မီးဖိုပေါ်မှချကာ ...နွေးကရားကို တည်၏။ သွန်း အတွက် ကော်ဖီတစ်ခွက် ဖျော်ပေး...သည်။ ခေါက်ဆွဲကြော်တစ်ပွဲ ထည့်ပေးသည်။

"*နောက်နေ့မနက် .. သွန်း စောစောထပါ့မယ် .. ဒေါ်လေးကို* ...ပ်ကိုင်ကူပါ့မယ် .. ဒီနေ့လည်း လုပ်ကူပါ့မယ် .."

ဟု သွန်း ပြောတော့ ဒေါ်လေးခမ်း ပြုံး၍ ...

"ပြည့်စုံလေး ရဲ့ဧည့်သည်တွေ .. မခိုင်းရဲပေါင်ကွယ် .."

ဟု ပြောရှာ၏။ သွန်း ကော်ဖီသောက်၊ ခေါက်ဆွဲကြော်လေး နည်းနည်းစားကာ ဒေါ်လေးခမ်း နှင့်အတူ မီးဖိုဆောင်ထဲ ငုတ်တုတ်ငြိမ်ထိုင်နေရပါသည့်အဖြစ် ..။ အကြည့်က မီးဖိုဆောင်ထောင့်နေရာမှာ ထောင်ထားသော မိန်းမစီး စက်ဘီးလေး တွေ့ဟာမို့ ...

"စက်ဘီးလေးပါလား .. ဘယ်သူစီးတာလဲ ဟင် .."

ဟု မေးမိရပါ၏။

"မောင်ကျော့် ဘီးလေးပါ .. စီးချင်လို့လား .. စီးလေ .. ဟိုဘက်က မြေနီးလမ်းလေးအတိုင်း စီးသွားရင် .. ပန်းနုဒီချောင်းကို ရောက်တယ် .. ဒီအချိန်ဆို .. ဇေဒါတွေပျော်နေပြီ .. ဇေဒါပန်းခရမ်းရောင်လေးတွေက ဒေါင်းမြီးကွက်လေးတွေလို ခရမ်းပြာကွက်လေးနဲ့ သိပ်လှတာ.."

ဟု ပြောလာတော့ သွန်း စက်ဘီးလေး စီးချင်စိတ် ဝင်လာသည်။ အိမ်ကြီးထဲမှာ သည်အတိုင်း ငြိမ်၍ စိတ်တွေ သိမ်ငယ်ညှိုးဖျော့နေချိန်မှာ အာရုံလေးများ ပြောင်းချေမည်လားဟု တွေးမိရင်းဖြင့်ပါ။ အပုလေးရော လေးလေးစံ ရော ရှိမနေကြတာမို့ ပို၍ ပျင်းလာရသည်ကြည့် ..။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်မှာကလည်း လေးလေးစံ နှင့် အပုလေး တို့ ဈေးမှနေ
လေးလေးကျော် နှင့် ပြန်မလာသေးတာမို့ ..။ မီးဖိုဆောင်မှာ ချက်
ပြုတ်တာကိစ္စလည်း မရှိသေး။ ဈေးခြင်းတွေရောက်လာမှ မီးဖိုဆော
ကိစ္စလည်း လုပ်ကိုင်နိုင်မှာမို့ ..။ လောလောဆယ်မှာ စက်ဘီးလေး
ခဏတာမျှ စိတ်ပြောင်းအောင် စီးသွားချင်သည်။ ဒေါ်လေးခမ်း ပြော
သည့် ပန်းနုဒီချောင်းလေးမှာ ဗေဒါပင်တွေ မျောလာချိန် ဗေဒါပွင့်တွေ
ကို ငေးလိုက်ချင်သည်။ သွန်း တို့ နေသည့် မိုင်းခမ်းလုံမြို့မှာလည်း
မိုင်းခမ်းချောင်းဆိုတာ ရှိသည်။ ဗေဒါတွေမျောချိန်မှာ ဗေဒါပွင့်တွေ
အုံလိုက်လေးတွေ ထိုးထိုးထောင်ထောင် ဆုပ်ဆုပ်ခဲခဲ ပါလာတတ်တာ
သွန်း အလွန်သဘောကျသည်ပဲလေ ..။ ငါးလေးဘာလေး သွားမျှားရင်း
မြပုဝါမှ ဒရိုင်ဘာဖြစ်ပါသည့် လေးလေးသော် ကို လေပစ်ရင်းဖြင့်
ဘယ်သူ ငါးပိုရသည်ဆိုတာ ပြိုင်ခဲ့ဖူးပါသည့် သွန်းလေပြေမွှေး ဆိုသည့်
ကောင်မလေး၏ ပျော်စရာနေ့ရက်များသည် ပြန်ရောက်လာတော့မည်
မဟုတ် ..။ အတွေးဖြင့် မျက်နှာလေးထက်မှာ ထိခိုက်ရိပ် ထင်လာရပြီ
သည်က သွန်း ပါ ..။

"သွန်း .. ခဏ စက်ဘီးစီးသွားမယ်နော် .. သိပ်မကြာပါဘူး -
ပြန်လာမှာပါ .."

"သွား .. သွား .. စိတ်အေးလက်အေးနေ .. ဟိုမှာ ရေချိုးဆိပ်လေး
လည်း ရှိတယ် .. စွန်လွှတ်တဲ့ကလေးတွေလည်း ရှိတယ် .. မီးဖိုဆောင်
ဝင်ဖို့ မလိုဘူး မိန်းကလေးရဲ့ .. ရောက်တုန်းရောက်ခိုက် .. နေရာသစ်
လေးမှာ စိတ်အနှောင်အတွယ်လွှတ်လွှတ်နဲ့ ပျော်အောင်နေ .. မိန်း
ကလေးကို ကြည့်ရတာ မျက်နှာမလန်းဘူးကွယ် .. အဲဒါကြောင့် -
ဟိုမှာ ဗေဒါတွေ မျောလာလာတာလည်း ကြည့် .. လူတွေ ရေချိုးဆိပ်
တံတားမှာ ရေချိုးကြ .. ကူးကြတာလည်း ကြည့် .. ပျော်အောင်.. နေ-
ဟု ဒေါ်လေးခမ်း ပြောရှာပါ၏။ သြော် .. သွန်း ၏ စိတ်လက်ညှိုး





ယ်မှုတွေကို ဒေါ်လေးခမ်း မြင်တတ်ရှာချေသည်ပဲ ..။ သွန်း .. စက်ဘီး
သေးယူကာ နင်း၍ ထွက်လာရပါ၏။ မြေနီလမ်းလေးအတိုင်း စက်ဘီး
လေးကို နင်းလာမိသည်။ နည်းနည်းကြာလာတော့ ခြေထောက်လေး
တွေ တောင့်လာတာမို့ စက်ဘီးပေါ်မှာဆင်းကာ မနင်းတော့ဘဲ တွန်း၍
ဆိုးဆက်ရပါ၏။ စားကျက်ခင်းကို ကျော်ဖြတ်သည်။ မကြာလိုက် ..၊
ပန်းနုဒီချောင်းကို တွေ့ရပါချေသည်တကား ..။ ဒေါ်လေးခမ်း ပြော
သည့်နယ် ရေချိုးဆိပ်မှာ ရေချိုးသူတွေ .. အဝတ်လျှော်နေသူတွေ ..
ရေကူးနေသူတွေ ရှိနေသည်။ ချောင်းမှာ ဗေဒါတွေ ရုံလိုက်အုံလိုက်
မျောနေကြ၏။ ဗေဒါပွင့်လေးတွေလည်း လှုပ်လှုပ်ထနေကြသည်ပါပဲ..။
ကလေးတချို့ စွန်လွှတ်နေကြသည်။ စက်ဘီးလေး သစ်ရိပ်အောက်မှာ
ထောင်ရပ်ထားလိုက်ပြီး သွန်း မြင်ကွင်းစုံကို ဟိုဟိုသည်သည် တစ်
သည့်စီကြည့်ရင်း အတန်မျှ စိတ်ထဲ ပေါ့ပါးလာရသယောင် ရှိသွားရ
သည်ပါပဲ ..။

ကောင်းကင်ပြာကြီးကို မော့ကြည့်မိရပါ၏။ စွန်ရောင်စုံလေးတွေ
က တလွင့်လွင့် တက်နေကြပါသည့်အဖြစ် ..၊ ကလေးတစ်သိုက်က
လည်း စွန်လွှတ်ရင်း တစ်ယောက်၏စွန်ကို တစ်ယောက်ဖြတ်ဖို့ တာစူ
နေကြပါချေ၏။ ကလေးတွေ၏နှုတ်မှ ဟယ်ခနဲ .. ဟာခနဲ အသံလေး
တွေ ထွက်လာကြသည်။ စွန်ကိုဖြတ်ဖို့ ကြိုးစားသူ၏နှုတ်မှ ဖြတ်မရ၍
အားမရချင့် အော်သံ..။ စွန်ဖြတ်မခံရအောင် လုပ်လိုက်နိုင်၍ ခပ်ကြွား
ကြွားအော်သည့် ကလေး၏အသံ ..၊

သွန်း လည်း .. စွန်လွှတ်ပွဲလေး .. စွန်ဖြတ်ပွဲလေးကို တမော့မော့
ဖြင့် စိတ်ဝင်တစား တမော့မော့ကြီး တိတ်ဆိတ်စွာ ကြည့်နေမိရပါ
သတည်း ..။

ငယ်တုန်းက သွန်း စွန်လွှတ်ခဲ့ဖူးသည်။ ခုထိလည်း လွှတ်ခဲ့သည်
ပဲ ..။ မြပုဝါမှာ လေးလေးသော် နှင့်အပြိုင် စွန်လွှတ်ခဲ့သည့် အတွေ့



www.burmeseclassic.com

www.burmeseclassic.com



အကြံသည် သွန်း အတွက် .. စွန်လွှတ်ခြင်းဆိုတာ မစိမ်းသည့် အ
တစ်ခု ဖြစ်နေသည်။ ရင်းနှီးကျွမ်းဝင် .. ကျွမ်းကျင်ရာ ဖြစ်နေသ
ခုကျတော့ .. ကလေးတွေ စွန်လွှတ်နေတာကို ငြိမ်သက်စွာပဲ သ
ကြည့်နေမိရပါ၏။ ခုချိန်မှာ သွန်း လက်ထဲ စွန်လေးတစ်ခု ရှိနေ
လည်း လွှတ်ဖြစ်မှာမဟုတ်။ စိတ်က မပါနိုင်ဘဲ ဖြစ်နေသည်။ သူ
လွှတ်တာကိုပဲ မော့ငေးနေချင်သည်။

ကောင်းကင်မှာကတော့ဖြင့် .. အမြီးရှည်လေး တန့်ခါခါဖြင့် ရှိ
သော အဝါရောင်စွန်လေး ..၊ အမြီးတိုလေးဖြင့်ရှိနေသော အပြာရော
စွန်..။ အမြီး လုံးဝမပါသော ရောင်စုံစွန်လေးများက ဟိုဟိုသည်သ
န့်ကာ ဝေ့ကာ .. တက်ကာ .. နိမ့်ကာဖြင့် ပျံဝဲနေကြဆဲ ..။

ကလေးတွေ .. အမေနှင့်အတူပါလာကြခြင်းများလား ..၊ အ
တွေ ရေချိုး အဝတ်လျှော်နေကြချိန်မှာ စွန်လွှတ်နေကြခြင်းများလာ
သွန်း မသိ ..၊ သွန်း သိတာကဖြင့် .. ထိုကလေးများ အားလုံးသည်
ပျော်နေကြချေသည်ဆိုတာပဲ ဖြစ်လေသည်။ ထိုအပျော်တွေသည်
မြပုဝါမှ သွန်းလေပြေမွှေး အဖြစ်သာ ရှိရမည်ဆိုလျှင်ဖြင့် သွန်း
ကူးစက်လာနိုင်သည်။ ထိုကလေးအုပ်ထဲမှာ ရောနှောပါသွားရင်း ..
တွေဘာတွေ လွှတ်နေသည့် သွန်းလေပြေမွှေး ပင် ဖြစ်သွားမှာ သေချာ
သည်။ ခုကျတော့.. အပျော်ဆိုတာ ပျောက်ဆုံးနေရချေသည်ကောင





## အခန်း (၁၉)

သတ္တုရိုင်းများကို မိုင်းတွင်းဆီမှ သယ်လာသည့်ကားသံများ .. သတ္တုရိုင်းများကို မိုင်းတွင်းဆီမှ သယ်ယူရန်ထွက်သွားသော ကားသံများ ..။ လူသူတို့၏အသံများတို့ဖြင့် စက်ရုံတစ်ခု၏အသက်သည် လှုပ်ရှား နိုးထနေချေ၏။

သတ္တုရိုင်းများကို တန်းစီ၍ရှိနေသော ဂိုဒေါင်များမှာ အားလုံး စနစ်တကျ စာရင်းအင်းဖြင့် မှတ်သားကာ မိုးလုံလေလုံထားရှိသည်၊ လူသူသံ ကားသံများဖြင့် ဝေစည်နေသော စက်ရုံဝင်းကျယ်ကြီးကတော့ မိုင်းလုပ်ငန်း၏ အောင်မြင်မှုသရုပ်သကန်တစ်ခုအဖြစ် တည်ရှိနေပေ သည်တည့် ..။

စက်ရုံမှာ သတ္တုရိုင်းများကို ခဲပုပ်၊ သွပ်၊ ဘော်သတ္တုတို့ တစ်ခု ချင်းခွဲယူရန် သတ္တုကျိုစက်ဆီသို့ သတ္တုရိုင်းပို့ယာဉ်ငယ်များဖြင့် ပို့နေသည့်မြင်ကွင်းကလည်း နားသည်ဟူ၍ မရှိ ..။ သတ္တုကျိုစက်ကြီးက လည်း အလုပ် လုပ်နေပြီ ..။

သတ္တုကျိုစက်ကြီး၏လည်ပတ်နေသံက အလုပ်သမားအင်အား များစွာဖြင့် လုပ်ကိုင်နေသည့် မိုင်းလုပ်ငန်းကြီးတစ်ခု၏ သက်သေ ပဲ ဖြစ်နေချေသည်တည့် ..။



www.burmeseclassic.com

www.burmeseclassic.com



သူ .. စက်ရုံကြီး၏အပေါ်ထပ်ရှိ ရုံးခန်းကျယ်ကြီးမှာ ပြတင်းအ
မှာ ရပ်နေရင်း ဝင်းကျယ်ကြီးအတွင်းမှာ ဝင်ထွက်သွားလာနေသ
ယာဉ်များကို ငေးကြည့်နေမိပါ၏။ နေ့လယ်ဘက်လောက်မှပဲ မိုင်းတွ
ရှိရာသို့ ကားဖြင့် သွားလိုက်တော့မည်ဟု တွေးနေမိစဉ်မှာ စိတ်တွေ
အိမ်သို့ချည်း ရောက်ရောက်နေတာကိုလည်း ကိုယ့်ကိုယ်ကိုယ် သ
မထားမိဘဲ မနေနိုင်အောင် ဖြစ်နေရပါ၏။

"ကောင်မလေး ဒီနေ့ ငါထွက်လာတဲ့အထိ အိပ်ရာက မထ
ဘူး .. အပုလေး ကို မေးကြည့်တော့လည်း အိပ်နေတယ်လို့ ဖြေတယ်
ဒီကောင်မလေး အိပ်ရာထ နောက်မကျတတ်ဘူးဆိုတာ ရွှေရိပ်ဦး
သူနေခဲ့တဲ့အချိန်တွေတုန်းက အမြဲ အစောကြီးထတတ်တာကြောင်
သိနေရတာပဲ .. ဖျားများ ဖျားနေသလား .. သူ .. စိတ်ထားမကောင်း
ကို သိထားတာက သိထားတာပဲရှိနေရမယ် .. လောလောဆယ်မှာ သူ
ငါ့အိမ်မှာ ဧည့်သည်တွေအဖြစ် ရောက်နေတာဆိုတော့ .. ငါ .. သူ
ကြည့်မရပေမယ့် ပစ်ထားလို့တော့ မသင့်ဘူး .. အပုလေး ဆိုတာ
လည်း ရူးတူးပေါတောနဲ့ရှိတာ .. ဖျားနေတာကို ဖျားနေမှန်း မသိ
အိပ်နေတယ်လို့ပဲ ပြောလိုက်နိုင်တာပဲလေ.. ပြီးတော့ .. သွန်းလေ
ကို အဖော်လုပ်ဖို့လာတဲ့ အပုလေး က ဈေးကို ခုန်ပေါက်ပြီး လိုက်သွား
တယ် .. သွန်းလေပြည် ကို ချန်ထားခဲ့တာ .."

သူ တွေးနေရင်း ဘာကြောင့်ရယ် မသိ ..။ ရင်ထဲလေးလာရသ
နယ် ဖြစ်ကုန်ပြန်သည်။ ဖျားနေသလား .. ဖျားနေသလား .. ဆိုသ
ပူပန်ခြင်းက ကြောင့်ကြောင့်ကြကြ ရင်မှာ ရုတ်ခနဲ လာဖြစ်ပြန်၏။

ဖေဖေ့ဆီကို ဖုန်းဆက်တော့ ဖေဖေ ဆေးရုံကပင် မပြန်သေး
ဖေဖေရောက်သည့်ညကတည်းက ဆေးရုံမှာပဲနေနေသည်တဲ့ ..။ မနေ့
ကလည်း ဆေးရုံမှာပဲ ရှိနေခဲ့သည်တဲ့ ..။ မာမီ သက်သာနေပြီ ဟု
သည်။ မာမီနှင့်ပင် ဖုန်းပြောမလားဟု မေးသေးသည်။ မာမီနှင့်မပြော





က်နေကြာ .. သွန်းလေပြေမွှေး ကိစ္စ မေးလာလျှင် အခက် ..။ သွန်း
ပြေမွှေး ရွှေရိပ်ဦးမှာ မရှိတော့ဘူးဆိုတာကိုတော့ ဖေဖေ ပြောပြထား
ည်တဲ့ ..။ မာမီက သွန်းလေပြေမွှေး မြပုဝါသို့ ပြန်သွားသည်ဟုပင်
င်သွားပုံရသည်တဲ့ ..။ ပြန်သွားတာပဲ ကောင်းပါတယ် .. ဟု မာမီ
ကျေနပ်နပ် ပြောခဲ့သည်တဲ့ ..။ ဒါပေမယ့် .. သူ .. မာမီနှင့် စကား
ပြောဖြစ်လျှင် သွန်းလေပြေမွှေး ပြန်သည့်ကိစ္စ ..။ မြပုဝါသို့မဟုတ်ဘဲ..
ဦးယံသို့ ခေါ်လာရသည်ဆိုတာ သူ ထိမ်ချန် လိမ်ညာ၍ မဖြေချင်..။
န်အတိုင်းပြောလိုက်လျှင် သိသိချင်း မာမီ စိတ်ရှုပ်ထွေးတာပဲ
တ်တင်မည်။ ဒါကြောင့် .. သူ .. မာမ့်ကို မပြောရဲ ..။

"မာမီ နားပါစေ ဖေဖေ .. သား .. မာမ့်ကို စိတ်ပူနေတယ်ဆိုတာ
ပြပေးပါ .. ခု .. စိတ်ချရတယ်ဆိုတော့ ပိုစိတ်အေးရတယ်လို့လည်း
ပြပေးပါ .. ဘိုးဘိုးတော့ မနေ့ညက ဖုန်းဆက်ပါတယ် .. သားတို့
ချောမောမောရောက်ကြောင်း ဘိုး စိတ်အေးအောင် ဖုန်းဆက်ရတာ
ဘိုး ပြောပြပါတယ် ဖေဖေ .. ဖေဖေ တစ်လျှောက်လုံး ဆေးရုံမှာပဲ
အနားမှာ ရှိနေတယ်ဆိုတာကို ဘိုး ပြောပြပါတယ် .."

ဟု သူ ဖြေခဲ့သည်။

ခုကျတော့ .. စက်ရုံမှာ ပေါ့ပေါ့ပါးပါးလုပ်ငန်းခွင်ထဲ ရှိနေရမည့်
း ဘာကြောင့် ကောင်မလေးထံသို့ပဲ စိတ်ကရောက်နေသည် မသိ။
ခုခုများ ဖြစ်နေသည်လားဆိုသည့် စိုးရိမ်စိတ်က သူ့ရင်ထဲ မကြာ
တိုးဝင်လာနေပုံကလည်း ဆန်းသည်။ ကောင်မလေး အန္တရာယ်
ခုခုထဲများ ရောက်နေသည်လား ..။ သဘောက .. အဖျားကြီးနေ
ည်လား ..။ သတိများ မေ့နေပြီလား ..။ နာရီကို ငုံ့ကြည့်မိသည်။
ယ်နာရီကျော်ပြီ ..။ ချက်ချင်း သူ ဆုံးဖြတ်လိုက်ရပါ၏။ ဤမျှ စိတ်
လေးနေသည့်အတူတူ အိမ်ပြန်တာပဲ ကောင်းမည်။ မိုင်းတွင်းဆီသို့
ားဘဲ နေလိုက်တော့မည်။ ဆုံးဖြတ်ပြီးတာနှင့် ဒေါ်လေးခမ်းနွဲ့ထံသို့



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်လိုက်မိရပါ၏။

ဖုန်းခေါ်နေသံက အတန်ကြာနေသည်။ ဖုန်း လာမကိုင်သေး သူ ပို၍ စိတ်ထဲပူရပြန်သည်တည့် ..။

"ဟုတ်ပါပြီ .. သေချာနေပါပြီ .. ကောင်မလေး ဖျားနေပြီ တယ်၊ ဒေါ်လေးခမ်း ပြုစုနေလို့ ဖုန်းလာမကိုင်နိုင်သေးဘဲ ဖြစ် ရတယ်၊ တောက် .. အဲဒီ အပုလေး ဟာလေ .. ဈေးဆိုရင်း လိုက် ချင်တာပဲ .. အပြင်ထွက်ရမယ့်ကိစ္စဆို အမြဲတမ်း တက်ကြွလန်း နေတဲ့ အဲဒီ အပုလေး ကိုလည်း ငါ စိတ်ညစ်တယ် .. ငါ စိတ်ညစ်တယ်

စိတ်ထဲမြင်လာသည်က အိပ်ရာထက်မှာ ယုန်မွေးစောင်ထူ ကြားထဲ ခွေခွေလေးရှိနေရင်း အဖျားကြီးနေသည့် ကောင်မလေး ပုံလေးတွေ ဖြစ်လာနေသည်။ မျက်နှာလေး နီမြန်းမြန်း ဖြစ်နေသ ညည်းသံလေးပင် ကြားသယောင်ယောင် ..၊ သူ့ကိုယ်သူလည်း မလည်နိုင် ..။ ကောင်မလေးနှင့်ပတ်သက်၍ ဤမျှအထိ မျက် မြင်မြင်လာနေရသည်တဲ့လား ..၊ ဤသို့ ဘယ်တုန်းကမှ .. မိန်းက တစ်ယောက်အပေါ် မခံစားခဲ့ရစဖူး..။

"ဟယ်လို .."

စိတ်ပူတာတွေ တွေး ..၊ တွေးတော မျက်စိထဲမြင်ဖြင့် သ လေပြေမွှေး တစ်ယောက် ဖျားနေပြီဟုထင်နေရကာ ရင်ထဲ ယက်ခတ်နေချိန်မှာ ဒေါ်လေးခမ်း ၏ဖုန်းထူးသံ ပေါ်လာသည်။

"ဒေါ်လေးခမ်း .. ကောင်မလေး ဖျားနေလား .."

ဟု လွှတ်ခနဲ စိတ်ထဲပူရာအတိုင်း မေးလိုက်မိရပါသတည်း

"သွန်းလေပြေမွှေး လား အစ်ကိုလေး .. စက်ဘီးလေးနဲ့ .. ချောင်းဘက်ကို သွားလိုက်လေရဲ့ .. မနက်စာ နည်းနည်းစားသွား ချောင်းမှာ ဗေဒါတွေ ဗျောနေတာ သွားကြည့်မလို့တဲ့ .. ကလေး စွန်လွှတ်တာလည်း သွားကြည့်မလို့တဲ့ .. ဒေါ်လေးခမ်း ပြော





တယ်လေ.. ဗေဒါပွင့်တွေနဲ့ ဗေဒါပင်တွေ မျောနေတာ သိပ်လှတာပဲ လို့ .. အဲဒါ .. မနက်ကတည်းက သွားလိုက်တာပဲ .. ခုထိ ပြန်မလာသေး ဘူး .. မောင်ကျော် တို့လည်း ဈေးက ပြန်မလာကြသေးဘူး .. ဘာတွေ များ ဝယ်နေတယ် မသိပါဘူး .. ပြည့်စုံလေးရယ် .. မနက်စာ ချက် ပြုတ်ဖို့ဥစ္စာ .. ကြာလိုက်ပုံများ .. ကြည့်ရတာဖြင့် ..ဈေးထဲ ငါးထမင်း နယ် ဝင်စားကြ .. မုန့်ဟင်းသုပ် ဝယ်လာကြမယ် ထင်ပါရဲ့၊ အဲဒါပဲ .. မောင်ကျော်ကို ဈေးလွှတ်ရတာ အလွန်ကြာတတ်တာ သိပါရဲ့ .. သူ့ကို မလွှတ်လို့လည်း သွားမယ့်သူရယ်လို့မှ မရှိတာကိုး .."

သူ သက်ပြင်းရှိုက်မိရပါပြီ။ အပုလေး ဆတ်ဆလူးပါသွားမှဖြင့် ပိုကြာကိန်းပဲ ဆိုက်မည်သာ။ ကောင်မလေး မဖျား .. ဆိုတာတော့ သိ လိုက်ရပြီ..။ ဒါပေမယ့် .. ဩော် .. ဒါပေမယ့် ရုတ်ခနဲ ခုမှ ပို၍ အပူအပန် ပိုကဲသွားရပြန်ပြီကောလေ ..။ ဘုရားရေ ..၊ ကောင်မလေး .. ချောင်းဘက် ကို သွားသည်တဲ့..။ ဗေဒါတွေ သွားကြည့်သည်တဲ့ ..။ ကလေးတွေ စွန်လွှတ်တာ သွားကြည့်သည်တဲ့ ..။ လန့်ခနဲဖြစ်ကာ သူ ကိုင်ထားသည့် ဖုန်းပင် လွှတ်ကျလုမတတ် ဖြစ်သွားရပါပြီတည်း ..။

ကောင်မလေးကလည်း အပုလေး နှင့် ပိန့်မသာလိမ်မသာ ..၊ ကလေးစိတ်ကုန်တာ မဟုတ်။ စွန်လွှတ်သည့်ကလေးတွေကို ကြည့် သည် .. ဆိုတာထက် .. ဝင်၍ စွန်လွှတ်နိုင်သည်။ ကလေးတွေ စွန်ဖြတ် ကြသည့်ကိစ္စ ဝင်ပါနိုင်သည်။ အာရုံထဲမြင်လာသည်က ပြတ်သွားသော စွန်ဝါဝါလေး..။ ထိုစွန်ဝါလေးသည် သွန်းလေပြည်မွှေး လွှတ်နေသည့် စွန်ဝါလေး ဖြစ်နေသည်။ စွန်ပိုင်ရှင်ကောင်လေးတစ်ယောက်က စွန် ဖြတ်ခံရ၍ ငိုနေပြီ။ သွန်းလေပြေမွှေး ဒေါ်ဆတ်ဆလူးစိန် သည် ပြန်သွား သောစွန်ကို ပြန်ယူပေးဖို့ ကြိုးစားနေပြီ။ ထိုစွန်လေး ချိတ်နေသည် နေရာသည် ချောင်းကမ်းဘေးက သစ်ပင်တစ်ပင်၏ကိုင်းဖျားခုမှာ ချိတ်နေခြင်း..။ ဆီးပင်တစ်ပင်လည်း ဖြစ်နိုင်သည်။ သူ့ရင်တွေ ခါနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်ချောက်ချားနေပြီ..။ သူ စိတ်ပူနေတာတွေအားလုံး တကယ်
ဖြစ်နိုင်နေသည်။ တကယ့်ကို ဆတ်ဆတ်လူးစိန်ဖြစ်နေသည့် သွန်
လေပြည်မွှေး ဆိုသည့် ကောင်မလေးအကြောင်း သူသိသည်။ စွန်
ကလေးတစ်ယောက်ထံမှာ မျက်နှာချိုသွေး၍ ခဏတောင်းကာ လွှ
နိုင်သည့်ကောင်မလေး ..။

မေမေ ..။ မေမေ့ကို သူ မြင်လာရပါ၏။ ဆီးကိုင်းတစ်ခုမှာ ချိ
နေသည့် စွန်ဝါဝါလေးကို မေမေ ယူနေသည်။ နောက်တော့ .. မေ
ကိုယ်အလေးချိန်ကြောင့် ကမ်းစပ်မြေသားပဲ့ကျသွားကာ ရေစီး‌ထဲ မေ
မျောပါသွားပြီ ..၊ လည်ချောင်းတွေခြောက်လာရင်း သူ မျက်စိကို မှိ
လိုက်မိရပါ၏။ မျက်ရည်တွေ ကျလာနေရပြီကောလေ ..။ ထိုအဖြစ်
ထပ်တူကျသောမြင်ကွင်းတစ်ခုသည် .. ကြေကွဲဖွယ်အဖြစ်ဆိုးကြီးတစ်
သည် လတ်တလောအချိန်မှာ ပန်းနုဒီချောင်းမှာ ထပ်မံ ဖြစ်ပျက်ကုန်ပြီ
လား မသိ ..။

“ဘာလို့ ပန်းနုဒီချောင်းကို အဲဒီမျောက်ရှုံးကောင်မလေးကို လွှတ်
လိုက်ရတာလဲ .. ဒုက္ခပါပဲ ..”

ဟု ပြောမိသည်ကိုက ဒေါ်လေးခမ်း ကို အပြစ်တင်သံတွေ သိသိ
သာသာပါနေရင်းဖြင့်ပါ။ ကမန်းကတန်း တယ်လီဖုန်းကိုချကာ
ကသောကမျောကြီး သူ စက်ရုံဆီမှ ဆင်းခဲ့ရပါပြီ။ ရပ်ထားသောကားသို့
အပြေးအလွှားသွားမိသည်။ အားလုံးသည် ပူပူပန်ပန်နိုင်နေသည်။ ပူပ
သလဲ ဖြစ်နေသည်။ စိုးရိမ်ဇောတင်နေသည်။ တုန်လှုပ်ချောက်ချားခြင်း
တွေ မွှန်ထူ ပိတ်ဖုံးနေသည်။ ကားမောင်းထွက်လာချိန်အထိ သူ့စိတ်
တွေ မငြိမ်နိုင်သေး။ တဖြည်းဖြည်း ပူပန်ခြင်းတွေကို ထိန်းနိုင်လာမည်
လား မှတ်ပေမယ့် ..၊ ကြာလေ .. ပို၍ပူပန်လာရလေ..။ တိမ်ဦးယံသို့
မပြန်တော့ဘဲ တောက်လျှောက် ပန်းနုဒီချောင်းဆီသို့ ဦးတည်မောင်း
လာမိရပါ၏။ မြေနီလမ်းဘက်ကိုချိုးကွေ့၍ ဝင်သည်။ တားကျည်





င်ပြင်အခင်းကြီးကို ဖြတ်သည်။ ချောင်းဘက်ဆီသို့ ရောက်လာပြီ
ည့် ..။ ကားမောင်းနေရင်းမှာ ကောင်မလေးကို အလောတကြီး ရှာနေ
ရပါသည့်အဖြစ် ..။ မတွေ့ရ ..၊ ရေချိုးဆိပ်တံတားမှာ ရေချိုး အဝတ်
လျှော်နေသည့် အမျိုးသမီးတစ်သိုက်ကို တွေ့ရသည်။ မိုင်းဝန်ထမ်း
တွေ၏ဇနီးသည်တွေ ဖြစ်ပါ၏။ ချောင်းနှင့်အလှမ်းမဝေးသော မြေ
ကျက်ကျယ်ကြီးမှာ ဝန်ထမ်းအိမ်ရာတွေ ဖေဖေ ဆောက်ထားပေးသည်
သ ..။ ချောင်းရေကိုလည်း ပိုက်သွယ်၍ ဝန်ထမ်းအိမ်ရာတွေထိ ဖေဖေ
ဥ်ပေးထားသည်။ ဒါပေမယ့် အများစုကတော့ အဝတ်လျှော် ရေချိုး
စုကို ရေချိုးဆိပ်တံတားမှာပဲ လာ၍ ချိုးကြ လျှော်ကြသည်။ ကလေး
တွလည်း ပါလာကြသည်တည့် ..။ ကလေးအုပ်စုကတော့ စွန်လွှတ်
တာ များသည်။ အမေလုပ်သူတွေ အဝတ်လျှော်ကိစ္စပြီးမှ ခေါ်ပြီး
ချိုးပေးချိန်ကျတော့မှ ရေကူးကြ ..။ ရေချိုးကြသည်တည့် ..။ ခု ..
လေးအုပ်ကိုတော့ တွေ့နေရပြီ။ ကောင်မလေးကို မတွေ့ရ ..။ လော
ဘာဆယ်မှာတော့ မြင်ကွင်းသည် အားလုံး အေးအေးဆေးဆေးနိုင်နေ
သည်။ လူတစ်ယောက် ချောင်းရေထဲ ပြုတ်ကျသွားသည့်အဖြစ်မျိုး ကြုံ
ရသည့်မြင်ကွင်းမျိုး ဖြစ်မနေ ..။ အားလုံးသည် နေသားတကျ ပုံမှန်
ကွင်းပဲ ဖြစ်နေချေသည်တည့် ..။ ပထမတစ်ထစ် ရင်ထဲ တစ်ချက်
သွားရပါသည့်အဖြစ် ..။ တော်သေးသည် ..၊ ကောင်မလေး တိမ်ဦး
သို့ ရောက်လာပြီး မေမေ့လို အဖြစ်ဆိုးမျိုး ထပ်မံ မကြုံကြိုက်လိုက်ရ
..။ ဟူးခနဲ သက်ပြင်းမောကြီးကို ပင်ပင်ပန်းပန်းချပြီး ကားကို
ရိပ်အောက်မှာရပ်ကာ ခပ်သုတ်သုတ် ဆင်းမိရသည်ပါပဲ။ ဘာပဲ
ဖြစ် .. ကောင်မလေးကို ပြန်ခေါ်သွားလိုက်ခြင်းသည် အသင့်တော်
ဖြစ်နေသည်။ စက်ဘီးကို ကားနောက်ခန်းမှာ တင်သွားမည် ..။
ဟိုသည်သည် သူ ရှာကြည့်မိစဉ်မှာ သစ်ရိပ်တစ်ခုမှာ ပင်စည်ကို
ထောင်ထားပါသည့်စက်ဘီးကို မြင်၏။ ခက်သည်က လူမရှိ လူကို



www.burmeseclassic.com

www.burmeseclassic.com



မမြင်ရ ..။ ဘယ်ရောက်နေသည် မသိ။ ကျွတ်ခနဲ စုတ်သပ်ကာ ဟိုဟို သည်သည် သူ ရှာမိရပြန်သည်။

"ရေများဆင်းကူနေရင် အခက် .. နေစမ်းပါဦး .. ဒီကောင်မလေး ရေကူးတတ်သလား .. သူ ရေကူးတတ်တယ်လို့ ပြောဖူးသလိုလိုလည်း ငါ ထင်နေတယ် .. မပြောဖူးဘူးလို့လည်း ငါ ထင်နေတယ် .. သူ လေအိုးဆိုတော့ .. ပြောခဲ့တဲ့စကားတွေက ခပ်များများရယ် .. ငါ မမှ မိဘဲ လုံးထွေးလုံးထွေးနဲ့ မှတ်ဉာဏ်ထဲမှာ ရှုပ်ထွေးနေတဲ့အထဲမှာ အဲဒီ ရေကူးတတ်သလား မကူးတတ်ဖူးလားဆိုတဲ့ကိစ္စက .. ရောထွေး နေပါလား .."

လူက စိတ်လည်း ပူနေရသည်။ စိတ်တွေ ရှုပ်ထွေးနေရတာ မှတ်ဉာဏ်တွေလည်း ဟုန်ကုန်ပြီထင့် ..။ ယောင်တိယောင်ဝါးတွေ ဖြစ် နေသည်တည့် ..၊ ကောင်မလေး ကိုယ့်ထံမှာ ရောက်နေချိန် ရေဆွေ ဘာတွေ နှစ်ကုန်တာမျိုး ဖြစ်မှာ သူ သွေးလန့်နေသည်။ မေမေ ဖြစ်ခဲ့ သည်ကိစ္စပေမို့ ရင်ထဲမှာ သွေးလန့်စွဲထင် ဖြစ်နေရသည့် အရင်းခံ အ ကြီးကလည်း ရှိနေသည်ကိုးလေ ..။

ဟိုဟိုသည်သည် ကြည့်မိရပါ၏။ နေရာမှာ ကောင်မလေး တကား ..။ ရင်ထဲ ဒိန်းခနဲ ဆောင့်၏။ ဘုရားရေ ..၊ စွန်ဝါဝါလေး တစ်ခုက ကမ်းစပ်နေရာဆီမှာ ပေါက်နေသည့် ဆီးကိုင်းမှာ ငြိမ်နေ ငြိနေသည့်နေရာသည် ချောင်းကမ်းဘက်ကို ကိုင်းနေသည့်နေရာ ဖြစ် သည်။ ကောင်မလေးက စွန်ဝါဝါလေးကို သစ်ကိုင်းခြောက်အကျိုး ရှည်ရှည်လေးဖြင့် လှမ်း၍ချိတ်ယူနိုင်ဖို့ ကြိုးစားပမ်းစား ခြေဖျားလေး တွေပင်ထောက်၍ ဇောတင် အာရုံနစ်နေချေသည်တကား ..။ မျက်စိ ပြာခနဲ ဖြစ်၏။ မေမေ .. မေမေ့နယ်ပင် ဤကောင်မလေး ရေထဲပြု ပြုတ်ကျပါသွားနိုင်နေသည့်မြင်ကွင်း ..၊ ရပ်နေသည့်နေရာသည် အ မရွေး မြေသားတွေ လူအလေးချိန်ကြောင့် ပဲ့၍ပြို၍ ပါသွားနိုင်သည်

ကော ..။ အချိန်မရွေး ကောင်မလေး ရေထဲကျသွား နိုင်နေသည့်အဖြစ် သည် သူနှင့် အချိန်လက်တစ်ကမ်းစာလောက်မှာ ရောက်နေပြီ ..။ ကောင်လေးတစ်ယောက်တော့ဖြင့် မျက်နှာလေးငိုမဲ့မဲ့နှင့် မလှမ်းမကမ်း ရပ်နေကာ ချာတိတ်လေးကိုယ်တိုင်ကလည်း စွန်ဝါလေး ပြန်ရဖို့ ဆောကပ်နေသည့်ဟန် ..။ အားလုံးသည် တစ်ချိန်က ..သူ ကြုံခဲ့ရသည့် ဖြစ်မျိုးပဲ ဖြစ်နေသည်။ ခြေလှမ်းကြဲကြီးဖြင့် သူ ပြေးလွှားရောက်သွား ကာ ..။ ကောင်မလေး၏လက်ကို ဆတ်ခနဲ ဆွဲ၍ ပြန်ခေါ်လာရင်းမှ...

"တော်သေးတယ် .. ငါ အရောက်ဦးလို့ .. ညည်းဟာ .. တော် ဘဲ ဆတ်ဆတ်ဆော့ဆော့နိုင်တာပဲ သွန်းလေပြည်မွေး .. ဟင် .. း .. နင် ဒီချောင်းကမ်းရဲ့ မြေပြင်အကြောင်း ဘာသိလို့လဲ .. မြေသား တွေကွ.. မင်း ချောင်းထဲ ရောက်သွားနိုင်တယ် သိလား .."

တောက်လျှောက်လက်ကိုလည်း မလွှတ်စတမ်း ဆွဲခေါ်လာရင်း ကလည်း မနားစတမ်း ဆူပူပြစ်တင်နေမိမှန်း သူ့ကိုယ်သူပင် လတ် လာမှာ သတိမထားမိနိုင်ခဲ့..။ ရပ်ထားသော ကားနားအထိ စိတ် ခင်ရင်း စိတ်သွားရာအတိုင်း ခြေလှမ်းကြဲဆတ်ဆတ်ကြီးဖြင့် က်လာမိပြီးခါမှ..။ ကားနားရပ်မိတော့မှပဲ သူ အဘယ်မျှထိ စိတ် ပူခဲ့ရသည်ဆိုတာ ..။ အဘယ်မျှထိ မြည်ဖွန်တောက်တီး လုပ်လာ ည်ဆိုတာ ထိုအခါမှ သတိထားမိလာရပါသည့်အဖြစ်။ မျက်မှောင် ကုတ်၍ ကောင်မလေးကို ကြည့်မိသည်။ သွန်းလေပြည်မွေး ဆိုသည့် င်မလေးကတော့ဖြင့် ချာတိတ်လေး ငိုမဲ့မဲ့ဖြင့် ရပ်ကျန်နေရာဘက် ောက်ဆံတငင်ငင်ပုံလေးနှင့်ပင် လှည့်ကြည့်လှည့်ကြည့်ဖြင့် စွန်လေး ပြန်ယူပေးချင်သည့်စိတ် မကုန်နိုင်သေးဘဲ ကူညီချင်ဇောတွေ ကပ် ာ သူ မြင်နေရသည်။ သူ .. ကောင်မလေးကို ချန်ထားခဲ့ကာ ာတိတ်လေးထံသို့ ရောက်သွားရပြန်၏။ ကောင်လေးကို ပိုက်ဆံပေး ည်။







www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ အဝါရောင်မျိုးစွန်လေးကိုလည်း ဝယ် .. နောက်ထပ် ရောင်စုံလေးကိုလည်း ဝယ် .. သေချာသတိပေးမယ် ကောင်လေး နောက်ကို ဘယ်တော့မှ .. ကမ်းစပ်မှာရှိတဲ့ သစ်ပင်တစ်ခုခုမှာ စွန်လေး ကြိုးပြတ်ပြီး သွားတင်နေရင် .. ပြန်ယူဖို့ မကြိုးစားနဲ့ .. ပြုတ်ကျပြီး မင်း ရေနစ်သွားနိုင်တယ်ကွ .. သေချာမှတ်ထား .."

ဟု ပြောကာ ဆီးပင်ဆီမှ စွန်ဝါလေးကို သူကြည့်သည်။ ကမ်း လေအနေ့မှာ အမြီးလေး တနွဲ့နွဲ့ ယိမ်းနွဲ့ရင်း တဖျပ်ဖျပ်အသံလေး ထွက်လာတတ်ပါသည့် စက္ကူသံ ..၊ သူ .. ကောက်ကိုင်လိုက်မိသည့် စောစောက ကောင်မလေး လက်ထဲမှ သူကိုယ်တိုင် ဆတ်ဆတ် အောင် ဆွဲယူ၍ပစ်ချထားခဲ့ရာ သစ်ကိုင်းခြောက်ဖြစ်ပါလေ၏။ သ ကိုင်းခြောက်ဖြင့် စွန်ဝါဝါလေး၏ကိုယ်ထည်လေးကို ထိုးဖောက် ဆီးပစ်လိုက်မိရပြီ ..။ စွန်ဝါလေးကို ဤအတိုင်းထားခဲ့၍ မဖြစ် ဖျက်ပစ်ခဲ့မှ ဖြစ်မည်လေ..။ ဒါမှမဟုတ်လျှင် ကလေးတစ်ယော ယောက်က ထိုစွန်ဝါဝါလှလှလေးကို ပြန်ယူနိုင်အောင် ကြိုးစားနေ ဦးမည်တည့် ..။ ခုလို .. စွန်ကိုယ်ထည်လေးတွေ ဟိုသည် စုတ် သတ်ကုန်ပြီဆိုလျှင်တော့ ဘယ်ကလေးမှ ထိုစွန်အစုတ်လေးအ လေးကို ပြန်ယူချင်တော့မှာလည်း မဟုတ်။ ယူနိုင်ဖို့လည်း ကြိုးစား မှာ မဟုတ် ..။ စွန်သစ်လေးတွေ ထပ်ဝယ်ဖို့ ပိုက်ဆံရထား ချာတိတ်လေးကို သူ ကြည့်တော့ ..။ ဘယ်လောက်ပဲ ပိုက်ဆံ ထားထား ..။ စွန်လေးကိုတော့ မက်မောနေပုံဖြင့် ရှိနေကာ .. စုတ်ပြတ်သွားသည့်အတွက် မျက်နှာလေးငယ်နေကာ မျက်ရည် ပင် လည်နေသေးသည်တည့် ..။

ရေချိုးဆိပ်ဆီသို့ သူ ကြည့်မိသည်။ ဤဘက်မှာ ဘာတွေ သည်ဆိုတာ သိကြပုံပင် မရ ..။ အဝတ်လျှော်ရင်း၊ စကားပြော မိန်းမတစ်သိုက်ကဖြင့် ကိုယ့်အရှိန်နှင့်ကိုယ် ရှိနေကြဆဲ ..။





"မဖြစ်ပါဘူး.. ကလေးတွေကို .. စွန်ကြိုးပြတ်တဲ့အခါမှာ .. ဘယ် တော့မှ ကမ်းစပ်နေရာတွေမှာ ပြန်ရဖို့မလုပ်ကြ မကြိုးစားကြဖို့ ကိုယ့် လေးကို ကိုယ်မှာထားရမယ်လို့ .. သူတို့ရဲ့အမေတွေကို .. ငါ .. သေချာချာ သတိပေးတယ်ဆိုတဲ့အကြောင်း .. အလုပ်သမား ချုပ် ဦးမြ က တစ်ဆင့် .. ပြောခိုင်းထားရမယ် .."

ကားရှိရာသို့ နောက်ကြောင်းပြန်လျှောက်လာရင်း သူ တွေးနေမိ ၏။ လွန်ခဲ့သောကာလ ..၊ ဩော် .. သူ ရှစ်နှစ်သားအရွယ်တုန်းက လ ..။ ထိုကာလတုန်းက .. မေမေသည် .. သူ့ကြောင့် .. သူ့စွန်ဝါ ကြောင့် ရေနစ်၍ ကွယ်လွန်ခဲ့ရသည့်အဖြစ်ဆိုးတစ်ခုသည် ဤ ဒီချောင်းရေအလျင်မှာ ဖြစ်ခဲ့ဖူးသည်ဆိုတာ ယခု ရေချိုးဆိပ်မှာ ကြသည့် အလုပ်သမားဝန်ထမ်းအသစ်တို့၏ ဇနီးများက အဘယ် နိုင်ကြမည်တဲ့လဲလေ ..။ ကားအနီးမှာ ခုထိ ကောင်မလေး ရပ်နေ ည်က သူ ထားခဲ့နေရာလေးဆီမှ မရွေ့သေးပဲရှိနေသည့်ပုံစံလေးဖြင့် ၊ ကောင်မလေး ရှေ့တည့်တည့်မှာ သူ ရပ်မိသည်။

"ငါ သိတယ် .. ငါ သိတယ် .. ဒီနေရာကိုရောက်ရင် .. မင်း ခု လုပ်လိမ့်မယ်ဆိုတာ .. ဘာလို့ .. အဲဒီစွန်လေးကို ယူပေးချင်ရ လဲ .. ရေထဲကျသွားနိုင်တယ်ဆိုတာလေးလောက်တော့ မင်း သိထား ဘာပေါ့ကွ .. ငါ့ဆီကိုရောက်နေချိန်မှာ မင်း တစ်ခုခုဖြစ်ရင် .. န်အရှိဆုံးဟာ ငါပဲဖြစ်နေမယ်ဆိုတာလေးလောက်တော့ မင်း ငါ့ က် စဉ်းစားပေးသင့်တာပေါ့ .. မင်း .. တော်တော်ခက်တာပဲ .."

"အဲဒီကလေးလေးက .. သူ့စွန်လေးပြတ်ပြီး အဲဒီဆီးကိုင်းမှာ ငြိ လို့ .. ငိုနေတာနဲ့ .. သွန်း သနားလို့ ကူညီတာပါ .. ရေထဲကျရင်လဲ း ရေကူးတတ်ပါတယ် .."

ဟု ပြောလာသည့် ကောင်မလေးကို သူ စိုက်ကြည့်မိသည်။ အဲ ..၊ ဟုတ်သည်။ ကောင်မလေး ရေကူးတတ်သည်ဟု သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောဖူးသည်ဟု ခုမှ ပြန်၍ မှတ်မိသလိုလိုတွေ ဖြစ်လာရပြန်သည်။ ဤ
ကောင်မလေးနှင့်ပတ်သက်လျှင် စိတ်တွေပူလိုက်တာနှင့်အားလုံး မွှန်
ကုန်ကာ မှတ်ဉာဏ်တွေပင် ကယောင်ချောက်ချားစိတ်တွေဖြင့်
ထွေးရစ်ပတ်၍ မူလီချောင်ကုန်သည့်နှယ် ဖြစ်ကုန်ရချေသည်ကော
လည်း သူ့ကိုယ်သူ အံ့ဩလာမိရပါသည်တည့် ..။

"ရေကူးတတ်တယ်ဆိုပေမယ့် .. မင်း သိထားဖို့က .. မင်း တ
မှ ပန်းနုဒီချောင်းမှာ ရေကူးဖူးတာမဟုတ်ဘူး .. ချောင်းရေဆို
ကိုယ်နဲ့စိမ်းနေရင် .. ရှောင်တာ အကောင်းဆုံးပဲ .. ချောင်းရေက အ
မှာ ပုံမှန် စီးဆင်းနေပေမယ့် .. အတွင်းဘက်မှာ .. အောက်ဘက်
ရေဝဲတွေရှိတတ်တယ် .. ကျောက်ဆောင်တွေ ရှိတတ်တယ် .. ရေ
မြန်လွန်းတဲ့နေရာဆိုတာလည်း ရှိတတ်တယ် .. အဲဒါ .. မင်း သိ
ကောင်းတယ် သွန်းလေပြည်မွှေး .."

ဟု ပြောတော့ သွန်းလေပြည်မွှေး သူ့ကို မော့ကြည့်လာပါ
ခေါင်းခါ၍ စက်ဘီးကို ကားနောက်ခန်းမှာ ထားသည်။ ရှေ့ခန်းတံခါး
ကို ဖွင့်ပေးကာ ...

"ကားပေါ်တက် .. အိမ်ပြန်မယ် .. နောက်ကို .. ဒီနေရာ
မလာပါနဲ့ .. တောင်းပန်ပါရဲ့ သွန်းလေပြည် .."

ဟု ပြောစဉ်ခိုက် ကောင်မလေး ကားမပေါ်မတက်သေးဘဲ သူ့
ကြည့်သည်။ နောက်တော့ .. ဆီးကိုင်းမှာ စုတ်ပြတ်ပြတ် ဇွန်ဝါလေး
အဖြစ် ကျန်ရစ်ရပါသည့် မြင်ကွင်းကိုလည်း လှည့်ကြည့်သည်။ မျက်
လေး မကောင်းဘဲ ခုထိ ဇွန်စုတ်ပြတ်လေးကို နှမြောသည့်နှယ် ငေး
ကြည့်နေသည့် ချာတိတ်လေးကိုလည်း ကြည့်သည်။ နောက်ဆုံးတော့
ရင်ထဲရှိသည့် မကျေနပ်ချက်လေးကို မျိုသိပ်မထားနိုင်ပုံလေးဖြင့် ...

"အဲဒီဇွန်ဝါလေးတစ်ခုကို ယူပေးလိုက်ရင် .. ကလေးတ
ယောက်ရဲ့ရင်ကို ပျော်ရွှင်အောင် လုပ်ပေးတယ်ဆိုတာ ကောင်းတဲ့





အလုပ်တစ်ခုပဲ ကိုကြီး .. အဲဒါကို ဘာလို့ ကိုကြီးက .. ဖျက်လိုဖျက်ဆီး
လုပ်ပစ်ရတာလဲ .. ဇွန်လေးကို စုတ်ပြတ်အောင်လည်း လုပ်ပစ်ခဲ့သေး
တယ် .. သွန်း ကိုလည်း .. အပြစ်တင်နေသေးတယ် .. တကယ်က ..
စိတ်ပြေလက်ပျောက်လေး ဒီနေရာကို သွန်း လာခဲ့မိတာပါ .. ဒီကို
ရောက်တော့လည်း ... ကလေးတွေ ဇွန်လွှတ်တာ .. ဇေဒါတွေ ပန်း
တမြိုင်မြိုင်နဲ့ ပျော်နေတာ .. ဟိုမှာ ရေချိုးဆိပ်မှာ အဝတ်လျှော်နေကြ
တာ .. အဲဒါကို ကြည့်နေတာပါ .. အဲဒီအချိန်မှ .. အဲဒီကောင်လေးခမျာ
ဇွန်ကြိုးပြတ်ပြီး အဲဒီဆီးကိုင်းမှာ ချိတ်နေတာမို့ .. ငိုယိုရင်း ပြန်ယူဖို့
တုတ်လေးနဲ့ကော်ယူဖို့ ကြိုးစားနေတာ မြင်တော့ .. မမီမကမ်းနဲ့
ကလေးလေးခမျာ စိတ်သောကဖြစ်နေတာ မကြည့်ရက်လို့ .. ကူညီပေး
မိတာပါ .. သူ့အဖော်တွေထဲကလည်း သူ့ကို ကူညီပေးကြသူ မရှိဘူး
လေ .. သူတို့ ဇွန်လွှတ်နေတာပဲ သိနေကြတာ .."

ဟု ပြောလာတော့ သူ တစ်ချက် အံ့ခဲမိသည်။ ဤကောင်မလေး၏
မေးခွန်းလည်းပါသော စကား ..၊ ဘာကြောင့် ဇွန်ကလေးကို ပြန်ယူပေး
ဖို့ ကြိုးစားခဲ့သည်ဆိုတာကိုလည်း ဖြေရှင်းခြင်းတွေ ထည့်၍ပြောလာ
သော စကား ..။ ချုပ်လိုက်လျှင် .. သူ့ကို အပြစ်တင်သံပါနေသည့်စကား
သည်း ဖြစ်နေသည်။ အထူးသဖြင့် .. ဇွန်လေးကို ပိုင်ရှင်ကလေး၏ရှေ့မှာ
သူ ဖျက်ဆီးပစ်ခဲ့တာကို ပို၍ ထိခိုက်နာကျင်နေပုံလည်း ရသည်။ မကျေ
မနပ်လည်း ဖြစ်နေပုံရသည်။ ဒါကြောင့် .. တိမ်ဦးယံသို့ လာခဲ့စဉ်က..
တစ်လမ်းလုံး ငြိမ်၍ပါလာခဲ့သော သွန်းလေပြည်မွှေး ဆိုသည့် ကောင်မ
လေးသည် ခုတစ်ကြိမ်မှာတော့ အမေးတွေဘာတွေပင် တုံ့ပြန်လုပ်လာ
နေသည့်အဖြစ်။ အန်တီလေး ဆေးရုံတက်လိုက်ရသည်ဆိုကတည်းက
ဤကောင်မလေး ငြိမ်ကျသွားခဲ့ရာမှ .. ခု .. ပြန်၍ ခေါင်းထောင်လာ
သည့်သဘောမျိုးလည်း ဖြစ်နေသည်။

"မင်း .. ငါ့ကို အပြစ်တင်နေတာလား သွန်းလေပြည်မွှေး .."



www.burmeseclassic.com

www.burmeseclassic.com



ဟု သံပြတ်ဖြင့် ရုတ်ခနဲ မေးချလိုက်တော့လည်း ကောင်မလေး ငြိမ်နေသည်။ သဘောက .. မငြင်းသည့်သဘော ..။ သူ့ကို အပြစ်တင်သည်ဆိုသည့်အချက်ကို မငြင်းပါ .. ဆိုသည့်ဟန် ..။ သူ .. ထပ်၍ အံခဲမိပြန်သည်။ ချောင်းရေဘက်ဆီသို့ သူ ငေးခနဲ ကြည့်မိသည်။ ခံစားချက်က ရင်ကို ထိုးနက်၏။ မေမေ ဆုံးပြီးသည့်နောက်မှာ ပန်းနုဒီချောင်းသို့ သူ ညနေစောင်းချိန်လေးတွေမှာ ရောက်လာတတ်သည်။ မေမေ့ကို တမ်းတရင်း ငိုမိတတ်သည်။ ချောင်းရေထဲ မြုပ်ချည်ပေါ်လှည့်ဖြင့် ပါသွားပါသည့် မေမေ ..။ ချောင်းကမ်းမှာ အရူးအမူး ပြေးလွှားငိုယိုနေသည့်ကောင်လေးတစ်ယောက် ..။ ရင်ထဲ ဗလောင်ဆူနေအောင် ခံစားရင်း ငိုယိုပြေးလွှားနေသည့် ကူကယ်ရာပျောက်နေသည့် ထိုကောင်လေးသည် သူကိုယ်တိုင်ပဲ ဖြစ်နေသည်။ ဆူးခြစ်ရာတွေနှင့်ရှိနေသော ကောင်လေး ..။ ဆူးစူးတာတွေနှင့် ပြည့်နေသော ကောင်လေး..။ ရင်ထဲမှာ ဆို့လာသည်။ မေမေ့ကို ဆုံးရှုံးလိုက်ရသည်က သူ့မျက်စိရှေ့မှာပဲ ဖြစ်နေခဲ့သည်။ သူ့ပယောဂကြောင့်လည်း ဖြစ်နေခဲ့သည်။ အကြည့်သည် .. စုတ်ပြတ်နေသည့်စွန်လေးရှိရာကို ရောက်ပြန်သည်။

"ဘာကြောင့်လဲ သိလား .. မင်း သိပ်သိချင်နေတယ်ဆိုပါတော့- အဲဒီစွန်လေးကို .. ငါ .. ဖျက်ဆီးပစ်တာက .. တစ်ယောက်ယောက်က အဲဒီစွန်ဝါလေးကို ယူဖို့ ထပ်မကြိုးစားချင်တော့အောင်လို့ပဲ .. ဘာလို့လဲ ဆိုတော့ .. ငါ ရှစ်နှစ်သားအရွယ်မှာ .. ငါ လွှတ်ခဲ့တဲ့ စွန်ဝါဝါလေးဟာ ကြိုးပြတ်ပြီး ခုလိုပဲ ကမ်းစပ်က ဆီးပင်တစ်ပင်မှာ ငြိခဲ့ဖူးတယ် .. ငါ အလွန်ပြန်လိုချင်နေတဲ့ အဲဒီစွန်လေးကို ငါ့မေမေက ပြန်ယူပေးဖို့အတွက် သားကို ချစ်တဲ့စေတနာနဲ့ မေမေ ကြိုးစားခဲ့ဖူးတယ် .. အဲသလို သားကိုချစ်တဲ့အတွက် .. မေမေဟာ .. မေမေဟာ .. နင်းထားရာမြေသား ပဲ့ပြိုကျပြီး .. ချောင်းထဲကို အလဲလဲအပြိုပြိုနဲ့ ငါ့မျက်စိရှေ့မှာ ကျသွားခဲ့တယ် .. ငါ့မျက်စိရှေ့မှာ .. ငါ့မျက်စိရှေ့မှာ .. မေမေ .. ရေထဲမျောပါ





သွားတယ် .. မေမေဟာ .. မေမေဟာ .. ကမ်းစပ်တစ်လျှောက်မှာ ငိုယိုအော်ဟစ်ရင်း ပြေးလွှားနေတဲ့ သားကို .. ဘယ်တော့မှ .. ရင်ခွင်ထဲ မပွေ့နိုင်တော့ဘူး .. မချော့မော့နိုင်တော့ဘူး .. မေမေဟာ .. မေမေဟာ.. ငါ့မျက်စိရှေ့မှာတင် .. ရေနစ် ကွယ်လွန်ခဲ့တယ် သွန်းလေပြည်မွှေး .. မင်း .. သိချင်တာ သိပြီ မဟုတ်လား .. ကျေနပ်တော့ .. ကျေနပ်တော့.."

သူ့အသံတွေ အက်နေသည်။ မျက်ရည်တွေ လည်နေသည်။ ကိုယ်သည် ယိုင်ခနဲ ဖြစ်၏။ ကားကိုယ်ထည်ကို ရုတ်ခနဲ သူ့ကိုယ်ကြီး မှီကျသွားချိန်မှာ ..။

ကောင်မလေးသည်လည်း သူ့ကို မော့ကြည့်ရင်း ..၊ မထင်မှတ်ဘာ ကြားလိုက်ရပုံလေးဖြင့် မျက်နှာထက်မှာ သွေးဆုတ်သွားသည့်နှယ် ရှိသွားရင်း ဖွေးခနဲ ဖြစ်၏။ ကိုယ်လေး ယိုင်ခနဲ ဖြစ်၏။ နောက်သို့ ကယောင်ကတမ်းလေး ဆုတ်သွားကာ ..

"ဘုရားရေ .. သွန်း .. မသိဘူး .. အဲဒါ .. အဲဒါ .. သွန်း မသိဘူး.. ကိုကြီးမေမေ ဆုံးခဲ့ပြီဆိုတာလောက်ပဲ သိခဲ့တာ .. အဲသလိုဖြစ်ပြီး ဆုံးဘယ်ဆိုတာ ဘိုးဘိုးတို့က မပြောပြခဲ့ကြဘူး .. မပြောရက်လို့ဖြစ်မှာ.. ဖြစ်မှာ.."

ဟု ခပ်ညည်းညည်း ပြောသည်။ သွန်း သူ့ကို တောင်းပန်သလို ကြည့်နေ၏။ မျက်ရည်လည်နေ၏။ စောစောကမေးလိုက်မိသည့် မကျေနပ် မေးခွန်းတစ်ခုအတွက် နောင်တရနေမှန်းလည်း သိသာနေသည်။ မေးမိလေချင်းဟု ယူကျုံးမရဖြစ်နေတာလည်း သိသာနေသည်။ နောက်ဆုတ် နောက်ဆုတ်ဖြင့် ကောင်မလေး ကယောင်ကတမ်းနိုင်စွာပဲ ရှိနေရာမှ .. ကိုယ်လေး လန့်ခနဲဖြစ်တော့မယောင် ရှိသွားတာမို့ ..။ သူ့မှာ ကမန်းကတန်း ရှေ့တိုးလိုက်ရကာ ကောင်မလေး၏ကိုယ်လေးကို ထိန်းပေးလိုက်ရပါ၏။ ပခုံးနှစ်ဖက်ကို သူ ထိန်းလိုက်ချိန်မှာ ငိုက်ခနဲ ကိုယ်လေး ရှေ့သို့ယိမ်းထိုး၍ ပါလာသည်။ အားမရှိတော့သည့်နှယ် ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေး၏ကိုယ်လေးက ပျော့တိပျော့ဖတ်နိုင်နေ၏။ ဆွဲရာနောက်သို့ ယိမ်း၍ ပါလာသည့်နှယ် ဖြစ်နေသည်။ သူပင် .. ကောင်မလေး၏ ဖြူဖပ်ဖြူရော်ကြီးဖြစ်နေပုံကို မြင်နေရင်း စိတ်ပူသွားသည်ပါပဲ ..။ သွန်း သူ့ကို မော့ကြည့်သည်။ လက်အုပ်လေး ချီသည် ..။

"သွန်း .. တောင်းပန်ပါတယ် ကိုကြီး .. သွန်း .. ကိုကြီးကို စိတ်ထိခိုက်အောင် .. ပြန်လုပ်လိုက်သလို ဖြစ်ကုန်ရပြန်ပါပြီ .. သွန်း ဟာ .. လူတွေကို ဒုက္ခပေးနေတဲ့သူပါ .. အန်တီလေးလည်း ဆေးရုံတက် ရတယ်.. ကိုကြီးကိုလည်း.. အခုလေးမှာပဲ ထပ်ပြီး စိတ်ဆင်းရဲအောင် လုပ်မိပြန်ပြီ .. သွန်း .. တောင်းပန်ပါတယ် .."

မျက်ရည်ကျလာရင်း သွန်း တောင်းပန်နေသည်က နှုတ်ခမ်းလေး တွေ ဆတ်ဆတ်တုန်ခါနေရင်းဖြင့်ပါ ..။ နောက်တော့ ပြန်၍ စိတ်ကို ထိန်းယူဖို့ ကြိုးစားနေရင်း ကိုယ်လေးကို ပြန်မတ်သည်။ စိုးရိမ်တကြီး စိုက်ကြည့်နေရင်း ပခုံးလေးကို ဆုပ်ကိုင်ထားသည့်လက်တွေ ခုထိ မလွှတ်သေးဘဲရှိနေသည့် သူ့ကိုလည်း မော့ကြည့်သည်။

နောက်တော့ .. မျက်ရည်သုတ်ပစ်လိုက်ကာ ကားကိုကြည့်၏။

"သွန်း .. ကားပေါ် .. သွားထိုင်လိုက်တော့မယ် .."

ဟု ပြောနေပုံလေးကလည်း သူ့စကားကို နာခံသည့်သဘော ..။ သူ ထိုင်ခိုင်းခဲ့သည်ကိုးလေ ..။ သူ .. ကောင်မလေးကို ပခုံးလေးထိန်းထား ရင်း ကားရှိရာသို့ ခေါ်လာတော့ ပြုံး၍ မော့ကြည့်ကာ ...

"ရပါပြီ .. သွန်း လျှောက်နိုင်ပါတယ် .. ကိုကြီးလည်း စိတ် ထိခိုက်ထားတာပဲဥစ္စာ .. သွန်း အတွက် .. စိတ်ပူရတာတွေ ထပ်ဖြစ် တော့ ပိုပင်ပန်းပါတယ် .."

ဟု ပြောကာ သူ့လက်ကို ခပ်ဖွဖွ ဖယ်သည်။ ကိုယ်လေးကိုထိန်း၍ လျှောက်သည်။ ခြေထောက်လေးတွေ သိပ်မခိုင်ချင်တာကို သူ မြင်နေရ တာမို့ ဘေးက စိတ်ပူပြီး အရိပ်ကြည့်၍ လိုက်လာရသည်ပါပဲ ..။





ကောင်မလေးက ဖယ်လိုက်တာမို့ သူ့လက်တွေကတော့ ပခုံးလေးပေါ် ကောင်ဖြစ် ..။ ဒါပေမယ့် ရုတ်ခနဲများ မူးမိုက်လဲသွားတာ ဖြစ်မှာစိုး၍ အရိပ်တကြည့်ကြည့်ဖြင့် အကဲခတ်ကြည့်တွေနှင့်အတူ ဘေးမှ လိုက်လာ သည်ပါပဲ ..။ ကားတံခါးကို သူ ဖွင့်ပေးတော့ သွန်းလေပြည်မွှေး ထိုင်လိုက်ပါ၏။ နောက်တော့ ချောင်းဘက်ကို ခပ်ငေးငေး တစ်ချက် ကြည့်သည်။ လက်အုပ်လေး ချီ၍ ...

"သွန်း ကြောင့် .. အန်တီ့သား .. စိတ်ထိခိုက် ပင်ပန်းခဲ့ရတဲ့ အတွက် .. သွန်း တောင်းပန်ပါတယ် အန်တီ .."

ဟု တိုးဖွဖွ တောင်းပန်သံပေါ်လာတော့ ရင်ထဲ နင့်ခနဲ သူ ခံစား ရပါ၏။

မေမေ့ကို သွန်းလေပြေမွှေး တောင်းပန်နေချေသည်တကား ..။

ချောင်းဘက်ဆီသို့ ကူးသည်လည်း ကြည့်မိပြန်သည်။ ချောင်းစပ် ကနေရာဆီမှ မေမေ ကြည့်ချေမည်လား ..။ ရင်သည် .. ဆို့တက်လာရ ပါသတည်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ပန်းနုဒီမှာ မေမေ ရေနစ်ဆုံးပါးခဲ့ရတယ်ဆိုတာ ဒေါ်လေး… သိထားရက်နဲ့ .. ဒီကောင်မလေးကို ချောင်းဘက်သွားဖို့ လမ်းညွှန်လို… တယ်ဗျာ .. ဒီကောင်မလေးက လူမဟုတ်ဘူးဗျ .. မျောက်လို ကော… လေး .. ဟိုကို ပြည့်စုံအချိန်မီ ရောက်သွားလို့ပေါ့ .. ဒါမှမဟုတ်ရင်… စွန် အယူကောင်းရင်း .. ချောင်းထဲကျမှာ .. သူက ပြောသေးတယ်… ရေကူးတတ်ပါတယ်တဲ့ .. ပန်းနုဒီချောင်းရဲ့ ရေစီးအားနဲ့ .. ရေဝဲ… အောက်မှာ ဘယ်နေရာရှိတယ်ဆိုတာ သူသိတာကျနေတာပဲ .. တိ… ယ်မှာ သူ ရောက်လာတုန်း ဘေးမသီရန်မခဖြစ်ဖို့ဆိုတာက ပြည့်စုံတို့… တာဝန်အရှိဆုံးပဲ .. မတော်တဆ .. ဒီကောင်မလေး မေမေ့လိုအဖြစ်… ကြုံသွားရင် .. ပြည့်စုံ တစ်သက် .. ယူကျုံးမရဖြစ်လို့ဆုံးမှာ မဟုတ်… မေမေ့အတွက် ခံစားနေရတာက ရင်ထဲမှာ မဆံ့အောင် ရှိရတဲ့အထဲ… ဒီကောင်မလေးပါ .. မေမေ့လိုဖြစ်သွားရင် .. မြပုဝါရော .. တိမ်ဦး… ရော .. ရွှေရိပ်ဦးအတွက်ရော တစ်သက်လုံး .. ဖြေလို့ကို မရနိုင်အော… ထိခိုက်ခံစားကြရမှာ .."

ထမင်းစားဆောင်ထဲမှာ သွန်း ငုတ်တုတ်ငြိမ်ထိုင်နေရင်း မီး… လက်ညစ်နေရသည်ပါပဲ။





မီးဖိုဆောင်ထဲမှာတော့ ဒေါ်လေးခမ်း ခမျာ ကိုကြီး ပြောသမျှ ငြိမ်ခံနေရှာပါသည့်အဖြစ် ..။ ဈေးမှပြန်ရောက်နေပြီ ဖြစ်သော အပုလေး နှင့် လေးလေးစံ တို့လည်း သွန်း ဘေးမှာ ငုတ် တုတ်လေးတွေ ထိုင်ရင်း မီးဖိုဆောင်ဆီမှ စကားသံတွေကို ကြားနေရ ..၊ စိတ်မကောင်းဖြစ်နေရသည့်အဖြစ် ..။

ဟုတ်သည် ..၊ လေးလေးစံလည်း ကိုကြီးမေမေ ခုလို .. ရေနစ်ကွယ်လွန်ခဲ့သည်ဆိုသည့်ကိစ္စ ခုမှ သိပုံရပါ၏။ ရွှေရိပ်ဦးမှာ ထိုကိစ္စကို ဘယ်သူ့ဘယ်သူကိုမှ ပြောပြခဲ့ကြဟန် မတူ ..။ သိသူဆို၍ ဘိုးသိ ပဲ ရှိချေမည်။ အန်တီလေး ရှိချေမည်။ ဒါကလွဲ၍ ကျန်တာ ဘယ်သူ့ကိုမှ ဖွင့်မပြောပြခဲ့ကြ ..။

ဤသည်က လည်း ကိုကြီး ပို၍ စိတ်ထိခိုက်မှာစိုး၍ ဖြစ်မည်။ အနည်းဆုံး ဒေါ်ကြီးထား သိသည်ဆိုလျှင်သော်မှ ...

"ပြည့်စုံလေး ရဲ့မေမေ ရေနစ်ဆုံးခဲ့တာဆို .. ဒေါ်ကြီးထား သနားလိုက်တာ .. ရင်ထဲ မကောင်းလိုက်တာ .."

ဆိုတာလောက်တော့ ဖွင့်ဟညည်းခဲ့ရှာနိုင်သည်တည့် ..။ အန်တီလေးနှင့် ကိုကြီး၏ဖေဖေတို့ လက်ထပ်ခဲ့ကြစဉ်က ကိုကြီးသည်လည်း ငယ်သေးသည် မဟုတ်ပါလား။ ကလေး စိတ်ထိခိုက်မည့်စကားတွေကို အိမ်မှာ အမြဲရှိနေတတ်ပါသည့် ဒေါ်ကြီးထား တို့လို .. လေးလေးစံ တို့လို အလုပ်သမားတွေ မသိဖို့ ဘိုးဘိုးတို့ဘက်က သတိထား၍ ရှောင်ခဲ့ကြပုံရပါ၏။

ခု ကြည့်ရတာ ..၊ လေးလေးစံ လည်း မသိဘဲ ဖြစ်နေသည်။ အပုလေး ဆိုတာက ကလေးပဲလေ။ ဒေါ်ကြီးထား တို့လို လူကြီးပိုင်းကမှ မသိလျှင် အပုလေးက နောက်မှရောက်သည့်သူပေမို့ ပို၍ပင် မသိနိုင် ..။ ခုလည်း .. ကိုကြီး၏ မေမေ ရေနစ်ကွယ်လွန်သည်ဆိုတာ သိလိုက်ရတာတစ်ခုဖြင့်ပင် မျက်နှာလေးငယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးစံ တောင် အဲဒီကိစ္စကို မသိဘူး သွန်းလေး .. စိတ်မကောင်းစရာပဲကွယ် .. ဖျားလို့နာလို့ .. ဆေးကုသပေမယ့် မရတော့လို့ လက်လွှတ်လိုက်ရတယ်ဆိုတာမျိုးက တစ်မျိုး .. ခုဥစ္စာက .. ကျန်းကျန်းမာမာ .. အကောင်းကြီးသက်သက်ကနေပြီး ရုတ်တရက်ကြီး ရေနစ်ဆုံးပါးရတာ ဖြစ်နေတယ်.. အတော်လှတာ .. အရွယ်လေးကလည်း ငယ်သေးတယ်.. အစတုန်းကတော့ ဧည့်ခန်းထဲကဓာတ်ပုံတွေ ပန်းချီကားတွေ ကြည့်ပြီး .. သြော် .. အရွယ်ကောင်းလေးမှာ ဆုံးပါးရှာတယ်..နမြောဖို့ကောင်းလိုက်တာ .. ဘာရောဂါများ ဖြစ်ခဲ့ရရှာပါလိမ့် .. ဆေးဝါးတောင် မနိုင်ခဲ့ပေပဲကိုး .. လို့ စုတ်တသပ်သပ်နဲ့ ရင်ထဲဖြစ်ခဲ့ရတာ သွန်း ရဲ့ .."

ဟု လေးလေးစံ စိတ်မကောင်းသမျှ ဖွင့်ညည်းရှာသည်။ အပုလေးကတော့ မျက်နှာလေး ဆီးစေ့လောက်ဖြစ်လာနေရင်း တောင်ကြည့်မြောက်ကြည့်ဖြင့် ရှိနေပါ၏။ လေးလေးစံ မျက်မှောင်ကုတ်၍ အပုလေးကို ကြည့်သည်။ အပုလေး ပုံစံက စိတ်မကောင်းဖြစ်နေတာထက် လန့်ဖျပ်နေသည့်အချိုး ဖြစ်နေသည်ကိုးလေ ..။

"ဟဲ့ အပုလေး .. လူတကာ စိတ်ထိခိုက်နေချိန်မှာ ညည်းက ဘာဖြစ်နေတာလဲ .. တောင်ကြည့်မြောက်ကြည့်နဲ့ .. ကျီးကန်းတောင်းအုပ်ထားသလိုပဲ .."

ဟု မေးတော့ အပုလေး မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း လေးလေးစံ ကို ကြည့်ပါ၏။ တစ်ခုခုကို ဖြေနိုင်ဖို့ လည်ချောင်းရှင်းနေတာကိုက ကြာနေသည်။ သလိပ်တွေ ဘာတွေပင် ကပ်နေသည့်နှယ် ရှိနေသည့်အဖြစ်။

ကိုကြီး၏မေမေ့အကြောင်း ပန်းနုဒီချောင်းကျတော့မှ ကိုကြီးပြောပြ၍ သိထားရတာမို့ သွန်း ရင်ထဲမှာ ထိခိုက်ရသည်။ ကိုကြီးကိုလည်း အားနာနေမိရသည်။





သွန်း ကြောင့် ကိုကြီးခမျာ ကြေကွဲရှိန်တွေ နစ်နစ်ပါနေသည့် ...ထဲမှာ ခံစားချက်တွေ လတ်လတ်ဆတ်ဆတ်ကြီးနှယ် ထပ်၍ တွန်းပို့ ...တည်စေခဲ့သည်ကိုးလေ ..။

"ဟို .. ဟို .. အဲဒီအန်တီက .. အစိမ်း .. အစိမ်းသေပေါ့နော် .. ... တစ္ဆေ ဖြစ်နေတယ်ထင်တယ် .. ဒီအိမ်ကြီးမှာလေ .. ဓာတ်ပုံကြီး ...ည့်တုန်းက အပုလေး ကို စိုက်ကြည့်နေသလိုပဲ .. ပြုံးပြနေသလိုပဲ.. ... အပုလေး .. ကြောက် .. တယ် .."

ဟု မထင်မှတ်တာတွေ ကောက်ဖြေနေသည့် အပုလေး ကို ...းလေးစံ မျက်မှောင်ကုတ်၍ ကြည့်သည်။ သွန်း လည်း စိတ်ညစ်ညစ် ... ကြည့်လိုက်မိရပါ၏။ အပုလေး သတ္တိခဲကတော့ဖြင့် မျက်ရည်တွေ ...တွေပင် လည်နေပြီ ..။ လက်မောင်းလက်ဖျံလေးတွေကို လက်ဖြင့် ...ာင်ကုတ်မြောက်ကုတ်ဖြင့်ရှိနေတာမို့ ကြည့်လိုက်တော့ ကြက်သီး ...ညင်းလေးတွေ ထနေတာကို မြင်ရပြန်သည်။ အရမ်းကြောက်နေ ...သည်ပဲဟု သိရတော့လည်း ကြံပေါက်ကြံစည်တွေ ရှာကြံ တွေးကြောက် ...သည့် အပုလေးကို ဆူရခက် ..။ ငေါက်ရခက်နှင့် ဖြစ်ရပြန်သည်။ ...ပေမယ့် အကြောက်လွန်နေသည်ပဲဟု သည်တိုင်းလွှတ်ထား၍လည်း ...ပြန် ..။ ဘယ့်နှယ် .. သူများအိမ်မှာလည်း လာနေနေသေးသည်။ ...ားအမေကိုလည်း တစ္ဆေပြောနေသေးသည်ဆိုသည့်ကိစ္စက ကောင်း...ည့်ကိစ္စမှ မဟုတ်ချေပဲ ..။ ကိုကြီး သိလျှင် အလွန် မျက်နှာပူအားနာဖို့ ...ာင်းနေသည်။ ဤ တိမ်ဦးယံသို့ ခုလိုရောက်နေကြရသည်ဆိုတာ ...သည်း သွန်း ကြောင့်ပဲ ဖြစ်နေတာမို့ ..။ သွန်းမှာ ပို၍ အားနာဖို့ ...ာင်းနေရမှာ အမှန်။ မျက်နှာထားစရာပင် မကျန်အောင်ဖြစ်ရမည်။

"အပုလေး .. ညည်း တော်တော်တတ်နေ .. တစ်ဖက်သားခမျာ ...်ဆင်းရဲစရာတွေနဲ့ နေရတဲ့ကိစ္စ .. ညည်းမို့ .. သူများအမေကို ...္ဆေလို့ ပြောရက်တယ် .. မဟုတ်တဲ့နေရာကျရင် ညည်း တော်တော်



www.burmeseclassic.com

www.burmeseclassic.com



ညာဏ်သန်တယ်နော် .. ညာဏ်ကျယ်တယ် .. ညာဏ်ကျယ်တယ် .. လု
မှာကျရင် မသိတော့ဘူး .. ခိုင်းမှလုပ်တယ် .. ဒီစကား ဒီမှာပဲ တ
တည်းနဲ့ ရပ်.. နောက်ထပ်မဆက်နဲ့ .. တော်ပါသေးရဲ့ .. ပြည့်စုံ
မီးဖိုဆောင်ထဲမှာ ဒေါ်လေးခမ်း နဲ့ ရှိနေသေးလို့ပေါ့ .. ကြားများကြ
သွားရင် .. ညည်း ငါတို့ကို မျက်နှာပျက်စရာ တော်တော်လုပ်တ
အပုလေး .. ငါ ရိုက်လိုက်ရ .."

သွန်း မဆူရသေးခင်မှာ လေလေးစံ မျက်စိမျက်ဆန်ပျက်
ခပ်တိုးတိုးဖြင့် ကျိတ်၍ ဆူနေခြင်းပါ ..။ အပုလေး မျက်နှာလေးငယ်
မော့ကြည့်ရင်း ...

"ဒေါ်ကြီးထား ပဲ ပြောပြောပြတာလေ .. တစ္ဆေပုံပြင်တွေ
ကားတိုက်လို့ သေတာတို့ .. ရေနစ်သေတာတို့ .. အဲဒါတွေ ဘာတွေ
ဟာ .. အစိမ်းသေတာတဲ့ .. တစ္ဆေတွေ ဘာတွေဖြစ်ကုန်ကြတယ်
သူတို့ကိုယ်သူတို့ သေသွားမှန်း မသိလိုက်ဘဲနဲ့ .. အသက်ရှင်နေတ
ထင်ပြီး .. သူတို့ရဲ့အိမ်မှာ ပြန်နေနေကြတာတဲ့ .. ဒါကြောင့် .. အ
အန်တီ .. ဒီမှာ .. နေနေသလားလို့ အပုလေး က .. ထင် .. တာ -"

ဟု ဖြေရှင်းချက် ဆက်ပေးနေတော့ လေးလေးစံ စိတ်လက်မ
နိုင်တော့ဘဲ အပုလေး ခေါင်းကို ဒေါက်ခနဲ ခေါက်ပစ်ထားပါသတည်
နေကြတာကြာတော့လည်း အပုလေး ကို တူမလေးလို့ပဲ လေးလေ
သဘောပိုက်ထားရသည်ကိုးလေ ..။

"နောက်တစ်ခေါက် အဲဒါတွေ လေသံတောင်မဟနဲ့ .. ပြည့်
လေး ကြားသွားရင် .. မျက်နှာပျက်စရာတွေ ဖြစ်ကုန်တော့မှာပဲ -
ညည်း တော်တော်လျှာအတက်ပေါက်တာပဲ အပုလေး .. ဟန့်လေ -
အတက်ပေါက်လေ .. အညွှန့်ထွက်လေဆိုတာ ညည်းရဲ့လျှာပဲ .. သေ
ငါ သတိပေးထားတယ်နော် အပုလေး .. ဒီနေ့ မီးဖိုဆောင်ထဲမှာ ချ
ရေးပြုတ်ရေး ဝင်လုပ်ကူရင်း .. ညည်း .. အဲဒီ အစိမ်းသေတို့ အကျ





တို့ကိစ္စ ဒေါ်လေးခမ်း ကိုလည်း ယောင်လို့ လျှာမချောင်မိစေနဲ့ ..
ါ လျှာညွှန့်ရယ် .. မပြောနဲ့ဆို အညွှန့်တလူလူတက်နေမယ့်ကောင်မ
သ: .. ညည်းနဲ့ ငါ စိတ်ညစ်တယ်.. ငါ သေချင်တယ် အပုလေး .."

ဟု လေးလေးစံ ဟီးချ၍ ညည်းရှာပါ၏။ မျက်မှောင်ကုတ်၍
ပုလေး ကို လေးလေးစံ ကြည့်ကာ ...

"ဟဲ့ .. ခုကျတော့ ဘာငြိမ်နေတာလဲ .. ဟုတ်ကဲ့လို့ ကတိပေး
သ .."

ဟု ငေါက်သံတိုးတိုး ပွင့်ထွက်လာမှ အပုလေး လက်ကလေးပိုက်
ငိုမဲ့မဲ့ဖြင့် ...

"ဟုတ်ကဲ့ .."

ဟု အသံတိုးတိုးလေးဖြင့် ကတိပေးလာသည်။

"သေချာ ဟုတ်ကဲ့ရမှာနော် .. ပြီးပြီရော ဟုတ်ကဲ့လုပ်ပြီး .. ညည်း
ဆွေဇာတ်လမ်း ဆက်ခင်းလို့ကတော့ဖြင့် .. ရွာကိုပြန်ပို့ဖို့ ဘိုးဘိုးကို
ပြောမှာ .. ဟိုမှာ ပြန်နေ .."

"နို့ .. တစ္ဆေမရှိဘူးဆို .. လေးလေးစံ ဘာလို့ .. တစ္ဆေဇာတ်လမ်း
ဖွင့်ဖွင့်ကြည့်သလဲ .. ကဲ .. အပုလေး ကိုလည်း ခေါ်ပြသေးတာပဲ
.."

ဟု ချက်နှင့်လက်နှင့် ပြန်နှက်လာပါသည့် အပုလေး ကို မျက်လုံး
ပြူး၍ လေးလေးစံ အငိုက်ဖမ်းခံရသူနှယ် အာစေးရိုက်သလို ငြိမ်
ည့်နေရရှာပါသတည်း ..။ တခြားအချိန်မျိုးသာ ဖြစ်ကြည့် ..၊ မြပုဝါ
နေတုန်းကလိုမျိုး သွန်း ဆိုတာ အလိုလိုက်ခံ သွန်း အဖြစ် ခပ်ပျော်
ပ်နေရတုန်းမှာမျိုး ဖြစ်ကြည့် ..။ ခုလို .. ဖြစ်နေကြတာကို ကြည့်ရင်း
က်ခုပ်လေးပင်တီး၍ သွန်း ဟက်ဟက်ပက်ပက်ရယ်နေမိမှာ သေချာ
ည်။ ခုကျတော့ ရယ်ချင်စိတ်လည်း မရှိ။ ပန်းနုဒီချောင်းမှာ ကိုပြ
မ်းထိခိုက်ရင်း အမေ ဆုံးသည့်အဖြစ်ကို ပြောပြခဲ့တာ ကြားရလေ



www.burmeseclassic.com

www.burmeseclassic.com



သမျှ ..။ နားထဲမှာကို မထွက်နိုင်ဘဲ ရင်ထဲမှာ မကောင်းနိုင်ဘဲ ဖြစ်
ရချေသည်ကိုးလေ ..။

"ဟဲ့ .. ဟိုဟာက အပျင်းပြေကြည့်တာ .. ကြည့်ရတဲ့ စုံထော
ဇာတ်ကားတို့ .. အချစ်ကားတို့ .. အဲဒါတွေ နည်းနည်းရိုးအီလာ
တချို့ဇာတ်လမ်းလေးတွေ ပြောင်းကြည့်တာ .. အဲဒါ ညည်းပဲ ရှေ့
တက်ကြွကြည့်နေပြီး .. ခုမှ ငါ့တရားခံ လာမလုပ်နဲ့ .. ငါကြည့်
တချို့ကားကလည်း .. လှလှပပ တချို့ကား .. မင်းသမီးတချို့ဆိုလည်
သူများ ဒုက္ခပေးတဲ့တချို့ မဟုတ်ဘူး၊ လှလှပပလေးနဲ့ .. စိတ်
ကောင်းတဲ့ တချို့ မျိုး .. မင်းသားဆိုလည်း .. ဇာတ်လိုက် .. ဇာတ်
တချို့ .. လူဆိုးတွေကို .. လိုက်ရှင်းတဲ့ တချို့ .."

ဟု လေးလေးစံ ငေါက်၍ ပြောတော့မှ အပုလေး ငြိမ်သည်။

ထိုစဉ်နိုက် ကိုကြီး မီးဖိုဆောင်မှ ပြန်ထွက်လာပါ၏။ ဒေါ်
ခမ်း လည်း နောက်ကလိုက်လာသည်။ သွန်း မှာဖြင့် .. သွန်း ပြော
ဒေါ်လေးခမ်း အဆူခံထိသည်ဟု သိနေရရင်း မျက်နှာပူရပြန်သည်။

"ဟုတ်တယ် မိန်းကလေးရယ် .. ပြည့်စုံလေး ပြောတော့
ဒေါ်လေးခမ်း ဖြင့် .. ရင်ထဲထိတ်သွားရတော့တာပါပဲ .. တော်သေး
ပေါ့ .. အချိန်မီ ပြည့်စုံလေး ဟိုကိုရောက်သွားလို့ .."

ဟု ပြောရှာသည်။

"နေ့လယ်စာ .. ပြန်လာစားမယ် ဒေါ်လေးခမ်း .. စက်ရုံကို
သွားလိုက်ဦးမယ် .. ဒီမှာ .. ညည်းကိုကြည့်ရတာ .. ဖြူဖပ်ဖပ်နဲ့
ကောင်းရဲ့လား .."

ဟု သွန်း ကိုလည်း ကိုကြီး မေးလာသည်။ သွန်း ခေါင်းလေး
တော့မှ တစ်ချက် အကဲခတ်သလိုကြည့်ပြီး ကိုကြီး ထွက်သွား

"လေးလေးစံ လည်း နားပါ .. မနေ့က ခရီးပန်းလာတာ
ကားမောင်းလာရသေးတယ် မဟုတ်လား .. လေးလေးကျော် ကို





မောင်းဖို့ ပြည့်စုံ ခေါ်သွားလိုက်တော့မယ် .. အိမ်မှာ တစ်ခုခု ကားနဲ့သွား
ဝယ်ဖို့ပြုဖို့ ရှိလာတယ်ဆိုရင် .. ဒေါ်လေးခမ်း ကို လမ်းပြခိုင်းပြီးတော့
လေးလေးစံ ကားမောင်းပို့ပေးလိုက်ပေါ့ .. ဒီနေ့တော့ လေးလေးစံ
နားပါ .. မနက်ဖြန်ကျတော့ စက်ရုံနဲ့ မိုင်းတွင်းကို လိုက်ခဲ့ပေါ့ .."

ဟု ကိုကြီး ပြောကာ အလုပ်သို့ လေးလေးကျော် ဖြင့် ကားနှင့်
ထွက်သွားတော့ အပုလေး လုပ်ငန်းစသည်။ ဧည့်ခန်းသို့ ကုတ်ကုတ်
လေးသွားကာ ဓာတ်ပုံတွေကို ကြည့်လိုက် ..၊ ပန်းချီကားကို ကြည့်
လိုက်ဖြင့် ရှိနေတာမို့ လေးလေးစံ လက်ကို ဆတ်ခနဲဆွဲကာ မီးဖိုဆောင်
ထဲ ခေါ်လာရပါသတည်း ..။

"ဒေါ်လေးခမ်းကို လုပ်ကိုင်ကူ .. လျှာအညွန့်တိုးမနေနဲ့ .. ကြား
သား .."

ဟု ကျိတ်၍ မှာသည် ..။ မီးဖိုဆောင်ကိစ္စ ဒေါ်လေးခမ်းကို သွန်း
လုပ်ကိုင်ကူသည်။ ချက်ရေးပြုတ်တာကိစ္စဆိုတာက သွန်း လုပ်နေကျ
မို့ ..။ ဒေါ်လေးခမ်း အတွက် ကူဖော်လောင်ဖက်ပင် ရနေသေးသည့်
ဖြစ် ..။

ချက်ပြုတ်ပြီးတော့ အပေါ်ထပ်တက်ကာ ရေပူပူလေးဖြင့် ရေချိုး
လိုက်ရသည်ပါပဲ ..။ ခေါင်းတော့ အုံနေတာတော့ အမှန်။ ဒါပေမယ့်
ချက်ပြုတ်ထားသည်မို့လည်း ချွေးလေးတစို့စို့ တစိုစိုဖြစ်နေတာမို့ ရေပူပူ
လေးဖြင့် ရေချိုးလိုက်ရပါ၏။ ခက်သည်က အပုလေး ပါ ..။ ဒေါ်လေး
ခမ်း အနားမှာ တကပ်ကပ်ဖြင့် ရှိချင်ရှိ ..၊ ဒါမှမဟုတ်လျှင် သွန်း
အနားမှာ ကပ်နေရင်း လူချင်းမခွာရှိရှိနေတာ ခက်နေသည်။ ဖွင့်သာ
ပြောပေမယ့် ..။ တချို့ကြောက်ဇာတ်လမ်းခင်းနေတာ သွန်း သိနေရ
ပါ၏။ အကောင်းဆုံးကတော့ မကြာမတင်လေးမှာပင် .. အပုလေး
ရွှေရိပ်ဦးသို့ ပြန်ခိုင်းသင့်နေသည်ပါပဲ။ ချက်ချင်းပြန်ပို့၍လည်းမဖြစ်
ရက်နှစ်ရက်တော့ သည်တိုင်း နေခိုင်းရမည်သာ ..။ ချက်ချင်းပြန်ပို့



www.burmeseclassic.com

www.burmeseclassic.com



ရမည်ဆိုတာကလည်း လေးလေးစံ နှင့် ပြန်ပို့ခိုင်းရမှာပဲ ဖြစ်သည်။ ဘာကြောင့် .. အမြန်ကြီး ပြန်ပို့ရသည်လဲဆိုတာကလည်း တစ်ဖက်က မေးချင်စရာ ဖြစ်လာနိုင်သည်လေ ..။

"ခက်တာပဲ .. ဒီတိုင်း ဒီမှာ အပုလေး ကို ဆက်နေခိုင်းရင်လည်း အခက် .. ပြန်ပို့ရမှာလည်း အခက် .."

ဟု သွန်း စိတ်ညစ်ညစ်ဖြင့် စိတ်အိုက်နေရပါ၏။ အောက်ထပ်ဆီမှ ဖုန်းမြည်သံ ပေါ်နေတာမို့ ...

"အပုလေး .. ဖုန်းသွားကိုင်လိုက်ပါလား .. ဒေါ်လေးခမ်း လည်း ရေချိုးနေတယ် ထင်ပါရဲ့ .."

ဟု သွန်း ပြောတော့ အပုလေး ငြိမ်နေသည်။ ခြေမလှုပ်..။ ဧည့်ခန်းသို့ ဘယ်သွားရမည်လဲလေ ..။ မာတ်ပုံနှင့် ပန်းချီကားတွေထဲကနေ၍ ကိုကြီး၏မေမေ ပြုံးကြည့်နေသည်ဟု ထင်နေတာက စွဲနေသည်ကိုး လေ..။ သွန်း ခေါင်းလေးယမ်းကာ အောက်ထပ်ဆင်းလာတော့ အပု လေး နောက်က ကပ်ပါလာသည်။

ဖုန်းကို သွန်း ထူးလိုက်ရပါ၏။

"ဟယ်လို .. တိမ်ဦးယံကပါရှင်"

"အခုပြောနေတာ ဘယ်သူလဲ .. ဒေါ်ခမ်းနွဲ့ တော့ မဟုတ်ပါဘူး သွန်းလေပြည် လား .."

တစ်ဖက်ကမေးသူသည် ဒေါ်ခမ်းနွဲ့ ၏အသံကို မှတ်မိနေဟန် တူပါ၏။ မေးလာတော့ သွန်း ဖြေရပါ၏။

"ဟုတ်ကဲ့ .. သွန်းလေပြည်မွေး ပါရှင် .."

"အန်ကယ်ပါ .. အန်ကယ်ကြည်မျိုးသာ ပါ သွန်းလေပြေ .. သမီးရဲ့အန်တီလေးလည်း နေကောင်းလာပါပြီ .. အဖြစ်မှန်ကို ဒေါ်ကြီး ထား ဒီနေ့ မှာ အန်ကယ့်ကို ငိုပြီး ပြောပြတယ်.. သမီးရဲ့ ဘိုးသီ ဆေးရုံ ကို သွားလိုက်တဲ့အချိန်မှာ ဆိုပါတော့ .. သမီးလေး သွေးမလှူရကောင်း





းဆိုပြီး ဘိုးသီ ကလည်း စိတ်ထဲမကောင်း အလွန်ဖြစ်နေတာလည်း င်နေရ .. မြေးပေါ်မှာ စိတ်နာနေပုံကြီး ဖြစ်နေတော့ .. ဒေါ်ကြီးထား မျာ ရင်ထဲမှာ မနေတတ်မထိုင်တတ်နဲ့ ဖြစ်နေရတာတဲ့ .. ခြေလှုပ် က .. ဒီလောက်သ [illegible] ဘာတ်မကောင်းပဲ ဖြစ်ကုန်ရသလားဆိုပြီး းခမျာ .. စိတ် [illegible] ရလည်း ဖြစ်နေတာ သိသာနေတာ [illegible] .. ဘက် [illegible] .. သွန်း ခမျာ .. ငြိမ်ခံ [illegible] နေရတော့ .. ဒေါ်ကြီး [illegible] မှာ ရင်သဲ မချိလွန်းလို့ပါတဲ့ .. [illegible] .. းသိ [illegible] .. အန်တီလေးလည်း မသိပါစေနဲ့ .. [illegible] သူမှလည်း [illegible] ကောင်းတောင်းပန်ထားလို့ မပြောဘဲ ပေးလိုက်ရပေမယ့် .. [illegible] ကယ့်ကိုတော့ အသိမပေးဘဲ ထား [illegible] ယ်ဆိုတဲ့ [illegible] .. [illegible] နိုင်တော့ဘူးတဲ့ .. ဒါကြောင့် .. န်း သွေး [illegible] ငိုပြီးပြောတယ် .. သွန်း ကို အလွန် [illegible] ဘာ .. [illegible] .. သွန်း အပေါ် [illegible] ကာက်တော့ မယ်တဲ့ .. ခဟ်တာ [illegible] .. ဘိုးကိုလည်း မပြောပြရဲဘူးတဲ့.. ရင် .. ဘိုးက ချက်ချင်း သွန်း ကို ပြန်ခေါ်မှာပဲတဲ့ .. ခေါ်ရင် .. န်း ရဲ့အန်တီလေးကလည်း အဲသလိုပြန်ခေါ်ရကောင်းလားဆိုပြီး စိတ် ချက်ကုန်မှာတဲ့ .. ဒါကြောင့် တစ်ယောက်ယောက်ကိုတော့ဖြင့် ပြော ဖြစ်မယ်ဆိုပြီး စဉ်းစားတော့ အန်ကယ့်ကိုပဲမြင်တာမို့ .. အန်ကယ့်ကို သို .. အိမ်ခဏပြန်နားချိန်လေးမှာ ပြောပြရတာပါတဲ့ .. အန်ကယ် ရှိပ်ဦးကို ခဏပြန်နား .. ရေမိုးချိုး .. တစ်ချက်လောက် မှေးပြီးရင် ဆေးရုံကိုပြန်တော့မလို့လေ .. အဲဒါ .. ဒေါ်ကြီးထား ခမျာ .. ဧည့်ခန်းမှာ က်ရည်ကျရင်း .. အန်ကယ် ကို ပြောပြရှာတယ် .."

သွန်း လန့်ခနဲ ဖြစ်၏ .. ဒေါ်ကြီးထား ကလည်းလေ ..။ ပြောပြ က်ချပြီတည့် ..။ အန်ကယ် သိလျှင် ဘိုးကို ပြန်ပြောပြနိုင်သည်။ [illegible] ထားသည်ပဲဖြစ်စေ ...

www.burmeseclassic.com

www.burmeseclassic.com



ဘိုးကိုတော့ ပြောပြနိုင်သည်။ နောက်ဆုံးတော့ .. အန်တီလေး သိကို သိသွားရချေမည်သာ ..၊ အန်တီလေး အရှမ်းကိုခံစားရချေတော့မည်။

"ဒုက္ခပါပဲ .. အန်တီလေးသိရင် .. သွန်း ရဲ့သွေးကိုမှ အသွင်းခံရလေချင်းဆိုပြီး အရမ်းခံစားရတော့မှာပါ အန်ကယ် .. လုံးဝ ဘိုးသိကို လည်း မပြောပြပါနဲ့နော် .. ဘိုးသိ သိရင် .. မျိုသိပ်ထားမှာမဟုတ်ဘူး-သွန်း ကို စိတ်ထဲမျက်မိလေချင်းဆိုပြီးတော့လည်း ခံစားရရှာမယ် -မပြောပြတာ အကောင်းဆုံးပါပဲ အန်ကယ်ရယ် .. သွန်း က .. ခေါင်းမာရက်စက်တဲ့ သွန်း အဖြစ် အထင်ခံရပြီးပါပြီ .. ခံနိုင်ရည်ရှိလာနေပါပြီ-အသားတကျ နေတတ်နေပါပြီ .. ဘိုးတို့သိသွားရင် .. အန်တီလေးသိကို သိမှာမို့ .. ဘယ်လိုမှ .. ဘယ်တော့မှ .. ဘိုးသိတို့ကို မပြောပြပါနဲ့ အန်ကယ်ရယ် .. အန်တီလေးသိရင် .. တစ်သက်လုံး ခံစားနေရရှာတော့မှာ .. သွန်း နဲ့ပတ်သက်လာရင် .. ဖေဖေနဲ့မေမေ့သမီးအဖြစ် အရှမ်းကိုစိတ်နာနေတာပါ .. မုန်းနေတာပါ .. သွန်း ရဲ့သွေးဟာ ဖေဖေ နဲ့မေမေတို့ရဲ့သွေးပေမို့ .. အဲဒီသွေးတွေ အန်တီလေးရဲ့ကိုယ်ထဲမှာ လည်ပတ်နေတာကို .. အန်တီလေး ဒီတစ်သက် .. ဘယ်လိုမှ .. စိတ်ချမ်းသာလက်ချမ်းသာ ရှိနိုင်တော့မှာ မဟုတ်လို့ပါ .. အန်တီလေးကို ကျိန်စာတိုက်လိုက်သလို ဖြစ်ကုန်ပါလိမ့်မယ် အန်ကယ်ရယ်.. မရက်စက်ပါနဲ့-အန်တီလေးကို မရက်စက်ပါနဲ့ .."

ဟု ဖုန်းကိုင်ရင်း သွန်း ပြောနေမိရပါ၏။

နောက်မှ အလန့်တကြား သတိရလိုက်သည်က အပုလေး ကိုပါတည့် ..။ သွားပြီ ..၊ မောင်းကွဲ အပုလေး ကြားကုန်ပြီထင့် ..။ သိ၍ကတော့ မောင်းထုလိုက်တာကမှ နောက်ကျဦးမည်။ အားလုံး သိကုန်ကြရမည်သာ ..။

အလန့်တကြားလေး လှည့်ကြည့်လိုက်တော့ အပုလေး ရှိမနေ..၊ တော်သေးသည် ..၊ ဘာပဲဖြစ်ဖြစ် .. အကြောက်တော် အပုလေး သည်





အန်တီနှင်း ၏ဓာတ်ပုံနှင့် ပန်းချီကားတွေရှိရာ ဧည့်ခန်းထဲမှာ နေရဲတန်မတူ..။ မီးဖိုဆောင်ဘက် လစ်ချေပြီထင့် ..။

"အဲဒါပဲ .. အဲဒါပဲ .. အလွန်မွန်မြတ်တဲ့စိတ်ဆိုတာ အဲဒါပါပဲ သမီးရယ် .. အန်ကယ့်မှာ သမီးလေးလို စိတ်ထားကောင်းတဲ့ ကလေးတစ်ယောက်နဲ့ပတ်သက်နေတာ .. ရှိနေတာကိုက .. ကံကောင်းတာပါပဲ .. သမီးလေးရဲ့စိတ်ထားက .. သားရဲ့မေမေဖြစ်တဲ့ နှင်း ရဲ့စိတ်ထားလေးလိုပဲ အလွန်မွန်မြတ်တာပဲ .. စိတ်ရင်းကောင်းတာပေပဲ .. နှင်းဟာ အဲသလိုပဲ သမီးရဲ့ .. သူ့ကြောင့် တစ်ဖက်သား .. တစ်ခုခု ခံစားလိုက်ရမှာ အလွန်စိုးရိမ်တတ်တာ .. သူ့ကို အပြစ်တင်လိုက်တာကို ခံလိုက်ချင်တယ် .. တစ်ဖက်သားကို အပြစ်ပြောလိုက်မှာ .. တစ်ဖက်သားကို အရှမ်းခံစားသွားရမှာ .. အဲဒါတွေကို ဘယ်လိုမှ အဖြစ်မခံတတ်ဘူး သမီး .. ဒါကြောင့် သမီးရဲ့ အန်တီနှင်း ကို .. ခုထိ အန်ကယ် ချစ်မြတ်နိုးနေရတာပေါ့ .. အထင်တကြီးရှိနေရတာပေါ့ .. ဒီတော့ .. အန်ကယ်.. သမီးကို .. ဆုချမယ် .. အလွန်တန်ဖိုးရှိပါတယ်ကွယ် .. သမီးလည်း မြတ်နိုးမှာပါ .. သမီးရဲ့ဘိုး ပြောပြဖူးတယ်လေ .. သမီးလေးက အကအလွန်ဝါသနာကြီးတာတဲ့ .. သမီးရဲ့ အန်တီနှင်း က အငြိမ့်မင်းသမီးလေးလေ .. အလွန်ထူးချွန်ကြီးတဲ့ မင်းသမီးလေးပေါ့ .. အန်ကယ်မြတ်နိုးလွန်းလို့ လက်ထပ်ခဲ့တာပါ .. နှင်း ကို မင်းသမီးအဝတ်လေးတွေနဲ့ .. ဓာတ်ပုံရိုက်ပေးခဲ့တယ် .. ကခိုင်းခဲ့တယ် .. အဲသလိုရှိတာပါ.. အခု .. နှင်း လို စိတ်ထားမြင့်မြတ်တဲ့ သမီးလေး သွန်း ကို .. နှင်း ရဲ့ မင်းသမီးဝတ်စုံလေး အန်ကယ် လက်ဆောင်ပေးမယ် .. ဆုချမယ် .. သမီးရဲ့ အန်တီနှင်း ကို အလွန်မြတ်နိုးတဲ့ အန်ကယ်က .. အဲဒီမင်းသမီးဝတ်စုံကို သမီးသွန်း အတွက် ဆုချတယ်ဆိုတာမို့ .. သမီးအပေါ်မှာ ဘယ်လောက်ထိ ကြီးမား တန်ဖိုးရှိတဲ့ .. ဆုချပေးတယ်ဆိုတာ သမီးသွန်း သဘောပေါက်မှာပါ .. သမီးရဲ့ အနစ်နာခံ မွန်မြတ်တဲ့စိတ်ကို



www.burmeseclassic.com

အန်ကယ် တန်ဖိုးထား အထင်ကြီးလိုက်တာကွယ် ..''

''အဲသလောက် အဖိုးတန်တဲ့ဝတ်စုံကို သွန်း ယူရမှာ အားနာပါ တယ် အန်ကယ်ရယ် ..''

ဟု သွန်း အသံတိမ်လေးဖြင့် ပြောမိရပါ၏။ ရင်ထဲမှာ လှုပ်ရှားနေ တာတော့ အမှန်ပါ။ ခုလို အန်ကယ် ဦးကြည်မျိုးသာ မှ သွန်း အပေါ် အရမ်းကို အထင်ကြီး တန်ဖိုးထားပြီး ချစ်ကြင်နာပေးလာပါသည် ဆုကို လက်ခံရမှာ အားနာနေရပေမယ့် ...၊ သွန်း ကို .. သမီးလေးပမာ မှတ်ယူ ချစ်ရှာနေသည်ပဲဟု သိနေရရင်း ကြည်နူးရသည်မှာလည်း အမှန် ပါ။

''အန်တီလေး မသိဖို့ပဲ အရေးကြီးပါတယ် အန်ကယ်ရယ် .. ဘိုးဘိုးတို့ဆိုတာက အဖြစ်မှန်မသိဘဲ ခုလိုစိတ်ဆိုးနေကြတာပဲ ကောင်းပါ တယ် .. နောက်ကျတော့လည်း သွန်း ကို ကလေးဆိုပြီး စိတ်ပြေသွားကြ မှာပါ .. အဲဒီအခါကျတော့လည်း အစစ .. အရာရာ .. အရင်အတိုင်း သွန်း နဲ့ ဘိုးဘိုးတို့ကြားမှာ ပြန်ဖြစ်သွားကြရမှာပါ .. အန်တီလေး တစ်သက်လုံး စိတ်ခံစားရစေမယ့်အဖြစ်ကိုတော့ အန်ကယ် မလုပ်လိုက် ပါနဲ့ .. သွန်း အပေါ် ဘိုးတို့ စိတ်ပြေအောင်ဆိုပြီး မလုပ်လိုက်ပါနဲ့ .. အန်တီလေး ဆက်မှန်နေပါစေ .. အန်တီလေးရဲ့သွေးထဲမှာ သွန်း ရဲ့ သွေးတွေ ရှိနေတယ်ဆိုတာ အန်တီလေး မသိပါစေနဲ့ .. မသိပါစေနဲ့ .. သိရင် .. အရမ်းဆိုးကုန်မှာ .. အန်တီလေးကို သနားပါ .. သနားပါ .. မသိပါစေနဲ့ ..''

သွန်း ကယောင်ကတမ်းလေး .. လက်အုပ်လေးချီမိသည်အထိ ပါ ..။ ဖုန်းလေးကို လက်လေးဖြင့် ဖသုပ်ယူကိုင်နေရင်း ပြောနေ ခြင်းပါတည့် ..။ အန်ကယ့်စကားသံက ပေါ်လာနေဆဲ ..။ သွန်း ဖုန်းကို နားနားပြန်ကပ်၍ နားထောင်လိုက်ရသည်ပါပဲ ..။ သွန်း မျက်နှာမှာ မျက်ရည်တွေ စိုလူးနေသည်





''သမီးလေးအပေါ် ပိုလို့အထင်ကြီးနေရတာပါပဲ ကလေးရယ် .. ဟုတ်ပြီ .. လောလောဆယ်တော့ အန်ကယ် မပြောသေးဘဲ အရိပ်အခြည် ကြည့်နေလိုက်ဦးမယ် .. အန်ကယ် ကတိပေးတယ် .. သမီးလေးက လည်း အန်ကယ်ပေးတဲ့ဆုကို လက်ခံရလိမ့်မယ် .. အဲသလို လက်ခံ လိုက်ရင် .. အဲဒီဝတ်စုံလေးကို သမီးသွန်း ဝတ်လိုက်တယ်ဆိုရင်ဖြင့် .. သမီးရဲ့ အန်တီနှင်း ကလည်း တမလွန်ဘဝကနေပြီး .. ကြည်နူးရှာမှာ ပါ .. အနုပညာကို မြတ်နိုးတဲ့ ကလေး .. စိတ်ထားမွန်မြတ်တဲ့ ကလေး တစ်ယောက်ဆီမှာ .. ထိုက်ထိုက်တန်တန်လေး အဲဒီအဝတ်လေးတွေ ရောက်သွားလို့လေ ..၊ ကဲ .. ကဲ .. ဒေါ်ခမ်းနွဲ့ ကို ခေါ်လိုက်ပါကွယ်.. ..နဲ့ ဆက်ပြောမလို့ပါ .. သမီး ကို .. အန်ကယ့်ဗီရိုဘေးက ဗီရိုကြီးထဲ .. ရှိနေတဲ့ နှင်း ရဲ့ဗီရိုကြီးထဲက မင်းသမီးဝတ်စုံလေးကို ယူပေးဖို့ ..ပြောမလို့ပါ .. သမီးလည်း သမီးအခန်းမှာ ပြန်စောင့်နေလိုက် .. ဟုတ် ..ဘား ..''

ဟု ပြောလာပုံက ဘယ်လိုပဲဖြစ်ဖြစ် .. သွန်း ကို မင်းသမီးဝတ်စုံ ..ဖြစ်အောင် ပေးတော့မည်ဟု သဘောဖြင့်ပါတည့် ..။ သွန်း မငြင်း ..တော့ပါ။ အန်ကယ့်စေတနာနှင့် မေတ္တာကို သိရမည်လေ ..။ သွန်း ..လေးကို ဖုန်းစားပွဲလေးပေါ်တင်ခဲ့ကာ ဒေါ်လေးခမ်း ကို မီးဖိုဆောင် .. သွားခေါ်ရပါ၏။

ရေမိုးချိုးပြီးစ ဒေါ်လေးခမ်း သည် သနပ်ခါးလေး ဝင်းလျက် ..ချိုရည်အိုးကို မီးဖိုပေါ် ပြန်တည်နေချိန် ဖြစ်နေပါ၏။ နာရီကို ..မိသည်။ မီးဖိုဆောင်နံရံမှာ ရှိနေပါသည့် တတ်ခဲနာရီကြီးက ဆယ့် ..ရီခွဲလုလုအချိန်ကို ပြနေပါချေ၏။

ကြည့်ရတာ .. ကိုကြီး နေ့လယ်စာ ပြန်လာစားချိန် နီးလာပြီ .. ..

အပုလေး ကတော့ အိုးခွက်လေးတွေ ဆေးကြောနေသည်တည့် ..။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးခမ်း .. အန်ကယ်ဦးကြည်မျိုးသာ .. ဒေါ်လေးခမ်း ဖုန်းပြောချင်လို့တဲ့ .."

ဟု ပြောတော့ ဒေါ်လေးခမ်း ခပ်သုတ်သုတ် ဧည့်ခန်းသို့ထွက် သည်။ သွန်း လည်း အန်ကယ် မှာထားတာမို့ အခန်းထဲ ပြန်နေနေလိုက် ရသည်ပါပဲ ..။

သိပ်မကြာလိုက် ..။ ဒေါ်လေးခမ်း ရောက်လာပါ၏။ မျက် ထက်မှာလည်း အေးမြဝင်းကြည်နေသောအပြုံးက ဝမ်းသာကြည်နူး ထင်ဟပ် ပါလာပါသည့်အဖြစ် ..။ ယူလာသည်က မင်းသမီးဝတ် တကား ..။

"အစ်ကိုကြီး တစိမ့်စိမ့်နဲ့ တယုတယထားတဲ့ ဝတ်စုံလေး က.. တစ်စုံကို ပေးဖို့ ပြောလာလို့ ဒေါ်လေးခမ်း ဖြင့် အံ့ဩ မိန်းကလေးရယ် .. အစ်ကိုကြီးက သေချာမှာတာ .. အရမ်းကိုဖြူ သွန်းလေပြည့်မွေး ကို .. အဖြူရောင်မင်းသမီးဝတ်စုံလေး ပေးလို တဲ့ .. ဝတ်စုံလေးက ငွေခြည်ထိုး .. ပုလဲလုံးလေးတွေနဲ့ ချိတ်ဆင် ထားတာ .. သိပ်လှတာ.. ပဝါလေးကအစ ဆင်တူပဲ .. သိပ်လှ ကွယ်.. အမြဲ တစ်လ နှစ်ကြိမ်လောက် နေရောင်ပြ .. ပြန်သိမ်း ပရုတ်လုံးလေးနဲ့ သိမ်းထားရတဲ့ မင်းသမီး ဝတ်စုံတွေက မနည်း ဘူး .. အရောင်စုံ ရှိသကွယ့် .. မမလေးနှင်း ဝတ်တဲ့အခါများ .. လှ လို့ မျက်တောင်မခတ်ကို ငေးယူရတာကွယ့် .. ဒီ တိမ်ဦးယံမှာ မ နှင်း ကို အစ်ကိုကြီးက မင်းသမီးအဝတ်လေးတွေ ခဏခဏ ဝတ် တတ်တယ် .. ကနိုင်းတတ်တယ် .. ဓာတ်ပုံရိုက်တတ်တယ် – ဓာတ်ပုံတွေက တချို့ကို ပန်းချီအပ်တတ်တယ် .. အဲသလိုရှိတာ ပြန်တွေးမိရင် လွမ်းလှသကွယ် ကလေးရယ် .."

ဟု ဒေါ်လေးခမ်း တမ်းတလွမ်းဆွတ်စွာ ပြောပြီး အဝတ် ခုတင်ထက်မှာ ဖွဖွတင်သည်။ သွန်း ၏ဆံစလေးကို ပွတ်သပ်ပေး





ပြုံး၍ကြည့်ကာ ...

"အစ်ကိုကြီးက မှာလိုက်တယ် .. အဲဒီအဝတ်လေးကို ဝတ်ကြည့် ပါတဲ့၊ မှန်ထဲမှာ ကြည့်လိုက်ပါတဲ့ .. အလွန်လှနေမှာ သေချာပါတယ် တဲ့ .. အစ်ကိုကြီး သေချာမှာတာမို့ .. အစ်ကိုကြီး မှာသလို .. နားထောင် လိုက်နော် .. ဝတ်လိုက်နော် .. ကဲ .. ဒေါ်လေး မီးဖိုဆောင် ဆင်းလိုက် ဦးမယ် .. ဒီမနက်မှ ချက်တာပေမယ့် .. ပူပူဖြစ်ဖို့ဆိုတာက ပြန်ပြီး မီးဖိုပေါ် ဟင်းအိုးတွေ တည်မှ ဖြစ်မှာလေ .."

ဟု ပြောကာ ဒေါ်လေးခမ်း အခန်းတွင်းမှ ထွက်သွားပါ၏။

သွန်း ခုတင်ထက်မှာ ထိုင်မိသည်။

မင်းသမီးဝတ်စုံလေးကို ဖွဖွညင်သာ ပွတ်သပ်ကြည့်နေမိသည်။ နုသည့်သောပိုးသားမှာ ယက်ထားပါ သည့် ငွေချည်ထိုးချိတ်ဆင် ..။ ပုလဲ လုံးလေးတွေပါ ချိတ်ဆင်ထဲမှာလှပစွာ ယှက်၍ ထိုးထားပါသည့် မင်းသမီးဝတ်စုံဖြူလေးပါ တကား...။

ပဝါလေးကအစ ဖြူလွလွ ..၊ ငွေချိတ်ဆင်နှင့် ပုလဲလေးတွေ ယှက်ထားရာ ချိတ်ဆင် ..၊ မင်းသမီးအင်္ကျီသည်လည်း ဆင်တူ ဖြစ်ပါ ချေ၏။ အလွန်လှသော ဝတ်စုံလေးပါတကား ..။

အာရုံထဲ တိုးဝင်လာသည်က အန်တီနှင်း ၏ပုံရိပ်လေး ..။ ဓာတ်ပုံ ထဲမှ အန်တီနှင်း သည် ဤမင်းသမီးဝတ်စုံလေးဖြင့် ကနေသည်။ သည်း .. ဓာတ်ပုံထဲမှ ဆင်းသက်လာရင်း ဝတ်စုံလေးကို ဝတ်လိုက်ဖို့ သွန်း ကို တိုက်တွန်းနေချေမည်လား ..၊ ခင်ပွန်းဖြစ်သူက ဝတ်ခိုင်းတာ မို့ အန်တီနှင်း သည် .. ထိုဝတ်စုံလေးကို သွန်း ဝတ်တာ မြင်ချင်နေ ချေမည်သာ ..။

အန်ကယ် တယုတယသိမ်းထားချေသော ဝတ်စုံ ..၊ အစဉ်တစိုက် ဘယ်သူ့ဘယ်သူကိုမှ မပေးပဲ မြတ်နိုးစွာ သိမ်းဆည်းထားပါသော မင်းသမီး ဝတ်စုံများထဲမှ .. ယခု .. အန်ကယ်က သွန်း ကို အဖြူရောင်



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီး ဝတ်စုံလေး ပေးခိုင်းခဲ့သည်မို့ ဒေါ်ခလေးခမ်း ငင်လျှင် အံ့ဩယူနေရသည် မဟုတ်ပါလားလေ ..။

ဒေါ်လေးခမ်း ကလည်း ဝတ်ဖို့ တိုက်တွန်းသွားသည်။ သွန်း ဒေ၍ ဝတ်စုံလေးကို ကြည့်နေဆဲ ..၊ မွှမွှလေး ပွတ်သပ်နေမိရဆဲ ..။

နောက်တော့လည်း လက်အုပ်လေးချီ၍ အန်တီနှင်း ကို ရည်မှန်း၍ ကန်တော့မိသည်။ အန်တီနှင်း ၏ ဝတ်စုံလေးကို ဝတ်ရမည်ကိုလေ ..။ သွန်း ၏စိတ်ထဲမှာလည်း လှုပ်ရှားနေသည်။ ကကြေပဲ့မင်းသမီး တစ်ယောက်၏ မင်းသမီးဝတ်စုံကို မကြုံဖူးသင့်လေးမှာပင် သွန်း ဝတ်ဆင်လိုက်ရချေတော့မည်တကား ..။ ပြီးတော့ .. ထိုဝတ်စုံလေးသည် ကွယ်လွန်သူတစ်ယောက်၏ ဝတ်စုံလေးလည်း ဖြစ်နေသည်။ အမြတ်တနိုးသိမ်းဆည်းထားရာ ဝတ်စုံလေးလည်း ဖြစ်နေသည်။ ပြီးတော့ သွန်း ကို ဆုချပေးပါလေသော ဝတ်စုံလေးလည်း ဖြစ်နေချေသည်တည့် ..။

သွန်း မင်းသမီးဝတ်စုံလေးကို ဝတ်လိုက်ရကာ မှန်ထက်မှာထင်သောပုံရိပ်လေးကို ငေးကြည့်နေမိရပါ၏။ ဝတ်စုံလေးက နည်းနည်းချောင်နေသည်။ ဒါပေမယ့် အရမ်းကြီးချောင်နေတာ မဟုတ်သည်မို့ ကြည့်၍ ကောင်းနေသည်ပါပဲ ..။

"တစ်နေ့ကျတော့မှ .. ဒီဝတ်စုံလေးကို နည်းနည်းပြန်သိပြီး သေချာဝတ်ပြီးတော့ ဓာတ်ပုံရိုက်ရမယ် .. မြပုဝါက နံရံမှာ ချိတ်ထားမယ် .."

ဟု တွေးမိရင်း ,ရင်ထဲမှာ တသိမ့်သိမ့် ကြည်နူးလာရပါ၏။ ဝတ်စုံလေးက အရမ်းကိုလှနေသည်။ ပုလဲလုံးလေးတွေဖြင့် ချိတ်ဆင်ထဲမှာ စီခြယ်ထားတာမို့ ပိုးဝတ်စုံအလှက ရန်းကြွနေသည်။ သက်ဝင်နေသည်။ ပဝါစလေးကို ဖွဖွဖေးကိုင်၍ မှန်ထဲမှာ ထင်နေသည့် ဖြူဖြူကောင်မလေးတစ်ယောက်ကို သွန်း ငေးကြည့်နေမိရဆဲ ..။ အနုပညာ





တန်ဖိုးသည့် သွန်း ..၊ ဝါသနာတုံသည့် သွန်း ၏ သွေးကြောအနှံ့ဆီသို့ စီးဝင်လာသည်က သွန်း မကြာမကြာ ဆိုရင်း ကရင်းဖြင့် ရှိတတ်သည့် သီချင်း .. လေဘာတီမမြရင် ၏သီချင်း ..။ တုံးကျော်မ သီချင်းလေးပါတည့် ..။

ဩော် .. အန်တီနှင်း သည်လည်း ရေနစ်၍မကွယ်လွန်ခဲ့ဘဲ တုံးကျော်မအဖြစ် အသက်ရှင်ခဲ့ပါလျှင် အဘယ်မျှ စိတ်ချမ်းမြေ့ဖွယ် ရှိချေလေသလဲလေ ..။

"အစ်ကိုတို့ရဲ့မေတ္တာ .. မမတို့ကချစ်တာ .. စေတနာက ထူးသောကြောင့် အဝေရာအမှုးပြုပါလို့ မြတ်ပရမေကို အပ်ပါသည် .. ကျွန်မသေပါဘူးရှင့် သဗ္ဗေသတ္တာကိုရည် .. သေနိုင်ပါရိုးလား လေဘာတီယေ..ပေတစ်ရာဆီလျှောက်ပါလို့ မြင်သလောက်ပြလိုက်ချင်ပါသည်.."

အာရုံထဲတိုးဝင်လာသည့်သီချင်းလေးကို ခပ်တိုးတိုးလေး ညည်းလိုက်မိရင်း .. လှလှပပလေး ကလိုက်မိသည်က စိတ်ဓာဆောင်ရာ ကိုင်း မျောပါသွားခြင်းကြောင့်ပါ ..။

ထိုစဉ်ခိုက် ဘယ်လိုမှ မမျှော်လင့်သောအဖြစ်တစ်ခုကို သွန်း ဆိုင်လိုက်ရချေသည်တကား။

"ဟယ် .. တစ္ဆေ .. တစ္ဆေ .. မင်းသမီးတစ္ဆေ .. ဓာတ်ပုံထဲက တစ္ဆေ .."

ဟု တံခါးဝဆီမှ ငယ်သံပါအောင်အော်ရင်း နောက်ကြောင်းပြန်ပြေးသွားပါသည့် အပုလေး ၏အသံ ..၊ လှည့်အကြည့်မှာ ရိပ်ခနဲ လေးသာ မြင်လိုက်ရပါသည့် အပုလေး ၏ ကျောပြင် ..။ တစ္ဆေကြောက် အပုလေး တစ်ယောက် အခန်းသို့ပြန်လာချိန်မှာ ရုတ်ခနဲ မြင်လိုက်ရပါသည့် မင်းသမီးအဝတ်အစားဖြင့် သွန်း ကို အန်တီနှင်း တစ္ဆေဟု ထင်ကာ အော်ရင်း ငိုယိုရင်း ပြေးသွားခြင်းကို ရင်ဆိုင်လိုက်ရသည်က သွန်း ဖြစ်နေရပါ၏။ ရုပ်တီရုပ်ပြာဖြင့် မင်းသမီးအဝတ်မြင်ရုံဖြင့် တစ္ဆေထင်



www.burmeseclassic.com

www.burmeseclassic.com



ပြေးသည်ကလည်း ရိုးရိုးမဟုတ် ..၊ အန်တီနှင်း တစ္ဆေဟု လန့်ပြေး
ခြင်း ဖြစ်နေသည်တည့်..။ သွန်း ကိုယ်တိုင်ပင် ကြောင်တက်တက်
ကျန်ခဲ့ရခြင်းပါ။ ဤသို့ အပုလေး ရောက်လာကာ ခုလို .. မဟုတ်
တွေ ထင်မြင်ပြီး .. အော်ချင်ရာ စွတ်တင်အော်ပြေးမည်ဟု
ဘယ့်နှယ်လုပ်၍ သိနိုင်မည်တဲ့လဲလေ ..။ သွန်း ခေါင်းခါ၍ သက်
ရှိုက်မိကာ ခုမှ သတိဝင်လာရသည်က အဝတ်အစားလေး မြန်မြ
လိုက်တာပဲကောင်းမည်ဆိုသည့် အတွေးပါ ..။ ထိုစဉ် ခိုက်မှာ တံ
မှာ လူရိပ်ထင်လာပြန်သည်။ ကိုကြီးပါတကား ..။ ကိုကြီး၏အ
က သွန်း ထံမှာ ငြိမ်၍ တန့်နေသည်။ မရွေ့မလျား စိုက်ကြည့်နေ
အဖြူရောင်မင်းသမီး ပုလဲငွေခြည်ထိုးဝတ်စုံဆီမှာလည်း မမိုတ်
ကြီး အတန်ကြာမျှ တန့်၍ ကြည့်နေသည်။ အံ့ခဲထားကာ မီးဝင်
တောက်သည့်နှယ်လည်း သွန်း ကို ကြည့်လာပြန်၏။

သွန်း နားမလည်နိုင် ..၊ အန်တီနှင်း ၏အဝတ်ကို သွန်း ဝတ်
ရုံဖြင့် ကိုကြီး ဤမျှ ဒေါသကြီး ဖြစ်မနေသင့် ..။ ခုဥစ္စာက .. ကျ
မာန်ဖိတော့မည်နှယ် ရူးရူးဝါးဝါးကြီး ခါးသီးစွာ ကြည့်လာတာမျိုး
နေသည်။

"မင်း .. မင်း .. ရိုင်းလှချေလား သွန်းလေပြေမွှေး .. ဟင်
လှချေလား .. မင်းဟာ အလွန်ဟန်ဆောင်ကောင်းတဲ့ အယုတ်
ပေါက်စနလေးပေပဲကိုး .. ရိုးပုံရိုးလက်နဲ့ .. ကလေးလေးလိုနေသ
နဲ့ .. တော်တော်ပက်စက်တဲ့ ကောင်မလေးပဲကွ .. မင်းမို့ကွာ
တစ္ဆေလုပ် ခြောက်ရက်တယ် .. အဲဒါ .. ငါ့မေမေကွ .. ငါ့မေ
မင်း စော်ကားလှချည်လား.. ဟင် .. အပုလေး ကြောက်တတ်မှန်း
လို့.. မင်း .. ကလေးကို တစ္ဆေလုပ် ခြောက်လိုက်တယ်ပေါ့လေ
ဟာ .. အလွန် အစအနောက်သန်တယ်ဆိုတာ .. မြပုဝါကနေပြီး
ဦးကိုသွားရတော့မယ့်အချိန်တုန်းက ဘိုးဘိုး မှာခဲ့တာကို ကြားခဲ့





မယ့် .. ခုလောက် မင်း မိုက်ရိုင်းစော်ကားတဲ့နည်းမျိုးနဲ့တော့ အစ
အနောက် မသန်နိုင်လောက်ဖူးလို့ ငါ ထင်မိတာ .. မင်းကွာ.. မာမီ့ကို
လည်း သွေးမလှူဘဲ အတ္တကြီးနဲ့ .. အတေးအမှတ်ကြီးနဲ့ နေပြခဲ့တယ်..
အခု .. ဒီရောက်လာတော့လည်း .. မေမေ ကွယ်လွန်ရတဲ့အဖြစ်ဆိုးကို
ဒီနေ့မှာပဲ ငါက မင်းကို ပန်းနုဒီချောင်းမှာ ပြောပြခဲ့တာပဲ ရှိသေးတယ်..
င်းက .. တစ္ဆေလုပ်ခြောက်ဖို့ စိတ်ကူးကောင်းတွေ ရနေပြီး .. အပုလေး
ကို ခြောက်လှတ်ပြလိုက်တယ်ဆိုပါတော့ ..၊ အဲဒါ .. ငါ့အမေကွ ..
ငါ့အမေကို မင်း တစ္ဆေလုပ်ပြီး ကလေးတစ်ယောက်ကို ခြောက်ပြတယ်
ဆိုတာ အပျော်အနောက်ကိစ္စမျိုး မဟုတ်တော့ဘူး .. စော်ကားမော်ကား
လုပ်ပြတဲ့ကိစ္စမျိုး ဖြစ်နေတယ် .. မင်းကို ငါ အော့နှလုံးနာလာတယ်
သွန်းလေပြည်မွှေး .. မင်းလောက် ရိုင်းစိုင်းတဲ့စိတ်ဓာတ်မျိုး .. ပေါ့တိ
ပေါ့ပျက်နဲ့ သူတစ်ပါးကို မညှာမထောက် .. စော်ကားမော်ကား အမူ
အကျင့်မျိုးကို ပေါ်တင်လုပ်ပြရဲတဲ့ အရိုင်းသတ္တိမျိုးကို ငါ အော့နှလုံး
နာတယ် .. အထင်သေးတယ် .. မင်း .. ဘယ်လိုလုပ်ပြီး မေမေ့အဝတ်
တွေကို ရှာယူခဲ့တာလဲကွ .. ဟေ .. မင်းဟာ အလွန် ပိုင်စိုးပိုင်နင်းနဲ့
သူများရဲ့အိမ်မှာ အဝတ်အစားဗီရိုကအစ မွှေနှောက်ရှာဖွေရဲနေတဲ့
ည်းပျက်ကမ်းပျက် ကောင်မလေးတစ်ယောက် ဆိုတာလည်း အခု ..
ငါ မျက်ဝန်းထင်ထင် မြင်ရတော့ .. ပိုပြီး အထင်သေးလာတယ် သိလား..
င်းကို ဘိုးသိက ဒီမှာနေဖို့ လွှတ်လိုက်တယ်ဆိုတာ မာမီ အရမ်းခံစား
နေရမှာ စိုးရိမ်လို့ဆိုတာ မမေ့နဲ့လေ .. မင်းကိုမြင်ရင် မာမီ စိတ်ထဲ
ခံပြင်းမှာစိုးလို့ ငါကလည်း ဒီကိုခေါ်လာပေးလိုက်တာပါ.. ခုကျတော့
င်းက ဒီရောက်တာမှ မကြာသေးဘူး .. ဒီအိမ်က အလွန် ချစ်မြတ်နိုး
တဲ့ မေမေ့ကို .. တစ္ဆေဖြစ်အောင် လုပ်ပြရဲနေတဲ့ သွန်းလေပြေမွှေး
ဖြစ်နေပါရောလား .. မင်းကို .. ငါ .. ငါ .. အံ့သြတယ် .. ဒီလောက်
ရက်နာပြောင်တိုက်ရဲပြီး စော်ကားရဲတာကို .. အံ့သြတယ် ..



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆက်ဝါက်ကြီးပြောချကာ စိတ်လိုက်မာန်ပါကြီး ချာခနဲ လှည့်၍ ကိုကြီး ထွက်သွားတာမို့ သွန်း မှာ ဖြေရှင်းချိန်လေးပင် မရလိုက် ပါ …ငိုင်၍ ကျန်ခဲ့ရပါ၏။ သွန်း မှာဖြင့် ဟာကိုမကောင်းနိုင်ပဲ ဖြစ်ရချေသည်ကောဟု ရင်ထဲဆို့တက်လာရသည်ပါပဲ …။ ခုလည်း နေရင်း ထိုင်ရင်း အကောင်လွှဲခံရပြန်ပြီတည့် …။ ရှပ်ခနဲ ကိုကြီး တခါးဝမှ ပြန်ရပ်… ဖြေရှင်းပြမည်ဟု သွန်း အားယူလိုက်ချိန်မှာပဲ ကိုကြီး ထံမှ…

"မေမေ့ …တ်တွေကို … သူ့နေရာမှာ ပြန်ထားလိုက်ပါ သွန်း လေပြေမွှေး … မေမေက မင်းလို အယုတ်တမာပေါက်စလေး မဟုတ် ဘူး … အလွန် သန့်ရှင်းဖြူစင်တာကွ … မင်းကိုယ်ပေါ်တင်ထားတာကို မတန်မရာ ဖြစ်နေတယ် …"

ဟု မျက်နှာကြီးရဲနေရင်း ခပ်ထန်ထန်ပြောပြီးတာနှင့် ချက်ချင်း ပြန်လှည့်ထွက်သွားတော့ သွန်း ငိုင်၍ ငြိမ်ကျန်ခဲ့ရသည်ပါပဲ …။ ပေါ်တီ ကိုဆီမှ ကားမောင်းထွက်သွားသံက ညင်သာသာ မရှိ။ ဝူးခနဲ ဝေါခနဲ ဒေါကြီးမောကြီးဖြင့် မောင်းထွက်သွားသံမျိုး ဖြစ်နေသည်။ သွန်း နေရာ မှ မရွေ့ …။ ငြိမ်ငြိမ်သက်သက်လေး ရပ်နေဆဲ …။ ကြည့်ရတာ ကိုကြီး ထမင်းစားပြန်လာချိန် ဖြစ်မည်။ တိုက်တိုက်ဆိုင်ဆိုင် … အပုလေး ကလည်း အော်ဟစ်ပြေးဆင်းသွားတာနှင့် ဒက်ထိတိုးခဲ့ဟာ ဖြစ်မည်။ လာကြည့်လိုက်တော့လည်း အန်တီနှင်း ၏အဝတ်အစားလေးတွေဖြင့် ရှိနေသည့် သွန်း ကိုမြင်ရသည်မို့…။ ဒေါင်းခနဲ ဖြစ်သွားချေသည်သာ…။

"အေးလေ … ကိုကြီးရဲ့အမေကို စော်ကားမော်ကားလုပ်လိုက်သလို ကြီး ထင်စရာဖြစ်သွားခဲ့တာကိုး … အမေကို သိပ်ချစ်တဲ့သားတစ် ယောက်ဟာ ခုလိုပဲ ခံစားရမှာပါပဲ … ကိုကြီး မမှားပါဘူး …"

ဟု တွေးကာ အဝတ်အစားလဲသည်။ သေသေသပ်သပ် ပြန်ခေါက် ကာ ခုတင်ပေါ်တင်သည်။ သွန်း မျက်ရည်လည်း ကျနေသည်ပါပဲ …။





သွန်း ဆိုတာက … လောလောဆယ်မှာ … ဘယ်နေရာ ခြေရာလေး …င်တင် …။ ထိုနေရာမှာ ပြဿနာတက်နေသည်ချည်း ဖြစ်နေသည်။ …ရှိုပ်ဦးမှာလည်း ပြဿနာကောင်မလေး ဖြစ်ခဲ့ပြီ။ ခု … တိမ်ဦးယံမှာ …သည်း ပြဿနာအိုး ဖြစ်နေပြီ …။ သွန်း ၏ပယောဂမကင်းသည့်နှယ် …နေသည်။

သွန်း တမင်တကာ ကြံစည်လုပ်ကိုင်တာတွေ မဟုတ်ခဲ့ပေမယ့် … …ရှိုပ်ဦးမှာရော တိမ်ဦးယံမှာပါ … သွန်း ၏လုပ်သမျှသည် စော်ကား …မော်ကားဖြင့် လူအထင်သေးစရာတွေချည်း ဖြစ်နေသည်တည့် …။ သွန်း… …ဖို့ပင် မကောင်းတော့ပြီကောလေ၊ သွန်း ကြမ်းပြင်ပေါ်ကို ထိုင်ချ …က်ကာ တစ်အောင့်လောက်တော့ စိတ်ကိုလွှတ်ချ၍ ကလေးလေးလို …ငိုပစ်လိုက်သည်ပါပဲ။ တစ်ယောက်တည်း အားငယ်လိုက်သည်မှ …သာ …။ ဝမ်းနည်းလိုက်သည်မှလေ …။ နှိုင်းပြစရာပင် မရှိ …။ နောက်ဆုံး …တော့ မျက်ရည်ကို သုတ်ပစ်မိကာ အိမ်ကြီး အပေါ်ထပ်ဆီမှ ဆင်းလာ …ပါ၏။ ထမင်းစားဆောင်ဘက်ဆီမှ အပုလေး ၏ ငိုယိုနေသံ …။ …ါလေးခမ်း ၏ ချော့မော့နေသံတွေကို ကြားနေရသည်။ လေးလေးစံ …ည်း ဧည့်ခန်းမှာ ရှိမနေ …၊ အပုလေး နားမှာ ရှိနေပြီထင့် …။

ဒေါ်လေးခမ်း ကတော့ မင်းသမီးအဝတ်ကို ဒေါ်လေးခမ်း က …က်ခိုင်းခဲ့သည့်ဆိုတာတွေ အပုလေး ကို ပြောပြ ရှင်းပြနေမည်သာ…။ …န်း ရင်ထဲ မကောင်း။ ကိုကြီးကိုတော့ ဒေါ်လေးခမ်း လည်း ရှင်းပြဖို့ …ချိန်ရမည် မထင်ပါ။ ဘာကြောင့်ဆို … ကိုကြီးသည် ချက်ချင်းပင် …ားမောင်း၍ ပြန်ထွက်သွားလိုက်သည်ကိုးလေ …။

မုန်းကြစေတော့ …၊ မုန်းစေတော့…။ ဘိုးဘိုးတို့နှစ်ယောက်က …ည်း သွန်း ကို စိတ်နာနေကြသည်။ ကိုကြီးကလည်း အမြင်ကတ်နေ …၊ အထင်သေးရင်း မုန်းလည်း မုန်းနေပြီ …။ ကြည့်ချင်စိတ်ပင် ရှိတော့ …မဟုတ် …။



www.burmeseclassic.com

www.burmeseclassic.com



အန်တီလေးကို သွေးမလှူရကောင်းလားဟု ကိုကြီး စိတ်
အလွန်နာနေတာကို သိနေရသည်မို့လည်း သားသမီး မထွန်းကား
သည့် အန်တီလေးအတွက် သားရင်းတစ်ယောက် ရချေသည်ပဲ
နားလည်နေရကာ ဝမ်းသာပေးမိရသည်ပါပဲ ..။

သွန်း .. တိမ်ဦးယံခြံကျယ်ကြီးဆီမှ တစ်ယောက်တည်း ထွက်
လာမိချိန်မှာ ဘယ်သူမှ မသိလိုက်နိုင်ကြ ..။ အပုလေး ကို ဖျောင်း
ချော့မော့နှင့် ထမင်းစားဆောင်ကျယ်ကြီးထဲမှာ ဒေါ်လေးခမ်း နှ
လေးလေးစံ တို့ ကျန်ရစ်ခဲ့ကြချေသည်ကိုးလေ ..။

"ငါ .. ငါ .. ဘယ်ကိုသွားရမှာလဲ .. ဘယ်ကိုပြန်ရမှာလဲနော်-

ဟု ခိုကိုးရာပျောက်နေသည့်နှယ် သွန်း အားငယ်ပါးငယ်ဖြစ်
ရင်း မျက်ရည်က ပြိုခနဲကျ၏။ လက်ဖမိုးလေးဖြင့် သွန်း မျက်ရည်
ကလေး လေးနှယ်ပင် သုတ်မိသည်။ မျက်ရည်က မစင်နိုင် ..၊ မတ
နိုင် ..။

အားကိုးရာပျောက်ခြင်းဆိုသည့် ခံစားချက်တစ်ခု၏ ပြင်းထ
သောအရာတစ်ခုကို သွန်း လတ်တလောမှာ ရင်နှင့်မဆံ့အောင် ဝမ်းနည်
အားငယ် လက်ခံပေးနေရချေသည်ကောလေ ..။





အခန်း (၂၁)

"ညည်းဟာလေ .. တကယ့်ပြဿနာအိုးပဲ .. အိုးမှ အိုးပေါက် ..
ထည့် ရေယို .. ဆီထည့် ဆီယို .. ဂျုံမှုန့်ထည့် ဂျုံဖိတ် .. ဆန်ထည့်ရင်
ထိုးတဲ့ အိုးပေါက်မျိုး .. အခု ဘယ့်နှယ်လုပ်မလဲ .. ညည်းဟာလေ..
း က အဲဒီမင်းသမီးအဝတ်ကို ဝတ်လိုက်တာကို မြင်လိုက်ရတာနဲ့..
မမလေးနှင်း ရဲ့တစ္ဆေဖြစ် မြင်ရရောလား .. နည်းနည်းမှကို အဆင်
မရှိဘူး .. သွန်း ခများ .. သွေးလှူထားရတာ ..၊ ဘာမှလည်း
တိပတ်တိ စားတာမရှိဘူး .. ခုလို .. အားလုံးရှုပ်ကုန်တာ ညည်း
ဆင်မခြင် တစ္ဆေလန့်လို့ ဖြစ်ကုန်ရတာ .. ခု .. ဘယ့်နှယ်လုပ်မလဲ ..
သိကို ငါ ဘယ်လိုလုပ် မျက်နှာပြရမလဲ .. ဘယ်လိုပြောပြရမလဲ ..
.. ပြဿနာဒေဝီရဲ့ .."

"နို့ .. သိမှမသိပဲဥစ္စာ .. အဲဒီလို အဖြူရောင်အဝတ်လှလှလေးနဲ့..
းသမီးအဝတ်နဲ့ .. ဟိုမှာလည်း အန်တီမင်းသမီးက ဝတ်ထားတဲ့ဥစ္စာ
င်ထားရတာကိုးလို့ .. ဓာတ်ပုံထဲမှာ မြင်ထားရတဲ့ဥစ္စာကို မမသွန်း
အခန်းထဲ ဖြုန်းခနဲ မြင်တော့ .. အပုလေး လည်း မင်းသမီးတစ္ဆေ
င်သွားတာပေါ့လို့ .. လန့်တာပေါ့လို့ .. မမသွန်း က ဘာကိစ္စနဲ့မ
းသမီးအဝတ်ကြီး ဝတ်ဖို့မှ မရှိတဲ့ဥစ္စာ .. မမသွန်း လို့ ဘယ်ထင်မလဲ..



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးခမ်း က ကိုကြီး ပြန်လာခါနီးပြီ .. မမသွန်း ကို သွားခေါ်တော့ ထမင်းစားဖို့နီးပြီလို့ အခေါ်လွှတ်လိုက်လို့ဥစ္စာ .. အခန်းတံခါးလည်း ဖွင့်လိုက်ရော .. သီချင်းသံတိုးတိုးလေးနဲ့ ကနေတဲ့ မင်းသမီးကို မြင်ရတာဆိုတော့ .. လန့်သွားရင်း .. မင်းသမီးတစ္ဆေလို့ ထင်သွားတဲ့ဥစ္စာ အခုလို .. ကိုကြီး ရောက်လာပြီး မမသွန်း ကို အဲသလိုဆူမယ်ဆိုတာလည်း ဘယ်သိပါ့မလဲ .. မသိဆို .. အဲဒီမင်းသမီးဟာ မမသွန်း ဆိုတာကို အပုလေး ထင်ကိုမထင်ထားတာကိုး .. စဉ်းစားကြည့်လေ လေးလေးစံ ရဲ့ .. အခန်းတံခါးလည်း ဟောဆိုဖွင့်လိုက်ရော .. ဟောဆို မင်းသမီးအဝတ်နဲ့ မြင်လိုက်ရော .. က,နေတာလည်း ဖြစ်နေရော .. မျက်နှာကလည်း ဒီဘက်လှည့်နေတာ မဟုတ်ဘူး .. ဟိုဘက်လှည့်နေတာဆိုတော့ မင်းသမီးတစ္ဆေ ကိုယ်ယောင်ပြတယ်လို့ အပုလေး မှမထင် .. ဘယ်သူထင်မလဲ .. ပြေးမလွတ်အောင် ထင်စရာကြီးဥစ္စာ .."

"အေး .. ညည်းလေး အထင်ကောင်းတာ ကိစ္စမရှိဘူး .. ခု ငါတို့ရော .. သွန်း ရော ဒုက္ခဖြစ်ရပြီ .."

"အေးကွယ် .. အစ်ကိုကြီးက အဲဒီ မမလေးရဲ့ မင်းသမီးအဝတ်ထဲက အဖြူရောင်မင်းသမီးဝတ်စုံလေးကို ဆုချတယ်ဆိုပြီးတော့ကို ဒေါ်လေးခမ်း ကို ဖုန်းနဲ့ပြောတာမို့ ပေးလိုက်မိရတာ .. ခုကျတော့ အားလုံး မထင်တာတွေ ဖြစ်ကုန်ရပြီ .."

ဟင်ခနဲ သူ ဖြစ်သွားရပါပြီ။ ထမင်းစားဆောင်ထဲဆီမှ စိတ်လက်ညစ်နေရင်း ပြောနေကြသမျှကို သူ ကြားနေရသည်ကိုးလေ ..။ ကောင်မလေး သွေးလှူသည်ဆိုပါလား ..။ မာမို့အတွက် လှူခြင်းမှတစ်ပါး ဘာရှိမည်တဲ့လဲလေ ..။

ဒါဆို .. ဒါဆို .. ဘာကြောင့် .. ကောင်မလေးက သွေးလှူသည့်ကိစ္စကို သူတို့မသိအောင် ဖုံးကွယ်ထားရပါသတဲ့လဲ..။ ဘာကြောင့် ဖုံးကွယ်သည်ဆိုတာ ကောင်မလေးကတော့ သိချေမည်။





ဒါပေမယ့် .. ခုမှ သူ သိလိုက်ရသည်မို့ .. ရင်ထဲမှာ မကောင်းနိုင်တော့ပြီတည့် ..။ သူ .. ကောင်မလေးအပေါ် အရမ်း အထင်တသေးကြီး ဖြစ်သွားကာ စိတ်ထဲမျက်ခဲ့သည် မဟုတ်ပါလား ..။ စောစောလေးကပင် သူသည် .. ကောင်မလေးကို ရက်ရက်စက်စက်ကြီး ပြောခဲ့သေးသည်ပဲ။ မေမေ့ကို မင်းသမီးတစ္ဆေဖြစ်အောင် အပျော်အနောက် လုပ်ခဲ့ပြီး အပုလေး ကို ခြောက်လှန့်သည်ဟု ထင်မိမှားမိခဲ့ကာ ..။ သွေးလှူတာကိုရော ..။ မေမေ့ကို တစ္ဆေဖြစ်အောင်လုပ်သည် ဆိုတာတွေရော ပစ်စလက်ခတ်ကြီး စွပ်စွဲခဲ့သည်က ဘာကြာသေးလို့လဲလေ ..။

ခုလည်း သူ နေအိမ်ဘက်ပြန်လာချိန်မှာ ထမင်းစားဆောင်ထဲ စုပြုံထိုင်နေရင်း စိတ်လက်ညစ်ညည်းနေကြသည့်စကားသံတွေကို တံခါးအားဘက်မှာ သူ ရပ်ရင်း ကြားနေရပါသည့်အဖြစ် ..။ ခုကျတော့ ကောင်မလေးကို မျက်နှာပူစရာတွေ ဖြစ်ကုန်ရပြီ ..။ ဘယ့်နှယ်လုပ်၍ မျက်နှာချင်းဆိုင်ရမည်ပင် မသိတော့ပြီတည့် ..။

"အဆင်မျှားမပြေချင်တော့ .. ငါ့ကားက လမ်းမှာ ဘီးပေါက်တယ် .. စပယ်ယာဘီးလည်း မပါတော့ .. စက်ရုံက ကိုသိန်း ကို ဖုန်းဆက်ပြီး စပယ်ယာဘီးယူလာဖို့ရယ် .. ဘီးပြန်လဲတပ်ပြီး ငါ့ကားကို သူက မောင်းလာခဲ့ဖို့ရယ် .. သူ စက်ရုံတမောင်းလာတဲ့ကားကို ဒရိုင်ဘာတစ်ယောက်ယောက်နဲ့ မောင်းသွားခိုင်းဖို့ရယ် .. မှာခဲ့ပြီး ခြေကျင်ပြန်လာရတာ .. ဒါကြောင့်.. ငါအိမ်ထဲရောက်နေတာ ဒေါ်လေးခမ်း တို့ .. လေးလးစံ နဲ့ အပုလေး တို့ မသိကြဘဲရှိနေကြရင်း .. ပြောနေဆိုနေကြတာပေါ့ .. ငါ့ရှေ့ဆို ဒီလို စိတ်ထဲရှိရာအတိုင်း ပြောဖြစ်ရဲကြမလဲ .."

ဟု တွေးကာ သူ ရင်ထဲ ထိခိုက်နေမိရပါ၏။ မဖြစ်ချေပြီတည့်..။ ကောင်မလေးကို တောင်းပန်ရမှဖြစ်မည်။ သူ့ဘက်က လွန်ခဲ့ပြီကိုးလေ..।



www.burmeseclassic.com

www.burmeseclassic.com



"ခက်တယ် မောင်စံ ရယ် .. ပြည့်စုံလေး ဆီကို ဖုန်းဆက်တော့လည်း .. ဖုန်းက စက်ပိတ်ထားတည်ချည်း ဖြစ်နေတယ် .. ခေါ်လို့မရဘဲ ဖြစ်နေတာ .. စက်ရုံဖုန်းကို ဆက်တော့လည်း နေ့လယ် ထမင်းစား ပြန်သွားကတည်းက .. ပြည့်စုံလေး စက်ရုံကို ပြန်မလာဘူးလို့ ပြောတယ် .. မိုင်းတွင်းဘက်ကို ဖုန်းဆက်တော့လည်း ဟိုမှာလည်း မရှိဘူးလို့ ပြောတယ် .. ခု .. ဘယ့်နှယ်လုပ်ရမလဲ .. စိတ်များရယ် ညစ်လိုက်ပါဘိကွယ် .. မောင်ကျော်လည်း ကစ်ပြို့လုံး နှံ့နေပြီ .. ဘယ်မှာမှ ရှာမတွေ့ဘဲ ဖြစ်နေတာ .. ဒေါ်လေးခမ်း ဖြင့် သေသာသေလိုက်ချင်တော့ပါပဲ .. ဒေါ်လေးခမ်း အိမ်မှာရှိနေပါရက်ကယ်နဲ့ သွန်းလေး ပျောက်နေတယ်ဆိုတာကိုက အပြစ်မကင်းဘူး .. တာဝန်မကင်းဘူးကွယ် .."

သူ မျက်စိတွေ ပြာခနဲ ဖြစ်ကုန်ရပါပြီတည်း။ ဘုရားရေ ..၊ သွန်းလေပြေ အိမ်မှာမရှိဘဲ ဖြစ်နေသည်တဲ့လား ..။

"အဲဒါ .. ညည်း တစ္ဆေဆိုပြီး မျက်နှာမှာ သွေးတစ်စက်မကျန်အောင် လန့်ရှိန်တက်ပြီး အပေါ်ထပ်က ပြေးဆင်းလာတော့ .. ညည်းတို့ ထမင်းစား ခန်းမှာ ထိုင်ခိုင်းရ .. ရေတိုက်ရ .. ဖျောင်းဖျရ .. အဲသလို ငါတို့ရှုပ်နေကြချိန်မှာ .. ပြည့်စုံလေး က အပေါ်ထပ်ရောက်ပြီး ဟိုမှာ ဆူဘယ်ပူဟယ်တွေ လုပ်ဖြစ်ကုန်ရင်း .. ပြန်ဆင်းလာပြီးတာနဲ့ ချက်ချင်း ကားမောင်းထွက်သွားလိုက်တာ .. ဒေါ်လေးခမ်း တောင်မှ ပြည့်စုံလေး ကို ဘာမှ ရှင်းပြဖို့ကို အချိန်မရဘဲဖြစ်ကုန်ရနေ .. ညည်းကလည်း သေတော့မယ့်အတိုင်း အဲဒီအချိန်မှာ လန့်လိုက်တာမှ ဒေါ်လေးခမ်းမှာ သွေးဆေးပြေးတိုက်ရတာရနဲ့ ညည်းကိုချန်ထားခဲ့လို့ကို မရဘဲဖြစ်နေတာလေ .. ငါကလည်း ညည်း အလန့်လွန်ပြီး သတိမေ့မှာစိုးလို့ကို မခွာရဲဘဲဖြစ်နေတာ .. အဲဒီအချိန်လေးမှာ သွန်းလေး ခုလို .. အိမ်ပေါ်က ဆင်းသွားမယ်ဆိုတာ ငါတို့ ဘယ်တွေးမိ ထင်မိပါ့မလဲ .. ကဲ .. ခု .. ဘယ့်နှယ်လုပ်ကြမလဲ .. အရေးထဲကို ကျော်ကလည်း .. ဒေါ်လေးခမ်း





ခေါက်ဆွဲကြော်လေး အဆာပြေ လေးနာရီခွဲလောက်ကြော်မယ်ဆိုတဲ့ အစီအစဉ်နဲ့ ဈေးအဝယ်ထပ်ခိုင်းလိုက်တော့ .. အိမ်မှာက ကိုကျော်ကလည်း မရှိသေးဘဲဖြစ်နေတာလေ .. ငါတို့ကလည်း ညည်းနားမှာ မခွာရဲဘဲ ရှိနေချိန်ဆိုတော့ .. သွန်းလေး အိမ်ကထွက်သွားတာကို သိကို မသိလိုက်ရဘဲ ဖြစ်ကုန်ရတာ .. ခု .. ဘိုးသီ ကို ငါ ဘယ့်နှယ်လုပ် မျက်နှာပြရမလဲ .. ညည်းဟာလေ .. မိုင်ကုန်အောင် ဒုက္ခတွင်းတူးပေးတဲ့ ပညာကျော်ပဲ .. တစ္ဆေမင်းသမီး .. တစ္ဆေမင်းသမီးနဲ့ ညည်း ပါးစပ်ပြဲကြီးနဲ့ အော်တာ .. ခု .. ခက်ကုန်ပြီ .. ငါ သေချင်တယ် .. ငါ သေချင်တယ်.."

"အပုလေး လည်း သေချင်တာပါပဲ လေးလေးစံ ရဲ့ .. ဘိုးသီ သိရင် သတ်မှာ .. ပြေးမလွတ်ဘဲ .. သေချာတယ် .."

"မပြောပြလည်းဖြစ်မှာ မဟုတ်ဘူး .. ပြောပြရမှာပဲ .. လောလော ဆယ် ပြည့်စုံလေး ပြန်လာတာကိုလည်း စောင့်လိုက်မယ် .. ပြည့်စုံလေး ဘာပြောမလဲဆိုတာ စောင့်ရင်း .. ကိုကျော် ပြန်လာတာကိုလည်း စောင့်ရင်း .. ခဏတော့ ဒီတိုင်းနေနေရဦးမှာ .. သွန်း ဒီက ထွက်သွားတယ် ဆိုရင် .. ရွှေရိပ်ဦးနဲ့ မြပုဝါ .. တစ်နေရာရာကိုပဲ ဖြစ်မယ်လို့တော့ ထင်ပါရဲ့ .. အဲဒီက ဘိုးဘိုးတွေကလည်း သွန်း ကို သွေးမလှူရကောင်းလားဆိုပြီး စိတ်ထဲ မျက်ကုန်ကြရင်း .. ပြန်မလာနဲ့ဆိုတာတွေဖြစ်နေတော့ .. အဲဒီကိုမသွားဘဲ နေလိုက်ရင် ခက်ပြီ .. ဘယ်လိုက်ရှာရမှန်းကို မသိတော့တာပဲ .. ညည်းဟာလေ .. တော်တော်ဂြိုဟ်မွှေတယ် အပုလေး .."

သူ .. ရင်ထဲထိတ်လန့်လာသည်။ ကမန်းကတန်းကြီး ထမင်းစားဆောင်သို့ ဝင်လာလိုက်စဉ်မှာ အားလုံး သူ့ကိုလည်း မြင် ..။ မျက်စိ မျက်နှာတွေလည်း ပျက်နေကြရင်း သွန်း အိမ်မှာမရှိတာကို ဒေါ်လေးခမ်း က ပြော..၊ လေးလေးစံ က ပြော ..။ အပုလေး ကလည်း သွန်း



www.burmeseclassic.com

www.burmeseclassic.com



ကို မင်းသမီးဘဆွေဟု ထင်ကာ အော်ပြေးလာတာကို ပြောနှင့် စကားသံတွေ ရောထွေးနေကြပါသည့်အဖြစ် ...။

"သူ့ခမျာ .. အပုလေး ကို မေမေ့တစ္ဆေဆိုပြီး ခြောက်ခဲ့တာမဟုတ်ရှာပါဘူး .. ခုမှ ငါ သိရတာ .. ငါ သိရတာ .. ငါ့အိမ်မှာ ငါ့အရိပ်မှာ လာနေတဲ့ ကလေးကို ငါက ဟောက်ပစ်တာ .. ဇောက်ပစ်တာ .. အထင်တသေးနဲ့ .. ရက်ရက်စက်စက်ကြီးကို ပြောမိခဲ့တာ .. ခု လွန်ကုန်ပြီ.. နောက်ကျကုန်ပြီ .. ဘယ့်နှယ်လုပ်ရပါ့ ..."

ပြောသမျှတွေကို သူ ဝင်မစွက် ...၊ ဖြတ်လည်း မမေး ...။ စောစောက သူ ဟိုဘက်နံရံဆီမှ တံခါးဘေားမှာရှိနေ၍ ကြားပြီးပြီဆိုတာတွေကိုလည်း မပြောပြချင်တော့ ...။ ငိုင်၍သာ ငြိမ်တွေးရင်း ယူကျုံးမရ ဖြစ်နေမိရပါသည့်အဖြစ် ...။ တကယ်က .. သူ စိတ်ရှုပ်ရှုပ်ရှိလွန်းတာမို့ စက်ရုံသို့လည်း ပြန်မသွားခဲ့ ...။ မိုင်းတွင်းနေရာသို့လည်း မသွားခဲ့ ...။ လမ်းဘေး သစ်ရိပ်အောက်မှာ ကားထိုးရပ်ပစ်ကာ လွင်ပြင်ကျယ်ကြီးကို သူ လမ်းလျှောက်သွားမိရင်း ...။ ပင်စိမ်းပင်တန်းသို့ရောက်ခဲ့ကာ ...။ ပင်စိမ်းပင်အောက်မှာ ငြိမ်သက်ထိုင်နေမိခဲ့ခြင်းပါ ...။

သူ .. ပင်စိမ်းပင်အောက်မှာ စိတ်ထွေထွေဖြင့် ထိုင်နေချိန်မှာ ဒေါ်လေးခမ်း သူ့ထံ ဖုန်း အကြိမ်ကြိမ် ဆက်နေပါချေလိမ့်မည် ...။ ညနေစောင်းတော့မှ သူ အိမ်ပြန်လာတော့လည်း လမ်းမှာ ကားအိုးက ပေါက်ပြန်သည်။ အားလုံးသည် .. သူ အိမ်ပြန်ချိန်ကို နှောင့်နှေးနေစေသည့်နှယ် ဖြစ်ကုန်ရသည်ပါပဲ ...။ သူ စောစောရောက်လာလျှင် ကြို၍ မြန်မြန်သိနိုင်သည်ပေါ့ ...။

တယ်လီဖုန်းကို စက်မပိတ်ထားမိလျှင်လည်း သွန်း မရှိတော့သည့်ကိစ္စ သူ ချက်ချင်းသိနိုင်မည်။

ခုကျတော့ .. အားလုံးသည် .. တလွဲတွေ ဖြစ်ကုန်ရသည့်အဖြစ်နှင့်ပဲ ကြုံနေရသည်တည့် ...။





သူ .. သက်ပြင်းရှိုက်ကာ ရင်ထဲ အပြစ်မကင်းသူနှယ် ခံစားနေရပါ၏။ သွန်း အပေါ် သူ ပစ်ပစ်ရက်ရက် ပြောခဲ့သည်တကား ...။ သနားမငဲ့ ပြောရက်ခဲ့သည် မဟုတ်ပါလား ...။

"သွေးလှူတာ လေးလေးစံ သိရက်နဲ့ .. ဘာလို့မပြောပြရတာလဲ ဗျာ .. ပြည့်စုံ ကိုတော့ ပြောပြသင့်တာပေါ့ .."

"သွန်း က တောင်းပန်လို့ပါ ပြည့်စုံလေး ရာ .. သူ့သွေးကို မမလေး နဒီ ဘယ်လိုမှ လက်မခံဘူးဆိုတာ သွန်း က သိနေတာလေ.. ဒါကြောင့်.. သူ့သွေးဆိုတာ မသိမှဖြစ်မှာဆိုပြီး လုပ်ခဲ့တာ .. မမလေးနဒီ သိရင်.. အဲဒီသွေး အသွင်းခံရလေချင်းဆိုပြီး တစ်သက်လုံး ဖြေဆည်နိုင်တော့မှာ မဟုတ်ဘူးတဲ့၊ တစ်သက်လုံး ယူကျုံးမရစိတ်နဲ့ ဖြစ်နေမှာတဲ့.. အရေးကြီးတာက မမလေးနဒီ သွေးရဖို့ပဲတဲ့ .. သွေးသွင်းနိုင်ရင် ပြီးတာပါပဲတဲ့.. သူ့သွေးကို အချိန်မီသွင်းနိုင်ဖို့ပဲ လိုတာပါတဲ့ .. အဲဒါကြောင့်.. လေးလေးစံ နဲ့ ဒေါ်ကြီးထား တို့မှာလေ .. သွန်း ကို ဆေးရုံလိုက်ပို့ပေးရသူတွေ ဖြစ်ခဲ့ရပေမယ့် .. အဲဒီလို သွန်း က အရမ်းတောင်းပန်နေတော့လည်း .. အဲဒီကိစ္စ.. ဘယ်သူ့ကိုမှ ဖွင့်မပြောရက်ဘဲ ဖြစ်နေကြတာ .. သွန်း ကို သနားလိုက်တာ ပြည့်စုံလေး ရာ .. ကလေးအရွယ်နဲ့မမျှအောင် ..သဘောထား အလွန်ပြည့်တဲ့ကလေးပါကွာ .. ဒါကြောင့်လည်း သွန်းလေး စားမဝင်ရင် စားဝင်အောင် လေးလေးစံ ချော့မော့ကျွေးခဲ့တာပေါ့ .. ကလေးက သွေးလှူထားတာလေ.. ခုတော့ ပြည့်စုံလေး ရာ .. အပုလေး ရဲ့ အကြောက်တစ္ဆေစိတ်ကြောင့် .. အားလုံး ဒုက္ခဖြစ်ကုန်ပြီ .."

ဟု ပြောလာတော့ သူ ရင်ထဲဆောက်တည်ရာ မရ ...၊ နောင်တသည် ရင်နှင့်မဆံ့။ အရမ်းကို အပြစ်ကင်းစင်သည့်မျက်နှာလေးအဖြစ် တခ်ချိန်က သူ တန်ဖိုးထားရပါသည့် ခံစားချက်သည် ...။

ယခုကျတော့လည်း မှုလအတိုင်း ပြန်၍နေရာယူလာပြီကောလေ။

www.burmeseclassic.com



ဩော်.. အပြစ်ကင်းသူလေးကိုမှ ရက်စက်မိခဲ့လေသည်ကော ..။

ပြောရက်ခဲ့လေသည်ကောလေ ..။

သွန်း ၏အခန်းသို့ သူ ပြေးတက်လာမိပြန်သည်။ တစ်ခုခုများ သွန်း စာလေး ဘာလေး ရေးချန်ထားခဲ့မည်လား မသိ ..။ သိလျှင် လိုက်ခေါ်နိုင်မည်လေ ..။

"သူ .. သူ .. မြပုဝါကိုပဲ ပြန်သွားမယ်ထင်တယ် .. ရွှေရိပ်ဦးမှာက မာမီ ဆေးရုံကဆင်းလာရင် တိုးမှာ သိနေတာကိုး .. သူ အဲဒီကိုတော့ ပြန်မှာ မဟုတ်ဘူး .. မြပုဝါပဲ ဖြစ်မယ် .."

ဟု သွန်း ရှိနိုင်မည့်နေရာကို တွေးမိပြန်သည်။ အခန်းထဲရောက်တော့ ခုတင်ထက်မှာ သေသေသပ်သပ်လေး ခေါက်ချန်ထားခဲ့သည့် မေမေ့ မင်းသမီးဝတ်စုံဖြူလေးကို တွေ့ရပါချေ၏။ သူပြောခဲ့သည် မဟုတ်ပါလားလေ ..။ မေမေ့အဝတ်ကို ပြန်ထားခဲ့ပါဟု ..၊ ခု .. သွန်း ထားရစ်ခဲ့သည်တည့်..။ တကယ်က .. တကယ်က .. ထိုဝတ်စုံလေးကို ဖေဖေက ပေးခဲ့ခြင်း ..၊ သွန်း ကို ပေးခဲ့ခြင်း ..၊ ခုတင်ထက်မှ မေမေ့ ဝတ်စုံလေးကို ကိုင်မိရင်း သူ ငိုင်နေမိရဆဲ ..။ ဖေဖေ ပေး၍ သွန်း က ဝတ်ခဲ့ခြင်းဖြစ်ပေမယ့် .. သူ့ထံမှ အထင်တသေးစကားတွေကို သွန်း သည် ငြင်းဆန်ဖြေရှင်းခြင်း မရှိနိုင်စွာဘဲ လက်ခံပေးလိုက်ရချေသည်တကား ..။ နောင်တသည် ယူကျုံးမရခြင်းနှင့်အတူ ရင်ကို မွှေနှောက်၏။ နောင်တသည် သူ့တစ်ကိုယ်လုံးကို ဟိုဟိုသည်သည်ပြေး၍ ထိုးနှက်နေ၏။

"ငါ .. ငါ .. မှားသွားပြီ ကောင်မလေးရေ .."

ဟု မျက်ရည်ဝဲလာရင်း တောင်းပန်မိချိန်မှာ အနီးအနားမှာ သွန်း ရှိမနေ။ သူ ယုံကြည်တာတစ်ခု ရှိသည်။ အကယ်၍ သွန်း ရှိနေကြည့်..။ သဘောကောင်း သွန်းလေး သည် သူ့ကို အလွယ်တကူပင် ခွင့်လွှတ်ပေးရှာချေမည်သာ ..။ စိတ်ပြေပေးချေမည်သာ ..။





အရမ်းတောင်းပန်နေသည့် သူ့ကို ပင့်ပန်း၍ အားနာနေချေဦးမည်သာ ..။

"တကယ့် သဘောဖြူ အူစင်းလေးကိုမှ .. ငါ.. မဆင်မခြင် ပြောရက်ခဲ့တာ .. တကယ့်ကို ငါ့ဘက်က လွန်တာပဲ .. အခု .. ဘယ့်နှယ် လုပ်မလဲ .."

ဟု သူ ဖွင့်ညည်းမိသည်။ မေမေ့ဝတ်စုံခေါက်လေးကြားဆီမှ လျောခနဲ စာရွက်ခေါက်လေးတစ်ခု ကျလာပါသတည်း။ ကိုင်ထားသော မေမေ့ဝတ်စုံကို ခုတင်ထက်မှာ တင်ထားလိုက်မိကာ ကမန်းကတန်းပင် စာရွက်လေးကို ကြမ်းပြင်ဆီမှ ကောက်ယူလိုက်မိရပါသည့်အဖြစ် ..၊ သူ့စိတ်တွေ လှုပ်ရှားနေသည်ပါပဲ ..။ သူ့ကိုရေးခဲ့သည့်စာ စိနိုင်သည်။ စိတ်မပူဖို့ ..၊ မြပုဝါသို့ပြန်သွားသည်ဆိုတာတွေ ဖြစ်နိုင်သည်တည့်။ မြပုဝါသို့ သွန်း ပြန်သွားသည်ဆိုလျှင်လည်း သူ ချက်ချင်းလိုက်သွားမည် ..။ အောသည် သွန်း ထံမှာပဲ ရှိနေ၏။ စာရွက်ခေါက်လေးကို စိတ်လှုပ်ရှားစွာ ဖြန့်နေမိရင်းမှ ..

"မင်း .. မင်း ဘယ်မှာရှိတယ်ဆိုတာလေးလောက်တော့ .. ရေးထားရစ်ခဲ့ပါ ကောင်မလေးရယ် .. ငါ .. ငါ .. လိုက်လာပါရစေ .. တောင်းပန်ပါရစေ .. မင်း ခွင့်လွှတ်မယ်ဆိုတာ ငါ သိနေပေမယ့် .. ဝါ .. ခဓယယ မင်းကို တောင်းပန်ပါရစေ .. အဲသလို တောင်းပန်ခွင့်လေး ငါ ရဖို့ဟာ ငါ့အတွက် အရေးကြီးဆုံးဖြစ်နေတယ် ကောင်မလေးရယ် .."

သူ ရင်ထဲမှပြောနေမိရင်း စိတ်လှုပ်ရှားနေရင်း .. ရင်ထဲဆို့နေရင်း.. ဖတ်မိလိုက်ရပါသည့်စာသားများ ..။

မျှော်လင့်ချက်တွေဆီက

ထွက်ပြေးလိုက်ရတဲ့သူအဖြစ်

www.burmeseclassic.com



ငြင်းဆန်ခွင့် မရှိစွာ
လက်ခံ ရပ်တည်ပေးလိုက်ရချိန်မှာ
မျက်ရည်စက်များကိုတော့
လွတ်လပ်စွာ စီးကျခွင့်
ဝိ ပေးလိုက်ရလေရဲ့ ..။

သူ .. သူ ..၊ မျက်ရည်ဝဲလာချေသည်တကား ..။ သူ့ကြော င်း ကောင်မလေး ခံစားရခြင်း ..။ မဆင်မခြင်ပြောမိခဲ့လေသမျှ သူ့ကြော င့် သူ့ကြောင့် .. သူ့စွပ်စွဲချက်တွေကြောင့် .. ကောင်မလေး ခံစားခဲ့ရခြ င်းပါ..။

အားလုံးထဲမှ မေတ္တာတရားကို မျှော်လင့်ပေမယ့် ..။ ထိုမျှော် လင့် ချက်များကို ဆုံးရှုံးလိုက်ရချိန်မှာ ..။ ကောင်မလေး မျက်ရည်စက်လေ းများ ဖြင့် ဤနေရာမှ ထွက်ခွာပေးခဲ့ရှာသည်ကောလေ ..။

သူ့ကို အပြစ်မတင်ရက်ခဲ့ ..၊ အပြစ်မမြင်ရက်ခဲ့ ..၊ ဘယ်သူ့ကို လည်း အပြစ်မပြောရစ်ခဲ့ ..။ ကောင်မလေး .. အားလုံးအပေါ် .. နားလ ည် ပေးရစ်သည်။ မျက်ရည်စက်လေးတွေသာ ချန်ထားပေးရစ်ခဲ့သ ည် တည့်..။

အောက်ထပ်သို့ သူ သုတ်သုတ်ပြန်ဆင်းလာမိရပါ၏။ လေးလေး ကျော် ပြန်ရောက်နေပြီ ..။

"ကားဂိတ်တွေလည်း နှံ့ပြီ .. တည်းခိုခန်းတွေရော .. ဟိုတယ်တွေ ရော .. နှံ့ပြီ .. ဘယ်မှာမှမရှိဘူး ဒေါ်လေးခမ်း .. ကားဂိတ်မှာ ကားလ က် မှတ်ဖြတ်တဲ့စာရင်းထဲမှာလည်း ဘယ်ကားဂိတ်မှာမှ မရှိဘူး .. တည်းခို ခန်းတစ်ခုခု .. ဟိုတယ်တစ်ခုခုမှာများ တည်းခိုနေသလားဆိုတာ သိ အောင် တည်းခိုသူစာရင်းတွေ ခခယယတောင်းပန်ပြီး စုံစမ်းကြည့်တာ လည်း မရှိဘူး ဖြစ်နေတယ် .."





ဟု ပြောနေသံကိုလည်း သူ ကြားနေရသည်။

"အံမယ်လေး .. ကိုယ်ကျိုးနည်းပြီ ထင်တယ် .. ဒါဆို .. ကလေး က .. ဘယ်ရောက်နေသလဲ .. ဘယ်ရောက်နေသလဲ .. မြို့ထဲလည်း နှံ့ပြီဆို .. လိုက်ရှာတာ ."

ဒေါ်လေးခမ်း ရင်ကိုဖိ၍ မျက်ရည်ကျရင်း ပြောနေသည်။ သူ .. လှေကားရင်းမှာ ငြိမ်သက်၍ ငိုင်နေမိရဆဲ ..။ ဘယ်ကိုလိုက်ရှာရမည်လဲ ဆိုတာ ခေါင်းတွေ ထူပူနေရင်း စဉ်းစားနေမိရဆဲ ..။

"ဒါဆို .. ဒါဆို .. မမသွန်း .. ရေထဲခုန်ချသေလိုက်ပြီလား မသိ ဘူး .. အပုလေး တော့ ဒုက္ခပါပဲ .. မမသွန်း ရေ .. ခုန်ချပြီး မသေလိုက် ပါနဲ့ .. မသေလိုက်ပါနဲ့ .."

အရေးထဲ တွေးချင်ရာတွေးပြီး ခုမှ နောင်တတွေဖြင့် အပုလေး ကြား၍ ငိုတော့ ..

"ဟဲ့ .. ငါ ထရိုက်လိုက်ရ .. ညည်းဟာလေ .. နိမိတ်မရှိ နမာမရှိ.. ပြောတတ်တဲ့ဘက်ဆို တန်းနေအောင် တွေးပစ်ပြီ .."

ဟု လေးလေးစံ အလန့်တကြား ထဟန့်သံလည်း ထွက်ကျလာပါ ၏။ သူ မျက်စိတွေ ပြာခနဲ ဖြစ်သည်။ အပုလေး ပြောသလိုဖြစ်ကုန်လျှင် ကော့ သူ့တစ်သက် ဖြေပြေရာ မရှိ ..။ ရှုံးကျန်ခဲ့ရချေတော့မည်သာ ..။

ဘယ်သူ့ကိုမှ ဘာမျှပြောမနေတော့ဘဲ တောက်လျှောက် အိမ်ထဲမှ ထွက်သည်။ လေးလေးကျော် မောင်းလာခဲ့သည့် အိမ်သုံးကား စူပါ ဆလွန်းပေါ်သို့ တက်ကျသည်။ သူ စိတ်ပူနေရင်း ကားကို မောင်းထွက် လာမိရပါ၏။ တယ်လီဖုန်းကိုလည်း ကားမောင်းနေရင်းမှ စက်ပြန်ဖွင့် ထားလိုက်မိရပါ၏။ အကယ်၍မှာ သွန်း အိမ်သို့ပြန်လာတာမျိုးရှိလျှင် လည်း ဒေါ်လေးခမ်း သူ့ကို ဖုန်းဆက်ပြောနိုင်အောင်ပါ..။

စိတ်ထဲမှာ ပူနေတာပဲ ရှိနေသည်။ ယောက်ယက်ခတ်နေသည်။ ဆောက်တည်ရာပျောက်နေသည်။ ခုမှ .. ကောင်မလေးအပေါ် သူ



www.burmeseclassic.com

www.burmeseclassic.com



အဘယ်မျှ သံယောဇဉ်တင်းနေမိတာ သဘောပေါက်လာရသည်ပါဲ

မြပုဝါဆီမှ ရွှေရိပ်ဦးဆီသို့ သူ အခေါ်သွားခဲ့ရစဉ်က အရမ်း အပြစ်ကင်းစင်သည့် ကောင်မလေးအဖြစ် စတင်၍ မြင်မြင်ချင်း သိခဲ့ သည်ပဲလေ ..။ ရွှေအိုးစည်နှင့် ကလေးလေးလို အပြစ်ကင်းစင်စွာ နေသည့် ကောင်မလေး ..။ တကယ့်ကို .. ချစ်စရာကောင်မလေး ဆံပင်နှစ်ဖက်ကျစ်လေး တန္ဓဲ့နွဲ့ဖြင့် ရှိနေပါသည့်ကောင်မလေး အပြစ်ကင်းစင်လိုက်တာ .. ဟု သူ ထိုစဉ်တုန်းကတော့ မှတ်ယူခဲ့ဖူးပ လျက်ကယ်နှင့် ..။ မာမီ့အပေါ် သွေးမလျှဘဲ စိတ်ထားခက်ထ မာကျောလေခြင်းဆိုသည့် အတွေးလေးတစ်ခု ရင်ထဲ ဖြစ်တည်လိုက် တာဖြင့်ပင် .. ကောင်မလေးအပေါ် အပြစ်ကင်းစင်သူဆိုတာ လုံး ပျောက်ကွယ်စိတ်တွေ ဖြစ်ကုန်ရသည်တဲ့လား ..။

ထိုစဉ်ခိုက် ဖုန်းမြည်လာသည်မို့ ကမန်းကတန်း ထူးမိရပါ ဖုန်းနံပါတ်ပင် မကြည့်နိုင်။ ဒေါ်လေးခမ်း ထံမှ ဖြစ်မည်ဟုပဲ မှတ်ယူ လိုက်မိသည်ကိုးလေ ..။ ကားမောင်းနေရင်း သူ ထူးလိုက်စဉ်ခိုက် –

"ဒေါ်ခမ်းနွဲ့ ဖုန်းဆက်လာတယ် .. ဖေဖေ အားလုံးသိပြီ .. အဲ ဝတ်စုံကို ဖေဖေ ပေးတာက .. နဒီ အတွက် သွန်းလေး သွေးလှူခဲ့တယ် ဆိုတာ ဒေါ်ကြီးထား မျက်ရည်ကျရင်း ပြောပြလို့ .. ဒီလောက် စိတ် တဲ့ သဘောထားပြည့်တဲ့ကလေး .. နဒီ စိတ်မဆင်းရဲရအောင် .. သူ အပေါ် အားလုံး အပြစ်မြင်ရင်မြင်စေဆိုပြီး သွေးလှူတာကို လျှို့ဝှက်ထား တဲ့အထိ သဘောထားမွန်မြတ်ပြည့်ဝတဲ့ ကလေးကို .. ဖေဖေက .. ဆု တာကွ .. နှင်း လိုပဲ စိတ်ထားပြည့်ဝတဲ့ကလေးဆိုပြီးတော့ပေါ့ .. ခု တော့ .. ကလေးကို .. ရက်ရက်စက်စက်အပြောခံဖို့ အဲဒီဝတ်စုံလေး ပေးလိုက်သလို ဖြစ်ကုန်ရပြီကော ပြည့်စုံ .. မင်း ရအောင်ပြန်ရှာ – အခုပြန်ရှာ ..၊ ဖေဖေ သိပ်စိတ်ပူနေတယ်ဆိုတာပဲ မင်း နားလည်ထား စမ်း ပြည့်စုံ .. ဒီမှာလည်း ဘိုးသိ ကို ပြောပြလိုက်ရပြီ .. သွန်းလေး





က ပျောက်နေတယ်ဆိုတဲ့ကိစ္စရော .. သွန်းလေး သွေးလှူခဲ့တာတွေ ရော .. ပြောပြလိုက်ရပြီ .. ဘိုးသိ က .. မြပုဝါကို ဖုန်းဆက်မေးတယ် .. သွန်း ရောက်လာသလားပေါ့ .. ဟိုကို .. မရောက်ဖူးတဲ့ ..၊ စဉ်းစားကြည့် တော့လည်း .. မြပုဝါကို သွန်း ပြန်သွားတယ်ဆိုရင်လည်း .. ဒီအချိန် မ်းမှာပဲ ရှိနေဦးမှာ .. မရောက်နိုင်သေးဘူး.."

ဟု ပြောနေတော့ သူ ငြိမ်ခံနေသည်။

"အဲဒါ .. မြပုဝါက ဘိုးလည်း .. ဟိုမှာ .. မျက်ရည်ကျ နေပြီ.. ကိုရောက်နိုင်တဲ့အချိန်ထိတော့ သွန်း ကို ခဏစောင့်နေဦးမ ဲ့တဲ့.. ပုဝါကို မိုင်းလွိုင်က ကားတွေဝင်လာနိုင်ချိန်ထိမှ မရောက်လာ ဘူးဆို င်တော့ တိမ်ဦးယံရှိတဲ့ မိုင်းလွိုင်ကို သူ လိုက်လာတော့မယ်တဲ့ .. လေးအပေါ် အထင်လွဲခဲ့တာတွေအတွက်လည်း စိတ်အရမ်းထိခိုက် ရှာတယ် .. မိုင်းလွိုင်က နေ့လယ်ဘက်ထွက်တဲ့ကား .. မိုင်းခခမ်းလုံး ဝင်လာနိုင်မယ့်အချိန် .. ကားဂိတ်မှာ ဘိုးဘိုး စက်ရုံက အလုပ်သမား ကို သွားစောင့်ကြည့်ခိုင်းထားမယ်တဲ့ .. သွန်း ရဲ့ဖုန်းကိုလည်း ဘိုးဘိုး တယ်တဲ့ .. ဖုန်းက စက်က ပိတ်ထားတယ်ပဲ ဖြစ်နေတယ်ပဲ့ .."

ဟု ဖေဖေ ဆက်ပြောနေချိန်မှာ သူ မျက်ရည်လည်နေပြီ ..။

"တကယ်က .. နဒီ နဲ့ သွန်း တို့ တူဝရီးနှစ်ယောက် မြင်ဖန်များ ချစ်ဆိုတာဖြစ်အောင် .. နဒီ စိတ်တွေမှာ ကလေးအပေါ် ချစ်ခင်စိတ် လာအောင် ရွှေရိပ်ဦးကို .. ဘိုးအေနှစ်ယောက် တိုင်ပင်ပြီး ပို့ခဲ့တာ ဘယ် ပြည့်စုံ .. နောက်တစ်ခုရှိသေးတယ် .. မင်းကို မြေးတစ် ယောက်လိုပဲ ဘိုးသိ က ချစ်တယ် .. သူ့မြေးလေးကို .. မင်းနဲ့ နေရာချ ချင်တယ်.. ဒါကြောင့်.. မင်းနဲ့လည်း ရင်းနှီးအောင် .. ကလေးနဲ့ င်းတို့နှစ်ယောက်ကြားမှ သံယောဇဉ်လေး ဖြစ်တည်ကြအောင် .. မ်းကိုဖြူစင်တဲ့ သွန်းလေး ကို မင်း မေတ္တာမရှိဘဲ မနေနိုင်ဘူးလို့ ည်း ယုံကြည်စိတ်နဲ့ ဘိုးအေနှစ်ယောက် ကျိတ်စီမံကြသလို့.. ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း လှမ်းတိုင်ပင်ကြချိန်မှာ .. ဖေဖေကလည်း .. ကလေး
ယောက် မေတ္တာမျှကြတယ်ဆိုရင်ဖြင့် .. သဘောမတူစရာကို မရှိပါ
လို့ ဖြေခဲ့တာမို့ .. ကလေးကို ရွှေရိပ်ဦးကို ခေါ်ခဲ့တာ သိရဲ့လား
သွန်း နဲ့ပတ်သက်လာရင် ဘိုးသီ ပြောပြတာရယ် .. သွန်း ရဲ့ဓာတ်
လေးတွေ ပြခဲ့ဖူးတာတွေရယ်ကြောင့် .. ရွှေရိပ်ဦးမှာ ဖေဖေ ရောက်ခဲ့
ကတည်းက အဲဒီကလေးနဲ့ပတ်သက်ပြီး အကောင်းတွေပဲ ဖေဖေ
ထားရတာမို့ .. ခုလို .. ဘိုးသီ ဘက်က စကားကမ်းလာချိန်မှာ ဖေ
ဘက်က သဘောမမျှစရာ မရှိတာမို့ .. မင်းကို .. မြပုဝါသွားဖို့
ဖေဖေ လွှတ်ခဲ့တာကွ .. ခုကျတော့ .. မင်းက .. အဲဒီကလေးကို သွား
ခဲ့တာ .. ရွှေရိပ်ဦး မှာ တူတူရှိနေခဲ့တာ .. တိမ်ဦးယံကို ခေါ်သွားခဲ့တာ
တွေ အားလုံးဟာ .. ကလေးကို ဆုဖို့ဖြစ်နေတယ့်ပြည့်စုံ .."

ဟု ဖေဖေ ဆက်ပြောနေတော့ သူ ရင်ထဲ ဖြေ၍မရနိုင် ..။ ယူ
မရ ဖြစ်နေရသည်ပါပဲ။ သြော် .. ကောင်မလေးနှင့် သူ့ကို သဘောမျှ
သည့်အဖြစ်တွေ ဖေဖေ ဖွင့်ဟပြောနေချိန် ..။ သူ သိလိုက်ရချိန်သည်
ကောင်မလေး သူ့အနီးမှာ ရှိမနေသည့်အချိန် ဖြစ်နေပြီ။

ကောင်မလေးကို သူ ရက်ရက်စက်စက် ပြောပြီးချိန်လည်း ဖြစ်
ပြီ ..။ ကောင်မလေးကို သူ အရှုးအမူးလိုက်ရှာနေချိန်လည်း ဖြစ်
သည်။ ခုမှ သူ ပို၍ နားလည်လာနေရသည်ကောလေ ..။ ကောင်မ
အတွက် .. သူ .. အရမ်းစိတ်ပူနေသည့်အဖြစ် ..၊ သံယောဇဉ်ကြီး
ရပါသည့်အဖြစ် ..။

ချစ်စရာ ချစ်စရာလေးဖြင့် အရမ်းကိုဖြူစင်သည့် ကောင်မလေး
ပုံရိပ်လေးများစွာသည် သူ့ရင်ထဲမှာ စွဲစွဲထင်ထင် ရှိနှင့်နေခဲ့ပြီး ဖြစ်
သမျှ သူ့ရင်ကို သူ ခုမှ ပြန်မြင်နေသည်။

သူ့ရင်ထဲက စကားလုံးများကို ခုမှ သူ ပြန်၍ဖတ်နေသည်။
အပေါ် ကောင်မလေး စိတ်နာနေပြီလား ..။





စိတ်နာနေတာတွေကို ဖွင့်မပြောတော့ဘဲ ထွက်ခွာသွားခြင်းများ
..၊ ဒါမှမဟုတ် .. ခွင့်လွှတ်နေသည်လား ..။ မသိ ..။ ခုကျတော့
ည်း သူ မခွဲခြားနိုင်တော့ပဲ ဖြစ်လာပြန်သည်။ ဟုတ်သည်။ ကောင်မ
သူ့ကို စိတ်နာနေနိုင်သည် ..။ သူ့ကို လုံးဝ ရင်ထဲကထုတ်ပစ်လိုက်
ည်း ဖြစ်နေနိုင်သည်။

ကောင်မလေးကို သူ ချစ်နေမှန်း မသိရသေးခင်မှာတော့ .. သူ့ကို
င်မလေး ခွင့်လွှတ်နေမှာပါဟု .. ကောင်မလေး၏စိတ်ရင်း ကောင်
ကို အားကိုးရင်း ထင်မိခဲ့ပေမယ့် ..။ ခုလို .. ကောင်မလေးကို
နေမှန်း သိလာရချိန်မှာကျတော့ ..။ သူ့အပေါ် ကောင်မလေး စိတ်နာ
သည်လားဟု ကြောင့်ကြလာပြန်သည်။ ထိတ်လန့်လာပြန်သည်။
.. သူ့ကို ကောင်မလေးရင်ထဲမှ မေ့ပစ်မှာ ..။ ထုတ်ပစ်လိုက်မှာ..
ကြောင့်ကြလာပြန်သည်။ ခုမှ .. သူ .. ခက်ရပြီ ..။ သွန်း ၏အမုန်း
သူ လန့်နေသည်။ မုန်းလိုက်မှာကို ချောက်ချားနေသည်။ အချောက်
ဆုံးက .. သူ့ကို မေ့ပစ်လိုက်မှာပဲ ဖြစ်နေသည်တည့် ..။ လုံးဝ
၏ရင်ထဲမှ ထုတ်ပစ်လိုက်တာကို ခံလိုက်ရမည့် ပြည့်စုံဦးသာ
သွားမှာကို သူ အလန့်ဆုံး ဖြစ်နေသည်။

ကားသည် မြေနီလမ်းဘက်ကိုရောက်လာ၏။ အာရုံထဲ တိုးဝင်လာ
က ပန်းနုဒီချောင်းပဲ ဖြစ်လေသည် ...။



www.burmeseclassic.com

www.burmeseclassic.com





ကြွေရုပ်လေးရေ ...
စိတ်နာနေလေပြီလား
ခွင့်လွှတ်သနားတဲ့စိတ်နဲ့
တစ်ချက်ငဲ့ကြည့်ပါကွယ် ...။

ကြွေရုပ်လေးရေ ...
ချစ်နေတယ်ဆိုတာ
မေ့စရာမဟုတ်
ရင်ထဲက ထုတ်လို့လည်းမရ
ချစ်သမျှ ငါ့အချစ်တွေ
ငါ့မျက်ဝန်းတွေမှာ ရှိ
နှလုံးသားတွေမှာ ရှိ
နှလုံးသားမှာ ငြိနေတာ
မင်း မြင်တတ်ပါစေလို့
ဆုတောင်းဖို့လူ ဖြစ်လာသူဟာ
ငါပါပဲကွယ် ....။

ကြွေရုပ်လေးရေ ...
ငါ့လိုလူရဲ့အချစ်
မင်းအတွက်ပဲ အမြဲဖြစ်နေ
မင်းကိုပဲအမြဲချစ်နေတာ
မင်းသိပါစေဆိုတဲ့ဆန္ဒ
ငါ့ဘဝမှာ မျှော်လင့်ရင်း
အသက်ရှင်ခြင်းနဲ့အတူ
မင်း မကြည်ဖြူတဲ့ ငါ
မင်းကိုသာလေ
ချစ်လျက်နေတဲ့သူသာ ဆက်ဖြစ်ပါရစေ ...။
ဪ ...
ချစ်လျက်နေတဲ့သူသာ ဆက်ဖြစ်ပါရစေ ..။







## အခန်း (၂၂)

မြင်နေရသည့်မြင်ကွင်းသည် ရင်ကို ကျေစေ၏။ နှောင်တဖြင့် ...ယ့်ကိုယ်ကိုယ်လည်း ကျိန်ဆဲပစ်လိုက်မိသည်ပါပဲ။ ဤမျှဖြူစင်သည့် ...လေးကို သူ .. ရင့်ရင့်သီးသီးလည်း ဆက်ဆံခဲ့သည်။ ပစ်ပစ်ခါခါ ...သည်း ပြောခဲ့သည်။ စွပ်စွပ်စွဲစွဲလည်း ပြောခဲ့သည်။ တစ်ခုမှ အညှာ ...အထောက် မရှိ ..။

ခုကျတော့.. မြင်ရသည့်မြင်ကွင်းကြောင့်ပင်လျှင် သူ ဖြေဆည်ရာ ...ျောက်နေသည့်နှယ် ဖြစ်ရပါချေ၏။

သစ်ရိပ်လေးအောက်မှာ ကောင်မလေး ထိုင်နေသည်က မှောင်ရီ ...အချိန် တိုင်နေပြီ။ မျက်နှာလေးက ညှိုးနေသည်မှ အရမ်းကို သိသာ ...သည်ပါပဲ ..။ ရေချိုးဆိပ်မှာလည်း လူပါးစပြုနေပြီ။ စွန်လွှတ်သည့် ...လေးတွေလည်း စွန်သိမ်းကုန်ကြပြီ ..။ ရေချိုးပြီးကုန်ကြပြီ ..။ ဪ.. ...သယ်ကတည်းက ကောင်မလေး ဤနေရာလေးမှာ ညှိုးညှိုးသိမ်သိမ် ...းဖြင့် လာထိုင်နေခဲ့ချေသည်တကား ..။

ကားရပ်လိုက်မိကာ ခြေလှမ်းကြဲကြီးဖြင့် လျှောက်လာမိစဉ်ခိုက်မှာ ...ည်း သူ့အကြည့်သည် ကောင်မလေးထံမှာပဲ တန့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေ .. ခများ .. နေ့လယ်စာလည်း မစားရသေးဘူး .. ငါ ပေါက်လိုက် .. ဟောက်လိုက် .. အပြစ်တင်လိုက်တာ ခံရရှာတယ် .. ဒီကို ထွက်လာပြီး .. တစ်ယောက်တည်း သိမ်သိမ်ငယ်ငယ်လေး ထိုင်နေရှာတာကိုး .. တောက် .. အဲဒါ .. ငါ့အပြစ် .. ငါ့အပြစ် .. ကလေးကို ငါ ဒုက္ခပေးတာ .. အကြီးမပီသတာ .. ထစ်ဆို .. ကလေးကို အတွတ်ပြ သလေး ဘာလေးနဲ့ မြင်မိသေးတယ် .. မင်းကွာ .. လုပ်ရက်တယ် ပြည့်စုံ ရာ .."

ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲမိပြန်သည်။ ခုထိ ကောင်မလေး သူ့ကို မမြင်သေး။ ကားကို ခပ်လှမ်းလှမ်းမှာပဲ သူ ရပ်မိခဲ့သည်လေ ..။ မတော် သူ့ကိုမြင်လျှင် ကောင်မလေး ရုတ်ခနဲ ကောက်ကာငင်ကာ ထွက်ပြေး သွားလျှင် အခက် ..။ ဒါကြောင့် သူ့ကားကို လှမ်းမမြင်ခင်မှာ ရှ ကားကိုရပ်ကာ သုတ်သုတ်ပါအောင် လျှောက်လာမိရခြင်းပါ ..။

ခပ်လှမ်းလှမ်းရောက်တော့ သူ ပို၍ထိခိုက်ရပြန်သည်။ ပင်စည် မှီထိုင်ရင်း သွန်း ငေးကြည့်နေသည်က စွန်အစုတ်လေးငြိနေရာ ဆီးကိုင်း နေရာပါတကား ..။

စွန်ကလေးကိုကြည့်၍ ကောင်မလေး ဘာများစဉ်းစားနေချေပြီ လဲ ..၊ စွန်လေးကို ဖျက်ဆီးပစ်ခဲ့သည့် သူ့ကို တွေးနေမည်လား။ တွေး ရင်းလည်း စိတ်မြန်လက်မြန်နိုင်လွန်းသော စိတ်လက်ဆိုးလွယ်သူ တစ်ယောက်အဖြစ် မှတ်ချက်ပေးနေမည်လား ..။

"အကောင်းဆုံးကတော့ .. မင်းကို မေတ္တာတုံးနေဖို့ပဲ ပြည့် ဦးသာ .."

ဟု ထပ်၍ သူ့ကိုယ်သူ ကျိန်ဆဲမိပြန်သည်။

အနီးအနား သူရောက်သွားမှ ကောင်မလေး ခြေသံကြားသွားသည် ထင့် ..။ ကြည့်လာတော့ သူ့ကို မြင်သည်။ ကိုယ်လေး လှုပ်ခနဲ ဖြ သည်။





နေရာမှထဖို့ ကြိုးစားခြင်း ..၊ သူ ကမန်းကတန်း လက်ကာ၍ ကောင်မလေး ဘေးမှာ သွားထိုင်လိုက်ရကာ ပခုံးလေးကို ဖေးကိုင်ထားမိ လိုက်ရသည်ပါပဲ။ ပြေးထွက်သွားလျှင် အခက် ..၊ ကောင်မလေးက ပြေး ..။ သူက နောက်ကလိုက်ဆိုလျှင် ရေချိုးဆိပ်မှာ လက်ကျန်ရှိနေ သည့် အမျိုးသမီးနှင့် ကလေးတွေအတွက်ကတော့ ရှုးစမ်းစရာကြီး ဖြစ် တော့မည်။ သူကလည်း ရှုးစမ်းခါမှ နေလေရော့ ..၊ ဝိုင်းကြည့်ကြစေ ရော့ ..၊ ဂရုမစိုက်နိုင်ဘဲ နောက်က ပြေးလိုက်သွားမိမည်သာ ..။

အပျောက်မခံနိုင်တော့ပြီကောလေ ..၊ ခုမှ .. သူ့အဖြစ်က .. သူ့နှလုံး သားထဲက ရုပ်တုလေး အပျောက်မခံနိုင်သည့်နှယ် ဖြစ်ကုန်ရချေပြီ တည့် ..။

"ကိုကြီး လိုက်ရှာနေတာ .. သွန်း က ဒီမှာ ရောက်နေတာကိုး .. ပြန်ကြစို့နော် .. လာ .. လာ .."

အတတ်နိုင်ဆုံး သူ ချော့မော့ချိုသာပြောမိခြင်း။ သူ့ကို သွန်း လန့် နေမှာလည်း စိုးရိမ်သည်လေ ..။ စိတ်နာနေမည်ဆိုတာတော့ သိနေသည် ပါပဲ ..။ ချစ်သနားသည့်စိတ် .. ခွင့်လွှတ်သနားသည့်စိတ်လေးဖြင့် တစ်ချက်ငဲ့ကြည့်လျှင်ဖြင့် သူ့မျက်ဝန်းတွေဆီမှ အချစ်တွေကို သွန်း သေပြေမွေး ဆိုသည့် ကောင်မလေး မြင်နိုင်ပါချေလိမ့်မည်။

ဟုတ်သည် ..၊ သူ့ကောင်မလေး ..၊ သူ .. အလွန်ချစ်မြတ်နိုးသွားရ ချေသည့် ကောင်မလေး ..။

"သွန်း .. ဟိုတယ်ကိုပဲဖြစ်ဖြစ် .. တည်းခိုခန်းတစ်ခုခုကိုပဲဖြစ်ဖြစ် သွားတည်းမှာပါ ကိုကြီးရယ် .. ကိုကြီးတို့ကို ဒုက္ခပေးခဲ့မိတဲ့အတွက် လည်း သွန်း တောင်းပန်ပါတယ် .. တကယ်က .. ကိုကြီးရဲ့မေမေ့ကို .. သွန်း အဲသလို တစ္ဆေဆိုပြီး မလုပ်သင့်ပါဘူး ကိုကြီးရယ် .. သွန်း ဟာ လေ .. လူတွေကို ဒုက္ခပေးဖို့သက်သက် လူလာဖြစ်တဲ့သူပါ .. သွန်း ငယ်တုန်းကတည်းက မိဘကို အရင်ဆုံး ဒုက္ခပေးခဲ့တာပါ .. ပထမ ..



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို သွန်း မွေးဖွားတာနဲ့ ဆုံးပါးစေခဲ့တယ် .. နောက်တော့လည်း - သွန်း သုံးနှစ်သမီးလေးမှာ ဖေဖေ့ကို ဆုံးပါးစေခဲ့ပြန်တယ် .. အခု - အန်တီလေးကို ဆေးရုံတက်ရအောင် လုပ်ပြီးပြီ .. နောက်ထပ် .. ကိုကြီး ရဲ့ မေမေ့ကို တစ္ဆေဆိုပြီး ရိုင်းရိုင်းပျပျ လုပ်ခဲ့ပြန်တယ် .. သွန်း ကို ခွင့်မလွှတ်ပါနဲ့ ကိုကြီး ရယ် .. ဒီလောက်ဆိုးတဲ့သူ .. ဘိုးအေတွေကို လည်း အရှက်ရစေတဲ့သူ .. အဲဒီ သွန်းလေပြေမွှေး ဆိုတာကို ဘယ်တော့ မှ ခွင့်မလွှတ်ပါနဲ့ .. ဒါပေမယ့် တောင်းပန်ရမယ့်သူနေရာမှာ ရှိတာ မို့ .. သွန်း ကတော့ တောင်းပန်ပါရစေ .. သွန်း ရိုင်းခဲ့တာတွေ - ဒုက္ခပေးခဲ့တာတွေ .. အားလုံးကို သွန်း တောင်းပန်ပါတယ် .. တိမ်ဦးယံ ကိုလည်း သွန်း နောက်ထပ် ဒုက္ခမပေးပါရစေနဲ့တော့ .. ကိုကြီး ပြန်ပါ ရှင် .. သွန်း လည်း .. စိတ်ထဲတွေတွေရှိတာနဲ့ ဒီမှာလာပြီး ထိုင်နေမိတာ ပါ .. ရေချိုးဆိပ်က အားလုံးပြန်ကြချိန်မှာ သွန်း လည်း ထပြန်မလို့ပါ - ဟိုတယ်တစ်ခုခုမှာ သွားတည်းမလို့ပါ .."

သူ ရင်ထဲမချိ ..။ သွန်းလေပြေမွှေး ကပင်လျှင် သူ့ကို ပြန်တောင်း ပန်နေသေးသည်တကား ..။

တကယ်က .. သူက တောင်းပန်ရမည့် သူ ..။ ခုကျတော့ သွန်း က တောင်းပန်နေသည်။ သူ့အပြစ်ကို သွန်း လေပြေမွှေးက ကိုယ့်အပြစ် လုပ်နေသည်တည့် ..။ သဘောထားပြည့်ဝတာ သိရလေ ..၊ ရင်ထဲ မချိ တင်ကဲ ပိုဖြစ်ရလေပါ ..။

သူ ခေါင်းယမ်းလိုက်မိရင်းမှ ...

"ဘာလို့တောင်းပန်နေတာလဲ ကောင်မလေးရယ် .. ဟင် - တကယ်က .. ကိုကြီးက တောင်းပန်ရမှာ .. ခု .. ကြည့်စမ်း .. ကိုကြီးက မတောင်းပန်ရသေးဘူး .. သွန်း က ခွင့်လွှတ်ပြီးသူ ဖြစ်နေပြီ .. ခွင့်လွှတ် နေလို့လဲ ကိုကြီးကို .. သွန်း က တပြန်တလဲ တောင်းပန်နေတာပေါ့ - ဖြစ်ရလေ .. တောင်းပန်ရမယ့်သူက ကိုကြီးပါ ကလေးရယ် .. သွန်း





ခွင့်လွှတ်နော်.. ခွင့်လွှတ်မယ်ဆိုတာ သိပါရဲ့ .. ဒါပေမယ့် .. တောင်းပန် ပါရစေ သွန်း ရယ် .. ခွင့်လွှတ်နော် .. လာ .. လာ .. အိမ်ပြန်ကြရအောင်.. ဟိုမှာလည်း အားလုံး ပြောနေကြပြီ .. ဒေါ်လေးခမ်း ဆို .. ခြေမကိုင်မိ လက်မကိုင်မိနဲ့ကို ဖြစ်နေတာ .. မျက်ရည်တွေကျလို့ .."

ဟု ပြောလာတော့လည်း သွန်း ငြိမ်၍ နားထောင်သည်။ နောက် တော့လည်း ခေါင်းလေးခါလိုက်သည်ပါပဲ ..။ ဘုရားရေ ..၊ သွန်းလေပြေ မွှေး သည် သူ့ကို ခွင့်လွှတ်နိုင်သူ ဖြစ်နေပေမယ့် .. သူနှင့်ဝေးရာမှာနေဖို့ ဆုံးဖြတ်ထားသူလည်း ဖြစ်နေချေပြီလား ..။ ဟင့်အင်း ..၊ သူ အဖြစ်မခံ နိုင် ..။

"သွန်း .. ဟိုတယ်မှာ တည်းပါ့မယ် ကိုကြီးရယ် .. သွန်း မှာ ိုက်ဆံလေးဘာလေးလည်း ပါလာပါတယ် .. ဟိုတယ်ရောက်မှ .. သွန်း ိတ်တွေအားလုံး လျှော့ချပစ်လိုက်ပြီး နားပစ်မလို့ပါ .. ဒီမှာကတော့.. သွန်း ဗေဒါတွေကိုလည်း လာကြည့်ချင်တာရယ် .. ကိုကြီး ဖျက်ခဲ့တဲ့ ဒွန်လေးကိုလည်း လာကြည့်နေချင်တာရယ် .. သဘောက .. နှုတ်ဆက် ာ ဆိုပါတော့ ကိုကြီးရယ် .. တစ်ရက်နှစ်ရက်လောက်နေရင် .. သွန်း ာစ်နေရာကိုတော့ ခေါင်းအေးအေးနဲ့ ရွေးချယ်နိုင်မယ်ထင်ပါရဲ့ .. သွန်း ာယ်ကိုသွားနေရမယ်ဆိုတာလေ .. ရွှေရိပ်ဦးနဲ့ မြပုဝါ နှစ်ခုပဲ သွားစရာ ရှိနေတဲ့ သွန်း ဟာ .. အဲဒီနှစ်နေရာကိုလည်း မသွားနိုင်တော့တာမို့ .. ာစ်နေရာရာကိုတော့ ရွေးချယ်ဖို့ စဉ်းစားရဦးမယ်လေ .. ရွှေရိပ်ဦးနဲ့ မြပုဝါလည်း မဟုတ်တဲ့နေရာ ဆိုပါတော့ .. ဘိုးဘိုးတို့က မလာနဲ့ဆို ားတာကို .."

ဟု ပြောနေတော့ သူ ခေါင်းယမ်းလိုက်သည်မှ ရင်တွေကျေနေ ရင်းဖြင့်ပါ ..။ ကြည့်စမ်း ..၊ သူ အဘယ်မျှထိ ရက်စက်ခဲ့ပါသလဲ ..။ ာယ်ကိုမှ သွားစရာမရှိသည့် ကလေးကို တိမ်ဦးယံ၏ အရှင်သခင်ဖြစ် ည့် သူက ဆူဟယ်ပူဟယ် .. အပြစ်ပြောဟယ်တွေဖြင့် အိမ်ကထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားလောက်အောင် ရက်စက်ပစ်ခဲ့မိသည်ကောလေ ..။ ကြာလေ - သူ အသုံးမကျတာတွေ ပို၍ သူ သိသိလာနေရလေ ..။

ကောင်မလေးကို ကြည့်ရင်း သူ ရှက်လာရသည်။ ဤမျှ လူကြီးမဆန်သည့်အလုပ်ကို သူ လုပ်ခဲ့သည်တဲ့လား။ မဆင်မခြင် စွပ်စွဲလွှယ်သည့် လူတစ်ယောက် ဖြစ်ခဲ့ရသည်တဲ့လား ..။

"အနည်းဆုံး .. အနည်းဆုံး .. ကိုကြီး လုပ်သင့်တာက .. သွန်းဟာ မေမေ့အဝတ်ကို ဘယ်လိုရခဲ့သလဲဆိုတာလေးလောက်တော့ မေးသင့်တာပေါ့ သွန်း ရယ် .. ထစ်ဆို စိတ်ထဲက စွတ်ပြောပြီး သွန်း ကို အိမ်ကထွက်သွားလောက်အောင် ကိုကြီး မိုက်တွင်းနက်ခဲ့တာပါ ကလေးရယ် .. ခုကျတော့ ကိုကြီးမှာ ပြောမပြနိုင်အောင် စိတ်တွေပူရ-နှောင်တတွေရ .. ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲနေရင်းနဲ့ .. သွန်း ကို လိုက်ရှာနေရတာ .. ကဲ .. ကဲ .. ဘယ်ဟိုတယ်မှလည်း မသွားရဘူး - တိမ်ဦးယံကို ပြန်လိုက်ရမယ်.. ပြောတာ နားမထောင်ရင် ... ကိုကြီး ထမ်းခေါ်သွားမှာနော် .."

မတတ်နိုင် ..၊ သွန်းလေပြေမွှေး ကို မရရအောင် ခေါ်သွားမှကိုဖြစ်တော့မှာမို့ သူ ကောင်မလေး၏လက်ကို မလွှတ်စတမ်းကြီး ဖေးကိုင်ရင်း ပြောလိုက်စဉ်ခိုက် ထိတ်ခနဲ ဖြစ်သွားရပါပြီ ..။

ဘုရားရေ ..၊ သွန်း ကိုယ်တွေပူနေချေသည်တကား ..။ ကမန်းကတန်း စိုးရိမ်စောဖြင့် ကောင်မလေး၏နဖူးကို စမ်းကြည့်မိသည်။ ကိုယ်ပူနေပြီ ..၊ ခုမှ သေချာ ကြည့်မိပြန်သည်မို့ မျက်နှာလေး နီမြန်းမြန်း ဖြစ်နေတာ ပို၍ သတိထားမိလာရပါပြီ ..။ ရင်ထဲ ပို၍ ခံရဆိုးလာရသည်ပါပဲ။

ကလေးကို သူ ရက်စက်လိုက်သည်မှ .. စိတ်ထိခိုက်ပြီး ဤကလေးဖျားနေရသည်အထိ ဖြစ်ကုန်ရချေပြီကောလေ ..။

"သွန်း .. ဖျားနေတယ် .. ဖြစ်ရလေ .. လာ .. ဟာ .. ပြန်ကြမယ်..





ဆရာဝန် အိမ်ပင့်ပြီး ပြရမယ် .. သွန်း ဒီမှာ တစ်နေ့လုံး .. ပြီးတော့ ညနေစောင်းတဲ့အထိ ထိုင်နေတာကို .. လေကလည်း တိုက်နေတာ .. အင်္ကျီထူလေးလည်း ပါမလာဘူး .. အအေးမိပြီထင်တယ် .. လေစိမ်းမိပြီ .."

ဟု ပြောနေရင်း သူ့မှာလည်း အင်္ကျီထူ ထပ်ဝတ်မလာမိတာမို့ စပို့ရှပ်လေးဖြင့်ရှိနေရကာ သွန်း အတွက် အင်္ကျီတစ်ထည်လေးပင် ခြုံပေးဝတ်စရာ မရှိဘဲ ဖြစ်နေရပါ၏။

ခုမှ လေအေးတိုက်တာကို သူ လည်း သတိထားမိလာရသည်။ စိမ့်တိန့်တိန့်ဖြစ်နေသည့် ချောင်းကမ်းနံဘေးမှာ ကာလကြာထိုင်နေသည့် သွန်း ခမျာ ဖျားနေရချေပြီတကား ..။

"ဟုတ်လား .."

သွန်း ခုမှ လက်လေးဖြင့် ကိုယ့်နဖူး ကိုယ်စမ်းကြည့်နေတာ မြင်ရတော့ ပို၍ သူ စိတ်ထိခိုက်ရပါသည့်အဖြစ် ..၊ အဘယ်မျှထိ အပြစ်ကင်းစင်နေသော အမူအရာလေးများပါပဲလေ ..။ ဖျား၍ ဖျားနေမှန်းလည်း မသိနိုင်အောင် စိတ်သောကတွေ ဖိစီးနေသည့်ကလေးကို ချက်တောင်မခတ်ငေးစိုက်ကြည့်ရင်း ရင်ထဲမှာ ယူကျုံးမရနိုင်။ ဤမျှ ဖြူစင်သည့်ကလေးကိုမှ သူ ရက်စက်မိခဲ့သည်ကောလေ ..။

"သွန်း .. မသိဘူး .. ဖျားနေတယ်ဆိုတာလေ .. ကိစ္စမရှိပါဘူး.. ဟိုတယ်ရောက်မှ ဆေးသောက်ပါ့မယ် .."

ဟု ပြောနေတော့ သူ မပြောမဆိုကြီး ကောင်မလေးကို ကောက်ထမ်း၍ တကယ့်ကိုပဲ ခေါ်လာမိရပါသတည်း။

မတတ်နိုင် ..၊ ရေချိုးဆိပ်မှာ အမျိုးသမီးတစ်သိုက်နှင့် ကလေးတစ်သိုက် တအံ့တသြကြည့်လည်း ကြည့်နေကြစေ ..။ ဤကောင်မလေးကို တိမ်ဦးယံသို့ ရအောင် ခေါ်သွားမှ ဖြစ်ချေတော့မည်။

ဖျားနေသည့်အဖြစ်က သူ့ကို ပို၍ စိတ်ပူလာနေစေသည့်အဖြစ်..။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. သွန်း .. မလိုက်ဘူး .. သွန်း က .. ဟိုတယ်မှာတည်းမှာ သွန်း မှာ ပိုက်ဆံပါလာတယ် .. အဲဒါကိုတော့ ယူလာပါတယ် ကိုကြီး ရဲ့ .. အဝတ်အစားတွေသာ ယူမလာမိဖမယ့် .. ပိုက်ဆံတော့ ယူလာ မိပါတယ် .."

"ဩော် .. ဩော် .. မနေတော့ဘူးဆိုပြီးတော့ကို .. ပိုက်ဆံတွေ ဘာတွေ အပြည့်အစုံသယ်ပြီးမှ အိမ်ကထွက်သွားတယ်ဆိုပါတော့ - ဒီမှာ .. ဘယ်သူက လက်ပိုက်ကြည့်နေမှာမို့လို့ အဲသလို ဟိုတယ်မှာ သွားတည်းဖို့တွေ ဘာတွေ ပိုက်ဆံတွေ ဘာတွေနဲ့ စိတ်ကူးနေရတာလဲ လက်မခံဘူးဆို လက်မခံဘူးနော် .. နင်းကန်ရှုန်းမနေနဲ့ .. လူက ပိန် သေးသေးလေးနဲ့ အားကရှိနေသေးတယ် .. ဒါတောင်မှ ဖျားနေသေးလို့ ဒီလောက်ပဲ ရုန်းနေနိုင်တာဆိုပါတော့ .. ညည်း နေမျှားကောင်းရင်ဖြင့် လက်မောင်းချိုး အားပြိုင်တမ်းကစားနိုင်မယ့် ကလေးမ .."

သူ ဝေါက်ဆတ်ဆတ် ပြောကာ ...

"တောင်းပန်နေတယ် သွန်းလေပြေမွှေး .. ငါ တောင်းပန်နေ တယ်ကွာ.. လုံးဝ စိတ်ထိခိုက်နေရင်း ခခယယ တောင်းပန်တယ် ကောင်မလေးရေ .. တဆိတ် .. ငြိမ်ပြီး လိုက်လာစမ်းပါ .."

ဟု သူ တောက်လျှောက်ပြောနေမိပြန်သည်။ ကားပေါ်မှာ ကောင်မ လေးကို ရှေ့ခန်းတံခါးဖွင့်၍ ထိုင်ခိုင်းသည်။ သူလည်း ကားမောင်းထွက် လာလိုက်ရသည်ပါပဲ ...။

ဘေးမှာထိုင်ရင်း ခုမှ မျက်ရည်လေးကကျကျဖြင့် ရှိနေပါသည့် ကောင်မလေးကို သူ ငဲ့၍ ငဲ့၍လည်း ကြည့်မိသည်။ ရင်ထဲမှာ ကောင်းလို့ မကောင်းနိုင် ...။

"အားလုံး ကိုကြီး သိပြီးပြီ သွန်းလေပြေ .. လေးလေးစံ ကလည်း သွန်း သွေးလှူတာတွေ ပြောပြတယ် .. ဒေါ်လေးခမ်း ကလည်း မေမေ က သွန်း ကို မေမေ့ဝတ်စုံလေး ပေးခိုင်းတာ ပြောပြတယ် .. မှားတာ





ကိုကြီးပါ သွန်းလေပြေ ရယ် .. ကိုကြီးကို စိတ်နာနေပြီလားဟင် .. စိတ်နာနေပြီလား သွန်း ရယ် .."

သူ ပြောကာ သွန်းကို တောင်းပန်သည့်နှယ် ကြည့်မိရပါ၏။ သွန်း မျက်ရည်သုတ်နေသည်။ ကလေးလေးနှယ်ပင် မျက်ရည်ကို လက် ဖမိုးဖြင့် ပွတ်သုတ်နေခြင်း ...။ စိတ်မနာပါဟုလည်း ငြင်းမလာ ...၊ ရင်ထဲ ပို၍ သူ ကြေကွဲလာရပါချေ၏။

ဤကောင်မလေးသည် သူ့အပေါ်မှာ စိတ်နာနေပြီဆိုမှဖြင့် ...။ သူ့ ချစ်ခြင်းများကို သိလာပါလျှင်လည်း ကြည်ဖြူလက်ခံချေမှာ မဟုတ်ဟု နှလုံးသားက ကွဲကြေနေနှင့်ရပြီတည့် ...။

သူ့ရင်ထဲမှ အချစ်များသည် ဤမိန်းကလေးအတွက်သာ ဖြစ်ချေ မည်ဆိုတာ သိစေချင်စမ်းလှပါဘိတော့ ...။ ထိုသို့သော မျှော်လင့်ခြင်း များဖြင့် သူ အသက်ရှင်နေပါ့မည် ...။ ဆက်၍လည်း ချစ်နေရပါလိမ့် မည် ...။ တုံ့ပြန်လာမည့် လက်လေးကိုလည်း စောင့်ဆိုင်းနေရပါလိမ့် မည် ...။

သွန်းလေပြေမွှေး ၏ မျက်ဝန်းလေးတွေ မှေးပိတ်ကျသွားတာ...၊ ကိုယ်လေး ကျောမှီနေရာလေးမှာ မှီကျသွားတာ ...။

"သွန်း .. အိပ်ချင်လိုက်တာ .. ခေါင်းထဲမူးနေတယ် ထင်တယ်.."

ဟု ခပ်လေးလေး ပြောလာတာ ...၊ အားလုံးကို သူ စိုးရိမ်တကြီး မြင်နေရပြီ...။ သွေးလှူထားသည့် သွန်း ...၊ အစားလည်း ပျက် ...၊ အအိပ် လည်းပျက်နှင့် စိတ်သောကတွေနှင့် နေခဲ့ရှာသည်။ အားလုံးက ဝိုင်း၍ သွန်း အပေါ်မှာ အထင်လွဲကြ ...။ မေတ္တာတုံးနေကြနှင့် ရှိနေသမျှကို ကျိတ်၍ ခံရင်း .. အစားလည်း မဝင်ခဲ့ရှာ။ အိပ်လည်း မအိပ်နိုင်ဘဲ ရှိ မည်သာ ...။

ဤကြားထဲ သူကပါ ရော၍ ဆူပူဝေါက်ငမ်းတာတွေ လုပ်ခဲ့သေး သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုံ .. ချုံးချုံးကျနေသည့် သွန်းလေး ခမျာ .. ဖျားသည်မှ .. အားအင်ပြတ်နေသည့်ပုံလေးပင် ဖြစ်နေချေပြီကော .. ဟု သိနေရရင်း ကားကို တောက်လျှောက် သူ ခပ်မြန်မြန်မောင်းနေမိရပါ၏။

သွန်း ထံမှ အသံလေးတိတ်နေပြီ ..၊ လက်လေးကို သူ လှမ်းဆုပ်ကိုင်လိုက်မိသည်က အဖျားရှိန်ကြီးနေမှာကို သိချင်ဇော စိုးရိမ်ဇောဖြင့်ပါ ...။

ကိုယ်ပူရှိန် အရမ်းများနေတာကို သိနေရပါ၏။

"ငါသာ .. ဒီနေရာကို ရောက်မလာမိရင် .. ကောင်မလေး – သစ်ရိပ်အောက်မှာ မေ့ချင်မေ့နေမှာ .. ဒါမှမဟုတ် .. လူတွေ ပြန်ကြချိန်လေးမှာ .. သူလည်း နောက်ကပြန်သွားနေရင်းနဲ့ .. ဟိုတယ်ရောက်ဖို့ မဆိုထားနဲ့ .. မြေနီလမ်းလေးမှာပဲ မေ့လဲနေခဲ့မှာ ..၊ ရှေ့ကသွားလိုက်ကြတဲ့သူတွေ သိတောင်သိနိုင်မှာ မဟုတ်ဘူး .. ငါ .. ငါ .. ဒီကောင်မလေးပန်းနုဒီချောင်းမှာများ ရောက်နေမလားဆိုတဲ့စိတ် အလိုလို တိုးဝင်လာရင်း ဒီကိုလိုက်လာမိလို့ သူ့ကို တွေ့နိုင်ခဲ့ရတာ .. ကြည့်စမ်း .. အရမ်းဖျားနေရှာပြီ .. မဖြစ်ဘူး .. မဖြစ်ဘူး .. အရင်ဆုံး ဆေးခန်းကိုဝင်မှ ဖြစ်မယ်– ကောင်မလေး အရမ်း အဖျားကြီးနေပါလား .. ခမျာ .. သူ့ကိုယ်သူ ဖျားနေမှန်းလည်း မသိနိုင်ရှာအောင် စိတ်တွေထိခိုက်တာက လွှမ်းမိုးနေတာ .."

ဟု တွေးနေမိရလေလေ ..၊ သူ့ကိုယ်သူ ကျိန်ဆဲနေမိလေ ..။

တိမ်ဦးယံမှာ သွန်းလေပြေမွှေးလေး ထွက်သွားရခြင်းမှာ သူ့ကြောင့်ပဲ ဖြစ်ချေသည် မဟုတ်ပါလားလေ ..။ သူ .. ရက်စက်ခဲ့၍ ..။

ကားမောင်းနေရင်း မချိတင်ကဲကြီး သူ့နဖူးကို သူ အမြင်ကတ်ကတ်ဖြင့် ထုပစ်မိသည်ပါပဲ။ သူ့ကိုယ်သူ မုန်းနေမိရပြန်သည်တည့် ..။

သွန်း ၏ကိုယ်လေး ယိုင်ခနဲ ဖြစ်လာတော့ ကားကိုရပ်လိုက်မိရပါ၏။





သွန်း သတိလစ်နေချေပြီတကား ..။ ကိုယ်လေးကို သူ့ကိုယ်မှာ မှေ့ထားမိသည်။ ခပ်ဖြည်းဖြည်း ခေါင်းလေးကို သူ့ပေါင်ပေါ်မှာ ဖေးဘင်သည်။ ကားကို တောက်လျှောက် သူ မောင်းနေမိရပါ၏။ လက်တစ်ဖက်က သွန်း ၏ခေါင်းလေးမှာ ဖေးဖေးတင်တင် .. တင်ထားမိရဆဲ ..။

ကောင်မလေး ဘာမှမဖြစ်ပါစေနှင့် ..၊ ဘာမှမဖြစ်ပါစေနှင့် ..။ ခုမှ .. သူ .. မျက်ရည်တွေ ထိန်းမရအောင် ကျနေရပြီ ..။ စိုးရိမ်ဇောဖြင့်လည်း သွန်း ၏မျက်နှာလေးကို ငုံ့ကြည့်နေမိရပါသည့်အဖြစ် ..။

သူ့မျက်ရည်ပေါက်တွေက ဖျောက်ဖျောက်စက်စက် ကျနေ၏။

သွန်း နှင့်ပတ်သက်လာလျှင် ဤမျှအထိ .. သူ ခံစားတတ်နေတာကို .. ခုမှ .. သူကိုယ်တိုင်လည်း သိသိလာနေရခြင်းပါတကား ..။

သွန်း ၏ခေါင်းလေးကို သူ့လက်တစ်ဖက်က နူးညံ့စွာ ဖေးအုပ်ထိန်းထားဆဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

မေနဒီ ရင်ထဲမှာ ထိထိခိုက်ခိုက်ကြီး ခံစားနေရချေသည်တည့် အဖြစ်စုံကို ပြောပြပါသည့် မောင့်စကားများအဆုံးမှာ လူက ငြိမ်ကျနေ ပေမယ့် ရင်သည် ကြေကွဲနေ၏။ အရုက်တရားကိုလည်း မနိုင်ရင်တ ခံစားနေရပြီ ..။

"ကြည့်စမ်း .. ငါ .. ငါ .. အကြီးမပီသလိုက်တာ .. ကလေးက ငါ့အတွက် ညှာတာစိတ် .. စာနာစိတ်နဲ့ .. မိန်းမဆိုးလေးအဖြစ် ခေါင်း ခံပေးသွားတာပါလား .. ဖေဖေကလည်း သူ့ကို သွေးမလှူရကောင်း လားဆိုပြီး စိတ်ထဲ မျက်သွားတယ် .. ငါကရော .. ငါ သတိပြန်ရလာပြီး တဲ့နောက်မှာ .. ငါ့ကို သွန်းလေပြေမွှေး မလှူခဲ့ဘူးဆိုတာမျိုး သိခဲ့ရ ဝမ်းတောင်သာနေသေးတာ .. ပြီးတော့ .. သူ့သွေးတွေ ငါကိုယ်ထဲ မရောက်ခဲ့ဘူးဆိုတဲ့ အပျော်စိတ်လည်း ဖြစ်ခဲ့တယ် .. တစ်ဖက်ကလည်း သူ့ကို ဖေဖေ က အဲဒီလို သွေးမလှူဘူးဆိုတဲ့အဖြစ်ကို ခေါင်းတည်ပြီး အရမ်းစိတ်ဆိုး .. စိတ်ပျက်သွားတာတွေကို မြင်နေရတော့လည်း ဝမ်း သာပြန်ရော .. ငါမုန်းတဲ့သူကို ဖေဖေကလည်း မုန်းသွားပြီဆိုပြီးတော့ ပေါ့ ..၊ ကြည့်စမ်း .. ငါ .. ဘယ်လောက် အကြီးမပီသလိုက်သလဲ အတ္တကြီးလိုက်သလဲ .. ကလေးက .. ငါ့တစ်သက် ယူကျုံးမရ ဖြစ်နေမှာ





သိလို့ .. ခများ .. အားလုံးသိမ်းကျုံးပြီး အပြစ်တင်ခံသွားခဲ့ရှာတာ .. ခုလည်း .. ဖျားနေရှာတယ်တဲ့ .. သွေးလှူထားတဲ့ကလေးဟာ .. အစား သည်း အာဟာရဖြစ်အောင် သေချာမစားနိုင်ဘဲ စိတ်ထိခိုက်နေ .. အအိပ် ပျက် .. အစားပျက်လည်း ဖြစ်ခဲ့ရ .. ခရီးကလည်း ထွက်လိုက်ရတာမို့ ခရီးပန်းတာလည်း ခံစားရ .. ဟိုမှာကျတော့လည်း ပြည့်စုံလေး ရဲ့ အထင်လွဲပြီး အပြစ်တင်တာတွေ ခံရ .. ပန်းနုဒီချောင်းစပ် သစ်ရိပ် အအေးအောက်မှာ ထိုင်ရင်း .. လေစိမ်းမိပြီး ဖျားရနဲ့ ဖြစ်ကုန်ရပြီ .. ဒါတောင်မှ .. မောင် .. ခုမှ ငါ့ကို ပြောပြလိုက်လို့ ငါ သိရတာ .. ကလေးခများ .. အရမ်းစိတ်ထားပြည့်ဝနေတော့လည်း .. မောင်ဟာ ငါ့ကို ရော .. ဖေဖေ့ကိုရော .. မပြောပြဘဲ မနေနိုင်တော့တာမို့ .. ခုလို ဆေးရုံကို မြန်မြန်ပြန်လာပြီး .. ဖေဖေ့ကိုရော .. ငါ့ကိုရော နှစ်ယောက် စလုံး သိအောင် ပြောပြလိုက်လို့သာ ငါ သိရတာ .."

နှုတ်ကတော့ ဘာမျှထွက်ကျမလာနိုင်သေးသည့် စကားလုံးများ သည် ရင်ထဲမှာတော့ ကြေကြေကွဲကွဲ မောက်လျှံနေရချေပြီကောလေ..၊ ဖေဖေ့ကို ကြည့်တော့ ဖေဖေလည်း ငိုင်နေသည်။

"အဲဒါ .. သွန်းလေပြေမွှေး ကို .. ဆေးခန်း အရင်ဆုံးပြပြီး .. အိမ်ကို သားခေါ်သွားတယ်ဆိုတာတွေ ဖုန်းဆက်ပြောလာတယ် နဒီ.. ဘာပဲဖြစ်ဖြစ် .. ကလေးဟာ .. အလွန်လိမ္မာတဲ့ ကလေးပါ .. သူ့ကို နဒီ နားလည်ပေးသင့်ပြီလို့ မောင် ထင်တယ် .."

မောင်ကတော့ နဒီ့ စိတ်တွေ မာကျောနေဆဲဟု ထင်နေသည်လား မသိ ..။ ဖျောင်းဖျနားချနိုင်ဖို့ ကြိုးစားနေရှာပါသည့်အဖြစ် ..။

"ကြည့်စမ်း .. ငါ့လိုအဒေါ်နဲ့ဆိုရင် .. မောင်ဟာ တစိမ်းပဲ .. ဒါပေမယ့် မောင်က သွန်းလေပြေ အပေါ်မှာ နားလည်နေတယ် .. ငါက သာ မမသရဖီ နဲ့ ခွန်နောင် တို့အပေါ် သဲသဲမဲမဲ နာကြည်းနေခဲ့တဲ့စိတ် တွေကို မလျှော့နိုင်ဘဲ .. ဒီကလေးအပေါ်မှာပါ ရောပြီးကျနေခဲ့တာ ..



www.burmeseclassic.com

www.burmeseclassic.com



အနု .. ကလေး ခမျာ .. စိတ်ဖိစီးသမျှဒဏ်တွေကို ခံနိုင်ရည်မရှိတော့ဘဲ .. အိပ်ရာပေါ်မှာ အားကုန်ကြိုးပြတ် ရှိနေရရှာပြီ .."

ဟု တွေးနေရင်း ငိုင်နေမိရဆဲ ..။

သွန်းလေပြေမွှေး .. ရောက်လာတာနှင့် လက်ဆောင်လေးတွေ ကြိုးစားရင်း နဒီ ကို မျက်နှာချိုသွေးခဲ့သည့်ကလေး ..၊ နဒီ ဘက်က တင်းတင်းမာမာတုံ့ပြန်တော့လည်း ပြုံးနေခဲ့သည့် ကလေး ..။

ဘိုးအေဖြစ်သူ၏စာကို ဆုတ်ဖြဲပစ်လိုက်ပါသည့် နဒီ ကို ထိုအခါ ကျတော့မှ ဘိုးအေဓာဖြင့် တုံ့ပြန်ခဲ့သည့် မဟုတ်မခံ စိတ်ဖြောင့်ဖြောင့် ရှိသည့်ကလေး ..၊

နဒီ သာ အကြီးမပီသစွာ ကလေးကို လေ့ကားပေါ်မှ တွန်းချဖို့ပင် ကြံစည်ခဲ့သေးသည်။ လက်တွေ့လည်း လုပ်ခဲ့သည်။ ကိုယ့်ဒဏ် ကိုယ်ထိကာ လှေကားပေါ်မှလည်း ကျခဲ့ရ ..။ ဒဏ်ရာအနာတရတွေဖြင့် ဆေးရုံလည်း ရောက်ခဲ့ရသည်က နဒီ ကိုယ်တိုင်ပဲ ဖြစ်နေခဲ့ရသည် တကား ..။ ထိုသို့သော နဒီ ထံမှ ဆိုးဝါးကြမ်းတမ်းသည့်အဖြစ်တွေ လက်ခံခဲ့ရသည့်ကြားထဲမှ သွန်းလေပြေ နဒီ အတွက် သွေးလှူခဲ့သေး ချေသည်ကောလေ ..။

ပြီးတော့ .. ပြီးတော့ .. ထိုဖြစ်ရပ်ကြောင့် .. မောင့်ထံမှ ဂရုစိုက် ခြင်းဆိုသည့် ဖြစ်ရပ်မှန်တစ်ခုကို နဒီ လက်ခံနားလည်လိုက်ရသည် တည့် ..။ နဒီ အတွက် ခံစားချက် ဘာမျှမရှိဘဲ ပွဲတက်မယားတစ် ယောက်အဖြစ်သာ လက်ထပ်ထားချေသည်ကောဟု ခံပြင်းစိတ်ဖြင့် နာကြည်းကြေကွဲနေရပါသည့် နဒီ အိမ်ထောင်တစ်သက်မှာ ..၊ ခုလို– မောင်တစ်ယောက် အရာရာသောအလုပ်တွေကို ချန်ထားခဲ့လျက် ညကြီးမင်းကြီး နဒီ ထံ ရောက်လာသည်အထိ စိုးရိမ်တကြီး ရှိခဲ့တာ တွေ..၊ နဒီ အနားမှာ ပြုပြုစုစုနှင့် ရှိခဲ့တာတွေကို ပိုင်ဆိုင်ခွင့်ရလိုက်သည် ကလည်း .. သွန်းလေပြေမွှေး ကြောင့်ပဲဟု ဆိုရချေမယောင်ဖြစ်ကုန်ရ





..။ သွန်း ရောက်လာပြီးသည့်နောက်မှာ .. အဒေါ်နှင့် တူမ ကြား .. ဖြစ်ခဲ့ရသည့်အဖြစ် ..၊ ဆေးရုံရောက်ရလောက်အောင် ဖြစ်ခဲ့ရသည့် အဖြစ်တွေကြောင့် ..။ မောင့်ချစ်ခြင်းဆိုတာကို.. နောက်ကျစွာ နဒီ ခုမှ သိလိုက်ရခြင်း မဟုတ်ပါလား ..။ မောင်သည် .. ကွယ်လွန်ခဲ့ပြီဖြစ်သော ဦးသမီး မြနှင်းမွှန် ကိုလည်း မြတ်နိုးနေဆဲ ဖြစ်သည့်နှယ် ..။ နဒီ ကို လည်း သံယောဇဉ်နှင့် ချစ်ခြင်းဆိုတာ ရှိနေချေသည်ကောလေ .. ဟု ထိုအချိန်မှာ .. မောင့်မျက်ဝန်းတွေဆီမှ မြင်ခဲ့ရပါသည့် ကြင်နာခြင်း ဆိုသည့်အရိပ်တွေကြောင့် နဒီ သိခဲ့ရသည်။ ဆေးရုံမှာ မောင့်ကို ပထမ ဆုံး နဒီ မြင်လိုက်ရချိန်ကတည်းက သိခဲ့ရသည်ပဲလေ ..။ စိုးရိမ်တကြီး ရောက်လာသည့် မောင်သည် မျက်နှာချောင်နေသည်။ ညမအိပ်ဘဲ ဘက်လှေကားမောင်းလာသည့် မောင်သည် အနားပင် မယူဘဲ ဆေးရုံသို့ လိုက်လာခဲ့သည်။ နဒီ ကို လက်လေးထွေးဆုပ်၍ အရိပ် ကြည့်ကြည့် ဂရုတစိုက် ရှိခဲ့သည်။

"မြေး .. အဲသလို .. တိမ်ဦးယံက ထွက်သွားတယ်ဆိုကတည်းက.. ခမ်းနွဲ့ မောင်ကြည်မျိုးသာ ဆီကို ငိုယိုပြီး ဖုန်းနဲ့ပြောပြီးကတည်း .. သား မောင်မျိုး က သိသိချင်း .. ဆေးရုံမှာရှိနေတဲ့ ဖေဖေ့ဆီကို ဆက်ပြောပြတယ် သမီး နဒီ .. ဖေဖေလည်း အဖြစ်စုံလည်း သိရော.. ပင်တလည်း ရ .. စိတ်လည်း ထိခိုက်ရ .. မြေးလေးအပေါ် အထင်လွဲမိ လေခြင်းဆိုပြီး ခံစားရနဲ့ပါ .. မြပုဝါကို ဖုန်းဆက်ပြီး ဖေဖေ မေး တယ် .. မြေး အဲဒီကိုရောက်နေပြီလား ဆိုတာပေါ့ .. ကိုစိုး လည်း မြေး တိမ်ဦးယံက ထွက်သွားတာ အဲဒီတော့မှ သိရတာ .. အဖြစ်မှန် အားလုံးကို အဲဒီကတည်းက .. ဖေဖေ သိသမျှတွေ ကိုစိုး ကို ပြော လိုက်ရတယ်လေ .. ကိုစိုး လည်း ယူကျုံးမရကို ဖြစ်ရော .. ဖေဖေက တော့ ထားပါတော့တဲ့ .. တစ်နှစ်နေမှ တစ်ခါနှစ်ခါလောက်ပဲ မြေး ဆုံကြရတာပါတဲ့ ..၊ မြေးအကြောင်းကို မသိဘူးဆိုတာ ထားပါ



www.burmeseclassic.com

www.burmeseclassic.com



တော့တဲ့ .. သူက .. သူ့မြေးနဲ့ တစ်သက်နေခဲ့တဲ့ကြားထဲက .. သူ့မြေး
အပေါ် သူ နားမလည်နိုင်ခဲ့တာကို ယူကျုံးမရအဖြစ်ရဆုံးပါပဲ .. ကလေး
ကို .. မုန်းနဲ့တောင် ဆူပူခဲ့တာတဲ့.. ကိုယ့်အဒေါ်ကိုမှ သွေးမလျှုရလောင်
အောင် စိတ်ထား မာကျောခဲ့ဆိုးဝါးလှတဲ့ မြေး ဆိုပြီးတော့ မြပုဝါ
ပြန်မလာဖို့ အပြတ်ပြောမိခဲ့တာတဲ့ .. အဲဒါတွေ .. ပြန်ပြန်ပြောနေရင်း
ကိုဖိုး ငိုတယ် သမီး ..''

ဟု ဖေဖေ ဆက်ပြောနေတော့လည်း နဒီ ငိုင်နေဆဲ ..။ ရင်ထဲမှာ
ဆို့နေသည်။ နဒီ ခုမှ ပို၍ နားလည်လာနေရပါ၏။ သွန်းလေး ခမျာ
အရာရာ အားကိုးရာပျောက်သည့်နယ် ရှိခဲ့ရချေသည်တကား ..။

''သမီးကို ဖေဖေ ဘာမှမတိုက်တွန်းချင်ဘူး သမီး .. လူတစ်
ယောက်ကို ချစ်ပါ .. နားလည်ပေးပါ .. ဆိုတာကို ပြောရတဲ့သူ
ဘေးကလူပါပဲ .. လက်တွေ့ဆုံးဖြတ်ရတာက ကာယကံရှင်ပါ သမီး
သမီး သဘောပါပဲ .. ဇွတ်လည်း မတိုက်တွန်းချင်ပါဘူး .. ဇွတ်တိုက်
တွန်းလို့ ဖြစ်ပေးလိုက်ရတဲ့ နားလည်ပေးမှုတစ်ခု .. ချစ်ခြင်းတစ်ခုဆိုတာ
က .. မပြည့်ဝပါဘူး သမီးရယ် .. အရင်းခံအမှန်လည်း မဟုတ်ပါဘူး
ကိုယ့်စိတ်နဲ့ကိုယ် .. ဆုံးဖြတ်ပြီးမှ .. တစ်ဖက်သားကို ပေးတဲ့အချစ်
နားလည်မှုမှသာ အရင်းခံအမှန် ဖြစ်တာပါ .. ဖေဖေကတော့ .. မနက်
ဖြန် ..တိမ်ဦးယံကို လိုက်သွားတော့မယ် .. ဟိုမှာ အားငယ်ကြေကွဲ
တဲ့ မြေးလေးအနီးမှာ နေမှ ဖြစ်တော့မယ်.. မြေးရဲ့စိတ်ထဲမှာ ယုံကြည်
ဖို့ လိုတယ် သမီး .. မြေးကို .. ဘိုးအဖြစ်သူက .. တကယ့်ကို ချစ်
တယ် .. စိုးရိမ်တကြီးနဲ့ လိုက်လာတယ်ဆိုတာ အပြောနဲ့ မဟုတ်ဘဲ
လက်တွေ့ရှိနေမှသာ သူ ယုံရဲမှာ .. ဒါမှမဟုတ်ရင် ..ဘိုးဘိုးတို့ လိုက်
လာတော့မယ်တွေဘာတွေ ကြိုပြောထားရင်လည်း ကလေးခမျာ..
မှာ မဟုတ်ဘူး .. စိတ်ချမ်းသာအောင် ပြည့်စုံလေး က လုပ်ကြံပြော
တယ်လို့ ထင်နိုင်တယ်လေ .. ဒါကြောင့် .. ဟိုကိုလိုက်လာမယ်ဆို





ြေးကို မပြောပြပါနဲ့ဦးလို့ ပြည့်စုံလေး ကို တားထားရတယ် .. အဲဒါ..
ြည့်စုံ က ပြောလာတယ်လေ .. မုန်းလေးတော့ ဆက်လို့ရတာပဲ ဘိုး
ယ်လို့ ပြောလာတော့ ဖေဖေ ဖြေလိုက်တယ် သမီး .. မုန်းဆက်လိုက်
.. သမီးနဲ့ပတ်သက်ပြီး မြေး မေးလာမှာ သေချာတယ် .. သက်သာ
သား ဆိုတာပေါ့ .. အဲဒီအခါမှာ .. သက်သာတယ်ဆိုတာလေးလောက်
ဖေ ပြန်ဖြေနိုင်မှာပါ .. သမီးရဲ့ရင်ထဲကအမုန်းတွေ ပျောက်ကွယ်
ပြီဆိုတဲ့ စကားမျိုး ဖေဖေ ထည့်မပြောနိုင်တာမို့ .. ကလေးခမျာ
ည်း ထပ်ပြီး စိတ်ထိခိုက်ရရှာတာပဲ အဖတ်တင်မှာ .. သမီးဟာ သူ့
မုန်းနေဆဲဆိုတာ သူ သိရခြင်းဟာ .. သူ့အတွက် .. ကြေကွဲထိခိုက်
ဖြစ်နေမှာပဲလေ .. ဒါကြောင့် .. ဘိုး မုန်းမဆက်တော့ဘူး .. လူပဲ
ခဲ့မယ်ဆိုတာကိုပဲ ပြည့်စုံလေး ကို ဖေဖေ ဖြေလိုက်ရတယ်ကွယ်..''

ဟု ဖေဖေ ပြောနေသမျှလည်း မေနဒီ ငြိမ်သက်နားထောင်နေဆဲ..။
.. တစ်ခွန်းမျှ ပြောဖော်မရှိနိုင်ဘဲ ငြိမ်သက်လွန်းနေသည့် မေနဒီ
ဖေလည်း လက်လျှော့လိုက်ပုံဖြင့် ကြည့်လာသည်။ ခေါင်းမာသည်
အမည်တစ်လုံးနှင့်ရှိပါသည့် သမီး၏ရင်ထဲမှာ အမုန်းတရားတို့
ယူနေဆဲဟု ထင်သွားပုံရပါ၏။

မောင့်ကို ကြည့်တော့လည်း ငိုင်နေသည်။ အကြည့်သည်လည်း
ထဲမှာ ရှိနေဆဲ ..။ ဒါပေမယ့် .. စိတ်လျှော့လိုက်ပုံရသည့်အကြည့်..၊
ဝန်းတွေ တောက်ပမနေ။ မျှော်လင့်ထားသမျှ ဖြစ်မလာနိုင်ပြီဟု
ဘ်ကျနေသည့် မျက်ဝန်းဖျော့ဖျော့ကိုပဲ နဒီ မြင်ရပါ၏။

မျက်ဝန်းကို နဒီ စုံမှိတ်လိုက်မိရပါ၏။ ငယ်ဘဝ မေနဒီ ၏ပုံရိပ်
တွေ မြင်လာမိရပြီ။ ကိုခွန်နောင် နှင့်လက်ထပ်ရမည်ဟု ယုံကြည်
ချင်း ပျော်ခဲ့သည့်အပျော်များ ..၊ မမသရဖီ ကိုမှ လက်ထပ်မည်ဟု
နောင် ၏အဆုံးအဖြတ်ကို ကြားရချေသမျှ ရင်ထဲ ကြေမွနေရပါ
မေနဒီ ၏ အရှက်တရားတွေ ဖုံးလွှမ်းနေသော ကြေကွဲခြင်းများ..၊



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတို့ကို အပျော်တွေဖြင့် ကိုခွန်နောင် နှင့်လက်ထပ်ရတော့မည်ဟု ပြောခဲ့မိသည့် အပျော်တွေ ..၊ ကြည်နူးခြင်းတွေ ..၊ မျှော်လင့်ခြင်းတွေ ..၊ လှပသော အနာဂတ်တွေအားလုံးသည် ပျောက်ဆုံးကုန်ရလျက် ..။ သူငယ်ချင်းတွေထဲမှ တချို့၏ လှောင်ထေ့ထေ့အပြုံးကို မြင်ခဲ့ရချေသမျှ .. မသိဆိုးဝါး ပေါ်တင်ကြီးမေးတာကို ခံခဲ့ရသည့်ကာလတွေမှာ .. အဘယ်မျှထိ ရင်သည် ထောင်းထောင်းကျေမျှ ကြေမွခဲ့ရပါသလဲ ..၊ အဘယ်မျှထိ အရှက်တရားတွကြားထဲ နစ်မြုပ်ခဲ့ရပါသတဲ့လဲ .. ချစ်ရသူကိုလည်း လက်လွှတ် ဆုံးရှုံးလိုက်ရသည်။ ချုန်ရစ်ခံရသူအဖြစ်လည်း ရင်ဆိုင်လိုက်ရသည်။ ထိုမျှ ခံစားရသည့် မိန်းမသားတစ်ယောက်ထံမှ .. အဘယ်တုံ့ပြန်မှုကို ပေးပိုင်ခွင့် ရှိပါသလဲ ..၊ နာကြည်းမုန်းတီးခြင်းတွေကို ပေးပိုင်ခွင့် ရှိရတော့ပြီတဲ့လား..။ ထိုသို့သောအတွေးတွေဖြင့် .. နဒီ အားလုံးကို မုန်းခဲ့သည်။ ကိုခွန်နောင် ..၊ မမသရဖီ .. ထိုမှမွေးဖွားလာသည့် သမီး သွန်းလေပြေမွှေး ..။ မိဘမဲ့လေးပါလားဟုပင် အသနား မဖက်နိုင်ခဲ့ ..။ မမသရဖီ ဆုံးတုန်းကလည်း မျက်ရည်မကျခဲ့ .. ကိုခွန်နောင် ဆုံးခဲ့စဉ်ကလည်း မျက်ရည်မကျခဲ့ ..၊ နာကြည်းမုန်းတီးခြင်းသည် မျက်ရည်ကို ကျခွင့်မပေးနိုင်အောင် ဟန့်တားနိုင်သည်ဆိုတာ ထိုအခါကမှ ပို၍ နဒီ နားလည်လာခဲ့ရသည်။

"အခု .. အခု .. ဒီကလေးရဲ့သွေးတွေ ငါ့ကိုယ်ထဲမှာ စီးနေကြပြီ .. ငါ့သွေးတွေနဲ့ ရောထွေးယှက်တင် ရှိနေကြပြီ .. ငါ့နှလုံးသားကိုလည်း ဖြတ်သန်းနေကြပြီ .. အဲဒါ .. ငါ့ကို .. ချစ်နေတဲ့ သွန်း ရဲ့သက်သေပဲ .. ဒီသွေးတွေကို ငါ သီးခြားခွဲပြီး မခံချင်ဖောနဲ့ ဖောက်ထုတ်နိုင်လို့လား .. မရဘူး .. မရနိုင်ဘူး .. အဲဒါဟာလည်း ချစ်ခြင်းပဲ .. ချစ်ခြင်းဆိုတာ သွေးကြောအနှံ့ စီးဆင်းနေတာ .. တစ်သက်တာအတွင်း စီးဆင်းနေတာ .. ဖောက်ထုတ်လို့မရတဲ့ အရာဟာ ချစ်ခြင်းပဲ .. ငါ .. ငါကရော .. သွန်း ကို ဘာလို့ မချစ်နိုင်ရမှာလဲ .. ဒီလောက် သဘောထားပြည့်ဝတဲ့





ကလေး .. အနစ်နာခံတတ်တဲ့ ကလေးတစ်ယောက်အပေါ် .. ငါဟာ.. အဒေါ်တစ်ယောက်အဖြစ် မဟုတ်ဘဲ .. အမေတစ်ယောက်လို ဘာလို့ မချစ်ချင်ပဲ ရှိနေရမှာလဲ .. မိတဆိုး သမီးလေး .. ဖတဆိုး သမီးလေး အပေါ် .. ငါ .. အမေတစ်ယောက်ရဲ့အချစ်မျိုး ပေးသင့်တာပေါ့ .."

မေနဒီ မျက်တောင် တဖျတ်ဖျတ် ခတ်သည်။ မျက်ရည်သည် ဝိမ့်ခနဲ ကျ၏။

"ပြည့်စုံလေး ကို .. မြေးနဲ့ နေရာချပေးဖို့လည်း .. ဖေဖေနဲ့ ကိုစိုး ကရော .. ဒီက သား ကြည်မျိုးသာ ကရော .. သဘောတူထားကြတယ် သမီး ..၊ သမီး သဘောတူသည်ဖြစ်စေ .. မတူသည်ဖြစ်စေ .. ဖေဖေတို့ ကတော့ .. ဒီကလေးနှစ်ယောက်ကို .. လက်ထပ်ပေးရလိမ့်မယ် .. ဘာလို့လဲဆိုတော့ .. သူတို့နှစ်ယောက်စလုံးဟာ ရိုးသားဖြူစင်တဲ့စိတ် ရှိကြတာချင်း တူကြတယ် သမီး .."

ဟု ဖေဖေ ဆက်ပြောလာသည်။ မောင့်ကို ဖြတ်ခနဲ နဒီ ကြည့်မိသော့ ချော့မော့ဖျောင်းဖျ နားချသောအပြုံးဖြင့် ကြည့်လာတာကို ကြုံသည်။

"လက်ခံလိုက်ပါ နဒီ ရယ် .."

ဟု ပြောနေသည့်ဟန် ..၊ နဒီ မောင့်ကို ကြည့်ကာ ...

"သား ပြည့်စုံ ကို .. နဒီ ဖုန်းဆက်လိုက်ပါ့မယ် .."

တည်ငြိမ်စွာ နဒီ ပြောနေမိရပါ၏။ ရင်သည် အေးချမ်းလာနေသည်ကော .. ဟု သိလာနေရသည်က နဒီ ပါ ..။ အဘယ်မျှကြာအောင် လောင်ခဲ့ရပါသည့် ရင်ထဲမှအပူတွေပါလဲ ..၊ ခုကျတော့ .. မေတ္တာထားနိုင်ခြင်းဆိုသည့် အသိတရားတစ်ခုဆီမှ ဖြစ်တည်လာသည့်အရာသည် အေးမြမြ ဖြစ်နေချေသည်ပေ ကား ..။

"မာမီ ဆေးရုံက ဆင်းခွင့်ရ... မှာ .. သား ပြည့်စုံရှိရာကို မာမီ လာခဲ့ပါ့မယ်လို့ .. ပြီးတော့ .. သွန်းလေပြေမွှေး နဲ့ .. ဘယ်လို ..



www.burmeseclassic.com

www.burmeseclassic.com



တခမ်းတနား လက်ထပ်ပွဲကျင်းပမယ်ဆိုတာတွေကို ပြည့်စုံလေး ထို မာမီ ပြောပြချင်နေတယ်ဆိုတာတွေကို .. ဖုန်းနဲ့ ဆက်ပြောလိုက်ပါ့မယ် ဖေဖေ ..''

ဟု ပြောလာတော့ ရုတ်တရက် ငြိမ်ကျနေသည်က ဖေဖေနှင့် မောင် ဖြစ်နေကြသည်။ မျက်တောင်မခတ် ကြည့်နေကြသည်။ နောက် တော့မှ မှင်တက်နေရာမှ မျက်ဝန်းတွေ ရွှန်းလဲ့လာကြသည်။ အရောင် တွေဖြင့် ခုန်ပေါက်နေသည့် ခံစားချက်တွေဖြင့် မောင့်မျက်နှာသည် လည်း နုနုပျိုပျို လန်းလန်းသစ်သစ် ဖြစ်နေသည်။ ဖေဖေ့မျက်နှာသည် လည်း အေးချမ်းသော အပျော်တွေဖြင့် ပြည့်ဝနေချေသည်တည့် ...

''သွန်း ဆီကိုလည်း နဒီ ပြောပါ့မယ် .. သား ပြည့်စုံ ကို ဖုန်းဆက် တဲ့အခါမှာ အဲဒီဖုန်းလေးကို သွန်းလေး ကို ပေးလိုက်ဖို့ရယ် .. သွန်း ကိုင်လိုက်တဲ့အခါမှာ .. နဒီ .. သွန်းလေပြေမွှေး ကို .. သမီးလေးတစ် ယောက်လို ချစ်ပါတယ်ဆိုတာကိုလည်း ပြောပြပါမယ် .. တိမ်ဦးယံထို လိုက်လာမယ်ဆိုတာကိုလည်း ပြောပြပါ့မယ် .. အမေတစ်ယောက်ရဲ့ ရင်ခွင်ကို .. သွန်း ပိုင်ဆိုင်နေရပါပြီဆိုတာကိုလည်း ပြောပြပါ့မယ် .. သွေးလျူခဲ့တဲ့ သွန်းလေး ကို .. ကျေးဇူးတင်လိုက်တာ သွန်းလေး ရယ်လို့ လည်း ပြောပြပါ့မယ် ဖေဖေ..''

ဤတစ်ကြိမ်မှာတော့ .. နဒီ မျက်ရည်ကျလာရပါသတည်း ...

မိခင်တစ်ယောက်၏ သွန်း အပေါ် ချစ်မိရလေသောအချစ်တို့ဖြင့် ရှိရပါသည့်မျက်ရည် ...။ သွန်း သည် .. မိခင်တစ်ယောက်၏ချစ်ခြင်းဖြင့် ချစ်တတ်လာအောင် .. နဒီ ကို သင်ပေးနိုင်ခဲ့ချေသည်တကား ...။

အခန်းထဲမှာရှိနေသည့် ဖေဖေ ...၊ နဒီ နှင့် မောင် ...။ လူသား သုံးယောက်တို့၏ စိတ်တွေသည် ချစ်ခြင်းဆိုသည့် အေးမြသောအရိပ် အောက်မှာ .. ရောက်ရှိနေကြရပြီဟု နဒီ သိနေရင်း ဤတစ်ကြိမ်မှာတော့ မျက်ရည်ကျနေသည့်ကြားမှ ရယ်ပြလိုက်မိရပါ၏။





ဖေဖေနှင့် မောင့်ကို ဘေးတစ်ဖက်စီမှာ ရပ်စေမိရကာ ...။

ရင်ခွင်နှစ်ခုကြားမှာ နဒီ ခေါင်းလေးတစ်လှည့်စီ ခွေ့နေမိရင်း.. သပ်၍ ရယ်မိပြန်သည်။ ဖေဖေ့လက်နှင့် မောင့်လက်တို့ကလည်း နဒီ ခေါင်းထက်မှာ ဖေးဖေးတင်တင် ...။ ဆံစလေးတွေကို ဖွဖွညင်ညင် သပ်ပေးနေကြချေသည်တည့် ...။

အခန်းထောင့်တစ်နေရာဆီမှ .. ကိုခွန်နောင် နှင့် မမသရဖီ တို့ သည်လည်း ရပ်ငေးနေကြရင်း ကြည်နူးချမ်းမြေ့သောအပြုံးတွေဖြင့် ကြည့်နေကြသည်ဟု နဒီ ခံစားလာမိရသည်။ အေးမြသောအပြုံးကို ပြုံးမိ ပေါ၏။ အတေးအမှတ်ကင်းစင်သောအပြုံး ...၊ အတ္တတွေကင်းနေသော အပြုံး ...၊ ခွင့်လွှတ်ပါလေ .. ဟု ကိုခွန်နောင် နှင့် မမသရဖီ ကို တောင်းပန်သော အပြုံး...။



www.burmeseclassic.com

www.burmeseclassic.com



မချစ်ရင်နေပါ
ငါ့ရဲ့ရင်မှာတည်တဲ့အချစ်
ဖျောက်ဖျက်ပစ်ဖို့များ
မင်း မကြိုးစားချင်စမ်းပါနဲ့ ...။

မချစ်ရင်နေပါ
ငါ့မျက်ဝန်းမှာခိုတဲ့အချစ်
ဆွဲဖယ်ပစ်ဖို့များ
မင်း မကြိုးစားချင်စမ်းပါနဲ့ ...။

မချစ်ရင်နေပါ
ပန်းလွင်ပြင်ပမာ ဖြန့်ကြက်
နှလုံးသားထက်မှာ အုပ်စိုးနေ
ငါ့အချစ်တွေ စံပျော်ရာ
ပန်းကဗျာစာတွေဖွဲ့
လွမ်းစရာကဗျာတွေနဲ့
မင်းကိုချစ်တဲ့ ငါ့အချစ်
မေ့ပစ်ချင်လည်း မေ့ပစ်ပါ
အချစ်ရယ် .. ဒါပေမယ့် ...
မုန်းတဲ့စိတ်တစ်ခုတော့
ဘယ်တော့မှ ငါ့အတွက်
ပေးဆက်မလာချင်စမ်းပါနဲ့ ...
ဩော် ...
ပေးဆက်မလာချင်စမ်းပါနဲ့ .. ကွယ် ...။







## အခန်း (၂၄)

ပန်းနုရောင် ယုန်မွေးစောင်လေးကို ခြုံထားပါသည့် ကောင်မလေး ..၊ မနေ့ညနေက ဆေးခန်းသို့ သူ တောက်လျှောက် ကားမောင်းလာခဲ့ကာ .. ဒေါက်တာဒေါ်သက်သက်မှူ ထံမှာ ပြခဲ့သည်။ ဆေးထိုးပြီးသည့်နောက်မှာ ..၊ ညဘက်မှာ သီးသန့် တိမ်ဦးယံသို့ ဒေါက်တာသက်သက်မှူ လာ၍ ကြည့်ပေးခဲ့ပါ၏။ တိမ်ဦးယံ၏မိသားစုဆရာဝန်လည်း ဖြစ်ပါလေသော ဒေါက်တာသက်သက်မှူ ဆိုတာက .. စိတ်ရှည်သောအပြုံးလေးဖြင့် အမြဲ လူနာတွေအတွက် ဂရုတစိုက်ရှိတတ်သူပါ..။ ညဘက်မှာ သွန်းလေပြေမွှေး ကို အားအင်ချို့ကျနေတာမို့ ဒရစ်(ပ်)သွင်းသည်။ သွန်းလေး ခမျာမှာတော့ အဖျားကျခဲ့ပေမယ့် အားအင်ခန်းနေသည့်နယ်လည်း ရှိနေရင်း..။ ဆေးရှိန်ဖြင့် ညက အိပ်နေသည်တည့် ..၊ သူကတော့ .. တစ်ညလုံး မအိပ်နိုင်ဘဲ သွန်း၏ ခင်ဘေးမှာ ပက်လက်ကုလားထိုင်လေးမှာ ထိုင်နေလိုက် ..၊ ခုတင်ဘေးရှိ ကုလားထိုင်မှာ ပြောင်းထိုင်ကာ ကောင်မလေး၏ဆံစလေးတွေ သပ်ပေးလိုက် ..၊ နဖူးလေး စမ်းလိုက် ..။ လက်ကလေး စမ်းလိုက် ရှိနေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အားလုံး ဗိုင်းနှိပ်စက်လိုက်ကြသလို ဖြစ်ခဲ့တာ .. ကလေးကို အပြစ်တွေမြင်ကြ .. ခပ်စိမ်းစိမ်းတွေ နေပြကြ .. ခပ်တည်တည်တွေ လုပ်ပြကြနဲ့ .. ရှိနေခဲ့ကြတာ .. ကောင်မလေးခမျာ .. ခံစားရတော့တာပေါ့ .."

ဟု ကျန်ခဲ့သည့်အဖြစ်တွေအတွက် ခုမှ ဖြေ၍ မရနိုင်အောင် ထိခိုက် ခံစားနေရသည်ကလည်း သူပဲ ဖြစ်လေသည်တည့် ..။ အိပ်ပျော်ကျနေသည့် ကောင်မလေး၏ မျက်နှာကို သူ ငုံ့မိုး ငေးစိုက်ကြည့်နေမိသည်ပါပဲ ..။ မျက်ခုံးလေးက စိမ်းမှောင် ခုံးကုံးနေသည်။ မျက်တောင်လေးတွေက ထူထဲ၍ တိုတိုစင်းစင်းလေးတွေ ..။ ဤသည်ကိုက မျက်တောင်ထူကော့ကော့လေးတွေထက်ပင် လှနေသေးသည့်အဖြစ် ..၊ ဆံရှည်လေးကတော့ဖြင့် ဆံကျစ်ရှည်နှစ်ဖက် ကျစ်ပုံလေးဖြင့်ရှိနေ တကယ့်ကလေးလေး တစ်ယောက်နှယ် အရမ်းကို အပြစ်ကင်းစင် သော ဖြူဥဥကောင်မလေး ..၊ ရယ်လိုက်လျှင် ပါးချိုင့်လေးပင် ခွက်ခွက် ပါအောင်ရှိတတ်ပါသည့် ကောင်မလေးကို အပြစ်ကင်းသူတစ်ယောက် အဖြစ် သူ မမြင်ခဲ့ပဲ အထင်သေး အမြင်သေးဖြင့် ရှိခဲ့ဖူးသည်။ ချစ် လေးဟု တွေးမိဖို့ထက် စိတ်ဓာတ်မာကျောချေသည်ကောဟု ထ သည်။

ခုကျတော့ .. ချစ်စရာ့ ချစ်စရာ ကောင်မလေး၏ ဖြူသော အလှတရားလေးတွေကို သူ မြင်နေတတ်ရပြီ၊ အို .. သူတစ်ယော တည်း မဟုတ် ..၊ အားလုံး မြင်ကုန်ကြရပြီ ..။

ဘိုးဘိုးတို့ဆို.. မြေးအပေါ် အထင်လွဲမိလေခြင်းဟု ရင်ထဲက တင်ကဲ ဖြစ်နေကြရချေသမျှ မနေ့ညက ဖုန်းဆက်ရင်း ပြောပြခဲ့ သည်တည့် ..။

"အထူးသဖြင့် .. မင်းကို စိတ်အလှုပ်ရှားကြီး လှုပ်ရှားစေ အဖြစ်တစ်ခုက ရှိနေတယ် ကောင်မလေးရေ .. မာမီက .. မင်း





အပေါ်မှာ.. အမေတစ်ယောက်လိုကို ချစ်နေတယ်လို့ မင်းကို ပြောပြပါ မယ်လို့ .. ငါ့ကို .. မနေ့ညက ဖုန်းဆက်ပြီး ပြောပြလာတယ်ကွ .. မင်း အိပ်နေတာမို့ နှိုးပြီး ဖုန်းအပြောမခိုင်းခဲ့ပဲ ရှိခဲ့ရတာ .."

စိတ်ထဲမှ သူ ပြောနေမိရင်း ကောင်မလေးကို ငေးကြည့်နေမိရဆဲ ..။

"ပြည့်စုံလေး.. ခဏ အခန်းပြန်အိပ်လိုက်ပါလား ကွယ် .. ဒေါ်လေးခမ်း ရှိနေတာပဲဥစ္စာ .."

အခန်း၏ဆိုဖာရှည်ကြီးမှာ တစ်ချက်သွားလှဲနေပါသည့် ဒေါ်လေးခမ်း မှ ထထိုင်ရင်း သူ့ကိုပြောသည်။ ပြေလုလုဆံထုံးကို ဒေါ်လေးခမ်း ပြင်၍ ဘီးကျော့ပတ်သည်။ ညက .. ဒေါ်လေးခမ်း လည်း ဤအခန်းထဲမှာပဲ ရှိနေခဲ့သည်ပါပဲ။

သူ့အတွက် ကော်ဖီဖျော်တိုက်သည်။ ကြက်ဥပေါင်မုန့်ကြော် ပေးသည်။ သူ ဟုတ်တိပတ်တိ မစားနိုင် ..။

"ရတယ် ဒေါ်လေးခမ်း .. သွန်း နိုးလာချိန်မှာ ပထမဆုံးမြင်တဲ့သူဟာ ပြည့်စုံလေး ဖြစ်ချင်လို့ပါ .."

ဟု သူ ရင်ထဲရှိရာကို ဖြေမိရပါပြီ။ အမှန်ကို သူကွယ်ဝှက်မထားချင်တော့ပါ။ ဤကောင်မလေးကို သူ ရင်ထဲနှစ်၍ ချစ်နေမိရပြီဆိုတာကိုလည်း ဒေါ်လေးခမ်း တို့ သိစေတော့ ..၊ သူ .. လျှို့ဝှက်မထားချင်..။ ဒေါ်လေးခမ်း တစ်ချက် ဘေးမှလာရပ်သည်။ သူ့ဆံစကို သပ်ပေးသည်။

"နွားနို့ပူပူလေးတစ်ခွက်လောက်တော့ ပြည့်စုံလေး သောက်ဖို့ လိုနေပြီကွယ် .. မနက်လည်း လင်းလာပြီဥစ္စာ .. ကဲ ..ကဲ .. မနက်စာလေး ဒေါ်လေးခမ်း တစ်ချက် ပြေးစီစဉ်လိုက်ဦးမယ် .."

ဟု ပြောကာ ဒေါ်လေးခမ်း အခန်းတွင်းမှ ထွက်သွားပါ၏။ သူ ထိုင်ခုံလေးမှာ ထိုင်နေရင်း မျက်တောင်မခတ် ကောင်မလေးကို ကြည့် နေမိရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



လက်နုနုလေးက စောင်အနားလေးတစ်ဖက်ပေါ်မှာ တင်နေသည်။ ဆံနွယ်စိမ်းမြမြသည် နဖူးစပ်မှာ နုဖန့်ဖန့်ဖေးတင်၏။ ပ နှားလေးတွေ ချောင်နေသည့်ကလေး ..။ နှုတ်ခမ်းလေးကလည်း သွေးရောင်ဖျော့ဖျော့ပဲ ထင်နိုင်သည်။

ရင်ထဲမှာ ဖြေယူ၍ကို မရ ..၊ သွန်းလေး ကို စိတ်လက်ဆင်းရဲအောင် ဝိုင်း၍ ပြိုင်ဘူ နှိပ်စက်ခဲ့ကြသယောင်ကြီး ဖြစ်ခဲ့ရသည်ကို ဘယ်လိုမှ ရင်ထဲမှ ဖျောက်၍မရနိုင်ဘဲ ဖြစ်နေရပါ၏။

ပို၍ဆိုးသည်က .. သွားစရာမရှိဘဲ ပန်းနုဒီချောင်းကမ်းမှာ သစ်ရိပ်အောက်၌ ညှိုးသိ မိလေးထိုင်ရင်း နေခဲ့ရပါသည့်ကာလအတွင်းမှာ ..ဤကောင်မလေး .. အဘယ်မျှထိ ညှိုးဖျော့သိမ်ငယ် ခံစားနေရရှာသည်မသိ..။

တွေးကြည့်ရမှာပင် မတွေးရက်နိုင်ဘဲ ဖြစ်လာနေသည်။ သူ့ရင်က .. ခံနိုင်ရည်မရှိဘဲ ဖြစ်ဖြစ်လာနေရသည်။

"မနေ့က .. နေ့လယ်စာလည်း မစားရ .. ညစာလည်း မစားဖြစ်ခဲ့ရဘူး .. ဝမ်းဟောင်းလောင်းနဲ့ .. အားကိုးရာပျောက်ရင်း ပန်းနုဒီချောင်းကမ်းနားလေးမှာ တစ်ယောက်တည်း ဘယ်လောက်များ အားငယ်ဝမ်းငယ်နဲ့ ဘာတွေများ တွေးနေရှာမှာပါလိမ့် .. ငါ့အဆူအငေါက်တွေအကြောင်းကတော့ သေချာပေါက် ပါနေမှာပါပဲ .."

သူ တွေးနေရင်း ရင်ထဲမှာ သူ့ကိုယ်သူ အပြစ်ဖို့၍ မဆုံးနိုင်အောင်ဖြစ်နေသည်။ ကိုယ့်နဖူးကိုယ်ရိုက်၍ နှုတ်ခမ်းမှ အသံမထွက်ဘဲ ရေရွတ်ကိုန်ဆဲမိပြန်၏။ ကောင်မလေး နိုးသွားမှာစိုး၍ အသံမထွက်ရဲခြင်းပါတည့်..။

ဆံစလေးကို ဖွဖွသပ်ပေးနေမိပြန်သည်။ ထိုစဉ်ခိုက် ကောင်မလေး၏ မျက်ဝန်းလေး ခပ်ဖြည်းဖြည်း ပွင့်လာသည်။ သူလည်း ဝမ်းသာအားရဖြင့် ခေါင်းကြီး ငုံ့ချလိုက်မိကာ ...





"နိုးပြီလား ကောင်မလေး .. သက်သာသလားဟင် .. ခေါင်းကိုက်နေသလား .."

ဟု မေးမိသည်။ သွန်း ကိုယ်တိုင်ကလည်း မျက်လုံးလေးပွင့်လိုက်သာနှင့် သူ့မျက်နှာကို တန်း၍မြင်လိုက်ရ၍လား မသိ ..။ ရုတ်ခနဲပေမို့.. အံ့သြနေပုံလည်း ရသည်။

"ဘာလဲ .. ဟိုတယ် မဟုတ်လို့လား .. အံ့သြနေလား ကောင်မလေး ရဲ့ .. ဒါ .. သွန်းလေး ရဲ့အခန်း ပြန်ရောက်နေတာဗျ .. ကိုကြီးမနေ့ညနေက ပြန်ခေါ်လာတာလေ .. ပန်းနုဒီက .."

သူ ကောင်မလေးကို ပြုံး၍ကြည့်လိုက်ကာ တောက်လျှောက် ပြောနေမိရခြင်းပါ။ ကောင်မလေး စိတ်ထဲမှာ သက်သောင့်သက်သာ ရှိစေချင်နေသည်။ မနေ့က ဘာစကားအချေအတင်မှ သူနှင့် သွန်းလေပြေကြားမှာ မရှိခဲ့သယောင်ဖြစ်သွားအောင် သူ ကြိုးစားနေခြင်း။ သွန်းကတော့ သူ့ကို ကြည့်နေဆဲ ..။ စကားတစ်ခွန်းမျှ မပြောသေး ..။

သူ ခပ်သုတ်သုတ် ထရပ်ကာ မေမေ့ မင်းသမီးဝတ်စုံဖြူလေးကို ဗီရိုထဲမှ သွားယူသည်။ သွန်း၏ဘေးမှ ခုတင်ထက်၌ တင်သည်။ သွန်း၏လက်လေးဖြင့် ဖေးတင်ထိစေသည်။

"သွန်း .. ဒီဝတ်စုံလေးကို ဖေဖေက ဆုချထားတာ .. သွန်း ယူရမယ်နော် .. နေဦး .. ကိုကြီးကလည်း ဆုချထားတာပါပဲ .. သွန်း လက်ခံမှရလိမ့်မယ် .. မနေ့က သွန်း ကို ပြောမိဆိုမိခဲ့တာတွေအတွက် ကိုကြီး အမြဲ နောင်တရနေမှာပါ သွန်း ရယ် .. အခု ဒီဝတ်စုံလေးကို သွန်း မယူဘူးဆိုပြီး ငြင်းဆန်လိုက်မယ်ဆိုရင် .. သွန်း ဟာ ကိုကြီးကို ဘယ်လိုမှ ခွင့်မလွှတ်နိုင်လို့ဆိုတာ ကိုကြီး သဘောပေါက်သွားရမှာပါ.. သွန်း ရယ် .. နော်.. မေမေကလည်း အဲဒီ မေမေ့ဝတ်စုံလေးကို သွန်း ဝတ်တဲ့အခါတိုင်းမှာ ကြည်နူးနေမှာပါ .. စိတ်ချမ်းသာနေမှာပါ.."

မင်းသမီးဝတ်စုံလေးပေါ် သွန်း ၏လက်လေးကို ဖေးတင်စေရာမှ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်က သူ့လက်ကိုပါ ဖေးအုပ်တင်ထားလိုက်ရင်း သွန်း မငြင်းနိုင်အောင် ခခယယ ပြောနေမိခြင်းပါ။

"ကိုကြီးကို ဆူပစ်လိုက်စမ်းပါ .. ရန်တွေ့လိုက်စမ်းပါ .. ကိုကြီး လေ.. ဟိုအရင်တုန်းက သွန်းလေပြေမွှေး ကို ပြန်မြင်ချင်တယ် .. ကလေးလေးလို အကြောင့်ကြကင်းကင်းနဲ့နေတဲ့ သွန်းလေပြေမွှေး .. အဲဒါကို ပြန်မြင်ချင်တယ် .. ဒီရက်ပိုင်းလေးအတွင်းမှာ သွန်းလေး မှာ ဖြင့် အားလုံး ဗိုင်းအထင်လွဲကြ .. ဘာကြနဲ့ .. သွန်း ရဲ့အပျော်ဘဝလေး ကို အငြိမ်ဘဝလေးဖြစ်အောင် လုပ်ပစ်ခဲ့မိကြတာပါ .. အဲဒီအတွက် .. အားလုံးလည်း စိတ်ထဲမကောင်းဖြစ်ကြ .. ယူကျုံးမရဖြစ်ကြ .. မျက် ရည်ကျကြနဲ့ပါ သွန်း ရယ် .."

သူ ဆက်တိုက်ပြောနေချိန်မှာ သူ့ကို မော့ငေးငေးလေးကြည့်နေ သည့် သွန်း သည် ခုမှ ဖျတ်ခနဲ မျက်ဝန်းလေးတွေမှာ ကြောင့်ကြရိပ်တွေ အုပ်မိုးလာကြပြန်သည်။

"ဘုရားရေ .. ဒါဆို .. ဒါဆို .. အန်တီလေး အားလုံး သိသွားပြီ ပေါ့ ..၊ ဒုက္ခပါပဲ .. ဘယ်သူပြောပြလိုက်တာလဲ .. ဒေါ်ကြီးထား ဖြစ်မှာ ပါ .. အန်တီလေး ငိုနေပြီ ထင်ပါရဲ့ .. စိတ်တွေ အရမ်းထိခိုက်နေပြီ ထင်ပါရဲ့ .. တစ်ကိုယ်လုံးအနှံ့မှာ သွေးတွေ လှည့်ပတ်ခံလိုက်ရပြီကော .. သွန်း ရဲ့သွေးတွေ စီးမျောခံလိုက်ရပြီကောဆိုပြီး .. တစ်သက်လုံး စိတ် ဆင်းရဲရင်း အသက်ရှင်ရရှာတော့မယ် .. ဘာလို့ .. ဘာလို့ .. အန်တီလေး ကို သိအောင် ပြောလိုက်ရတာတဲ့လဲ .. ဟင် .. ဟင် .."

ရုတ်ခနဲ စိတ်နောက်ကိုယ်ပါလေး ထထိုင်လိုက်ကာ ဖျားခဲ့တာယ် မေ့ကျသွားရလျက်..၊ ကိုယ့်ဝေဒနာကို မေ့ရင်း .. မျက်ရည်ဝဲကာ ထိခိုက်ခိုက်လေး ပြောနေပါသည့် သွန်း ကို သူ သနားလာရပါပြီ ..

"ခုထိ .. ကိုယ့်အတွက် ကိုယ် မတွေးသေးဘဲကိုးကွာ .. သွန်းရဲ့ အဲဒါတွေမြင်လေ .. ကိုကြီးလေ .. ကိုယ့်ကိုယ်ကိုယ် မိုပြီး ခွင့်မလွှတ်နိုင်





လေ ဖြစ်နေရတာပါပဲ .. မာမီ သိသွားရတာက ဖေဖေ ပြောပြလို့ပါ .. ဒေါ်ကြီးထား က ဖေဖေ့ကို ပြောပြလိုက်တာလေ .. ဒီမှာက သွန်းလေး မှာလည်း အိမ်ကထွက်သွားရတာတွေ ဘာတွေဖြစ်ကုန်တော့ ဖေဖေ အရမ်းစိတ်ထိခိုက်သွားရတာ .. မာမီ့ကို ပြောပြဖို့လည်း ဆုံးဖြတ်လိုက်ရ တာပါ .. အခု .. မေတ္တာဆိုတာ အချည်းနှီး မဖြစ်ဘူးဆိုတာ သိလိုက် တော့ သွန်းလေး ရယ်.. မာမီက .. သွန်း ကို .. ချစ်နေပြီ .. အဲဒါ .. ယုံပါ .. ဖေဖေ့ဆီကို .. သွန်း ဖျားတာတွေကအစ ကိုကြီးနဲ့ ဖုန်းနဲ့ မနေ့ညက အားလုံးပြောပြရတယ် .. သွန်း ပျောက်နေတယ်ဆိုတာ လည်း စိတ်မပူနဲ့ဆိုတာလည်း ပါတယ် .. သွန်း ဖျားနေတယ်ဆိုတာ လည်း သိစေရမယ့်တာဝန် ရှိတာလည်း ပါတယ်.. ဖေဖေက အားလုံးကို ပြန်ပြောပြလိုက်တာပါ .. သွန်း သေချာနားထောင်နော် .. ဘိုးဘိုးတို့ နှစ်ယောက်လည်း တိမ်ဦးယံကို လိုက်လာကြလိမ့်မယ်.. မာမီကတော့.. ခွဲစိတ်ခန်းဝင်ရတဲ့အထိ ဖြစ်ခဲ့ရတာတွေရယ် .. လေယာဉ်ပေါ်က ကျတဲ့ ဒဏ်ရာ .. ဖန်စတွေ ထိထားတာတွေကလည်း ရှိနေတော့ .. လော လောဆယ် လိုက်လာနိုင်ဦးမှာ မဟုတ်သေးဘူး .. ဒါပေမယ့် .. သွန်း ဆီကို လိုက်လာမယ်လို့ မာမီ ပြောတယ် သွန်း .. အဲဒါ .. တကယ်ပါ.."

ဟု ပြောတော့ မယုံရဲနိုင်သည့်နှယ်လေး ငေးကြည့်နေသည့် သွန်း ၏မျက်ဝန်းဆီမှ မျက်ရည်တွေ ကျလာသည်။ ဘာအမေးစကားမှ ထွက်မလာနိုင်သေး။ လည်ချောင်းထဲဆို့နေရင်း မျက်ရည်သာ တားဆီး မရ ကျနေခြင်းပါတည့် ..၊ မြင်ကွင်းကို သူ မကြည့်ရက် ..။ ဖြစ်နိုင်လျှင် ဖြင့် သူ ချစ်ရပါသည့် ကောင်မလေး၏မျက်ရည်လေးတွေကို သုတ်ပေး လိုက်ချင်သည်။ သူ .. သွန်း ၏ဆံစလေးတွေကို သပ်ပေးမိရင်းမှ ...

"မငိုနဲ့လေ .. ဒါ .. ဝမ်းသာရမှာ .."

ဟု ပြောမိရပါ၏။ သွန်း ခေါင်းလေးယမ်းသည်။

"မဟုတ်ဘူးထင်တယ် .. မဟုတ်ဘူး ကင် .. တယ် .. အန်တီ



www.burmeseclassic.com

www.burmeseclassic.com



လေး.. သွန်း ကို .. သိပ် .. မုန်း .. နေ .. တာ .."

ဟု မယုံရဲနိုင်သေးသမျှ ကလေးလေးလို မော့၍ သူ့ကိုကြည့်ရင်း ရှိုက်သံလေးတွေရောလျက် ပြောလာရှာပါသတည်း ..။ သူ ပြုံး၍ကြည့်သည်။ အရမ်းကို နူးညံ့သော အကြည့်များ ..၊ ထိုအကြည့်တွေထဲမှာ ကြင်နာမြတ်နိုးခြင်းတွေလည်း ပါသွားပါလိမ့်မည် ..။ သူ တားဆီးနိုင်သည်မှ မဟုတ်ချေပဲလေ ..။

"ကိုကြီး ညာပြောမလား သွန်း ရယ် .. ယုံပါ .. သွန်း နိုးလာရင်–ဖုန်းဆက်ဖို့ မာမီ မှာထားတယ် .. အခု ဆက်လိုက်မယ်နော် .. သွန်း–နားထောင် .. သွန်း နိုးနိုးချင်း .. ပျော်သွားအောင်လို့ .. ကိုကြီး ပြော–နေတာကွ .. ငိုဖို့ မဟုတ်ဘူး ကောင်မလေးရ .."

ဟု ဆံပင်လေးကို ချစ်နိုးလေးတစ်ချက်ဖွ၍ ပြောလိုက်ပြီးမှ မာမီ့ထံ ဖုန်းဆက်လိုက်ရပါ၏။ မာမီ ဖုန်းကိုင်တော့ သူ သွန်း ကို ကြည့်မိသည်။

"မာမီ .. ပြောချင်တယ်ဆို .. သွန်း ကို ပြောလို့ရပါပြီ .. သွန်း–ငိုနေတယ် မာမီ .. သူ .. မယုံရဲဘူး ဖြစ်နေတယ် .."

ဟု မာမီ့ထူးသံ ပေါ်လာတာနှင့် စပီကာလေးနှိပ်၍ ပြောကာ လက်ကိုင်ဖုန်းလေးကို သွန်း ထံ ပေးလိုက်တော့ လက်ချောင်းလေးတွေ ဆတ်ဆတ်ခါနေရင်း သွန်း စိတ်လှုပ်ရှားစွာ ယူလိုက်ရပါ၏။

"အန် .. တီ .. လေး .."

ရှိုက်သံလေးဖြင့် ထူးစဉ်ခိုက်မှာ ...

"သမီးလေး သွန်းလေပြေ .. အန်တီလေး ... တောင်းပန်တယ် သမီး ရယ် .. သမီးသွန်း သိထားဖို့က .. အန်တီလေးလေ .. သွန်းလေး ကို သမီးလေးလို ချစ်နေတယ်ဆိုတာပါပဲ .. အန်တီလေး သက်သာ–ပေမယ့်ဒဏ်ရာ လေးတွေကလည်း ရှိနေသေးတော့ .. ခရီးမထွက်သင့်–သေးဘူးလို့ သမားတော်ကြီး ဘဘထက် က ပြောတယ် .. ဒါကြောင့်–ဆေးရုံကဆင်းရင်တောင်မှ .. ရွှေရိပ်ဦးမှာပဲ ပြန်နေရဦးမှာ .. ဒီတော့–





အန်တီလေး လာလို့ရတဲ့အခါ .. သွန်းလေး ရှိရာကို လာခဲ့မယ်နော် .. ကျန်းမာအောင်နေပါ သမီးရယ် .. သမီးလေးရဲ့သွေးတွေ အန်တီလေးရဲ့ ကိုယ်ထဲမှာ စီးနေကြတယ် သမီး .. အလွန်ဖြူစင်တဲ့သွေးတွေပေမို့ .. အန်တီလေး .. အသက်ရှည်မှာပါ .. ကျန်းမာမှာပါ .. သမီးသွန်း ရဲ့ ဖြူဖြူစင်စင်စိတ်လေးကို အန်တီလေး .. ကြမ်းကြမ်းတမ်းတမ်း တုံ့ပြန်ခဲ့ဖူးတယ် .. မျက်နှာလေးကို ရေနဲ့ပက်ပစ်ခဲ့ဖူးတယ် .. လှေကားပေါ်က တွန်းချပစ်ဖို့ လက်တွေ့ လုပ်မိဖူးတယ် .. အန်တီလေးကို ခွင့်လွှတ်ပါ သွန်း ရယ် .. သွန်း ရဲ့ဘိုးဘိုးတို့ကတော့ လိုက်လာကြလိမ့်မယ် သွန်း.."

ဟု ပြောနေပါသည့် အန်တီလေး၏အသံ ..။ သွန်း .. မယုံနိုင်သေးဘဲ ဖြစ်နေသည်။ မယုံဝံ့သေးဘဲ ဖြစ်နေသည်။ နောက်တော့မှ .. အကယ်ဖြစ်နေသည်ကော .. ဟု ယုံကြည်စပြုလာရင်း မျက်ရည်တွေ ကျနေသည့်ကြားမှ ရယ်လည်းရယ်သည်။ မျက်ရည်လည်း ဆက်တိုက်ကျနေချေသတည်း။

"တန်ဖိုးဖြတ်မရလိုက်တာ အန်တီလေးရယ် .. သွန်း .. သွန်း ကျေးဇူးတင်လိုက်တာ .. သွန်း မှာ .. သွန်း မှာ .. မေမေ ပြန်ရလိုက်သလို ပဲနော် .. ဟို .. ဟို .. သွန်း ရဲ့မေမေ သိရင်လည်း ဝမ်းသာမှာ .."

ဟု ပြောနေရင်း မျက်ဝန်းကို စုံမှိတ်ချလိုက်သည်က သွန်း ပါ..။ ဖေဖေနှင့် မေမေ ..။ ဖေဖေနှင့် မေမေ့သမီး သွန်း သည် အချစ်များဖြင့် ရှင်သန်ရသောဘဝတစ်ခုကို ပိုင်ဆိုင်ရချေလျက် ..။ အန်တီလေးသည် လည်း အမေတစ်ယောက်အဖြစ် ဖြစ်တည်ခဲ့ချေသည်မို့ ..။ ဖေဖေနှင့် မေမေတို့ ကြည်နူးကြပါလေတော့ ..။ စိတ်အေးကြပါလေတော့ .. ဟု ဆုမ်းတရင်း သွန်း ဤတစ်ကြိမ်မှာလည်း မျက်ရည်ကျလာပြန်သည် ပါပဲ ..။

"သမီးလေးအတွက် အန်တီလေးဟာ မေမေ ဖြစ်သလို .. ဖောင် ကလည်း ဖေဖေ ဖြစ်ပါတယ်ကွယ် .. သမီးသွန်း ကို .. သား ပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



လေး နဲ့ .. နေရာချပေးဖို့ .. အားလုံးကလည်း သဘောမျှကြတယ် – ပြည့်စုံလေး ကလည်း ချစ်နေတာ သိသာလှပါပြီ .. သွန်းလေး အတွက် ဘယ်လောက် စိတ်ပူတယ်ဆိုတာ အန်တီလေးတို့ အဝေးကတောင် သိနေရတာပါ .. ဒေါ်လေးခမ်းကလည်း ဖုန်းဆက်ပြီး ပြောပြပါတယ် သမီးသွန်း အတွက်.. အစစ .. စိတ်ချလုံခြုံမှုရှိအောင် .. သမီးရဲ့ကိုကြီး နဲ့ .. သမီးသွန်း ကို .. လက်ထပ်ပွဲ ကျင်းပပေးမှာ ..''

ဟု ပြောလာတော့ စပီကာခလုတ်လေး နှိပ်၍ ဖုန်းပေးခဲ့ပါသည် သူလည်း ဖြုန်းခနဲ ကြားလိုက်ရ ..။ သွန်း လည်း မှင်တက်သွားရှာ ဖြစ်ကုန်ကာ ရှက်ရှက်ဖြင့် သွန်း ဖုန်းလေးကို ပိတ်လိုက်တော့ သူ သ နေရပါ၏။ အရှက်သည်းနေရင်း သွန်း ထရပ်ဖို့ ကြိုးစားသည်။ ခုတင် ထက်မှ သုတ်သုတ်သက်သက်ဆင်းကာ ရပ်လိုက်ချိန်မှာ အာဟာရချို နေတာမို့ ယိုင်ခနဲ တစ်ချက်ဖြစ်အောင် ခေါင်းသည် မိုက်ခနဲဖြစ်၏။

"ဟာ .. သွန်း လဲ့နေလေ .. လဲ့နေလေ – ဒီမှာ ကိုကြီး ရှိနေသည် ဒီအခန်းထဲက ထွက်သွားမယ်ဆိုရင်ဖြင့် .. ကိုကြီး သွားလိုက်ပါမယ် ကောင်မလေးရယ် .. ဟော .. ဒေါ်လေးခမ်း လာပြီ .. နွားနို့ ပါလာတာ ကိုး .. သောက်လိုက်နော် သွန်းလေး .. သွန်း ဘာမှအစားမရှိသေး ဖြစ်နေတာ.."

ဟု သူပြောကာ ကသောကမျော ထရပ်သည်။ ဒေါ်လေးခမ်း မျက်မှောင်ကုတ်၍ ...

"ဟဲ့ .. ကလေးကို တိုက်လိုက်လေ .. ဒေါ်လေးခမ်း ချက်ချင်းပြေး ဆင်းရမှာ .. ဟိုမှာ ကလေးအတွက် မြူဆွမ်အိုး တည်ထားခဲ့တယ် – အပုလေး နဲ့ ကြည့်ခိုင်းထားရတာ .. ကြက်ပေါင်းလေးလည်း လုပ်ထား တာ ရှိတယ်၊ အခု .. သွန်းလေး နိုးလာပြီဆိုတော့ .. နွားနို့လေး အရင် သောက် .. နောက်တော့မှ ကြက်ပေါင်းနဲ့ .. မြူဆွမ်လေးလည်း သောက် နော် .."





ဟု မှာကာ ခပ်သုတ်သုတ် ဆင်းသွားပါ၏။

"ပြည့်စုံလေး အတွက် နွားနို့တစ်ခွက် တစ်အောင့်နေမှ ဒေါ်လေး ခမ်း လာပို့မယ် .. အပုလေး ကိုတော့ မလွှတ်ရဲပါဘူးကွယ် .. ဘာမှ ထိတ်တာ မဟုတ်ဘူး .. ဟိုမေးသည်မေးလုပ်တဲ့အထဲမှာ .. မင်းသမီး ရွှေဆိုတာ ပါရင် အခက် .."

ဟု လွှတ်ခနဲ ညည်းကာ ထွက်သွားချေသတည်း။ သူ .. သွန်း တောင်းပန်ကြည့် ကြည့်မိရပြန်သည်။ မနေ့က သွန်း ကို ပြောမိ ခဲ့တာတွေ ဒေါ်လေးခမ်း ၏စကားကြောင့် ပြန်၍ ဆွပေးသလိုများ သွန်း အတွက် ဖြစ်သွားချေပြီလားဟု သူ ကြည့်မိခြင်း။ နွားနို့က ပူနေ သေးတာမို့ သွန်း သောက်ရတာ ခက်နေမှာစိုး၍ မှုတ်ပေးနေမိသည်။ အပူလေး သက်သာလာတော့မှ သွန်း ကို ကမ်းပေးတော့ သွန်း မျက်လွှာ ချ၍ ယူပါ၏။ နွားနို့ကို သောက်နေတော့လည်း သူ ငြိမ်၍ စောင့် နေသည်ပါပဲ ..။ သွန်း သောက်ပြီးတော့မှ ဖန်ခွက်လေးကို ပြန်ယူ၍ စားပွဲပေါ် တင်မိရပါ၏။

"သွန် .. ကိုကြီးကို .. တစ်ချက်လောက်လေးပဲဖြစ်ဖြစ် ကြည့်ပါ ဦး .."

သူ တိုးတိုး ပြောလိုက်မိရပါ၏။ သူ .. သူ .. ကြိုးစားခွင့်လေး တစ်ခု ရလိုက်ချင်သည်။ ချစ်ရသူကောင်မလေးကို သူ့အပေါ် နားလည် ပေးလွှတ်ပေးလိုက်သည့်အဖြစ်တစ်ခုကို .. ကြိုးစားခွင့်လေး ရလိုက်ချင် သည်။

"မာမီ စောစောက ပြောတဲ့အထဲမှာပါတဲ့ စကားတွေဟာ အားလုံး အမှန်တွေချည်းပါပဲ .. ဖေဖေကလည်း သွန်း နဲ့ ကိုကြီးကို ဘိုးဘိုးတို့က ထိမ်းမြားပေးချင်ကြတယ်ဆိုတာကို ပြောပြတယ် .. မနေ့ကဆိုပါတော့.. ကိုကြီးကိုယ်တိုင်ကလည်း သွန်း ကို မြတ်နိုးနေတာပါ .. ဒါပေမယ့် သွန်း ကိုကြီးကို စိတ်နာနေတယ်ဆိုရင် .. မချစ်နိုင်ရင် .. သွန်း သဘော



www.burmeseclassic.com

www.burmeseclassic.com



ပါကွယ်၊ ကိုကြီးရဲ့အချစ်ကိုတော့ သွန်း ဖျောက်ဖျက်ပစ်ဖို့ မကြိုးစား
နဲ့ သွန်း .. မချစ်ရင် နေပါ သွန်း ရယ် .. အဲဒီ ကိုကြီးရဲ့ ရင်ထဲကအချစ်
ကိုတော့ .. ကိုကြီးရဲ့ရင်ထဲမှာ သိမ်းဆည်းထားခွင့်လေး ပေးပါ .. ကိုကြီး
ကို .. မချစ်ရင် နေပါ .. ကိုကြီးရဲ့မျက်ဝန်းတွေမှာ ရှိနေကြတဲ့အချစ်
တွေကိုတော့ သွန်း ဆွဲဖယ်ပစ်ဖို့ မကြိုးစားပါနဲ့ ကလေးရယ် ..
တော့ .. ပြီးတော့ ကိုကြီးကို .. မုန်းတဲ့စိတ် တစ်ခုလည်း .. မပေးပါ
သွန်း ရယ် .. မချစ်ရင် နေပါ .. မမုန်းပါနဲ့ သွန်း ရယ် .. နော် ..

ဟု ပြောမိရင်း သူ မျက်ရည်လည်လာသည်။

"ကိုကြီးက သွန်း အပေါ် မညှာမတာ ပြောမိဆိုမိခဲ့တဲ့သူပါ ..
သွန်း .. စိတ်ထဲနာမယ်ဆိုရင်လည်း .. နာကြည်းသင့်ပါတယ် .. ခုလည်း
ကိုကြီး ရင်ထဲက အချစ်တွေကို ဖွင့်ပြောရမှာ အားငယ်နေတာပါပဲ ..
မဝံ့မရဲနဲ့ သိမ်ငယ်နေမိရတာပါ .. ကိုကြီးက အပြစ်ရှိနေတဲ့သူကြီး ..
ဒါပေမယ့် .. မာမီက ရုတ်တရက်ကြီး သွန်းလေး ကို ပြောပြလို့
တော့ .. သွန်း လည်း စိတ်ညစ်နေရပြီ .. ကိုကြီးမှာလည်း .. ဒီအတိုင်း
ထွက်သွားလိုက်ရင်ဖြင့် သွန်း အပေါ် မချစ်လို့ ထထွက်သွားတယ်လို့
အထင်ခံလိုက်ရမှာလည်း ကြောက်နေမိတယ် .. ကိုကြီး အမှန်အတိုင်း
ပြောပါရစေ ကောင်မလေးရယ် .. ကိုကြီး ကြောက်နေတယ် .. အဲဒီ
အထင်ခံလိုက်ရမှာကို ကြောက်နေတယ် .. ဒါကြောင့် .. ကိုကြီး
ရင်ထဲကအချစ်တွေကို .. ဝန်ခံပေးခဲ့ရတာပါ .. သွန်း စိတ်ထဲ
မထားနဲ့နော် .. သွန်း လက်မခံချင်တဲ့ ကိုကြီးကို သွန်း ငြင်းပိုင်ခွင့်
ရှိပါတယ် .. တစ်ခုပဲ တောင်းပန်ချင်တယ် .. ကိုကြီးကို မမုန်းလိုက်ပါနဲ့
ကောင်မလေးရယ် .."

ဟု သူ ပြောကာ ထရပ်မိရပါပြီ။ သူ .. သွန်း ရှေ့မှာ သူ့အချစ်ကို
ဝန်ခံလိုက်ရပြီ ..၊ သွန်း လည်း သိသွားပြီ ..။ အချစ်တစ်ခုသည် တည်ရှိ
သော ချစ်ခြင်းတစ်ခုကို ပိုင်ဆိုင်ခွင့်ဆိုတာ ကံဇာတာပါ .. ပါသော





ရဘာတ်ချေသည်ကောလေ ..။

"ကိုကြီး .."

တိုးဖွဖွခေါ်သံလေးသည် ကျောခိုင်းလုလု ..။ ထွက်လုဆဲဆဲ ခြေ
လှမ်းကို တန့်စေ၏။ ရုတ်ခနဲ မျှော်လင့်ခြင်းများဖြင့် သူ လှည့်ကြည့်မိ
လိုက်ရပါ၏။ သွန်းလေး သူ့ကို မော့ကြည့်နေပါ၏။ မျက်ရည်လည်နေ
သည်။ သူ့ကိုလည်း ရှက်စနိုးလေးလည်း ကြည့်နေသည်။ အနေရခက်နေ
ဘာလည်း သိသာနေသည်။ ရှက်စနိုးလေးရှိနေသော ရှက်သွေးဖြန်းထား
ပါသည့် မျက်နှာလေးပါတကား ..။

သူ .. ပြန်ထိုင်လိုက်မိရပါပြီ။ သွန်း မျက်လွှာလေး ချလိုက်ပါ၏။
သူကလည်း မျက်တောင်မခတ် သွန်း ၏ လှုပ်ရှားမှုလေးတိုင်းကို ကြည့်
နေမိရဆဲ။ ရင်သည် .. လှုပ်ခတ်လှုပ်ရှားချေ၏။ မင်း .. မင်း .. မငြင်း
လိုက်ပါနဲ့ .. မငြင်းလိုက်ပါနဲ့ .. ဟုလည်း တောင်းပန်နေမိသည်။
ခေါင်းလေးတစ်ညိတ်ကို ညိတ်လိုက်စမ်းပါတော့ .. ဟုလည်း .. တောင်း
ပန်နေမိသည်။

"သွန်း .. ဒီနေ့မှာ .. ကံကောင်းပါတယ် ကိုကြီးရယ် .. အန်တီ
လေးဆီက .. အမေတစ်ယောက်ရဲ့ချစ်ခြင်းကို ပိုင်ဆိုင်ရတဲ့နေ့ပါ ..
ကိုကြီးရဲ့ဖေဖေ့ဆီကလည်း အဖေတစ်ယောက်ရဲ့ချစ်ခြင်းကို သွန်း ရနေ
ပြန်သေးတယ် .. ကိုကြီး ပြောခဲ့တယ်နော် .. ကိုကြီးကို .. ကိုကြီးကို ..
မ .. မုန်း .. ပါ .. နဲ့ .. ဆို .. တာလေ .."

ရှက်သွေးဖြန်းနေရင်း သွန်း ပြောနေရာမှ ခေါင်းလေး ငုံ့ချလိုက်
ပြန်သည်။ သူ .. စိတ်လှုပ်ရှားလွန်းနေရပါပြီ ..။ ပြောလိုက်ပါ ကလေး
ရယ် ..။ ပြောလိုက်ပါတော့ ငါ့ရဲ့ကောင်မလေးရယ် ..၊ မင်း .. ခေါင်း
ညိတ်လိုက်ပါပြီလို့ ..။ သူ .. ရင်ထဲမှ ပြောနေမိရဆဲ ..။

"သွန်း .. ဘယ် ဂုန်းကမှ .. ကိုကြီးကို .. မမုန်း .. ဖူး .. ပါ ..
ဘူး.."



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြေလာတော့ သူ သွန်း ၏လက်လေးကို ထွေးခနဲ ဆုပ်လိုက်မိ ရပါ၏။

"ကိုကြီးရဲ့ရင်ထဲကအချစ်ကို ဖျောက်ဖျက်ပစ်ဖို့လည်း ဘယ်တော့မှ သွန်း ကြိုးစားမှာ မဟုတ်ပါဘူး ကိုကြီးရယ် .. ကိုကြီးရဲ့မျက်ဝန်းတွေမှာ ခိုကပ်နေတဲ့ အချစ်တွေကိုလည်း သွန်း ဘယ်လိုမှ ဆွဲဖယ်ပစ်ဖို့ ကြိုးစားမှာ မဟုတ်ပါဘူး .. သွန်း ကိုယ်တိုင်က .. ကိုယ်တိုင်က – သိမ်းဆည်းထားချင်နေတာပါ .."

ဟု ဖြေလာတော့ သွန်း ၏လက်လေးကို သူ မြတ်နိုးစွာ ငုံ့မှိုး နမ်းရှိုက်မိလိုက်ရပါပြီတကား။ ရှက်သွေးဖြန်းနေသည့် သူ့ကောင်မလေး၏မျက်နှာကို သူ ဖေးမော့မိသည်။ သူ့မျက်ဝန်းတွေဆီမှ ဖိတ်လှဲ့လျှံ ဖြစ်တည်နေကြပါသည့် ချစ်ခြင်းများ၏နားခိုရာကို သွန်း မော့ငေး ကြည့်ပါစေတော့ဟု ဖေးမော့စေမိရခြင်းပါ ..။

"ကျေးဇူးတင်လိုက်တာ ကောင်မလေးရယ် .. ဟင် .. ကိုကြီး – လောက် ကံကောင်းတဲ့သူ .. ဘယ်သူမှ လိုက်မီနိုင်မှာ ရှိနိုင်မှာ မဟုတ် တော့ဘူး .. သွန်း ရဲ့အဖြေကို .. ကိုကြီး .. ဘိုးဘိုးတို့ကို ပေးလိုက်တော့ မှာဗျ.. အရမ်းပျော်ကုန်ကြမှာ သိလား .. အပျော်ဆိုတာ .. မြန်မြန် ပိုင်ဆိုင်ရလေ .. ပိုကောင်းလေ သွန်းလေး ရ .. အဲဒါ .. အမှန်တရားပဲ – ဘိုးဘိုးနဲ့ ဖေဖေတို့ မာမီတို့ အမြန်ဆုံး သိ .. အမြန်ဆုံး ပျော်ကြပေစေ – ကိုကြီးလည်း ပြောပြချင်လှပြီ .."

ဟု ပြောနေသည်က အပျော်တွေ ပိတ်ဖုံးနေခြင်းများဖြင့်ပါ –

"နောက်မှပြောပါ ကိုကြီးရယ် .. ခု လောလောဆယ်မှာ .. တစ်ခုခု တော့ စားသင့်တယ် .. ကိုကြီး ဘာမှမစားသေးဘဲ တစ်ညလုံးရှိနေမှာ သွန်း သိနေတယ် ကိုကြီး .."

"ဟာ .. သွန်းလေး ဘာမှမစားဘဲ ရှိခဲ့ရတဲ့အချိန်မှာ ကိုကြီး စား ဝင်နိုင်ပါ့မလား .. ပြီးတော့ .. သွန်းလေး က ဖျားနေသေးတာ .. စိတ်





ပူနေတာပဲ သိတယ် ကောင်မလေးရေ .."

ဟု သူပြောကာ ရုတ်ခနဲကောက်ပွေ့ထမ်းလိုက်တော့ သွန်း လန့် သွားရှာပါသတည်း။

"ဟင်!... ဘယ်သွားမလို့လဲ ကိုကြီး .."

ဟု ရှက်လန့်သံလေးဖြင့် မေးစဉ်ခိုက် ...

"မေမေ့ဆီ ခေါ်သွားမလို့ သွန်း .. ချွေးမလေးကို ပြမလို့လေ .."

ဟု ပြောလိုက်တော့ သွန်း ရင်ထဲမကောင်း ..၊ အမေကို သတိရ နေရှာသည်ကော .. ဟု ကိုကြီးအပေါ် နားလည်ပေးရင်း မရုန်းရက်တော့ သည့်အဖြစ် ..။ ကိုကြီး ပွေ့ခေါ်လာသည်က လှေကားထစ်တွေကို နင်း ဖြတ်၍ ဆင်းလာရင်း ဧည့်ခန်းသို့တိုင်၏။ အမေဖြစ်သူ၏ဓာတ်ပုံရှေ့ မှာ ရပ်သည်။ သွန်း ကို ပွေ့ထားသည်က ကလေးလေးတစ်ယောက်ကို ဒူခေါက်ကွေးလေးဆီမှတစ်ဖက် ကျောလယ်ဆီမှာတစ်ဖက်ဖြင့် ထွေး ပွေ့ချီလာခြင်းဖြင့်ပါ ..။

"မေမေ .."

သူပြောရင်း မေမေ့ကို မော့ခနဲ ကြည့်မိသည်။ အဖြူရောင်ပိုးထည် ပုလဲငွေချည်ချိတ်ဝတ်စုံလေးဖြင့် မေမေသည် အေးချမ်းစွာပြုံး၍ ငုံ့မိုး ကြည့်နေသည်ဟု သူ ခံစားရပါ၏။

"ဒါ .. မေမေ့သမီးပါ မေမေ .. သွန်း ဟာ .. မေမေ့လိုပဲ စိတ်ထား ဖြူစင်တယ် .. အနစ်နာခံတတ်တယ် .. အနုပညာကို မြတ်နိုးတယ် .. သားကိုလည်း ချစ်ပါတယ် မေမေ .. သားကလည်း သွန်း ကို အလွန် ချစ်မြတ်နိုးတာပါ .. မေမေ .. သားအတွက် စိတ်ချလက်ချရှိလိုက်ပါ မေမေ .. သားကို ချစ်မြတ်နိုးတဲ့ .. မိန်းကလေးတစ်ယောက်နဲ့ .. လိမ္မာ ရေးခြားရှိတဲ့ မိန်းကလေးတစ်ယောက်နဲ့ .. လက်ထပ်ပေးလိုက်ပါတော့ အမေရယ် .."

ဟု ပြောကာ သူ့ခေါင်းသည် မေမေ့ဓာတ်ပုံထဲမှ ခြေစုံရှိရာမှာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဦးနိုက်မိရပါသတည်း။ တောက်ပရွှန်းလဲ့သော မေမေ့မျက်ဝန်းများက ငေးစိုက်ကြည့်နေသည်ဟု သူ ခံစားရသည်ပါပဲ ..။

"သား ကတိပေးပါတယ် မေမေ .. သွန်းလေပြေမွှေး အပေါ်မှာ သားတစ်သက် သစ္စာရှိပါ့မယ် .. ချစ်မြတ်နိုးပါ့မယ် .. စိတ်ချမ်းသာအောင် ထားပါ့မယ် .. မိတ်ဆိုး ဖတ်ဆိုး သွန်းလေး ကို .. သားရဲ့ရင်ခွင်မှာ လုံခြုံရာအကြွင်း တော်ရှိပါ့မယ် မေမေ .. သား သစ္စာပြုပါတယ် .."

ဟု ပြောလာတော့ သွန်း မျက်ရည်ကျလာသည်။ လက်အုပ်လေး ချီ၍လည်း မေမေ့ဓာတ်ပုံကြီးကို ကန်တော့လိုက်မိရပါသတည်း ..

လိမ္မာချေသည်ကောဟု သူ ငုံ့မိုးကြည့်မိရင်းမှ ကြည်နူးစွာ နဖူးပြင် လေးကို ငုံ့မိုး၍ သိမ်မွေ့ညင်သာ နမ်းရှိုက်လိုက်မိရပါ၏။ သူ့ဘဝမှာ မြတ်နိုးသူလေးအပေါ် .. ဖေတင်း နမ်းရှိုက်ခွင့်ရလိုက်ပါသည့် အနမ်း[illegible] လေးပါတကား ..။

"သွန်း .."

တိုးလိုက်သောအသံဖြင့် သူ ခေါ်မိသည်။ ညှော့ခန်းကျယ်ကြီး[illegible] သူရယ် ..၊ မေမေရယ် ..၊ သွန်းလေး ရယ်ပဲ ရှိနေသည်။

"ကိုကြီးလေ .. မေမေ့ရှေ့မှာ .. သစ္စာပိုင်လို့ ကိုကြီးရဲ့အချစ်[illegible] ပြောပြချင်တယ် .. သွန်းလေး အတွက်ဆိုရင် .. ကုံးသီလို့ပဲ ပန်[illegible] တစ်ပွင့်ချင်းပဲ ပန်ချင်ပန် .. ဆံထုံးထက်မှာ ခွေပန်ဖို့ တစ်ခိုင်[illegible] ခွေချင်ခွေ .. ကိုကြီးရဲ့ချစ်ခြင်းပန်း တစ်ပင်လုံး ရှိနေတယ် သွန်း [illegible] ကိုကြီးရဲ့ ကောင်မလေးရေ .."

သွန်း မော့ကြည့်မိရပါပြီ ..။ ကိုကြီး၏ရင်ခွင်မှာ ပါးလေးကို[illegible] သည်။ သြော် .. ကိုကြီး၏ရင်ခွင်မှာ ချစ်ခြင်းတို့၏ ပန်းရနံ့ကို [illegible] ညှတ်မှု သွန်း ရှုရှိုက်ရသည့်နယ်ပါတကား ..။ ကိုကြီးကို သွန်း [illegible] လိုက်ရသည်ကောလေ ..။ ကွယ်လွန်သည့်မိခင်ကို သစ္စာတိုင်၍ [illegible] သေပြုပါသည့် ကိုကြီး၏ချစ်ခြင်းများကို သွန်း အကြွင်းမဲ့ ယုံ[illegible]





[illegible]က်ဝင်သည့်နှယ်..။ ကိုကြီး၏အချစ်ကို ပိုင်ဆိုင်ခွင့်ရသည့်အတွက် သည်း သွန်း ဂုဏ်ယူရပါသည်။ ကံကောင်းလှပါသည် ..။ ကိုကြီး၏ လက်မောင်းအိုးကြီးကို သွန်း ဖေးကိုင်လိုက်မိရပါ၏။ ဘာကြောင့် [illegible]န်ဆောင်ထိန်းထားရတော့မည်တဲ့လဲလေ ..။ ကိုကြီး၏လက်မောင်း တွေကို သွန်း .. ဘဝတစ်လျှောက်လုံးမှာ ခုလိုပင် အားကိုးချစ်ကြင်စွာ [illegible]ိုင်ထားရချေမည်သာ ..။

"သွန်းအတွက်ဆိုရင်လေ .. အလွန်ရှားပါးတဲ့ ပုလဲနက်ရတနာက [illegible]လို့ .. အဖြူရောင်ပန်းရောင် .. အဝါရောင်ရွှေစင်သွေးနဲ့ ရှိတတ်ကြတဲ့ [illegible]လဲတွေ လည်မှာဆွဲဖို့ဆိုရင် .. ပင်လယ်တစ်ပြင်လုံးမှာရှိတဲ့ ပုလဲရတနာ တွေကို ပေးဆင်မယ့်သူပါ .."

ဟု ပြောလာတော့ သွန်း ကိုကြီး၏မျက်နှာလေးကို မော့ကြည့်မိ သည်။ လေးနက်စွာ တမြတ်တနိုး ပြောနေပါသည့် ကိုကြီး၏ခေါင်းက [illegible]ကလာသည်။ သွန်း ၏နဖူးပြင်လေးကို ဒုတိယအကြိမ် နမ်းရှိုက်လိုက် [illegible]မှာ သွန်း ၏လက်ချောင်းနုနုသွယ်သွယ်လေးတွေကလည်း ကိုကြီး ၏နဖူးစပ်မှာ ငိုက်ကျနေသည့် ဆံစလေးတွေကို သိမ်မွေ့စွာ သပ်တင် ပေးလိုက်မိရပါ၏။ သိမ်မွေ့ညင်သာ သပ်ပေးမိခြင်းပါ ..။

"သွန်း နဲ့ ကိုကြီးတို့ လက်ထပ်ကြတဲ့အခါမှာ .. မင်္ဂလာသင်္ကေတ အဖြစ်ကြွချလာမှာတွေက .. ဟိုး မိုးကောင်းကင်ကြီးက အမိုးဖြစ်သွားပြီ.. ရွှေဘော်မှုန်လေးတွေကို ကြဲချပေးမယ် သွန်း .. သွန်း ကို .. ကိုကြီး .. [illegible]ပြောမယ် .. ကိုကြီးရဲ့နတ်သမီးလေးတစ်ပါးဖြစ်တဲ့ .. သွန်းလေး [illegible] - ကိုကြီး သိပ်ချစ်တယ် .. ကိုကြီးရဲ့အသက်ထက် ပိုပါတယ် ချစ် [illegible]တယ် သွန်း ဆိုတဲ့ ကောင်မလေးရေ .."

သွန်း ကြား၍ မဝ ..၊ ပြောတတ်ချေသည်ကော ကိုကြီးရယ် .. [illegible] ရင်ထဲမှ ချစ်အားကိုးစိတ်ဖြင့် မော့၍ ကိုကြီးကိုကြည့်မိရပါ၏။

ချစ်မြတ်နိုးစွာ တစိမ့်စိမ့်ပါအောင် ငုံ့မိုး ငေးစိုက်ကြည့်နေပါသည့်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး၏ခေါင်းလေး ငိုက်ကျလာချိန်မှာ ..။ ကိုကြီး၏ မြတ်နိုးစ
တဘိယအနမ်းတစ်ပွင့်ကို နဖူးပြင်လေးမှာ ဖေးတင်နမ်းရှိုက်ခွင့် ကို
ကို သွန်း ပေးလိုက်ရပါ၏။

သိမ်မွေ့သောအနမ်းသည် သွန်း ၏နဖူးပြင်နုနုထက်မှာ နူးညံ့
ဖေးတင်လာခိုက် ..။ သွန်း ၏လက်လေးတွေကလည်း ကိုကြီး၏လ
မောင်းကြီးကို ချစ်အားကိုးစိတ်ဖြင့် ဖေးကိုင်လိုက်မိရပါ၏။

လှပသောကဗျာလေးတစ်ပုဒ်သည် .. ကိုကြီး၏သစ္စာတိုင်သေ
စကားများဖြင့် စီခြယ်၍ သွန်း ၏ရင်မှာ ကမ္ပည်းတင်ရစ်ကြချေသ
တကား ..။

အိမ်ခေါင်မိုးဖြစ်သွားသော ကောင်းကင်ကြီးဆီမှ ..။

မင်္ဂလာသင်္ကေတအဖြစ် တလင်းလဲ့လဲ့ကြဲဖြန့်ရာ ရွှေဝတ်မှ
များစွာသည်လည်း သွန်း ၏အာရုံမှာ .. လွင့်ဝဲလှပရှိကြချေသည်တည်
ဩော် .. ဘယ်သောအခါတွင်မှ .. ပျောက်ကွယ်သွားမည် မဟု
သော ရွှေဝတ်မှုန်လေးများအဖြစ် .. ရှိရစ်ကြချေဦးတော့မည်သာ ..။

ခင်ကြိုက်ရာ ပန်ဆင်စမ်းပါလှည့်
ပန်းရောင်စုံ အပွင့်ဆန်းတွေက
ပန်းတောအသွင် အပင်များစွာနဲ့
ချစ်တဲ့သူ ပန်ဆင်အတွက်ရယ်မို့
ကုံးသီလို့ ပန်ဆင်ဆင်
တစ်ပွင့်ပင် ပန်ချင်ပန်
တစ်နိုင်လျှင် ဝေယှက်လို့
ဆံထုံးထက်မှာ ခွေချင်ခွေ
ပန်ဆင်ချေတော့ရယ်လို့
အပွင့်ဝေ ခြွေကြွေချပေးနေရှာသမျှ





ရွေးချယ်ပါ့မယ် သခင်ရယ်
တစ်ပင်လုံးရယ်တဲ့ တစ်ပင်လုံးပါ .. ခင် ...။

ခင်ကြိုက်ရာ လည်မှာဆွဲပါလှည့်
မြတ်နိုးဖွယ် ပုလဲသွယ်တွေမှာ
ရှားပါးရာ ပုလဲနက်ရတနာရယ်နဲ့
လှပစွာ ရွှေဝါအဆင်းတွေဖွဲ့ကာပ
ဖြူလွလွနဲ့ ပုလဲငွေစင်
ပန်းရောင်လွင် အသွင်ဆန်းတွေနဲ့
ကျော့ရွှေစင် လည်တိုင်အလှမှာဖြင့်
ကုံးသီဆင့်လို့ဆွဲပါသခင်
ပင်လယ်ပြင် တစ်ပြန့်တစ်လျားဆီက
ပုလဲအလှရတနာတွေအားလုံး
သိမ်းကျုံးလို့ဆက်သချင်
ပင်လယ်တစ်ပြင်လုံးရယ်တဲ့ တစ်ပြင်လုံးပါ .. ခင် ...။

ဘဝတစ်ခုပမာ မှတ်ယူထားပါလှည့်
မင်းနဲ့ငါ လက်ထပ်ကြရင်ဖြင့်
ရောင်စုံခြယ်ဆင့်အလှပန်းတွေရဲ့သခင်
ရောင်စုံသွယ်ဆင့် ပုလဲဆန်းတွေရဲ့အရှင်
မှန်နန်းသာခြယ်တင့်တဲ့ သတို့သမီးလေးရယ်က
ငါမြတ်နိုးရာ နတ်သမီးလေးတစ်ပါးပေမို့
တစ်သက်တာ ဘယ်ခါမခွဲပါဘုရယ်လို့
မင်္ဂလာရွှေလမ်းမှာ လက်တွဲကာလျှောက်မယ်ပ
သင်္ကေတပမာ ဝေဝေဆာကြဲချစရာတွေက

www.burmeseclassic.com



ခေါင်မိုးပမာကောင်းကင်ပြာကြီးဆီမှ
ငွေသွန်ရှာချရာ ရွှေစင်အဆင်းအာမှုန်ပွဲ့ပါလို့
တလင်းလဲလဲ့ရယ်နဲ့ တသုန်သုန်မစဲပါတဲ့
ရွှေဝတ်မှုန်ရယ်တဲ့ ရွှေဝတ်မှုန်ပါ .. ခင် ...။
ညြော် ...
ရွှေဝတ်မှုန်ရယ်တဲ့ရွှေဝတ်မှုန်ပါ .. ခင် ...။

မျှဝေခံစားခြင်း များစွာဖြင့် ...



မဟူရာ (လှိုင်ကော်)
(၃၀-၁၀-၂၀...)

အမှတ်-၉၀၊ အုန်းတောလမ်း
ဒေါ်ဥရုရပ်ကွက်၊ လှိုင်ကော်မြို့၊
ကယားပြည်နယ်။
ဖုန်း-၀၈၃-၂၁၃၂၃



BURMESE CLASSIC .com
www.burmeseclassic.com